URG

UNITED RIGHTS GROUP

# ကုထုံးမဲ့လူ့အခွင့်အရေးအနာများ? (အပိုင်း ၂)

# Unhealed Wounds (Volume 2)

KWAT

Humanity Institute

Sha-it Social Development Foundation

SHINGNIP KACHIN LEGAL AID NETWORK GROUP

2018

## မာတိကာ


**အစီရင်ခံစာအနှစ်ချုပ် 3**


## ကချင်ပြည်နယ်ရှိ မြို့နယ်များအလိုက် လူ့အခွင့်အရေးချိုးဖောက်ခံရမှု အခြေအနေ


မံစီမြို့နယ် လူ့အခွင့်အရေးချိုးဖောက်ခံရမှု အခြေအနေ 4
တနိုင်းမြို့နယ် လူ့အခွင့်အရေးချိုးဖောက်ခံရမှု အခြေအနေ 16
မိုးကောင်းမြို့နယ် လူ့အခွင့်အရေးချိုးဖောက်ခံရမှု အခြေအနေ 40
ပူတာအိုမြို့နယ် လူ့အခွင့်အရေးချိုးဖောက်ခံရမှု အခြေအနေ 51
ဖားကန့်မြို့နယ် လူ့အခွင့်အရေးချိုးဖောက်ခံရမှု အခြေအနေ 62
မိုးညှင်းမြို့နယ် လူ့အခွင့်အရေးချိုးဖောက်ခံရမှု အခြေအနေ 94
မြစ်ကြီးနားမြို့နယ် လူ့အခွင့်အရေးချိုးဖောက်ခံရမှု အခြေအနေ 97
အင်ဂျန်းယန်မြို့နယ် လူ့အခွင့်အရေးချိုးဖောက်ခံရမှု အခြေအနေ 102
ချီဖွေမြို့နယ် လူ့အခွင့်အရေးချိုးဖောက်ခံရမှု အခြေအနေ 103
ဝိုင်းမော်မြို့နယ် လူ့အခွင့်အရေးချိုးဖောက်ခံရမှု အခြေအနေ 106


## ရှမ်းပြည်နယ်မြောက်ပိုင်းရှိ မြို့နယ်များအလိုက် လူ့အခွင့်အရေးချိုးဖောက်ခံရမှု အခြေအနေ


ကွတ်ခိုင်မြို့နယ် လူ့အခွင့်အရေးချိုးဖောက်ခံရမှု အခြေအနေ 112
မုံးကိုးမြို့နယ် လူ့အခွင့်အရေးချိုးဖောက်ခံရမှု အခြေအနေ 135
မန်တုန်မြို့နယ် လူ့အခွင့်အရေးချိုးဖောက်ခံရမှု အခြေအနေ 147
မူဆယ်မြို့နယ် လူ့အခွင့်အရေးချိုးဖောက်ခံရမှု အခြေအနေ 155
လားရှိုးမြို့နယ် လူ့အခွင့်အရေးချိုးဖောက်ခံရမှု အခြေအနေ 162

## အစီရင်ခံစာအနှစ်ချုပ်

ယခုအစီရင်ခံစာသည် ၂၀၁၆ - ၂၀၁၈ ခုနှစ် အတွင်း မြန်မာအစိုးရတပ်မတော်နှင့် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့များအကြား စစ်ပဋိပက္ခများကြောင့် ဖြစ်ပွားခဲ့သော လူ့အခွင့်အရေး ချိုးဖောက်မှုများကို ကချင်ပြည်နယ် အခြေစိုက် United Rights Group (URG) မှ ဒုတိယအကြိမ် ပြန်လည် ထုတ်ဝေပြုစုထားသော မှတ်တမ်းစာအုပ် ဖြစ်ပါသည်။ လူ့အခွင့်အရေး ချိုးဖောက်မှုများကို သုံးသပ်တင်ပြထားခြင်းမဟုတ်ပဲ ချိုးဖောက်မှုများကို စုပေါင်းဖော်ပြထားခြင်းသာဖြစ်သည်။

Untied Rights Group ( URG ) အဖွဲ့သည် လူထုအခြေပြု လူမှုအဖွဲ့အစည်း ( ၄ ) ဖွဲ့ဖြစ်သော Humanity Institute ( HI ), Kachin Women's Association Thailand ( KWAT ), Sha–it Social Development Foundation ( SSDF ) နှင့် Shingnip Kachin Legal Aid Network တို့ဖြင့် ဖွဲ့စည်းထားခြင်းဖြစ်ပြီး လူ့အခွင့်အရေးချိုးဖောက်မှုများကို ဥပဒေရေးရာကုစားမှု ရရှိစေရန်ကူညီခြင်း၊ မှတ်တမ်းကောက်ယူခြင်း လူ့အခွင့်အရေးကာကွယ်ခြင်း နှင့် မြှင့်တင်ခြင်းများကို စဉ်ဆက်မပြတ် ဆောင်ရွက်နေသော အဖွဲ့ဖြစ်ပါသည်။

၂၀၁၁ ခုနှစ် ဇွန်လ မှစတင်ပြီး ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်မြောက်ပိုင်းဒေသများတွင် မြန်မာ့တပ်မတော်နှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များအကြားဖြစ်ပွားခဲ့သည့် တစ်ကြော့ပြန် ပြည်တွင်းစစ် ပဋိပက္ခများကြောင့် လူ့အခွင့်အရေးချိုးဖောက်မှု အများအပြားဖြစ်ပွားခဲ့သည်။ ၂၀၁၅ ခုနှစ် ရွေးကောက်ပွဲမှတစ်ဆင့် အနိုင်ရပါတီဖြစ်သော အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ် (NLD) ပါတီ အစိုးရ တက်လာခဲ့သော်လည်း တရားမျှတမှုနှင့် ပြန်လည်ကုစားမှုများ မရရှိသည့်အပြင် လူ့အခွင့်အရေး ချိုးဖောက်မှုများ ဆက်လက်ဖြစ်ပွားနေဆဲ ဖြစ်သည်။

ဤမှတ်တမ်းစာအုပ်အားဖြင့် မဝေးသောအနာဂတ်တွင် တရားမျှတမှု၊ ပြန်လည်ကုစားမှု၊ အပြုသဘောဆောင်သောပြုပြင်ပြောင်းလဲမှု၊ ဥပဒေစိုးမိုးရေး နှင့် ငြိမ်းချမ်းရေးများအတွက် အထောက်အကူပြုနိုင်ရန် ရည်ရွယ်သည်။ လူ့အခွင့်အရေးချိုးဖောက်မှုများကို မြန်မာနိုင်ငံအစိုးရနှင့် နိုင်ငံတကာမှ သိရှိပြီး ချိုးဖောက်မှုများ ဆက်လက်မဖြစ်ပေါ်စေရန်အတွက် လူ့အခွင့်အရေး မြှင့်တင်ခြင်းနှင့် တားဆီးကာကွယ်ခြင်း ပြုလုပ်လာနိုင်ရန်အတွက် ရည်ရွယ်သည်။

ယခုပြန်လည်ထုတ်ဝေသည့် မှတ်တမ်းစာအုပ်သည် ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ် မြောက်ပိုင်းဒေသများ၌ ဖြစ်ပွားခဲ့သော လူ့အခွင့်အရေး ချိုးဖောက်မှုပေါင်း (၇၆) ခုကို "ကုထုံးမဲ့ လူ့အခွင့်အရေး အနာများ (အပိုင်း ၂)" အမည်ဖြင့် ဒုတိယအကြိမ် ပြုစုထားသည့် မှတ်တမ်းစာအုပ်ဖြစ်ပြီး ၂၀၁၁ - ၂၀၁၅ ခုနှစ်အတွင်း ဖြစ်ပွားခဲ့သည့် လူ့အခွင့်အရေး ချိုးဖောက်မှုပေါင်း (၁၅၃)ခု ပါဝင်သည့် အစီရင်ခံစာကိုလည်း စုစည်းထုတ်ဝေခဲ့ပြီး ဖြစ်သည်။

အစီရင်ခံစာသည် ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်မြောက်ပိုင်း၌ ဖြစ်ပွားခဲ့သော လူ့အခွင့်အရေးချိုးဖောက်မှုအားလုံးကို တင်ပြထားခြင်းမဟုတ်ပဲ United Rights Group (URG) အဖွဲ့ဝင်များဖြစ်ကြသော အဖွဲ့အစည်းများမှ လက်လှမ်းမီသမျှ တစ်ဖွဲ့ချင်းစီအလိုက် ပြုစုထားသော မှတ်တမ်းများကို စုပေါင်းထားခြင်းသာ ဖြစ်ပါသည်။ လူ့အခွင့်အရေး ချိုးဖောက်မှု မှတ်တမ်းများသည် ချိုးဖောက်ခံရသူ ကိုယ်တိုင်၊ မျက်မြင်သက်သေများ၊ မိသားစုဝင်များ နှင့် ဆွေမျိုးများမှ မေးမြန်း ကောက်ယူထားသော အမှုမှတ်တမ်းများဖြစ်သည်။

မှတ်တမ်းစာအုပ်ပါလူ့အခွင့်အရေး ချိုးဖောက်မှုများသည် မြန်မာအစိုးရတပ်မတော်နှင့် ၎င်း၏ လက်အောက်ခံ လက်နက်ကိုင် အဖွဲ့အစည်းများမှ ချိုးဖောက်ခဲ့သော အမှုများဖြစ်ပြီး မတရားပြစ်ဒဏ် ချမှတ်ခံရသောအမှုများ၊ ညှင်းပန်းနှိပ်စက်ခံရသောအမှုများ၊ ဖမ်းဆီးခံရပြီး ယနေ့တိုင် ပျောက်ဆုံးသွားသော အမှုများ၊ မတရားသတ်ဖြတ်ခံရမှုများ နှင့် လက်လွတ်စပယ် ပစ်ခတ်မှုကြောင့် သေဆုံးမှုများ အစရှိသည့် အမှုအမျိုးအစားများ ပါဝင်ပါသည်။ ချိုးဖောက်ခံရသူ

နှင့် အမှုဖြစ်စဉ်ပြန်လည် ပြောပြသူ၏ ကိုယ်ရေးအချက်အလက်အချို့ကို လုံခြုံရေးအရ ဖော်ပြထားခြင်းမရှိပါ။

တိုင်းရင်းသားလက်နက်ကိုင် အင်အားစုများမှ ချိုးဖောက်သော လူ့အခွင့်အရေး ချိုးဖောက်မှုများကို ဤအစီရင်ခံစာတွင် ထည့်သွင်းထားခြင်းမရှိပါ။ သို့သော်လည်း URG သည် နိုင်ငံတကာ လူ့အခွင့်အရေး ဥပဒေများ ချိုးဖောက်ခြင်းနှင့် လိုက်နာရန်ပျက်ကွက်သော လက်နက်ကိုင် အင်အားစုများကို ဆက်လက်တွန်းအားပေး တောင်းဆိုသွားမည်ဖြစ်ပါသည်။

## အကြံပြုတိုက်တွန်းချက်

နိုင်ငံတော်သမ္မတနှင့် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သို့ -

- လူ့အခွင့်အရေးချိုးဖောက်မှုများကို တရားဥပဒေအရ ပြန်လည်ကုစားခွင့်ပေးရန်။
- ကလေးသူငယ် အခွင့်အရေးနှင့် အမျိုးသမီးများ၏ အခွင့်အရေးများကို မြှင့်တင်ကာကွယ်ပေးရန်။
- စစ်ပဋိပက္ခဖြစ်ပွားရာဒေသရှိ ပြည်သူများ၏ လူ့အခွင့်အရေးနှင့် အသက်အိုးအိမ် စည်းစိမ်များကို အသိအမှတ်ပြု ကာကွယ်စောင့်ရှောက်ပေးရန်။
- နိုင်ငံတကာ လူ့အခွင့်အရေးများကို လေးစားလိုက်နာရန်။
- ထိရောက်သော လူ့အခွင့်အရေး ကာကွယ်မြှင့်တင်မှုဆိုင်ရာ ယန္တရားပေါ်ပေါက်လာနိုင်ရန်အတွက် လုပ်ဆောင်ပေးရန်။
- မြန်မာအစိုးရတပ်မတော်နှင့် ၎င်း၏လက်အောက်ခံ လက်နက်ကိုင်အဖွဲ့အစည်းများမှ ချိုးဖောက်သော လူ့အခွင့်အရေးချိုးဖောက်မှုများကို အစိုးရမှ ထိရောက်စွာ ဖော်ထုတ်အရေးယူပေးရန်။

နိုင်ငံတကာအဖွဲ့အစည်းများနှင့် အစိုးရများသို့-

- နိုင်ငံတကာအဖွဲ့အစည်းများမှ မြန်မာနိုင်ငံလူ့အခွင့်အရေး အခြေအနေများကို အစဉ်တစိုက် လေ့လာစောင့်ကြည့်ပေးရန်။
- စစ်ပဋိပက္ခအတွင်း ဖြစ်ပျက်ခဲ့သော အမျိုးသမီးများနှင့် ကလေးသူငယ်များ၏ လူ့အခွင့်အရေးများကို ကာကွယ်ပေးရန်နှင့် ပြစ်မှုကျူးလွန်သူများကို စုံစမ်းစစ်ဆေးပေးရန်။
- လူ့အခွင့်အရေးဆိုင်ရာ နိုင်ငံတကာ စာချုပ်များကို ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရမှ ခြွင်းချက်မရှိ ပူးပေါင်းပါဝင်လာရန်အတွက် အလေးအနက် တိုက်တွန်းပေးရန်။

## မံစီမြို့နယ်၊ ကချင်ပြည်နယ်။

## လူ့အခွင့်အရေးချိုးဖောက်မှု - မတရားဖမ်းဆီးမှု နှင့် မတရားသတ်ဖြတ်ခံရမှု

| | |
|---|---|
| ချိုးဖောက်ခံရသူအမည်(၁) | - ဦးမရန်ဘရန်ဆိုင်း |
| ကျား/မ | - ကျား |
| အသက် | - ၂၂ နှစ် |
| အမျိုးသားမှတ်ပုံတင်အမှတ် | - ၁/မစန(နိုင်)**** |
| လူမျိုး | - ကချင် |
| ကိုးကွယ်သည့်ဘာသာ | - ခရစ်ယာန် |

| | |
|---|---|
| ပညာအရည်အချင်း | - ဒသမတန်း။ |
| အလုပ်အကိုင် | - ကျပန်း |
| မိဘအမည် | - ဦး**** နှင့် ဒေါ်**** |
| အိမ်ထောင်ရှိ/မရှိ | - ရှိ |
| ဇနီးအမည် | - ဒေါ်**** |
| သား/သမီး | - မ (၁) |
| နေရပ်လိပ်စာ | - ****၊ မံစီမြို့နယ်၊ ကချင်ပြည်နယ်။ |

| | |
|---|---|
| ချိုးဖောက်ခံရသူအမည်(၂) | - ဦးလဗျနော်ခွမ် |
| ကျား/မ | - ကျား |
| အသက် | - ၂၇ နှစ် |
| လူမျိုး | - ကချင် |
| ကိုးကွယ်သည့်ဘာသာ | - ခရစ်ယာန် |
| ပညာအရည်အချင်း | - (၆) တန်း |
| အလုပ်အကိုင် | - ကျပန်း |
| မိဘအမည် | - ဦး**** နှင့် ဒေါ်**** |
| အိမ်ထောင်ရှိ/မရှိ | - ရှိ |
| ဇနီးအမည် | - ဒေါ်**** |
| သား/သမီး | - ကျား (၁)၊ မ (၁) |
| နေရပ်လိပ်စာ(ယခင်) | - ကောင်းခါးပါရွာ၊ မံစီမြို့နယ်၊ ကချင်ပြည်နယ်။ |
| နေရပ်လိပ်စာ(ယခု) | -****စစ်ရှောင်စခန်း၊ မိုင်းခေါင်ကျေးရွာ၊ မံစီမြို့နယ်၊ ကချင်ပြည်နယ်။ |

| | |
|---|---|
| ချိုးဖောက်ခံရသူအမည်(၃) | - ဦးအင်ခွမ်ဂမ်အောင် |
| ကျား/မ | - ကျား |
| အသက် | - ၃၁ နှစ် |
| အမျိုးသားမှတ်ပုံတင်အမှတ် | - ၁/မစန(နိုင်)**** |
| လူမျိုး | - ကချင် |
| ကိုးကွယ်သည့်ဘာသာ | - ခရစ်ယာန် |
| ပညာအရည်အချင်း | - (၈) တန်း |
| အလုပ်အကိုင် | - ကျပန်း |
| မိဘအမည် | - ဦး**** နှင့် ဒေါ်**** |
| အိမ်ထောင်ရှိ/မရှိ | - ရှိ |
| ဇနီးအမည် | - ဒေါ်**** |
| သား/သမီး | - (၁) ယောက် |
| မူလနေရပ်လိပ်စာ(ယခင်) | - ဖဂါရွယ်ရွာ၊ (မိုင်းခေါင်အထက်) မံစီမြို့နယ်၊ ကချင်ပြည်နယ်။ |
| နေရပ်လိပ်စာ(ယခု) | - ****စစ်ရှောင်စခန်း၊ မိုင်းခေါင်ကျေးရွာ၊ မံစီမြို့နယ်၊ ကချင်ပြည်နယ်။ |
| ဖမ်းဆီးခံရသည့်နေရာ | - လမ်းဘေး၊ နယ်မြေ (၂)၊ မိုင်းခေါင်ကျေးရွာ၊ မံစီမြို့နယ်။ |
| ဖမ်းဆီးခံရသည့်ရက် | - ၂၅ ရက်၊ မေလ၊ ၂၀၁၇ ခုနှစ်။ |
| ချိုးဖောက်သူ | - ခ.မ.ရ (၃၁၉) |
| အမှုဖြစ်စဉ်ပြန်လည်ပြောပြသူအမည်(၁) | - ဒေါ်****(သတ်ခံရသူ ဦးမရန်ဘရန်ဆိုင်း၏ဇနီး)<br>ဒေါ်**** (သတ်ခံရသူ ဦးလဗျနော်ခွမ်၏ဇနီး) |

ဒေါ်**** (သတ်ခံရသူ ဦးအင်ခွမ်ဂမ်အောင်၏ဇနီး)

| | |
|---|---|
| အမှုဖြစ်စဉ်ပြန်လည်ပြောပြသူအမည်(၂) | - ဦး**** |
| မျိုးဖောက်ခံရသူနှင့် တော်စပ်ပုံ | - မျိုးဖောက်ခံရသူများ၏ ဆွေမျိုး |
| ကျား/မ | - ကျား |
| အသက် | - ၂၇ နှစ် |
| လူမျိုး | - ကချင် |
| ကိုးကွယ်သည့်ဘာသာ | - ခရစ်ယာန် |
| ပညာအရည်အချင်း | - ဒသမတန်း |
| အလုပ်အကိုင် | - တောင်သူ |
| မိဘအမည် | - ဦး**** နှင့် ဒေါ်**** |
| အိမ်ထောင်ရှိ/မရှိ | - ရှိ |
| ဇနီးအမည် (သို့) ခင်ပွန်းအမည် | - ဒေါ်**** |
| သား/သမီး | - မ(၁) |
| နေရပ်လိပ်စာ | - ****ကျေးရွာ၊ မံစီမြို့နယ်၊ ကချင်ပြည်နယ်။ |

| | |
|---|---|
| အမှုဖြစ်စဉ်ပြန်လည်ပြောပြသူအမည်(၃) | - ဦး**** |
| မျိုးဖောက်ခံရသူနှင့် တော်စပ်ပုံ | - မျိုးဖောက်ခံရသူများ၏ ဆွေမျိုး |
| ကျား/မ | - ကျား |
| အသက် | - ၃၂ နှစ် |
| အမျိုးသားမှတ်ပုံတင်အမှတ် | - ၁/မစန(နိုင်)**** |
| ပညာအရည်အချင်း | - ဒသမတန်း |
| အလုပ်အကိုင် | - ဘာသာရေးဆရာ |
| မိဘအမည် | - ဦး**** နှင့် ဒေါ်**** |
| အိမ်ထောင်ရှိ/မရှိ | - ရှိ |
| ဇနီးအမည် (သို့) ခင်ပွန်းအမည် | - ဒေါ်**** |
| သား/သမီး | - ကျား(၁)၊ မ(၁) |
| နေရပ်လိပ်စာ | - ****ကျေးရွာ၊ မံစီမြို့နယ်၊ ကချင်ပြည်နယ်။ |

| | |
|---|---|
| အမှုဖြစ်စဉ်ပြန်လည်ပြောပြသူအမည်(၄) | - ဒေါ်**** |
| မျိုးဖောက်ခံရသူနှင့် တော်စပ်ပုံ | - မျိုးဖောက်ခံရသူ ဘရန်ဆိုင်း၏ မိခင် |
| ကျား/မ | - မ |
| အသက် | - ၆၀ ခုနှစ် |
| အမျိုးသားမှတ်ပုံတင်အမှတ် | - ၁/မစန(နိုင်)**** |
| မိဘအမည် | - ဦး**** နှင့် ဒေါ်**** |
| အိမ်ထောင်ရှိ/မရှိ | - ရှိ |
| ခင်ပွန်းအမည် | - ဦး**** |
| သား/သမီး | - သားသမီး (၄ ယောက်) |
| နေရပ်လိပ်စာ | - ****ကျေးရွာ၊ မံစီမြို့နယ်၊ ကချင်ပြည်နယ်။ |

| | |
|---|---|
| မှတ်တမ်းကောက်သည့်နေ့ | - ၃ ရက်၊ ဖွန်လ၊ ၂၀၁၇ ခုနှစ် |
| မှတ်တမ်းကောက်သည့်အဖွဲ့အစည်း | - SSDF ၊ KWAT ၊ HI |

## အမှုဖြစ်စဉ်ပြန်လည်ပြောပြသူအမည်(၁)၏ ပြောပြချက်

သူတို့ (၃) ယောက်က ၂၅ ရက်၊ မေလ၊ ၂၀၁၇ ခုနှစ် ပိုက်ဆံသွားရှာမယ်ဆိုပြီး အိမ်ကနေထွက်သွားတယ်။ နောက်မနက်လည်း ပြန်မရောက်လာတော့ တစ်ခုခုတော့ဖြစ်ပြီလို့ ကျွန်မတို့ ထင်ထားပြီ။ ဆရာ**** (မိုင်းခေါင်****) ကို (၄) ကြိမ်လောက် ကျွန်မတို့ သွားပြောတယ်။ ဘာမှမဖြစ်လောက်ဘူး လို့ပဲ ပြန်ပြောတယ်။

ဆရာ****က မိုင်းခေါင်အုပ်ချုပ်ရေးမှူး ဦး****ကို ဖုန်းဆက်ပြီး အကြောင်းကြားတော့၊ အုပ်ချုပ်ရေးမှူးက ကျွန်တော့် ရွာသားတွေဖြစ်နေရင်တော့ ကျွန်တော်လိုက်ပြောလို့ရတယ်။ စစ်ရှောင်စခန်းကဖြစ်နေတော့၊ စစ်ရှောင် ဟုတ်တာသေချာရင် ဆရာ****ခင်ဗျား (အာမခံ) လက်မှတ်ထိုးပြီး ခေါ်သွားလို့ ရနိုင်တယ်လို့ ပြန်ပြောတယ်။

၂၇ ရက်၊ မေလ၊ ၂၀၁၇ ခုနှစ် မိုင်းခေါင်**** ကော်မတီဝင်တွေနဲ့အတူ လူ (၈) ယောက် မိုင်းခေါင် နယ်မြေ (၃) မှ ခမရ (၃၁၉) သို့ သွားတွေ့တယ်။ တပ်ရင်းမှူး****က 'ငါတို့တပ်အဲဒီဘက်မှာမရှိဘူး။ မင်းတို့ဘယ်က  သတင်းရလို့ အဲသလိုပြောရသလဲ' လို့ ပြောတယ်။ ညနေပိုင်း ဆရာ****နဲ့ တစ်ခါပြန်လာတွေ့တဲ့ အချိန်မှာလည်း စုံစမ်းကြည့်ပြီး ဖုန်းပြန်ဆက်ခဲ့မယ်လို့ပဲ ပြောတယ်။

နောက်မနက်တော့ဦး****နဲ့ သွားတွေ့တယ်။ သူကတော့နယ်မြေ(၂)မှာ ဖမ်းဆီးခံရပြီး ဆိုင်ကယ် တွန်းခိုင်းတယ်။ ဒွတ်ခချောင်း နဘေးနားမှာ သတ်ခံရတဲ့ ၃ယောက်နဲ့ တွေ့တယ်။ အဲဒီအချိန်မှာ သူတို့ ၃ယောက်ရဲ့ ဆိုင်ကယ် (၂) စီးနဲ့အတူ ဦး****ရဲ့ဆိုင်ကယ်ကိုလည်း ထားခဲ့ခိုင်းတယ်။ ဦး****ကိုတော့ စစ်ကြောင်းမှူး**** နဲ့ အိပ်ခိုင်းတယ်။ သူတို့၃ယောက်ကိုတော့ စစ်သားတွေနဲ့အတူ ထားတယ်လို့ ပြောတယ်။

ဦး****ကိုတော့ ၂၆ ရက်၊ မေလ၊ ၂၀၁၇ ခုနှစ် ၂း၀၀ နာရီ လောက်မှာ ပြန်လွှတ်လိုက်တယ်။ ဦး**** လမ်းပြပေးလို့ (သေသွားသူ သုံးဦးရဲ့) အလောင်းကို ပြန်ရှာတွေ့ခဲ့တာ။ အလောင်းကို မံစီမှာ ခွဲစိတ်ပြီး ၂၉ ရက်၊ မေလ၊ ၂၀၁၇ ခုနှစ် ညနေပိုင်းမှာ မြေမြှုပ်လိုက်တယ်။

**ပုံ (၁) - မတရားသတ်ဖြတ်ခံရသည့် မိုင်းခေါင် စစ်ရှောင် (၃)ဦး၏ ရုပ်အလောင်း**
**အမှုဖြစ်စဉ်ပြန်လည်ပြောပြသူအမည်(၂)၏ ပြောပြချက်။**



ယောက်ဖကို ဖမ်းဆီးသွားတဲ့သတင်းရလို့ **** စစ်ရှောင်စခန်းက ဆရာ****ကို ပြန်မေးကြည့်တော့ သတင်းအတိအကျတော့ ခပရာယန် သွားကြည့်မှ သိရမှာပဲလို့ ပြန်ပြောတယ်။ ၂၈ ရက်၊ မေလ၊ ၂၀၁၇ ခုနှစ် နေ့ (၉နာရီ - ၁၀ နာရီ) ကြား စစ်ရှောင်စခန်း****၊ (သတ်ခံရတဲ့ဦးဂမ်အောင်)ရဲ့ ဇနီးနှင့်ယောက္ခမ၊ ကျွန်တော် (****) အပါအဝင်အားလုံး အမျိုးသမီး (၄)ယောက် အမျိုးသား( ၄)ယောက်က ဦး****နဲ့ သွားတွေ့ဖို့ ခပရာယာန်သို့ သွားလိုက်ကြတယ်။

'ဘယ်သူတွေမှန်းမသိရတဲ့ လူသုံးယောက်ကိုတော့ ဖမ်းဆီးသွားတာဟုတ်တယ်' လို့ ဦး****က ကျွန်တော်တို့ကို ပြောပြတယ်။ သူတို့သုံးယောက်ရဲ့ ဆိုင်ကယ်တွေက ရွာနားမှာရှိနေတယ်။ ညအိပ်ခဲ့တဲ့နေရာနဲ့ နေ့အချိန်မှာ နေခဲ့တဲ့နေရာတွေကို ဦး****က ခေါ်ပြတယ်။ သေနတ်သံကြားခဲ့တဲ့ နေရာဘက်ကို သွားကြည့်တော့ မနက် ၁၁း၀၀ နာရီနှင့် ၁၂း၀၀ နာရီကြားမှာ သွေးအနည်းငယ်စွန်းနေတဲ့ ဝါးရွက်ကို ဦး****တွေ့လိုက်တယ်။ မြေကြီးဖို့ ထားသလိုမျိုးတွေ့လို့ ဦး****ခြေထောက်နဲ့ ကန်ကြည့်တော့ သွေးအိုင်နေတဲ့ နေရာကိုတွေ့တယ်။

ရွာကလူကြီးတွေနဲ့ ကချင်နစ်ခြင်းခရစ်ယာန်က ဆရာတွေ ပြန်ရောက်လာတယ်။ ဘယ်လိုပဲရှာရှာ (အလောင်းမြှုပ်ထားတဲ့နေရာကို) ရှာမတွေ့သေးလို့ **** စစ်ရှောင်စခန်းက ဆရာ****က စစ်ရှောင်စခန်းမှာရှိတဲ့ အမျိုးသားတွေကို ပြန်ခေါ်လိုက်ပြီး ကျွန်တော်တို့ လူအင်အား (၆၀) လောက်နဲ့ ဝိုင်းရှာကြတယ်။

လက်ရာခြေရာတွေကို သေချာဖျောက်ပစ်ခဲ့တော့ (သွေးကွက်တွေ့ရင်လည်း) အလောင်းမြှုပ်ထားတဲ့ နေရာကို ရှာတွေ့ဖို့ခက်နေတာလေ။ (မွန်းလွဲပိုင်း) ၃း၃၀ နာရီလောက်မှ သတ်ခံရသူ ဦး****ရဲ့အဖေက ချုံပုတ်တစ်ခုထဲမှာ ရေသန့်ဗူးတွေ့လို့ ကောက်ကိုင်ကြည့်တော့ မြှုပ်ထားတဲ့နေရာဖြစ်နေတာကို သိလိုက်ရတယ်။ ကျင်းကတစ်ခုထဲပဲ ဆိုတော့ အလောင်းတစ်ခုပဲ ထင်တာ။ လူကြီးတွေရော အားလုံးစုံပြီးမှ ကျင်းကိုပြန်တူးဆွ ကြည့်တာ (၃)ယောက် စလုံးရဲ့ အလောင်းကို တစ်ကျင်းထဲမှာပဲ မြှုပ်ထားတာကိုး။

သုံးယောက်စလုံးရဲ့ ဒူးမှာခုတ်ရာတွေတွေ့ရတယ်။ နဖူးမှာ သေနတ်ဒဏ်ရာတွေ့ရတယ်။ နားထင်မှာရိုက်ချက် ဒဏ်ရာတွေ့ရတယ်။ ရင်ဘတ်တွေမှာ နှိပ်စက်ခံရတဲ့ပုံစံဒဏ်ရာတွေနဲ့ တွေ့ရတယ်။ ကျွန်တော့်ယောက်ဖရဲ့ မျက်လုံးက အပြင်ကိုထွက်နေတယ်။

### အမှုဖြစ်စဉ်ပြန်လည်ပြောပြသူအမည်(၃)၏ ပြောပြချက်။

ဗျူဟာမှူးနဲ့ တွေ့ခဲ့တဲ့အချိန် သူပြောတာက 'တပ်မှာရှိတဲ့ လုပ်ထုံးလုပ်နည်း တရားဥပဒေအတိုင်း ထိရောက်စွာ အရေးယူပေးမယ်။ ဒီရွာမှာ နောက်နောင် ဒီလိုမျိုး အဖြစ်ပျက်တွေ ထပ်မဖြစ်အောင် ဝိုင်းဝန်းကာကွယ်ရအောင်' လို့တော့ပြောတယ်။

### အမှုဖြစ်စဉ်ပြန်လည်ပြောပြသူအမည်(၄)၏ ပြောပြချက်။

ယခင်တုန်းကတော့ ကျွန်မတို့မိသားစုတွေ ဖဂါယန်ကျေးရွာမှာ နေတယ်ဟုတ်တယ်။ စစ်ဖြစ်ပွား လာတဲ့တွက် အခုနေထိုင်နေတဲ့ မိုင်းခေါင် IDP မှာစစ်ရှောင်နေလာခဲ့တယ်။ ကလေးတွေကတော့ မိုင်းခေါင်မှာပဲ ဆယ်တန်းတက်နေခဲ့တယ်။ ကျွန်မသား မောင်ဘရန်ဆိုင်းက ဘော်ဒါနေရင်းနဲ့ ဆယ်တန်းတက်နေတဲ့ချိန်မှာပဲ ၂၀၁၅ ခုနှစ်မှာ မိန်းမယူမယ်ဆိုပြီးတော့ မိန်းမယူလိုက်တယ်။ မိန်းမယူပြီးနောက် ဘာအလုပ်မှမလုပ်ဘူး တောင်ယာပဲလုပ်ပြီးတော့ တစ်မိသားစုလုံးကို ကြည့်နေတယ်ဟုတ်တယ်။ ကျွန်မအမျိုးသားလည်း လေဖြတ်နေတယ် ဘာမှလုပ်လို့မရဘူး ဒါကြောင့်ပဲကျွန်မသား နေ့စားလုပ် တောင်ယာလုပ်ရင်းနဲ့ လုပ်ကျွေးတာပဲစားနေရတာဟုတ်တယ်။ နေ့စားခေါ်တဲ့ဘက်သွားတဲ့ချိန်မှာ ဖမ်းဆီးခံရတာဟုတ်တယ်။ ကျွန်မနဲ့ကျွန်မအမျိုးသားက လယ်တောထဲမှာနေနေတဲ့အချိန် ကျွန်မသားရဲ့ဇနီး က "ဘရန်ဆိုင်း မနေ့ညကတည်းက

ပြန်မလာဘူး အခုဗမာစစ်ကြောင်းတွေ အရမ်းဖြတ်သွားတယ်လို့ကြားတယ် ” ဆိုပြီးတော့ ဖုန်းဆက်လာတယ်။ ကျွန်မလည်းမနေနိုင်တော့တာနဲ့ ကျွန်မသမီးရော ကျွန်မအမျိုးသားတွေရော ပါပြီးတော့ စစ်တပ်ကုန်းကို သွားပြောတယ်။ စစ်ဗိုလ်ကြီးတစ်ယောက်က "မင်းတို့မတိကျတဲ့သတင်းတွေနဲ့ငါတို့ လာမစွပ်စွဲနဲ့" "တိတိကျကျမှပြော၊ မဟုတ်ရင်လာမပြောနဲ့ ” ဆိုပြီးတော့ပြောတယ်။ ကျွန်မတို့လည်း "သေချာတယ် တွေ့လိုက်တဲ့လူတွေပြောတယ် တိတိကျကျပဲသိထားတယ် ” လို့ပြောလိုက်တယ်။ ကျွန်မတို့ကို ရပ်ကွက် ၂ က မောင်****ဆိုတဲ့လူငယ်လေး ပြောပြတယ်။ သူတို့ပါလာတဲ့ခေါက်ဆွဲခြောက်ဖာတောင်မှ စစ်ကြောင်းတွေကို ပေးလိုက်တယ်။ အဲဒီချိန်မှာတွေ့လိုက်ကြတယ်။ သူတို့ပေးလိုက်တဲ့ခေါက်ဆွဲခြောက်ဖာနဲ့တောင်မှ ကျွန်မသားတို့ အလောင်းကိုဖုံးထားပေးကြတာပဲ။ နောက်နေ့ ညနေပိုင်းမှ camp ကလူကြီးတွေလည်းမရှိတာနဲ့ သမီး၊ ဆွေမျိုးတွေနဲ့ ရက်ကွက်လူကြီးတွေနဲ့ပဲ စစ်တပ်ကုန်းကိုပြန်သွားတယ်။ သွားတဲ့ချိန်မှာ ခပရာယာန်ကျေးရွာ ရောက်တဲ့ချိန်မှာ ဦးမရန်အောင်ဝါ ဆိုတဲ့လူကိုသွားတွေ့တယ်။ ဦးမရန်အောင်ဝါက လောပန်းဟုတ်တယ်။ ဖမ်းခံရတဲ့ထဲမှာ သူ့ရဲ့အလုပ်သမား ဦး**** ရောပါသွားလို့ သွားရွေးပြီးပြန်လာတယ်ဆို၂ပီးတော့ ကြားလို့သွားတွေ့တော့ ဦး****က ကျွန်မတို့ကိုပြောပြတယ် "စစ်ကြောင်းမှူးနာမည်က ဦးလွင်မိုးအောင်လို့ခေါ်တယ် မှတ်သွားလိုက် ကျွန်တော့အလုပ်သမား ဦး****ကိုလည်း မေးကြည့်လိုက် ဖမ်းထားတာသေချာရင် သူလည်းတွေ့နိုင်တယ်” ဆိုပြီးတော့ပြောတယ်။ ဦး**** ကလည်းမပြောရဲဘူးလို့ပြောတယ်။ ဒါပေမဲ့ သူ့ရဲ့လောပန်း( ဦး**** ) က "ကူညီလိုက် မင်းတွေ့ခဲ့ရင် တွေ့ခဲ့တဲ့အကြောင်းပြောပြလိုက် ကချင် အချင်းချင်း ကူညီပေးရမယ်” လို့ပြောလို့ ဦး****လည်း "တွေ့ခဲ့တဲ့အကြောင်းပြောပြတယ်။ လက်တွေချည်ပြီးတော့ ရိုက်နက်နေတာတွေလည်း တွေ့ခဲ့တဲ့အကြောင်း နဲ့အော်ပြီး ငိုတဲ့အသံတွေလည်း ကြားတယ်လို့ပြောပြတယ်။ ဒါပေမဲ့ သူက ကျွန်မသား အပါအဝင် သုံးယောက်ကို သတ်လိုက်ကြပြီဆိုတာကိုတော့ ပြောမပြဘူး။ ခပရာယန် ရွာ က ****ရဲ့အမျိုးသမီးက "မင်းတို့ မြန်မြန်သွားကြည့်ကြ ဖမ်းထားတဲ့လူတွေ လွတ်လာတယ်လို့ပြောတယ်” လို့ပြောလို့ မျှော်နေရင်လည်း ကျွန်မတို့သားတွေက ပါမလာဘူး။

ကျွန်မတို့က ခ.မ.ရ ၃၁၉ (ဂါရာယန် ကျေးရွာအခြေစိုက်တပ်) ကို ကျွန်မသမီး၊ ****နှင့် ဘာသာရေးဆရာတွေနဲ့ ပြန်သွားတွေ့တယ်။ စခန်းမှူးက ဘာပြောလဲဆိုရင် "မင်းတို့ ဒီနေရာကို ဘာထင်နေလဲ ကလေးကစားစရာနေရာများထင်နေသလား မင်းတို့ကဘာလဲ မဟုတ်တာတွေစွပ်စွဲပြောလို့ရမဲ့နေရာ မဟုတ်ဘူး” လို့ပြောတယ်။ ကျွန်မသမီးလည်း "မဟုတ်ဘူး ဖမ်းခံရတာ ကျွန်မမောင်လေးဟုတ်တယ်။ ကူညီပေးဖို့အကူအညီ လာတောင်းတာပါ” လို့ပြောတော့ စစ်ဗိုလ်ကြီးက " မင်းတို့ကို ကူညီပေးဖို့တွက်တော့မခက်ဘူး။ ဒါပေမဲ့ မင်းတို့ငါတို့ကို မဟုတ်တာတွေ လာစွပ်စွဲနေတာကို ဒေါသထွက်တာ” လို့ပြောတယ်။ ကျွန်မသမီးကလည်း "မဟုတ်တာ စွပ်စွဲနေတာမဟုတ်ဘူး သက်သေတွေရှိတယ် မင်းတို့ဖမ်းထားတဲ့ ဦး****လွတ်လာတဲ့လူတွေလည်းပြောတယ်။ ငွေတစ်သိန်းတောင်းပြီးတော့ ဦး****ကို ပြန်လွတ်လိုက်တယ်လို့လည်းသိရတယ်” လို့ပြောလိုက်တော့ ဗိုလ်ကြီးက မျက်နှာတွေနီရဲလာပြီးတော့ "အကြောင်းထူးရင် ပြောလိုက်မယ်” ဆိုပြီးပြောလိုက်တယ်။ ကျွန်မသားတွေကိုဖမ်းတာကတော့ ၂၅.၅.၂၀၁၇ ရက်နေ့ မှာဖမ်းတယ်။ သတ်လိုက်တာကတော့ ၂၆ ရက် နေ့သတ်ခံလိုက်ရတာ ဟုတ်တယ်။ ကျွန်မလည်း **** IDP Camp တာဝန်ခံ ဦး**** အိမ်သွားပြီး အကူအညီသွားတောင်းတယ်။ ဦး**** လည်း ဦး**** ကိုသွားတွေ့တယ်။ ဦး**** ကလည်း သူတွေ့ခဲ့တဲ့ကြောင်းတွေပြောပြလိုက်တယ်။ ပြီးတာနဲ့ ဦး**** တစ်ယောက်ထဲ စစ်တပ် တပ်မကုန်းကိုပြန်သွားပြီးတော့ "မင်းတို့မြန်မြန်ဝန်ခံလိုက်တော့ ဘယ်မှာဖမ်းထားတယ် ပြောပြလိုက်ပါ။ ကျွန်တော်တို့မှာ သက်သေအထောက်အထားတွေရှိနေပြီ လိမ်လို့မရတော့ဘူး” လို့ပြောပြီး ထွက်လာခဲ့တယ်လို့ပြောတယ်။

အဲဒီနေ့က ကျွန်မတို့ ခပရာယာန်ကျေးရွာအနီးတစ်ဝိုက် လိုက်ရှာတယ်။ မတွေ့လို့ လွတ်လာတဲ့ ဦး****ကိုပြန်အကူအညီတောင်းပြီးတော့ သူပြောပြတဲ့အတိုင်း လိုက်ရှာတယ်။ ဦး****က ကျွန်မတို့ကို လိုက်ပြတယ် " ကျွန်တော့ကိုတော့ ဒီမှာချည်ထားတယ် သူတို့သုံးယောက်ကိုတော့ ဒီမှာချည်ထားတယ် ဒီနေရာမှာနှိပ်စက်နေတာတွေ့တယ်။ ဟိုဘက်ကိုခေါ်သွားတာတွေ့လိုက်တယ်” စသည်ဖြင့်ပြောပြတဲ့အတိုင်း လိုက်ရှာတယ်။ တစ်နေကုန်လိုက်ရှာတော့မတွေ့ဘူး။ သူ့အဖေက ဆုတောင်းတယ် "သားရေမင်းတို့ဘယ်မှာရှိနေတာလဲပြောပြပါ။ သားတွေကိုသတ်လိုက်တဲ့အဖြစ်ကို တစ်ကမ္ဘာလုံး သိအောင်လုပ်မယ်။ သား ဝိညာဉ်ရေး

အတွက်လည်းဆုတောင်းပေးမယ်” ဆိုပြီးတော့ ဆုတောင်းရင်းနဲ့လိုက်ရှာနေခဲ့တယ်။ ဂျာမဏီချုံကြားမှာ ဝါးသစ်ရွက်ပုံနေတာတွေ့လိုက်တယ်။ ဝါးပင်ကအဝေးမှာရှိနေတယ် ဒါပေမဲ့ ဝါးရွက်က ဒီနေရာမှာပုံနေစရာ အကြောင်းမရှိဘူး။ ဒါထူးဆန်းတယ်ဆိုပြီးတော့ ပုံးထောင်ထားမှာလည်းကြောက်တဲ့အတွက် ဝါးလုံးရှည်နဲ့ ထိုးကြည့်လိုက်တော့ ဖျာအစွန်းထွက်နေတာတွေ့လိုက်တယ်။ သွားကြည့်လိုက်တော့ သုံးယောက်စလုံးကို မြုပ်ထားတာ တွေ့လိုက်တယ်။ အလောင်းတွေမှာတော့ ဒဏ်ရာတွေပဲ။ သေနတ်ပစ်ထားတဲ့အရာတွေလည်း တွေ့တယ်။ ခေါင်းမှာလည်း ဓားခုတ်ရာရှိတယ်။ မျက်စိလည်း တစ်ဖက်မရှိတော့ဘူး။ ဦးနှောက်တောင် မရှိတော့ဘူး ခြေထောက်မှာလည်း အသားလှီးထားသလို ခုတ်ထားပေးတဲ့ဒဏ်ရာတွေ တွေ့ရတယ်။ နားရွက်တွေလည်း မရှိတော့ဘူး။ မိုးလည်းချုပ်တော့တာနဲ့ သုသာန်မှာပဲထားပြီးတော့ ရွာက လူငယ်တွေ လူကြီးတွေအလောင်း သွားစောင့်ပေးကြတယ်။ နောက်နေ့ရောက်တော့ ရဲတွေရောက်လာပြီး ဆေးစစ်ဆေးဖို့ မန်စီမြို့ကိုအလောင်း ယူသွားလိုက်ကြတယ်။ ရဲတွေလည်းသက်သေပစ္စည်းတွေကို သိမ်းဆည်းတယ်။ ဖမ်းဆီးထားတဲ့နေရာတွေ ထိသွားကြည့်ပြီးတော့ ရိုက်နက်နိုပ်စက်တဲ့ချိန်သုံးတဲ့ တုတ်၊ အဝတ်တွေ သွေးတွေကို မှတ်တမ်းယူကြတယ်။

ကျွန်မဖြည့်စွက်ပြောချင်တာကတော့ ခ.မ.ရ ၃၁၉ မှာပဲ အမှုစစ်ဆေးကြတယ်။ စစ်ဆေးရင်းနဲ့ သူတို့လည်း ဝင်ခံလိုက်ကြတယ်။ တကယ်ကျူးလွန်တဲ့ သုံးပွင့်၊ စစ်ကြောင်းမှူး လွင်မိုးအောင်၊ တပ်ကြပ်ကြီး၊ ကျွန်မတို့ သွားအကူအညီတောင်းခဲ့ဖူးတဲ့ တပ်ရင်းမှူး အပါအဝင်သူတို့ ၆ ဦး ကို ထောင်ဒဏ် ၁၀ နှစ် ချလိုက်ကြတယ်။ အခုလိုမိသားတစ်စုလုံး အားကိုးနေရတဲ့သားတစ်ယောက်ကို သတ်ပေးလိုက်တဲ့အတွက် ဘယ်အစိုးရ ဘယ်စစ်တပ်ကမှ လာပြီးတောင်းပန်တာလည်း မရှိဘူး။ သူတို့ကိုထောင်ချလိုက်ပြီဆိုတာပဲရှိတယ်။ ရေသန့်တစ်ဘူးတောင် လာပေးတာမရှိဘူး။ ဘာတစ်ကျပ်တစ်ပြားမှကို ထောက်ပံ့ဒါတွေမရှိဘူး။ ကျွန်မသား ဘာအပြစ်မှရှိတာမဟုတ်ဘူး။ သူတို့က ကေအိုင်အေစစ်သားကိုသတ်လိုက်ပြီလို့ပြောကြတယ်။ ကျွန်မသား ဘာ ကေအိုင်အေမှလည်းမဟုတ်ဘူး မသင်္ကာစရာဘာပစ္စည်းမှလည်းပါတာမဟုတ်ပဲနဲ့ ရက်ရက်စက်စက်သတ်ပေး တဲ့အတွက် အရမ်းစိတ်မကောင်းဘူး။ အရမ်းလည်းမကျေနပ်ဘူး။ (ငိုလျက်)

| | |
|---|---|
| **လူ့အခွင့်အရေးချိုးဖောက်မှု** | **- အစအနပျောက်ဆုံးခြင်း** |
| ချိုးဖောက်ခံရသူအမည် | - ဦး**** |
| ကျား ၊ မ | - ကျား |
| အသက် | - (၂၂) နှစ် |
| ကိုးကွယ်သည့် ဘာသာ | - ခရစ်ယာန် |
| ပညာအရည်အချင်း | - (၆) တန်း |
| အလုပ်အကိုင် | - တောင်သူ |
| မိဘအမည် | - ဦး****နှင့် ဒေါ်**** |
| အိမ်ထောင်ရှိ၊ မရှိ | - ရှိ |
| သားသမီး | - (၂) ယောက် |
| နေရပ်လိပ်စာ | - မံစီမြို့နယ်၊ ဗန်းမော်ခရိုင်၊ ကချင်ပြည်နယ်။ |
| အခင်းဖြစ်ပွားသည့်နေ့ | - ၁၄ ရက်၊ ဒီဇင်ဘာလ၊ ၂၀၁၇ခုနှစ်။ |
| ချိုးဖောက်သူ | - တပ်မ (၉၉) |
| | |
| အမှုဖြစ်စဉ်ပြန်လည်ပြောပြသူ | - ဒေါ်**** |
| ကျား ၊ မ | - မ |
| အသက် | - (၂၅)နှစ် |
| လူမျိုး | - ကချင် |

ကိုးကွယ်သည့် ဘာသာ - ခရစ်ယာန်
ပညာအရည်အချင်း - (၁၀) တန်း
မှတ်တမ်းကောက်သည့်နေ့ - ၁၅ ရက်၊ ဇန်နဝါရီလ၊ ၂၀၁၈ ခုနှစ်။
မှတ်တမ်းကောက်သည့်အဖွဲ့အစည်း - KWAT

**အမှုဖြစ်စဉ်**

ကျွန်မတို့၏ အလုပ်အကိုင်က လယ်ယာလုပ်ငန်း လုပ်ပါတယ်။ မိမိကိုယ်ပိုင်တော့ မဟုတ်ဘူး။ လယ်အငှား လုပ်ကိုင်စားသောက်ကြတယ်။ ဇာတိမြေက ဗန်းမော်ခရိုင်၊ မံစီမြို့နယ်၊ ****ကျေး ရွာမှ ဖြစ်တယ်။ ဒီစစ်ရှောင်စခန်းကိုတော့ ရွာမှာစစ်စတင်ဖြစ်လာတုန်း ၂၀၁၁ခုနှစ် မှာပြောင်း လာခဲ့ကြတယ်။ ယောက္ခမက ဒေါ်**** အသက် ၅၅နှစ်၊ ယောက္ခထီးက ဦး****အသက် ၅၆နှစ် ဖြစ်တယ်။ သူတို့တွေက ပြောင်းဖူး စိုက်ပျိုးခြင်းကို လုပ်ကိုင်ကြတယ်။ မိသားစုက ကလေးငယ်နှစ်ဦးရှိပြီး မိသားစုအားလုံး (၈) ယောက် ရှိတယ်။ ဦး****ကနွေရာသီမှာ သစ်တွေလုပ်ကိုင်တယ်။

ပျောက်ဆုံးသူ ဦး****က နိုဝင်ဘာလအကုန်လောက်မှာ ပျောက်သွားတာဖြစ်တယ်။ လယ်ယာအလုပ်ကို****ရွာမှာပဲလုပ်ကိုင်တယ်။ အရင်တုန်းက****ရွာမှာလုပ်ကိုင်ခဲ့ပြီး နောက်ပိုင်းစစ် ပွဲဖြစ်လာသောကြောင့်****ဘက်သို့ လယ်အငှားအဖြစ် ပြောင်းရွှေ့ခဲ့တယ်။ လယ်စိုက်ပြီးနောက် ****ဘက်မှာ စိုက်ခင်းများလုပ်ကိုင်လျက် ဝါးမျှစ်ချိုးကာ အခြောက်လှန်းခြင်း စသောလုပ်ငန်းများ ကိုလည်း လုပ်ကိုင်သည်။ ရက်စွဲအတိအကျတော့ မမှတ်မိတော့ဘူး။ နိုဝင်ဘာလကုန် ခရစ္စမတ် မရောက်ခင် နှစ်ပတ်လောက် အလိုမှာဖြစ်တယ်။ ဒီစစ်ရှောင်စခန်းက သူတစ်ဦးတည်းတက်သွားခဲ့တယ်။ ယောက္ခထီးနှင့် ယောက္ခမ၏မောင်တို့က လယ်ပြီးပြီးချင်း****သို့ တက်နှင့်ခဲ့ပြီးဖြစ်သည်။ ပျောက်ဆုံးသူ ဦး****က နောက်မှလိုက်ခဲ့ခြင်းဖြစ်သည်။ ဦး****က ထိုနေ့မနက် ကျွန်မတို့ဆီကို ဆင်းလာပြီး ထို ညပြန် တက်လာမည်ဖြစ်ကြောင်း ပြောပြီးသွားခဲ့သည်။ (၂-၃) ရက် ကြာသော်လည်း ပေါ်မလာသောကြောင့် သူတို့လည်း ပြန်လိုက်လာခဲ့သည်။ ဦး****က အိမ်မှခရစ္စမတ်မရောက်ခင် တက်သွားခဲ့ပြီး မြန်မာအစိုးရစစ်တပ်လက်သို့ ဒီဇင်ဘာ (၁၄) ရက်နေ့မှာ ရောက်သွားခဲ့ခြင်းဖြစ်တယ်။

အဲဒီအချိန်တုန်းက သူနှင့်အတူ အဖမ်းခံခဲ့ရသူတွေ လာပြောပြချက်အရ အရင်ဦးဆုံးရောက်လာသော မြန်မာအစိုးရစစ်တပ် တပ်မ (၉၉) တွေနှင့်ကြုံခဲ့ရတယ်။ ခုပြန်လွတ်လာသူတွေထဲက တပ်မ(၈၈) လက်ထဲရောက်ခဲ့သူ ဦး****ကပြန်လည်ပြောပြခဲ့တယ်။ သူတွေ့ခဲ့စဉ်က ပျောက်ဆုံးသူ ဦး****ကို ကြိုးဖြင့်ပင် ချည်ထားခဲ့ခြင်းမရှိသေးပါ။ သူကစစ်တပ်ထဲ ဘယ်လိုရောက်ခဲ့ကြောင်းမေးတော့ ဦး****က ဆိုင်ကယ်ပေါ်ကနေ ခေါ်လာခဲ့ကြောင်း ပြောပြခဲ့သည်။ စစ်သားများလည်း "မင်းတို့အချင်းချင်းသိကြလား" လို့မေးလာတော့ ကျွန်တော်တို့လည်း စကားပြောပြတ်သွားခဲ့တယ်လို့ အဲဒီလောက်ဘဲပြောဖြစ်ကြတယ်လို့ ပြန်ပြောပြပါတယ်။

ပျောက်ဆုံးသူ၏ဆိုင်ကယ်က အဲဒီနေရာမှာဘဲရှိနေသေးတယ်။ အဲဒီဘက်ကိုသွားလို့မရသေးဘူး ပြောတယ်။ ပြန်လွတ်လာခဲ့တဲ့သူတွေရဲ့ ဆိုင်ကယ်တွေလဲ ဒီအတိုင်းဘဲရှိနေသေးတယ်။ အဲဒီတုန်းက စစ်တော့မဖြစ်ဘူး။ ခုတော့ခဏခဏ စစ်ဖြစ်တယ်ကြားတယ်။ စစ်ကြောင်းရှိတယ် အဲဒါကြောင့် အခြေအနေဆိုးတာကြာနေပြီ။ သူ့ကိုရှာတော့ မြန်မာအစိုးရစစ်တပ် တပ်မ (၉၉) တွေက အဲဒီဘက် မသွား ဘူးလို့သာ ပြောခဲ့တယ်။ သူတို့တပ်က အဲဒီအချိန်တုန်းက ရခိုင်ဘက်မှာရှိနေတာလို့သာ ပြောနေတာ။ သူအဖမ်းခံရတယ်လို့ကြားရတုန်းက အဲဒီနေရာတဝိုက်လိုက်လံရှာခဲ့တယ်။ တောဘက်ရောက်နေတဲ့ စစ်ကြောင်းကိုတော့ အကြောင်းမကြားခဲ့ဘူး။ ရန်ကုန်ဘက်ကိုတော့အကြောင်းကြားခဲ့ပါတယ်။ နေပြည် တော်မှာလည်းသူတို့ မဖမ်းထားကြောင်း၊ မခေါ်ထားကြောင်းသာတုန့်ပြန်ပါသည်။ အဖမ်းခံရသောသူတွေတောင် တွေ့ခဲ့သည်ဟုဆိုသော်လည်း အစိုးရစစ်တပ်မှငြင်းဆိုခဲ့သည်။ တချို့သူတွေတောင် ပြန်လွတ်ခဲ့သည်မှာ ကြာခဲ့ပြီ။ သူတို့က (၁၀)ရက်လောက်မှာ ပြန်လွတ်လာခဲ့ခြင်းဖြစ်သည်။

ခုချိန်ထိဘာသတင်းမှ မရသေးဘူး။ မြန်မာအစိုးရစစ်တပ်က မဖမ်းထားဘူးပြောနေတယ်။ အဖမ်း ခံရပြီး လွတ်လာတာ (၄) ဦး ဟုတ်တယ်။ တစ်ယောက်ကမြန်မာ၊ တစ်ယောက်ကရှမ်း၊ (၂) ယောက်က ကချင်လူမျိုးဖြစ်တယ်။ တစ်ယောက်က ဦး****၊ နောက်တစ်ယောက်က မောင်****ဖြစ်တယ်။ သူတို့ အကုန်လုံးက မြန်မာအစိုးရစစ်တပ် တပ်မ(၈၈)တွေ ဖမ်းဆီးခံခဲ့ရခြင်းဖြစ်သည်။ ပျောက်ဆုံးသူ ဦး****တစ်ယောက် ထဲ တပ်မ (၉၉) တွေ ဖမ်းခံခဲ့ရခြင်းဖြစ်သည်။

ရှေ့နေဦး****က တတ်နိုင်သလောက်ရှာကူပေးတယ်။ ရန်ကုန်ဘက်သို့ အကြောင်းကြားထားသော်လည်း ရှာမပေးနိုင်ဘဲ ရှိနေခဲ့သည်။ မြန်မာအစိုးရစစ်တပ် တပ်မ (၉၉) က ရှေ့တန်းများကလည်း သူတို့ဆီမှာရှိတယ်၊ မရှိဘူး။ သူတို့ခေါ်ထားတယ်၊ မခေါ်ထားကြောင်း ကိုလည်း သတင်းမပေးဘူး။ တောထဲသွားရှာဖို့လည်း အခက်ရှိနေတယ်။ ရှေ့နေဦး ****က တက် လာဖို့ရန် ပြောလာလို့ ယောက္ခထီးတို့လည်း တက်သွားခဲ့တယ်။ သူတို့စာဖြန့်ထားပြီး ပျောက်ဆုံးသူ ဦး****ကို စစ်တပ်က မသတ်ဘူးဆိုရင် ဒီတစ်ပတ်အတွင်း ပြန်လာလိမ့်မယ်။ ထွက်မလာရင်သူတို့ထံကို ဖုန်းဆက် ပါလို့မှာလိုက်တယ်။

ပျောက်ဆုံးသူ ဦး****ပျောက်ဆုံးသွားပြီးနောက်ပိုင်း အိမ်မှာအရမ်း ခက်ခဲပါတယ်။ ယောက္ခမတွေလည်း အသက်ကြီးပါပြီ။ ပျောက်ဆုံးသူဦး****က အကြီးဆုံးဆိုတော့ အိမ်မှာသူဘဲ လုပ်ကိုင်ကျွေးမွေးနေတာ။ အထွေးဆုံးက ဒီနှစ် (၅) တန်း၊ သူ့အထက်ကဒီနှစ် (၁၁) တန်းကို လားရှိုးမှာ ကျောင်းတက်နေတာ။ သူတို့ကိုကျောင်းထောက်ရတော့ ခုလိုတောင်ပေါ်မှာ ဆိုင်ကယ်နှင့် မျှစ်ပေါ်ချိန် မျှစ်ခြောက်လုပ်ကာရောင်းခြင်းဖြင့် ကျွန်မတို့မိသားစုတွေကို ရှာဖွေကျွေးမွေးနေတာ။ သူခုလိုဖြစ်သွားတော့ တော်တော်လေး အခက်အခဲ ရှိပါတယ်။ ကလေးတွေရဲ့ ရှေ့ရေးကိုလည်း စိုးရိမ်ရပါတယ်။

ပျောက်ဆုံးသူဦး****တောင်ပေါ်က ဆင်းလာတုန်းက ဆိုင်ကယ်မှာ ပလိုင်း၂ခု၊ တောရှောက်သီး အနည်းငယ်၊ ပျားရည်က ပီကေဘူးတစ်ဘူး၊ အမဲပစ်လို့ရတဲ့အသား အနည်းငယ်၊ ငါးအနည်းငယ်ပါရှိတယ်။ မှန်ထောက်ဖုန်းတစ်လုံး ယောက္ခထီးက ကိုင်တာတောင်ပေါ်မှာ အခြေအနေမကောင်းတော့ အချင်းချင်း သတင်း ပေးနိုင်အောင်ဂယ်ပေးထားတာ သူကမသုံးတတ်ဘူးဆိုလို့ အိမ်မှာရှိတဲ့ဖုန်းနှင့် လာလဲမည်ဆိုပြီး ပြန်ယူလာရာ ဦး****ဆီ မှာက ထိုနေ့ဖုန်းနှစ်လုံး ပါရှိနေခဲ့တယ်။ မြန်မာစစ်တပ်မှ အဲဒါကို အပြစ်ရှာမယ် ဆိုရင်တောင် ဖုန်းမှာလည်းစစ်တပ်နှင့်ဆိုင်တဲ့ဟာ ဘာမှမပါဘူး။ ပျောက်ပြီးနောက် ဖုန်းဆက်ကြည့်ပါ သေးတယ်။ စက်ပိတ် ထားပါသည်သာ ပြောနေတယ်။ သူစစ်တပ်နှင့်အတူရှိနေတယ် ဆိုတာကြားရ ကတည်း ကဆက်နေခဲ့တာ ဟိုတလောအထိ ဆက်နေသေးတယ်။ ဘယ်လိုဆက်လုပ်ရမလဲ မသိတော့ပါဘူး။

သူ(ပျောက်ဆုံးသူ) အိမ်ကနေ ထွက်သွားချိန် ဂတ်သွားတာက အနွေးထည်ကော်ဖီရောင် ဇစ်ပါတဲ့ အင်္ကျီနှင့် ခုခေတ်လူငယ်တွေ ခေတ်စားတဲ့အစိမ်းရောင်လိုင်း (၂)လိုင်းပါတဲ့ လိမ္မော်ရောင် ဘောင်းဘီ ဂတ်သွားတယ်။ ခုဒီစစ်ရှောင်စခန်းမှာတော့ ဘာမှမလုပ်ဘူး။ ထင်းခွေပေးတယ်။ အများစုကတော့ တောင်ပေါ်(ခြံ)မှာဘဲ အနေများတယ်။ ဒီမှာအလုပ်ရှိရင်တော့ ကူပါတယ်။ သူ(ပျောက်ဆုံးသူ) ပျောက်သွားတာ မနက်ဖြန် ၁၄ရက်နေ့ ဇန်နဂါရီလ ၂၀၁၈ခုနှစ်ဆိုရင် မြန်မာအစိုးရစစ်တပ် လက်ထဲ ရောက်ရှိသွားတာ တစ်လပြည့်သွားပြီ။ ကလေးအငယ်ကတော့ ဘာမှမသိသေးဘူး။ အကြီးကတော့ မေးလာတယ်။ "အမေ အဖေကတောင်ပေါ်မှာလား" လို့ဘဲပြောနေတယ်။ ခုတော့ဘာမှမပြောတော့ဘူး။ တလောတုန်းက "အမေရေ အဖေဘယ်သွားလဲ" ဆိုပြီးမေးသေးတယ်။ သူလည်း သူ့အဖေကို စောင့်ရတာမောလာပြီ ထင်ပါတယ်။

၃ရက်၊ ဖေဖော်ဂါရီလ၊ ၂၀၁၈ခုနှစ် ရက်နေ့အိမ်မှာ သူ့အလောင်းကိုသွားရှာဖို့ ဆုတောင်းပွဲ လုပ်ခဲ့တယ်။ ၆ရက်၊ ဖေဖော်ဂါရီလ၊ ၂၀၁၈ခုနှစ်ရက်နေ့မှာတော့ ယောက္ခမနှင့် ယောက္ခထီးတွေ၊ လူကြီးတွေပါ (၁၀)ယောက်ခန့် ဆိုင်ကယ်ဖြင့်သွားခဲ့တယ်။ မူရှတ်ကောင်တောင်မှာ ပျောက်ဆုံးသူ ဦး****ရဲ့ အလောင်းကို ရှာတွေ့ခဲ့တယ်။ သူ့အလောင်းတစ်လောင်းထဲပဲ ရိုက်သတ်ပြီး မြှုပ်ထားတယ်။ အဲဒီနေရာမှာ ဘဲ မီးလည်းရှို့ထားတယ်ထင်တယ်။

ကျွန်မတို့ ကျန်နေတဲ့အရိုးမီးလောင်စတချို့ကို တွေ့ခဲ့တယ်။ အရိုးတစ်ချို့ကိုတော့ မတွေ့တော့ဘူး။ အစသွားရှာတုန်းက မီးရှို့အရာတော့ မတွေ့ဘူး။ ဆက်လက်ရှာဖွေရာမှ ပျောက်ဆုံးသူ ဦး****ရဲ့ သားရေဖိနပ်ကိုတွေ့တယ်။ တဖန်ဆက်ပြီးသွားရှာကြည့်ရာ အရိုးတစ်ချို့ကိုပြန်ရှာ တွေ့ခဲ့တယ်။ ဆိုင်ကယ်ပြင်ကိရိယာများလည်း ရှိနေသေးတယ်။ သူလွယ်သော လွယ်အိတ်လည်း အကျီမှာ ကပ်ကာလောင်ထားတာကို တွေ့ရတယ်။ ဆံပင်စတွေလည်း ရှိနေတယ်။ သူတို့နှိပ်စက်ကာ သတ်ထား တဲ့နေရာမှာသွားကြည့်ရာ တခြားဘက်ရွှေ့ထားတဲ့ပုံမတွေ့ရဘူး။ ဦးခေါင်း ကြေမွကုန်ကာ ခန္ဓာကိုယ် သာလောင်ကျွမ်းနေတာကို တွေ့ရတယ်။ စစ်သားတွေက ထင်းအစိုတွေနှင့် မီးရှို့တယ်ထင်တယ် ကောင်းကောင်းမလောင်ဘူး။ မီးရှို့ထားတဲ့နေရာက ရွာနှင့်လည်းသိပ်မဝေးဘူး။ လမ်းမကြီးနှင့်လည်း မဝေး သောနေရာ ကားလမ်းမပေါ်တွင်ဖြစ်သည်။ အရိုးစုကိုကောင်းကောင်းမွန်မွန် ဆုတောင်းပေးကာ ကောင်းမွန်စွာ ပြန်မြှုပ်ထားခဲ့တယ်။

သူ့အလောင်းကိုရှာနေတာအတော်ကြာပြီ။ မှုရှတ်တောင်ဘက်မှာ စစ်တပ်မှမသွားရ ကန့်သတ်ထား သောကြောင့် မည်သူမှမသွားရဲသောကြောင့် (၆)ရက်နေ့မှ ထောက်ခံစာယူပြီး ပြန်သွားရှာ ကြည့်တော့မှ ကျန် ရှိသောအရိုးတစ်ချို့ကိုပြန်သွား တွေ့ခဲ့ခြင်းဖြစ်သည်။ အရင်ကတည်းက ကျွန်မတို့ရှာ ဖွေနေဆဲဖြစ် သော်လည်း သတင်းမရသောကြောင့် မိသားစုများမှ ဆုတောင်းပွဲလုပ်ပေးခဲ့ခြင်းဖြစ်တယ်။
သက်သေတွေလဲအားလုံးသိတယ်။ ကျွန်မခင်ပွန်းပျောက်သွားပြီးနောက် မြန်မာအစိုးရစစ်တပ်နှင့် အတူသွားလာနေတာကိုဘဲ အမြဲမက်ခဲ့တယ်။ နောက်တစ်ကြိမ်ပြန်ပြီးမက်တာက သူရေမိုးချိုးသပ်သပ် ရပ်ရပ်ဂတ်စားကာ အိမ်ပြန်လာတယ်။ ကျွန်မတို့မိသားစုကို ပိုက်ဆံတစ်ပြားမှ မရှာပေးထားနိုင်ဘူး ဆိုပြီး ငိုလျက်ပြောတယ်ဆိုပြီး မက်ပြန်တယ်။ အဲဒီအိမ်မက်မက်ပြီးနောက် သူ့အကြောင်းတစ်ခါမှ နောက်ထပ် မမက် တော့ဘူး။

သက်သေအထောက်အထားဖြစ်တဲ့ အရိုးစုတွေ၊ ကျန်ရှိတဲ့ပစ္စည်းတွေကိုလည်း ဒီဘက် စစ်ရှောင် စခန်းထိ ယူလာနိုင်ဖို့ရန်လည်း လမ်းမှာစစ်ဆေးမှုရှိတဲ့အတွက်ကြောင့် ယူဆင်းလာဖို့ မဖြစ်နိုင်ခဲ့ဘူး။ လူတစ်ကိုယ်ဖြတ်သန်းဖို့ရန် ပင် ခက်ခဲတယ်။ ရေသန့်ဗူးတောင်ယူဆောင်လို့မရဘူး။

**လူ့အခွင့်အရေးချိုးဖောက်မှု - မတရားဖမ်းဆီးမှုနှင့် မတရားသတ်ဖြတ်ခံရမှု**


| | |
|---|---|
| ချိုးဖောက်ခံရသူ (၁) | - ဦး***** |
| ကျား/မ | - ကျား |
| အသက် | - ၃၈ နှစ် |
| လူမျိုး | - ကချင် |
| ကိုးကွယ်သည့်ဘာသာ | - ခရစ်ယာန် |
| အလုပ်အကိုင် | - တောင်သူ |

| | |
|---|---|
| ချိုးဖောက်ခံရသူအမည် ( ၂ ) | - ဦး ****** |
| ကျား/မ | - ကျား |
| အသက် | - ၆၃ နှစ် |
| လူမျိုး | - ကချင် |
| ကိုးကွယ်သည့်ဘာသာ | - ခရစ်ယာန် |
| အလုပ်အကိုင် | - တောင်သူ |
| အိမ်ထောင်ရှိ/မရှိ | - ရှိ |
| သား/သမီး | - ကလေး ၈ ယောက် |
| နေရပ်လိပ်စာ | - *******ကျေးရွာ၊ မန်စီမြို့နယ်၊ ကချင်ပြည်နယ်။ |

| | |
|---|---|
| အခင်းဖြစ်သည့်နေရာ | -ခပရာယာန်ကျေးရွာ ဦးမရစ်ယော်ထုန် ၏လယ်တော |
| အခင်းဖြစ်သည့်နေ့ | - ၃၁ ရက်၊ ဇန်နဝါရီလ၊ ၂၀၁၈ ခုနှစ် |
| ချိုးဖောက်သူ | - တပ်မ (၇၇)/ အမှတ် ၆၀၂ ခြေမြန်တပ်ရင်း |

| | |
|---|---|
| ဖြစ်စဉ်ပြန်လည်ပြောပြသူအမည် | - ဒေါ် ****** |
| ချိုးဖောက်ခံရသူနှင့် တော်စပ်ပုံ | - ချိုးဖောက်ခံရသူ(၁)၏ မိခင်၊ ချိုးဖောက်ခံရသူ (၂)၏ ညီမ |
| အသက် | - ၅၈ နှစ် |
| အမျိုးသားမှတ်ပုံတင်အမှတ် | - MSI ***** |
| လူမျိုး | - ကချင် |
| ကိုးကွယ်သည့်ဘာသာ | - ခရစ်ယာန် |
| အလုပ်အကိုင် | - တောင်သူ |
| အိမ်ထောင်ရှိ /မရှိ | - ရှိ |
| သား/သမီး | - မ (၂)၊ ကျား (၂) |
| ခင်ပွန်းအမည် | - ဦး ****** |
| နေရပ်လိပ်စာ | - မန်စီမြို့နယ်၊ ကချင်ပြည်နယ်။ |
| မှတ်တမ်းကောက်ယူသည့်နေ့ | -၂၆ ရက်၊ မေလ၊ ၂၀၁၈ ခုနှစ် |
| မှတ်တမ်းကောက်သည့်အဖွဲ့ | - HI ၊ KWAT |

**ပုံ (၂) - မတရားသတ်ဖြတ်ခံရသူ ဦး*******



**ပုံ (၃) - မတရားသတ်ဖြတ်ခံရသူ ဦး*******



## အမှုဖြစ်စဉ်

ကျွန်မသား ဦး**** က ကျန်းမာရေးလည်း ငယ်ကတည်းက နေမကောင်းဘူး။ မှတ်ပုံတင်လည်း မရသေးဘူး။ မှတ်ပုံတင်လုပ်ဖို့လုပ်တိုင်း ဖျားနေမလား တစ်ခုခုကြောင့်လွဲပဲလွဲသွားတာဟုတ်တယ်။ ဦး**** ဖူးကုန်ကျေးရွာမှာပဲ ကြီးပြင်းခဲ့တယ်။ ၂၀၁၃ ခုနှစ်မှာ ကျွန်မတို့ရွာမှာ စစ်ပွဲဖြစ်တာနဲ့ အခုနေတဲ့ မိုင်းခေါင် IDP camp ကိုထွက်ပြေးလာခဲ့တာ ဟုတ်တယ်။ ကျွန်မသားက လယ်လုပ်ပြီးတော့ ကျွန်မတို့မိသားစုကို ကျွေးမွေးနေတယ်။ နေ့စားသွားပြီး ၅၀၀၀ ရရင်အမေကို ၃၀၀၀ ပေးတယ်။ သည်လိုနဲ့ပဲ လုပ်ကျွေးနေတာ ဟုတ်တယ်။ အခုတောင်မှ သား လုပ်ထားတဲ့

စပါးတစ်တင်းကျန်သေးတယ်။ မထောင်းစားရက်လို့ ဒီတိုင်းပဲထားတယ်။

၃၀ ရက်၊ ဇန်နဝါရီလ၊ ၂၀၁၈ ခုနှစ် ရက်နေ့မှာပဲ Camp ကနေ သူငယ်ချင်းတွေနဲ့ နွားသွားလွှတ်ဖို့အတွက် ခါပရာယာန်ကျေးရွာကို သွားလိုက်တာ ဟုတ်တယ်။ သူ့သူငယ်ချင်းတွေတော့ ပြန်လာပြီ ကျွန်မသား ဦး****က သူ့ ဦးလေးရှိတဲ့လယ်တောမှာပဲ နွားအမှတ်အသားလုပ်ဖို့သွားနေလိုက်တယ်။ သူ့ဦးလေးလယ်တောက ခါပရာယာန်ကျေးရွာနားမှာ ဟုတ်တယ်။

လယ်တောမှာရှိနေတဲ့ချိန် ဗမာစစ်သားတွေဝင်လာပြီး သတ်ပေးလိုက်ကြတာ ဟုတ်တယ်။ နှစ်ယောက်စလုံးကို သတ်လိုက်ကြတယ်။ သူတို့မှာ ဘာအပြစ်မှမရှိဘူး။ စစ်သားလည်းမဟုတ်ဘူး ရိုးရိုးသာမန် လယ်တောပဲလုပ်စားတာ ဟုတ်တယ်။ ဘာဖြစ်လို့သတ်လိုက်ကြတယ်ဆိုတာလည်း နားမလည် နိုင်အောင်ပဲ။ ကျွန်တော့်သားက သူများလိုပညာမတတ်ပေမဲ့ ကျွန်မတို့ကိုပဲ လုပ်ကျွေးနေတဲ့ သားလိမ္မာဟုတ်တယ်။ အိမ်ကနေထွက်သွားတာ ကတော့ ၃၀.၁.၂၀၁၈ ရက်၊ အဖမ်းခံရပြီး သတ်ခံရတာကတော့ ၃၁.၁.၂၀၁၈ ရက်နေ့မှာ ဟုတ်တယ်။

ကျွန်မသားနဲ့ ကျွန်မအကိုကို ဗမာစစ်သားတွေ ဖမ်းသွားတယ်ဆိုတာကို အကို့(သေဆုံးသူ ဦး****) ရဲ့သား တွေ့လိုက်တယ်။ သူ့အဖေကို ကွမ်းယာပေးဖို့သွားတဲ့ချိန်မှာ ဗမာစစ်သားနှစ်ယောက်ရဲ့ အလယ်မှာ လမ်းလျှောက်နေတာကို တွေ့လိုက်တယ်။ လက်နှစ်ဖက်ကိုလည်းကြိုးချည်ထားပေးတယ်။ ကျွန်မတို့ရွာက အမျိုးသမီးတစ်ယောက်လည်း တွေ့လိုက်တယ် သူကျွန်မတို့ကိုပြောပြတာကတော့ “ကျွန်မ နံနံပင် ခူးနေတဲ့ချိန်မှာ ကျွန်မရှေ့ကနေ ဖြတ်သွားတာတွေ့လိုက်တယ်” “ကျွန်မကြည့်လိုက်တော့ ဦး****ကို တွေ့လိုက်တယ် လက်မှာလည်းကြိုးချည်ထားတယ် ကေအိုင်အေ စစ်ဝတ်စုံရော ဝတ်ထားပေးတယ်” “သူတို့ကိုဖမ်းသွားတာတွေ့လိုက်လို့ ကျွန်မရဲ့ဖုန်းကိုယူပြီး ဖုန်းဓာတ်ခဲ ထုတ်ပေးလိုက်ပြီးတော့ ကျွန်မကို အနောက်လှည့်ထားခိုင်းပြီး ပြန်ခိုင်းတယ်” လို့လာပြောပြတယ်။

ကျွန်မတို့ကလည်း အဲဒီအနားမှာရှိတဲ့ ဗမာစစ်တပ်တွေကိုပြောပြီးတော့ “ကျွန်မသားဟုတ်တယ် ကျွန်မသားကို ဒီကစစ်သားတွေဖမ်းထားလို့ လာအကူအညီတောင်းတာ ဟုတ်တယ်” ဆိုပြီးသွားပြောရင်လည်း ကျွန်မတို့ကိုပဲ အော်လိုက်တယ်။ တိုက်ပွဲဖြစ်နေတဲ့ဒေသမှာ နှစ်ဖွဲ့ရှိတာကို ဘာဖြစ်လို့ ငါတို့ကိုပဲလာပြောရတာလဲ ဆိုပြီးတော့ပြန်အော်လိုက်တယ်။ ကျွန်မသားတွေကိုသတ်လိုက်တဲ့နေ့ ကနေ တစ်လကျော်ကြာတဲ့ချိန်မှဘဲ အလောင်းပြန်တွေ့တယ်။ သူတို့နှစ်ယောက်ရှိနေခဲ့တဲ့ လယ်တောထဲမှာပဲ သတ်ပြီးမြှုပ်လိုက်ကြတယ်။ ရက်ရက်စက်စက်ကို သတ်လိုက်တာ ဟုတ်တယ် ဦးခေါင်းခွံတောင် တစ်ခြားစီဖြစ်နေတယ်။ ခြေထောက်တွေလည်း ဓားတွေနဲ့ခုတ်ထားပေးတယ် နားတစ်ဘက်လည်း ပြတ်နေတယ်။ သေနတ် အရာလည်း နောက်ကျောဘက်မှာ ပေါက်နေတယ်။ နှစ်ယောက်လုံး တစ်ကိုယ်လုံးဒဏ်ရာတွေပဲ။ နှစ်ယောက်စလုံးကို ကေအိုင်အေ ဝတ်စုံနဲ့တူတဲ့ဝတ်စုံ ဝတ်ထားပေးပြီးတော့ မြှုပ်ထားလိုက်ကြတယ်။ အလောင်းတွေ့တဲ့ညတော့ မြှုပ်ထားတဲ့နေရာမှာပဲထားပြီး ရွာကလူတွေပဲ တစ်ညလုံးစောင့်နေပေးတယ်။ နောက်နေ့မှနေရာပြောင်းပြီးတော့ ပြန်မြှုပ်လိုက်တယ်။ ရဲတွေလည်း လာကြည့်တယ်။ ကျွန်မလည်းအရမ်း ဝမ်းနည်းတယ်။ ကျွန်မသား စစ်သားလည်းမဟုတ်ဘူး။ ကျမ်းမာရေးတောင် မကောင်းတဲ့သား ဟုတ်တယ်။ ကျွန်မ အကို ဦး****လည်း စစ်သားမဟုတ်ဘူး အသက်တောင်ကြီးနေပြီ။ သူတို့နှစ်ဦးလုံး ဘာအပြစ်မှ မရှိကြတာကို ဒီလိုသတ်ခံရတဲ့အတွက် ကျွန်မလည်း အရမ်းငိုခဲ့တယ်။ အကို ဦး****ဘဲ အမျိုးတွေကို ဦးစီးပြီးတော့နေတယ်။ ရပ်ရွာအကျိုးဆိုရင်လည်း အမြဲပါဝင်တဲ့လူ ဟုတ်တယ်။ ကချင်ဟုတ်လို့ သတ်လိုက်ကြတာဟုတ်တယ်လို့ ပြောချင်တယ်။ အခု ဒီအမှုကို ကူညီပေးနေတဲ့ လူတွေကိုလည်း စစ်တပ်ကနေခြိမ်းခြောက်တာတွေရှိတယ်။ ပြီးတော့ ကျွန်မနဲ့ ကျွန်မချွေးမကိုလည်း ကေအိုင်အေနှင့် ဆက်သွယ်တယ်ဆိုပြီးတော့ ၁၇/၁ နှင့် တရားစွဲဆိုထားတယ်လို့ ပြောတယ်။ ဒါပေမဲ့အခုချိန်တော့ လာဖမ်းတာတွေမရှိသေးဘူး။ ကျွန်မသားဆုံးသွားတဲ့နေ့ကနေ စိတ်နဲ့လူတောင် မကပ်တော့ဘူး တခါတခါ သေတောင်သေချင်တယ်။ အခုဆိုရင် မှတ်ဉာဏ်တွေလည်း မကောင်းတော့ဘူး။ ကချင်မျိုးနွယ်ထဲက ဆွေမျိုးတွေနည်းနည်း လာကူညီတာတွေတော့ရှိတယ်။ ကျွန်မခင်ပွန်းလည်းဆုံးသွားပြီး အခုကျွန်မတို့ အားကိုးနေတဲ့

ကျွန်မသားလည်း ဆုံးသွားပြီ ဘယ်လိုအသက်ဆက်ရှင်ရမလဲ ဆိုတာတောင်မတွေးရဲဘူး။ ကျွန်မတို့သားအမိတွေမှာ ဘာအပြစ်မှမရှိဘူး။

**တနိုင်းမြို့နယ်၊ ကချင်ပြည်နယ်။**

| **လူ့အခွင့်အရေးချိုးဖောက်မှု** | **- မတရားဖမ်းဆီးမှု** |
|---|---|
| ချိုးဖောက်ခံရသူအမည် | - ဒေါ်**** |
| ကျား/မ | - မ |
| အသက် | - ၃၆ နှစ် |
| လူမျိုး | - ကချင် |
| ကိုးကွယ်သည့် ဘာသာ | - ခရစ်ယာန် |
| ပညာအရည်အချင်း | - (၁၀)တန်း |
| အလုပ်အကိုင် | - ဈေးရောင်း |
| မိဘအမည် | - ဦး****နှင့် ဒေါ်**** |
| အိမ်ထောင်ရှိ /မရှိ | - ရှိ |
| အမျိုးသားအမည် | - ဦး**** |
| သားသမီး | - ကျား (၄) ယောက် |
| နေရပ်လိပ်စာ | - ****ကျေးရွာ၊ တနိုင်းမြို့နယ်၊ ကချင်ပြည်နယ်။ |
| အခင်းဖြစ်ပွားသည့်နေရာ | - တနိုင်းမြို့နယ်၊ ကချင်ပြည်နယ်။ |
| အခင်းဖြစ်ပွားသည့်နေ့ | - ၁၇ ရက်၊ ဖွန်လ၊ ၂၀၁၇ ခုနှစ် |
| ချိုးဖောက်သူ | - ဒကစ (တနိုင်း) |

| | |
|---|---|
| အမှုဖြစ်စဉ်ပြန်လည်ပြောပြသူအမည် | - ဒေါ်**** |
| ချိုးဖောက်ခံရသူနှင့် တော်စပ်ပုံ | - မိခင် |
| အသက် | - (၅၇) နှစ် |
| မှတ်ပုံတင်နံပါတ် | - ၁/မကန(နိုင်)**** |
| နေရပ်လိပ်စာ | - ****ရပ်ကွက်၊ မြစ်ကြီးနားမြို့၊ ကချင်ပြည်နယ်။ |

| | |
|---|---|
| အမှုဖြစ်စဉ်ပြန်လည်ပြောပြသူအမည်(၁) | - ချိုးဖောက်ခံရသူ၏ မိခင် |
| အမှုဖြစ်စဉ်ပြန်လည်ပြောပြသူအမည်(၂) | - ချိုးဖောက်ခံရသူကိုယ်တိုင် |
| မှတ်တမ်းကောက်သည့်နေ့ | - ၂၉ ရက်၊ ဖွန်လ၊ ၂၀၁၇ခုနှစ် |
| မှတ်တမ်းကောက်သည့်အဖွဲ့အစည်း | - KWAT |

**အမှုဖြစ်စဉ် (၁)**

၁၇ ရက်၊ ဖွန်လ၊ ၂၀၁၇ ခုနှစ် ညနေပိုင်း ၄း၀၀ နာရီခန့်အချိန်မှာ သူ(အဖမ်းခံရသူ) နဲ့အတူရွာမှာ ဈေးရောင်းတဲ့ ဦး**** လည်း ဖုန်းဆက်လာတယ်။ ဒေါ်****လည်း ဖုန်းဆက်လာတယ်။ ကျွန်မ တို့နဲ့သိကြတဲ့ တနိုင်းကလူတွေလည်း ဖုန်းဆက် လာခဲ့ကြတယ်။ အဲသတင်းကြားပြီး ကျွန်မက တနိုင်းကို လိုက်သွားခဲ့တယ်။ တနိုင်းမြို့သွားလမ်း ထမင်းစားနားတဲ့နေရာ မန်ပန်ဆိုတဲ့နေရာတွင် ဆရာ****နဲ့ဆုံပြီး ဆရာ့ကို "ဆရာရေ ကျွန်မကဆရာတို့ကို အကူအညီ တောင်းဖို့ လာခဲ့တာဟုတ်တယ်"ဆိုပြီး ဆရာက "ဘာနဲ့ဆိုင်တဲ့ကိစ္စလဲ"

ဆိုပြီးမေးလာလို့ "ဆရာတို့လည်း ကြားလောက်ပြီထင်တယ် ကျွန်မတို့ သမီး ဒေါ်****ကို အစိုးရစစ်သားများဖမ်းသွားတာနှင့် ပက်သက်ပြီး" လို့ဘဲပြောချိန်မှာ ဆရာက "ကျွန်တော်တို့က ကူညီလို့မရဘူး ဘာလို့လဲဆိုတော့ ခုစစ်ပြေး (၅၀၀) ကျော်ရှိတဲ့အထဲမှာ မင်းတို့က အစိုးရစစ်သားတွေကြောင့်ထွက်ပြေးတဲ့ စစ်ပြေးဒုက္ခသည် အစစ်တွေမဟုတ်ဘူး။ ကောင်ရာရွာက ထွက်ပြေးလာတဲ့ စစ်ပြေးဒုက္ခသည်များသာ တရားဝင်ဖြစ်တယ်" ဟုဆိုသည်။ ဒါကြောင့် တခြားဒုက္ခသည်၊ နန့်ပြူက ဒုက္ခသည်တွေကို လက်မခံနှင့် လို့ပြောတယ်တဲ့။ ကောင်ရာကျေးရွာက ဒုက္ခသည်တွေကိုလည်း သူတို့နေရာ ကောင်ရာကျေးရွာကို အမြန်ပြန်နိုင်းဖို့ရန် တိုင်စာ (၂) ခေါက်ဝင်တယ်တဲ့။ အခုဒေါ်**** (ဖမ်းခံရသူ) ကိုယ်တိုင်ကိုလည်း သေနတ်အိတ်လည်းတွေ့တယ်၊ KIA ဝတ်စုံနှင့်ခါတ်ပုံကိုလည်း တွေ့တယ်ဆိုတော့ ကျွန်တော်(ဆရာ****) တို့ကူညီဖို့ရန်အတွက် အခက်အခဲဖြစ်တယ်လို့ဆိုပါသည်။

ထိုသို့ပြောထားသောကြောင့် ကျွန်မအဲဒီည တနိုင်းမြို့ရောက်တဲ့ချိန် အသင်းတော်ကိုတော့ မဝင်တော့ဘူး။ စက်လှေသမားတွေ ဘယ်သူတွေခဲ့ကြောင်းကိုပဲ စုံစမ်းခဲ့တယ်။ ရွာရောက်ပြီးမေးကြည့်ချိန်တွင် အတိအကျမြင်လိုက်သူတွေ ဘယ်သူမှမရှိခဲ့ဘူး။ စက်လှေဂိတ်ကို သွားကြည့်ချိန်တွင် ဦး****ဆိုသူ၏ စက်လှေမောင်းရှိတယ်ဆိုပြီး သူ့ကို (၃)ခေါက် သွားခဲ့ပေမဲ့ မတွေ့ခဲ့ရပါ။ နောက်မနက်နံနက်ပိုင်းအချိန်မှာ စက်လှေဂိတ်ကို ပြန်သွားရှာကြည့်သော်လည်း မတွေ့ခဲ့ရပါ။ စက်လှေဂိတ်ကအပြန် ရိုးရာရုံးမှ ဦး**** ဆိုသူ၏အိမ်တွင် ပြန်သွားမေးချိန်တွင် အကြောင်းစုံပြောပြတယ်။ နယ်ထိန်းပြောစကားအရဆိုလျှင် သူတို့အားလုံးတွေ့လိုက်တယ်တဲ့ ရွှေချိန် (၅) ကျပ်သားခန့်၊ ပိုက်ဆံသိန်း (၄၀) နှင့် ဖမ်းသွားတာ တွေ့လိုက်တယ်လို့ပြောတဲ့တွက် နယ်ထိန်းနှင့်တွေ့ချင်တယ်လို့ပြောချိန်မှာ နယ်ထိန်းကိုခေါ်ပေးရန် ကျွန်မက ဦး****အား ကျေးဇူးပြုပြီး ဆက်ကူညီပေးပါရန် အကူအညီတောင်းချိန်တွင် " မဖြစ်နိုင်ဘူးထင်တယ် ကျွန်တော်လည်း တောမှာပဲ ရှာဖွေစားသောက်နေသူဆိုတော့ ဒီကိစ္စမှာသွားပြီး ပါဝင်ပတ်သက်လိုက်ရင် ကျွန်တော်တို့အားလုံး တစ်လမ်းထဲသွားရတော့မယ်" ဆိုပြီးငြင်းသောကြောင့် ကျွန်မလည်း အားနာပြီး ဒီအတိုင်းပဲပြန်လာခဲ့လိုက် တယ်။

အိမ်နီးချင်းတစ်ယောက်နှင့် စက်လှေအတူစီးတာ မြင်လိုက်တယ်လို့ ပြန်ကြားသောကြောင့် အိမ်နီးချင်းကို ပြန်သွားမေးချိန်တွင် စက်လှေအတူစီးတာမဟုတ်ဘဲ စက်လှေ (၅) စီးအနက် အိမ်နီးချင်းကနံပါတ် (၁) စက်လှေကိုစီးပြီး အိမ်နီးချင်းစီးတဲ့စက်လှေနှင့် သမီး****တို့ကြား စက်လှေ (၃) စီးခြားတယ် သိရပါသည်။ ဒါပေမဲ့ စစ်သားများ၊ ရဲများရှိတာတော့ တွေ့ခဲ့တယ်တဲ့။ စစ်သား၊ ရဲအင်အားဘယ်လောက်ရှိကြောင်း ကိုတော့မမေးလိုက်မိဘူး။ အိမ်နီးချင်းကိုမှု စစ်ဆေးမေးမြန်းပြီး ပြန်ခိုင်းလိုက်ပြီလို့ ပြောပြပါတယ်။

ကျွန်မလည်း လိုက်စုံစမ်းမေးမြန်းနေတာနဲ့ပဲ အချိန်တွေကြာသွားတယ်။ ၂၀ရက်၊ ဇွန်လ၊ ၂၀၁၆ခုနှစ် ရက်နေ့မနက်ပိုင်းတွင် ရဲစခန်းကိုသွားပြီး အကူအညီတောင်းတယ်။ တနိုင်းရွာသူ၊ ရွာသားတွေက တစ်ယောက်မှ မသွားရဲကြဘူး။ အရမ်းကြောက်ကြတယ်။

ကျွန်မတစ်ယောက်ထဲ လမ်းလျှောက်သွားခဲ့တယ်။ ကျွန်မရဲစခန်းကိုရောက်တဲ့အချိန် "အဒေါ်က ဗမာစကားလဲ ကောင်းကောင်းမပြောတတ်ဘူး" ဆိုပြီးပြောပြီး "ရတယ်ဘာမှ မလိုဘူး အဒေါ်ပြောတာ နားလည်တယ်" ဆိုပြီးပြန်ပြောတယ်။ အဲဒီချိန်မှာကျွန်မက ခုတလော ဖမ်းသွားတဲ့ ဒေါ်****ရဲ့ အမေ ဟုတ်တယ် နင်တို့သိတဲ့အတိုင်းပဲ လို့ဆိုချိန် "ဟုတ်တယ် အဲတာက တပ်နဲ့ဘဲဆိုင်တယ် ဖမ်းတယ်ဆိုတော့ အပြီးအစီးသူတို့ဘဲလုပ်မှာ" ဆိုပြီးပြန်ပြောတယ်။ ကျွန်မနားလည်ထားတာက ဒီလိုဖမ်းဆီးပြီဆိုရင် ရဲကို အပ်ရတယ်လို့သိထားတဲ့အတွက် "သူများတော့ဒီလိုဖမ်းရင်လဲ ရဲကိုဘဲအပ်တာမဟုတ်ဘူးလား" လို့ဆိုလိုက်တော့ "မအပ်ဘူးတဲ့" ဆိုတော့ "ဒါဆိုလို့ရှိရင် ကျွန်မစစ်တပ်ထဲမှာ သွားတွေ့လို့ရမလား" လို့ပြောတော့ "မရဘူး တပ်နဲ့ရဲက မတူဘူးဆိုတာ အဒေါ်မသိဘူးလား" ဆိုပြီးမေးလာတော့ ကျွန်မက "မသိဘူး" လို့ပြန်ပြောတော့ "မသိရင်မသွားနဲ့ စစ်တပ်ဆိုတာ ပြောလို့မရတဲ့အမျိုးတွေ အဒေါ်သာပါသွားမယ် မသွားနဲ့" ဆိုပြီးပြောတော့ ကျွန်မလည်းအဲဒီနေရာမှာထိုင်ပြီး "ဒါဆိုရင်ကျွန်မကို ဘယ်လိုကူညီကြမလဲ ကျွန်မလည်း သမီးနှင့်တွေ့ချင်လို့ပဲ လာခဲ့တာ ဟုတ်တယ်၊ ကျွန်မလည်း ဒီနယ်ကမဟုတ်ဘူး၊ ဒီအကြောင်းတွေကြားပြီး မြစ်ကြီးနားမြို့ ****ရပ်ကွက်က လာခဲ့တာ ဟုတ်တယ်" ပြောလိုက်တော့မှ "ဒါဆို ရင် (၃) ရက်လောက်နေရင် ပြန်လာခဲ့ပါ (၃)

ရက်လောက်ဆိုရင်တော့ သတင်းထူးလောက်ပြီ” ဆိုပြီးပြန်ပြောလိုက်လို့ ကျွန်မလည်းပြန်လာခဲ့လိုက်တယ်။

၂၃ ရက်နေ့မှာ ကျွန်မရဲစခန်းကိုပြန်သွားတော့ ရဲတွေက “မလာအပ်ဘူး သူတို့(စစ်သားများ)အပြီး အစီးလုပ်မှာတဲ့” ဆိုပြီးပြောတော့ “ဒါဆိုရင် ကျွန်မသမီးကို တွေ့ချင်တယ် ဘယ်လိုသွားတွေ့ရင် ကောင်းမလဲ” လို့မေးတော့ “အရမ်းတွေ့ချင်တယ်ဆိုရင်လည်း သွားတွေ့ပေ့ါ အဲဒီ ဒ.က.စ မှာဂိတ်ရှိတယ်။ အဲမှာသွားစုံစမ်းပါ။ သူတို့ ဒေါ်****ရှိတဲ့နေရာကို ပြပေးလိမ့်မယ်” ဆိုပြီးပြောတယ်။ ကျွန်မလည်း အဲမှာရှိတဲ့ ဗမာအမျိုးသား ဆိုင်ကယ်ကယ်ရီသမားကို ငှားပြီးသွားလိုက်တယ်။ ဆိုင်ကယ်ကယ်ရီခတောင် (၄၀၀၀) ကျပ်ပေးလိုက်ရတယ်။ ကျွန်မ ဒကစ ဂိတ်ကိုရောက်တော့ ဂိတ်မှာစစ်သားတစ်ယောက်ရှိတယ်။ နောက်ပြီး စစ်သား တစ်ယောက်က စက်ဘီးစီးပြီး လာခဲ့တယ်။ ကျွန်မဂိတ်ကိုရောက်တော့ “ဘာလဲ ဘာလဲ” ဆိုပြီးစစ်မေးမြန်းတော့ ကျွန်မက “ခုတလောဖမ်းထားတဲ့ ဒေါ်****နှင့် တွေ့ချင်လို့” ဆိုပြီး ပြောလိုက်တော့ သူတို့နှစ်ယောက်က တီးတိုး စကားပြောကြပြီး “တွေ့ခွင့်မရဘူး” ဆိုပြီးပြောတယ်။ ကျွန်မ ကလည်း ရဲစခန်းက ပြောလိုက်လို့ လာခဲ့ တာပါလို့ ပြောလိုက်တော့ “အလကားပါ။ မင်းပါ ပါသွားမယ်” ဆိုပြီးပြန်ပြောတော့ ကျွန်မလည်းကြောက်ပြီး ပြန်လာခဲ့လိုက်တယ်။

၂၂ ရက်၊ ဖွန်လ၊ ၂၀၁၇ ရက်နေ့တွင်တနိုင်းမြို့က NLDမှ ဦး**** နှင့် သွား ရောက် တွေ့ ဆုံချိန်တွင် အရမ်းနောက်ကျသွားပြီ (၆) ရက်တောင်ကြာသွားပြီ စာပို့ကြည့်ပါဆိုပြီး အကြံပေး လိုက်တယ်။ ဦး****က ဒေါ်အောင်ဆန်းစုကြည် အထိရောက်အောင် စာပို့ဖို့ ပြောလာခဲ့တယ်။ ၂၃ ရက်၊ ဖွန်လ၊ ၂၀၁၇ ရက်နေ့တွင် ဒကစ မှာစာထည့်ထားပြီး ၂၄ရက်နေ့မှာ မြစ်ကြီးနားကို ပြန်လာခဲ့တယ်။ ဒေါ်****(ဖမ်းခံရသူ) မှာခုချိန်တွင် ကိုယ်ဝန်(၅) လရှိနေပြီဖြစ်ကြောင်း သိရသည်။

ဒီဖြစ်စဥ်ကို ဆရာ****နှင့် ****အဖွဲ့အစည်းတို့ပူးပေါင်းပြီး မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်ကိုလည်း စာပို့ ထားကြောင်းသိရပါသည်။ ဒီဖြစ်စဥ်ကို အဖမ်းခံရသူ ဒေါ်****အတွက် ကူညီ ထောက်ပံ့ငွေလိုအပ်သလို တရားဥပဒေနှင့်ပက်သက်ပြီးလည်း **** အဖွဲ့အစည်း တို့မှပါဝင်ကူညီဖို့ရန်အတွက် ပြောထားတယ်။

**အမှုဖြစ်စဥ်(၂)**

တနိုင်းလမုန်ဖွပ်ချောင်းဆုံစက်လှေဂိတ်မှာ စစ်သား(၅)ဦးကဖမ်းသွားပြီး ဒ.က.စ ဘက်ကိုဖမ်းသွား တာဖြစ်သည်။ စက်လှေသမား ဦး**** တစ်ယောက်ထဲ ပဲမျက်မြင်သက်သေရှိသည်။ ၁၇ ရက်၊ ဖွန်လ၊ ၂၀၁၇ ရက်နေ့ ရဲစခန်းကိုလာအပ်တယ်။ ရဲစခန်းမှာ ၃ရက်နေ ပြီးနောက် ကျွန်မအမေနှင့် မ**** တို့ရဲစခန်းမှာ လာတွေ့တယ်။ အမှုဖွင့် ပြီးနောက်မှာတော့ ဆရာ****နှင့် ဆရာ**** အမှုလိုက်ပေးတယ်။ (၈)လထိတနိုင်းတရားရုံးမှာအမှု စစ်ဆေးပြီး ၁၉ ရက်၊ ဖေဖော်ဝါရီလ၊ ၂၀၁၈ခုနှစ်မှာ ပြန်လွတ်လာခဲ့တယ်။ ပုဒ်မ ၁၇/၁ နှင့်အမှုဖွင့်တာဖြစ်တယ်။ (၈) လ အမှုလိုက်ပြီးနောက် တရားစီရင်ချက်ချတဲ့နေ့မှာ လွတ်လာတာ ဖြစ်တယ်။ ထောင်ဒီဂရီတော့ မကျဘူး။ ၁၇/၁ကနေ (၂၀၂) သတင်းထိန်ချန်မှုဆိုပြီး ပြန်ပြောင်းလိုက်ပြီး တရားစီရင်ချက်ချတဲ့နေ့မှာ ပြန်လွတ်လာခဲ့တယ်။ (၂၀၂) သတင်းထိန်ချန်မှုက ထောင်(၆)လ ကျခံရမှာ ဖြစ်သော် လည်း (၈)လတိတိတရားစီရင်ခံနေရသောကြောင့် တရားစီရင်ချက်ချတဲ့နေ့မှာပဲ လွတ်လာခြင်း ဖြစ်တယ်။

**လူ့အခွင့်အရေးချိုးဖောက်မှု - မတရားသတ်ဖြတ်ခံရမှု**

| | |
|---|---|
| ချိုးဖောက်ခံရသူအမည် | - ဦး**** |
| ကျား/ မ | - ကျား |
| အသက် | - ၃၁ နှစ် |
| အမျိုးသားမှတ်ပုံတင်အမှတ် | - ၁/ တနန(နိုင်) **** |
| ပညာအရည်အချင်း | - ၃ တန်း |

| | |
|---|---|
| အလုပ်အကိုင် | - တောင်သူ |
| မိဘအမည် | - ဒေါ် **** နှင့် ဦး **** |
| အိမ်ထောင်ရှိ/ မရှိ | - မရှိ |
| နေရပ်လိပ်စာ | - ****ကျေးရွာ၊ တနိုင်းမြို့နယ်၊ ကချင်ပြည်နယ်။ |
| အခင်းဖြစ်ပွားသည့်နေ့ | - ၁၈-၁၉ ရက်၊ စက်တင်ဘာလ၊ ၂၀၁၇ ခုနှစ်။ |
| ချိုးဖောက်သူ | - ခ.လ.ရ (၈၆) ၊ (၂၃၈) မြန်မာအစိုးရတပ်မတော်။ |

| | |
|---|---|
| အမှုဖြစ်စဉ်ပြန်လည်ပြောပြသူအမည်(၁)- ဦး**** | |
| ချိုးဖောက်ခံရသူနှင့်တော်စပ်ပုံ | - ဖခင် |
| အသက် | - ၅၈ နှစ် |
| အမျိုးသားမှတ်ပုံတင်အမှတ် | - ၁/တနန(နိုင်) **** |
| ပညာအရည်အချင်း | - ၈ တန်း |
| အလုပ်အကိုင် | - **** |
| မိဘအမည် | - ဦး**** နှင့် ဒေါ် **** |
| အိမ်ထောင်ရှိ/မရှိ | - ရှိ |
| နေရပ်လိပ်စာ | -****ကျေးရွာ၊ တနိုင်းမြို့နယ်၊ ကချင်ပြည်နယ်။ |

| | |
|---|---|
| ဖြစ်စဉ်ပြန်လည်ပြောပြသူအမည်(၂) | - ဦး **** |
| အသက် | - ၅၃ နှစ် |
| အမျိုးသားမှတ်ပုံတင်အမှတ် | - ၁/ မကန (နိုင်)**** |
| ပညာအရည်အချင်း | - ၈ တန်း |
| အလုပ်အကိုင် | - **** |
| မိဘအမည် | - ဦး**** နှင့် ဒေါ် **** |
| နေရပ်လိပ်စာ | - ****ကျေးရွာ၊ တနိုင်းမြို့နယ်၊ ကချင်ပြည်နယ်။ |
| မှတ်တမ်းကောက်သည့်နေ့ | - ၁၃ ရက်၊ အောက်တိုဘာလ၊ ၂၀၁၇ ခုနှစ် |
| မှတ်တမ်းကောက်သည့်အဖွဲ့အစည်း | - KWAT |

## အမှုဖြစ်စဉ်ပြန်လည်ပြောပြသူ (၁)၏ ပြောပြချက်

၂၀၀၆ ခုနှစ် ဦး****သည် မြစ်ကြီးနားမှာနေနေတုန်း ဩဂုတ်လမှာ ကချင်စစ်သား (ကေအိုင်အေ လွတ်လပ်ရေးတပ်မတော်) စုဆောင်းရေးမှာ ပါသွားတယ်။ KIA ကချင်လွတ်မြောက်ရေးတပ် စစ်တပ် (၁၁) မှာ သင်တန်းတက်ပြီး တပ်ရင်း (၆) မှာ ပြန်ပြီး တာဝန်ကျပါတယ်။ ကျွန်တော်လည်း အဲသတင်းကြားတာနဲ့ သူ့ဦးလေးတော်တဲ့လူကို ကျနော်က "**** စစ်သား မလုပ်နဲ့လို့တော့ မပြောလိုဘူး။ ဒါပေမဲ့သူ့မှာ စိတ်ကျန်းမာရေး အခြေအနေက ပုံမှန် မဟုတ်ဘူးနော်" လို့ KIAကို ပြောပေးပါဆိုပြီး စကားပါးလိုက်ပါတယ်။ သူ KIA မှာ ၆လနေပြီးပြန် ထွက်လာပါတယ်။ ပြန်ထွက်လာတော့လည်း မြန်မာစစ်တပ်က သူကချင်စစ်သား ဖြစ်ခဲ့ဖူးတာ သိသွားပြီး သူ့ကို အလင်းဝင်ကဒ်ပေးပြီး ခေါ်ထားပါတယ်။ အလင်းဝင်ကဒ်ပေးပြီး သူ့မှာစိတ်ကျန်းမာရေး မကောင်းဘူးဆိုတာသိလို့အဖွဲ့ကနေ ပြန်ထုတ်လိုက်ပါတယ်။ သူ့ကိုဘယ်စစ်တပ်က ခေါ်သွားလဲဆို တာတော့ ကျွန်တော်မသိပါဘူး။ ကျွန်တော့်သားလည်း သူ့အလင်းဝင်ကဒ်ကို တစ်ခြားလူတွေကို လိုက်ပြတယ်လို့ ကြားမိပါတယ်။ ကျွန်တော့်ကိုတော့ တစ်ခါမှမပြဖူးပါဘူး။ သူ့စိတ် ကျန်းမာရေးအခြေ အနေကို သိသွားပြီး ခမရ ၃၂၈က တပ်ကြပ်ကြီး ဦးကိုလေးက အဲ့ကဒ်ကို ပြန်သိမ်းလိုက်တယ်လို့ သိရပါတယ်။

၁၈ ရက်၊ စက်တင်ဘာလ၊ ၂၀၁၇ခုနှစ် ရက်နေ့မှာ ဦး****က အိမ်ကနေပြီး သူ့အဝတ်အစား၊ ခြင်းတောင်း၊

ခါး၊ ထမင်းထုပ်၊ ခါတ်မီး ပြီးတော့ ကွမ်းယာထုတ်တွေယူပြီး တောင်ယာတဲကို သွားလိုက် ပါတယ်။ အဲဒီနေ့ ညနေ ၄ နာရီခွဲလောက်မှာ တိန်းကော့ရွာနဲ့ ၂ မိုင်လောက် ဝေးတဲ့နေရာမှာ ခလရ ၈၆၊ ၂၃၈က မြန်မာစစ်သားတွေနဲ့ KIA တပ်ရင်း ၁၄က စစ်သားတွေ တိုက်ပွဲဖြစ်ကြပါတယ်။ ဒါကြောင့် ကျွန်တော်တို့လည်း ကြောက်ပြီး အိမ်မှာပဲ နေနေကြပါတယ်။ သေနတ်သံတွေကြားရင် ကျွန်တော့်သားလည်း အိမ်ပြန်လာမှာပဲလို့ စိတ်ထင်ပြီး သူ့နောက်ကို မလိုက်သွားမိဘူး။ ၃၊ ၄ ရက်ကြာလည်း အိမ်ကို ပြန်မရောက်လာတဲ့အတွက် ၂၂ ဂုက်၊ စက်တင်ဘာလ၊ ၂၀၁၇ခုနှစ် ရက်နေ့မှာ ကျနော် သူ့ရဲ့ယာတဲကို လိုက်သွားပါတယ်။

ကျွန်တော့်သားက တောင်ယာတဲမှာ ၂ ရက် ၃ ရက်လောက် သွားသွားအိပ်တတ်တယ်ဆိုပေမဲ့ တစ်ခါမှ တစ်နေကုန် တစ်ညလုံး ပြန်မလာတာမျိုး မလုပ်ဖူးပါဘူး။ နေ့ခင်းဖြစ်ဖြစ် ဒါမှမဟုတ် ညနေဖြစ်ဖြစ် ပြန်လာတတ်ပါတယ်။

ကျွန်တော် တောင်ယာတဲကိုရောက်တော့ သူမရှိနေပါဘူး။ တောင်ယာအပေါ်ဘက်ကိုသွား ကြည့်တော့လည်း မီးမွှေးထားတဲ့ အရိပ်အယောင်လည်းမမြင်ရ၊ ထမင်းဟင်းချက်စားထားတဲ့ ပုံစံ မတွေ့ရ၊ သူ့အိပ်ယာကလည်း ရှုပ်ပွနေတာ တွေ့ရတယ်။ အိမ်ကနေ ယူသွားတဲ့ အိုးထဲက ပစ္စည်းတွေ လည်း ယူသွားတဲ့အတိုင်း ခြေရာလက်ရာမပျက် ရှိနေပါတယ်။ ဒါပေမဲ့ သူ့ရဲ့ ခါး၊ ကွမ်းယာထုပ်၊ ခါတ်မီး နဲ့ အိတ်တွေကိုတော့ မတွေ့ရပါဘူး။ တဲဘေးပတ်ဝန်းကျင်မှာလည်း စစ်သားတွေစီးတဲ့ ဖိနပ်ရာတွေ အများ ကြီးတွေ့ရပါတယ်။ ကျွန်တော်ရွာကိုပြန်သွားပြီး ကျွန်တော့်သား သွားတတ်တဲ့ နေရာတွေကို လိုက်ပြီး ဦး****ကို မြင်မိလားလို့ မေးတဲ့အခါ အကုန်လုံးက မတွေ့ဘူးလို့ပဲ ဖြေပါတယ်။ အဲဒါနဲ့ကျွန် တော့်စိတ်ထဲမှာတော့ ဘယ်လိုဖြစ်ဖြစ် ကျွန်တော့်သားကို မြန်မာစစ်သားတွေ ဖမ်းခေါ်သွားလောက်ပြီလို့ ထင်လိုက်ပါတယ်။ အဲဒီညမှာပဲ ကျွန်တော် အုပ်ချုပ်ရေးမှူး ဦး****ကို ဦး**** ပျောက်ဆုံးနေတဲ့ ကြောင်း အကြောင်းကြားလိုက်ပါတယ်။

၂၃ ရက်၊ စက်တင်ဘာ၊ ၂၀၁၇ ရက်နေ့မှာတော့ ကျွန်တော်တို့ရွာမှာ အခြေစိုက်ထားတဲ့ ခ.လ.ရ (၈၆) တပ်ကို အုပ်ချုပ်ရေးမှူး ဦး****၊ ဦး**** နဲ့ ဦး****နှင့် ကျွန်တော် တို့ ၄ယောက် သွားမေးတဲ့ အခါ အဲဒီကစခန်းမှူး ဗိုလ်ကြီးရန်ပိုင်စိုး က "အဲ့ကောင်လေးက ကချင်လား?" လို့မေးပါတယ်။ ကျွန်တော်တို့လည်း "ဟုတ်တယ်" လို့ဖြေတဲ့အခါ "ဒ.က.စ ကိုလည်း အကြောင်းကြားပေးမယ်။ ရှေ့မှာ စစ်ကြောင်း လည်းရှိတယ်။ သူတို့ကိုလည်း အကြောင်းကြားပေးမယ်" လို့ပြောပါတယ်။ ကျွန်တော်တို့ကလည်း ဒီနေ့ကျွန်တော့်သားကို သွားရှာမယ်လို့ပြောတော့ ဗိုလ်ကြီးက နင်တို့ သွားရှာမယ်ဆိုလည်း သွားရှာပါလို့ အခွင့်ပေးပါတယ်။ ပြီးတော့ ကျွန်တော်တို့ကိုလည်း ကျွန်တော့်သားနဲ့ ပတ်သက်တဲ့သတင်းကို ဒီညမဟုတ်ရင်တောင် မနက်ဖြန် အကြောင်းကြား ပေးမယ်လို့ ပြောပါတယ်။

၂၄ ရက်၊ စက်တင်ဘာလ၊ ၂၀၁၇ ခုနှစ်ရက်နေ့ မနက် မြန်မာစစ်တပ်ကနေ ဘာသတင်းမှ မရတဲ့အတွက် ရွာကိုအုပ်ချုပ်နေတဲ့ ဦး**** နဲ့ ဦး**** က စစ်တပ်ကိုလိုက်သွားပြီး ကျွန်တော့်သားကို သွားရှာဖို့ (၈၆) စခန်းမှူး ဗိုလ်ကြီးရန်ပိုင်စိုးဆီ တစ်ခါပြန်ခွင့်တောင်းပါတယ်။ အဲဒါနဲ့သူလည်း သွားရှာဆိုပြီး အခွင့်ပေးပါတယ်။ ပြီးတော့ တစ်ခုခုဆိုရင် သူတို့လူတွေလုပ်တာ မဖြစ်နိုင်ဘူးလို့လဲ ပြောလာပါတယ်။ အခွင့်ရတာနဲ့ ရွာက အမျိုးသမီး၊ အမျိုးသား စုစုပေါင်း ၃၀လောက် ဦး****ကို သွားရှာဖို့ တောင်ယာဖက်ကို သွားကြပါတယ်။ ကျွန်တော့်စိတ်ထဲမှာတော့ ကျွန်တော့်သား အသတ်ခံရပြီလို့ကို ထင်နေပါတယ်။ သူ့ကိုရှာတုန်းက တောင်ယာတဲရဲ့ အပင်တစ်ပင်အောက်မှာ လူတစ်ယောက်ကို မီးရှို့ ထားတဲ့ပုံစံမျိုး တွေ့ပါတယ်။ ပြီးတော့ မြန်မာစစ်တပ်နဲ့ ကချင်စစ်တပ်တွေ တိုက်ပွဲဖြစ်တဲ့နေရာမှာလည်း အလောင်းတစ်ခု မြှုပ်ထားတာ တွေ့ရပါတယ်။ အဲ့ဒီအလောင်း ၂ ခု ထဲက တစ်ခုကတော့ ကျွန်တော့် သားအလောင်းဖြစ်မယ်လို့ စိတ်ထဲမှာ မှတ်ထားလိုက်ပါတယ်။ ရှာနေတာလည်းမတွေ့ မိုးလည်းချုပ်လာလို့ အားလုံး ရွာကိုပြန်ကြပါတယ်။ (စစ်ဖြစ်တဲ့နေရာ ကျွန်တော်တို့ တောင်ယာနဲ့ တစ်မိုင်လောက်ဝေးတဲ့နေရာမှာ ဖြစ်တာပါ။) ၂၅ ရက်၊ စက်တင်ဘာလ၊ ၂၀၁၇ ခုနှစ် ရက်နေ့တော့ ရွာသား အင်အားထပ်တိုးပြီး ၅၇ ယောက်နဲ့ တစ်ခါပြန်ပြီးရှာပါတယ်။ ဘယ်လောက်ရှာရှာ မတွေ့တာကြောင့် ကျွန်တော်လည်း မနေ့က တွေ့ထားတဲ့ အလောင်းကို တူးကြည့်ရအောင်လို့ ပြောလိုက်ပါတယ်။ လက်ပဲ ဖြစ်ဖြစ် ဘာပဲဖြစ်ဖြစ် မြင်ရင်ကို ကျွန်တော့်သားဟုတ်မဟုတ်

သိနိုင်လို့ ကျွန်တော်တို့ အလောင်းကို တူးကြည့်ပါတယ်။ တူးလိုက်တာနဲ့ သူအိမ်ကနေ ဝတ်သွားတဲ့ ဝတ်စုံအပြင်၊ ထမင်းထုပ်၊ ဓါးအိမ်၊ ဓါတ်မီး နဲ့ကွမ်းယာထုတ် အကုန်လုံးကို တွေ့ရပါတယ်။ အဲဒါတွေကိုကြည့်ပြီး ကျနော့်သား ဟုတ်တယ် ဆိုတာ ပြောနိုင်ပါတယ်။ ဒါပေမဲ့ သူ့ရဲ့ ဓါးကိုတော့ မတွေ့ပါဘူး။ သူဝတ်ထားတဲ့ ပုဆိုးနဲ့ လက်နှစ်ဖက်ကိုချည်ပြီး မျက်နှာကို အုပ်ထားပါတယ်။

ကျွန်တော့်သားယူလာတဲ့ ပလိုင်းကြီးကိုတော့ သူ့လည်ပင်းမှာ ချည်ထားတာတွေ့ရပါတယ်။ မျက်နှာမှာလည်း ရိုက်နက်ထားတဲ့ ဒါဏ်တွေကို တွေ့ရပါတယ်။ သူ့ရဲ့ ဘယ်ဘက် ခြေထောက်လည်း ကျိုးနေပါတယ်။ ဘယ်ဘက်လက်ရဲ့ လက်မောင်းမှာလည်း အသားစတွေ ပဲ့ထွက်နေပါတယ်။ လက် ကောက်ဝတ်က အသားစတစ်ချို့လည်း စုတ်ဖွာနေတာတွေ့ရပါတယ်။ ရင်ဘတ်မှာလည်း ကျည် ၂ ခါ မှန်ထားတဲ့ အရာကို တွေ့ရပါတယ်။ နိုပ်စက် မခံရတဲ့နေရာက အသားတွေကတော့ ပုံမှန်ပဲ ရှိနေပါတယ်။ သူ့ရဲ့ ပလိုင်းမှာလည်း သေနတ်ကျည်ရာ ၂ ခု တွေ့ပါတယ်။ သူ့ကိုအဲကနေထုတ်ပြီး အဲဒီ နေရာနဲ့ မနီးမဝေးမှာ ပြန်မြှုပ်ပြီး ဆုတောင်းခဲ့ကြပါတယ်။ မီးလောင်ထားတဲ့ အလောင်းက မြန်မာစစ်သားရဲ့ အလောင်း ဖြစ်နေတာလည်း တွေ့ရပါတယ်။ ကျွန်တော့်သား အလောင်းကို တွေ့တဲ့ အကြောင်း ရဲစခန်းမှူးကို သွားအကြောင်းကြားတဲ့အခါ ရဲစခန်းမှူးက နင်တို့အမှုဖွင့်မလား၊ မဖွင့်ဘူး လားဆိုပြီး မေးလာပါတယ်။ အမှုဖွင့်မယ်ဆိုရင် သက်ဆိုင်ရာတွေဆီကနေ စစ်ချက်လိုအပ်တယ်လို့ ပြောလာပါတယ်။ ပြီးတော့ကျနော်တို့ကို ဘယ်သူ့ဆီကခွင့်ပြုမိန့်ရလို့ အလောင်းနေရာရှွေ့လည်း လို့လည်းမေးပါတယ်။ အိမ်ကနေပြီး တောင်ယာတဲကို (၁) မိုင်လောက်ဝေးပါတယ်။ မိုးတွင်းဆိုရင်တော့ တစ်နာရီလောက်လမ်းလျှောက်ရပါတယ်။ တစ်ခြားရာသီဆိုရင်တော့ နာရီဝက်လောက် လျှောက်ရပါတယ်။ ကျွန်တော်တို့တောင်ယာနဲ့ ကျွန်တော့်သား အသတ်ခံရတဲ့နေရာက (၁) မိုင်လောက်ဝေးပါတယ်။ ဆိုတော့အိမ်ကနေ ကျွန်တာ့်သား နေရာက (၂) မိုင်လောက် ဝေးနေပါတယ်။ တိန်းကော့နဲ့ တနိုင်းက မိုင် (၂၀) လောက်အကွာအဝေးရှိပါတယ်။ ကျွန်တော့်သားကို မြှုပ်ထားတဲ့နေရာမှာ မြန်မာစစ်သားတွေ စက်တင်ဘာ (၁၈) နဲ့ (၁၉) ရက်နေ့မှာ အဲနေရာမှာ အိပ်ကြပါတယ်။

မှတ်ချက် - ခ.လ.ရ (၈၆) တပ်က စစ်သားတွေက သူတို့ သတ်တာ မဟုတ်ဘူး (၂၃၈) တပ်က စစ်သားတွေ သတ်တာလို့ ပြောတာကို ****ရွာက လူတွေကြားတယ်လို့ သိရပါ တယ်။ ဒါပေမဲ့ လုံခြုံရေးအရ စိတ်မချရလို့ ဘယ်သူသိသလဲဆိုတာ မပြောပြရဲသေးဘူး။ လိုအပ်လာရင်တော့ ပြောမယ်လို့ ရွာလူကြီး ဦး****က ပြောပါတယ်။ ၂၀ ရက်၊ အောက်တိုဘာ၊ ၂၀၁၇ ရက်နေ့မှာ တနိုင်း ရဲစခန်းမှာ အမှု စဖွင့်မယ်လို့လည်း ပြောပါတယ်။

### ပုံ (၄) - မတရားသတ်ဖြတ်ခံရသည့် ဦး****၏ ရုပ်အလောင်း



## အမှုဖြစ်စဉ်ပြန်လည်ပြောပြသူ (၂)၏ ပြောပြချက်

၂၀ ရက်၊ အောက်တိုဘာလ၊ ၂၀၁၇ခုနှစ် ရက်နေ့မှာ ကျွန်တော့်တို့ တိန်ကော့မှာရှိတဲ့ မြန်မာစစ်တပ် ခ.လ.ရ (၈၆) က ဗိုလ်မှူးရန်ပိုင်စိုး ခေါ်တယ်ဆိုလို့ အဲဒီကိုသွားတဲ့အခါ ကျွန်တော့်ကို ဦး**** နဲ့ ပတ်သက်ပြီး အကုန်လုံးမေးပါတယ်။ အဲဒီလိုမေးပြီးတော့ ဗိုလ်မှူးရန်ပိုင်စိုးက "ဒ.က.စ မှာသွားပြီး ဖြေရှင်းရမယ်" လို့ပြောလာပါတယ်။ ကျွန်တော်လည်း "ကျွန်တော်တော့မသွားနိုင်ဘူး၊ ဆိုင်ကယ်ဆီဖိုး ခက်ခဲတယ်၊ ဆိုင်ကယ်လည်း ခက်တယ် ဒါကြောင့် တိန်ကော့မှာပဲ စစ်ဆေးပါလား" လို့ပြောတဲ့ အခါ ဗိုလ်မှူးရန်ပိုင်စိုး က " နင်တို့ကိုယ်တိုင်က တရားခံဖြစ်နေတယ်၊ ငါတို့က ခ.လ.ရ (၈၆) ကိုလည်း စွပ်စွဲထားတယ် ဒါကြောင့် ဒ.က.စ တွေကိုယ်တိုင် မေးမယ်လို့ပြောလို့ နင်တို့ကိုယ်တိုင်သွားရမယ်" လို့ပြောလာပါတယ်။

၂၂ ရက်၊ အောက်တိုဘာလ၊ ၂၀၁၇ ခုနှစ် ရက်နေ့မှာတော့ ရွာလူကြီး အေးကြိုင် ကနေပြီး တနိုင်း ဒ.က.စကို ပြန်သွားရမယ်ဆိုပြီး ကျွန်တော့်အိမ်ကို လာပြောပါတယ်။ အဲဒါကြောင့် ကျွန်တော်တို့စုစု ပေါင်း (၇) ယောက် ၂၃ ရက်၊ အောက်တိုဘာလ၊ ၂၀၁၇ ရက်နေ့မှာ တနိုင်း ဒ.က.စ မြန်မာစစ်တပ်ကိုသွားခဲ့ပါတယ်။ ကျွန်တော်တို့ သွားတဲ့လူတွေက ကျွန်တော်၊ ဦး****၊ ဦး****၊ ဦး****၊ ဦး****၊ ဥက္ကဌ****၊ ဦး****၊ ဦး**** နှင့် ဦး**** တို့ဖြစ်ပါတယ်။

ဒ.က.စ မြန်မာစစ်တပ်ကိုရောက်တဲ့အခါ အခန်းတစ်ခုထဲမှာ မြန်မာစစ်ဗိုလ် (၃) ယောက် တြိဂံပုံစံ ထိုင်နေကြပါတယ်။ နေ့လယ် (၁) နာရီလောက်ကနေစပြီး ကျွန်တော်တို့ (၇) ယောက် တစ်ယောက်ပြီး တစ်ယောက် အဲဒီအခန်းထဲကို ဦး****အကြောင်း အစစ်ဆေးခံဖို့ ဝင်ရပါတယ်။ အခန်းအပြင်ဘက်မှာတော့ စစ်သား ၃၊ ၄ ယောက် လောက်စောင့်နေပါတယ်။ ညနေ (၃)နာရီခွဲလောက်မှ စစ်ဆေးတာတွေ ပြီးပါတယ်။

ကျွန်တော့်ကို ဦး****အကြောင်းမေးတဲ့အခါ ကျွန်တော်က "ဦး**** က တောင်ယာတဲမှာ သွားအိပ်တယ်" လို့ဖြေတဲ့အခါ စစ်ဗိုလ်က "ဒီလောက် တိုက်ပွဲတွေဖြစ်နေတာ ဘာလို့သွားအိပ်ခိုင်း တာလဲ" ဆိုပြီး မေးလာပါတယ်။ ကျွန်တော်လည်း "သူက နွေရာသီလောက်ကနေပြီး တောင်ယာတဲ မှာ သွားသွားအိပ်တယ်။ တစ်ခါတစ်လေ (၂) ရက်လောက်ကြာမှ ရွာကိုပြန်လာတယ်။ အဲဒီအချိန်က (၂) ရက် (၃) ရက်လည်း ရွာကို ပြန်မရောက်လာလို့ သူ့အဖေက ကျွန်တော်တို့ကို တောင်ယာတဲမှာ သွားကြည့်ခိုင်းပါတယ်။ ကျွန်တော်တို့ သွားကြည့်တော့ သူ့ကိုမတွေ့ရဘူး၊ စစ်ဖိနပ်ရာတွေလည်း မြေကြီးမှာ တွေ့ရတယ်။ အဲဒါကြောင့် ကျွန်တော်တို့က စခန်းကို အကြောင်းကြားပြီး သူ့ကို နောက်တစ်ခါ ပြန်သွားရှာကြပါတယ်။ အဲလိုသွားရှာတဲ့အချိန် အလောင်းတစ်ခုမြှုပ်ထားတာတော့ တွေ့ပေမဲ့ ပထမအကြိမ်က မတူးကြည့်မိပါဘူး၊ နောက်တစ်နေ့မှ အဲဒီအလောင်းကို တူးကြပါတယ်" လို့ပြောတဲ့အခါ။

မြန်မာစစ်ဗိုလ်က "ဦး**** ဟုတ်တယ်ဆိုတာ ဘယ်လိုသိလဲ" လို့ မေးလာပါတယ်။ ကျွန်တော် လည်း "ဦး****အိမ်ကနေယူသွားတဲ့ ပစ္စည်းတွေ တွေ့တယ်၊ သူ့ရဲ့ဘယ်လက် ကျိုးနေတယ်၊ ညာဘက် ခြေထောက်လည်း ကျိုးနေတယ်၊ ပြီးတော့ ကျောမှာ ကျည်ဆံ (၂)ခုဝင်နေတာတွေ့တယ်" လို့ ပြန်ပြော လိုက်ပါတယ်။ စစ်ဗိုလ်ကလည်း ကျွန်တော့်ကို " ဖုန်း နဲ့ဓာတ်ပုံ ရိုက်ပြီး Facebook မှာ တင်တဲ့လူကို သိလား" လို့မေးလာပါတယ်။ ကျွန်တော်လည်း "ဓာတ်ပုံ ရိုက်တဲ့လူကများလို့ ဘယ်သူလုပ်သလဲမသိ လိုက်ဘူး" လို့ ပြန်ပြောလိုက်ပါတယ်။

ပြီးတော့ စစ်ဗိုလ်တွေကို ကျွန်တော်က "တိုက်ပွဲဖြစ်တဲ့နေရာက သယ်လာတဲ့ အလောင်း တစ်ခုကိုလည်း မီးရှို့ထားတယ်" လို့ပြောတဲ့အခါ၊ စစ်ဗိုလ်က 'နင်ဘယ်လိုသိလဲ' ဆိုပြီး ပြန်မေးလာ ပါတယ်။ ကျွန်တော်လည်း "လူသယ်တဲ့ ဝါးထမ်းပိုးမှာ သေနတ်ရာ ရှိနေတယ်" လို့ပြောလိုက်ပါတယ်။ စစ်ဗိုလ်တစ်ယောက်က စိတ်ဆိုးပြီး "နင်လုပ်တဲ့ ပုံစံက တပ်မတော်အလိုမရှိ ဖြစ်လာတော့မယ်၊ ဆန္ဒ ပြလာတော့မယ်၊ တော်ပီ" ဆိုပြီး ပြောလာပါတယ်။

၆ ရက်၊ နိုဝင်ဘာလ၊ ၂၀၁၇ခုနှစ် ရက်နေ့မှာတော့ ခ.လ.ရ (၈၆) က ဗိုလ်မှူးရန်ပိုင်စိုး ကနေပြီး ကျွန်တော်တို့ကို မေးမြန်းထားတဲ့ အကြောင်းအရာနဲ့ ပတ်သက်ပြီး လက်မှတ်ထိုးဖို့ အကုန်လုံးကို ပြန်ခေါ်ပါ တယ်။ အဲဒီအချိန် ဦး****ရဲ့

ဖခင်က ခရီးထွက်နေပါတယ်။ အဲဒါကြောင့် ကျွန်တော်နှင့် ဦး****၊ ဦး****၊ ဦး****၊ ဦး**** တို့သွားကြတယ်။

လက်မှတ်ထိုးတဲ့အချိန် ကျွန်တော်က စာရွက်ထဲမှာ ရေးထားတဲ့ အကြောင်းအရာကို ဖတ် ကြည့်ပါတယ်။ စာမျက်နှာ (၁၂) မျက်နှာ ရှိပါတယ်။ စာမျက်နှာ (၅) အထိတော့ ကျွန်တော်တို့ကို မေးထားတဲ့အတိုင်းရေးထားပါတယ်။ ဒါပေမဲ့ စာမျက်နှာ (၆)မှာ " တပ်မတော် စစ်ကြောင်းများ ဟုတ်ပါ သလား?" လို့မေးထားတဲ့မေးခွန်းမှာ ကျွန်တော်တို့ ဖြေထားတဲ့ ပုံစံမျိုးနဲ့ "မဟုတ်ပါ' လို့ ရေးထား ပါတယ်။ ပြီးတော့ "ရွာသူရွာသားများသည် ကချင်သောင်းကြမ်းသူ KIO, KIA များနှင့် ပတ်သက် ဆက်နွယ်မှုရှိပါသလား?" ဆိုတဲ့မေးခွန်းမှာလည်း အဖြေက "ရှိပါတယ်" ဆိုပြီး ကျွန်တော်တို့ ဖြေထား တဲ့ ပုံစံမျိုးနဲ့ ရေးထားပါတယ်။ အဲဒါကြောင့် ကျွန်တော်လည်း " ငါတို့ဒီလို မထွက်ဆို ထားဘူး" ဆိုပြီး လက်မှတ်မထိုးပဲ ပြန်လာခဲ့ပါတယ်။

၉ ရက်၊ နိုဝင်ဘာလ၊ ၂၀၁၇ ခုနှစ် ရက်နေ့မနက်မှာ တစ်ခါ ကိုအေးကြိုင် နဲ့ အုပ်ချုပ်ရေးမှူး ဦး****တို့က ကျွန်တော့်ကိုဖုန်းဆက်ပြီး ခ.လ.ရ(၈၆)မြန်မာစစ်တပ်မှာ လက်မှတ်ထိုးဖို့ ပြန်သွားရမယ်လို့ ပြောတဲ့အခါ "မနက်ဖြန်တော့လက်မှတ်ထိုးကို ထိုးရမယ်တဲ့၊ ငါတို့ မကြိုက်တဲ့ဟာတွေ ဖျက်ထားပေးမယ်တဲ့" ဆိုပြီးပြောလာပါတယ်။ ကျွန်တော်လည်း "ဦး**** ရဲ့အဖေလည်း မရှိဘူး၊ ပြီးတော့ ဖျက်ပေးမယ်ဆိုပေမဲ့ နောက်မှာသူတို့ ဘယ်လိုရေးထားလဲ ကိုယ်လဲမသိနိုင်ဘူး၊ အဲဒါကြောင့် ကျွန်တော် ကတော့ လက်မှတ်သွားမထိုးပေးနိုင်ဘူး။ ဒါပေမဲ့ ဦး**** ရဲ့အဖေက သွားထိုးရအောင်လို့ ပြောရင်တော့ ကျွန်တော်လက်မှတ်သွားထိုးပေးမယ်" လို့ပဲ ပြောလိုက်ပြီး မသွားခဲ့ပါဘူး။

ဦး**** ဦး**** နဲ့ အုပ်ချုပ်ရေးမှူး ဦး**** တို့ ခ.လ.ရ (၈၆) တပ်ကိုသွားကြပါတယ်။ ဗိုလ်ကြီးရန်ပိုင်စိုးက "လက်မှတ်ထိုး ပေးကြ" လို့ပြောလာပါတယ်။ သူတို့(၃)ယောက်ကလည်း "လက်မှတ် ထိုးဖို့ အတွက်ဆိုရင်တော့ ကျွန်တော်တို့ အားလုံး လူစုံတဲ့အချိန်မှ ထိုးပေးနိုင်မယ်။" လို့ပြန်ပြောလိုက် ပါတယ်။

၉ ရက်၊ နိုဝင်ဘာလ၊ ၂၀၁၇ ခုနှစ် ရက်နေ့ညနေပိုင်းမှာ ကျွန်တော့်ကို အုပ်ချုပ်ရေမှူး ဦး**** ဖုန်းပြန်ဆက်လာပြီး "ဦး****ရဲ့ အဖေလည်းရောက်လာပြီဆိုတော့ မနက်ဖြန် ခ.လ.ရ (၈၆) စစ်တပ်မှာ လက်မှတ်သွားထိုးကြမယ်" လို့ပြန်ပြောလာပါတယ်။ နောက်တစ်နေ့ မနက် (၉)နာရီလောက်မှာ တပ်ကို ကျွန်တော်တို့ (၇) ယောက် သွားပြီး လက်မှတ်ထိုးခဲ့ကြပါတယ်။ ၁၀ ရက်၊ နိုဝင်ဘာလ၊ ၂၀၁၇ ခုနှစ်ရက်နေ့ လက်မှတ်သွားထိုးတဲ့အချိန်မှာ ဗိုလ်မှူးရန်ပိုင်စိုးက ကျွန်တော့်ကိုစိတ်ဆိုးပြီး "နင်ဒီမှာ လက်မှတ် မထိုးရင် ဒ.ခ.စ မှာ လက်မှတ်သွားထိုးရမယ်၊ နင်ကအရမ်းလျှာရှည်တယ်၊ နင်က စိတ်ဆိုးချင်တာလား၊ ဘာဈေးကိုင်တာလဲ" ဆိုပြီးပြောလာပါတယ်။ ကျွန်တော်လည်း" ကျွန်တော် ထွက်ဆိုတာမဟုတ်ဘူး၊ ခင်ဗျားတို့ရေးထားသလို ကျွန်တော်မထွက်ဆိုထားဘူး" လို့ ပြန်ပြောပေး လိုက်ပါတယ်။

လက်မှတ်ထိုးတဲ့အခါ စာမျက်နှာ (၆) ကို သေချာပြန်စစ်ကြည့်ပါတယ်။ သူတို့ကပြန်ပြင်ထား တယ်။ ပြင်ထားတာတွေကတော့ (၁) "ဦး****က စိတ်မနှံ့ဖြစ်နေတယ်ဆိုတာ ဟုတ်ပါသလား" မေးထားပြီး ကျွန်တော်တို့က "ဟုတ်ပါတယ်" လို့ ရေးထားပါတယ်။ (၂) "မြန်မာစစ်သားတွေ ဦး**** ကို ဖမ်းသွားတယ်ဆိုတာ မြင်လိုက်ပါသလား" လို့မေးထားတဲ့နေရာမှာ ဖြေထားတဲ့အဖြေက "မမြင်ဘူး" လို့ရေးထားပါတယ်။ ပြီးတော့ (၃) "တပ်မတော်စစ်ကြောင်း အနေနဲ့လမ်းပြ ခေါ်တာမျိုး မြင်ဖူးသလား" လို့ မေးထားတဲ့မေးခွန်းမှာ ကျွန်တော်တို့ အဖြေက "မမြင်ဖူးပါ" ဆိုပြီးဖြေထားပေးပါတယ်။ "ရွာသူရွာသားအချင်းချင်း သင့်မြတ်မှု ရှိပါသလား" ဆိုပြီး ပြင်ထားတဲ့နေရာမှာ "ရှိပါတယ်" လို့ပြန်ရေးထားပါတယ်။ အဲဒီအဖြေတွေအားလုံးက မှန်နေတဲ့အတွက် ကျွန်တော်လည်း လက်မှတ်ထိုး ပေးလိုက်ပါတယ်။ ကျွန်တော်တို့ စာမျက်နှာ (၈) အထိပဲ လက်မှတ်ထိုးပါတယ်။ ဘောပင်နဲ့ ရေးထားတဲ့ စာတွေလည်း ပါပါတယ်။ အဲမှာရေးထားတာ ဘာတွေလည်းဆိုတာ ကျွန်တော်လည်း မဖတ်ကြည့် တော့ မသိပါဘူး။ လက်မှတ်လည်း မထိုးခဲ့ပါဘူး။

ကျွန်တော်တို့လည်း အဲဒီစာရွက်တွေကို မိတ္တူကူးရင်ကူး ဒါမှမဟုတ် ဓါတ်ပုံရိုက်ရင် ရိုက်ထား ဖို့အုပ်ချုပ်ရေးမှူးကို အခွင့်တောင်းခိုင်းကြည့်တဲ့အခါ ဗိုလ်ကြီးရန်ပိုင်စိုးက သဘောမတူပါဘူး အဲဒါကြောင့် ကျွန်တော်တို့လည်း

မိတ္တူလည်းကူး ခွင့်မရသလို၊ ဓါတ်ပုံလည်း မရိုက်ခဲ့ရပါဘူး။

**လူ့အခွင့်အရေးချိုးဖောက်ခံရမှု - လက်နက်ကြီးထိမှန်မှု (ဒဏ်ရာရ)**

| | |
|---|---|
| ချိုးဖောက်ခံရသူအမည် | - ဒေါ် **** |
| ကျား/မ | - မ |
| အသက် | - (၅၁)နှစ် |
| အမျိုးသားမှတ်ပုံတင်အမှတ် | - ၁/မညန(နိုင်)****** |
| ကိုးကွယ်သည့်ဘာသာ | - ခရစ်ယာန် |
| ပညာအရည်အချင်း | - (၅) တန်း |
| အလုပ်အကိုင် | - ရွှေတူးဖော်၊ ပရင်းတူးဖော်ခြင်း။ |
| မိဘအမည် | - ဦး**** နှင့် ဒေါ် **** |
| အိမ်ထောင်ရှိ/ မရှိ | - ရှိ |
| အမျိုးသားအမည် | - ဦး**** |
| သား/ သမီး | - (၃) ယောက် |
| နေရပ်လိပ်စာ | - ****ကျေးရွာ၊ တနိုင်းမြို့နယ်၊ ကချင်ပြည်နယ်။ |
| အခင်းဖြစ်ပွားသည့်နေ့ | - ၂၆ ရက်၊ ဇန်နဝါရီလ၊ ၂၀၁၈ ခုနှစ်။ |
| အခင်းဖြစ်ပွားသည့်နေရာ | - **** ရပ်ကွက်၊ တနိုင်းမြို့၊ ကချင်ပြည်နယ်။ |
| ချိုးဖောက်သူ | - မြန်မာအစိုးရတပ်မတော် |
| | |
| အမှုဖြစ်စဉ်ပြန်လည်ပြောပြသူအမည် | - ဒေါ် **** |
| ချိုးဖောက်ခံရသူနှင့်တော်စပ်ပုံ | - ချိုးဖောက်ခံရသူကိုယ်တိုင် |
| မှတ်တမ်းကောက်သည့်နေ့ | - ၇ ရက်၊ ဖေဖော်ဝါရီလ၊ ၂၀၁၈ ခုနှစ်။ |
| မှတ်တမ်းကောက်သည့်အဖွဲ့အစည်း | - KWAT |

**အမှုဖြစ်စဉ်**

ကျွန်မတို့အိမ်အတွင်းနေကြစဉ် ရုတ်တရက်လေယာဉ်နှင့် လာရောက်တိုက်ခိုက်တယ်။ ကျွန်မ တို့အိမ်အတွင်း ပုံး (၃) ချက်ကျတာတောင် မသိခဲ့ဘူး။ သူတို့က (KIA) စခန်းဆိုပြီးမိုင်းပစ်ချတာလို့ပြော တယ်။ ကျွန်မတို့နေရာက ကချင်လွတ်လပ်ရေးတပ်မတော် (KIA) စခန်းနှင့် ဘာမှမဆိုင်ပါ။ နောက်ပြီး "KIA စစ်သားများအားလုံး ပြန်သွားပြီလား" ဆိုပြီး ကျွန်မကို လာမေးသေးတယ်။ ကျွန်မက "KIA စစ်သားများ ပြန်မပြန် ကျွန်မတို့မသိဘူး ကျွန်မတို့နေတဲ့နေရာမှာ KIA စစ်သားများမရှိဘူး။ တောထဲနေကြတဲ့ သူအားလုံးကိုလည်း KIA စစ်သားဆိုပြီး မထင်ကြနဲ့လေ ဒီနေရာမှာကျွန်မတို့ ကချင်လူမျိုးတွေပဲ နေတဲ့နေရာမဟုတ်ဘူး တိုင်းရင်းသားလူမျိုးပေါင်းစုံ နေထိုင်ပြီး လုပ်ကိုင်စား သောက်နေကြတဲ့ နေရာဖြစ်တယ်" ဟု ဖြေလိုက်သည်။ ခုလိုအစိုးရဘက်က ဒီလိုလုပ်လိုက်ခြင်းကြောင့် အပြစ်မရှိတဲ့ ပြည်သူလူထုတွေပဲ ဒုက္ခရောက်တယ်။ ကျွန်မကိုမေးတဲ့သူကတော့ အစိုးရစစ်တပ် ဖြစ်မယ်ထင်တယ်။ အသားမဲမဲ လူကအကြီးကြီး အမျိုးသမီးဟုတ်တယ်။ ရိုးရိုးလေးဝမ်းဆက်ပဲ ဝတ်ထားတယ်။ သတင်းအတိအကျသိချင်လို့ လူနာတွေဆီလာမေးတယ် လို့ပြောတယ်။

ဘယ်သူမေးခိုင်းလို့တော့ပြန်မပြောပြဘူး။ ကျွန်မဆေးရုံတက်နေချိန်မှာထို အမျိုးသမီးလာမေးတယ်။ ဆေးရုံကိုလာပြီး "အကြောင်းတိတိကျကျ သိချင်လို့ပါ ကောလဟာလက ဆေးရုံမှာလူနာတွေ ခုတင်တောင်မဆံ့ဘူးလို့ ကြားရတယ်ညီမ" ဆိုပြီးလာမေးတယ်။ ကျွန်မလည်း "ဟုတ်တယ် မြစ်ကြီး နားပို့တဲ့လူပို့တယ်၊ မန္တလေးပို့တဲ့လူပို့တယ်၊ ရင်ခွဲရုံပို့တဲ့လူပို့တယ်၊ သေတဲ့လူသေတယ်၊ ဟုတ်တယ် မှန်ကန်တယ်။ အခုဖြစ်ခဲ့တာ ကချင်တွေ ဘယ်သူဖြစ်သလဲ

အခုက လူမျိုးပေါင်းစုံပဲ ကချင်ဆိုတာ အများအားဖြင့် ငါတို့မိသားစုပဲပါတယ်။ ဒုက္ခရောက်တာက ရခိုင်ပါတယ်၊ ဗမာပါတယ်၊ အများအားဖြင့် လီဆူနှင့်ရခိုင်။ တိုင်းရင်းသားပေါင်းစုံ လုပ်ကိုင်စားသောက်တဲ့နေရာမှာ အဲလိုလုပ်တာ အပြစ် မရှိတဲ့ ပြည်သူလူထုပဲဒုက္ခ ရောက်ရတယ်။ အဓိပ္ပာယ်မရှိတဲ့ အလုပ်ကိုလုပ်တာ။ ကချင်စကားပြောတိုင်း၊ တောထဲမှာနေတိုင်း၊ KIA အုပ်ချုပ်တဲ့နေရာမှာလုပ်တိုင်း KIA မထင်နဲ့ KIA တွေထွက်ပြေး ကုန်သလား ရှိသေးလားကျွန်မတို့မသိဘူး။ ကျွန်မတို့အလုပ်လုပ်တဲ့နေရာမှာ KIA တောင် မတွေ့ဘူး” ဆိုပြီးပြန် ဖြေလိုက်တယ်။ လာမေးတဲ့နေ့က ၆ ရက်၊ ဇန်နဝါရီလ၊ ၂၀၁၈ ရက်နေ့မှာ ဟုတ်တယ်။

ကျွန်မတို့အိမ်အတွင်းနေနေစဉ် အပြာရောင်လေယာဉ်တစ်စီး ရုတ်တရက်အောက်ဆင်းလာပြီး ကျွန်မတို့ကို လက်နက်ကြီးတွေနဲ့ အရင်ပစ်ချတယ်။ နောက်ပြီးမှ လက်ထောက်သေနတ်နှင့် “ပေါက် ပေါက်ပေါက်”ဆိုပြီး မိုးရွာချသလိုကို လိုက်ပစ်တယ်။ ကျွန်မတို့မိသားစုအိမ်မှာတော့ လက်နက်ကြီး (၃) ခါလာကျတယ်။ လက်နက်ကြီး ကျပြီးတဲ့နောက် သေနတ်နဲ့ပြန်ပစ်တယ်။ ကျွန်မတို့အိမ် တစ်အိမ်လုံး ကျိုးသွားတယ်။ မိုးကာတွေအားလုံးလည်း ကျိုးကျသွားခဲ့တယ်။

ကျွန်မတို့အိမ်က မိုးကာနဲ့မိုးထားတဲ့ အိမ် ဟုတ်တယ်။ ကျွန်မတို့ဒီမှာ ဝမ်းရေးအတွက် လုပ်ကိုင် စားသောက်နေတဲ့တွက် ယာယီပဲနေထိုင်တယ်။ အောက်ကြမ်းခင်းကပျဉ်ပြားတွေ ခင်းထားတယ် ခင်းထားတဲ့ပျဉ်ပြားတွေအားလုံးလည်း ယူစရာမရှိအောင် ကြေမွပျက်ဆီး သွားတယ်။ စဖြစ်တဲ့ချိန်က ညနေပိုင်း (၂) နာရီ ကနေ ညနေ (၄၊ ၅) နာရီခန့်လောက်ဖြစ်တယ်။ နေဝင်ခါစလောက်မှာတော့ ကျွန်မတို့ ****ချောင်းကနေ ဆေးခန်းသို့သွားပြတယ်။ ဆေးခန်းပြနေချိန်မှာလည်း ဆက်လက်ပစ်နေဆဲ မိုးချုပ်တဲ့ထိဟုတ်တယ်။ လေယာဉ်ပေါ်ကနေ လက်နက်ကြီးတွေနဲ့ ပစ်ခက်ချိန်မှာတော့ အိမ်မှာဘဲနေနေတဲ့အချိန်မှာ ဟုတ်တယ်။ (၂) နှစ်အရွယ် ကျွန်မမြေး****၏ ဘယ်ဘက်လက်မှာ ပေါက်ထိသွားတယ်။ ကလေး တစ်ယောက်ကိုတော့ ခေါင်းမှာထိတယ်၊ ပြီးတော့ခြေထောက်တွေ မှာလည်း အနည်းငယ်စီ ထိသွားတယ်။ အလုပ်သမားတစ်ယောက်တော့ ဗိုက်၊ ရင်ဘတ်တွေမှာထိပြီး ပွဲချင်းပြီးဆုံးသွားတယ်။ တစ်စစီဖြစ်သွားတယ် facebook မှာလည်းတွေ့မိကြမှာပါ။ သဆုံးသူက ချိန်းစောဆရာဖြစ်တယ်။ ကျွန်မတို့မိသားစုနှင့်နေတာ (၁၈) နှစ် လောက်ရှိပြီ။ ကျွန်မတို့မိသားစုရဲ့သား တစ်ယောက်လိုပဲ။ နာမည်က ****လို့ခေါ်တယ်။ သူက ****မြို့ကပါ။

ကျွန်မညီမလည်းကျောကုန်းမှာ ထိတယ်ဒဏ်ရာလည်းပြင်းထန်တယ်။ နက်ဖြန်ဆို ညီမရဲ့ ပေါင် သားကိုယူပြီး ပခုံးမှာပြန်ဖာပေးမယ် လို့ပြောတယ်။ ကျွန်မတို့ ညီအစ်မနှစ်ယောက်စလုံး ညာဘက် ပခုံးမှာထိတယ်။ ကျွန်မက ပခုံးအောက်၊ ညီမကပခုံးမှာထိတယ်။ ကျွန်မတို့ ညီအစ်မနှစ်ယောက် ရပ်နေတဲ့နေရာမှာပဲ လက်နက်ကြီးကျတယ်။ ဘုရားကျေးဇူးတော်ကြောင့်သာ အသက်လွတ်သွားတယ်။ အနည်းငယ်အကွာအဝေးမှာ နေနေတဲ့သူက ပွဲချင်းပြီးသေသွားတယ်။ အဲဒီနောက်မှာလည်း အစိုးရစစ်တပ်က KIA တွေကိုသွားတိုက်လိုက်၊ ကျွန်မတို့ဘက်ပြန်ပ စ်ထည့်လိုက်နဲ့ တိုက်နေတုန်းပဲ။ ကျွန်မသိသလောက်က အစိုးရတပ်နဲ့လည်း၊ KIA တွေနဲ့ ရောဝေးပါတယ်။

ဆေးခန်းကိုသွားတော့ ကျွန်မသား ကုန်းပိုးပြီးလိုက်ပို့တယ်။ ကျွန်မညီမကိုတော့ အလုပ်သမား တစ်ယောက်ကို အကူအညီတောင်းပြီး ဆိုင်ကယ်နှင့်လိုက်ပို့ခိုင်းတယ်။ ဆိုင်ကယ်လည်းလမ်းတစ်ဝက် လောက်ပဲစီးလို့ရတဲ့တွက် တစ်ဝက်ကိုကုန်းပိုးပြီး လိုက်ပို့ပေးခဲ့တယ်။ ဆေးကုပေးတဲ့သူတွေတော့ ဗမာအမျိုးသမီးများဖြစ်တယ်။ အစိုးရဘက်က ဟုတ်မဟုတ်တော့ ကျွန်မတို့မသိဘူး။

အစိုးရစစ်တပ်က ပြည်သူ၊ ပြည်သားရှိတာ သိတယ်။ ထွက်သွားဖို့ပြောထားတယ်။ ကန့်သတ်ထား တဲ့ရက်ကြာပြီ နင်တို့ထွက်မသွားလို့ ပစ်တာဖြစ်တယ်ဆိုပြီး ပြောသံကြားခဲ့တယ်။ အစိုးရစစ်တပ်က တမင်သက်သက်လုပ်ခြင်းဖြစ်တယ် လို့ ထင်မိတယ်။

ကျွန်မတို့နေတဲ့နေရာနဲ့ တနိုင်းမြို့နဲ့က ဝေးတယ်။ ဘယ်လောက်ဝေးတယ်၊ အကွာဝေးတော့ ကျွန်မတို့

မသိဘူး။ စက်လှေနဲ့ (၂) နာရီလောက်စီး ရတယ်လေ။ နောက်ပြီး (၂) နာရီလောက်ဆိုင်ကယ် ပြန်စီးရသေးတယ်။ အကုန်လုံးပေါင်း (၄) နာရီလောက်ကြာမှ ရောက်တယ်။ ကားလမ်း မပေါက်တော့ ရေကြောင်းလမ်းနဲ့ဘဲ သွားရတယ်။

ကျွန်မတို့က အခင်းဖြစ်တဲ့ညမှာပဲ ရွာကနေထွက်လာခဲ့တယ်။ ပိုပြီးစိတ်မကောင်း ယူကြုံးမရ ဖြစ်တာက ****ဂိတ်မှာ တစ်လနစ်သိန်းနှင့် ကုန်တင်ကုန်ချအလုပ်လုပ်နေတဲ့ တက္ကလိုလ်ကျောင်းသားတွေကို ပစ်သတ်လိုက်တာပဲ။ (၂၇) ရက်နေ့ မနက်ပိုင်း ဖြစ်သွားတယ်။ ကျွန်မတို့မိသားစု ဖြစ်တာက (၂၆) ရက်နေ့။ ခုသေဆုံးသူအများစုက ရခိုင်လူမျိုးတွေ ဟုတ်တယ်။ မြစ်ကြီးနား****ရပ်ကွက်က **** လို့အ မည်ရတဲ့ ကချင်ကောင်လေးတစ်ယောက်လည်း ပါတယ်။ နောက်ပြီးကျွန်မတို့ရွာ ****ရပ်ကွက်မှာလည်း (၆)ယောက်ကျင်းပိတ်မိပြီး ကျွန်မတို့နေတဲ့ဆေးရုံကိုတစ်ယောက်ရောက်လာတဲ့ တစ်ယောက်လည်း အတွင်းကြေပြီး စက်လှေပေါ်မှာပဲ ဆုံးသွားတယ်တဲ့။ အဲဒီလူငယ်က သူ့သူငယ်ချင်း (၆) ယောက် လေယာဉ်က လက်နက်ကြီးများကျသောကြောင့် ဂူပိတ်ပြီး ဂူထဲအရှင်လတ်လတ်ပိတ်မိ သွားတာကို သူ့သူဌေးက ဂူအတွင်းဘယ်သူမှ မရှိတော့ဘူးဟု ပြောခိုင်းသောကြောင့် ညာပြောမိလိုက်ပြီး တကယ် စိတ်မကောင်းဘူးလို့ လမ်းရောက်မှ ပြောထွက်လာသည်ဟု ပြောကြတယ်။ အစိုးရစစ်တပ်မှ လေယာဉ်ဖြင့် (၂၆) ရက်နေ့ကနေ စပစ်တာ (၂၇) ရက်နေ့တစ်နေကုန် ပစ်ခတ်တိုက်ခိုက်ကြတယ်။ ကျွန်မတို့နေတဲ့နေရာနဲ့ **** မြို့မှာလည်း နေရာကွက်ကြားပစ်ကြတယ်။

ကျွန်မတို့****ဆေးရုံမှာ ဆေးကုပြီးနောက်တစ်ရက် ကြက်ခြေနီအဖွဲ့တွေ**** ချောင်းကနေ လာကြိုပေးတယ်။ ကျွန်မတို့ကို အရမ်းဂရုစိုက်ပေးကြတယ်။ နောက်မနက်ဆိုလည်း ဒီမှာလာကြည့်ရှု လည်ပတ်ကြတယ်။ ကျွန်မတို့မိသားစု ထွက်ပြေးလာချိန်ပိုက်ဆံတစ်ပြားမှ မပါလာခဲ့ဘူး။ ရှိတဲ့ ပိုက်ဆံ (၁၅၀၀၀၀) ကျပ်ကလည်းခေါင်းအုံးအောက်မှာ မေ့ကျန်ခဲ့တယ်။ ကျွန်မတို့မိသားစုထွက်ပြေးလာချိန် ကျွန်မရဲ့တူ ကျပ်(၂၀၀၀၀၀)၊ အသင်းတော်က ကျပ် (၁၀၀၀၀၀) ကူညီလိုက်တယ်။ အဲဒီပိုက်ဆံနှင့် ကျွန်မတို့မိသားစု ဒီကိုရောက်လာတာဖြစ်တယ်။ ခုဒီမှာဆေးရုံတက်နေတာ (၂၆) ရက်နေ့ကနေ ယနေ့ထိဆိုရင် နှစ်ပတ် ပြည့်တော့မယ်။

ကျွန်မက အဲနေ့မှာပဲဆေးခန်းသွားလိုက်တော့ တခြားနေရာဒေသမှာဘယ်သူတွေ ထိခိုက်ဒဏ်ရာ ရမရတော့ မသိဘူး။ တချို့သော နေရာတွေမှာက တစ်ယောက်၊ နှစ်ယောက်လောက်ပဲ နေထိုင်တော့ မှိုင်းကျပေါက်ကွဲရင်လည်း သတင်း မထွက်တာလည်း ရှိမယ်ထင်တယ်။ လူအများနဲ့ နေတဲ့နေရာမှာ ဆိုရင်တော့ စာရင်းရှိမှာပါ။

**ပုံ(၅) - လက်နက်ကြီးထိမှန်၍ ဒဏ်ရာရရှိသည့် ဒေါ်****



## ချိုးဖောက်ခံရသူမှ အစိုးရသို့ပြောဆိုချက်/တင်ပြချက်

ယခုလက်ရှိအစိုးရကို ကျွန်မအမြင်အနေနှင့် ပြောချင်တာက သူတို့စစ်အချင်းချင်းတိုက်ခိုက် ကြတာက ဘာပြဿနာမှမရှိဘူး။ ခုစစ်ဖြစ်ပြီး အပြစ်မဲ့ပြည်သူလူထု အောက်ခြေလူတန်းစား မရှိဆင်းရဲသားတွေ တစ်ရက်ရှာ တစ်ရက်စား၊ ရုန်းကန် စားသောက်နေကြတဲ့နေရာမှာ ခုလိုလေယာဉ်နဲ့လာ တိုက်တာက ဘုရားလည်းကြိုက်မှာ မဟုတ်ဘူးခံယူတယ်။ သူတို့လုပ်လိုက်တဲ့ ပြဿနာက သူတို့ဆီလည်း တစ်နေ့ပြန်ဂငို့လည်လာလိမ့်မယ်။ တကယ်လို့ နောက်နောင်ဆက်လက်ပြီး တိုက်ခိုက်မဲ့အစီအစဉ်ရှိမယ်ဆိုရင် လူသားချင်းကိုယ်ချင်းစာစိတ် အနည်းငယ်မျှသာရှိရင် ကောင်းလိမ့်မယ်လို့ မျှော်လင့်ကြောင်း တင်ပြချင်ပါတယ်။

နောက်ထပ်ပြောချင်တာက ပြည်သူလူထုတွေနေထိုင်တဲ့နေရာမှာ လာရောက်တိုက်ခိုက်တာကို လုံးဝ မကျေနပ်ဘူး။ ဘုရားလည်းကြိုက်မှာ မဟုတ်ဘူး။ ယနေ့ချိန်ထိ ကျွန်မစိတ်ထဲမှာ အဲဒါရှိတယ်။ တက္ကသိုလ်ကျောင်းသားတွေ အသတ်ခံရတဲ့အထဲမှာ ကျွန်မတူအသက် (၂၁) တက္ကသိုလ်နောက်ဆုံးနှစ် ဖြေထားပြီးပြီ ဘွဲ့တောင်ယူတော့မယ်၊ အသတ်ခံရတယ်။ လုံးဝကိုကျေနပ်မှုမရှိဘူး။ ကျွန်မတို့ မိသားစုကိုတောင် စက်လှေထိလိုက်ပို့ပြီး "ဒေါ်လေး ဒဏ်ရာပြင်းလား အခြေအနေကောင်းမယ်လို့ ခံစားရလား စိတ်အားတင်းထားနော်" ဆိုပြီးစက်လှေထိလိုက် ပို့ပေးပြီးပြောသေးတယ်။ နောက်နေ့ မနက်(၈)နာရီလောက်မှာ သူဖြစ်ပြီလေ။ အဲဒါကို ယခုချိန်ထိမျက်စိထဲ မြင်ယောင်နေမိတယ်။ အဲဒီ ပိုက်ဆံ၊ ပယင်းတွေ မနမျောဘူး သူတို့လုပ်သွားတဲ့ လုပ်ရပ်တွေကို မကျေနပ်တာ။ တစ်ပြားတောင် ပြန်မရတော့ဘူး။ အဝတ်အစား တစ်ထည် တောင် ပြန်မရဘူး။ ခုထွက်ပြေးလာသူအားလုံး အဝတ်အစားတစ်ထည်မှ ပါမလာဘူး။ အိုးမဲ့၊ အိမ်မဲ့တွေ။ တချို့တွေဆို အရမ်းဒုက္ခရောက်ရတယ်။ အစိုးရ စစ်သားတွေ လုပ်လိုက်လို့ တစ်နေ့လုပ်မှ တစ်နေ့စားနေရတယ်။ အခုကျွန်မတို့ မိသားစုလည်း ပိုက်ဆံ သုံးဖို့မရှိဘူး။ မနေ့က မနက်ပိုင်းမှာပဲ ကျွန်မတို့အသိမိတ်ဆွေ တစ်ယောက်က (၅) သိန်း လာကန်တော့ တယ်။

အရင်ကျွန်မယောကျ်ားက (၁၈၉) တပ်က စစ်သားဟုတ်တယ်။ ကိုယ်ပိုင်အမှတ်**** ဟုတ်တယ်။ ကျွန်မကလေး (၂) လမှာ ထွက်ပြေးလာခဲ့ပြီး မုဆိုးမဘဝနှင့်နေနေချိန်မှာ ****အမျိုးတွေက ကျွန်မကို လိမ္မာတယ်၊ ကျွန်မရဲ့အကျင့်၊ အနေအထိုင်တွေကို သဘောကျတယ်ဆိုပြီး လာတောင်းယူလိုက်တာ ဖြစ်တယ်။

| | |
|---|---|
| **လူ့အခွင့်အရေးချိုးဖောက်မှု** | **- လွတ်လပ်စွာသွားလာခွင့်နှင့် အသက်ရှင်ခွင့်ကို ပိတ်ပင်တားဆီးခြင်း၊ ခြိမ်းခြောက်ခြင်း** |
| ချိုးဖောက်ခံရသူအမည် | - ဒေါ်***** |
| ကျား/မ | - မ |
| အသက် | - ၄၇ နှစ် |
| လူမျိုး | - ကချင် |
| ကိုးကွယ်သည့်ဘာသာ | - ခရစ်ယာန် |
| အလုပ်အကိုင် | - ဈေးသည် |
| အိမ်ထောင်ရှိ/မရှိ | - ရှိ |
| ခင်ပွန်းအမည် | - ဦး**** |
| နေရပ်လိပ်စာ | - ****ရပ်ကွက်၊ တနိုင်းမြို့နယ်၊ ကချင်ပြည်နယ်။ |
| အခင်းဖြစ်ပွားသည့်နေ့ | - ၂၇ ရက်၊ ဇန်နဝါရီလ၊ ၂၀၁၈ ခုနှစ်။ ပယင်းမော်များတွင်တိုက်ပွဲဖြစ်ပွားလာပြီး ဘေးလွတ်ရာသို့ ထွက်ပြေးတိမ်းရှောင်မှုကို ပိတ်ပင်တားမြစ်ခဲ့ (လူဦးရေ စုစုပေါင်း ၄၀၀၀ ခန့်ဟု ခန့်မှန်း ) |

| | |
|---|---|
| အခင်းဖြစ်ပွားသည့်နေရာ | - ပေါက်ဝ (နမ်ဂေါ်နဲ့ဇွပ်)၊ တနိုင်းမြို့နယ်၊ ကချင်ပြည်နယ်။ |
| ချိုးဖောက်သူ | - မြန်မာအစိုးရတပ်မတော် |
| အမှုဖြစ်စဉ်ပြန်လည်ပြောပြသူအမည် | - ချိုးဖောက်ခံရသူကိုယ်တိုင် |
| မှတ်တမ်းကောက်ယူသည့်နေ့ | - ၃ ရက်၊ ဖေဖော်ဝါရီလ၊ ၂၀၁၈ ခုနှစ် |
| မှတ်တမ်းကောက်ယူသည့်အဖွဲ့ | - HI |

## ပုံ (၆) - ပိတ်မိနေသော ပြည်သူများကို တွေ့ရစဉ်



## အမှုဖြစ်စဉ်

ဗမာစစ်သားတွေရောက်တာကတော့ စနေနေ့မနက် (၉) နာရီလောက်မှာ စရောက်တယ်။ စစ်သားတွေရောက်လာတော့ ကျွန်မလည်း ကျွန်မခင်ပွန်းကိုပြောတယ် "စားစရာတွေစုဆောင်းရတော့မယ် စစ်ဖြစ်လာရင်ငါတို့စားဖို့လိုတယ် ကြည့်ရတာအခြေအနေ မကောင်းသလိုပဲ" ပိုက်ဆံတွေလည်း အပ်ချည်နဲ့ချုပ်ပြီးတော့ လုံချည်ထဲမှာထည့်ထားဖို့လိုမယ်ဆိုပြီးတော့ပြောနေရင်းနဲ့ အိမ်ပေါ်တက်သွားတဲ့အချိန်မှာပဲ မြန်မာစစ်သားတွေ တစ်ယောက်ပြီးတစ်ယောက် အိမ်ပေါ်တက်လာပြီးတော့ သေတ္တာတွေကိုဖွင့်ဖောက်ပြီးတော့ ကျွန်မကိုလည်း သေနတ်နဲ့ရွယ်ထားတယ် "မင်းတို့ဘာလုပ်တာလဲ၊ မင်းကဘယ်သူလဲ" ဆိုပြီးတော့အောက်ကို ဆွဲခေါ် သွားလိုက်တယ်။ ကျွန်မယောကျ်ားကိုတော့ စစ်သားတွေသေနတ်ပြောင်းအချွန်နဲ့ မင်းထွက်ပြေးမလို့လား မင်းဘာလုပ်တာလဲ ဆိုပြီးတော့ စစ်သားလေးယောက်လောက် ဝိုင်းထားတယ်လို့ ပြောတယ်။ ကျွန်မအောက်ကို ရောက်တော့ ကျွန်မယောကျ်ားကို မင်းကိုဘာလုပ်သေးလဲလို့မေးတော့ ကျွန်မစိတ်မကောင်းမှာစိုးလို့ထင်တယ် ဘာမှမလုပ်ဘူးလို့ပြောတယ်။ စစ်သားတစ်ယောက်က ဆေးလိပ်သောက်ချင်တယ်ကွာ လို့ပြောလို့ ကျွန်မဆိုင်မှာရှိတဲ့ဆေးလိပ်ကိုယူပြီးတော့ ဝေပေးလိုက်တယ် ဆေးလိပ်ဝေပေးနေတုန်းမှာပဲ သေနတ်သံတွေ ဗုန်းသံတွေက တရစပ်ကိုမြည်လာတယ်။ သေနတ်သံကြားလို့ဆိုင်ကယ်တွေနဲ့ ထွက်ပြေးလာတဲ့ လူတွေ အားလုံးကို ကျွန်မအိမ်အောက်မှာ ချည်ထားလိုက်တယ်။ ယောကျ်ားတွေကိုချည်တယ် မိန်းမတွေကိုတော့ တစ်နေရာမှာစုထားလိုက်တယ်။ ကျွန်မက ပေါက်ဝရွာမှာလည်းလူတွေရှိအုံးမှာပဲ ဆိုပြီးတော့ သိပ်မစိုးရိမ်ရဘူးလို့ ထင်နေတာ ဘယ်ဟုတ်မလဲ အားလုံးတောင်ထွက်ပြေးနေပြီးကြပြီ ကျွန်မတို့ပဲကျန်နေတာ။ ဦး****ရဲ့ ဇနီးက "ကျွန်မယောကျ်ား ဟင်းရွက်သွားခူးနေတာဟုတ်တယ် သူ့ကိုတော့ ဘာလုပ်လိုက်ကြပြီလဲ မသိဘူး" လို့ပြောနေတုန်းမှာပဲ ဦး****ကို ပိတ်စအနီနဲ့ မျက်စိပိတ်ပြီးတော့ခေါ်လာတာတွေ့လိုက်တယ်။ ကျွန်မလည်း ပိတ်စအနီတွေ့တော့ သတ်တော့မှာပဲဆိုပြီးတော့ လန့်ပြီးကြောက်သွားတယ်။ ဦး****ကို တိုင်အကြီးကြီးမှာ ချည်ထားလိုက်တယ်။ သူ့ဇနီးကိုပြောတယ် ကျွန်တော်ကို အာမခံပေးမဲ့သူရှိရင်တော့ လွတ်နိုင်တယ်လို့ ပြောတယ်တဲ့။ ကျွန်မလည်း ကြောက်လို့စကားလည်း သွားမပြောရဲဘူး သူ့ဇနီးက ဗိုလ်ကြီးကို ပြောကူအုံး ကျွန်မလည်းမပြောရဲဘူး ပြောလည်းမပြောတတ်ဘူးလို့ ပြောတယ်။

နောက်နေ့ရောက်တော့ စစ်သားတစ်ယောက် ဒေါ်****ဆိုပြီးတော့ ခေါ်သံ ကြားလို့ထလိုက်တယ်။ ကျွန်မယောက်ျားလည်း လိုက်ကူလိုက်ပါသူ တစ်ယောက်ထဲကြောက်နေတယ် လို့ပြန်ပြောတော့ ကျွန်မလည်း လိုက်ကူသွားလိုက်တယ်။ ဒေါ်****ကိုမေးတော့ ဦး****က ဟင်းသွားရှာသွားနေတာ ဟုတ်တယ်လို့ဖြေတယ်။ ကျွန်မကိုပြန်မေးတယ် မင်းသူ့ကိုအာမခံနိုင်လား လို့မေးတယ် ကျွန်မလည်း အာမခံနိုင်တယ်လို့ပြောလိုက်တယ်။ မင်းတို့ ဒီမှာ ဘာမျှော်လင့်ချက်နဲ့ နေနေတာလဲလို့မေးတယ် ကျွန်မလည်းဘာမျှော်လင့်ချက်နဲ့မှမဟုတ်ဘူး ဒီမှာ နှစ်ရှည်ပင်တွေစိုက်ပြီးတော့ အခင်းစောင့်နေတာ ဟုတ်တယ်၊ ဘယ်သူဘာလုပ်တယ်ဆိုတာလဲ ဘာမှမသိဘူးလို့ ပြောတယ်။ စစ်သားတွေက ပြောတယ်။ မင်းတို့ ဒီဘိုးတော်တကယ်ဘာမှမလုပ်တာ သေချာလား သေချာတယ် ဆိုရင်တော့ မင်းတို့မနက်ဖန် မနက် (၉) နာရီလောက်မှာ ငါတို့ထွက်သွားတာနဲ့ မြန်မြန်ထွက်ပြေးကြ မြန်မြန်မသွားဘူးဆိုရင် မင်းတို့အားလုံးကို သတ်ပစ်ရလိမ့်မယ်ဆိုပြီးတော့ ပြောတယ်။ ဦး**** လည်း ကြောက်နေတယ်၊ "ကျွန်တော်ကို ခုထိကြိုးမဖြည်သေးဘူးဆိုတော့ ဒီညတော့ သတ်တော့မှာပဲ" ဆိုပြီး ကြောက်ကြောက်နဲ့ပြောနေတယ်။ ကျွန်မလည်း မကြောက်နဲ့ ဆုတောင်းပါ ဘုရားပဲကယ်နိုင်တယ် လို့ပြောထားလိုက်တယ်။ အိမ်မှာလည်းစစ်ဗိုလ်ကြီးနဲ့ စစ်သားတွေလည်းအိပ်တယ်။ ဗိုလ်ကြီးကပြောတယ် "မင်းတို့ဒီမှာမနေသင့်ဘူး မနက်ဖြန်ကြရင်ပစ္စည်းတွေဘာမှ နှမြောမနေနဲ့တော့ မိုးလင်းတာနဲ့ အားလုံး ထွက်ပြေးကြပါ" လို့ပြောတယ်။ နောက်နေ့မနက်ရောက်တော့ မနက် (၉) နာရီလောက်ရောက်တော့ ကျွန်မတို့လဲပြန်ဖို့လုပ်တော့တယ် ကျွန်မလည်း ဆန်တွေထုတ်ဖို့လုပ်လိုက်တယ် ထမင်းအိုးကို ပလိုင်းထဲ ထည့်ပြီးတော့ အမှိုက်ပုံးကိုကြိုးနဲ့ချည်လိုက်တယ်။ အားလုံးထွက်ပြေးနေကြတယ်။ ဈေးတွေအိမ်တွေ လည်းမီးလောင်နေပြီ ကျွန်မတို့လည်း စက်လှေဘက်ကိုသွားပြီးတော့ လှေတစ်စင်းယူလိုက်တယ် လှေထဲက ရေကိုပတ်ထုတ်တယ်။ တဝန်ဖွပ်ရွာရောက်ရင် တစ်ယောက်ယောက်ကိုတော့ တွေ့မှာပဲ တဝန်ဖွပ်ကျေးရွာက လူတွေကိုတွေ့လိမ့်မယ်လို့ မျှော်လင့်ချက်နဲ့ သွားလိုက်တယ်။ တဝန်ဖွပ်ရွာရောက်တော့လူတွေကို တွေ့လိုက်မှ စိတ်သက်သာသွားတယ်။ ဦး**** ဆိုသူတစ်ယောက်ကို နှိပ်စက်နေတာတွေ့လိုက်တယ် သူကရွာသားတစ်ယောက် ဟုတ်တယ် အနွေးပျောက်ကျား ဘောင်းဘီရှည်ဝတ်ထားလို့ သူပုန်ဟုတ်တယ် ဆိုပြီးတော့ ချည်ပြီးဝိုင်းရိုက်တာတွေ့လိုက်တယ်။ ဦး**** က အသက် ၆၀ ကျော်လောက်ရှိပြီ။ ဆိုင်ကယ်တွေ သုံးဘီးကားတွေဆိုရင် အများကြီးပဲထွက်ပြေးသွားတဲ့လူတွေ ပစ်ထားတဲ့ဟာတွေ စစ်သားတွေက ဆိုင်ကယ်တစ်စီးစက်နိုးလိုက်၊ နိုးလို့မရရင်ပစ်ထားလိုက်၊ နိုးလို့ရရင်စီးသွားလိုက်လုပ်ကြတယ်။ ကျွန်မတို့တဝန်ဖွပ်ရွာရောက်တော့ တဝန်ကျေးရွာကနေ သုံးမိုင်ပဲဝေးတဲ့ တနိုင်းမြို့ထိ တစ်ယောက် နှစ်သောင်း၊ နှစ်သောင်းခွဲပေးပြီးတော့ပြန်လာခဲ့ရတယ်။ ဦး****က ဟင်းရှာပြီးတော့ ပြန်လာချိန်မှာ ဖမ်းသွားတယ်လို့ ပြောတယ်။ စစ်ကြောင်းက အကြီးဆုံးတစ်ယောက်ဖြစ်တဲ့ ဗိုလ်ကြီးလား ဗိုလ်မှူးလားမသိဘူး သူက ညမိုးချုပ်ရင်သတ်လိုက်လို့ အမိန့်ပေးထားတာဟုတ်တယ်တဲ့ ဒါကိုဗိုလ်ကြီးတစ်ယောက်ကသနားလို့ ကျွန်တော်သတ်လိုက်မယ်ဆိုပြီးတော့ ကျွန်မတို့ရှိတဲ့နေရာမှာ ခေါ်လာတာဟုတ်တယ်တဲ့။ အဲ့ဒီ ဗိုလ်ကြီးသဘောကောင်းလို့ အသက်ရှင်တယ်လို့ ပြောရမယ်။

**လူ့အခွင့်အရေးချိုးဖောက်ခံရမှု - လက်နက်ကြီးထိမှန်မှု (သေဆုံး)**

| | |
|---|---|
| ချိုးဖောက်ခံရသူအမည် | - ဦး**** |
| ကျား/မ | - ကျား |
| အသက် | - ၅၃ နှစ် |
| အမျိုးသားမှတ်ပုံတင်အမှတ် | - ၁/တနန(နိုင်)**** |
| လူမျိုး | - ကချင် |
| ကိုးကွယ်သည့်ဘာသာ | - ခရစ်ယာန် |
| ပညာအရည်အချင်း | - ကျောင်းမတက် |
| အလုပ်အကိုင် | - တောင်သူ |
| မိဘအမည် | - ဦး**** နှင့် ဒေါ်**** |
| အိမ်ထောင်ရှိ/ မရှိ | - ရှိ |
| ဇနီးအမည် | - ဒေါ်**** (ပထမဇနီး) နှင့် ဒေါ်**** (ဒုတိယဇနီး) |

သား / သမီး - ၂ ယောက်
နေရပ်လိပ်စာ - ****ကျေးရွာ၊ တနိုင်းမြို့နယ်၊ ကချင်ပြည်နယ်။
အခင်းဖြစ်ပွားသည့်နေ့ - ၂၇ ရက်၊ ဇန်နဝါရီလ၊ ၂၀၁၈ ခုနှစ်
ချိုးဖောက်သူ - မြန်မာအစိုးရတပ်မတော်

အမှုဖြစ်စဉ်ပြန်လည်ပြောပြသူအမည် - ဒေါ်****
ချိုးဖောက်ခံရသူနှင့်တော်စပ်ပုံ - ချိုးဖောက်ခံရသူ၏ ပထမဇနီး
အသက် - ၅၉ နှစ်
လူမျိုး - ကချင်
ကိုးကွယ်သည့်ဘာသာ - ခရစ်ယာန်
မိဘအမည် - ဦး**** ဒေါ်****
အိမ်ထောင်ရှိ/ မရှိ - ရှိ
နေရပ်လိပ်စာ - **** ကျေးရွာ၊ တနိုင်းမြို့၊ ကချင်ပြည်နယ်။
မှတ်တမ်းကောက်သည့်နေ့ - ၅ ရက်၊ ဇွန်လ၊ ၂၀၁၈ ခုနှစ်
မှတ်တမ်းကောက်သည့်အဖွဲ့ - KWAT

## အမှုဖြစ်စဉ်

၂၇ ရက်၊ ဇန်နဝါရီလ၊ ၂၀၁၈ ရက်နေ့တွင်****ရွာမှ မိနစ်(၃၀) လမ်းလျှောက်ရတဲ့နေရာမှာ ကျွန်မတို့ရွာသူ/သားများ ကောင်းချီးခံယူပွဲသွားကြတယ်။ ကျွန်မအမျိုးသားက အိမ်စောင့်ပြီးကျန်ခဲ့တယ်။ ကျွန်မတို့ကောင်းချီးခံယူဆုတောင်းပြီးချိန် ညနေပိုင်း (၂) နာရီခန့်တွင် အစိုးရစစ်ဂျက်လေ ယာဉ် (၂) စီး ရောက်လာပြီး လက်နက်ကြီး (၃၊၄) ခေါက်လောက်ပစ်ချတယ် လေယာဉ်က နှစ်စီး ဟုတ်တယ်။ ကျွန်မတို့ဆုတောင်းသွားကြတဲ့သူအားလုံးက ****ရွာသို့ထွက်ပြေးတိမ်းရှောင်ခဲ့ကြတယ်။ ကျွန်မ အမျိုးသားလည်း ****ရွာသို့ထွက်ပြေး တိမ်းရှောင်လာချိန်လမ်းမှာ KIA ကချင်လွတ်လပ်ရေးတပ်မတော် တည်ရှိရာနေရာနှင့် ****ရွာကြားလက်နက်ကြီးထိပြီး သေဆုံးခဲ့တယ်။ ၄င်းနေရာနှစ်ခု၏ အကွာအဝေးသည် (၃) ဖာလုံလောက်ပဲရှိတယ်။ လက်နက်ကြီးကျတဲ့နေရာက KIA တပ်စခန်းအနီးတပိုက်နှင့် ****ရွာတွင်ဖြစ်ပြီး ထိုရွာ အတွင်း အိုးအိမ်ပျက်စီးခြင်းတော့မရှိပါ။ ကျွန်မအမျိုးသား လက်နက်ထိတာကို KIA စစ်သားများတွေ့ပြီး သူတို့ကိုယ်တိုင် ****ရွာမှာပဲ မြေမြှုပ်သင်္ဂြိုလ်လိုက်သည်။

KIA စစ်သား ****ဆိုသူ ပြောသည်မှာ အဲဒီနေ့မှာပဲ လက်နက်ထိမှန်ပြီး သေဆုံးသွားတယ်လို့ ပြောကြတယ်။ ကျွန်မတို့မိသားစုက တစ်ပတ်လောက် ကြာမှသိရတယ်။ ****ရွာသူကြီး ****က ကျွန်မတို့ထွက် ပြေးခဲ့တဲ့ ****ရွာသို့ လာပြောပြ အကြောင်းကြားပေးတယ်။ လက်နက်ဘယ်လိုထိပြီး သေဆုံးသွားတယ် ဆိုတာတော့ ဘာမှပြောမပြဘူး။ ကျွန်မတို့သားအမိတို့လည်း ၇ ရက်၊ မတ်လမှာ သူ့အတွက် ဆုတောင်းပွဲ လုပ်ပေးတယ်။ ဆုတောင်း ပြီးနောက် ၂၊ ၃ရက် လောက်ကြာမှ ****KBC စစ်ပြေးဒုက္ခသည် စခန်းသို့ ရောက်လာခဲ့တယ်။ ရွာတော့ မပြန်ဖြစ်တော့ဘူး။ ခုတော့ မြန်မာအစိုးရစစ်သားများ စခန်းချနေတယ်လို့သိရတယ်။ ****ရွာမှာအိမ်ခြေစုစုပေါင်းက (၁၀)အိမ်လောက်ပဲရှိတယ်၊ ပညာသင် ကျောင်းက (၄) တန်းထိရှိတယ်။ တောင်ယာလုပ်ငန်း၊ လယ်လုပ်ငန်းနှင့် အသက်မွေးဝမ်းကျောင်းပြုကြတယ်။ ပိုက်ဆံရှာတဲ့သူ မရှိတော့ဘူး ဆိုတော့ ရွာပြန်သွားချိန် ထမင်းတောင်စားစရာ ရှိမှာ မဟုတ်ဘူး။ ဆုတောင်းရင်း ထွက်ပြေးခဲ့ရလို့ အိမ်က ပစ္စည်းများလည်း ဘာမှပါမလာဘူး။ ကလေးနှစ်ယောက်နှင့် အရမ်းခက်ခဲတယ်။

## ထွက်ပြေးတိမ်းရှောင်ချိန် အတွေ့အကြုံ

၂၇ ရက်နေ့ ဖေဖော်ဝါရီလ ၂၀၁၈ ခုနှစ်တွင် ****ရွာသို့ ကောင်းချီးခံယူဆုတောင်းပွဲ သွားရင်း ထိုနေ့မှာပဲ **** အခြား ****ရွာသို့ပြန်ထွက်ပြေးခဲ့တယ်။ ထိုမှတဆင့် မတ်လ ၇ ရက်နေ့တွင် အမျိုးသားအတွက်

ဆုတောင်းပေးပြီးနောက် ၃ ရက်ခန့်နေပြီး ****မြို့သို့ထွက်ပြေး ပြောင်းရွှေ့လာခဲ့တယ်။ ထွက်ပြေးပြောင်းရွှေ့လာချိန် လမ်းမကြီးအတိုင်းမဟုတ်ဘဲ တောလမ်းကနေ ထွက်ပြေးလာခဲ့တယ်။ လမ်းမကြီးအတိုင်းဆို အစိုးရစစ်သားများနှင့် ဆုံမှာစိုးသောကြောင့် မသွားရဲဘူး။ ****ကချင်နှစ်ခြင်း စစ်ရှောင်စခန်းသို့ မတ်လ (၁၀) ရက် လောက်မှာ ရောက်လာခဲ့တယ်။ တောလမ်းဖြတ်လာချိန်မှာ တောလမ်း ဖောက်ရသဖြင့် အမျိုးတစ်ယောက်အား ပိုက်ဆံကျပ် (၅၀၀၀) ပေးပြီးလမ်းပြခိုင်းခဲ့သည်။

**လူ့အခွင့်အရေးချိုးဖောက်မှု - မတရားဖမ်းဆီးချုပ်နှောင်မှု**

| | |
|---|---|
| ချိုးဖောက်ခံရသူအမည် | - မ**** |
| ကျား/မ | - မ |
| အသက် | - ၂၀ နှစ် |
| အမျိုးသားမှတ်ပုံတင်အမှတ် | - ၁/တနန( နိုင် )**** |
| လူမျိုး | - ကချင် |
| ကိုးကွယ်သည့်ဘာသာ | - ခရစ်ယာန် |
| အလုပ်အကိုင် | - တက္ကသိုလ်ဒုတိယနှစ်ကျောင်းသူ |
| မိဘအမည် | - ဦး****နှင့် ဒေါ်**** |
| အိမ်ထောင်ရှိ/မရှိ | - မရှိ |
| နေရပ်လိပ်စာ | - ****ရပ်ကွက်၊ တနိုင်းမြို့နယ်၊ ကချင်ပြည်နယ်။ |
| အခင်းဖြစ်ပွားသည့်နေရာ | - နမ်ဂေါန်ဇွပ်၊ တနိုင်းမြို့နယ်၊ ကချင်ပြည်နယ်။ |
| အခင်းဖြစ်ပွားသည့်နေ့ | - ၂၇-၂၉ ရက်၊ ဇန်နဂါရီလ၊ ၂၀၁၈ ခုနှစ် |
| ချိုးဖောက်သူ | - ခွန်းတပ်၊ မြန်မာအစိုးရတပ်မတော် |
| အမှုဖြစ်စဥ်ပြန်လည်ပြောပြသူ | - ချိုးဖောက်ခံရသူကိုယ်တိုင် |
| မှတ်တမ်းကောက်ယူသည့်နေ့ | - ၈ ရက်၊ ဖေဖော်ဝါရီလ၊ ၂၀၁၈ ခုနှစ် |
| မှတ်တမ်းကောက်ယူသည့်အဖွဲ့အစည်း | - HI ၊ KWAT |

**အမှုဖြစ်စဉ်**

ကျွန်မအလုပ်စလုပ်တာကတော့ ၂၀၁၇ ဒီဇင်ဘာလ ၅ ရက်နေ့လောက်မှာ စလုပ်တယ်။ တစ်လလောက် ပယင်းတန်ဖိုးဖြတ်ရုံး ဌာနမှာ အလုပ်လုပ်ရတယ်။ ပယင်းမှော်မှာပဲ စာရင်းနဲ့ဆိုင်တဲ့ ဝန်ထမ်းတွေကို အတွေ့အကြုံရအောင်ဆိုပြီး အပြောင်းအရွှေ့လုပ်ပြီးတော့ တာဝန်တွေခွဲပေးလိုက်ကြတယ်။ ကျွန်မကတော့ ပေါက်ဝဂိတ်မှာ ကျတယ်။ ကျွန်မတို့ကတော့ လခစား ဝန်ထမ်းတွေပါ။ ရောက်တာ တစ်ပတ်လောက်ပဲ ရှိသေးတယ်။ ကျွန်မတို့ဂိတ်မှာတော့ အားလုံးပေါင်း ၈ ယောက်ရှိတယ်။ မိန်းကလေးကတော့ ကျွန်မနဲ့ဆို နှစ်ယောက်ရှိတယ်။ တစ်ယောက်ကတော့ မ**** အသက်-၂၃နှစ်၊ မောင်****(သေဆုံးသူ)အသက်-၂၃၊ ဦး**** (သေဆုံးသူ)အသက်-၂၅နှစ်၊ ပေါင်း ၆ ယောက်ရှိတယ်။ ကျွန်မတို့နှစ်ယောက်ဘောက်ချာ ဆွဲပေးရတယ်။ အခင်းမဖြစ်မီအချိန်ထိကျွန်မတို့ ဂိတ်အနီးတစ်ဝိုက်မှာ တိုက်ပွဲဖြစ်တာတွေတော့မရှိဘူး။ မကြားမိဘူး။ ဂိတ်မှာအားလုံးပေါင်း ၈ ယောက်ရှိတဲ့ထဲက ဦး**** နဲ့ မောင်****တို့နှစ်ယောက် ကလွဲလို့ ကျွန်မတို့ နှစ်ယောက်အပါအဝင် (၆)ယောက် ကတော့ရိုးရိုးသာမန်ပြည်သူတွေပဲ မှန့်ဖိုးရှာတဲ့အနေနဲ့ အလုပ်ဝင်လုပ်ကြတဲ့ လူငယ်တွေပဲ။ အခင်းဖြစ်တာကတော့ ၂၇ ရက်၊ ဇန်နဂါရီလပိုင်း ၂၀၁၈ ခုနှစ်မှာ ဟုတ်တယ်။ မြန်မာတပ်ကစစ်သားတွေ အရှေ့ဘက်ခြမ်းကနေ လာခဲ့ကြတာဟုတ်တယ် စစ်သားတွေကို ကျွန်မတွေ့လိုက် တော့ ကျွန်မသူငယ်ချင်းကို ပြောတယ် "ဟိုမှာဗမာစစ်သားတွေနဲ့ အရမ်းတူတယ် ဗမာတွေမဟုတ်လား" လို့ပြောတော့ ကျွန်မသူငယ်ချင်းက မနောက်နဲ့ လို့ပြောပြီးလှည့်ကြည့်လိုက်တဲ့ချိန်မှာ ဗမာစစ်သား ဖြစ်နေတာတွေ့လိုက်တော့ "ဗမာ" "ဗမာ" ဆိုပြီးတော့ အော်လိုက်တယ်၊ အော်သံကြားလိုက်တာနဲ့

တပ်ကြပ်ကြီးကတော့ တံခါးပေါက်ကနေခုန်ဆင်းပြီး ထွက်ပြေးသွားတယ်။ လွတ်သလား၊ မလွတ်ဘူးလား တော့မသိဘူး။ နှစ်ယောက်ကိုတော့ ထွက်ပြေးတာနဲ့ ပစ်သတ်လိုက်တယ်။ ကျွန်မတို့ကိုလည်း မြေကြီးမှာ မှောက်ထားခိုင်းလိုက်တယ် လက်ကိုလည်း နောက်ပြန်ကြိုးချီထားလိုက်တယ်။ ကျွန်မကတော့အစပိုင်းတော့ စနောက်နေတယ် လို့ပဲထင်နေတယ် နောက်မှကျွန်မလည်း လန့်ပြီးမှောက်နေလိုက်တယ်။ ဘယ်တပ်မ ကလည်းတော့ မသိဘူး ခန္တီးတပ်ကလို့ ပြောတယ်။ ကျွန်မတို့ကို စစ်ဆေးတယ် ခြေထောက်မှာလည်း ချီထားပြီး နှစ်လိုင်းစီ ထားခိုင်းလိုက်တယ်။ ကျွန်မတို့ကို စစ်ဆေးနေတဲ့ချိန်မှာပဲ အရှေ့လိုင်းက ယောကျ်ားလေး လေးယောက်ကို ပိတ်စအနီနဲ့မျက်စိ ပိတ်ပေးပြီးတော့ ခေါ်သွားလိုက်တယ်။ ကျွန်မတို့လိုင်းမှာ မှောက်နေတဲ့ လေလံ ရုံးက ဗမာလူငယ်တစ်ယောက် နာမည်တော့ မသိဘူး သူ့ကိုလည်း ထခိုင်းပြီးတော့ ခေါ်သွားလိုက်တယ်။ ခေါ်သွားလိုက်တာနဲ့ သေနတ်သံကြားလိုက်ပြီ။ သူတို့အားလုံးက သာမာန်ပြည်သူတွေပဲ ဟုတ်တယ်။ သတ်လိုက်တာကတော့ စစ်သားတွေရောက်လာတာနဲ့ ပစ်သတ်လိုက်တဲ့ နှစ်ယောက် နဲ့ မျက်စိပိတ် လက်ချည်ပြီးသတ်လိုက်တာ (၅) ယောက် စုစုပေါင်း (၇) ယောက်သတ်လိုက်တယ်။ အဲ့ထဲမှာ မျက်စိပိတ် လက်ချည်ပြီးသတ်ခံရတဲ့ (၅) ယောက် က သာမာန်ပြည်သူတွေပဲဟုတ်တယ်။ ဦးအသက် (၆၀-၇၀) အရွယ် အဖိုးကြီးတစ်ယောက်လည်းပါတယ် သူ့ကိုလည်း ပိတ်စအနီ ပိတ်ထားပေးလိုက်တယ် သူ့ကိုတော့မသတ်ဘူး။ သတ်လိုက်တဲ့ ငါးဦးကိုတော့ မစစ်ဆေးဘူး ကျွန်မတို့သုံးယောက်ကိုပဲ စစ်ဆေးတယ်။ ထွက်ပြေးသွားတဲ့ တပ်ကြပ်လည်း ပါသလား မပါသလားတော့မသိဘူး။ ကျွန်မတို့သုံးယောက်ကို ညနေပိုင်းထိ မှောက်ထားခိုင်းတယ်။ ပြီးတော့ သူတို့ပစ်သတ်လိုက်တဲ့ အလောင်းတွေကို ပလပ်စတစ်နဲ့ဖုံးထားလိုက်တယ်။ ဗိုလ်လေးတစ်ယောက်က "မင်းတို့ ဘာစားပြီးသွားပြီလဲ" လို့မေးတယ်၊ ကျွန်မတို့နှစ်ယောက်ဘာမှ မစားရသေးဘူး။ ကျွန်မတို့နှစ်ယောက်ကို ရေနဲ့ ထမင်းခွံ ကျွေးတယ် လက်ကတော့ချည် ထားပေးလိုက်တယ်။ အဲလိုပြီးတော့ မနက် (၇) နာရီလောက်မှာ ကျမတို့ နောက်တစ်နေရာကို ပြောင်းပါတယ်။ သုံးဘီးနဲ့ ပစ္စည်းတော်တော်များ သယ်ထားပါတယ်။ မိုင်းဆက် စခန်းကိုသွားနေတဲ့လမ်းမှာပဲ တိုက်ပွဲဖြစ်ပါတယ်။ ကချင် စစ်သားတွေနဲ့ တွေ့ပြီး တိုက်ပွဲဖြစ်တာပါ။ နှစ်ဖွဲ့ကြား သေနတ်သံတွေ ဆူညံပြီး ဘယ်အချိန်ပဲ သေနတ်မှန်မလဲ၊ ဘယ်အချိန်ပဲ သေမလဲဆိုပြီး စိုးရိမ်နေရပါတယ်။ ကျမတို့ နှစ်ယောက်ဘေးမှာလဲ ကျည်ဆံတွေ လာလာမှန်ပါတယ်။ ကျမတို့လည်း သုံးဘီးဘေးမှာပုန်းလိုက်၊ သုံးဘီးအောက်မှာပုန်း လိုက်ပဲ လုပ်နေရပါတယ်။ ဘာလို့လဲဆိုတော့ကျမတို့ နှစ်ယောက်ကို ကြိုးချည်ပြီးဖမ်းလာတဲ့ စစ်သားက လက်နောက်ပြန်ကြိုးတုပ်ထားပြီး သုံးဘီးမှာ ချည်ထားတဲ့အတွက် ဘာမှ လုပ်လို့မရပါဘူး။ ကျမတို့ကို စောင့်ကြည့်ခိုင်းတဲ့ စစ်သားက ကျမတို့ကို သုံးဘီးနဲ့ တွဲပြီး ချည်ထားတာပါ။ တိုက်ပွဲဖြစ်တဲ့ အချိန် ကျမတို့ သုံးဘီးနောက်မှာ ပုန်းလိုက် သေနတ်သံမကြားတော့ရင် ထွက်ကြည့်လိုက်နဲ့ နေနေပါတယ်။ တိုက်ပွဲနည်းနည်း ကြာလာတာနဲ့ ကချင်စစ်သားဖက်က အင်အားနည်းတာကြောင့် တပ်ဆုတ်သွားပါတယ်။ ကချင်စစ်သားတွေ မိုင်းဆက်စခန်းမှာ မြေမြှုပ်မိုင်းတွေလည်း ထားထားခဲ့ပါတယ်။ မြန်မာစစ်သားတွေလည်း အကုန်လုံး လိုက်သိမ်းပြီး ကျမတို့ကိုလည်း အဲ့ဒီကို ခေါ်ထားပါတယ်။

ညရောက်တဲ့အချိန်မှာတော့ ကလေးမလေး နှစ်ယောက်အရမ်းချမ်းနေမှာဘဲ အနွေးထည်လေး ဝတ်ပေးလိုက်ဆိုပြီး ဗျူဟာမှူးက သူ့တပည့်တွေကို ပြောလိုက်တယ်။ သူ့တပည့်တွေက သူများဆိုင်ခန်းကနေ အနွေးထည်သွားယူပေးတယ်။ အိပ်တဲ့ချိန်မှာတော့ ကျွန်မတို့ နှစ်ယောက်ကို အခန်းကပ်ရပ် ခွဲအိပ်ခိုင်းထားလိုက်တယ်။ ၂၈ ရက်၊ ဇန်နဝါရီလ၊ ၂၀၁၈ ခုနှစ် ရက်နေ့မနက် နောက်နေ့မိုးလင်းတော့ မနက်စောစောထခိုင်းတယ် မျက်နှာ သစ်မယ်ဆိုရင်လည်းခေါ်သွားတယ်။ အပေါ့ သွားမယ်ဆိုရင်ခေါ်သွားတယ်။ ညနေပိုင်းရောက်တော့ မင်းတို့ကို ဒီနေ့လွတ်ပေးလိုက်မယ် မော်ကထွက်လာတဲ့လူတွေထဲမှာ မင်းတို့အသိပါရင် ကျောက်အရောင်းအဝယ်လုပ်တယ်လို့ပဲ ပြန်ဖြေနော်လို့ပြောတယ်။

ပြီးတော့ကျွန်မတို့နှစ်ယောက် သိတဲ့လူတွေနည်းနည်းများပြီဆိုတာနဲ့ ပေါက်ဝဂိတ်ထိ လိုက်ပို့တယ်။ ၂၈ ရက်၊ ဇန်နဝါရီလ၊ ၂၀၁၈ ခုနှစ် ရက်နေ့မှာကျွန်မတို့နှစ်ယောက်ကို ကြိုးလည်းဖြုတ်ပေးလိုက်တယ် ပြီးတော့လမ်းစရိတ်ဆိုပြီး ပိုက်ဆံတစ်ယောက် တစ်သိန်း (၁၀၀၀၀၀) ကျပ် ပေးလိုက်တယ်။ ဘယ်ကရတဲ့ ပိုက်ဆံလဲတော့ မသိဘူး။ စမတ်ကုန်းစခန်းကို တိုက်တဲ့ချိန် တစ်နေကုန် သေနတ်အသံတွေပဲ ကြားရတယ်၊ ကျွန်မတို့နှစ်ယောက်က ဆုပဲတောင်းတယ် ညဆိုရင်လည်း ဆုပဲတောင်းတယ်။ အခုဆိုရင် တရုတ်နှစ်သစ်ကူးညတွေမှာ

ဖောက်တဲ့ပြောက်သံကြားရင်တောင်မှ လန့်တယ် စိတ်ထဲမှာကြောက်စိတ်တွေ တောင်ပေါ်လာတယ်။ ကျွန်မတို့ကို ဖမ်းခေါ်သွားတဲ့ချိန်မှာပဲ ဦး****အဖိုးကြီး တစ်ယောက်ဟုတ်တယ် သူက ဆိုင်ကယ်မောင်းသင်ရင်းနဲ့ဖြတ်လာခဲ့ တဲ့အချိန်မှာ သူ့ကိုတားပြီး "မင်းက ဦး****လား" လို့မေးတော့အဖိုးကြီးက 'မဟုတ်ဘူး' လို့ပြောတာကြားရတယ်။ သူ့ကိုလည်း သေနတ်နဲ့ပစ်သတ်လိုက်တယ်။ ကျွန်မတို့နှစ်ယောက်ကို ရိုက်တာတွေ လက်နဲ့ထိတာတွေတော့မရှိဘူး၊ ကျွန်မတို့နှစ်ယောက်လည်းအမှန်တိုင်းဖြေတယ်။

သူတို့လည်းကျွန်မတို့ကို စစ်ဆေးတဲ့ချိန်မှာ ကျွန်မတို့က ရဲမေမဟုတ်ကြောင်း သိလို့ပဲထင်တယ်။ တစ်ယောက်ကမေးတယ် သေနတ်တစ်လက်ပိုနေတယ် ဘယ်သူ့သေနတ်လဲ မင်းတို့နှစ်ယောက်ထဲက ဘယ်သူက ရဲမေလဲ လို့မေးတယ်။ ကိုယ်ပိုင်နံပတ်ရှိလား လို့မေးတယ် ကျွန်မသူငယ်ချင်းက ရှိတယ် လို့ဖြေတယ် ဗိုလ်လေးကရှိရင်ပြောလို့ပြောတော့ ကျွန်မသူငယ်ချင်းက မှတ်ပုံတင်နံပတ် ပြောပြ နေပြီးတော့ "ကိုယ်ပိုင်နံပတ်ဆိုတာ ဘာကိုပြောတာလဲ" ဆိုပြီးတော့ပြန်ပြောတယ်။ အဲတာတွေကြောင့်ပဲ ကျွန်မတို့နှစ်ယောက်က ရဲမေ မဟုတ်ကြောင်း သူတို့သိသွားကြတယ် ထင်တယ်။ အသက်ရှင်တာကတော့ ကျွန်မတို့သူငယ်ချင်းနဲ့ အဖိုးကြီး ဦး****ပဲ အသက်ရှင်တယ်။ ကျွန်မတို့ကတော့ ဂိတ်က သူငယ်ချင်းတွေကို သေသွားပြီလို့တောင် မယုံသေးဘူး။ ဒါပေမဲ့ နောက်နေ့မှာ ပြည်သူ့စစ်ကစစ်သားတစ်ယောက် သူ့ဖုန်းက ပုံကိုပြတယ် "ဒီမှာမင်းတို့ သူငယ်ချင်းတွေ မဟုတ်လား" လို့မေးလို့ ကြည့်လိုက်တော့ ဂိတ်ကသူငယ်ချင်းတွေ ဖြစ်နေတယ် သနားစရာလေးနဲ့ သေတာတွေ့ရတယ် လက်မှာရောကြိုးချည်ထားတယ်။ ကျွန်မတို့ကလည်း အမှန်တိုင်းဖြေတယ် ကျွန်မတို့ ဂိတ်မှာစစ်သားနှစ်ယောက်ပဲပါတယ် တစ်ယောက်ကထွက်ပြေးသွားတယ်။ လူတစ်ယောက်တစ်ယောက်ကတော့ သတ်လိုက်တဲ့အထဲမှာပါသွားပြီ ကျန်တဲ့လူတွေကတော့ ကျွန်မတို့ သူငယ်ချင်းတွေပဲ ရိုးရိုးသာမန်တွေပဲဟုတ်တယ်လို့ ပြန်ဖြေတယ်။ ကျွန်မတို့ကိုဖမ်းတဲ့အချိန် သတ်လိုက်တာက ငါးယောက်ဟုတ်တယ်။ ပြီးတော့တခြားနေရာမှာ သတ်လိုက်တာနဲ့ဆိုရင်အားလုံးပေါင်း ၁၂ ယောက် ရှိတယ် ဆိုပြီးတော့ ဗမာစစ်သားတွေကိုလမ်းပြလုပ်ပေးတဲ့ လီဆူပြည်သူ့စစ်သားတစ်ယောက်က ကျွန်မတို့ကို ပြောပြတယ်။

**လူ့အခွင့်အရေးချိုးဖောက်ခံရမှု - ညှင်းပမ်းနှိပ်စက်မှု နှင့် ထိန်းသိမ်းချုပ်နှောင်မှု**

| | |
|---|---|
| ချိုးဖောက်ခံရသူအမည် | - ဦး**** |
| ကျား/မ | - ကျား |
| အသက် | - ၄၁ နှစ် |
| အမျိုးသားမှတ်ပုံတင်အမှတ် | - ၁/ တနန (နိုင်)**** |
| လူမျိုး | - ကချင် |
| ပညာအရည်အချင်း | - ၆ တန်း |
| အလုပ်အကိုင် | - တောင်သူ |
| မိဘအမည် | - ဦး****နှင့် ဒေါ်**** |
| အိမ်ထောင်ရှိ / မရှိ | - ရှိ |
| ဇနီးအမည် | - ဒေါ်**** |
| သား၊ သမီး | - (၂) ယောက် |
| နေရပ်လိပ်စာ | -****ရပ်ကွက်၊ တနိုင်းမြို့နယ်၊ ကချင်ပြည်နယ်။ |
| အခင်းဖြစ်ပွားသည့်နေ့ | - ၂ ရက်၊ ဖေဖော်ဝါရီလ၊ ၂၀၁၈ ခုနှစ်။ |
| ချိုးဖောက်သူ | - ခ.မ.ရ (၃၁၈)၊ မြန်မာအစိုးရတပ်မတော် |

| | |
|---|---|
| အမှုဖြစ်စဉ်ပြန်လည်ပြောပြသူ | - ချိုးဖောက်ခံရသူကိုယ်တိုင် |
| မှတ်တမ်းကောက်သည့်နေ့ | - ၈ ရက်၊ ဖေဖော်ဝါရီလ၊ ၂၀၁၈ ခုနှစ် |
| မှတ်တမ်းကောက်သည့်အဖွဲ့ | - KWAT |

**အမှုဖြစ်စဉ်**

****ကျေးရွာ အောက် (၄) မိုင်အကွာမှာ ကျွန်တော်တို့ လယ်တောရှိတယ်။ ကျွန်တော်က လယ်တောကနေ ****မြစ်ဆိုဘေးက ကမ်းပါးထိ ကားနဲ့စပါးသယ်နေတာ ဟုတ်တယ်။ ပထမတစ်ခေါက်တော့ စပါးအိတ် (၆၀) သယ်ထားပြီး စပါးအိတ် ပျောက်မှာစိုးလို့ ကျွန်တော့်သူငယ်ချင်း ကရင်ကောင်ကိုတော့ စပါးအိတ်စောင့်ခိုင်းပြီး ကျွန်တော်နဲ့ ကျွန်တော့်သူငယ်ချင်း ဆယ်ပြားကတော့ နောက်ထပ် စပါး အိတ် (၉၀) ပြန်သယ်လာခဲ့တယ်။ စပါးအိတ်သယ်ပြီးနောက် အရမ်းပင်ပန်းတဲ့အတွက် အရက် တစ်ငုံလောက် သောက်ရအောင်ဆိုပြီးလုပ်နေချိန်တွင် ကျွန်တော်တို့အနောက်ကနေ "အားလုံးမှောက် ခေါင်းမမော့နဲ့" လို့ပြောပြီး ဝါးလုံးနဲ့အပြင်းအထန်ရိုက်တယ်။ ခေါ်ပုတ်ထောင်းသလို ရိုက်နှက်ထုထောင်းတယ်။ ကျွန်တော်တို့ကို ဖမ်းတဲ့သူက (၃) ပွင့် ဗိုလ် ဟုတ်တယ်။ အဲလိုရိုက်နှက်ပြီးနောက် လက်ကိုနောက်ပြန်ကြိုးချည်ပြီး ဆိုင်ကယ်နဲ့ ၃ မိုင်လောက်ဝေးတဲ့ ခမရ (၃၁၈) ဗမာစစ်တပ်ဘက်ကို ခေါ်သွားတယ်။ အဲဒီနေရာရောက်တော့ စစ်ဆေးမေးမြန်းခြင်း လုပ်တယ်။ တစ်ခွန်းပြောရင်တစ်ခွန်းဖြေနော်" လို့ပြောပြီး သူတို့ "တစ်ခွန်းမေးရင်" "ငါတစ်ခွန်း ပြန်ဖြေတယ်" ဒါပေမယ့် နှစ်ချက် ပြန်ရိုက်တယ်။ မေးခွန်းမေးပြီး ကျွန်တော်ပြန်ဖြေတိုင်း "ငါပြောတာ မင်းနားမလည်ဘူးလား" ဆိုပြီး ပြန်ပြန်ရိုက်တယ်။ သူတို့မေးပြီးနောက်တော့ မျက်စိကို တိတ်နဲ့ပိတ်၊ လက်ထိပ်လဲခတ်ပြီး သူ့ကိုမြုပ်ဖို့ လက်တစ်တောင်လောက်အနက်ရှိတဲ့ကျင်းဘေးမှာ "ကောင်းကောင်းထိုင်နော် ကောင်းကောင်းထိုင်နော်" ဆိုပြီး ဆောင့်ကြောင့်လျက် ထိုင်ခိုင်းပြီး ပစ်သတ်ရန် အဆင်သင့်ဖြစ်နေတဲ့အချိန်မှာ စစ်ဗိုလ်တစ်ယောက် ရောက်လာပြီး "ဟိတ် ခဏနေအုံး ဒီကောင်ကို မေးကြည့်ရအုံးမယ်" ဆိုပြီးသူ့ကို "ကေအိုင်ကေ စစ်သားဟုတ်သလား?" "****ရွာမှာ မင်းကနာမည်ကြီးဘဲ အမည်****ဆိုတာမင်းဘဲ" "လစာဘယ်လောက်စားလဲ၊ တစ်နှစ်မှာ လခဘယ်လောက်ထုတ်စားသလဲ" "မင်းက ဘာအဆင့်လဲ ဗိုလ်ကြီးလား?" " ****ကျေးရွာမှာ လယ်လုပ်စားတာ ကေအိုင်အေကို ရိက္ခာပေးတာ မဟုတ်ဘူးလား" ဆိုပြီးမေးတော့ ကျွန်တော်က "မဟုတ်ပါဘူး ကျွန်တော်က လယ်သမားအစစ်ပါ" "မလိမ်နဲ့ဆိုပြီး" ကျွန်တော်ခန္ဓာကိုယ် တစ်ကိုယ်လုံးရိုက်နှက်တယ်။ ရင်ဘတ်မှာလည်း ကန်တယ်။ ဘယ်၊ ညာ ရင်ဘတ်မှာ သေနတ်တွေဖြင့်လည်း ထုတယ်။ ကျောဘက်မှာလဲ သေနတ် ဒင်နဲ့ထုတယ်။ မှောက်ခုံလဲခိုင်းပြီး ကန်တယ်။ " အားယား.... နာတယ်လို့ အော်တော့လဲ" "မအော်နဲ့ ငါလိုးမ ကောင်" ဆိုပြီးပြောတယ်။ ရှေ့မှာစစ်သားတစ်ယောက်ကန် နောက်မှာတစ်ယောက်ကန်တယ် တပြိုင်နက်ကန်တယ်။ ပါးနှစ်ဖက်စလုံးကို လက်နဲ့ထိုးတယ်။ ဒူးထောက်ခိုင်းထားပြီးမှ ရိုက်တယ်၊ ဒူးမှာလည်းခြေထောက်နဲ့ကန်တယ်။ ကျွန်တော့်ကို ဘော်လုံးလိုကန်တယ်။ ဖမ်းထားတဲ့အချိန် ရေသောက်ချင်လို့ ရေတောင်းတော့လဲ ပါးစပ် ထိုးပေးတယ် ရေလဲမတိုက်ဘူး ထမင်းလဲမကျွေးဘူး။ တစ်ရက်နဲ့ တစ်ည ဘာမှမကျွေးဘူး။

ကျွန်တော့်ကိုကျွန်တော် သေပြီလို့တောင်ထင်တယ်။ ပြီးတော့ မျက်စိပြန်ပိတ်ပေးတယ်။ မျက်စိပြန်ပိတ်ပေးလိုက်တဲ့ချိန်မှာတော့ ကျွန်တော့်ကို သတ်လိုက်တော့မယ် လို့ထင်တယ်။ အဲဒီအချိန်မှာ ခလရ (၈၆) တပ်က အကိုတော်တဲ့ ဦး**** ရောက်လာပြီး ကျွန်တော်တို့ ၄ ယောက်ကို အာမခံနဲ့ ထုတ်ယူတယ်။ ကျွန်တော်တို့ကို ပြန်လွတ်တဲ့အချိန်မှ မျက်စိပိတ်ထားတာ ဖြည်ပေးတယ်။ ကျွန်တော်တို့ကို (၄) ယောက်စလုံးကော၊ တစ်ယောက်ချင်းကော ဓါတ်ပုံရိုက်ယူတယ်။ ပြန်သွားပြီး အိမ်ရောက်တော့ ခန္ဓာကိုယ်တစ်ခုလုံး နာတယ်။ ညာဘက်လက်က လုံးဝလှုပ်လို့မရဖြစ်သွားတယ်။ ညာဘက်ရင်အုံလဲ အရမ်းနာတယ်။ ဓါတ်မှန်တော့ ရိုက်ထားတယ်။ အဖြေတော့မရသေးဘူး။ အခုတော့ ကချင်ဆေး သောက်နေတယ်။

မှတ်ချက်- အိမ်ပြန်ရောက်ပြီး တစ်လအကြာမှာ ကျူးလွန်ခံရသူ ဦး****သေဆုံး သွားတယ် ဆိုတာ သိရသည်။

**လူ့အခွင့်အရေးချိုးဖောက်ခံရမှု - လက်နက်ကြီးထိမှန်မှု (ဒဏ်ရာရ)**

| | |
|---|---|
| ချိုးဖောက်ခံရသူအမည် | - ဦး**** |
| ကျား/မ | - ကျား |
| အသက် | - ၅၆ နှစ် |

| | |
|---|---|
| လူမျိုး | - ကချင် |
| ကိုးကွယ်သည့်ဘာသာ | - ခရစ်ယာန် |
| အလုပ်အကိုင် | - တောင်ယာလုပ်ငန်း |
| မိဘအမည် | - ဦး**** နှင့် ဒေါ်**** |
| အိမ်ထောင်ရှိ/ မရှိ | - ရှိ |
| ဇနီးအမည် | - ဒေါ်**** |
| သား / သမီး | - (၃) ယောက် |
| နေရပ်လိပ်စာ | - ရပ်ကွက်****၊ **** ကျေးရွာ၊ တနိုင်းမြို့နယ်၊ ကချင်ပြည်နယ်။ |
| အခင်းဖြစ်ပွားသည့်နေ့ | - ၁၁ ရက်၊ ဧပြီလ၊ ၂၀၁၈ ခုနှစ်။ |
| အခင်းဖြစ်ပွားသည့်နေရာ | - ရွာနှင့် (၂) မိုင်အကွာ၊ တနိုင်းမြို့နယ်၊ ကချင်ပြည်နယ်။ |
| ချိုးဖောက်သူ | - မြန်မာအစိုးရစစ်တပ်တပ်မတော် |
| | |
| အမှုဖြစ်စဉ်ပြန်လည်ပြောပြသူ | - ချိုးဖောက်ခံရသူကိုယ်တိုင် |
| မှတ်တမ်းကောက်သည့်နေ့ | - ၁၂ ရက်၊ မေလ၊ ၂၀၁၈ ခုနှစ်။ |
| မှတ်တမ်းကောက်သည့်အဖွဲ့အစည်း | - KWAT |

**ပုံ (၇) - လက်နက်ကြီးထိမှ ဒဏ်ရာရရှိသည့် ဦး****‌**



## အမှုဖြစ်စဉ်

၁၁ ရက်၊ ဧပြီလ၊ ၂၀၁၈ ခုနှစ်နေ့လယ် ၁ နာရီ ခန့်တွင် မြန်မာအစိုးရစစ်တပ်မတော် (တနိုင်း ဒကစ၊ ၂၃၈ နဲ့ ၈၆) မှ ကျွန်တော်တို့ရွာနှင့် အနီးအနားပတ်ဝန်းကျင်ကို လက်နက်ကြီးဖြင့် ပစ်ခတ်ခဲ့ပါသည်။ ထိုအချိန်တွင် မြန်မာစစ်တပ်နှင့် စစ်တော့မဖြစ်ပါ။ လက်နက်ကြီး အကြိမ်ပေါင်းများစွာပစ်ပြီးနောက် လေယာဉ် (၂) စီးဖြင့် ဗုံးကြဲပြန်ပါသည်။ ပြီးနောက် လက်နက်ကြီးတွေနဲ့ ပြန်ပစ်ပါသည်။ ထို့နောက် (၃) နာရီခန့် ရောက်သောအခါ ရပ်သွားတဲ့အတွက် ကျွန်တော်နွားနစ်ကောင် သွားရှာခဲ့သည်။ တစ်ကောင်သာ တွေ့တဲ့အတွက် အိမ်ပြန်လာတော့ ကျွန်တော့်သားမောင်****က "အဖေတစ်တယောက် တည်းဆိုရင် နွားခေါ်လာဖို့ခက်မယ်" ဆိုပြီး သူပါလိုက်ရှာကူခဲ့ပါသည်။ ကျွန်တော့်သားကအသက် (၂၁) နှစ်ရှိပြီး ဒုတိယမြောက်သား ဖြစ်ပါသည်။

ကျွန်တော်တို့သားအဖ နစ်ယောက်နွားရှာတွေ့ပြီး ညနေ (၅) နာရီခန့်တွင် နွားနှင့်အတူပြန်လာ ရာလမ်းတွင် ကျွန်တော်တို့သားအဖ၏နောက် တကိုက်အကွာတွင် လက်နက်ကြီးကျလာပါသည်။ ထိုအချိန်တွင် ကျွန်တော်ကတော့

နွားကိုရှေ့ကဆွဲပြီး ကျွန်တော့်သားကိုတော့ နောက်ကနေ နွားမောင်းပြီး လိုက်လာခိုင်းတယ်။

ကျွန်တော့်ခြေထောက်မှာထိတယ် သွေးတွေလဲအများကြီးထွက်တယ်။ ကျွန်တော့်သားကို ကြည့်လိုက်တော့ နလုံးမှာထိပြီး လဲနေတယ်။ သားကိုသွားပွေ့ကြည့်တော့ မပွေ့နိုင်လို့ထားခဲ့ပြီး ကျွန်တော်ကတော့ နောက်တခေါက်ထပ်ပစ်ရင် မလွယ်ဘူးဆိုပြီး ကျွန်တော်တစ်ယောက်တည်း ချောင်ထဲဝင်လိုက် ပါသည်။ သို့သော်(၃) မိနစ်ခန့်အကြာပြန်ထွက်လာပြီး သားကိုပွေ့ကြည့်သော်လည်း မနိုင်တော့ သားက "အဖေရေ မလုပ်နဲ့တော့ ကျွန်တော်မဖြစ်တော့ဘူး" လို့ပြောတယ်။ ဒီလိုနဲ့ဒုတိယ တစ်ခါ ထပ်ပွေ့ကြည့်တော့လည်း မနိုင်ဘူး။ ကျွန်တော်က ဘယ်လိုမှ မလုပ်နိုင်ရင်တောင် ကျောက်ပြားပေါ်မှာ ဆိုရင်တော့မဖြစ်ဘူးဆိုပြီး မပွေ့နိုင်သောကြောင့်လမ်းဘေးဘက်ကို ဆွဲထားပြီး "မြန်မြန်လုပ်ကြပါ ဒီမှာ ကျွန်တော်တို့သားအဖ အရမ်းဒုက္ခ ရောက်နေတယ်" ဟု (၇)ကြိမ်၊ (၈)ကြိမ် လောက်အော်သော အခါ KIA အရာရှိတစ်ယောက် ရောက်လာပါသည်။ ကျွန်တော်တို့သား အဖကို လက်နက်ကြီး ထိမှန်ပြီးနောက်တွင် မည်သည့် သေနတ်သံမျှ မကြားတော့ပေ။

ကျွန်တော်က 'ဟိုက ကျွန်တော့်သားကို အရင် ဆေးရုံကို ခေါ်သွားပေးပါ' ဟု ပြောတော့ 'ဟိုညီလေး(ကျွန်တော့်သား)ကို သူငယ်ချင်းတွေသယ်လိမ့်မယ် ဦးကပိုအရေးကြီးတယ် ဒီမှာ (ဆိုင်ကယ်) ထိုင်' ဆိုပြီး ကျွန်တော့်ကို အိမ်ကို အရင်ခေါ်ဝင်ပြီး ဒဏ်ရာရထားသော ခြေထောက်က ဘွတ်ဖိနပ် ချွတ်ပြီးထိုင်နေစဉ် ဘေးအိမ်ကလူက 'ဟိုဆေးရုံကို ခေါ်သွားလေ' ဟုပြောသောကြောင့် ထိုအရာရှိက ရွာက KIA မှ ဖွင့်ပေးထားသော ဆေးရုံကို ခေါ်သွားပါသည်။ ကျွန်တော်တို့နှစ်ယောက် ဆေးရုံကိုရောက်လာတော့ ကျွန်တော့်သားကအရင် ဆေးရုံကိုရောက်နှင့် နေပြီ။

ကျွန်တော့်သားကို အရေးပေါ်အခန်းထဲတွင် ထားပြီးကုပေးခဲ့ပါသည်။ ကျွန်တော့်ကို "ဖအေက ဒီဘက်မှာ မဟုတ်ဘူး၊ ဟိုဘက်အခန်းဘက်မှာ" ဆိုပြီးကျွန်တော့်ကို သွေးတိတ်အောင်ပတ်တီး နဲ့စည်းပေးပြီး လှဲခိုင်းထားသည်။ ကျွန်တော့်သားကို ဆရာဝန်တွေ ကြိုးစားကုသော်လည်း နလုံးကို ထိသွားသောကြောင့် မကယ်နိုင်ခဲ့ဘူး။ ကျွန်တော့်သား ၁၁ ရက်၊ ဧပြီလ၊ ၂၀၁၈ ခုနှစ် ညနေ (၇)နာရီ မှာဆုံးသွားခဲ့သည်။ ည (၈) နာရီခန့်တွင် အလောင်းကို မိုးကာနဲ့ပတ်ပြီး **** ရွာသင်္ချိုင်းတွင် ရွာက သင်းအုပ်ဆရာသုံးဦးတို့နှင့် သွားမြှုပ်နှံခဲ့သည်။

ကျွန်တော်သင်္ချိုင်းမှာရှိနေစဉ် ကျွန်တော့်သားကြီးကအိမ်ကို ပြန်ရအောင်ဆိုပြီး ဆိုင်ကယ်နဲ့ (၉) နာရီခန့်တွင် ကျွန်တော်အိမ်ကို ပြန်လာခဲ့ပါသည်။ အိမ်မှာမိနစ် (၃၀) လောက်ထိုင်ပြီး ည(၁၀) နာရီခန့်တွင် ဆိုင်ကယ်နဲ့လယ်ထဲက တဲအိမ်ထဲကိုသွားပြီး ပြန်အိပ်ပါသည်။ တဲအိမ်သည် နှစ်ထပ်ပုံစံ သက်ကယ်ဖြင့် ဆောက်ထားပါသည်။

ကျွန်တော်တို့ လယ်တောထဲရောက်သောအခါ တဲထဲမှာ လူတွေအကုန်ပြည့်နေပြီ။ အိပ်စရာနေရာမရှိသောကြောင့် ကျွန်တော်တို့မိသားစုတွေကတဲအောက်မြေကြီးပေါ်မှာ အိပ်ခဲ့ရတယ်။ နောက် မနက်မှာ ကျွန်တော်တို့ တောထဲကိုဆက်လျှောက်သွားပါသည်။

ကျွန်တော့်ခြေထောက်က လက်နက်ကြီးကျည်ဆံထိထားသောကြောင့် ဆိုင်ကယ်နဲ့သွားလို့ ရတဲ့နေရာမှာ ဆိုင်ကယ်လိုက်စီးတယ်။ ဆိုင်ကယ်မသွားနိုင်သောနေရာရောက်လျှင် သူငယ်ချင်းများက ဂါးထမ်းစင်ဖြင့် ကျွန်တော့်ကိုထမ်းတယ်။

ကျွန်တော်တို့မိသားစုက အိမ်ကနေ စားစရာမသယ်လာနိုင်သောကြောင့် မိတ်ဆွေများ ဝေမျှပေးသည်ကိုသာ စားခဲ့ပါသည်။ ကျွန်တော်တို့ နှစ်ရက်ဆက်တိုက် လမ်းလျှောက်ပြီးနောက်တွင် နေရာတစ်နေရာတွင် နှစ်ရက်နားနေကြပါသည်။ သုံးရက်မြောက်နေ့တွင် ကျွန်တော်တို့ရောက်နေတဲ့ နေရာမှာ လက်နက်ကြီး ကျည်ကျလာသောကြောင့် ပြန်ထွက်ပြေးရပါသည်။ မိုးရွာတဲ့အတွက် ကျွန်တော်တို့တွေ လမ်းမှာ

အလွန်ခက်အခဲကြုံရတယ်။ တချို့က ဂမ်းလျှော၊ ဂမ်းပျက် ဖြစ်ကြသည်။ တချို့သက်ကြီး ရွယ်အိုများ၊ မျက်စိမမြင်သော အဖိုးနဲ့အဖွားလည်း ပါပါသည်။

ကျွန်တော်တို့ထွက်ပြေးသွားသောလမ်းတလျှောက်လက်နက်ကြီးဖြင့်လိုက်ပစ်ခဲ့ကြတယ်။ ကျွန်တော်တို့ကိုတော့ မထိဘူး။ ဒါပေမယ့် ကျွန်တော်တို့ကို ထိမိမှာကို အမြဲကြောက်နေရတယ်။ အမျိုး သမီးများက ကြောက်သောကြောင့် အော်ငိုကြသည်။ ထွက်ပြေးလာသောအချိန် တောအတွင်းမှာ မီးဖွားသော မိခင်နှစ်ယောက်လည်းရှိပါသည်။

ကျွန်တော်တို့ ****ရေချောင်းနားသို့ ပြန်ရောက်ခဲ့ပါသည်။ ထိုနေရာတွင် နှစ်ရက်ခန့်နေခဲ့ပါသည်။ ထိုနေရာတွင် နေနေတဲ့အချိန်မှာလည်း မြန်မာစစ်သားများ ပြန်မှီလာသောကြောင့် ကျွန်တော်တို့တွေလေ့နှင့် ချောင်းတလျှောက်စီးသွားပြီး မဂျီတောင်တွင် ပြန်ရောက်လာခဲ့ပါသည်။ မဂျီတောင်မှတဆင့် မော့မောင် တောင်ကို ဆက်လျှောက်သွားပါသည်။ ၎င်းတောင်တွင် သုံးရက်နားခဲ့ပါသည်။ ကျွန်တော်လည်း လမ်းလျှောက် ရသည့်အပြင် ရေထိသောကြောင့် ကျွန်တော့်အနာ ပြန်ရောင်လာတယ်။ ကျွန်တော်လည်း ကျွန်တော်သိသော တိုင်းရင်းဆေးတွေနဲ့ ကုခဲ့ပါသည်။ ပြီးနောက်အင်္ဂါနေ့ (၂၄ ရက်၊ မေလ ၂၀၁၈ ခုနှစ်) ရက်နေ့တွင် တခါ ပြန်ရွှေ့ခဲ့တယ်။

ကျွန်တော်တို့နှစ်လကျော် တောထဲတွင် ထွက်ပြေးနေရပါသည်။ နောက်ဆုံး (၈ ရက်၊ ၆ လ၊ ၂၀၁၈ ခုနှစ်) ရက်နေ့ည (၁၂) နာရီတွင် **** စစ်ရှောင်စခန်းတွင် ရောက်ရှိခဲ့ပါသည်။ ထို့နောက် နေ့လည် (၁၁) နာရီခန့်တွင် **** KBC စစ်ရှောင် ဒုက္ခသည် စခန်းသို့ရောက်ရှိခဲ့ပါသည်။ ထိုနေရာ ရောက်သောအခါ ဘန်ကောက်ရွာမှ ဆေးဆရာဝန်များ ကျွန်တော့်ဒဏ်ရာကို ကုပေးခဲ့ပါသည်။ စားဖို့ အတွက် ဆေးတွေလည်းပေးခဲ့ပါသည်။ ယခုအချိန်တွင် ကျွန်တော်တို့ ရွာ*****ကျေးရွာများကို မြန်မာအစိုးရစစ်တပ်မှ ထိန်းချုပ်ထားပါသည်။

| | |
|---|---|
| **လူ့အခွင့်အရေးချိုးဖောက်မှု** | **- လက်နက်ကြီးထိမှန် (သေဆုံး)** |
| ချိုးဖောက်ခံရသူအမည် | - မောင်**** |
| ကျား/မ | - ကျား |
| အသက် | - ၂၀ ခုနှစ် |
| လူမျိုး | - ကချင် |
| ကိုးကွယ်သည့်ဘာသာ | - ခရစ်ယာန် |
| ပညာအရည်အချင်း | - ကျောင်းသား (၁၀တန်း) |
| မိဘအမည် | - ဦး**** နှင့် ဒေါ်**** |
| အိမ်ထောင်ရှိ/မရှိ | - မရှိ |
| နေရပ်လိပ်စာ | - ရပ်ကွက်****၊ **** ကျေးရွာ၊ တနိုင်းမြို့နယ်၊ ကချင်ပြည်နယ်။ |
| အခင်းဖြစ်ပွားသည့်နေ့ | - ၁၁ ရက်၊ ဧပြီလ၊ ၂၀၁၈ ခုနှစ်။ |
| အခင်းဖြစ်ပွားသည့်နေရာ | - အောင်လောဒ်ရွာထိပ်၊ အထက်တန်းကျောင်းအနီး၊ ကချင်ပြည်နယ်။ |
| ချိုးဖောက်သည့်အဖွဲ့ | - မြန်မာအစိုးရတပ်မတော် |

| | |
|---|---|
| ဖြစ်စဉ်ပြန်လည်ပြောပြသူအမည် | - ဦး**** |
| ချိုးဖောက်ခံရသူနှင့် တော်စပ်ပုံ | - ဖခင် |
| မှတ်တမ်းကောက်ယူသည့်နေ့ | - ၂၃ ခုနှစ်၊ မေလ၊ ၂၀၁၈ ခုနှစ် |
| မှတ်တမ်းကောက်သည့်အဖွဲ့အစည်း | - HI |

**အမှုဖြစ်စဉ်။**

အခင်းဖြစ်သည့် နေ့လယ်ပိုင်း ကျွန်တော်ထင်းသွားခွေနေတယ် ထင်းခွေပြီးပြန်လာတော့ နေ့ ၂ နာရီလောက်ရှိနေပြီ။ ပြန်လာတဲ့ လမ်းမှာပဲ ဗမာစစ်လေယာဉ် နှစ်စင်းဖြတ်သွားတာ တွေ့လိုက်တယ်။ လေယာဉ်ဖြတ်သွားတာနဲ့ လေယာဉ်ပေါ်ကနေ ဗုံးတွေကြဲနေတာ တွေ့လိုက်လို့ အိမ်ကိုပြေးလာခဲ့တယ်။ လေယာဉ်နှစ်စင်း ပြန်ခေါက်သွားဒါနဲ့ ကျွန်တော် ချည်ထားခဲ့တဲ့ နွားသွားဖြုတ်ပြီး အိမ်ကိုခေါ်လာခဲ့တယ်။ နွားမောင်းပြီး ပြန်လာတဲ့လမ်းမှာပဲ လေယာဉ်နှစ်စင်း ပြန်လာခဲ့တယ်။ လေယာဉ်သံကြားတာနဲ့ မောင်းလာတဲ့ နွားနှစ်ကောင်စလုံး ထွက်ပြေးသွားလိုက်တယ်။

ကျွန်တော်အိမ်ရောက်တော့ ထွက်ပြေးသွားတဲ့နွားရှိမနေတာနဲ့ ကျွန်တော်ဇနီးကို "ဆန်ပြာပြီး ထမင်းချက်ဖို့ပြင်တော့ ငါနွားသွားရှာလိုက်အုန်းမယ် နွားမရှိရင်ငါတို့ပစ္စည်းတွေသယ်သွားဖို့ခက်လိမ့်မယ်" လို့ပြောပြီးတော့ နွားသွားရှာလိုက်တယ်။ နွားတစ်ကောင်ကို မတွေ့ဘူး တစ်ကောင်ပဲ တွေ့ခဲ့လို့အိမ်ကို မောင်းလာခဲ့တယ်။ အိမ်ရောက်တော့ ကျွန်တော့်သားကို "သားအဖေနဲ့လိုက်ခဲ့လိုက် အဖေတစ်ယောက်ထဲ လိုက်ရှာနေရင်ခက်နေလိမ့်မယ်" ဆိုပြီးတော့သားကိုပါ ခေါ်သွားလိုက်တယ်။ ကျွန်တော်တို့နှစ်ယောက် နွားကိုတွေ့ပြီးတော့ အိမ်ကိုခေါ်လာနေတဲ့အချိန်မှာ အမြောက်သံတွေ ဆက်တိုက်ဆက်တိုက်ပစ်တဲ့ အသံကြားနေရပြီ။ ရွာတွေမှာအမြောက်ဆံတွေကျတယ်။ တစ်ခါပစ်ရင် အမြောက်နှစ်လုံးနှစ်လုံးပစ်တယ်။ ကျွန်တော့်သားက အနောက်ကနေ နွားမောင်းတယ်။ ကျွန်တော်ကရှေ့ကနေ နွားဆွဲပြီးပြန်လာတော့ ကျွန်တော်သားနဲ့ တစ်လံလောက်ပဲဝေးတဲ့နေရာမှာ အမြောက်ကျပြီး ပေါက်ကွဲတယ်။ အချိန်ကတော့ ညနေ ၅ ခွဲလောက်ရှိပြီ။ ဗုံးပေါက်ကွဲတာနဲ့ ကျွန်တော်ကိုယ်လုံးတွေ ပုံမှန်မဟုတ်သလိုခံစားရလို့ ကြည့်လိုက်တဲ့ချိန်မှာ ကျွန်တော့်ခြေတွေမှာ သွေးတွေနဲ့ ခေါင်းပေါ်တွေမှာ သွေးတွေထွက်နေတာတွေ့လိုက်တယ်။ ဒူးအနောက်ဖက် အဆစ်မှာ ဗုံးဆံဝင်သွားတယ်။ အနောက်ကြည့်လိုက်တော့ ကျွန်တော့်သား မြေကြီးပေါ် လဲကျနေပြီ။ ကျွန်တော်လည်း ပြေးလာပြီးတော့သားကို ကျောပ်ပေါ်ပိုးဖို့လုပ်တယ် ကျွန်တော်လည်း မနိုင်တာနဲ့ "အဖေ သားကိုထားခဲ့တော့ သားအခြေအနေမကောင်းတော့ဘူး" ဆိုပြီးတော့ ပြောတယ်။ ထိတာကတော့ နောက်ကျောဘက်ကနေ အရှေ့ရင်ဘတ်ပွင့်ထွက်သွားတယ်။ ကျွန်တော်လည်း အော်ပြီးတော့ အကူအညီ တောင်းတယ်။ ခဏအကြာမှာတော့ လူကြီးတစ်ယောက်ရောက်လာပြီးတော့ ကျွန်တော့်သားကို ဆေးရုံခေါ် သွားလိုက်တယ်။ ဆေးရုံရောက်တာနဲ့ ဆုံးသွားပြီ။ ကျွန်တော်သား ဆုံးသွားတာနဲ့ အချိန် မရှိတော့တဲ့အတွက် ဖျာနဲ့လိပ်ပြီးတော့ဖြစ်သလိုပဲ မြေမြှုပ်ထားခဲ့လိုက်တယ်။ ဆုံးသွားတာက ညနေ ၆ နာရီလောက်မှာ ဆုံးသွားပြီ။ ရွာကလူတွေအားလုံး တောဘက်ကို ထွက်ပြေးသွားကြပြီ။ ရွာက သူငယ်ချင်းတွေလည်း စားစရာရိက္ခာတွေကို အရင်သွားပို့ပြီးတော့ ကျွန်တော့်ကိုပြန်ပြီး လာခေါ်ကြတယ်။ ကျွန်တော်တို့ကတော့ အိပ်ယာတောင်မှ မကောက်လိုက်ရဘူး ရိက္ခာလည်း ဘာမှပါမလာလိုက်ရဘူး။ အားလုံးက ပါလာတဲ့ရိက္ခာတွေစုပြီးတော့ အတူတူဝိုင်းစားကြတယ်။ တောထဲမှာ တစ်လ တိတိ နေခဲ့ရတယ်။ ဒဏ်ရာတွေကိုတော့ တောထဲမှာ ကချင်ဆေးတွေနဲ့ပဲကုပြီးနေနေတယ်။ ကျွန်တော်သားဆုံးရှုံးသွားရတဲ့တွက် အရမ်းကိုခံစားရတယ်။ ပြောမပြတတ်အောင်ပဲ ဒါပေမဲ့ပြန်ရနိုင်တော့မှာလည်း မဟုတ်တဲ့အတွက်ဘယ်လောက် ခံစားနေရင်ဘာမှမတတ်နိုင်ဘူး။

နောက်နောင်သည်လိုအဖြစ်မျိုး ဘယ်သူမှမခံစားရပါစေလို့ပဲ ဆုတောင်းတယ်။ ကျွန်တော်တို့ သားအဖ တွေခံစားခဲ့ရတဲ့အဖြစ်မျိုးလို ကျွန်တော်တို့ကချင်လူမျိုးတွေ မခံစားရပါစေနဲ့။ သားတစ်ယောက် ဆုံးရှုံးရတဲ့တွက် နှစ်ဘက်သောအစိုးရ (ကေအိုင်အို နှင့် မြန်မာအစိုးရ) တွေကို ပြောချင်တယ်၊ ငြိမ်းချမ်းရေးဘဲလိုချင်တယ်။ အမြန်ငြိမ်းချမ်းအောင်ပဲ လုပ်ဆောင်ကြပါလို့ပဲ ပြောချင်တယ်။ အသက်လွတ်ရေးတွက် တောထဲမှာသွား ပုန်းနေတဲ့ချိန်မှာလည်း အရမ်းဒုက္ခရောက်တယ်။ ဒဏ်ရာကလည်း သွေး တွေပဲ ထွက်နေတယ်။ ကျွန်တော်က လမ်းလည်းလျှောက်လို့မရတော့ သူငယ်ချင်းတွေပဲ ကျောပိုးပြီး ခေါ်လာခဲ့တယ်။ ဘာအဝတ်အစားမှကို မပါလာလို့ ဆုံးသွားတဲ့သားရဲ့သွေးစွန်းနေတဲ့အကျီကိုပဲ တစ်ပတ်လောက်ဝတ်ခဲ့ရတယ်။

၁၁.၄.၂၀၁၈ ရက်နေ့မှာ စထွက်ပြေးတယ်။ ၁၀.၅.၂၀၁၈ မှ တောကနေ ထွက်လာခဲ့ရတယ်။ နေ့ချင်းပဲ ကျွန်တော်တို့ကိုမြစ်ကြီးနားကို ပြန်ခေါ်လာခဲ့တယ်။ အဖိုးအဖွားတွေလည်း အများကြီးပဲ။ ရက်သား (နှစ်ရက် )

တွေလည်းပါတယ်။ လေဖြတ်တဲ့လူကြီးတွေလည်း ပါတယ်။ ဒုက္ခတွေကတော့ အမျိုးမျိုးပဲ။ ကျွန်တော်တို့အခုလို ခံစားနေရဒါတွေကတော့ အစိုးရနှစ်ဘက်ကြောင့်ဖြစ်ရတယ်။ နောက်သည်လိုအဖြစ်မျိုးမဖြစ်ပါစေနဲ့လို့ပဲ ဆန္ဒရှိတယ်။ စည်းစည်းလုံးလုံးနှင့် ငြိမ်းချမ်းစွာပဲနေချင်တယ်။

**လူ့အခွင့်အရေးချိုးဖောက်ခံရမှု - လက်နက်ကြီးထိမှန် (ဒဏ်ရာရ)**

| | |
|---|---|
| ချိုးဖောက်ခံရသူအမည် | - ဦး**** |
| ကျား/မ | - ကျား |
| အသက် | - ၄၂ နှစ် |
| အမျိုးသားမှတ်ပုံတင်အမှတ် | - ၁/မကန(နိုင်)**** |
| ကိုးကွယ်သည့်ဘာသာ | - ခရစ်ယာန် |
| အလုပ်အကိုင် | - ယာဉ်မောင်း |
| မိဘအမည် | - ဦး**** နှင့် ဒေါ်**** |
| အိမ်ထောင်ရှိ/ မရှိ | - ရှိ |
| ဇနီးအမည် | - ဒေါ်**** |
| သား / သမီး | - ၂ ယောက် |
| နေရပ်လိပ်စာ(ယခင်) | -****မြို့၊ မကွေးတိုင်း။ |
| နေရပ်လိပ်စာ(ယခု) | - ****ကျေးရွာ၊ တနိုင်းမြို့နယ်၊ ကချင်ပြည်နယ်။ |
| အခင်းဖြစ်ပွားသည့်နေ့ | - ၁၁ရက်၊ ဧပြီလ၊ ၂၀၁၈ ခုနှစ်။ |
| အခင်းဖြစ်ပွားသည့်နေရာ | - ****ကျေးရွာ၊ တနိုင်းမြို့နယ်၊ ကချင်ပြည်နယ်။ |
| ချိုးဖောက်သူ | - မြန်မာအစိုးရတပ်မတော် |
| အမှုဖြစ်စဉ်ပြန်လည်ပြောပြသူအမည် | - ချိုးဖောက်ခံရသူကိုယ်တိုင် |
| မှတ်တမ်းကောက်သည့်နေ့ | - ၂၁ ရက်၊ ဇွန်လ၊ ၂၀၁၈ ခုနှစ် |
| မှတ်တမ်းကောက်သည့်အဖွဲ့အစည်း | - KWAT |

**အမှုဖြစ်စဉ်**

၁၁ ရက် ဧပြီလ၊ ၂၀၁၈ ရက်နေ့လယ် ၁၂ း ၃၀ မိနစ် အချိန်ခန့်မှာ ကျွန်တော့်သားရယ်၊ ကျွန်တော်ရယ် ကျွန်တော့်မိန်းမတို့နှင့်ရှိနေတဲ့ အချိန်မှာဖြစ်သွားတာ ဟုတ်တယ်။ မီးဖိုဘေးမှာ မီးလှုံနေတုန်း လက်နက်ကြီး သံကြားတယ်။ ကျွန်တော့်မိန်းမနဲ့သား သူတို့တွေက တခါတည်း ၄က်ပျော့ပင်ရင်းနား က ကတုတ်ကျင်း ထဲကို ပြေးပုန်းတယ်။ အိမ်ဘေးနားက အိမ်နီးချင်းတွေရဲ့ ကတုတ်ကျင်းမှာ ပုန်းနေခဲ့တယ်။ ကျွန်တော်က ဘာမှမဖြစ်လောက်ပါဘူးထင်ပြီး နေနေတယ်။ ကျွန်တော့်မိန်းမက "ဖေကြီးရေ အမြန်ဆင်းလာခဲ့" လို့ပြောတာနဲ့ ထလာနေတုန်း တံခါးနားမှာဘဲရောက်သေးတဲ့အချိန် ဘယ်ဘက်လက်မှာ ကျည်မှန်သွားတယ် ဗုံးဘယ်နှစ်ခါမြည် လည်း မသိတော့ဘူး။ နေ့လယ် ၁၂း၃၀ နာရီလောက်ကနေ (၄) နာရီ၊ (၅) နာရီလောက်ထိ မြည်တယ်။ ကျွန်တော့်လက်ကို ထိသွားတာနဲ့ ကျွန်တော့်မိန်းမလည်း ငိုဘဲငိုနေတယ် ကျည်ဆံတွေလည်း ကျွန်တော်တို့ နေတဲ့နေရာကို ဖြတ်ဘဲဖြတ်နေတယ်။ ဒဏ်ရာက သွေးအရမ်း ထွက်တယ်။ ဒါပေမယ့်ကျွန်တော်က ကျွန်တော့်မိန်းမနဲ့ ကလေး ရှိနေတဲ့အတွက် စိတ်ကတော့တောင့် ခံထားတယ်ပေါ့နော်။ ဖြစ်ပြီးတာနဲ့ ဆေးရုံကိုသွားခဲ့တယ်။ KIA ကဖွင့်ထားတဲ့ ဆေးရုံဟုတ်တယ်။ ဆေးရုံနဲ့အိမ်က ချောင်းဘဲခြားတယ်။ ဆေးရုံရောက်တော့ ဆေးဆရာမ (၂) ယောက် ဆေးကုပေးတယ်။ ဗုံးမှန်တဲ့နေရာမှာ အသားတွေလည်း ကျေမွသွားတဲ့အတွက်ကြောင့် အသားအချို့ထုတ်ပစ်လိုက်ရတယ်။ ကြောက်လည်းကြောက်၊ သွေးပူနေတဲ့ အချိန်လည်း ဖြစ်တဲ့အတွက် ကြောင့်ထင်တယ် နာမှန်းလည်းမသိလိုက်ဘူး။

လေယာဉ်ကပစ်တဲ့ ကျည်လားတော့ ကောင်းကောင်းမသိဘူး။ လေယာဉ်ဖြတ်သွားတာနဲ့ ကျတာ ဟုတ်တယ်။ အဲ့ဒီလိုမဖြစ်ခင် မိနစ် (၃၀) လောက်စောပြီး လေယာဉ်ပျံသံ အရင်ကြားရတယ်။ ဒီလက်နက်ကြီးကျတဲ့အချိန်မှာဆိုရင် လေယာဉ်သုံးခါရောက် ပြီးပြီ။ လေယာဉ်ဘယ် နစ်စင်းလဲတော့ မမှတ်မိတော့ဘူး။ အိမ်မှာဗုံး (၂) ကြိမ်ကျတယ်။ ကျွန်တော်ထိုင်တဲ့နေရာနဲ့ ကျွန်တော့်မိန်းမ ထမင်းချက် နေတဲ့နေရာမှာ ကျတယ်။ ကျွန်တော်တို့အိမ်မှာက ထမင်းချက်ခန်းသီးသန့် မရှိဘူး။ အိမ်တွင်းမှာဘဲ ချက်စားတယ်။ အဲ့ဒီမီးဖိုမှာဘဲ လာကျတယ်။ ကျွန်တော်က ထလာပြီး လှေကားရင်းမှာရောက်တာနဲ့ လက်နက်ကြီးဗုံးကျပြီး ကျွန်တော်ဒဏ်ရာရတာဘဲ။

အိမ်နံရံအကုန်လုံးလန်သွားတယ်။ အဲဒီနေ့ဆေးကုယူပြီး ဦး****တို့အိမ်မှာ အိပ်တယ်။ ရွာသားအချို့က အကုန်လုံးထွက်ပြေးကုန်ပြီ။ ကျွန်တော်တို့က ဆေးကုရအုံးမှာဖြစ်တဲ့အတွက် ကျန်နေခဲ့တယ်။ အိမ်နဲ့ KIA တပ်က ကပ်လျှက်ပဲ ချောင်းဘဲခြားတယ်။ အဲဒီနေ့ပစ်တဲ့ သေနတ်၊ လေယာဉ်ကနေပစ်တဲ့ လက်နက်ကြီးတွေက KIA တပ်ကိုပစ်ဖို့ နေရာအရင်ယူ ထားပြီး KIA တပ်စခန်းကို တိတိကျကျ ပစ်ထည့်တာ ဖြစ်တယ်။ ကျွန်တော်တို့အိမ်က KIA တပ်နဲ့ နီးနေတာကြောင့်သူတို့ပစ်လိုက်တဲ့ဗုံးက ကျွန်တော်တို့ အိမ်ကိုပါ လာမှန်သွားတာ ဟုတ်တယ်။ အစကတော့ လေယာဉ်ကနေ ပစ်တဲ့ကျည်လို့ ထင်လိုက်တယ်။ ဒါပေမယ့် မဟုတ်နေဘူး။ တနိုင်းကနေ ပစ်တဲ့ လက်နက်ကြီး ဖြစ်နေတယ်။

****ရွာကတနိုင်းမြို့ရဲ့ အနောက်ဘက်ခြမ်းမှာ ရှိတယ်။ ကားနဲ့ဆိုရင် (၃) နာရီလောက်ကြာ မောင်းရတယ်။ မိုးတွင်းဆိုရင်လမ်းအရမ်းဆိုးတဲ့အတွက် လမ်းမှာ (၂) ညလောက် အိပ်ရတယ်။ မိုင်ပေါင်း (၁၂) မိုင် လောက်ဝေးတယ်။ ၁၂ ရက်၊ ဧပြီလ၊ ၂၀၁၈ ခုနှစ်မှာ ဒီနေရာကို ထွက်ပြေးလာခဲ့တယ်။ ****ရွာသားတွေနဲ့အတူ ထွက်ပြေးလာပြီး လမ်းမှာရက် (၂၀) ကျော် ကြာခဲ့တယ်။ **** ကက်သလစ် စစ်ရှောင်စခန်းကို ၈ ရက်၊ မေလ၊ ၂၀၁၈ ခုနှစ်နေ့လယ်မှာ ရောက်လာတယ်။ အခုဒီစခန်းမှာ အိမ်ထောင်စု (၃၉) ခုနဲ့ လူအယောက် (၁၇၀) ရှိတယ်။

(၂၀) ရက်ကြာ လမ်းမှာအရမ်းခက်ခဲ ခဲ့တယ်။ လမ်းမှာ KIA က ဆရာမနှစ်ယောက် ဆေး ကုပေးတယ်။ ဆေးဆရာမတွေက ကျွန်တော်တို့နဲ့အတူ စခန်းကို ရောက်အောင်မလိုက်နိုင်တဲ့အတွက် လမ်းမှာသောက်ဖို့ ဆေးတွေပေးလိုက်တယ်။ ကျွန်တော်တို့ လမ်းမှာရက် (၂၀) ကျော် လမ်းလျှောက်ခဲ့တယ်။ အစားအသောက်ကို တောလမ်းမှာ တွေ့တာ ရှာစားခဲ့တယ်။ ဆား၊ ငရုပ်သီး တွေကိုတော့ အိမ်ကနေ သယ်လာခဲ့တယ်။ လမ်းမှာ အနာကိုက်ခဲပြီး နာတဲ့အတွက် ပစ္စည်းတွေလည်း သယ်လို့မရဘူး၊ ကျွန်တော့်မိန်းမနဲ့ မရီးဘဲသယ်ပေးတယ်။ ထွက်ပြေးတဲ့အချိန် ကျွန်တော့်သား တစ်ယောက်နဲ့၊ သမီးတစ်ယာက်ဘဲ ပါသွားတယ်။ အစ်မကြီး နှစ်ယောက်က ****မြို့မှာ အိမ်ထောင်ကျတယ်။ သမီးကြီး နှစ်ယောက်နေတဲ့မြို့ကို ရောက်တာနဲ့ သမီးနှစ်ယောက်လုံးကို ဖုန်းဆက်ခေါ်လိုက်တယ်။ ဒီလိုဖြစ်တာနဲ့ ရွာသားတွေအကုန်လုံး တနေရာစီ ထွက်ပြေးကုန်တယ်။ ကျွန်တော်တို့ မိသားစုက တခြားလမ်းကနေ ထွက်ပြေးလာတယ်။

မိသားစုမှာခက်ခဲနေတဲ့အချိန်မှာ ကျွန်တော့်လက်ကလဲ မသက်သာသေးတဲ့အတွက် မိသားစုကို ဘယ်လိုရှာကျွေးရမလဲဆိုတာ စဉ်းစားပြီးစိုးရိမ်တယ်။

**မိုးကောင်းမြို့နယ်၊ ကချင်ပြည်နယ်။**

**လူ့အခွင့်အရေးချိုးဖောက်မှု - မတရားဖမ်းဆီးမှု နှင့် ညှင်းပမ်းနှိပ်စက်မှု**

| | |
|---|---|
| ချိုးဖောက်ခံရသူအမည် | - ဦး**** |
| ကျား/မ | - ကျား |
| အသက် | - (၃၉) နှစ် |
| အမျိုးသားမှတ်ပုံတင်အမှတ် | - ၁/တနန(နိုင်)**** |

| | |
|---|---|
| လူမျိုး | - ကချင် |
| ကိုးကွယ်သည့်ဘာသာ | - ခရစ်ယာန် |
| ပညာအရည်အချင်း | - (၇) တန်း |
| အလုပ်အကိုင် | - တောင်သူ၊ ကျပန်းအလုပ် |
| မိဘမည် | - ဦး**** နှင့် ဒေါ်**** |
| အိမ်ထောင်ရှိ/မရှိ | - ရှိ |
| ဇနီးအမည် | - ဒေါ်**** |
| သား/သမီး | - ကျား (၄)၊ မ (၁) |
| နေရပ်လိပ်စာ | - ****၊ မိုးကောင်းမြို့နယ်၊ ကချင်ပြည်နယ်။ |
| အခင်းဖြစ်ပွားသည့်နေ့ | - ၁၁ ရက်၊ ဩဂုတ်လ၊ ၂၀၁၆ ခုနှစ်။ |
| အခင်းဖြစ်ပွားသည့်နေရာ | - နမ်ရှန် ကျေးရွာနှင့် ခဆန်ရွာကြားတွင် တည်ရှိသည့်လမ်း။ |
| ချိုးဖောက်သူ | - ခ.မ.ရ (၄၂၇) (အစိုးရတပ်မတော်သား ၅ယောက်) |
| | |
| အမှုဖြစ်စဉ်ပြန်လည်ပြောပြသူအမည် | - ချိုးဖောက်ခံရသူကိုယ်တိုင် |
| မှတ်တမ်းကောက်သည့်နေ့ | - ၄ရက်၊ စက်တာဘာလ၊ ၂၀၁၆ ခုနှစ်။ |
| မှတ်တမ်းကောက်သည့်အဖွဲ့အစည်း | - SSDF |

## အမှုဖြစ်စဉ်

မနက် (၇) နာရီလောက်မှာ နေ့စားသွားဖို့ အိမ်ကထွက်လာပြီး လမ်းလျှောက်နေတဲ့အချိန်မှာ ရဲကား (၈) စီးလောက် ဖြတ်သွားတယ်။ သူတို့ ဖြတ်သွားပြီး သိပ်မကြာခင်မှာဘဲ ပစ်ခတ်မှု ဖြစ်ပွားလာတော့ ကျွန်တော်လည်း ပြန်ခေါက်ခဲ့လိုက်တယ်။ ပေ၃၀၀ လောက်အရောက်မှာ အင်အားဖြည့်ဖို့ ရောက်လာတဲ့ ဗမာစစ်သား ၅ ယောက် (အစိုးရစစ်သား) နဲ့တွေ့တဲ့အချိန်မှာ သူတို့က ကျွန်တော့်ကိုခေါ်ပြီး "မင်းမိုင်းထောင်ပြီး ပြန်လာတာမလား။" ဆိုပြီးမေးတယ်။ "ကျွန်တော်က နေ့စားသွားတာ။ ပိုင်ရှင်တွေတောင် ရှေ့မှာ သွားနှင့်ကြပြီ။ ကျွန်တော်နောက်ကျနေတာဖြစ်တယ်။" လို့ ကျွန်တော်နေ့စားသွားတာဖြစ်တဲ့အကြောင်း ပြောပြတဲ့အချိန်မှာ စစ်သား (၁) ယောက်က ကျွန်တော်ပြောတာတွေက အလိမ်အညာဘဲဆိုပြီး ကျွန်တော့ခေါင်းမှာသေနတ်နဲ့ ရိုက်တယ်။ ကျွန်တော်က တခါတည်း လဲကျသွားတယ်။ နောက်တော့ ကျွန်တော့်ကို ကြိုးနဲ့ချည်ထားလိုက်တယ်။ သူတို့ ကျွန်တော့်လွယ်အိတ်ကို စစ်ဆေးကြည့်တဲ့အချိန်မှာ ထမင်းထုပ်၊ ဓားလွယ် နဲ့ ကချင်လွယ်အိတ် ဘဲရှိတယ်။

"ကျွန်တော် သွေးတွေအများကြီးထွက်လာတယ်။ မျက်စိလည်း မှုံဝါးဝါးဖြစ်လာတယ်" လို့ ပြောတော့ ကျွန်တော့်ကို သယ်သွားကြတယ်။ သူတို့တပ်စခန်းချထားတဲ့ နမ်ရှန်ဘုန်းကြီးကျောင်းကို ရောက်သွားတဲ့အချိန်မှာတော့ ခြေထောက်ကို ကြိုးပြန်ချည်ထားတယ်။ တစ်ရက်ကို (၃) ကြိမ်လောက်တော့ အပေါ့အပါးသွားဖို့ ခြေထောက်မှာ ချည်ထားတဲ့ ကြိုးဖြည်ပေးတယ်။ ရေတိုက်တယ်၊ ထမင်းတော့ တစ်ရက် (၂) ကြိမ် ကျွေးတယ်။ ညနေပိုင်း ရောက်တော့ ကျွန်တော့်ကို စစ်မေးတော့တယ် "မင်းတို့ လူဦးရေ ဘယ်လောက်ရှိလဲ။ ခေါင်းဆောင်က ဘယ်သူလဲ။ မင်းတို့ရွာမှာ စစ်သင်တန်း ယူထားတဲ့သူ ဘယ်လောက်ရှိလဲ။" ဆိုပြီး မေးတယ်။

အဲဒီနေ့မှာ သူတို့ကသေနတ်အတိုနဲ့ ကျွန်တော့်နံရိုးနဲ့ နားကိုထိုးတယ်။ နောက်ကျောဘက်ကိုတော့ ကြိုးနဲ့ဆွဲပြီး ခြေထောက်နဲ့ (၆) ကြိမ်လောက် ကန်တယ်။ "ဦး**** မင်းခံနိုင်ရည်ရှိရင်တော့ လွတ်မယ်။ ခံနိုင်ရည် မရှိဘဲ သေသွားရင်တော့ မတတ်နိုင်ဘူး" ဆိုပြီးပြောတယ်။ (၄) ရက်လောက် ထမင်းကောင်းကောင်း မစားရဘူး။ ပြီးတော့ ကြိုးတွေချည်ထားတော့ ကျွန်တော်လည်း ပျော့ခွေသွားတော့တယ်။ (၄)ရက်မြောက်နေ့ ညနေပိုင်း (၄ နာရီ)ခန့်မှာ ကျွန်တော်တို့ရွာက အုပ်ချုပ်ရေးမှူးတွေ ကျွန်တော့်ကို လာခေါ်တယ်။

အိမ်ပြန်ရောက်တဲ့အချိန်မှာတော့ ကျွန်တော့်ပုခုံးတွေ အရမ်းကိုက်ခဲနေတယ်။ ဖမ်းခံထားရတဲ့အချိန်မှာ ခြေထောက်တွေ ကြိုးချည်ခံထားရပြီး၊ တနေကုန် ကွေးထားရတော့ ညာဘက်ဒူးခေါင်း အကြောတွေ ဘာဖြစ်သွားလဲ မသိဘူး။ အခုလမ်းလျှောက်ရင်ခဏခဏလဲကျလာတယ်။ နံရိုးမှာ သေနတ်အတိုနဲ့ ရိုက်ထားတဲ့အတွက်အခုဓါတ်မှန် ရိုက်ကြည့်တော့ ရောင်နေတယ်။

| | |
|---|---|
| **လူ့အခွင့်အရေးချိုးဖောက်မှု** | **- မတရားဖမ်းဆီးသတ်ဖြတ်မှု** |
| ချိုးဖောက်ခံရသူအမည်(၁) | - ဦး**** |
| ကျား/မ | - ကျား |
| အသက် | - (၃၃) နှစ် |
| အမျိုးသားမှတ်ပုံတင်အမှတ် | - ၁/မကတ(နိုင်)**** |
| လူမျိုး | - ကချင် |
| ကိုးကွယ်သည့် ဘာသာ | - ခရစ်ယာန် |
| ပညာအရည်အချင်း | - (၁၀) တန်း |
| အလုပ်အကိုင် | - ကျေးရွာမီးသတ်တာဝန်ခံ |
| မိဘအမည် | - ဦး**** နှင့် ဒေါ်**** |
| အိမ်ထောင်ရှိ၊ မရှိ | - ရှိ |
| ဇနီးအမည် | - ဒေါ်**** |
| သားသမီး | - (၂) ယောက် |
| နေရပ်လိပ်စာ | -***ကျေးရွာ၊ နမ္မတီးမြို့၊ မိုးကောင်းမြို့နယ်၊ ကချင်ပြည်နယ်။ |
| | |
| ချိုးဖောက်ခံရသူအမည်(၂) | - ဦး**** |
| ကျား/မ | - ကျား |
| အသက် | - (၄၁) နှစ် |
| အမျိုးသားမှတ်ပုံတင်အမှတ် | - ၁/မကတ(နိုင်)**** |
| ကိုးကွယ်သည့် ဘာသာ | - ခရစ်ယာန် |
| ပညာအရည်အချင်း | - (၄) တန်း |
| အလုပ်အကိုင် | - ခြံလုပ်ငန်းနှင့် ဆင်မွေး |
| မိဘအမည် | - ဦး****နှင့် ဒေါ်**** |
| အိမ်ထောင်ရှိ/ မရှိ | - ရှိ |
| ဇနီးအမည် | - ဒေါ်**** |
| သားသမီး | - ကျား(၂)၊ မ(၁) |
| နေရပ်လိပ်စာ | - ****ကျေးရွာ၊ နမ္မတီးမြို့၊ ကချင်ပြည်နယ်။ |
| အခင်းဖြစ်ပျက်သည့်နေရာ | - ဒင်ယန်ဂိတ်၊ နမ္မတီးမြို့၊ မိုးကောင်းမြို့နယ်၊ကချင်ပြည်နယ်။ |
| အခင်းဖြစ်ပွားသည့်နေ့ | - ၈ ရက်၊ ဩဂုတ်လ၊ ၂၀၁၇ ခုနှစ် |
| ချိုးဖောက်သူ | - ခ.မ.ရ (၃၈၁)၊ မြန်မာအစိုးရတပ်မတော် |
| | |
| အမှုဖြစ်စဉ်ပြန်လည်ပြောပြသူအမည် | - ဒေါ်**** နှင့် ဒေါ်**** |
| ချိုးဖောက်ခံရသူနှင့် တော်စပ်ပုံ | - ချိုးဖောက်ခံရသူနှစ်ဦး၏ ဇနီး |
| မှတ်တမ်းကောက်သည့်နေ့ | - ၁၁ ရက်၊ ဩဂုတ်လ၊ ၂၀၁၇ခုနှစ် |
| မှတ်တမ်းကောက်သည့်အဖွဲ့ | - KWAT ၊ HI |

**အမှုဖြစ်စဉ်**

၇ ရက်၊ ဩဂုတ်လ၊ ၂၀၁၇ ရက်နေ့ ညနေပိုင်း ၄း၀၀ နာရီ အချိန်ခန့် ၎င်းတို့နေရာ ညောင်ပင်ရပ်၊ လမ်းခွကျေးရွာ နမ္မတီးမှ ဒွန်ဘုံရွာအနီး ဦး**** အခင်းရှိရာ(တိန်းရက်ယန်လိမ္မော်ခြံ) လီဒိုလမ်းမသို့ ငါးရှာရန်အတွက် အစိမ်းနက်ရောင် Yingxing 125 ဆိုင်ကယ်နဲ့ ဦး**** ၏ ဆိုင်ကယ်တစ်စီးဖြင့် ထွက်ခွာသွားခဲ့ပါသည်။ ထိုသို့ မသွားမီ နမ္မတီးမှ၎င်းတို့၏မိတ်ဆွေဖြစ်သူ ဦး****အား ၎င်းတို့နှင့်အတူလိုက်ခဲ့ ရန်ခေါ်ပါသော်လည်း ဦး****မှာ အလုပ်မအားသောကြောင့် လိုက်ပါသွားခဲ့ခြင်းမရှိပါ။ ဦး**** နှင့် ဦး**** လိမ္မော်ခြံတွင် တစ်ညအိပ်ပြီး ၈ ရက်၊ ဩဂုတ်လ၊ ၂၀၁၇ ရက်နေ့တွင် တစ်နေကုန်ငါး ရှာခဲ့ဟန် တူသည်။

၈ ရက်၊ ဩဂုတ်လ၊ ၂၀၁၇ ရက်နေ့ ညနေ (၅) နာရီခန့်တွင် ၎င်းတို့နှစ်ဦးသည် ဦး**** ၏ လိမ္မော်ခြံမှ နမ္မတီးသို့ပြန်လာကြရာ ဦး**** က ဆိုင်ကယ်မောင်းနှင်ပြီး ဦး**** က ပလိုင်းလွယ်ပြီးနောက်မှ လိုက်ပါစီးခဲ့ပါသည်။ နမ္မတီး အိမ်သို့အပြန်တွင် ဇီးဒင်ယန်အနီးရှိ ခ.မ.ရ(၃၈၁) စခန်းကုန်းအောက် တပ်ဂိတ်တွင် ၎င်းတို့နှစ်ဦးအားရပ်တန့်ကာ စစ်ဆေးပါသည်။ စစ်သားများမှ ဦး**** ၏ ဓားပလိုင်းအား စစ်ဆေးနေပြီးဘေးနားတွင် ဦး**** ရပ်နေပါသည်။ ထိုသို့စစ်ဆေးနေသည်ကို ၎င်းတို့နှင့်ကပ်လျက် ရှေ့ဆင့်နောက်ဆင့်ဆိုင်ကယ်စီးလာသူ ဒေါ်****မှ တွေ့ ခြင်းဖြစ်သည်။ စစ်သားများမှ ဦး****၏ ခြင်းကြားထဲမှ အထုတ်တစ်ခုကို စစ်ဆေးတွေ့ရှိရာ ဘာယ်ကရသလဲဟုမေးမြန်းရာ ဦး**** မှလမ်း ဘေးမှကောက်ရသည် ဟုပြောဆိုပြီးပစ္စည်းကို စစ်သားများအားပေးအပ် နေသည်ကိုတွေ့ရ သည်။ စစ်သားများ မှ မင်းတို့နှစ်ယောက်ပဲ ဒီလမ်းမှာမိုင်းခွဲတဲ့ကောင်တွေဟု စစ်မေးသံကြားရ ပါသည်။ ဦး**** ကို စစ်သား များမှ ရိုက်နှက်စစ်ဆေးနေသည်ကို တွေ့ရပါသည်။ ဒေါ်****မှ ဦး**** အား(ဘာဖြစ်သလဲ) ဟုမေးလိုက်ရာ ဦး**** ကလည်ပင်းဖြင့် ဒေါ်****အား သွားသွားဟုသည့်သဘောဖြင့် လည်ပင်း ကိုရန်းပြ လိုက်သည်။ စစ်သားများမှလည်း ဒေါ်****အား အဘွားကြီး သွားသွားဟု မောင်းထုတ်သဖြင့် ဒေါ်****မှ စစ်သားများရှိရာထို ဂိတ်မှ ဆိုင်ကယ်ဖြင့် ဆက်လက်ထွက် ခွာသွားပါသည်။

ဒေါ်****၏ အဖော်နှစ်ဦးဖြစ်သူ (အမည်မသိ) နှစ်ဦးသည်လည်း ဒေါ်****ထွက်သွားသည်နှင့် ရှေ့ဆင့်နောက်ဆင့် ထိုဂိတ်သို့ရောက်ရှိလာပါသည်။ ထိုသူနှစ်ဦးမြင်တွေ့ရသည်မှာ ဦး**** နှင့် ဦး**** ကိုစစ်သားများက ရိုက်နှက်စစ်ဆေးနေသည်ကို ပထမမြင်တွေ့ရပြီးနောက် ဦး**** ကိုကြိုးတုတ်ပြီး တပ်ကုန်းသို့ ခေါ်သွားသည်ကိုတွေ့ရပါသည်။ ဦး**** ကိုမူ ၎င်းတို့နှစ်ဦး၏ ဆိုင်ကယ်ရှေ့တွင် ကြိုးတုတ်ထားပြီး ထိုင်ခိုင်းထားသည် ကိုတွေ့ရပါသည်။ ဦး****နှင့် ဦး**** ကို အသက်ထင်ရှားတွေ့ရ သည်မှာ ထိုညကနောက်ဆုံး ဖြစ်ပါသည်။ ထိုည (၁၁) နာရီခန့်တွင် နမ္မတီးမှခတ်လှမ်းလှမ်း တစ်နေရာ (ခမရ ၃၈၁ တပ်စခန်းရှိရာဘက်တွင်) ဗုံးကွဲသံတစ်ချက်ကြားရပါသည်။ ဒေါ်****သည် ထိုနေ့ညတွင်းတွင်ပင် ဦး****နှင့် ဦး**** ၏အိမ်သို့ သွား၍၎င်းတို့နှစ်ဦးလွယ်လာသောပလိုင်းတွင် မိုင်းပါသည်ဟုပြောပြီး စစ်သားများစစ်ဆေးနေသည်ကို သူမ ကြားလာသည့်အတိုင်း ပြောပြပါသည်။

ထိုသတင်းကိုကြားကြားချင်း ဦး****၏မိန်းမဖြစ်သူ ဒေါ်****သည် ရုတ်တရက်ဘာလုပ်ရမှန်း မသိဖြစ်နေစဉ် ရာအိမ်မှူးဦး****လည်းဖြတ်လာသဖြင့် အုပ်ချုပ်ရေးမှူးဦး**** ထံသို့ ဦး****၏မိန်းမဖြစ်သူ ဒေါ်****ကိုပါခေါ်ပြီး (၃) ဦးသွားခဲ့ပါသည်။ အုပ်ချုပ်ရေးမှူးအိမ်သို့ရောက်သောအခါ အုပ်ချုပ်ရေးမှူးမှာ ဦး****ဆိုသူနှင့် ဖုန်းဖြင့်ထိုအကြောင်း ပြောဆိုနေသည်ကိုကြားသိရပါသည်။ အုပ်ချုပ်ရေးမှူးအား အကျိုးအကြောင်းပြောပြရာ အုပ်ချုပ်ရေးမှူးမှာမည်သည့် အကူအညီမှ မပေးဘဲ ၎င်းတို့ (၃) ဦးအား အပြစ်တင်စကားသာပြော နေပါသည်။

ထို့နောက် ၎င်းတို့ (၃) ဦးတို့သည် အုပ်ချုပ်ရေးမှူးနှင့် အလုပ်မဖြစ်သဖြင့် နမ္မတီးမီးသတ်ရုံးမှ ဆရာ**** နှင့်တွေ့ဆုံနိုင်ခဲ့ပြီး အကျိုးအကြောင်းပြောပြရာ ဆရာ****မှ မီးသတ်ဦးစီးဌာနမှ ဆရာ****နှင့် သွားတွေ့ ရန်အကြံပေးသဖြင့်သွားတွေ့ရန် ကြိုးစားသော်လည်း ထိုညကမတွေ့နိုင်ခဲ့ပေ။ ဒေါ်****နှင့် ဒေါ်****တို့မှာ ထိုည တွင်မည်သို့မျှမတတ်နိုင်သဖြင့် အိမ်သို့ပြန်လာခဲ့ကြပါသည်။

၉ ရက်၊ ဩဂုတ်လ၊ ၂၀၁၇ ခုနှစ် ရက်နေ့နံနက် (၇) နာရီကျော်တွင် လူနှစ်ဦးမိုင်းကွဲပြီး သေနေသည့်ပုံကို **** ဆိုသူ၏ facebook account တွင် မိုးကောင်းမြို့နယ်၊ ဇီးဒင်ယန်နှင့် နန္ဒန်ကြား ရင်ကွဲတောင် ပေါက်ကွဲမှုတစ်ခု ဖြစ်စဉ်တွင် လက်လုပ်မိုင်းထောင်နေစဉ် ပေါက်ကွဲမှုဖြစ်ပွားပြီး အမည်မသိ လူနှစ်ဦးသေဆုံးကြောင်း ဦး****မှ ဖတ်ခဲ့ရပါသည်။ ဦး****သည် ထိုသတင်းဓာတ်ပုံများကိုကြည့်ရာ သေဆုံးသူနှစ်ဦးသည် မိမိ၏ မိတ်ဆွေများဖြစ်နေသည်ကို တွေ့ရှိရပါသည်။ ဦး****မှ သေဆုံးနှစ်ဦး၏ ရုပ်အလောင်းကို ရရှိရန်စုံစမ်းရာ ပထမတွင် နမ္မတီးဆေးရုံရင်ခွဲရုံတွင် အလောင်း ရောက်ရှိနေသည်ဟု သတင်းကြားပြီး ၎င်းတို့နှစ်ဦး၏မိသားစုများမှ ဆုတောင်းမြှုပ်နှံရန် အခေါင်းနှင့်လက်ဝါး ကပ်တိုင်များ ပြုလုပ်ရန်ပြင်ဆင်ခဲ့ပါသည်။ သို့သော် ထိုအချိန်၌ ဖားကန့်မှမြစ်ကြီးနားသို့ ဆင်းလာသူ လွှတ်တော် အမတ်(ဟောင်း) ဦး****မှ လမ်းတွင်အလောင်း နှစ်လောင်းတွေ့ရှိထားသည် ဟုပြောသဖြင့် အလောင်းများသည် နမ္မတီးဆေးရုံရင်ခွဲရုံတွင် မရှိကြောင်း ထိုအခါမှ သိရပါသည်။

၎င်းနောက် ဦး****မှ ဦး****တို့အား စစ်တပ်သို့စေလွှတ်ပြီး အလောင်းကိုရယူစေသော်လည်း စစ်တပ်မှ တိုင်းမှူး၏အမိန့်အရ အလောင်းကိုယူခွင့်မရှိကြောင်း ပြောဆိုခဲ့ပါသည်။ ထိုနေ့မွန်းလွဲ (၂) နာရီခန့်တွင် ဘာသာရေးဆရာများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့် မိသားစုဝင်များ ခ.မ.ရ (၃၈၁) သို့သွားရောက်ပြီး အလောင်းပြန်လည်ရရှိရေးနှင့် ယခုမြှုပ်နှံထားသည့် နေရာမှ လမ်းခွကျေးရွာ သုသာန်သို့ပြောင်းရွှေ့မြှုပ်နှံ ရန်တောင်းဆိုရာ ခမရ(၃၈၁)ဇီးဒင်ယန်တပ်စခန်းမှ တာဝန်ရှိသူများသည်အလောင်းကို မယူရန်နှင့်ထပ်မံ ပြောင်းရွှေ့ခြင်းကိုလည်း တိုင်းမှူး၏ခွင့်ပြုချက်မရရှိဘဲ ဖော်ယူခွင့်မရှိကြောင်း အကယ်၍ ဆုတောင်းလိုပါက မြှုပ်နှံထားသည့်နေရာတွင်သာ လာရောက်ဆုတောင်းနိုင်ကြောင်းသာ ခွင့်ပြုခဲ့ပါသည်။

၁၀ ရက်၊ ဩဂုတ်လ၊ ၂၀၁၇ ရက်နေ့ နံနက်ပိုင်း (၁၀) နာရီ (သို့) (၁၁) နာရီခန့်တွင် မီးသတ်တပ်ဖွဲ့ဝင်များ၊ မိဘဆွေမျိုး မိသားစုများ၊ ကျေးရွာသူ/ရွာသားများ၊ အသင်းတော်မှ ပုဂ္ဂိုလ်များစုစုပေါင်း (၂၀၀) ခန့်မြှုပ်နှံထားသော နေရာတွင် သွားရောက်ဆုတောင်းခဲ့ပါသည်။ သေဆုံးသူ ဦး****သည် မီးသတ်တပ်ဖွဲ့ဝင် တစ်ဦးဖြစ်သဖြင့် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့မှ ပြန်တမ်းကိုဖတ်ကြားရန် ခ.မ.ရ(၃၈၁)မှ ခွင့်မပြုသဖြင့် ခွင့်ပြုမိန့် ရရှိရေးအတွက် များစွာအချိန်ယူညှိနှိုင်းကာမှ ခွင့်ပြုမိန့်ရရှိခဲ့သည်။ ၎င်းအပြင် ဆုတောင်းအစီအစဉ်၌ ရိုက်ကူးထားသော ဗီဒီယိုဖိုင်များ၊ ဓါတ်ပုံများအားလုံးကိုလည်း စစ်တပ်မှဖျက်ပေးခဲ့ပါသည်။

ဦး****နှင့် ဦး****တို့၏ အလောင်းမှာ ယခုချိန်ထိ စစ်သားများမြှုပ်နှံထားသော နေရာတွင် သာရှိပါသည်။ အလောင်းမြှုပ်နှံထားသည့်နေရာ ဆိုသည်မှာလည်း ၎င်းတို့ပြသ၍မြေပုံနှစ်ခုကိုသာ တွေ့ရပါသည်။ အထဲတွင်အလောင်းရှိမရှိ မည်သူမျှမသိရပါ။ ထို့နောက် စစ်တပ်၏ထုတ်ပြန်ချက်အရ ဦး****နှင့် ဦး****သည် လမ်းဘေးတွင်မိုင်းထောင်ပြီး သေဆုံးနေသည့်ပုံများ Facebook ပေါ်တွင် တင်ပေးသလို သတင်းထုတ်ပြန်သည့် အခါမှာလည်း ၎င်းတို့နှစ်ဦးသည်မိုင်းကြောင့် ၎င်းတို့ဖာသာပေါက်ကွဲ၍ သေဆုံးသယောင် ဖန်တီးထားပါသည်။ ထို့နောက် ၎င်းတို့နှစ်ဦးကိုဖမ်းဆီးပြီး ရဲလက်သို့လွှဲပြောင်းပေးမည်ဟု မျှော်လင့်သော်လည်း ရဲလက်သို့မအပ်ဘဲလက်စတုံး ဖျောက်ပစ်လိုက်ခြင်းဖြစ်သည်။ သေဆုံးပြီး ရင်ခွဲရုံသို့ပို့ ဆောင်ရမည့်တာဝန်ကိုလည်း လုပ်ဆောင်ခဲ့ခြင်းမရှိသလို သက်သေခံပစ္စည်းရုပ်လောင်းကို ဖျောက်ဖျက်ကာ တရားလက်လွှတ်ပြုထားပါသည်။

ယခုလက်ရှိအခြေအနေတွင် အမှုမှန်ပေါ် ပေါက်လာနိုင်ရေး၊ အလောင်းတူးဖော်ရရှိရေး အတွက် (Shingnip, Htoi Gender, Sha-it, HI, KWAT) အဖွဲ့ အစည်းများမှ ဦးစီးလုပ်ဆောင်လျက်ရှိသည်။ အမှု မှန်ပေါ် ပေါက်ရေးအတွက် စုံစမ်းဖော်ထုတ်ပေးရန် ပြည်သူ့ရေးရာစီမံခန့်ခွဲရေးကော်မတီသို့ တင်ပြထားခြင်း၊ အလောင်းတူးဖော်ရရှိရေး အတွက်လိုအပ်သော မှုခင်းဆရာဝန်ကိုလည်း စုံစမ်းလျက်ရှိပါသည်။

ကျွန်မအမျိုးသားက အစိုးရမီးသတ်အဖွဲ့အစည်းမှာ အရန်မီးသတ်လုပ်ပါတယ်။ နောက်ပြီးတစ်ခါတလေ တော့နေ့စား(ကျပန်း) အလုပ်လည်းလုပ်တယ်။ ကျွန်မအမျိုးသားအရန်မီးသတ် အလုပ်လုပ်တာကို တစ်ရွာလုံး လည်းသိတယ်။ သူလုပ်တဲ့အလုပ်ကအရမ်းများပါတယ်။ ကျွန်မတို့နှစ်ယောက် ၂၀၁၈ ခုနှစ်မှာ အိမ်ထောင်ကျတယ်။

ခုလိုမဖြစ်ခင် ရှေ့တစ်ရက်အလိုလောက်မှာတော့ သူဘယ်မှမသွားဘူး။ ၇ ရက်၊ ဩဂုတ်လ၊ ၂၀၁၇ ရက်နေ့မှာ ဦး**** (အတူသေဆုံးသူ)က သူ၏အမျိုးသမီးကို ငါးဖမ်းသွားမယ်ဆိုပြီး ပြောတယ်တဲ့။ ကျွန်မအမျိုးသားက ၇ ရက်၊ ဩဂုတ်လ၊ ၂၀၁၇ ရက်နေ့ ညနေပိုင်း ၄း၃၀ အချိန်ခန့်မှာ သူတို့နှစ်ယောက် ထွက်သွားလိုက်တယ်။ ကျွန်မက အမျိုးရဲ့ခြံကို သွားတယ်ပဲ သိတယ်။ တစ်ညသွားအိပ်မယ်လို့တော့ ပြောတယ်။ ၈ ရက်၊ ဩဂုတ်လ၊ ၂၀၁၇ ရက်နေ့ညနေ ၅း၃၀ အချိန်လောက်မှာ နော်လတ်ကို ဇီးဒင်ဂိတ်မှာ စစ်မေးနေတယ်ဆိုပြီး ဒေါ် ****လာပြောပြတယ်။ အဲဒီသတင်းကြားတာနှင့် ဒေါ် ****(နော်ဘောက်၏ဇနီး) နှင့် ကျွန်မတို့နှစ်ယောက် အုပ်ချုပ်ရေးမှူးထံသွားပြီး အကူအညီသွားတောင်းချိန် အုပ်ချုပ်ရေးမှူးက "ခုချိန်မှာ နိုင်ငံရေးအခြေအနေလည်း မကောင်းဘူး" လို့သာ ပြောသောကြောင့် မီးသတ်ရုံးသို့ မီးသတ်မှူးဆီပြန်သွားခဲ့သော်လည်း မကူညီနိုင်ကြောင်းသာပြန်ပြော၍ ပန်လာခဲ့ရတယ်။ နောက်မနက်မှ Face-book ကနေသိလိုက်ရတယ်။ အဲသတင်းFacebook မှာတွေ့တဲ့ညမှာပဲ ရပ်ကွက်လူကြီး များက ဒေါ် ****နှင့် ကျွန်မတို့နှစ်ယောက်ကို ဘယ်လိုဖြစ်ချင်တယ်၊ ဘယ်လိုလုပ်ချင်ကြောင်းကို ခေါ်တိုင်ပင် ဆွေးနွေးတယ်။

ကျွန်မတို့နှစ်ယောက်လည်း အလောင်းကိုသွားယူပြီး အိမ်မှာပဲဆုတောင်းသင်္ဂြိုလ် ဖို့ရန်အတွက် စစ်တပ်ကို အလောင်းသွားတောင်းချိန်မှာ အလောင်းကို ထုတ်ပေးခွင့်မပြုပါ။ အလောင်းတူးဖော်ခွင့်ရရန် အတွက် တိုင်းမှူးအမိန့်မရဘူးလို့ပြောတယ်။ အဲဒီလိုဆိုရင် မြုပ်နှံထားတဲ့နေရာမှာပဲ ဆုတောင်းရန်ခွင့်တောင်း ချိန်ဆုတောင်းခွင့်ရရှိပြီး ၉ ရက်၊ ဩဂုတ်လ၊ ၂၀၁၇ ရက်နေ့ ဂူမှာဝတ်ပြုဆုတောင်းခြင်း ပြုလုပ်ခဲ့တယ်။ ၁၂ ရက်၊ ဩဂုတ်လ၊ ၂၀၁၇ ရက်နေ့တွင် အိမ်မှာနှစ်သိမ့်ဆုတောင်းပွဲကို ပြန်ပြုလုပ်တယ်။ ဂူမှာဆုတောင်းချိန် အစိုးရစစ်သားများလည်း လာရောက်ကြတယ်။ ဆုတောင်းချိန်တွင် ရိုက်ထားသော ဓါတ်ပုံ၊ ဗီဒီယိုဖိုင်အားလုံးကို ဆုတောင်းပြီးအပြန်လမ်းတွင် အစိုးရစစ်တပ်ဂိတ်တွင် စောင့်စစ်ဆေးပြီး ဓါတ်ပုံ၊ ဗီဒီယိုဖိုင်အားလုံး ဖျက်ပေးလိုက်တယ်။ ဂူမှာသွား ဆုတောင်းချိန် မိသားစုနှင့် ရွာသူ၊ ရွာသားများစုစုပေါင်း အယောက် (၂၀၀) ကျော်ခန့်သွားသော်လည်း စစ်သားများက ဂူအတွင်းသို့ ရပ်ကွက်လူကြီးနှင့် တချို့ကိုသာ ဝင်ခွင့်ပြုခဲ့တယ်။ ကျန်လူအားလုံးကိုမူ စစ်တပ်အနီးမှာပဲ နေခိုင်းထားတယ်။

သူမရှိတော့တဲ့နောက်ပိုင်း ခုချိန်ထိတော့အိမ်မှာစစ်တပ် တခြားလာရောက်ခြိမ်းခြောက်တာ မျိုးတော့မရှိဘူး။ သူမရှိတော့တဲ့နောက် အိမ်မှာအခက်အခဲတော့ အများကြီးရှိလာခဲ့တယ်။ တစ်မိသားစုလုံးကို သူတစ်ယောက်ထဲပဲ ရှာကျွေးနေတာဆိုတော့ ကျွန်မတို့ မိသားစုရှေ့ရေးအတွက် မျက်စိစုံမှိတ်ပိတ်ထားသလို ခံစားရတယ်။ ကျွန်မသမီးနှစ်ယောက်ကိုလည်း အရမ်းသနားမိတယ်။ နောက်ပြီး သူ့အလောင်းကိုလည်း မြင်ချင်တယ်။ (ငိုပြီးပြောသောစကားဖြစ်သည်)။

ဒီဖြစ်စဉ်နှင့်ပက်သက်ပြီး ကျွန်မအနေနှင့် ဘာကိုမှမပြောတတ်တော့ဘူး။ ဒါပေမဲ့ ဦး****တို့ နှစ်ယောက်မှာ ဘာအပြစ်မရှိ အသတ်ခံရတဲ့တွက် အမှန်တရားပေါ်ပေါက်ရန် လိုလားတယ်။ ကျွန်မတို့ အမှုဖွင့်မယ်ဆိုရင်လည်း နောက်ဆက်တွဲပြသနာကို ကြောက်တယ်။ ပြီးတော့ အစိုးရတွေကိုတိုက်ခိုက်ရ လောက်တဲ့ငွေလည်းမရှိဘူး၊ အင်အားလည်းမရှိဘူး။

သူကလိမ္မော်သီးခြံလုပ်တယ်။ ဆင်နှင့်အသက်မွေးဝမ်းကြောင်း ပြုပါတယ်။ ဆင်မရှိခင် အရင်တုန်းကတော့ တောမှာပဲ အလုပ်လုပ်ပါတယ်။ ကျွန်မတို့နှစ်ယောက်က ၂၀၀၈ခုနှစ်မှာ အိမ်ထောင်ပြုပြီး ၂၀၀၉ခုနှစ်မှာ သားကြီးကိုမွေးတယ်။ ဒီလိုမဖြစ်ခင် ရှေ့တစ်ရက်မှာတော့ အိမ်မှာပဲရှိတယ်။ ခြံသွားပြီးငါးဖမ်းမယ်လို့တော့ ပြောတယ်။ ၇ ရက်၊ ဩဂုတ်လ၊ ၁၇ ရက်နေ့ ညနေပိုင်း ၄း၃၀ ခန့်မှာ အိမ်မှာဘာမှပြောမထားဘဲ ထွက်သွားတယ်။ ဒီသတင်း ကြားတာကတော့ ၈ ရက်၊ ဩဂုတ်လ၊ ၂၀၁၇ ရက်နေ့ ည ၆း၃၀ ခန့်မှာ ကြားသိရတယ်။ ဦး****နှင့် ဦး**** ကို ဇီးဒင်ယန်ဂိတ်မှာ စစ်ဆေးမေးမြန်းနေတယ်၊ ဦး****တော့ နင်KIA စစ်သားဟုတ်တယ်လို့ ပြောပြီး ရိုက်နှက်နေတယ် ဆိုပြီး ဒေါ် ****လာပြောပြတယ်။

သူမရှိတော့တဲ့နောက်ပိုင်း စစ်တပ်က လာရောက်ခြိမ်းခြောက်တာမျိုးတော့ မရှိဘူး။ မိသားစု အခက်အခဲကတော့ ဘယ်လိုပြောရမလဲတောင်မသိတော့ဘူး။ ပြောပြလို့မရအောင်ခံစားရပါတယ်။

သူတစ်ယောက်ထဲပဲ အိမ်မှာရှာကျွေးနေတာ။ သူမရှိတော့လို့ကျွန်မတို့မိသားစု ဘယ်လိုနေရမလဲတောင်မသိတော့ဘူး။ ခုချိန်ထိ ကျွန်မစိတ်ထဲမှာ သူအိမ်ပြန်မလာသေးဘူး လို့ပဲထင်နေတယ်။ ကလေးတွေရဲ့ရှေ့ရေးကိုလည်းအရမ်းစိတ်ပူမိတယ်။ သူတို့အဖေမရှိတော့ဘူးဆိုတော့ ကလေးတွေကို မျက်နှာလည်း မငယ်စေချင်ဘူး။ ခုချိန်မှာတော့ ဘာမှမပြောတတ်တော့ဘူး။ ဒါပေမဲ့ အမှန်တရားကိုတော့ လိုလားတယ်။

**လူ့အခွင့်အရေးချိုးဖောက်မှု - အဓွမဓိုင်းစေမှု (ပေါ်တာ)**

| | |
|---|---|
| ချိုးဖောက်ခံရသူအမည် | - ဦး**** |
| ကျား/မ | - ကျား |
| အသက် | - ၄၂ နှစ် |
| အမျိုးသားမှတ်ပုံတင်အမှတ် | - မရှိ |
| ကိုးကွယ်သည့်ဘာသာ | - ခရစ်ယာန် |
| အလုပ်အကိုင် | - တောင်သူ |
| မိဘအမည် | - ဦး**** နှင့် ဒေါ်**** |
| နေရပ် | -****၊ မိုးကောင်းမြို့နယ်၊ ကချင်ပြည်နယ်။ |
| အခင်းဖြစ်ပွားသည့်နေရာ | -****ကျေးရွာ၊ မိုးကောင်းမြို့နယ်၊ ကချင်ပြည်နယ်။ |
| အခင်းဖြစ်ပွားသည့်နေ့ | - ၁၁-၁၂ ရက်၊ ဩဂုတ်လ၊ ၂၀၁၇ ခုနှစ် |
| ချိုးဖောက်သူ | - ခ.လ.ရ (၂၉)၊ ခ.မ.ရ (၃၈၁)၊ ခ.မ.ရ (၃၈၄) |

| | |
|---|---|
| အမှုဖြစ်စဉ်ပြန်လည်ပြောပြသူအမည် | - ချိုးဖောက်ခံရသူကိုယ်တိုင် |
| မှတ်တမ်းကောက်သည့်အဖွဲ့အစည်း | - KWAT |

**အမှုဖြစ်စဉ်**

၁၁ ရက်၊ ဩဂုတ်လ၊ ၂၀၁၇ ရက်နေ့နံနက် (၁၀) နာရီခန့်တွင် ကျွန်တော်က အိမ်နီးချင်းအိမ်သို့ အလည်သွားချိန်တွင် မြန်မာအစိုးရစစ်သားတွေရောက်လာတဲ့အကြောင်း ကြားသောကြောင့် အိမ်ပြင်သို့ထွက်လာချိန်တွင် အိမ်ရှေ့တွင်သေနတ်လည်းကိုင်၊ စစ်ဝတ်စုံဝတ်ထားတဲ့ ဗမာစစ်သား (၁၀) ယောက်နဲ့ တွေ့တယ်။ အဲဒီအချိန်မှာကျွန်တော်တို့ရွာက ဦး****ကလည်း ဆိုင်ကယ်နဲ့စစ်သားတွေရှေ့ကနေ ဖြတ်လာတော့ သူ့ကိုလည်း ကျွန်တော်နဲ့အတူ ဖမ်းဆီးလိုက်တယ်။ ကျွန်တော်တို့နှစ်ယောက်ကို "မင်းတို့နှစ်ယောက် KIA စစ်သားမဟုတ်လား" လို့မေးပြီး ဖမ်းချုပ်လိုက်တယ်။ ကျွန်တော် တို့နှစ်ယောက်ကို ပလိုင်းကြိုးနဲ့ လည်ပင်းကနေ တွဲလောင်းချပြီး လက်ကိုနောက်ကြော ပြန်ချည် ထားတယ်။

ပြီးနောက် အနီးရှိအိမ်အောက်သို့ ခေါ်သွားတယ်။ "ဘာလို့ဖမ်းတာလဲ" လို့မေးတော့ "KIA စစ်သားမို့လို့" ဖမ်းတယ်လို့ပြောတယ်။ ကေအိုင်အေ ဟုတ်လားလို့စစ် ဆေးမေးမြန်း ပြီး သေနတ်ဒင်နဲ့ ခန္ဓာကိုယ်ပေါ်သို့ (၃) ချက်ထုတယ်။ ရင်ဘတ်မှာလည်း ထိုးတယ်။ ပြီးနောက် ကျွန်တော်တို့နှစ်ယောက်ကို ဖမ်းထားတဲ့အိမ်က KIA တံဆိပ်မပါသော အင်္ကျီတစ်ထည် ယူလာကာ ကျွန်တော့်ကိုယ်ပေါ်ခြုံပေးပြီး မင်းတို့ KIA ဟုတ်ကို ဟုတ်တယ်ဆိုပြီး ဓါး မြှောင်နဲ့ သတ်ပစ်တော့မလို ခြိမ်းခြောက်ပြီး KIA အကြောင်းမေးတယ်။ အဲဒီအချိန်မှာ ကျွန်တော်တို့ရွာမှာလည်း စစ်ပွဲပြင်းထန်စွာဖြစ်နေတယ်။ ပြီးနောက် ကျွန်တော်တို့ကို ကက်သလစ် ဘုရားကျောင်းကို ပြန်ခေါ်သွားတယ်။ ဘုရားကျောင်းထဲမှာ ဒဏ်ရာရနေတဲ့ စစ်သားတွေဆေးကု နေတာကိုတွေ့တယ်။ ဘုရားကျောင်းဝင်းမှာလဲ ဗမာစစ်သားတွေ ထမင်းချက်စားနေတာတွေ့တယ်။ ကျွန်တော်တို့နှစ်ယောက် ဘုရားကျောင်းဝင်းသို့ရောက်ပြီး ခဏအကြာမှာ ကဆုန်ကျေးရွာမှ ရွာသား (၄) ယောက်ကိုလည်း ကျွန်တော်တို့ရှိရာ ဘုရားကျောင်းဝင်းကို ခေါ်လာကြတယ်။ သူတို့ ကိုတော့ ကြိုးမချည်ထားကြဘူး။

အဲတာပြီးနောက် စစ်သားတွေထမင်းကျက်တော့ ကျွန်တော်တို့အားလုံးကို ထမင်းကျွေး တယ်။ ကျွန်တော်တို့အားလုံးကို ဘုရားကျောင်းမှာတနေကုန်ဖမ်းထားပြီး အမည်၊ အလုပ်အကိုင်၊ မှတ်ပုံတင်နံပတ် တွေမေးပြီး ဓါတ်ပုံလဲ ရိုက်ယူထားကြတယ်။

ညနေပိုင်းရောက်တော့ ဖမ်းထားတဲ့ထဲက ကျွန်တော်နဲ့ ဦး****ကို ဘုရားကျောင်းကနေ ကြိုးမဖြည်ဘဲ ရွာကအိမ်တစ်အိမ်မှာ တစ်ညလုံးထိုင်လျက်သား နေခိုင်းတယ်။ နောက်မနက် ၁၂ ရက် ဩဂုတ်လ၊ ၂၀၁၇ ရက်နေ့မှာတော့ ဘုရားကျောင်းမှာဖမ်းထားတဲ့ (၄) ယောက်နဲ့ ဆရာမ**** မိသားစုတွေကိုလည်း ကျွန်တော်တို့ နှစ်ယောက်ရှိတဲ့ အိမ်ကိုခေါ်လာကြတယ်။ ကျွန်တော်တို့အားလုံးပေါင်း (၁၀) ယောက်ဟုတ်တယ်။ ကျွန်တော်တို့ နှစ်ယောက်ကို ကြိုးဖြည်ပေးပြီး စစ်သားလူနာ တစ်ယောက်ကို ကျွန်တော်တို့နှစ်ယောက်ကို ထမ်းခိုင်းတယ်။ စစ်သားအင်အားတော့ (၁၀၀) လောက်ရှိတယ်။ ကျွန်တော်တို့အားလုံးကို စစ်သားတွေကြားမှလမ်းလျှောက်ခိုင်း၊ ပြီး ကေအိုင်အေ စစ်သားတွေမရှိတဲ့နေရာကနေ သွားဖို့လမ်းပြခိုင်းတယ်။ အဲဒီထဲက စစ်သားဗိုလ်တစ်ယောက်က "ကျွန်တော်တို့က စစ်မတိုက်ချင်ဘူး စစ်လေ့ကျင့်ရေး လာလုပ်တာ" ဆိုပြီးပြောတယ်။ ဒဏ်ရာရတဲ့ စစ်သားကို ရွာသားတွေကို တစ်ယောက်တစ်လှည့်စီထမ်းခိုင်းတယ်။

တစ်နေကုန်လမ်းလျှောက်ပြီး ညနေပိုင်းလောက်မှ လယ်တော တစ်နေရာရောက်တယ်။ အဲဒီနေရာရောက်တော့ စစ်သားတစ်ချို့က ထမင်းချက်ပြီး တစ်ချို့ကကျွန်တော်တို့ကို အိပ်ဖို့တဲ လုပ်ပေးတယ်။ ထမင်းကျက်တော့ ကျွန်တော်တို့ကို ထမင်းကျွေးတယ်။ အဲဒီည မိုးအရမ်းရွာတော့ ကျွန်တော်တို့တွေ မိုးစိုစိုနဲ့ နေလိုက်ရတယ်။ နောက်နေ့ ၁၃ ရက်၊ ဩဂုတ်၊ ၂၀၁၇ ရက်နေ့ နံနက် (၈) နာရီ (၉) နာရီ လောက်တွင် ကဆုန်ရွာသား တစ်ယောက် ကျွန်တော်တို့ရှိတဲ့နေရာကိုရောက် လာတော့ သူ့ကိုလဲ ဗမာစစ်သားတွေ ဖမ်းလိုက်တယ်။

အဲဒီနောက်စစ်သားအုပ်စုကို ဦးဆောင်တဲ့စစ်ဗိုလ်က "ကျွန်တော်တို့ရွာသားများရဲ့ ဥစ္စာ ပစ္စည်းများကို ဖျက်စီးခြင်းမလုပ်ပါ" ဆိုပြီးရေးထားတဲ့ စာရွက်မှာ ဖမ်းဆီးခံရတဲ့ ကျွန်တော်တို့ အားလုံးကို ထောက်ခံကြောင်း လက်မှတ်ထိုးခိုင်းတယ်။ လက်မှတ်ထိုးခိုင်းတဲ့အချိန် ကျွန်တော်တို့ရဲ့ ပတ်ပတ်လည်တွင် သေနတ်ကိုင်ထားတဲ့ စစ်သားများ ဝန်းရံထားကြတယ်။ လက်မှတ်ထိုးပြီး နောက် ကျွန်တော်တို့ကို တောလမ်းအတိုင်း တောနင်လျှောက်ကြတယ်။ ညနေ (၃) နာရီလောက် အချိန်ရောက်တော့ ညောင်တောဆိုတဲ့ ရွာလမ်းမကြီးရောက်တော့ ကျွန်တော်တို့အားလုံးကို "မင်းတို့အကုန်လုံးပြန်လို့ရပြီ မင်းတို့ကိုကျွန်တော်တို့ ဘာမှမလုပ်ဘူး ပြန်ကြတော့" လို့ စစ်ဗိုလ် တစ်ယောက်ပြောလာတယ်။ အဲဒီနောက် ကျွန်တော်တို့တွင်ပါသော သင်းထောက်ဆရာကို ဖမ်းခံရတဲ့သူအားလုံးအတွက် မုန့်ဖိုးဆိုပြီး ပိုက်ဆံ ၃၀၀၀၀ ကျပ်ပေးပြီး စစ်သားတွေက နမ္မတီးဘက်ကို အရင်သွားနှင့်ကြတယ်။ ညောင်တောရွာက ကဆုန်ကျေးရွာနဲ့နမ္မတီးကြားကရွာဖြစ်တယ် နမ္မတီးနဲ့ တော် တော်လေးနီးတယ်။
ဖမ်းခံရချိန်မှာ စစ်သားတွေကျွန်တော်တို့ လက်ကိုင်ဖုန်းများကို သိမ်းထားပေးတယ်။ ကျွန်တော်တို့ကို ပြန်ခိုင်းတဲ့အချိန်မှ ဖုန်းတွေပြန်ပေးတယ်။ ဖုန်းရတာနဲ့ နမ္မတီးက ကချင်နှစ်ခြင်းက ဆရာတွေကို ဖုန်းဆက်အကြောင်းကြားတော့ ညနေ (၅) နာရီလောက်မှာ လာကြိုကြပြီး နမ္မတီး ကချင်နှစ်ခြင်း ဘုရားကျောင်းကို ရောက်ခဲ့ကြတယ်။

| | |
|---|---|
| **လူ့အခွင့်အရေးချိုးဖောက်မှု** | **- မတရားဖမ်းဆီးမှု** |
| ချိုးဖောက်ခံရသူအမည် | - ဒေါ် **** |
| ကျား/မ | - မ |
| အသက် | - ၄၂ နှစ် |
| အမျိုးသားမှတ်ပုံတင်အမှတ် | - ၁/ မကတ (နိုင်) **** |
| ကိုးကွယ်သည့်ဘာသာ | - ခရစ်ယာန် |
| အလုပ်အကိုင် | - **** |
| မိဘအမည် | - ဦး**** နှင့် ဒေါ်**** |

| | |
|---|---|
| အိမ်ထောင်ရှိ/ မရှိ | - ရှိ |
| အမျိုးသားအမည် | - ဦး**** |
| နေရပ်လိပ်စာ | -****ကျေးရွာ၊ မိုးကောင်းမြို့နယ်၊ ကချင်ပြည်နယ်။ |
| အခင်းဖြစ်ပွားသည့်နေ့ | - ၁၁-၁၂-၁၃ ရက်၊ ဩဂုတ်လ၊ ၂၀၁၇ ခုနှစ်။ |
| အခင်းဖြစ်ပွားသည့်နေရာ | - ကဆုန်ကျေးရွာ၊ မိုးကောင်းမြို့နယ်၊ ကချင်ပြည်နယ်။ |
| ချိုးဖောက်သူ | - ခ.လ.ရ (၂၉)၊ ခ.မ.ရ (၃၈၁) နှင့် (၃၈၄) |

| | |
|---|---|
| အမှုဖြစ်စဉ်ပြန်လည်ပြောပြသူအမည် | - ချိုးဖောက်ခံရသူ ကိုယ်တိုင် |
| မှတ်တမ်းကောက်သည့်နေ့ | - ၁၇ ရက်၊ ဩဂုတ်လ၊ ၂၀၁၇ ခုနှစ် |
| မှတ်တမ်းကောက်သည့်အဖွဲ့ | - KWAT |

## အမှုဖြစ်စဉ်

ကျွန်မက ၁၁ ရက်၊ ဩဂုတ်လ၊ ၂၀၁၇ ခုနှစ် ရက်နေ့ နံနက် ၁၀ နာရီ အချိန် ကျွန်မတို့ ကဆုန် ဒေသမှာ နိုင်ငံရေးအခြေအနေ သိပ်မကောင်းလာသည့်အတွက် ကျေးရွာလူထုနှင့် စစ်ရှောင် ပြည်သူတွေအတွက် ကဆုန်စာသင်ကျောင်း အစည်းအဝေးတွင်ပါဝင်နေတဲ့အချိန် သေနတ်သံ မြည်လာတယ်။ ကျွန်မက ကက်သလစ်ဘုရားကျောင်းမှာ ကျွန်မကလေးကိုထားခဲ့တဲ့အတွက် သွားခေါ်မယ်လို့ထွက်လာချိန်မှာ အစည်းအဝေးတွင်တက်ရောက်သော ကျွန်မတို့ရွာက ဦး**** လည်း အိမ်ပြန်ပြီး နွားသွားချည်မယ်ဆိုပြီး ဆိုင်ကယ်နဲ့ထွက်လာတော့ ကျွန်မလည်း သူ့ဆိုင်ကယ် နဲ့လိုက်သွားတယ်။ အစည်းအဝေးလုပ်တဲ့နေရာက ကဆုန်၊ ရပ်ကွက်**** ဖြစ်ပြီး ကျွန်မတို့အိမ်က ကဆုန်၊ ရပ်ကွက်**** မှာဟုတ်တယ်။ ရပ်ကွက် ****နဲ့ ရပ်ကွက်**** ကြားမှ ကဆုန်မြစ်ခြားလို့ တံတားဖြတ်သွားရတယ်။

ကျွန်မနဲ့ ဦး**** တံတားရောက်တော့ စစ်သားတွေ ကျွန်မတို့နဲ့ မျက်နှာချင်းဆိုင် ဘက်က နေ တက်လာကြတယ်။ ကျွန်မတို့က ကေအိုင်အေ စစ်သားတွေထင်ပြီး ဆက်သွားတော့ စစ်သားတွေက ကျွန်မတို့ကို သေနတ်နဲ့ အဆက်မပြတ်ပစ်လာတယ်။ အဲဒါကြောင့် ဗမာစစ်သားမှန်း သိတော့ ဦး****က ဆိုင်ကယ်ရပ်လှဲလိုက်ပြီး အနီးရှိ ခြံပုတ်ဘက်သို့ ပြေးဝင်သွားတယ်။ ကျွန်မကတော့ ဘယ်ကိုပြေးရမှန်းမသိလို့ အဲဒီနေရာမှာဘဲ ရပ်နေတယ်။ ဗမာစစ်သားတွေက "မပြေးနဲ့ ပစ်မယ်" ဆိုပြီး အော်ပြောတယ်။ ဦး**** ထွက်ပြေးတဲ့ဘက်ကို သေနတ်နဲ့ အဆက်မပြတ် လိုက်ပစ်ကြတယ်။ ကျွန်မကိုတော့ စစ်သားတွေ ရပ်ကွက်**** က ဦး****အိမ်ကို ခေါ်သွားကြတယ်။ အဲဒီအိမ်ရောက်တော့ ကျွန်မတို့ရွာက သင်းထောက်တစ်ယောက်နဲ့ ရွာသား တစ်ယောက် ကိုလဲဗမာစစ်သားတွေ ခေါ်ထားကြတယ်။

အဲဒီအချိန်မှာ ရွာထဲမှာလည်း စစ်အပြင်းအထန်ဖြစ်နေတယ်။ သေနတ်သံ အနည်းငယ် ငြိမ်လာတော့မှ ကျွန်မတို့ကို ကက်သလစ် ဘုရားကျောင်းဘက်သို့ ခေါ်သွားကြတယ်။ ဘုရား ကျောင်းရောက်တော့ ကဆုန် ရွာသားနှစ်ယောက်ကို ကြိုးချည်ပြီး ဖမ်းထားတာတွေ့တယ်။ ဘုရားကျောင်းမှာ ကျွန်မတို့ကို အမည်၊ အလုပ်အကိုင်၊ နေရပ်၊ ဖနီးအမည်၊ အမျိုးသားအမည်၊ မှတ်ပုံတင်အမှတ်တွေမေးပြီး တစ်ယောက်ပြီးတစ်ယောက် ဓါတ်ပုံရိုက်ယူတာတွေ လုပ်တယ်။ ဘုရားကျောင်းဝင်းအတွင်းမှာလည်း ဗမာစစ်သားတွေ ထမင်း ချက်စားနေကြတယ်။ ရွာကဝက်တွေကို ပစ်သတ်ပြီး ချက်စားကြတယ် ထမင်းကျက်တော့ ကျွန်မတို့ကို ထမင်းကျွေးတယ်။

ညနေရောက်တော့ ဘုရားကျောင်းမှာ ကြိုးချည်ပြီးဖမ်းထားတဲ့ ရွာသားနှစ်ယောက်ကို ဘုရားကျောင်းကနေ စစ်သားတွေခေါ်သွားကြတယ်။ ဘယ်ကိုခေါ်သွားမှန်းတော့ မသိဘူး။ အဲနောက် ကျွန်မတို့ ၄ ယောက်ကို ဘုရားကျောင်းကနေ ရွာသားတစ်ယောက် အိမ်ကိုခေါ်သွားပြီး အဲဒီအိမ်မှ မိုးလင်းပေါက် ထိုင်နေခိုင်းတယ်။ ကျွန်မကတော့ တစ်ညလုံး ကျွန်မ ကလေးကိုဘဲ စိတ်ပူပြီး တစ်ညလုံးဆုတောင်းနေခဲ့တယ်။ နောက်နေ့ ၁၂ ရက်၊

ဩဂုတ်လ၊ ၂၀၁၇ ခုနှစ် ရက်နေ့တွင် ကျွန်မတို့ကို ကားလမ်းဘက်ကို ခေါ်လာတယ် အဲဒီမှာ ဘုရားကျောင်းမှာ ကြိုးချည်ဖမ်းထားတဲ့ ၂ ယောက်နဲ့ တခြားနေရာကနေ ဖမ်းခေါ်လာတဲ့ ဆရာမ****တို့ မိသားစု (၄) ယောက်ကိုလဲ ခေါ်လာခဲ့ကြတယ်။ ကျွန်မတို့ရွာသားတွေကိုတော့ စစ်သားတွေရဲ့ကြားမှာ လျှောက်ခိုင်းပြီး တောဘက်ကိုခေါ်သွားတယ်။ အဲဒီနေ့ တနေကုန် တောလမ်းတိုင်းလျှောက်ပြီး KIA (ကချင်လွတ်လပ်ရေးတပ်မတော်) တွေမရှိ တဲ့နေရာပြပါဆိုပြီး စစ်ဗိုလ်က ပြောတယ်။ လမ်းမှာ KIA တွေနဲ့တွေ့ရင် မင်းတို့ကို သတ်မယ် ဆိုပြီး ချိန်းခြောက်မှုတွေ လုပ်တယ်။ စစ်ဗိုလ် တစ်ယောက်က "ကျွန်တော်တို့ KIA တွေနဲ့ တိုက်ဖို့လာတာမဟုတ်ဘူး ကျွန်တော်တို့က လေ့ကျင့်ရေး လာလုပ်ခြင်းဘဲ" ဆိုပြီးပြောတယ်။

တစ်နေကုန် လမ်းလျှောက်ပြီး ညနေပိုင်းလောက်မှ လယ်တော တစ်နေရာရောက်တယ်။ အဲဒီနေရာရောက်တော့ စစ်သားတစ်ချို့က ထမင်းချက်ပြီး တစ်ချို့က ကျွန်မတို့ကို အိပ်ဖို့ တဲလုပ်ပေးတယ်။ ထမင်းကျက်တော့ ကျွန်မတို့ကို ထမင်းကျွေးတယ်။ အဲဒီည မိုးအရမ်းရွာတော့ ကျွန်မတို့တွေ မိုးစိုစိုနဲ့ နေလိုက်ရတယ်။ နောက်နေ့ ၁၃ ရက်၊ ဩဂုတ်လ၊ ၂၀၁၇ ခုနှစ် ရက်နေ့ နံနက် ၈ နာရီ ၉ နာရီ လောက်တွင် ကဆုန်ရွာသား တစ်ယောက် ကျွန်မတို့ရှိတဲ့နေရာကို ရောက်လာတော့ သူ့ကိုလဲ ဗမာစစ်သားတွေ ဖမ်းလိုက်တယ်။

အဲဒီနောက် အဲဒီစစ်သားအုပ်စုကို ဦးဆောင်တဲ့ စစ်ဗိုလ်က " ကျွန်တော်တို့ ရွာသားများရဲ့ ဥစ္စာ ပစ္စည်းများကို ဖျက်ဆီးခြင်းမလုပ်ပါ" ဆိုပြီးရေးထားတဲ့ စာရွက်မှာ ဖမ်းဆီးခံရတဲ့ ကျွန်မတို့ အားလုံးကို ထောက်ခံကြောင်း လက်မှတ်ထိုးခိုင်းတယ်။ လတ်မှတ်ထိုးခိုင်းတဲ့အချိန် ကျွန်မတို့ရဲ့ ပတ်ပတ်လည်တွင် သေနတ်ကိုင်ထားတဲ့ စစ်သားများ ဝန်းရံထားကြတယ်။ လက်မှတ်ထိုး ပြီးနောက် ကျွန်မတို့ကို တောလမ်းအတိုင်း တောနင်းလျှောက်ကြတယ်။ ညနေ ၃ နာရီလောက် အချိန်ရောက်တော့ ညောင်တောဆိုတဲ့ ရွာလမ်းမကြီးရောက်တော့ ကျွန်မတို့ အားလုံးကို "မင်းတို့ အကုန်လုံးပြန်လို့ရပြီ မင်းတို့ကို ကျွန်တော်တို့ ဘာမှမလုပ်ဘူး ပြန်ကြတော့" လို့စစ်ဗိုလ် တစ်ယောက်ပြောလာတယ်။ အဲဒီနောက် ကျွန်မတို့တွင်ပါသော သင်းထောက်ဆရာကို ဖမ်းခံရတဲ့ သူအားလုံးအတွက် မုန့်ဖိုးဆိုပြီး ပိုက်ဆံ ၃၀၀၀၀ ကျပ်ပေးပြီး စစ်သားတွေက နမ္မတီးဘက်ကို အရင်သွားနှင့်ကြတယ်။ ညောင်တောရွာက ကဆုန်နဲ့ နမ္မတီးကြားက ရွာဖြစ်တယ် နမ္မတီးနဲ့ တော်တော်လေးနီးတယ်။

ဖမ်းခံရချိန်မှာ စစ်သားတွေ ကျွန်မတို့ လက်ကိုင်ဖုန်းများကို သိမ်းထားပေးတယ်။ ကျွန်မတို့ကို ပြန်ခိုင်း တဲ့အချိန်မှ ဖုန်းတွေပြန်ပေးတယ်။ ဖုန်းရတာနဲ့ နမ္မတီးက ကချင်နှစ်ခြင်းဘုရားကျောင်းက ဆရာတွေကို ဖုန်းဆက်အကြောင်းကြားတော့ ညနေ ၄၊ ၅ နာရီလောက်မှာ လာကြိုကြပြီး နမ္မတီး ကချင်နှစ်ခြင်း ဘုရားကျောင်းကို ရောက်ခဲ့ကြတယ်။ ကျွန်မရဲ့ ကလေးကိုတော့ စစ်ပွဲဖြစ်တဲ့အချိန် ရွာသားတွေခေါ်သွားကြပြီး နမ္မတီးမှာ ကျွန်မကလေးနဲ့ ပြန်ဆုံခဲ့ရတယ်။

| **လူ့အခွင့်အရေးချိုးဖောက်ခံရမှု** | **- မတရားဖမ်းဆီးမှု** |
|---|---|
| ချိုးဖောက်ခံရသူအမည် | - ဦး**** |
| ကျား/မ | - ကျား |
| အသက် | - ၅၄ နှစ် |
| အမျိုးသားမှတ်ပုံတင်အမှတ် | - ၁/မကန(နိုင်)**** |
| လူမျိုး | - ကချင် |
| ကိုးကွယ်သည့်ဘာသာ | - ခရစ်ယာန် |
| အလုပ်အကိုင် | - **** |
| မိဘအမည် | - ဦး**** နှင့် ဒေါ်**** |
| အိမ်ထောင်ရှိ၊ မရှိ | - ရှိ |

| | |
|---|---|
| နေရပ်လိပ်စာ | - ****ကျေးရွာ၊ မိုးကောင်းမြို့နယ်၊ ကချင်ပြည်နယ်။ |
| အခင်းဖြစ်ပွားသည့်နေ့ | - ၁၁ ရက်၊ ဒီဇင်ဘာလ၊ ၂၀၁၇ ခုနှစ် |
| ချိုးဖောက်သူ | - ခ.လ.ရ( ၂၉)၊ ခ.မ.ရ (၃၈၁)၊ ခ.မ.ရ ( ၃၈၄) |

| | |
|---|---|
| အမှုဖြစ်စဉ်ပြန်လည်ပြောပြသူအမည် | - ချိုးဖောက်ခံရသူကိုယ်တိုင် |
| မှတ်တမ်းကောက်သည့်နေ့ | - ၁၇ ရက်၊ ဩဂုတ်လ၊ ၂၀၁၇ ခုနှစ်။ |
| မှတ်တမ်းကောက်သည့်အဖွဲ့အစည်း | - KWAT |

**အမှုဖြစ်စဉ်**

၁၁ ရက်၊ ဒီဇင်ဘာလ၊ ၂၀၁၇ ခုနှစ် မနက် ၁၀ နာရီလောက်မှာ ကဆုန့်ကျေးရွာရဲ့ ရပ်ကွက် ****မှာ စစ်ပွဲတွေဖြစ်လာတာကြောင့် စစ်ဘေးရှောင်ဖို့ ကိစ္စနဲ့ ပတ်သက်ပြီး ပညာရေးခန်းမမှာ အစည်းအဝေး လုပ်နေကြတဲ့အချိန် သေနတ်သံတွေကြားရပါတယ်။ အဲဒါကြောင့် အိမ်မှာ ချည်ထားတဲ့ နွားတွေကို ကြိုးဖြေပေးဖို့ ဦး****နဲ့အတူ အိမ်ကိုပြန်ခဲ့ကြပါတယ်။ အိမ်ပြန်တဲ့ လမ်းမှာ မြန်မာစစ်သားတွေနဲ့ တွေ့ပြီး အဖမ်းခံရပါတယ်။ သူတို့က ကျွန်တော်တို့ကို ရပ်ကွက် **** က ဦး****အိမ်ကိုခေါ် သွားပါတယ်။ ကျွန်တော်တို့ အဲဒအိမ်ကိုရောက်ပြီး သိပ်မကြာခင်မှာပဲ မြန်မာစစ်သားတွေ ဆရာမ**** ကိုဖမ်းခေါ် လာပါတယ်။ အဲနောက် ရွာထဲက ဒေါ် ****တစ်ယောက်ကိုလည်း ဖမ်းခေါ် လာခဲ့ပါတယ်။

အဲဒီအချိန်က စစ်ပွဲတွေလည်း အရမ်း ဖြစ်နေတဲ့အချိန် ဖြစ်ပါတယ်။ သေနတ်သံတွေ နည်းနည်း တိတ်သွားတော့ စစ်သားတစ်ယောက်က ကျွန်တော်ကို "ဘုရားကျောင်းဝေးသလား" လို့မေးပါတယ်။ ကျွန်တော်လည်း "နည်းနည်းတော့ဝေးတယ်" လို့ဖြေတော့ သူက "ကောင်းကောင်းဖြေနော် လူဆိုတာဘဝပြောင်းဖို့ ဒါဘဲနော်" ဆိုပြီး သေနတ်ပြပါတယ်။ ပြီးတော့ ကျွန်တော်တို့ ၄ယောက်ကို ကက်သလစ်ဘုရားကျောင်းကို ခေါ် သွားပါတယ်။ ဘုရားကျောင်းကိုရောက်တော့ အဲဒီမှာ လူ ၂ယောက်ကို ဖမ်းထားတာလည်း တွေ့ရပါတယ်။ ဘုရားကျောင်းအထဲမှာ ကျွန်တော်တို့ အားလုံးကို မြန်မာစစ်သားတွေက အမည်၊ အလုပ်အကိုင်၊ ဇနီးအမည်၊ ခင်ပွန်းအမည်၊ အိမ်သား ဘယ်နှစ်ယောက်ရှိလဲ၊ ဘယ်မှာနေလဲနဲ့ နိုင်ငံသား နံပါတ်တွေကို တစ်ယောက်ပြီး တစ်ယောက် ကိုမေးပါတယ်။ တစ်ချိန်ထဲမှာပဲ ကျနော်တို့ကို ဓါတ်ပုံရိုက်တဲ့လူက ရိုက် လုပ်ပါတယ်။ ဘုရားကျောင်းထဲမှာပဲ ထမင်းချက်စားကြပြီး ကျွန်တော်တို့ကိုလည်း ကျွေးပါတယ်။

ညဘက်ရောက်တော့ ကျွန်တော်တို့လာတုန်းက ဖမ်းထားတဲ့ ရွာသား ၂ ယောက်ကို စစ်သားတွေ တစ်ခြားနေရာကို ခေါ် သွားပါတယ်။ သိပ်မကြာခင်ပဲ ကျွန်တော်အပါအဝင် အခြား ၃ ယောက်ကို ရွာထဲက ရွာသားတစ်ယောက်အိမ်ကို ခေါ် သွားပါတယ်။ အဲဒီည ကျွန်တော်တို့အားလုံး အဲဒီမှာဘဲ နားကြပြီး၊ တစ်ခြား လာမေးမြန်းတာတွေ မလုပ်တော့ပါဘူး။ နောက်နေ့မနက် ၁၂ ရက်၊ ဩဂုတ်လ၊ ၂၀၁၇ ခုနှစ် မှာတော့ ကျွန်တော်တို့ကို ကားလမ်းမပေါ် ကို ခေါ် သွားပါတယ်။ ကားလမ်းမရောက်တော့ မနေ့က တစ်ခြားနေရာကို ခေါ် သွားခံရတဲ့ ရွာသား ၂ ယောက်ကို စစ်သားတွေက ဖျားနာနေတဲ့ စစ်သားတွေကို သယ်ခိုင်းနေတာ တွေ့ရပါတယ်။ ပြီးတော့ ဆရာမ****နဲ့ ကလေး ၃ ယောက်ကိုလည်း ဖမ်းထားတာ တွေ့ရပါတယ်။ ကျွန်တော်တို့ စုစုပေါင်း ရွာသား ၁၀ ယောက်ကို ဖမ်းထားပြီး ခရီးဆက်တဲ့အခါ စစ်သားတွေရဲ့ အလယ်မှာ ထားပြီး တောလမ်းအတိုင်း သွားကြပါတယ်။ လမ်းမှာ ဒါဏ်ရာရတဲ့ စစ်သားတွေကို ကျွန်တော်တို့ တွေ ထမ်းရပါတယ်။

တစ်နေကုန် လမ်းလျှောက်ခိုင်းပြီး မြန်မာစစ်ဗိုလ်က KIA (ကချင်လွတ်လပ်ရေးတပ်မတော်) စစ်သားတွေ မရှိတဲ့လမ်းကို ပြခိုင်းပါတယ်။ တကယ်လို့ KIA တွေနဲ့ ထိပ်တိုက်တွေ့ရင် ကျွန်တော်တို့ကို သတ်ပစ်မယ်လို့လဲ ခြိမ်းခြောက်ပါတယ်။ စစ်ဗိုလ်တစ်ယောက်က "ငါတို့ KIA နဲ့ ပစ်ခတ်တာမလုပ်ချင်ဘူး။ ငါတို့က လေ့ကျင့်ရေး လာလုပ်တာပဲ" လို့ပြောပါတယ်။

တစ်နေကုန်လမ်းလျှောက်ပြီး ညဘက်တော့ ယာတဲတစ်ခုမှာ စခန်းချပါတယ်။ စစ်သားတွေက ကျွန်တော်တို့ အိပ်ဖို့ တဲတစ်လုံးလုပ်ပေးပါတယ်။ စစ်သားတစ်ချို့က ထမင်းဟင်းချက်ပါတယ်။ ကျက်တာနဲ့ ကျွန်တော်တို့ကိုလည်း ကျွေးပါတယ်။ အဲ့ညက မိုးအရမ်း ရွာပါတယ်။ တစ်ကိုယ်လုံးစိုရွှဲနေပေမဲ့ ဒီတိုင်းပဲ နေရပါတယ်။ နောက်တစ်နေ့ ၁၃ ရက်၊ ဩဂုတ်လ ၂၀၁၇ ခုနှစ် မနက်ပိုင်း ၈ နာရီ ၉ နာရီလောက်မှာ ကျွန်တော်တို့ရွာက ရွာသားတစ်ယောက် ကိုတွေ့လို့ စစ်သားတွေ သူ့ကိုလည်း ဖမ်းလိုက်ပါတယ်။

အဲစစ်တပ်ကို ဦးဆောင်နေတဲ့ စစ်ဗိုလ်တစ်ယောက်က (စစ်သားတွေ ရွာသားတွေရဲ့ ပစ္စည်းဥစ္စာတွေကို ဖျက်လိုဖျက်ဆီးမလုပ်ပါ) ဆိုတဲ့ စာရေးပြီး ကျွန်တော်တို့ကို လက်မှတ်ထိုးခိုင်း ပါတယ်။ လက်မှတ်ထိုးခိုင်းတဲ့အချိန် ဘေးမှာ သေနတ်နဲ့ စောင့်နေတဲ့ကြားမှာပဲ ထိုးပေးရပါတယ်။ ပြီးတော့ ကျနော်တို့ကို ဆက်ပြီး သူတို့နဲ့အတူ ခေါ်သွားပါတယ်။ ညနေပိုင်း ၃နာရီလောက်မှာ ညောင်တောဆိုတဲ့ ရွာလမ်းမကို ရောက်တဲ့အခါ "နင်တို့အားလုံး ပြန်လို့ရပြီ ငါတို့ နင်တို့ကို ဘာမှမလုပ်ဘူး ဒါကြောင့် ပြန်ကြတော့" လို့ စစ်ဗိုလ် တစ်ယောက်က ပြောပါတယ်။ ပြီးတော့ ကျွန်တော်တို့ ဖမ်းခံရတဲ့ လူတွေအတွက်ဆိုပြီး မြန်မာငွေ ၃၀၀၀၀ ကျပ်ကို ကျွန်တော့်လက်ထဲအပ်ပါတယ်။ သူတို့က ညောင်တောကနေပြီး နမ္မတီး လမ်းဖက်ကို ဆက်သွားပါတယ်။ ညောင်တောရွာက ကျနော်တို့ ကဆုန့်ရွာနဲ့ နမ္မတီးရွာရဲ့ ကြားမှာ ရှိပြီး နမ္မတီးနဲ့ပိုနီးပါတယ်။

ဖမ်းထားတဲ့အချိန်မှာတော့ ကျွန်တော်တို့ရဲ့ ဖုန်းအားလုံးကို စစ်သားတွေ သိမ်းထားပါတယ်။ ပြန်လွှတ်တဲ့အချိန်မှဘဲ ပြန်ပေးပါတယ်။ ကျွန်တော်တို့လည်း ဖုန်းရတာနဲ့ နမ္မတီး ကချင်နှစ်ခြင်းဘုရားကျောင်းက ဆရာတွေကို ဖုန်းဆက်ပါတယ်။ ညနေ ၅ နာရီလောက်မှာ မော်တော်ကားနဲ့ နမ္မတီး ဘုရားကျောင်းကိုပြန် ရောက်လာပါတယ်။

## ပူတာအိုမြို့နယ်၊ ကချင်ပြည်နယ်။

## လူ့အခွင့်အရေးချိုးဖောက်မှု - မတရားအသင်းဆက်သွယ်မှု အက်ဥပဒေ (၁၇(၂))

| | |
|---|---|
| ချိုးဖောက်ခံရသူအမည် | - ဦး**** |
| ကျား/မ | - ကျား |
| အသက် | - ၄၇ နှစ် |
| အမျိုးသားမှတ်ပုံတင်အမှတ် | - **** |
| လူမျိုး | - ကချင် |
| ကိုးကွယ်သည့်ဘာသာ | - ခရစ်ယာန် |
| အလုပ်အကိုင် | - တောင်သူ |
| မိဘမည် | - ဦး**** နှင့် ဒေါ်**** |
| အိမ်ထောင်ရှိ/မရှိ | - ရှိ |
| ဇနီးအမည် (သို့) ခင်ပွန်းအမည် | - ဒေါ်**** |
| နေရပ်လိပ်စာ | - ****ကျေးရွာ၊ ပူတာအိုမြို့၊ ကချင်ပြည်နယ်။ |
| အဖမ်းခံရသည့်နေ့ | - ၂၃ ရက်၊ အောက်တိုဘာလ၊ ၂၀၁၆ ခုနှစ်။ |
| အဖမ်းခံရသည့်နေရာ | - ပူတာအိုမြို့နယ်၊ ကချင်ပြည်နယ်။ |
| တရားရုံးအမည် | - ဗန်းမော်မြို့နယ်တရားရုံး၊ ကချင်ပြည်နယ်။ |
| စွဲဆိုသည့်ပုဒ်မ | - ၁၇ (၂) |
| ပြစ်ဒဏ် | - ၂ နှစ် |
| ချိုးဖောက်သူ | - ပြည်သူ့ ရဲ |

မှတ်တမ်းကောက်သည့်အဖွဲ့အစည်း - Shingnip Kachin Legal Aid Network

ကျွန်တော်သည် ပူတာအိုမြို့ ****ကျေးရွာတွင် ဇနီး၊ သားသမီးများနှင့်အတူ နေထိုင်ပါသည်။ လွန်ခဲ့သော (၁၉၉၂) ခုနှစ်မှ (၂၀၁၅) ခုနှစ်အထိလည်း ပူတာအိုတွင် အစိုးရဝန်ထမ်း ကျောင်းဆရာအဖြစ် တာဝန်ထမ်းဆောင်ခဲ့ပါသည်။ ကျန်းမာရေး အခြေအနေအရ ကျောင်းဆရာအလုပ်မှ နုတ်ထွက်လိုက်ပြီး ပူတာအိုမြို့ ****ကျေးရွာတွင် မိသားစု ဝမ်းရေးအတွက် တောင်ယာ လုပ်ကိုင်ပြီး တစ်ဖက်တစ်လမ်းအနေဖြင့် ကျေးရွာတွင် သင်းထောက်ဆရာအဖြစ်လည်း လုပ်ကိုင်ခဲ့ပါသည်။

(၂၃ ရက်၊ အောက်တိုဘာလ၊ ၂၀၁၆ ခုနှစ်) တနင်္ဂနွေနေ့ နံနက်ပိုင်းအချိန်တွင် ရဲများမှ ကျွန်တော်နှင့် တွေ့လိုကြောင်း အုပ်ချုပ်ရေးမှူးထံ လာရောက်ပြီး ပြောဆိုခဲ့ကြောင်း ကျွန်တော်တို့ ****ကျေးရွာရှိ ကျေးရွာအုပ်ချုပ်ရေးမှူးမှ ကျွန်တော်အိမ်သို့ လာရောက်ပြီး ပြောပြခဲ့သဖြင့် ကျွန်တော်လည်း တနင်္ဂနွေဘုရား ဝတ်ပြုဆုတောင်းပြီးလျှင်ပြီးချင်း ကျွန်တော်မှ အုပ်ချုပ်ရေးမှူးအိမ်သို့ သွားခဲ့ပါသည်။ ကျွန်တော်ရောက်ပြီး မကြာမီရဲများမှလည်း အုပ်ချုပ်ရေးမှူးအိမ်သို့ရောက်လာပြီး ကျွန်တော့်အား (၄၉) ဦး အမှုကိစ္စနှင့် ပတ်သက်၍ ပါသည့် (၇) ဦးအမည်တွင် ကျွန်တော့်အမည်ပါကြောင်း ပြောပြပါသည်။ ကျွန်တော်မှလည်း (၄၉) ဦးကိစ္စ နှင့် ပတ်သက်၍ ကျွန်တော်မသိကြောင်း ကျွန်တော်မှလည်း မတရားအသင်းအဖွဲ့များနှင့် ဆက်နွယ်ပတ်သက်မှုမရှိကြောင်း ရှင်းပြပြောဆိုခဲ့ပါသည်။ သို့သော် ရဲများမှ ဦး**** ပါ (၁၇) ဦးအား ကေအိုင်အေ သောင်းကျန်းသူများထိန်းချုပ်ထားသော လိုင်ဇာ/မိုင်ဂျာယန်တွင် သင်တန်းတက်ရောက်နိုင်ရန် စတင်ဆော်သြ စည်းရုံးစုဆောင်း ပို့အပ်ပေးခဲ့ပြီး အားပေးကူညီခဲ့သောကြောင့် အရေးယူပေးပါရန် စစ်ဖက်ဆိုင်ရာလုံခြုံရေးတပ်ဖွဲ့မှ စစ်ဆေးဆောင်ရွက်ထားရှိသော ဦး****ပါ (၁၇) ဦး ၏ စစ်ကြောချက် မိတ္တူ၊ မှတ်တမ်းဓါတ်ပုံများနှင့် အတူစွဲဆိုခဲ့သောအမှုဖြစ်ပါသည်။


**လူ့အခွင့်အရေးချိုးဖောက်မှု - မတရားဖမ်းဆီးမှုနှင့် အစအနဖျောက်မှု**

| | |
|---|---|
| ချိုးဖောက်ခံရသူအမည် | - ဦး**** |
| ကျား/မ | - ကျား |
| အသက် | - ၃၉ နှစ် |
| အမျိုးသားမှတ်ပုံတင်အမှတ် | - ၁/မကန(နိုင်) **** |
| လူမျိုး | - ကချင် |
| ကိုးကွယ်သည့်ဘာသာ | - ခရစ်ယာန် |
| ပညာအရည်အချင်း | - ၂ တန်း |
| အလုပ်အကိုင် | - တောင်သူ |
| မိဘမည် | - ဦး**** နှင့် ဒေါ်**** |
| အိမ်ထောင်ရှိ/မရှိ | - ရှိ |
| ဇနီးအမည် | - ဒေါ်**** |
| သားသမီး | - ၅ ယောက် |
| နေရပ်လိပ်စာ | - ****ကျေးရွာ၊ ပူတာအိုမြို့နယ်၊ ကချင်ပြည်နယ်။ |
| အခင်းဖြစ်ပွားသည့်နေ့ | - ၁၀ ရက်၊ မတ်လ၊ ၂၀၁၈ ခုနှစ် (ညနေ ၄ နာရီခန့်) |
| အခင်းဖြစ်ပွားသည့်နေရာ | - မဆွပ်ဖွပ်ရွာအကျော်၊ အင်ဒန်တံတားဂိတ်၊ ပူတာအိုမြို့နယ်။ ကချင်ပြည်နယ်။(ရဂမ်ပြည်သူ့စစ်နှင့် မြန်မာအစိုးရတပ်မတော်) |
| ချိုးဖောက်သူ | - ခ.မ.ရ (၄၂၃ ၊ ၄၂၄) |

| | |
|---|---|
| အမှုဖြစ်စဉ်ပြန်လည်ပြောပြသူအမည် | - ဒေါ်**** |
| ချိုးဖောက်ခံရသူနှင့် တော်စပ်ပုံ | - ဇနီး |

| | |
|---|---|
| ကျား/မ | - မ |
| အသက် | - ၄၇နှစ် |
| အမျိုးသားမှတ်ပုံတင်အမှတ် | - ၁/မကန(နိုင်)**** |
| လူမျိုး | - ကချင် |
| ကိုးကွယ်သည့်ဘာသာ | - ခရစ်ယာန် |
| အလုပ်အကိုင် | - မှီခို |
| မိဘအမည် | - ဦး**** နှင့် ဒေါ်**** |
| မှတ်တမ်းကောက်သည့်နေ့ | - ၁၁ ရက်၊ မေလ၊ ၂၀၁၈ ခုနှစ်။ |
| မှတ်တမ်းကောက်သည့်အဖွဲ့အစည်း | - HI ၊ SSDF |

ပုံ (၈) -တရားဖမ်းဆီးပြီး အစအနပျောက်ဆုံးနေသူ ဦး****



**ဇနီးဖြစ်သူ ဒေါ်****ပြောပြချက်။**

ကျွန်မယောကျ်ားက ကျွန်မတို့အိမ်က ဧည့်သည်အမျိုးသမီးတစ်ယောက်ကို ဆွမ်ပီယန်ကို သွားပို့ထားပြီးတော့ ပြန်လာတဲ့အချိန် ဟုတ်တယ်။ ၁၇ ရက်၊ မတ်လ၊ ၂၀၁၈ ခုနှစ် စနေနေ့ ဟုတ်တယ်။ သူကစစ်သားတွေ အရမ်းများတယ်၊ အဆင်တော့ပြေမလားမသိဘူးလို့တောင်ပြောသေးတယ်။ အိမ်က ဧည့်သည်ကမြစ်ကြီးနားမြို့က အမျိုးတစ်ယောက်ဟုတ်တယ်။ သူကကျွန်မတို့ကို ဆွမ်ပီယန်မြို့ လိုက်ပို့ပေးလို့ပြောတယ်။ ဆွမ်ပီယန်မြို့ ကလူတွေက "ဘာမှမဖြစ်ဘူး လူတွေသွားကြတယ် သွားနိုင်းတယ်"လို့ပြောလို့ သွားပို့လိုက်တာ ဟုတ်တယ်။ ဧည့်သည်ကိုဆွမ်ပီယန်မြို့ ပို့ပြီးတာနဲ့ချက်ခြင်း ပြန်ခေါက်လာခဲ့တယ်။ လိုက်ပို့တဲ့ချိန်မှာ ဂိတ်မှာ "ကျွန်တော်လုန်ရှာယန်မြို့က ဟုတ်တယ်။ ဆွမ်ပီယန်မြို့ကို လူသွားပို့ပြီး ပြန်လာခဲ့တာဟုတ်တယ်" ဆိုပြီးတော့ပြောသွားတယ်လို့ပြောတယ်။ ပြန်လာခဲ့တဲ့ချိန်ညနေ ၂ နာရီခွဲလောက်မှာဟုတ်တယ်။ မဆွမ်ဖွပ်ကျေးရွာရောက်တဲ့အချိန်မှာတောင် ဆယ်အိမ်မှူးကို ကျွန်တော် မဆွမ်ဖွပ်ရွာ ရောက်နေပြီနော် ဆိုပြီးတော့ ဖုန်းဆက်သေးတယ်။ မဆွမ်ဖွပ်ရွာက လုံရှန်ယန်မြို့ကနေသွားရင် ၁၅ မိုင်လောက်ပဲဝေးတယ်။ သူဖုန်းဆက်တဲ့ချိန်က ညနေ ၄ နာရီလောက်ရှိနေပြီ။ သူ့ကို စဖမ်းတဲ့ချိန်မှာ ရော ဆယ်အိမ်မှူးဆီမှာ ဖုန်းဆက်လာတယ်။ သူကကျွန်မဖုန်းမကိုင်လို့ ဆယ်အိမ်မှူးဆီမှာ ဖုန်းဆက်လာတာတယ်။ အိမ်နီးနားချင်းပဲ ဟုတ်တယ်။ ဆယ်အိမ်မှူးကို "ကျွန်တော်ကို ဒီမှာမြန်မာစစ်တပ်က လူတွေဖမ်းထားတယ် အိမ်ကလူတွေကို ပြောပေးပါ" ဆိုပြီးတော့ပဲပြောလိုက်ရတယ်။ စကားပြောနေရင်းနဲ့ ဖုန်းချသွားတယ်။ ဆယ်အိမ်မှူးက ကျွန်မတို့အိမ်လာပြီးတော့ ဦး****ကို တပ်က ဖမ်းထားတယ်လို့ ဦး****ကို ဖုန်းဆက်လာတယ် လို့လာပြောတော့

ကျွန်မလည်း အရမ်းလန့်သွားတယ်။ ဘာကြောင့်ဖမ်းတာလဲ ဆိုတာလည်းမသိဘူး၊ ဘာလုပ်ရမှာလဲဆိုတာလည်းမသိတာနဲ့အရမ်း စိတ်ညစ်သွားတယ်။ ကျွန်မလည်းသူ့ကို ဖုန်းဆက်ကြည့်ရအောင်ဆိုပြီးတော့ သူ့ဖုန်း ကိုဖုန်းဆက်ကြည့်တယ်။ သူ့ဖုန်းကို လူတစ်ယောက်ကိုင်ပေးတယ်။ အခုဒီဖုန်းပိုင်ရှင်ဘယ် ရောက်နေတာလဲ သူနဲ့စကားပြောချင်တယ်လို့ ပြောတော့ "ဖုန်းပိုင်ရှင်ရှိတယ် အခုသူမအားဘူး အပေါ့သွား နေတယ်" ဆိုပြီးတော့ပြောလာတယ်။ ကျွန်မလည်း ဒါသာမာန်တော့မဟုတ်တော့ဘူးဆိုပြီးတော့ အုပ်ချုပ် ရေးမှူးအိမ်ကို သွားပြောပြတယ်။ အုပ်ချုပ်ရေးမှူး အိမ်ရောက်တဲ့ချိန်မှာ ဖုန်းပြန်ခေါ်ကြည့်လိုက်တော့ ခေါ် လို့ မရတော့ဘူး။ ဘာသတင်းမှ မကြားရတော့ဘူး။ လေးနာရီခွဲလောက်ရှိနေပြီ သူဖုန်းဆက်လာတဲ့အချိန်၊ တစ်ခါတည်းဖမ်းထားတဲ့ ဂိတ်ကိုသွားဖို့ လုပ်နေတဲ့ချိန်မှာပဲ အုပ်ချုပ်ရေးမှူးရဲ့အမေကလည်း အရေးပေါ် ဆေးရုံရောက်တော့ အုပ်ချုပ်ရေးမှူးလည်း အရမ်းမအားဘူး ဖြစ်နေတယ်။ နောက်နေ့မှသွားကြည့်ဖို့လုပ်နေတဲ့ချိန်မှာ အုပ်ချုပ်ရေးမှူးရဲ့အမေ အခြေအနေမကောင်းဘူး ဖြစ်သွားလို့ ဆေးရုံကနေအိမ်ကိုခေါ် လာတယ်။ တနင်္ဂနွေနေ့ဟုတ်တယ်။ သူအဖမ်းခံရတာကတော့ စနေနေ့၊ အုပ်ချုပ်ရေးမှူးက အခုသွားကြည့်ရအောင်ဆိုပြီးတော့ အုပ်ချုပ်ရေးမှူး၊ ဆယ်အိမ်မှူး ရပ်ကွက်မှူး အတူသွားကြည့်တော့ လမ်းပိတ်ထားတယ် ဘယ်သူမှသွားလို့မရဘူးလို့ပြောတယ်။ စစ်ထောက်ပို့ယာဉ်ဖြတ်တဲ့အတွက် လမ်းပိတ်ထားလိုက်လို့ သွားလို့မရဘူးဖြစ်သွားတယ်။ ညနေရောက်တော့ ဓာတ်ဆီသယ်တဲ့ ဆိုင်ကယ်သမားတွေလည်း အရမ်းဖြတ်လာတာတွေ့လို့ ပြန်လာ မလားဆိုပြီးတော့ စောင့်နေရင်လည်း ပြန်မလာခဲ့ဘူး။ အုပ်ချုပ်ရေးမှူး အမေလည်းဆုံးသွားတယ် သူ့အမေဆုံးသွားတော့ အုပ်ချုပ်ရေးမှူးလည်း အချိန်မပေးနိုင်တော့ ထဲထဲဝင်ဝင်မလိုက်နိုင်ဘူးဖြစ်သွားတယ်။ ကျွန်မလည်း ဗျူဟာမှူးကိုလည်း စာထည့်တယ်၊ ပူတာအိုမြို့အုပ်ချုပ်ရေးမှူးကိုလည်း စာထည့်တယ် ဘာစာမှလည်းမပြန်ဘူး။ ဗုဒ္ဓဟူးနေ့ရောက်တော့ ပူတာအိုမြို့က ကျောင်းထိုင်ဘုန်းတော်ကြီး၊ ဖာသာ****ရော လုန်ရှာယန်က ကျောင်းထိုင်ဘုန်းတော်ကြီးရော လိုက်ပါပြီးတော့ ဗျူဟာကုန်းကိုသွားတယ်။ ဗိုလ်မှူးတစ်ယောက်ကဘာ အဖြေလည်းမပေးဘူး ရှိတယ်လို့လည်းမပြောဘူး၊ မရှိဘူးလို့လဲမပြောဘူး စကားတောင် ကောင်းကောင်းမပြောဘူး။ ဘာအဖြေမှမရပဲနဲ့ ပြန်လာခဲ့တယ်။

နောက်နေ့ ကြာသပတေးနေ့ ပူတာအိုရဲစခန်းကို ပြန်သွားတယ်။ ရဲစခန်းက အရာရှိတစ်ယောက်က မင်းတို့****ကို သွားကြည့်လိုက်ပါ။ ငွေနည်းနည်းပါးပါး ယူသွားလိုက် လက်ဆောင်လည်း ပါသွားပြီးတော့ သွားပြောလိုက်လို့ အကြံပေးလိုက်တယ်။ ကျွန်မတို့အိမ်ကိုရောက်တော့ ရဲစခန်းက ဖုန်းဆက်လာတယ်။ ဒီနေ့မသွားနဲ့အုံး နောက်နေ့မှသွားလိုက်ပါ လို့ပြောလို့ အဲ့နေ့မသွားဖြစ်ဘူး။ နောက်နေ့ သောကြာနေ့မှာ****ကို ပြန်သွားကြည့်တယ်။ ကျွန်မတော့မလိုက်တော့ဘူး ရပ်ကွက်အုပ်ချုပ်ရေးမှူးနဲ့ ဆယ်အိမ်မှူးတွေပဲ သွားလိုက်တယ်။ ပိုက်ဆံလည်းအရမ်းကုန်ပြီ။ လက်ဆောင်တွေရောယူသွားပေးတယ် ပိုက်ဆံရော ဆယ်သိန်းပေးလိုက်တယ်။ ဘာအကြောင်းမှမရဘူး။ ဟိုကိုရောက်တော့ မင်းတို့ ဆွမ်ပီယန်ကို သွားပါ ဗျူဟာမှူးက ဆွမ်ပီယန်မှာပဲနေတယ်။ ကျွန်တော်တို့ကို ဆွမ်ပီယန်ကပဲ အုပ်ချုပ်တယ်လို့ ပြောလိုက်တယ်။ ဒါနဲ့ဆွမ်ပီယန်ကိုပြန်သွားတော့လည်း ဆွမ်ပီယန်မဟုတ်တော့ဘူးတဲ့ ဆွမ်ပရာဘွမ်မြို့နယ် မှာပဲ ဗျူဟာမှူးနေတယ်ပြန်ပြောတယ်။ ဆွမ်ပရာဘွမ်မြို့နယ်ကိုလည်းပြန်သွားတယ်။ ဘာထူးခြားမှုလည်း မရှိဘူး၊ ရှာပေးမယ်၊ ကျွန်တော်တို့အဖွဲ့က ဖမ်းထားတယ်ဆိုရင် အာမခံတယ် ရှာပေးမယ်လို့တော့ ပြောလိုက်တယ်။ ပိုက်ဆံလည်းအရမ်းကုန်ပြီ၊ အခုချိန်ထိဘာအကြောင်းမှမပြန်ဘူး။ စာထည့်ထားတဲ့ ဟာတွေလည်း ဘာတစ်ခုမှမပြန်ဘူး။ သူ့ကိုဘာလို့ဖမ်းတာလဲ နားကိုမလည်ဘူး။ သူ ဘာလုပ်တဲ့လူလည်း မဟုတ်ဘူး တောင်ယာပဲလုပ်စားတယ် ဟုတ်တယ်။ ကချင်မို့လို့ဖမ်းတယ်လို့ပဲ ထင်တယ်။ လမ်းသွားလမ်းလာ လူတွေကို ဂိတ်ကလူတွေက မင်းတို့ဘာလူမျိုးလဲ လို့မေးရင် ကချင်လူမျိုး ဆိုရင် ကေအိုင်အေသူပုန်လူမျိုးပဲ လို့ပြောပြောတာတွေလည်းရှိတယ်။ သူလည်းတစ်ယောက်ထဲပဲဆိုတော့ ကချင်လည်းဖြစ်နေလို့ အဖမ်း ခံရတာပဲလို့ ထင်တယ်။ တပ်ရင်းမှူး (၄၂၃) မဆွမ်ဇွပ် ကလည်း ၄၂၄ ဆိုလား ဟုတ်တယ်လို့ကြားတယ်။ သတင်းအမျိုးမျိုးကြားလိုက် ပြန်လိုက်တော့လည်းဘာမှမရဘူး။ သဲလွန်စဘာမှကိုမရှိဘူး အခုချိန်ထိ ဟုတ်တယ်။ ပြန်လိုက်ရင်လည်း ဗျူဟာမှူးပြောင်းလိုက်၊ တပ်ရင်းမှူးပြောင်းလိုက်နဲ့ ဘာမှကိုလိုက်ဖို့ အရမ်းခက်တယ်။ တစ်လလောက်ကြာပြီးနောက် တပ်ရင်းကစစ်သားတွေပြောင်းရွှေ့သွားတဲ့အချိန်မှာ ရွာက လူ နှစ်ဆယ်လောက်နဲ့တောတွေတောင်တွေမှာလိုက်ရှာတယ်။ ဘာအစအနမှကိုမတွေ့ဘူး။ ဒုတိယအကြိမ်တော့ ရွာကလူတွေနဲ့အားလုံးပေါင်း ၅၀ လောက်နဲ့ပြန်သွားရှာတယ်။ ဘာမှမတွေ့ဘူး။ တစ်လကျော်ကြာတော့မှ ကျွန်မယောကျာ်းကို သတ်လိုက်ကြလောက်ပြီ သူ့ဝိညာဉ်အတွက်ဆုတောင်းပေးရမယ်ဆိုပြီးတော့ ဆုတောင်းပွဲ လုပ်ပေးလိုက်တယ်ဟုတ်တယ်။

အခုသူမရှိတော့ ကျွန်မတစ်ယောက်ထဲ ကလေးတွေကို ဘယ်လိုကျွေးမွေးရမလဲမသိဘူး။ သူဘဲ တစ်မိသားစုလုံးကို လုပ်ကျွေးနေတယ်ဆိုတော့ ဘာလုပ်ပြီးကလေးတွေရဲ့ပညာရေးကို လုပ်ပေးရမယ် ဆိုတာလည်း မသိတော့ဘူး။ တောင်ယာလယ်ထွန်မယ့်သူတောင်မရှိဘူး။ အခုကျွန်မ နေလည်းမကောင်း အစာအိမ်လည်းဖြစ်တော့ အပြင်ထွက်လို့မရ၊ ကလေးကလည်းတစ်ဘက်နဲ့ ဘယ်လို အသက်ရှင်ရမလဲတောင် မသိဘူး။ ခံစားရတာကတော့ပြောမပြတတ်အောင် ခံစားရတယ်။

ကျွန်မယောက်ျားကို သတ်လိုက်တယ်ဆိုရင်လည်း သတ်လိုက်ကြတယ်ဆိုတဲ့အကြောင်းဖြစ်ဖြစ် ကြားချင်မိတယ်။ ဘာအရေးယူဖို့စိတ်လည်းမကူးဘူး အရေးလည်းမယူတတ်ဘူး။ ကြောက်လည်း ကြောက်တယ်။ ကျွန်မယောက်ျားနဲ့ပတ်သက်ပြီတော့ အကြောင်းတစ်ခုခုတော့ကြားချင်မိတယ်။ သတ်လိုက်တယ် ဆိုရင်လည်း အလောင်း ဖြစ်ဖြစ်လိုချင်တယ် အလောင်းတွေ့ခွင့်ရရင်တောင်မှကျေနပ်ပြီ။ အခုချိန်ထိအသက်ရှင်လျက်ပြီးတော့ မခေါ်ထားလောက်ဘူး။ သတ်လိုက်တယ်ဆိုရင်လည်း ဘယ်လိုသတ်လိုက်တယ်။ ဘယ်မှာမြုပ်ထားလိုက်တယ်ဆိုတာကိုပဲ ကြားခွင့်ရှိရင်တောင် ကျေနပ်တယ်။ အခုကပိုက်ဆံလည်း အရမ်းကုန်ပြီ အခုဆိုရင် အကြွေးတွေလည်းတင်နေပြီ။ ဘယ်လိုလုပ်ရမလဲတောင် မသိတော့ဘူး။ (ဝိုလျက် )

**လူ့အခွင့်အရေးချိုးဖောက်မှု - ရာဇသတ်ကြီးပုဒ်မ (၂၀၂) နှင့် ခြိမ်းခြောက်မှု (၅၀၆) မတရားအတင်းဆက်သွယ်မှု အက်ဥပဒေ (၁၇/၁)**

| | |
|---|---|
| ချိုးဖောက်ခံရသူအမည် | - ဦး**** |
| ကျား/မ | - ကျား |
| အသက် | - ၄၂ နှစ် |
| အမျိုးသားမှတ်ပုံတင်အမှတ် | - ၁/မခဘ(နိုင်)**** |
| လူမျိုး | - ကချင် |
| ကိုးကွယ်သည့်ဘာသာ | - ခရစ်ယာန် |
| အလုပ်အကိုင် | - **** |
| မိဘအမည် | - ဦး**** နှင့် ဒေါ်**** |
| အိမ်ထောင်ရှိ/မရှိ | - ရှိ |
| ဇနီးအမည် | - ဒေါ်**** |
| သား/သမီး | - ကျား (၃) |
| နေရပ်လိပ်စာ | - ****၊ ပူတာအိုမြို့နယ်၊ ကချင်ပြည်နယ်။ |
| အဖမ်းခံရသည့်နေ့ | - ၅ ရက်၊ ဧပြီလ၊ ၂၀၁၈ ခုနှစ်။ |
| အဖမ်းခံရသည့်နေရာ | - ပူတာအိုမြို့နယ်၊ ကချင်ပြည်နယ်။ |
| တရားရုံးအမည် | - ချမ်းဘော့မြို့နယ်၊ ပိုတာအိုခရိုင်၊ ကချင်ပြည်နယ်။ |
| စွဲဆိုသည့်ပုဒ်မ | - ရာဇသတ်ကြီးပုဒ်မ (၂၀၂) နှင့် ခြိမ်းခြောက်မှု (၅၀၆) |
| ပြစ်ဒဏ် | - ၉ လ |
| ပြစ်ဒဏ်ချမှတ်သည့်နေ့ | - |
| လွတ်မြောက်သည့်နေ့ | - |
| ချိုးဖောက်သူ | - ခ.လ.ရ (၁၃၇) |

| | |
|---|---|
| အမှုဖြစ်စဉ်ပြန်လည်ပြောပြသူအမည် | - ဒေါ်**** |
| ချိုးဖောက်ခံရသူနှင့် တော်စပ်ပုံ | - ဇနီး |
| ကျား/မ | - မ |

| | |
|---|---|
| အသက် | - ၃၅ နှစ် |
| အမျိုးသားမှတ်ပုံတင်အမှတ် | - ၁/ပတအ(နိုင်)**** |
| လူမျိုး | - ကချင် |
| ကိုးကွယ်သည့်ဘာသာ | - ခရစ်ယာန် |
| ပညာအရည်အချင်း | - **** |
| အလုပ်အကိုင် | - ကျောင်းဆရာမ |
| မိဘအမည် | - ဦး**** နှင့် ဒေါ်**** |
| နေရပ်လိပ်စာ | - ****၊ ပူတာအိုမြို့နယ်၊ ကချင်ပြည်နယ်။ |
| မှတ်တမ်းကောက်သည့်နေ့ | - ၂၈ ရက်၊ ဧပြီလ၊ ၂၀၁၈ ခုနှစ်။ |
| မှတ်တမ်းကောက်သည့်အဖွဲ့အစည်း | - SSDF ၊ HI ၊ Shingnip Kachin Legal Aid Network |

ဖမ်းဆီးခံရတဲ့နေ့မှာ ဆရာ****က အခုဆောက်လုပ်နေတဲ့အိမ်အတွက် သစ်သားလိုလို့ အောက်ချိုင့်ရပ်ကွက်မှာ သစ်သားသွားယူတယ်။ လမ်းမှာ SB တစ်ယောက်နဲ့ (၄၆)တပ်က စစ်သား**** နဲ့ဆုံတယ်။ ပြီးတော့ လက်ဖက်ရည်ဆိုင်မှာလည်း သူတို့နဲ့ပြန်ဆုံတယ်။ ဖမ်းခိုင်းတာက စစ်တပ်ဘက်ကဖြစ်ပြီး ဖမ်းတာက မချမ်းဘော့ရဲတွေ ဖြစ်တယ်။ သူတို့ဖမ်းတဲ့အချိန်မှာ ဖမ်းဝရမ်းမပါဘူး။ ဦး****ကို ဖမ်းတဲ့အချိန်မှာ သက်သေခံပစ္စည်းဆိုတာတော့ ****နံပါတ်ပါတဲ့ ဖုန်းတစ်ခုတော့ ပါသွားတယ်။ သူတို့က ဖုန်းရဲ့ password မေးတော့ ဖွင့်ပေးလိုက်တယ်တဲ့။ တစ်ရက်ကျော်ကျော်လောက် ဘာဝင်လာမလဲဆိုပြီး စောင့်ကြည့်နေတဲ့ သဘောရှိတယ်။

ဦး****ကို သည်းခြေခွဲဖို့ ဆရာဝန်နဲ့ ရက်ချိန်းပြီးသားဖြစ်တယ်။ ကျွန်မရဲစခန်းကို ရောက်တဲ့အချိန်မှာ "ကျွန်မယောကျ်ားက ကျန်းမာရေး မကောင်းတော့ ရိုက်နှက်တာတွေမလုပ်ပေးနဲ့" လို့ ကျွန်မကပြောတော့ သူတို့က "တရားခံပါဆိုနေမှ အနည်းအကျဉ်းတော့ ရိုက်နှက်တာတွေရှိမှာပေ့ါ" ဆိုပြီးပြောတယ်။ "ကျွန်မ ယောကျ်ားမှာ ရိုက်နှက်ဖို့ဘာပြစ်မှုရှိလဲ။ အခုတောင်မသင်္ကာမှုနဲ့ ဖမ်းတာပါ။" လို့ပြောတော့ ရဲတွေပြောတာတော့ "သူ့(တရားခံ)ကို ၂၀၁၃ ခုနှစ် ကတည်းက ဖမ်းဝရမ်းထုတ်ပြီးသားဖြစ်တယ်" ဆိုပြီး ပြန်ဖြေတယ်။ "ကျွန်မယောကျ်ားက ထွက်ပြေးနေတာလဲ မဟုတ်ဘူး။ တိမ်းရှောင်နေတာလဲ မဟုတ်ဘူး။ ၂၀၁၃ ခုနှစ် ကတည်းက ဖမ်းဝရမ်းထုတ်ထားတယ်ဆိုရင် အဲဲကတည်းက ဖမ်းပါလား။ ဖမ်းဝရမ်းဆိုရင် ဒိတ်မပါဘူးလား။ အခုက (၅)နှစ်ရှိပြီ ဘာကြောင့်အခုမှ ဖမ်းတာလဲ။ ဖမ်းဝရမ်း (၁) ခုက (၅) နှစ်အထိခံလို့လား။ ကျွန်မယောကျ်ားက အစိုးရနဲ့အတူ အလုပ်တွဲလုပ်နေတာ။" ဆိုပြီး ကျွန်မပြောတယ်။ သူတို့ကဘယ်လိုမှ တွေ့ခွင့်မပေးတော့ ကျွန်မလည်းအိမ်ပြန်ပြီး သူ့အတွက် အစားအသောက်တွေ ပြန်သွားပို့ပေးတယ်။

ကျွန်မ အိမ်ရောက်တဲ့အချိန်မှာ မြစ်ကြီးနားဂျာနယ်က ဦး**** ရောက်လာတယ်။ ကျွန်မယောကျ်ားကို မချမ်းဘော့ကို ခေါ်သွားတယ်ဆိုပြီးပြောတော့ ကျွန်မတို့လည်း တခါတည်း မချမ်းဘော့ကို လိုက်သွားတယ်။ ၃နာရီခွဲလောက်မှာ ကျွန်မက "ကျွန်မယောကျ်ားကို ဘာအမှုနဲ့ ဖမ်းတာလဲ" လို့မေးတော့ သူတို့လည်း မသိသေးဘူးတဲ့။ "အဲဲဆို ဘာပုဒ်မလဲ" လို့ပြန်မေးတော့ "အခုကျွန်တော်တို့ လိုက်ရာတုန်း" လို့သူတို့ပြန်ဖြေတယ်။ "အခုရုံးဆင်းချိန်ရောက်တဲ့အချိန်တောင် ဘယ်ပုဒ်မလဲ ဆိုတာမသိဘူးဆိုရင် ဘယ်သူတိုင်တာလဲ" လို့မေးတော့ "အဲဲဒါပြောလို့ မရဘူး" တဲ့။

ကလေးအကြီးဆုံးက ရဲတွေအိမ်မှာ ရှာဖွေတဲ့အချိန်မှာ သူ့အဖေကို လက်ထိပ်နဲ့မြင်တော့ စိတ်အရမ်းမကောင်းဘူး ဖြစ်သွားတယ်ထင်တယ်။

နောက်မနက်မှာ ကျွန်မတို့လည်း ထမင်းတွေသွားပို့ပြီး ရုံးချိန်း (၁၀) နာရီမှာ ရမ္မာန်ယူရမယ်ဆိုပြီး မြို့နယ်တရားရုံးကို သွားတယ်။ "၂၀၁၃ အင်ခါးဂါး အရေးနဲ့ပတ်သက်ပြီး မသင်္ကာတဲ့အတွက်ကြောင့် ခ.လ.ရ (၁၃၇) တပ်ရင်းကနေ တရားလိုလုပ်ပြီးဖမ်းတယ်" လို့သိရတယ်။ ကျွန်မယောကျ်ားတောင် သူ့ကို ဖမ်းတာဘာကြောင့်လဲ ဆိုတာတောင် မသိဘူး။ စစ်ဆေးတာလဲ စစ်သားတွေဘဲဖြစ်တယ်။ သူ့ကို အစားအသောက်တွေ၊ စောင်တွေ၊

အစားအသောက်တွေ ပေးထားပြီး ကျွန်မတို့လည်း ညနေပိုင်း (၄) နာရီလောက်မှာ အိမ်ပြန်တယ်။

ဦး****ပြောတာတော့ သူ့ကို သောကြာနေ့ ဖမ်းတယ်။ စနေနေ့ရောက်တဲ့အချိန်မှာ မချမ်းဘော့ကနေ ထောင်အကြီးမှာ သွားထည့်မယ်လို့ပြောတယ်။ ထောင်အကြီးကို မသွားခင် ကျွန်မတို့အိမ်မှာလာပြီး မွေနှောက် ရှာဖွေတာ ဖြစ်တယ်။ ထောင်ကြီးကို မသွားခင် ပူတာအိုအချုပ်ကို အရင်သွားတယ်။ ပူတာအို ခရိုင်ရဲမှူးက ဦး****ကို လက်ဖက်ရည် တိုက်ပြီးတော့ "ဆရာ့ရဲ့လုပ်ဆောင်ချက် ကျွန်တော်တို့သိတယ်။ ကျွန်တော်တို့ ပြည်သူတွေအတွက် ဘယ်လိုလုပ်တယ်ဆိုတာသိတယ်။ ဆရာရှေ့နေဌားနော် ကျွန်တော်တို့လည်း တာဝန်အရ လုပ်ရတာ" ဆိုပြီးပြောတယ်တဲ့။

သူ့ကို လက်မှတ်ထိုးခိုင်းတဲ့နေရာမှာ ဦး****ဆိုပြီး ထိုးခိုင်းတယ်။ သူက "ကျွန်တော် ဦး****မဟုတ်တဲ့အတွက် မထိုးနိုင်ဘူး"ဆိုပြီးပြောတယ်။ သူတို့ရဲ့တိုင်စာမှာကိုက ဦး**** ဆိုပြီးပါတယ်။ တောင်ပိုင်းတိုးချဲ့ နယ်မြေနဲ့ ပတ်သက်ပြီး ဝန်ကြီးချုပ်ဆီကို တိုင်တဲ့တိုင်စာမှာလည်း ဦး**** ဖစ်နေပြီးတော့ သူ့ကို(ဦး****) လက်မှတ်ထိုးခိုင်းတဲ့ နေရာမှာလည်း ဦး**** ဖြစ်နေတယ်။ သူတို့က မှတ်ပုံတင်နံပါတ်တွေကိုလည်း ဦး**** ကို ဖမ်းပြီးတဲ့နောက်မှ ပြန်မေးယူတယ်။

လက်ရှိပူတာအိုခရိုင်ရဲ့ ရဝမ်ရိုးရာဥက္ကဋ္ဌ (ဦး****) က အရင်ကရဝမ်ရေးရာဝန်ကြီး (ဦး****)ကို မေးတယ် "ဆရာ****က KIA (ကချင်လွတ်လပ်ရေးတပ်မတော်)တွေက ငွေယူတယ်ဆိုတာ ဟုတ်လား မဟုတ်လား" ဆိုပြီး အခုလာမေး တယ်တဲ့။ သူတို့က အခုမှ သက်သေတွေ လိုက်ရှာနေတယ်။

တောင်ပိုင်းနယ်မြေနဲ့ပတ်သက်တဲ့နေရာမှာတော့ သူတို့လည်းကြားသိရသည် ဆိုပြီးတော့မှ ရေးသားထားတာ ဖြစ်တယ်။ သူတို့မျက်မြင်ကိုယ်တွေ့ တစ်ယောက်မှ မရှိကြဘူး။ တောင်ပိုင်းတိုးချဲ့ ကော်မတီမှာ ဆရာ****က စောင့်ကြည့်လေ့လာရေး အဖွဲ့ဝင်အဖြစ်ပါတယ်။ ရဝမ်တစ်မျိုးသားလုံး ဆန္ဒပြထားတဲ့အရာကို ဒီရဝမ်လူမျိုး (ဦး****နဲ့ ဦး****)က ဘာကြောင့်ပါရတာလဲ။ သူတို့အမြင်မှာတော့ ဆရာ****တို့က စောင့်ကြည့် လေ့လာတဲ့နေရာက ပါတယ်လို့မမြင်ဘဲ အားပေးတဲ့အဖွဲ့ဘက်က ပါဝင်တယ်လို့ မြင်သွားတာဖြစ်တယ်။ (စောင့်ကြည့်လေ့လာအဖွဲ့ဆိုသည်မှာ ဒေသခံများ အမှန်တကယ်ကန့်ကွက်ခြင်း ဟုတ်မဟုတ် ပြန်လည် ကွင်းဆင်းစုံစမ်းသည့် ကော်မရှင် အဖွဲ့ဖြစ်သည်။) သူတို့က အဓိကတော့ တောင်ပိုင်းကို စောင့်ကြည့်ရမှာ ဖြစ်တယ်။ တောင်ပိုင်းက ဒေသခံတွေက လက်ခံခြင်းရှိ/ မရှိကိုသိရှိဖို့ မေလ ၂ရက် ၂၀၁၈ ခုနှစ်မှာ အဲဒီဘက် သွားရမှာဖြစ်တယ်။

တရားလိုနေရာမှာ လက်မှတ်ထိုးတဲ့အထဲမှာတော့ ဦး****တော့ မပါနိုင်ဘူးလို့ ပြောတယ်။ ဆရာ**** ဒီပြဿနာဖြစ်ပြီဆိုတဲ့အချိန်မှာ ဦး****က ဗျူဟာ(အစိုးရစစ်တပ်) ဘက်ကို သွားပြီး "ဘာကြောင့်လဲ၊ ဘယ်လိုဖြစ်တာလဲ" ဆိုပြီးတော့ သွားမေးတယ်တဲ့။ ဗျူဟာမှူးက "ရဝမ်တွေက ဦး****(ကချင်ပြည်နယ် ဥပဒေချုပ်) ကိုလုပ်ချင်တယ်။ ဒါပေမဲ့ ဦး****က "ဓားစာခံအနေနဲ့ ပါသွားတာ။" ဆိုပြီး ပြောခဲ့တယ်တဲ့။

ဒီလိုဖြစ်လာတာရဲ့အရင်းအမြစ်က ဦး****က (မချန်းဘော့မှ ကြံ့ခိုင်ရေးအဖွဲ့ဝင်၊ ရဝမ်ရိုးရာကော်မတီအဖွဲ့ဝင် ဖြစ်သည်။) ****ဆိုတဲ့ Facebook အကောင့်နဲ့ ဦး****ရဲ့ အကြောင်းကို အစအဆုံးရေးထားတဲ့ စာပေါ်မှာ အခြေခံပြီးဖြစ်လာတာလည်းဖြစ်တယ်။ အရင်အပါတ်တုန်းက ရဲစခန်းကနေသူ့ကို တရားလို သက်သေအနေနဲ့ ခေါ်တာ သူ(****)က သက်သေမလိုက်နိုင်ဘူးဆိုပြီး ငြင်းတယ်တဲ့။ သူရေးထားတာက "အင်းခါးဂါးရွာမှာ KIA ရဲ့ ထောက်ပံ့မှုတွေကို သူတို့ ရဝမ်ရိုးရာတွေက စေတနာနဲ့ တားတဲ့အရာကို အသိအမှတ်မပြုဘူး။" ဆိုပြီး သူတို့က တစ်ဖက်သတ် ရေးထားတယ်။

အခုလောလောလတ်လတ် ခန့်ထားတဲ့ အင်းခါးဂါး (ရှီလာရွာအုပ်စု) အုပ်ချုပ်ရေးမှူးကို မချမ်းဘော ရဲစခန်းက ခေါ်ပြီး "ဦး****က (KIA) ပြည်သူ့စစ် ဖြစ်တယ်။ ကျွန်တော်တို့သိတယ်။" ဆိုပြီး ရဲတွေက ပြောတယ်တဲ့။ "မဟုတ်ဘူး

သူ(ဆရာ****)က ကျွန်တော်တို့ ရွာမှာတောင် မနေဘူး။ သူ့အမျိုးသမီးနဲ့ ပူတာအို ****ရပ်ကွက်မှာဘဲ နေတာ။ သူ့အစ်ကိုရဲ့ အိမ်သစ်တက်မှာ တစ်ခါဘဲလာတဲ့အချိန်မှာ စစ်ပွဲနဲ့ ကြုံသွားတာဖြစ်တယ်။ (KIA) စည်းရုံးရေးမှူး လုံးဝမဟုတ်ဘူး။" ဆိုပြီးတော့ အုပ်ချုပ်ရေးမှူးက ပြောရင်လဲ သူတို့က "တစ်ရွာသားချင်းမို့ ဝန်မခံချင်တာမလား။ ဝန်ခံလိုက်ပါ" ဆိုပြီး (၅)ကြိမ် လောက်ပြောတယ်တဲ့။ အုပ်ချုပ်ရေးမှူးကတော့ မဟုတ်တာကို ဘယ်လိုမှ ဝန်မခံနိုင်ဘူးလို့ ပြောလိုက်တယ်တဲ့။

လွန်ခဲ့သည့်ရက်အနည်းငယ်က ရဲစခန်းကနေ စစ်ရှောင်စခန်း ကနေ လူ(၂)ယောက်ကို ခေါ်တဲ့အချိန်မှာ တစ်ယောက်(****)ထွက်ဆိုထားတာက "ဒီအင်းခါးဂါးက အသင်းတော်ဆရာတွေက စည်းရုံးရေးမှူးတွေ ဖြစ်တယ်။ တစ်ရွာလုံးက KIA ပြည်သူ့စစ်တွေဖြစ်တယ်။ စည်းရုံးရေးမှူးက ဆရာ****ဖြစ်တယ်။" ဆိုတဲ့ ထွက်ဆိုချက်တွေကို အခုလက်ရှိ အင်ခါးဂါးအုပ်ချုပ်ရေးကို ဝန်ခံခိုင်းတယ်တဲ့။ သူက ထွက်ဆိုချက်က လုံးဝမဟုတ်တဲ့အကြောင်းကို ပြောတယ်။ (****သည် အင်းခါးဂါးရွာတွင် နေထိုင်ပြီးဖြစ်ပြီး ယခု ****စစ်ရှောင်စခန်း တွင် နေထိုင်နေသည့် ရဝမ်ပြည်သူ့စစ်ဖြစ်သည်။) သူတို့ရဲ့တိုင်စာတွေက ကာချုပ်အထိ ရောက်တယ်။ မချမ်းဘော့မှ အင်ခါးဂါးကို သွားရင် စက်လှေနဲ့ဆို (၃) နာရီခန့်ကြာတယ်။

အင်ခါးဂါးရွာက ၂၀၀၄ ခုနှစ်မှာ စတည်လာတာဖြစ်တယ်။ ၂၄ ရက်၊ ဒီဇင်ဘာလ၊ ၂၀၁၅ ခုနှစ် မှာ အစိုးရစစ်တပ်က တစ်ရွာလုံးကို မီးရှို့လိုက်တာဖြစ်တယ်။ ဦး****က ပူတာအိုမှာ ၂၀၀၅ ကနေ နေထိုင်တယ်။ အင်းခါးဂါးရွာကိုတော့ သူ့အမေ နေမကောင်းတဲ့အချိန်တွေ၊ ခရစ်စမတ်လိုအချိန်တွေ တစ်နှစ်မှာ (၃) ခါ လောက်ဘဲ ပြန်တယ်။

၂၀၁၃ ခုနှစ်မှာ စက်တင်ဘာလမှာ သူ့အစ်ကို**** (ဦး****၏အစ်ကို) ရဲ့အိမ်သစ်တက်ပွဲလုပ်ပြီးတဲ့ ညမှာဘဲ စစ်ပွဲဖြစ်သွားတာဖြစ်တယ်။ ဦး****က အဲဒီအချိန်မှာ သူ့အကိုရဲ့အိမ်သစ်တက်ပွဲဆိုပြီး အင်းခါးဂါးရွာမှာ ရောက်နေတာဖြစ်တယ်။ ဦး****ကအဲဒီစစ်ပွဲ(အင်ခါးဂါးစစ်ပွဲ) ဖြစ်တဲ့အချိန်မှာ အရင်အုပ်ချုပ်ရေးမှူး ဦး****နဲ့ စာရေးကို "ပူတာအိုကိုပြန်ပြီး ဒီအင်ခါးဂါးမှာ စစ်ပွဲဖြစ်နေတဲ့အကြောင်းကို မချမ်းဘော့မြို့နယ် ထွေအုပ်ကို သတင်း သွားပို့ပါ" ဆိုပြီး အရင်အုပ်ချုပ်ရေးမှူးနဲ့ စာရေးအတွက် သူက စက်လှေသွားငှားပေးတယ်တဲ့။ သူတို့စက်လှေ ငှား နေတဲ့အချိန်မှာ ဗမာစစ်သား(အစိုးရစစ်သား) တွေက ရွာသားတွေရဲ့ စာရင်းတွေကောက်ခိုင်းတယ်တဲ့ ဦး****က ရွာမှာ နေတဲ့လူမဟုတ်တော့ ရွာမှာ သူ့စာရင်းမပါဘူး ဖြစ်သွားတယ်။ ဦး****က အဲဒီစက်လှေဂိတ်ကနေ ရွာကို ပြန်တဲ့အချိန်မှာ အခုအသစ်ဖြစ်တဲ့ အုပ်ချုပ်ရေးမှူး (ဦး****) နဲ့ လမ်းမှာ ဆုံတယ်တဲ့အချိန်မှာ "မင်းဒီကနေထွက်သွားတော့ မင်း နာမည်စာရင်းလည်း မထည့်ထားဘူး။ မင်းကနဂိုကတည်းကလည်း ဒီရွာကမဟုတ်တော့ သူတို့လည်း တစ်မျိုး ထင်သွားမယ်" ဆိုပြီး ပြန်ခိုင်းလိုက်တယ်တဲ့။ သူကကိုယ်လွတ်ရှိနေတဲ့အချိန်ဖြစ်နေတော့ သူ့ရဲ့ ကင်မရာ, ကွန်ပျူတာနဲ့ ဖုန်းတွေအားလုံး စစ်တပ်က ယူလိုက်တယ်။

သူကအဲဒီ အင်ခါးဂါးရွာကနေ (၄) ည (သို့) (၅) ညခရီး နဲ့ ပူတာအိုထိ လမ်းလျှောက်ပြီး ရောက်လာတာဖြစ်တယ်။ ပူတာအိုမှာ တစ်ရက်နေပြီး နောက်နေ့ကနေစပြီးတော့ မြစ်ကြီးနားမှာ အလုပ်ကိစ္စရှိတော့ အဲဒီမှာဘဲ နေတော့တယ်။ အခုတော့ ****လူမှုအဖွဲ့အစည်းမှာ လုပ်နေတယ်။

ဦး****သည် ၂၀၁၃ ခုနှစ် အင်ခါးဂါတိုက်ပွဲဖြစ်ပွားစဉ်တွင် ကေအိုင်အေကို သတင်းပေးဖြစ်သည်ဟု စွပ်စွဲကာ မချမ်းဘော့မြို့အခြေစိုက် ခ.လ.ရ (၁၃၇) မှ ဗိုလ်ကြီးသက်ထွန်းအောင်မှ တရားလိုပြုကာ အမှုဖွင့် တရားစွဲဆိုထားခြင်းဖြစ်သည်။

**၄ ရက်၊ ဧပြီလ၊ ၂၀၁၉ ခုနှစ်တွင် ကောက်ခံရရှိသည့် နောက်ဆက်တွဲအကြောင်းအရာများ**

ပြည်သူ့စစ်မှ ဦး****၏ ထွက်ဆိုချက်တွင် ဦး****မှ လူငယ်များကို စည်းရုံးကာ လိုင်ဇာတွင်

စစ်သင်တန်းပေးရန်အတွက် လုပ်ဆောင်ပေးခြင်းဖြစ်ကြောင်း နှင့် ထိုသတင်းကို ဖြန့်ဝေသည့်အတွက် ၎င်းကို (ပြည်သူ့စစ်မှူးဦး****) ဆရာမင်ဆိုင်း၏ တပည့်တစ်ဦးမှ ခေါ်ယူပြီး ခြိမ်းခြောက်မှုများ ပြုလုပ်သည်ဟု ထွက်ဆိုသည်။ သို့သော် ဦး****မှ အမှန်တကယ်ပြုလုပ်ခဲ့ခြင်း ရှိ/မရှိကို ၎င်းကိုယ်တိုင် တွေ့မြင်ခြင်း မရှိခဲ့ခြင်း၊ သက်သေ ပြနိုင်ခြင်းမရှိခဲ့ပါ။

တရားရုံးမှ သတင်းပေးထိန်ချန်မှု ရာဇသတ်ကြီးပုဒ်မ (၂၀၂) ဖြင့် ၃ လ၊ ခြိမ်းခြောက်မှု (၅၀၆) ဖြင့် ၆ လ စုစုပေါင်း (၉)လ ထောင်ချခဲ့သည်။ ထိုထောင်ချသည့်နေ့တွင် ဦး**** ၏ ချုပ်ရက်သည်လည်း (၉)လ ပြည့်နေပြီ ဖြစ်သည်။

**လူ့အခွင့်အရေးချိုးဖောက်မှု - အတင်းအဓမ္မရွှေ့ပြောင်းစေမှု**

| | |
|---|---|
| ချိုးဖောက်ခံရသူအမည် | - ကောင်းမှုလုံကျေးရွာမှ လီဆူရွာသားများ |
| ပြောင်းရွှေ့ရန်ခွင့်ပြုသည့်ရက် | - ၁၅ ရက်၊ မေလ ၂၀၁၈ ခုနှစ် မှ ၃၀ ရက်၊ ဇွန်လ၊ ၂၀၁၈ ခုနှစ် |
| အခင်းဖြစ်ပွားသည့်နေရာ | - ကောင်းမှုလုံရွာ၊ မချမ်းဘော့မြို့နယ်၊ ပူတာအိုခရိုင်၊ ကချင်ပြည်နယ်။ |
| ချိုးဖောက်သူ | - **** နှင့် မြန်မာအစိုးရတပ်မတော် |

အမှုဖြစ်စဉ်ပြန်လည်ပြောပြသူအမည်(၁)- ဦး**** (ရွှေ့ပြောင်းခံရသူ တစ်ဦး)

| | |
|---|---|
| ကျား/မ | - ကျား |
| အသက် | - ၃၈ နှစ် |
| အမျိုးသားမှတ်ပုံတင်အမှတ် | - ၁/ပတအ(နိုင်)**** |
| လူမျိုး | - ကချင် |
| ကိုးကွယ်သည့်ဘာသာ | - ခရစ်ယာန် |
| ပညာအရည်အချင်း | - (၈) တန်း |
| အလုပ်အကိုင် | - **** |
| မိဘအမည် | - ဦး**** နှင့် ဒေါ်**** |
| အိမ်ထောင်ရှိ/မရှိ | - ရှိ |
| ဇနီးအမည် (သို့) ခင်ပွန်းအမည် | - ဒေါ်**** |
| သား/သမီး | - ကျား (၂)၊ မ(၄) |

အမှုဖြစ်စဉ်ပြန်လည်ပြောပြသူအမည်(၂) - ဦး**** (ရွှေ့ပြောင်းခံရသူ တစ်ဦး)

| | |
|---|---|
| ကျား/မ | - ကျား |
| အသက် | - (၃၇ နှစ်) ကျော် |
| လူမျိုး | - ကချင် |
| ကိုးကွယ်သည့်ဘာသာ | - ခရစ်ယာန် |
| အလုပ်အကိုင် | - **** |
| မိဘအမည် | - ဦး**** နှင့် ဒေါ်**** |
| အိမ်ထောင်ရှိ/မရှိ | - ရှိ |
| ဇနီးအမည် (သို့) ခင်ပွန်းအမည် | - ဒေါ်**** |
| မှတ်တမ်းကောက်သည့်နေ့ | - ၃၀ ရက်၊ မေလ၊ ၂၀၁၈ ခုနှစ်။ |
| မှတ်တမ်းကောက်သည့်အဖွဲ့အစည်း | - SSDF |

**အမှုဖြစ်စဉ်ပြန်လည်ပြောပြသူအမည်(၂)၏ ပြောပြချက်**

### ကောင်းမှုလုံ လီဆူ ရပ်ကွက်ဖြစ်ပေါ်လာပုံ သမိုင်းကြောင်း

ဒီရွာစတည်တာ (၁၉၆၄၊ ၁၉၆၅) ခုနှစ်လောက်က ဟုတ်တယ်။ အဲဒီအချိန်က (ကောင်းမှုလုံ) စေတီ (၂) လုံး တောင် မရှိသေးဘူး။ (လီဆူလူမျိုး) ဦးဂေရှယ်က မြေကြီးထဲမှာ မြုပ်ထားတဲ့ စေတီကို တွက်ပေးတဲ့ အတွက် ရှမ်းစော်ဘွားတွေက တွက်ခအတွက် ပိုက်ဆံယူမလား၊ မြေကွက်ဘဲယူမလားလို့ ပြောတဲ့အခါမှာ ဘိုးဘွားအဆက်ဆက် လုပ်စားဖို့ မြေပေးပါ ဆိုပြီး မြေယူခဲ့တယ်။ စာချုပ်တော့ လုပ်ထားတယ်တဲ့။ ခေတ်အဆက်ဆက် တစ်ဆင့်ပြီးတစ်ဆင့် လူကြီးတွေနဲ့ ပေးထားတော့ အိမ်မီးလောင်သွားလို့ သက်သေ စာချုပ်စာတမ်းမရှိတော့ဘူး။ ဒီမှာ ပထမတော့ လီဆူ အရင်နေတယ်လို့ ပြောတယ်။ စစ်တွေဖြစ်တော့ နောက်မှ ရှမ်းတွေ ရောက်လာတာ။ အဲအချိန်မှာ ဒီမှာ လီဆူတွေအများကြီး နေကြပေမဲ့ နောက်ကျတော့ တဖြည်းဖြည်းနဲ့ ပြောင်းရွှေ့သွားတယ်။ အခုတော့ လူနည်းစုဖြစ်သွားတာပေါ့။

### အမှုဖြစ်စဉ်ပြန်လည်ပြောပြသူအမည် (၁ နှင့်၂) ၏ ပြောပြချက်

### မပြောင်းရွှေ့မီ လီဆူရပ်ကွက်ဟောင်း၏ အခြေအနေ

ကောင်းမှုလုံ တစ်ခုလုံးဆိုရင် အိမ်ခြေ (၃၅) အိမ် လောက်ရှိတယ်။ လီဆူ ရပ်ကွက်မှာ အိမ်ခြေက (၈) အိမ်လောက်ရှိတယ်။ ရှမ်းတွေက အိမ်ခြေ (၂၀) ကျော်ရှိတယ်။ ဒီမှာက အိမ်မဆောက်ဖြစ်တဲ့ မြေကွက် အလွတ်တွေလည်းရှိတယ်။ သူတို့က တားမြစ်တာပေါ့ အိမ်မဆောက်နဲ့ ဆိုပြီး ခဏခဏ လာကြည့်တယ်။ ခြံလည်း မကာခိုင်းဘူး။ ဒါကြောင့် မလုပ်ရဲလို့ အပြင်မှာ နေတဲ့လူ (မြေကွက်ရှိပြီး တခြားနေရာတွင် နေထိုင်တဲ့လူ) တွေလည်း ရှိတယ်။

(ဧပြီလ၊ ၂၀၁၈ ခုနှစ်) မှာ ဒီရွာက အိမ်တွေမှာ "သေနတ်ရှိလား၊ မိုင်းရှိလား" ဆိုပြီး ဗျူဟာမှူးတွေ ဝင်ရှာတယ်။ အကုန်ရှာတဲ့အချိန်မှာ သူ့အကို တစ်ယောက်က မချမ်းဘော့ကနေလာပြီး ဓါတ်ပုံလာရိုက်တယ်။ ဓါတ်ပုံလာရိုက်တဲ့ လူကိုလည်း ခေါ်ပြီး မချမ်းဘော့ အချုပ်မှာ ထဲ့ထားတယ်။ အချုပ်ထဲမှာ (၆) နာရီလောက် ထိမ်းသိမ်းတဲ့ သဘောနဲ့ ထားတယ်။ တပ်မှူး တစ်ယောက်နဲ့ ဗျူဟာမှူး တစ်ယောက်နဲ့ သူ့တပည့် လဲပါတယ်။ သူတို့ အကုန်လုံးက တပ်မတွေ ဟုတ်တယ်။

### လီဆူရွာဟောင်း ရွှေ့ပြောင်းခဲ့ရသည့် အခြေအနေ

သာသနာနယ်မြေဖြစ်တဲ့အတွက် "မင်းတို့က ပြောင်းရွှေ့ ရမယ်" လို့ပြောတာဘဲ။ သူတို့က "ရွှေ့မလား၊ မရွှေ့ဘူးလား။" လို့ပြောတော့ ကျွန်တော်တို့က "ဒီအတိုင်းဘဲနေမယ်။ အဘိုးအဘွားခေတ်ကတည်းက ဒီမှာဘဲနေတယ်။ ကျွဲ၊ နွား တွေလည်းဒီမှာဘဲ၊ လယ်ယာတွေလည်း ဒီမှာဘဲ၊ ကြိုးဝိုင်းတွေလည်းဒီမှာဘဲ၊ အဝေးကြီးကို မသွားဘူး၊ မရွှေ့ဘူး" ဆိုပြီး နေကြတယ်။

ဒီနှစ် ၄လပိုင်းမှာ (၄လ၊ ၂၀၁၈ ခုနှစ်) ကာချုပ်က ဒီကိုလာတယ်။ ကျွန်တော်တို့ရွာကို မြင်ပြီးတော့မှ ခရစ်ယာန်တွေ ဘာဖြစ်လို့ ဒီမှာနေတာလဲ မနေသင့်ဘူးဆိုပြီး ပြောခဲ့တယ်။ အဲဒါကြောင့် ဒီက သင်းထောက်တွေ၊ ဆရာတွေကို ခေါ်ပြီးတော့မှ "နေရာသစ်ကို မြန်မြန်ပြောင်းမလား? လက်ခံမလား? မြန်မြန်ပြောင်းရင် ကျွန်တော်တို့ ပိုက်ဆံပေးမယ်။" သူတို့က ကာချုပ်အမိန့်နဲ့ ပြောတာဖြစ်တယ်။ "ဘာသာရေးဆိုလည်း ဘာသာရေးခေါင်းဆောင်တွေရှိတယ်။ ကျွန်တော်တို့က ပြောတာပေါ့ "နိုင်ငံရေးဆိုလည်း ကျွန်တော်တို့ လူမျိုးတွေရဲ့ရေးရာတွေလည်း ရှိတယ်။ သူတို့ လုပ်ချင်သလို လုပ်လို့မရဘူး။ သူတို့နဲ့ ညှိနှိုင်းပြီးမှ လုပ်ရမယ်။ သဘောမတူနဲ့ မကြောက်နဲ့ ညှိနှိုင်းပြီး ဆွေးနွေးပြီးတော့မှ လုပ်ရအောင်" လို့ပြောတော့ ရွာသားတွေက "ကျွန်တော်တို့ နောက်ဆိုရင် ဘာမှရမှာ မဟုတ်တော့ဘူး၊ အခု သူတို့ နစ်နာကြေးနည်းနည်း ပေးတော့မှာ ဆိုတော့၊ နစ်နာကြေး ယူတော့မယ်။ ပြီးတော့ သူတို့ကလာပြီး ဒီလိုခြိမ်းခြောက်တော့

မနေရဲတော့ဘူး” ဆိုပြီးပြောကြတယ်။

နောက်တော့ သူတို့က စေတီဘက်မှာ အစည်းအဝေးလည်း အကြီးအကျယ် လုပ်ကြတယ်။ သူတို့နဲ့ ဒီကလူတွေက ဘယ်ပြောင်းမယ်ဆိုတဲ့ဟာကို ဆွေးနွေးကြတယ်။ ပြည်နယ်လွှတ်တော် ဦး**** နဲ့ ပြည်သူ့လွှတ်တော် ဦး****က ဒီပြဿနာရဲ့ နောက်ဆုံးစာချုပ်ချုပ်တဲ့အချိန်မှာ သူတို့လည်း ပါတယ်။ ဒီအကြောင်းကို လွှတ်တော်အမတ် ဦးဂျေယောဂူ တို့လည်း သိတယ်။ သူတို့က အစစ အရာရာ အဆင်ပြေရင် ပြောင်းရွှေ့ခိုင်းမယ် လို့ပြောပြီး အခုတော့ ပိုက်ဆံနဲ့ တခါတည်း ထုတ်ပေးလိုက်တယ်။ အခုတော့ (၁၅ ရက်၊ မေလ၊ ၂၀၁၈ ခုနှစ်) ကနေ (၃၀ ရက်၊ ဇွန်လ၊ ၂၀၁၈ ခုနှစ်) ထိ အပြီးအပိုင် ရွှေ့ပြောင်း ဆိုပြီး စာချုပ်နဲ့ လာတော့တယ်။ ကျွန်တော်တို့လည်း ဘာမှ မတတ်နိုင်တော့ဘူး။ ရွှေ့ပြောင်းနေတဲ့ ရွာသစ်က ဆင်လွမ်ဒမ်း နယ်နိမိတ် (ထရမ်ဒမ်း အုပ်စု) ဘက်ဖြစ်တယ်။

## ရရှိခဲ့သည့် လျော်ကြေးအခြေအနေ

ကျွန်တော့် ပင်းဘောခြံက ၂ ဧကကျော် ရှိတာကို ၁၀ သိန်း လောက်ဘဲ ပေးတယ်။ ပုံစံ (၇)တွေ အကုန်ရှိတယ်။ ရွှေ့ပြောင်းရမယ့် အိမ်ခြေက (၇) အိမ်၊ ဘုရားကျောင်းက (၁) ခု ဆိုရင် စုစုပေါင်း (၈) အိမ် ဟုတ်တယ်။ အိမ်မရှိတဲ့ မြေအလွတ် (၁၅) ကွက် လောက်ရှိတယ်။ အဲဒါအပါဆိုရင် အခုကျွန်တော်တို့က (၈) ဧက နဲ့ စာချုပ်ချုပ်ထားတယ်။ ဒါပေမဲ့ မြို့နယ် အုပ်ချုပ်ရေးမှူး ကိုဝင်းနိုင်က ၂ ဧကလောက် သူယူထားတယ်။ အခုသူက မန္တလေးကို ပြောင်းသွားပြီ။ ရွာသစ်မှာတော့ တစ်အိမ်အတွက် ပေ (၁၀၀) ဘဲဆိုတော့ ကျဉ်းသွားတယ်။ တစ်ချို့က ချိုင့်တွေပါတော့ ပိုကျဉ်းသွားတာပေါ့။ ဒီရွာဟောင်းမှာက မြေကွက် ပေ (၁၀၀) ပတ်လည်ဆိုရင် သိန်း (၆၀) လောက် ပေါက်ဈေးရှိတယ်။

သူတို့ ပေးတဲ့ ပိုက်ဆံကို AG (DC5) သာသနာနယ်ကနေ ခွဲပေးတော့ ပြဿနာ မရှိဘူး။ ဝါးအိမ်တော့ အားလုံး တန်းတူဘဲ (၂၈) သိန်း အဲလောက်ဘဲ ရကြတာ။ ပျဉ်အိမ်ဆောက်ထားတဲ့ အိမ်ကိုတော့ တစ်အိမ်ကို သိန်း (၃၀) လောက်ပေးတယ်။ (၇) အိမ်အတွက် သိန်း (၂၂၀) ပေးတယ်၊ ဘုရားကျောင်းအတွက် မပါဘူး။ ဘုရားကျောင်း အသစ်ဆောက်ပေးတာပဲ ရှိတယ်။

ပုံ (၉) -ရွှေ့ပြောင်းခံထားရသည့် ရွာသစ်အနေအထားကို တွေ့ရစဉ်



## ရွာသစ်တွင် တွေ့ရသည့် အခက်အခဲများ

အခုကအကုန်လဲ ပြောင်းရွှေ့ကုန်ပြီဆိုတော့ ဟိုမှာ(ရွာသစ်) လမ်းနဲ့ ရေတွေ လိုအပ်တယ်။ အစကတော့ သူတို့ လုပ်ပေးမယ်လို့ပြောတဲ့ဟာတွေ အခုဘာမှမလုပ်ပေးတော့ဘူး။ လမ်းက ကျောက်လည်း မခင်းထားတော့

ရေကြီးတယ်၊ ဗွက်လည်းထတော့ သွားလာရ အရမ်းခက်တယ်။ သစ်ငုတ်တွေဘဲ။ ကျွဲ၊ နွား၊ လူတွေ၊ ကား၊ ဆိုင်ကယ်တွေသွားလာရင်တောင် သွားလို့မရဘူး ဗွက်တွေဘဲဖြစ်နေတော့။ အစက ရှင်းပေးမယ်လို့ ပြောတာ အခုကဘာမှ မလုပ်ပေးဘူး။ လမ်းမှာ ကျောက်ခဲတွေ ခင်းပေးရင်တော့ ကောင်းတယ်။ အခုက ကလေးတွေ ကျောင်းသွားရင် အရမ်းခက်မှာ။ KG တက်တဲ့ လူလဲရှိတယ်။ မူကြိုတက်တဲ့ လူလဲရှိတော့ အသွားအပြန် တအားခက်တယ်။

မြေကွက် မလောက်တာလဲ ရှိတယ်။ မီးကတော့ မရဘူး။ ရွာဟောင်းမှာက ရေတွေအဆင်ပြေတယ်။ ဟိုမှာ(ရွာသစ်)မှာက ရေလည်းမပေးတော့ဘူး။ သောက်သုံးရေအတွက်လည်း အဆင်မပြေဘူး။

ကောင်းမှုလုံ (အ-မ-က) ကျောင်းမှာ တက်လို့မရတော့ဘူး။ (ကောင်းမှုလုံ ပုရဝုဏ် နယ်မြေကို) သံဆူးကြိုး တခါတည်း ကာမလို့ ပြောတယ်။ ကလေးတွေက အခု ထဝမ်ဒမ်း နဲ့ ထရန်ဒမ်း ကျောင်းတွေမှာ ပြောင်းရွှေ့ကုန်ပြီ။ ဒီနှစ် မဟုတ်ရင်လည်း နောက်နှစ်တော့ ကျောင်းလည်း လိုချင်တယ်။ လမ်းနဲ့ရေ တော့ အမြန်ဆုံး လိုချင်တယ်။

## ဖားကန့်မြို့နယ်၊ ကချင်ပြည်နယ်။

## လူ့အခွင့်အရေးချိုးဖောက်မှု - မတရားသတ်ဖြတ်ခံရမှု

| | |
|---|---|
| ချိုးဖောက်ခံရသူအမည် | - ဦးအုန်းဆောင်းတူးဂျာ |
| ကျား/မ | - ကျား |
| အသက် | - ၄၃ နှစ် |
| အမျိုးသားမှတ်ပုံတင်အမှတ် | - ၁/ကမန(နိုင်)**** |
| လူမျိုး | - ကချင် |
| ကိုးကွယ်သည့်ဘာသာ | - ခရစ်ယာန် |
| ပညာအရည်အချင်း | - ၅ တန်း |
| အလုပ်အကိုင် | - တံငါ လုပ်ငန်း၊ ခြံလုပ်ငန်း၊ တောင်ယာ |
| အိမ်ထောင်ရှိ/မရှိ | - ရှိ |
| ဇနီးအမည် | - ဒေါ်**** |
| သား/သမီး | - (၆) ယောက် |
| နေရပ်လိပ်စာ | - ****ကျေးရွာ၊ မိုးညှင်းခရိုင်၊ ကားမိုင်းမြို့နယ်ခွဲ၊ ဖားကန့်မြို့နယ်၊ ကချင်ပြည်နယ်။ |
| အခင်းဖြစ်ပွားသည့်နေ့ | - ၁၉ ရက်၊ ဇွန်လ၊ ၂၀၁၅ ခုနှစ်။ (ညနေ ၅ နာရီ) အခင်းဖြစ်ပွားသည့်နေရာ |
| | - ****ကျေးရွာ၊ မိုးညှင်းခရိုင်၊ ကားမိုင်းမြို့နယ်ခွဲ၊ ဖားကန့်မြို့နယ်၊ ကချင်ပြည်နယ်။ |
| ချိုးဖောက်သူ | - (၂၅၀) ခြေလျင်တပ်ရင်းမှ ဗိုလ်ကျော်ဇောဟိန်း ဦးစီးအဖွဲ့။ ဗိုလ်မှူးရဲကျော်သူနှင့် တပ်သားအချို့ |

| | |
|---|---|
| အမှုဖြစ်စဉ်ပြန်လည်ပြောပြသူအမည်(၁) | - ဦး**** (အုန်းဆောင်းတူးဂျာနှင့် အတူဖမ်းဆီးခံရသူ) |
| အမှုဖြစ်စဉ်ပြန်လည်ပြောပြသူအမည်(၂) | - ဦး**** (အုန်းဆောင်းတူးဂျာနှင့် အတူ ဖမ်းဆီးခံရသူ) |
| အမှုဖြစ်စဉ်ပြန်လည်ပြောပြသူအမည်(၃) | - ဦး**** (အမှုတွင် လိုက်ပါဆောင်ရွက်ပေးသည့် အထက်တန်းရှေ့နေ) |
| မှတ်တမ်းကောက်သည့်နေ့ | - စက်တင်ဘာလ နှင့် နိုဝင်ဘာလ၊ ၂၀၁၅ ခုနှစ်။ |

အမှုဖြစ်စဉ်ပြန်လည်ပြောပြသူအမည်(၄)- ဒေါ် ****

| | |
|---|---|
| ချိုးဖောက်ခံရသူနှင့် တော်စပ်ပုံ | - ဇနီး |
| ကျား/မ | - မ |
| အသက် | - ၃၆ နှစ် |
| လူမျိုး | - ကချင် |
| ကိုးကွယ်သည့်ဘာသာ | - ခရစ်ယာန် |
| နေရပ်လိပ်စာ | - ****ကျေးရွာ၊ မိုးညှင်းခရိုင်၊ ကားမိုင်းမြို့နယ်ခွဲ၊ ဖားကန့်မြို့နယ်၊ ကချင်ပြည်နယ်။ |
| မှတ်တမ်းကောက်သည့်နေ့ | - ၁၀ ရက်၊ နိုဝင်ဘာ၊ ၂၀၁၆ ခုနှစ်။ |
| မှတ်တမ်းကောက်သည့်အဖွဲ့အစည်း | - KWAT ၊ HI ၊ SSDF ၊ Shingnip |

## အမှုဖြစ်စဉ်ပြန်လည်ပြောပြသူ (၁)

ကျွန်တော်တို့ (၃)ယောက် တူးဂျာအိမ်မှာ အရက်သောက်နေတဲ့အချိန်မှာ "ဆင်းခဲ့" ဆိုပြီး ခေါ်တော့ ကျွန်တော်တို့လည်း ဆင်းခဲ့လိုက်တယ်။ ကျွန်တော်တို့ ဆင်းခဲ့တဲ့အချိန်မှာ တခါတည်းကြိုးတုတ်တယ် ပြီးတော့ ကုန်းပေါ်မှာ ထားထားတယ်။ မိုးချုပ်တဲ့အချိန် ၉ နာရီလောက်ရောက်တော့ ကျွန်တော်တို့ကို ခေါ်သွားတယ်။ "မင်းတို့ သေနတ်တွေ ဘယ်မှာ ထားတာလဲ၊ ဖုန်းတွေ ဘယ်မှာထားတာလဲ။ မင်းတို့မှာ ရှိတဲ့ ဥစ္စာတွေ အခုပြလိုက်ရင် အခုချက်ခြင်း လွှတ်ပေးမယ်။" လို့ ပြောတယ်။ ဦးတူးဂျာ ဘယ်အချိန် ထွက်သွားမှန်းလည်း မသိဘူး။ သူရောက်လာတဲ့အချိန်မှာတော့ သူ့ကို "ဓားနဲ့ ထိုးတယ်၊ ခြေထောက်နဲ့ ကန်တယ်၊ လက်သီးနဲ့ ထိုးတယ်။" လို့ သူက ပြောပြတယ်။ ၂၀ ရက်မှာတော့ ရေတောင်းရင်ပေးတယ်။ နောက်တော့ မပေးတော့ဘူး။ ကျွန်တော်တို့ (၄) ယောက်လုံးက ၂၃ ရက်ကနေစပြီး ကိုယ့်သေး ကိုယ်သောက်တယ်။

၂၅ ရက်ည မိုးချုပ်တဲ့အချိန် ၈နာရီ ၉ နာရီလောက်မှာ ဦးတူးဂျာက ရေအရမ်းတောင်းလာတယ်။ သူ့ကို ငုံ့ကြည့်လိုက်တယ် မတွေ့တော့ မီးခြစ် ခြစ်ပြီး ကြည့်လိုက်တော့ သူက မျက်ဖြူလှန်ပြီး အသားက ပိုပြီး ညိုသွားတဲ့ပုံစံဖြစ်နေတယ်။ ၂၆ ရက် မနက်က ဦး****က သူ့ကိုသွားကိုင်ကြည့်တဲ့အခါတော့ သူ့ရဲ့ခန္ဓာကိုယ်က အရမ်းအေးလာပြီ၊ နှီးကြည့်တဲ့အချိန် မထူးတော့ သေပြီထင်တယ်လို့ ကျွန်တော်တို့ပြောနေကြတယ်။ အဲဒီအချိန်မှာ ဦး****က "ဒီမှာ လူတစ်ယောက်ဆုံး" ပြီ ဆိုပြီး လှမ်းအော်လိုက်တဲ့အချိန်မှာ စစ်သား သုံးယောက်၊ လေးယောက် လောက်ဝင်လာပြီး တူးဂျာကို မသွားတယ်။

## အမှုဖြစ်စဉ်ပြန်လည်ပြောပြသူ(၂)

အချုပ်ထဲမှာ ထည့်ထားပြီး ကချင်လွတ်မြောက်ရေးတပ်မတော် (KIA) စစ်သားဆိုပြီး စစ်ကြောတာ ဖြစ်တယ်။ ပထမရောက်တဲ့ညမှာ ဦးတူးဂျာကို ဓားနဲ့ ထောက်တယ်။ ဒုတိယညမှာ ကျွန်တော့်ကို ခေါင်းမှာ ဓားနဲ့ ရိုက်ပေးတယ်။ တူးဂျာသေပြီဆိုတာနဲ့ ဆေးမှူးလို့ ယူဆရတဲ့ တစ်ယောက်က သူ့ရဲ့ နဖူးမှာ လာစမ်းတယ်။ ၁၅ မိနစ်လောက်ထားပြီး တစ်ခါတည်း မသွားတယ်။

## အမှုဖြစ်စဉ်ပြန်လည်ပြောပြသူ(၃)

ဒီအမှုနဲ့ ပတ်သက်ပြီးတော့ ရဲတွေက လူသတ်မှု ပုဒ်မ (၃၀၂) နဲ့ ကားမိုင်းရဲစခန်း ပ ၂၃/၂၀၁၅ နဲ့ အမှုဖွင့်ထားတယ်။ ဒါက လူသတ်မှု ပုဒ်မ ဖြစ်တယ်။ တကယ်ဆိုရင်တော့ ဒါက လူသတ်မှုဆိုတာ သူတို့ စောစောစီးစီး သိပြီးသားဖြစ်တဲ့အတွက် ဗိုလ်မှူးရဲကျော်သူ နဲ့ သူနဲ့အတူကျူးလွန်တဲ့ သူတွေကို စောစောစီးစီး ဖမ်းရမှာ ဖြစ်တယ်။ ဒါပေမဲ့ တကယ်လက်တွေ့မှာတော့ ဒီနေ့အချိန်ထိ ဗိုလ်မှူးရဲကျော်သူကို ဖမ်းဆီးခြင်း မရှိသေးဘူး။

အခုနောက်ဆုံးကြားထားတဲ့ သတင်းကတော့ စစ်ခုံရုံးမှာ ခုံရုံးဖွဲ့ပြီး ဗိုလ်မှူးရဲကျော်သူကို စစ်ဆေးသွားမယ် ဆိုတဲ့ဟာတော့ ကျွန်တော်တို့ ကြားထားတယ်။ ဒါပေမဲ့ တကယ်လက်တွေ့ဖြစ်ရမဲ့ အခြေအနေကို ပြောရမယ်ဆိုရင် ဥပဒေအရဆိုရင် ဒါကို စစ်ခုံရုံးမှာ စစ်လို့မရဘူး။ အရပ်ဘက် တရားရုံးမှာ အမှုဖွင့်ရမဲ့ ကိစ္စဖြစ်တယ်။ ဘာ့ကြောင့်ဆိုတော့ တပ်မတော် အက်ဥပဒေ ပုဒ်မ ၇၂ မှာလည်း ပြောထားတာကတော့ "အရပ်သားတစ်ယောက်ကို သတ်တယ်၊ တိုင်းပြည်တာဝန်ထမ်းဆောင်ချိန် မဟုတ်တဲ့အချိန်မှာ သတ်တယ်" ဆိုရင် စစ်ခုံရုံးမှာ စစ်လို့မရဘူး။ အရပ်ဘက်ကနေ စစ်ရမယ်ဆိုတာ ဥပဒေမှာ အတိအကျ ပြဋ္ဌာန်းထားတာဖြစ်တယ်။ ဒါပေမဲ့ အခုချိန်ထိ သူတို့က ဒါကို အရပ်ဘက် တရားရုံးမှာလည်း မစစ်ဘူး။ ပြီးတော့ ပြည်သူ့ရဲ့ကတောင် အရပ်ဘက်မှာ စစ်နိုင်တဲ့ အနေအထားမရှိဘူး ဆိုတာမြင်ရတယ်။ ဒါက တပ်မတော်ဟာ ဥပဒေရဲ့ အထက်မှာ ရှိနေတယ် ဆိုတဲ့ အဓိပ္ပါယ်နဲ့ သွားတူနေတယ်။

**ပုံ (၁၀) - မတရားသတ်ဖြတ်ခံရသည့် ဦးအုန်းဆောင်းတူးဂျာ**



## အမှုဖြစ်စဉ်ပြန်လည်ပြောပြသူ(၄)

၁၉ ရက်၊ ဖွန်လ၊ ၂၀၁၅ ခုနှစ်ညနေ (၅) နာရီ မိနစ် (၃၀) အချိန်မှာ ကျွန်မအမျိုးသား ဦးအုန်းဆောင်းတူးဂျာက သားသမီးတွေ အားလုံးနဲ့ တစ်မိသားစုလုံး မီးဖိုချောင်ထဲမှာ မီးလှုံနေတဲ့အချိန် ကားမိုင်းမြန်မာ တပ်မတော်အစိုးရ စစ်တပ်က စစ်သား (၂) ဦး ကျွန်မတို့အိမ်ရှေ့မှာ "ဟေ့ကောင်ဟေ့ကောင်" ဆိုပြီး ခေါ်သံကြားတဲ့အတွက် ကျွန်မအမျိုးသားက အပြင်ထွက်ကြည့်လိုက်တယ်။ အဲဒီအချိန်မှာဘဲ စစ်သား (၁) ယောက်က ကျွန်မတို့မိသားစု အိပ်ခန်းကို "ဝင်စစ်မယ်နော်" ဆိုပြီးပြောလိုက်တော့ ကျွန်မလည်း "ဝင်စစ်လိုက် ကျွန်မတို့မိသားစု ဘာမှ မလုပ်ထားဘူး" လို့ပြောလိုက်သည်။ အဲဒီစစ်သားက တစ်အိမ်လုံးကို မွှေနှောက် ရှာဖွေပေမဲ့ ဘာမှမတွေ့ခဲ့ဘူး။ အခြားစစ်သားတစ်ယောက်က ကျွန်မအမျိုးသားရဲ့လက်ကို အနောက်ဘက်ကနေ နိုင်လွန်ကြိုးနဲ့ ချည်ပြီး ကားမိုင်း မြန်မာအစိုးရတပ်ဘက်ကို ခေါ်ဆောင်သွားတယ်။

ကျွန်မအမျိုးသား ဦးအုန်းဆောင်းတူးဂျာကို စစ်သားတွေကြိုးတုတ်ပြီး ခေါ်ဆောင်သွားတာကို ကျွန်မနဲ့အတူ ကျွန်မသား/သမီးတွေအားလုံး ကောင်းကောင်းမြင်လိုက်တယ်။ ကျွန်မအမျိုးသားကို ဖမ်းသွားပြီးတဲ့နောက် ကားမိုင်းမြန်မာ့အစိုးရတပ်များက ဇီးကုန်းကျေးရွာကို သေနတ်တွေ ထင်ရာဆိုင်း ပစ်တယ်။ ရွာသူ/သားတွေကိုတော့ မထိဘူး။ ဒါပေမဲ့ ရွာသူ/သားတွေက ဘယ်ကိုမှမသွား ရဲတော့ဘူး။ ကျွန်မတို့သားမိတွေလည်း ကြောက်ပြီးမှဘဲနေနေရတယ်။

အဲဒီနောက်မှာတော့ ကျွန်မက ဒီတိုင်းနေလို့မဖြစ်တော့ဘူးဆိုပြီး ရွာအုပ်ချုပ်ရေးမှူး ဦး****နှင့် ကားမိုင်း အုပ်ချုပ်ရေးမှူးဆရာ****တို့ကို ကျွန်မအမျိုးသား ဖမ်းဆီးခံထားရတဲ့ကြောင်း တိုင်ကြားပြောပြခဲ့တယ်။ အဲဒီအချိန်မှာ

ဇီးကုန်းရွာအုပ်ချုပ်ရေးမှူး ဦး****က ကားမိုင်း မြန်မာအစိုးရတပ် ဘက်ကို ဖုန်းဆက်ပြီး ဦးအုန်းဆောင်းတူးဂျာ အကြောင်းမေးလိုက်တော့ ၂၁ ရက်၊ ဖွန်လ၊ ၂၀၁၅ ခုနှစ်မှာ ကားမိုင်း မြန်မာအစိုးရတပ်ကိုလာခဲ့ဖို့ အကြောင်းပြန်ခဲ့တယ်။ အဲဒီနောက်ကျွန်မအမျိုးသားရဲ့ သတင်းမကြားတာ (၃) ရက်ကြာပြီးနောက် ၂၁ ရက် ဖွန်လ ၂၀၁၅ ခုနှစ် မှာ ရွာက ကျွန်မသူငယ်ချင်းဖြစ်တဲ့ ဒေါ်****၊ ဒေါ်****၊ ဒေါ်****၊ ဒေါ်****နဲ့ ဒေါ်****တို့ကို အကူအညီတောင်းပြီး ကျွန်မအမျိုးသားကို ဖမ်းဆီးထားတဲ့ ကားမိုင်းမြန်မာအစိုးရတပ်ရှိတဲ့ ကုန်းဘက်ကို လမ်းလျှောက်ပြီး တက်သွားသည်။

စစ်တပ်ရောက်တော့ စစ်သားတစ်ယောက်က "မင်းတို့ကိုစကား ပြောဖို့ဗိုလ်ကြီး မရှိဘူး။ အဲဒါကြောင့် ပြန်လှည့်သွားလိုက်တော့" ဆိုပြီး ပြောလိုက်တယ်။ ကျွန်မလည်း "ဗိုလ်ကြီးဘယ်တော့ပြန်လာမှာလဲ၊ ဘယ်သွားလိုက်လဲ" လို့ ပြန်မေးလိုက်တော့ မသိဘူးလို့ဘဲ ပြန်ဖြေလာတဲ့အတွက် ကျွန်မတို့အားလုံး ပြန်သွားတယ်။ အဲဒီနောက် မြစ်ကြီးနားက ရှေ့နေ****ကို ဦးအုန်းဆောင်းတူးဂျာကို မြန်မာစစ်တပ်ဖမ်းသွားတာ (၄) ရက်လောက်ရှိပြီ ဖြစ်ကြောင်းပြောပြပြီး အကူအညီတောင်းလိုက်တယ်။ အဲဒီနောက် ရှေ့နေ****က ကားမိုင်း မြန်မာအစိုးရစစ်တပ်ကို လိုက်လံစုံစမ်းလိုက်တဲ့အခါမှာတော့ ကားမိုင်းတပ်က ဦးအုန်းဆောင်းတူးဂျာကို ဖမ်းဆီးထားတယ်လို့ ဝန်ခံခဲ့တယ်။ မြန်မာအစိုးရစစ်တပ်ကို "ဦးအုန်းဆောင်းတူးဂျာက လမုံးကျေးရွာမှာ တကယ်နေထိုင်ပြီး သားသမီး (၆) ယောက်လည်း ရတယ်၊ တောင်ယာလုပ်ငန်း လုပ်ကိုင်ပြီး အသက်မွေးဝမ်းကျောင်းလုပ်နေတဲ့သူဖြစ်တယ်" လို့ပြောပြတဲ့ချိန်မှာ စစ်တပ်က "ကျွန်တော်တို့ ဦးအုန်းဆောင်းတူးဂျာကို မသတ်ပေးပါဘူး။ မစိုးရိမ်ပါနဲ့" လို့ပြောတယ်။ ရှေ့နေ ဦး****က "ဦးအုန်းဆောင်းတူးဂျာကို အိမ်ကနေ ဖမ်းဆီးခေါ်ဆောင်သွားတာကြောင့် အိမ်တိုင်ရာရောက် ပြန်လာပို့ပေးပါ" လို့ ကားမိုင်းတပ်ကိုပြောခဲ့တယ်။ ဒါပေမဲ့ ကျွန်မအမျိုးသားကို ပြန်လာမပို့ဘူး။

အဲဒီနောက် ကားမိုင်းမြန်မာအစိုးရစစ်တပ်က ကျွန်မကို ဇီးကုန်းကျေးရွာအုပ်ချုပ်ရေးမှူးရုံးမှာ ခေါ်ယူပြီး စစ်ဗိုလ်တစ်ဦးက "မင်းရဲ့ အမျိုးသား မထွက်လာသေးတဲ့အချိန် စားဖို့" ဆိုပြီး ဆန်အိတ် (၃) အိတ် နှင့်ပိုက်ဆံကျပ် (၁၀၀,၀၀၀) ကိုပေးခဲ့တယ်။ ကျွန်မလည်း ကောင်းကောင်းမစဉ်းစားဘဲ လက်ခံလိုက်တယ်။ အဲနောက် ရှေ့နေ ဦး****ကို ကားမိုင်းတပ်က ဆန်နဲ့ ပိုက်ဆံပေးတဲ့ အကြောင်းပြောပြလိုက်တော့ ကျွန်မကို စစ်တပ်က ပေးလိုက်တဲ့ ပစ္စည်းတွေကို မသုံးလိုက်နဲ့ ဆိုပြီးပြန်ပြောခဲ့တယ်။ ကျွန်မလည်းအချိန်တွေ ကြာလာတော့ အိမ်မှာသုံးဖို့ ငွေလည်းမရှိ၊ စားစရာဆန်လည်း မရှိတော့၊ အလုပ်လည်းသွားမလုပ်နိုင်တဲ့အတွက် စစ်တပ်ကပေးလိုက်တဲ့ ဆန်နဲ့ ပိုက်ဆံကိုသုံးမိလိုက်တယ်။

ကျွန်မလည်း ရွာအုပ်ချုပ်ရေးမှူးတွေကို တိုင်ကြားထားပြီးဖြစ်တာကြောင့် ရဲစခန်းကိုလည်း ကျွန်မအမျိုးသား အကြောင်းနဲ့ပတ်သက်ပြီး တစ်စုံတစ်ရာတိုင်းကြားခဲ့ခြင်းလည်း မပြုလုပ်ခဲ့ဘူး။ အုပ်ချုပ်ရေးမှူးတွေကလည်း တစ်စုံ တစ်ရာထပ်မံ စုံစမ်းခြင်းလည်း မပြုလုပ်တော့ဘူး။ ကျွန်မအမျိုးသားကို ကားမိုင်းမြန်မာအစိုးရတပ်တွေ ဖမ်းဆီးထားတယ်ဆိုတာကို သေချာသိပေမယ့် ကျွန်မအမျိုးသားပြန်လာမှာဘဲ ဆိုပြီး ပြန်လာမည့်ရက်ကိုဘဲ စောင့်နေတယ်။

ရှေ့နေဦး****လည်း ဦးအုန်းဆောင်းတူးဂျာကို အမြန်လွတ်ပေးဖို့ ဆက်လက်စုံစမ်းနေတဲ့အချိန်မှာ ကားမိုင်းတပ်မတော်စစ်တပ်က စစ်သားတစ်ယောက်က "အရင်တုန်းက နေခဲ့တဲ့စစ်သားတွေပြောင်းသွားကြ ပြီ၊ ဒီနေရာမှာ မရှိတော့ဘူး" လို့ပြောတယ်။ အဲဒါကြောင့် ရှေ့နေဦး****က "ဦးအုန်းဆောင်းတူးဂျာက အရပ်သား ပြည်သူဖြစ်တယ်၊ သူ့မှာဘာအပြစ်ရှိသလဲ" လို့ပြန်မေးလိုက်တော့ စစ်သားတစ်ယောက်က "ကားမိုင်းစစ်တပ်ခြေရင်းမှာ အလောင်းတစ်လောင်းကို မြှုပ်ထားတာရှိတယ်" လို့ ပြောပြတယ်။ အဲဒါကြောင့် ရွာသူရွာသားများ၊ အသင်းတော်က ဆရာ/မတို့နှင့်အတူ ကျွန်မအမျိုးသားအလောင်း ကိုလိုက်ရှာဖို့ ကားမိုင်းစစ်တပ်ကို တက်လာချိန် စစ်သားတွေက ရှာခွင့်မပေးဘဲပိတ်ပင်ထားတယ်။

ကျွန်မတို့က စစ်တပ်ရဲ့ တံခါးဝမှာ ရပ်နေတဲ့အချိန်မှာ ကားမိုင်းရဲစခန်းက ရဲ (၂) ဦး၊ ကားမိုင်းစစ်တပ်က စစ်သား

(၂) ဦး၊ ဇီးကုန်းကျေးရွာက ဆေးသမား (၂) ဦး တို့က ပလပ်စတိတ်နဲ့ ပတ်ထားတဲ့ ကျွန်မအမျိုးသား၏ အလောင်းကို သယ်လာတယ်။ ဘယ်နေရာကနေ သယ်လာခဲ့တယ်ဆိုတာ ကျွန်မတို့မသိဘူး။ ဘယ်နေရာမှာ သတ်ပြီးမြှုပ်ထားတာ လည်းမပြောပြဘူး။ ကျွန်မအမျိုးသားရဲ့ အလောင်းကို ဖွင့်လိုက်တာနဲ့ ရိုက်နက်နိပ်စက်ထားတဲ့ဒဏ်ရာ၊ ဒဏ်ချက် အများကြီးကိုတွေ့လိုက်တယ်။ မရေတွက် နိုင်အောင်ရိုက်နက် နိပ်စက်ထားကြတယ်။ သေနတ်အရာတော့မရှိဘူး။ မျက်လုံးဖွင့်ပြီးမှဘဲ သေဆုံးနေတယ်။ အလောင်းကို ကြည့်ခြင်းအားဖြင့်ကျွန်မအမျိုးသားကို ကားမိုင်းတပ်တွေ သတ်သွားတယ်ဆိုတာ သေချာ သိလိုက်တယ်။

အလောင်းကို ဆေးရုံကို သယ်ယူစစ်ဆေးခြင်းမပြုလုပ်တော့တာကြောင့် ဒဏ်ရာ၊ ဒဏ်ချက်တွေ ဘယ်လောက် ဆိုးဝါးလည်းဆိုတာ ကောင်းကောင်း မသိဘူး။ ရင်ခွဲရုံကိုတစ်ခါတည်း ခေါ်သွားပြီး ဆုတောင်း ပေးပြီး ရဲလက်ထဲအပ်လိုက်တယ်။ ကျွန်မတို့သားအမိတွေလည်း ဘယ်သူ့ကို ဘယ်လိုပြောပြရမယ်မှန်း မသိတော့ဘူး။ သားသမီးတွေကအားလုံး (၆) ယောက်ရှိတယ်။ အငယ်ဆုံး ကလေးကတော့ (၁) နှစ်ဘဲရှိသေးတာကြောင့် သားသမီးတွေကို ဘယ်လို ရှာဖွေကျွေးမွေးရမလဲဆိုပြီး အမြဲစဉ်းစားနေတော့တယ်။

အသင်းတော်က ဆန်အိတ်(၂)အိတ် နှင့် ကျပ် (၂၀,၀၀၀) လာကူညီပါတယ်။ အခုကျွန်မရဲ့ အမျိုးသားဆုံးသွားပြီ၊ ကလေးတွေလည်းငယ်သေးတာကြောင့် လယ်လုပ်စားလို့လည်း မရတော့ဘူး။ အမေကလည်း ကျွန်မအမျိုးသားကိုဖ မ်းသွားကတည်းက ခန္ဓာကိုယ်တစ်ခြမ်းသေသွားပြီ။ အဲဒါကြောင့် ဆေးရှာပြီးကုသပေးနေဆဲပါ။ ကျွန်မသားသမီးတွေရဲ့ ပညာရေးအခက်အခဲအကြောင်းကို ရှေ့နေဦး****ကို ပြောပြတဲ့အခါ မြစ်ကြီးနားမြို့ မှာရှိတဲ့မိဘမဲ့ဘော်ဒါမှာ ကျွန်မကလေး (၂) ယောက်ကို သွားအပ်ပေး ထားတယ်။ အိမ်မှာလည်း အမျိုးသမီးအလုပ်ရော အမျိုးသားအလုပ်ပါ အစစအရာရာကျွန်မဘဲ လုပ်နေရပြီ။

သားသမီးတွေလည်း "အဖေကို စစ်သားတွေကြိုးနဲ့ ချီပြီးခေါ်သွားတာ ခုချိန်ထိပြန်မလာသေးဘူးလား မေမေ" ဆိုပြီး ခဏခဏမေးနေတယ်။ ကျွန်မဘယ်လို ဖြေရမယ်မှန်းတောင်မသိတော့ဘူး။ ကျွန်မသား/သမီး အကြီးတွေတော့ သူတို့အဖေဆုံးသွားပြီဆိုတာသိပါပြီ။ အငယ်တွေကိုတော့ ဖေဖေမကြာခင် ပြန်လာခဲ့လိမ့် မယ်လို့ ဘဲလိမ်ပြောထားတယ်။

ကျွန်မအမျိုးသား ဘာအပြစ်မှမရှိဘဲ အိမ်မှာမိသားစုနဲ့ပျော်ပျော်နေနေချိန် ခုလိုဖမ်းဆီး ခေါ်ဆောင်သွားပြီး သတ်ဖြတ်လိုက်တာကြောင့် ၁၉ ရက်၊ ဖွန်လ ၂၀၁၅ ရက်နေ့ ညနေ ၃နာရီ မိနစ် ၃၀ အချိန်က ကျွန်မတို့ သားအမိတွေအတွက်တော့ ဘယ်တော့မှ မေ့မရနိုင်တဲ့နေ့ရက်ဖြစ်သွားပြီး။ ဇီးကုန်းကျေးရွာ အတွက်လည်း ကြောက်စရာကောင်းတဲ့ အဖြစ်အပျက်ဖြစ်သွားပြီ။ ကျွန်မအမျိုးသားရဲ့အကြောင်းကို ကမ္ဘာသိအောင် ပြောပေးပါ။ ပြည်သူတွေကို အကာအကွယ်ပေးမယ့် အစိုးရက ဒီအစိုးရလား။ တရားမျှတမှုကို လိုလားတယ်။ ကျွန်မအမျိုးသားကို ကားမိုင်း မြန်မာအစိုးရ စစ်တပ်က ဘယ်သူသတ်သလဲဆိုတာကို သိချင်တယ်။ ကျွန်မသား/သမီးတွေကိုဘဲ ကျွန်မအရမ်း သနားတယ်။

မှတ်ချက် - ဤမတရားသတ်ဖြတ်ခံရသည့် ဦးအုန်းဆောင်းတူးဂျာ၏ မှတ်တမ်းကို URG မှ ထုတ်ဝေသည့် "ကုထုံးမဲ့လူ့ အခွင့်အရေးအနာများ?" အပိုင်း (၁) တွင် ထည့်သွင်းရန် စီစဉ်ထားသော်လည်း ထည့်သွင်းနိုင်ခြင်းမရှိ ခဲ့သည့်အတွက် ယခုထုတ်ဝေသည့် "ကုထုံးမဲ့လူ့အခွင့်အရေးအနာများ" အပိုင်း (၂) တွင် ပြန်လည်ထည့်သွင်း ထားခြင်းဖြစ်သည်။

**လူ့အခွင့်အရေးချိုးဖောက်မှု - ပုဂ္ဂလိကပိုင်ဆိုင်မှုကို ချိုးဖောက်မှု**

| | |
|---|---|
| ချိုးဖောက်ခံရသူအမည်(၁) | - ဒေါ် **** |
| ကျား/မ | - မ |
| အလုပ်အကိုင် | - ကျပန်းအလုပ် |

| | |
|---|---|
| အလုပ်အကိုင်ရှိ/မရှိ | - ရှိ |
| သား/သမီး | - ကျား (၃) |
| | |
| ချိုးဖောက်ခံရသူအမည်(၂) | - ဦး**** |
| ကျား/မ | - ကျား |
| အလုပ်အကိုင် | - တောင်ယာ၊ ခြံလုပ်ငန်း |
| အလုပ်အကိုင်ရှိ/မရှိ | - ရှိ |
| သား/သမီး | - (၇) ယောက် |
| | |
| ချိုးဖောက်ခံရသူအမည်(၃) | - ဦး**** |
| ကျား/မ | - ကျား |
| အလုပ်အကိုင် | - တံငါသည် |
| အလုပ်အကိုင်ရှိ/မရှိ | - ရှိ |
| သား/သမီး | - (၂) ယောက် |
| အခင်းဖြစ်ပွားသည့်နေ့ | - ၁၅ ရက်၊ ဩဂုတ်လ၊ ၂၀၁၆ ခုနှစ် |
| အခင်းဖြစ်ပွားသည့်နေရာ | - ****ကျေးရွာ၊ ဖားကန့်မြို့နယ်၊ ကချင်ပြည်နယ်။ |
| ချိုးဖောက်သူ | - ရှမ်းနီ ပြည်သူ့စစ် |
| | |
| အမှုဖြစ်စဉ်ပြန်လည်ပြောပြသူအမည် | - ဦး**** |
| တော်စပ်ပုံ | - မိတ်ဆွေ |
| ကျား/မ | - ကျား |
| အသက် | - (၄၇) နှစ် |
| အမျိုးသားမှတ်ပုံတင်အမှတ် | - ၁၃/ကခန(နိုင်)**** |
| လူမျိုး | - ကချင် |
| ကိုးကွယ်သည့်ဘာသာ | - ခရစ်ယာန် |
| အလုပ်အကိုင် | - **** |
| မိဘအမည် | - ဦး**** နှင့် ဒေါ်**** |
| အိမ်ထောင်ရှိ/မရှိ | - ရှိ |
| ဇနီးအမည် | - ဒေါ်**** |
| သား/သမီး | - ကျား (၂)၊ မ (၃) |
| နေရပ်လိပ်စာ | - ****ကျေးရွာ၊ ဖားကန့်မြို့နယ်၊ ကချင်ပြည်နယ်။ |
| မှတ်တမ်းကောက်သည့်နေ့ | - ၂၆ ရက်၊ စက်တင်ဘာလ၊ ၂၀၁၆ ခုနှစ်။ |
| မှတ်တမ်းကောက်သည့်အဖွဲ့အစည်း | - SSDF ၊ KWAT |

## အမှုဖြစ်စဉ်

ဩဂုတ်လ၊ ၁၅ ရက်၊ ၂၀၁၆ ခုနှစ်မှာ KIA (ကချင်လွတ်မြောက်ရေးတပ်မတော်) စစ်သားတွေက နမ်ရာရွာနဲ့ (၃) မိုင်လောက်ဝေးတဲ့ ဆိုင်းဇရာရွာကနေ ထွက်လာတယ်။ ပြည်သူ့စစ်တွေက နမ်ရာရွာမှာနေတယ်။ သူတို့ (KIA စစ်သား) တွေ ထွက်လာတယ် ဆိုတဲ့ သတင်းကြားတာနဲ့ ပြည်သူ့စစ်တွေက KIA ဗိုလ်ကြီး ဦး****ကို ဖုန်းခေါ်တယ်။ KIA စစ်သားတွေက လမ်းသွားလမ်းလာတွေကို ဖြတ်သွားခွင့်ပြုဖို့ပြောဆိုတယ်၊ ပြည်သူ့စစ်တွေက ဖြတ်သွားခွင့် မပြုနိုင်တဲ့ အကြောင်းပြောရင်းနဲ့ သူတို့နှစ်ဦး နှစ်ဖွဲ့ အခြေအတင်ငြင်းခုံရင်းနဲ့ ပစ်ခတ်မှု ဖြစ်လာတယ်။

တိုက်ပွဲဖြစ်တာက ကလေးတွေ ထမင်းစား ကျောင်းဆင်းချိန် နေ့လည်(၁၂) နာရီလောက်မှာ ဖြစ်တယ်။ သူတို့ တိုက်ပွဲဖြစ်တဲ့အချိန်မှာ ဘယ်အဖွဲ့ဘက်က ကျလာတဲ့ အမြောက်ဆံလည်းတော့ ကောင်းကောင်းမသိဘူး အမြောက်ဆံ (၁) ခု ကလေးတွေနဲ့ ဆရာမတွေ အကာအကွယ်ယူနေတဲ့ ဘေးနားမှာလာကျပြီး ပေါက်ကွဲ သွားတယ်။ သေနတ်ကျည် ပေါက်ကွဲပြီး ဆရာမ**** (အလယ်ပြ, ၂၇ နှစ်) ရဲ့ ပုခုံးမှာရော၊ ကျောင်းသား မောင်****ရဲ့ ပါးနဲ့ ဒေါ် ****ရဲ့ပါးမှာ ထိသွားတယ်။ ကျောင်းသားတွေနဲ့ ဆရာမတွေ ထိသွားပြီဆိုတဲ့အချိန်မှာ နှစ်ဖက်စလုံးရဲ့ ပစ်ခတ်တိုက်ခိုက်မှု ရပ်သွားတယ်။

မျိုးမင်းထွန်း ဦးဆောင်တဲ့ ရှမ်းနီ ပြည်သူ့စစ် နဲ့ KIA (ကချင်လွတ်မြောက်ရေးတပ်မတော်) အဖွဲ့အစည်းတွေ နမ်ရာကျေးရွာအဝင်ဝမှာ တိုက်ပွဲဖြစ်ပြီး ရှမ်းနီ ပြည်သူ့စစ်က တပ်သားတစ်ဦး ဒဏ်ရာရ သွားတော့ မျိုးမင်းထွန်း က ကချင်အိမ်တွေကို မီးရှို့ဖို့ စေခိုင်းတဲ့အတွက် ရှမ်းနီ ပြည်သူ့စစ် တပ်သား ဇော်သိန်းက ကချင်အိမ် (၃) အိမ်ကို မီးရှို့လိုက်တာဖြစ်တယ်။ ဒေါ် ****နေတဲ့ အိမ်ကို ပထမဦးဆုံး မီးရှို့လိုက်ကြတယ်။

နောက်တော့ ဦး**** အိမ်ကို မီးရှို့တယ်။ မီးမရှို့ခင် ဦး**** ဇနီးသည်နဲ့ ကလေးတွေက တိုက်ပွဲတွေဖြစ်တော့ သူတို့ အိမ်အောက်မှာ ပုန်းခိုနေကြတယ်။ အဲဒီအချိန်မှာ သူတို့သားအမိတွေကို အိမ်အောက်ကနေထွက်ခိုင်းပြီး သူတို့ရှေ့မှာဘဲ အိမ်ကို မီးရှို့လိုက်တယ်။ ဦး****နေတဲ့အိမ် (ဦးမောင်ဝင်း ဌားနေသည့်အိမ်ပိုင်ရှင်သည် ကချင်ဖြစ်သည်။) ကိုလည်း မီးရှို့တယ်။

အိမ်မီးရှို့တဲ့အထဲပါသွားတဲ့ ပိုင်ဆိုင်တဲ့ ပစ္စည်းအချို့ကတော့ ရေစုပ်စက်၊ ဆိုင်ကယ်၊ စက်ဘီး၊ ဝက်၊ စပါး၊ ငွေအချို့နဲ့ အခြားပိုင်ဆိုင်တဲ့ ပစ္စည်းတွေလည်းပါသွားတယ်။ ဗမာအိမ် (၁) အိမ် ကတော့ မီးကူးပြီး မီးလောင်သွားတဲ့အတွက် ရှမ်းနီ ပြည်သူ့စစ်တွေက မီးငြိမ်းသတ်ပေးကြတယ်။

၂၆ ရက်၊ ဩဂုတ်လ၊ ၂၀၁၆ ခုနှစ် မှာတော့ ဒီဖားကန့် လမ်းတကြောမှာရှိတဲ့ ရွာ (ဆိုင်းဖရာ၊ နမ်ရာ၊ ကပ်မော်၊ ဂတ်နွယ်၊ ခရိုင်ရွန်၊ ခွမ်စိုင်ဇွပ်စသည့်ရွာများ) မှ ကချင်ရွာသားတွေကိုခေါ်ပြီး တစ်နေ့တည်းနဲ့ အိမ်(၃)အိမ်လုံးကို အပြီးဆောက်မယ်လို့ လုပ်ထားတယ်။ ပထမတော့ သူတို့ ဆောက်ခွင့်ပြုတယ်။ နေ့လည်လောက်ရောက်တဲ့ အချိန်မှာတော့ "လုံခြုံရေးအရ မလုပ်ရဘူး" ဆိုပြီး စစ်ပိုလ်တစ်ယောက်က တားမြစ်လိုက်တယ်။ ကျွန်တော် တို့လည်း လုပ်လက်စတွေ မပြီးဘဲ ဒီတိုင်းထားလိုက်ရတယ်။ နောက်တော့ "မိသားစုများတဲ့ အိမ်တွေကို အရင် ဆောက်ရအောင်" ပြောတော့ အခု ဦး**** ရဲ့ အိမ်(ဝါးအိမ်)ကို အရင်ဆောက်နေတယ်။ (၂) အိမ်တော့ မဆောက်သေးဘူး။

နောက်ထပ် အိမ်(၁)အိမ်ကိုလည်း မီးရှို့တယ်။ ဒါပေမဲ့ ခေါင်မိုးကရေစိုနေတဲ့အတွက် မီးမလောင်တာဖြစ်တယ်။ မီးရှို့ခံထားရတဲ့ အိမ်ထောင်စု (၃) စုကို နမ်ရာ KBC ဘုရားကျောင်းဝင်းမှာ ခိုလှုံခွင့် ပြုထားတယ်။ အဖွဲ့အစည်း အချို့က အစားအသောက်နဲ့ အသုံးအဆောင်ပစ္စည်း အချို့ကို ကူညီပေးတယ်။ နမ်ရာတွင် ကချင်၊ ဗမာ၊ ရှမ်း၊ ကုလား နှင့် တရုတ် စသည့် လူမျိုး နေထိုင်ပြီး အိမ်ခြေ (၅၀၀) ခန့်ရှိသည်။

**လူ့အခွင့်အရေးချိုးဖောက်မှု - ညှင်းပမ်းနှိပ်စက်မှု**

| | |
|---|---|
| ချိုးဖောက်ခံရသူအမည် | - မောင်**** |
| ကျား/မ | - ကျား |
| အသက် | - (၂၅) နှစ် |
| လူမျိုး | - ကချင် |
| ကိုးကွယ်သည့်ဘာသာ | - ခရစ်ယာန် |
| ပညာအရည်အချင်း | - (၅) တန်း |

အလုပ်အကိုင် - ကျပန်းအလုပ်
မိဘမည် - ဒေါ်****
အိမ်ထောင်ရှိ/မရှိ - မရှိ
နေရပ်လိပ်စာ - ****ကျေးရွာ၊ ဖားကန့်မြို့နယ်၊ မြစ်ကြီးနားခရိုင်၊ ကချင်ပြည်နယ်။
အခင်းဖြစ်ပွားသည့်နေ့ - ၂၃ ရက်၊ စက်တင်ဘာလ၊ ၂၀၁၆ ခုနှစ်။
အခင်းဖြစ်ပွားသည့်နေရာ - ****ကျေးရွာ၊ ဖားကန့်မြို့နယ်၊ မြစ်ကြီးနားခရိုင်၊ ကချင်ပြည်နယ်။
ချိုးဖောက်သူ - ရှမ်းနီ ပြည်သူ့စစ် (ခေါင်းဆောင် မျိုးမင်းထွန်း)

အမှုဖြစ်စဉ်ပြန်လည်ပြောပြသူအမည် - ဦး****
ကျား/မ - ကျား
အသက် - (၄၇) နှစ်
အမျိုးသားမှတ်ပုံတင်အမှတ် - ၁၃/ကခန(နိုင်)****
လူမျိုး - ကချင်
ကိုးကွယ်သည့်ဘာသာ - ခရစ်ယာန်
အလုပ်အကိုင် - ****
မိဘအမည် - ဦး**** နှင့် ဒေါ်****
အိမ်ထောင်ရှိ/မရှိ - ရှိ
ဇနီးအမည် - ဒေါ်****
သား/သမီး - ကျား (၂)၊ မ (၃)
နေရပ်လိပ်စာ - ****ကျေးရွာ၊ ဖားကန့်မြို့နယ်၊ ကချင်ပြည်နယ်။
မှတ်တမ်းကောက်သည့်နေ့ - ၂၆ ရက်၊ စက်တင်ဘာလ၊ ၂၀၁၆ ခုနှစ်။
မှတ်တမ်းကောက်သည့်အဖွဲ့အစည်း - SSDF၊ KWAT

နမ်ရာရွာ၊ အပိုင်း****ကို ဆိုင်ကယ်နဲ့သွားတဲ့ မျိုးမင်းထွန်း (ရှမ်းနီ ပြည်သူ့စစ် ခေါင်းဆောင်) ကို အရပ်ဝတ်စုံနှင့် အမည်မသိ အမျိုးသား (၂) ယောက်က သေနတ်နဲ့ ပစ်လိုက်တဲ့အတွက် လက်(၂)ဖက်နဲ့ ဗိုက်မှာ သေနတ်ထိမှန်သွားတယ်။ သူ့ကို ပစ်တဲ့သူတွေကို ဘယ်သူမှ မတွေ့လိုက်ဘူး။ သေနတ်ဒဏ်ရာ ရထားတော့ သူလည်း ခြေလျင်နဲ့ စခန်းကို ပြန်သွားတယ်။ သူစခန်းရောက်ပြီး နောက်တခေါက် သူပစ်ခံရတဲ့ နေရာဘက်ကို သူ့တပ်သားတွေနဲ့ ပြန်သွားတယ်။ သူတို့က ဘယ်သူဘယ်ဝါဆိုတာကို ကောင်းကောင်းမသိပေမဲ့ ရွာမှာ သေနတ်တွေပစ်ဖောက်ပြီးမှ လိုက်ရှာကြတယ်။

နမ်ရာရွာ အပိုင်း****မှာ နေထိုင်တဲ့ကချင်အမျိုးသား အားလုံးကို သူတို့နေထိုင်နေတဲ့ အိမ်ကနေအားလုံးကို ခြိမ်းခြောက်ပြီး ခေါ်ထုတ်လိုက်တယ်။ ရွာရဲ့ အပိုင်း**** မှာနေထိုင်တဲ့ အမျိုးသားအားလုံးနဲ့ ဘုရား ကျောင်းဝင်းမှာ နေတဲ့အမျိုးသားအားလုံးကိုလည်း ဝင်ပြီးတော့ ခေါ်ထုတ်လိုက်တယ်။ ဘုန်းကြီးကျောင်းရှေ့မှာ ရှိတဲ့ လမ်းမမှာ ခုနကခေါ်ထုတ်ထားတဲ့ ကချင်အမျိုးသား စုစုပေါင်း (၃၃) ယောက်ကို အဲဒီနေရာမှာ စုထားတယ်။ မောင်**** နဲ့ မောင်****တို့က ငါးဖမ်းထွက်ဖို့သွားတဲ့လမ်းမှာ သူတို့ (၂) ယောက်ကိုလည်း ဖမ်းပြီး ခုနက ဖမ်းဆီးထားတဲ့ ရွာသား (၃၃) ယောက်နဲ့အတူထားလိုက်တယ်။

ပစ်ခံရတဲ့ ဦးမျိုးမင်းထွန်းက "ကောင်းကောင်းမှတ်မိတယ်။ အင်္ကျီအနက်လည်း ဝတ်ထားတယ်" ဆိုပြီးပြောတော့ မောင်****က အဲဒီနေ့ကအင်္ကျီအနက်ဝတ်ထားတော့ "ဒီကောင်ဟုတ်လား" ဆိုပြီးသွားပြတော့ ဦးမျိုးမင်းထွန်းက "အဲဒီလူမဟုတ်ဘူး။ ဒါပေမဲ့ ချုပ်ထားလိုက်" ဆိုပြီးပြောတယ်။ သူ့ကို တခါလည်း လက်ထိပ်ခတ်ထားလိုက်တယ်။ ပြီးတော့ မောင်****ကို စစ်သားတွေ တစ်ယောက်ပြီး တစ်ယောက်ကန်တော့တာဘဲ။ သူ့ကိုကန်တာ အဲဒီရွာသား (၃၃) ယောက်စလုံး တွေ့တယ်။ သူ့ကို လက်ထိပ်ခတ်ထားပြီး သူ့ရဲ့ရင်ဘတ်၊ ပါး၊ ဗိုက် နဲ့ ပါးစပ် နေရာတွေမှာ

(၈) ကြိမ်လောက်ကန်တယ်။ သူနဲ့အတူသွားတဲ့ မောင်****ကိုတော့ လည်ဂုတ်ဘက်မှာ တစ်ကြိမ်ကန်တယ်။ သူတို့အားလုံးကို မနက် (၁၁) နာရီကနေ ညနေ (၁) နာရီအထိ လမ်းမမှာ ထိုင်ခိုင်းထားတယ်။ နောက်တော့ အားလုံးကို ဘုန်းကြီးကျောင်းကို ခေါ်သွားတယ်။

မောင်****နဲ့ မောင်****ကိုတော့ သီးသန့်တွေ့ပြီး "အင်္ကျီအနက်ဝတ်ထားတော့ မသင်္ကာလို့ အဲလိုလုပ်တာ ဖြစ်တယ်။ ပြည်သူ့စစ်တွေ ရိုက်တာမဟုတ်ဘူးနော်။" ဆိုပြီး ပြောတယ်တဲ့။ ညနေပိုင်း (၂)နာရီမှာ အားလုံးကို ပြန်ခိုင်းလိုက်တယ်။ ဆေးရုံတော့သွားတယ် ဆေးစစ်ချက်အဖြေတော့ မသိသေးဘူး။ အမှုဖွင့်ဖို့တော့ မလုပ်ရသေးဘူး။ ကန်ထားတဲ့ နေရာတွေက ဒဏ်တွေကြောင့် အခုထိ ထမင်းစားလို့ မရသေးဘူး။

**လူ့အခွင့်အရေးချိုးဖောက်မှု - မတရားသတ်ဖြတ်ခံရမှု**

| | |
|---|---|
| သေဆုံးသူအမည် | - ဒေါ် **** |
| ကျား/မ | - မ |
| အသက် | - ၃၄ နှစ် |
| အမျိုးသားမှတ်ပုံတင်အမှတ် | - ၁/မကန(နိုင်)**** |
| အလုပ်အကိုင် | - နာနတ်သီးအခင်းစိုက်ပျိုးခြင်း |
| မိဘအမည် | - ဒေါ်****နှင့်ဦး**** |
| အလုပ်အကိုင် | - တောင်သူ |
| လက်ရှိနေရပ်လိပ်စာ | - ****ကျေးရွာ၊ ကားမိုင်း၊ ဖားကန့်မြို့နယ်၊ ကချင်ပြည်နယ်။ |
| အခင်းဖြစ်သည့်နေရာ | - ကပ်မော် နှင့် နမ်ယာ ကြားလမ်းမကြီး၊ ကားမိုင်း၊ ဖားကန့်မြို့နယ်၊ ကချင်ပြည်နယ်။ |
| အခင်းဖြစ်သည့်နေ့ | - ၁၃ ရက်၊ ဖွန်လ၊ ၂၀၁၇ ခုနှစ် |
| ချိုးဖောက်သူ | - နမ့်ယာ ရှမ်းနီပြည်သူ့စစ် (မြန်မာစစ်တပ်) |
| ဖြစ်စဉ်ပြန်လည်ပြောပြသူ | - ချိုးဖောက်ခံရသူ၏ မိခင် |
| မှတ်တမ်းကောက်ယူသည့်အဖွဲ့ | - HI |

**အမှုဖြစ်စဉ်**

သမီးကိုတော့ဒမ်ဘန်ကျေးရွာမှာ မွေးဖွားခဲ့တယ်။ သူ့ကိုမမွေးဖွားခင် ကျွန်မခင်ပွန်းက ကေအိုင်အေ အမှုထမ်း ဟုတ်တယ်။ သူ့ကိုမွေးမဲ့အချိန်ရောက်တော့ အစိုးရဘက်အလင်းဝင်သွားလိုက်ပြီ။ ကျွန်မတို့က မြစ်ကြီးနားမှာ သွားနေလိုက်တယ်။ ကလေးတွေကြီးလာတော့ သမီးနဲ့သူ့မောင်လေးကို မြစ်ကြီးနားမှာပဲ ကျောင်းတက်ခိုင်းတယ်။ မိသားစုစီးပွားရေးအဆင်မပြေတော့ ကျောင်းထွက်ခဲ့ပြီး မိဘတွေကိုလုပ်ကျွေးမယ် ဆိုပြီး ကျရာအလုပ်တွေ လုပ်နေတယ်။ လုပ်နေရင်းနဲ့ပဲသမီးက ကချင်လွတ်မြောက်ရေးတပ်မတော် (ကေအိုင်အေ) စုဆောင်းရေးမှာ ဖမ်းခံရပြီးတော့စစ်မှုထမ်းသွားလိုက်ရတယ်။ ၂၀၀၂ ခုနှစ်မှာသွားလိုက်တာ ၂၀၀၈ ခုနှစ်မှပဲ အိမ်ရောက်လာတယ်။ သမီးရောက်လာပြီးတော့မကြာခင်မှာပဲသူ့မောင်လေးကိုအိမ်ကနေ ကချင်လွတ်မြောက်ရေးတပ်မတော်(ကေအိုင်အေ)တပ်ဖွဲ့ကနေပြီးတော့ စုဆောင်းရေးခေါ်သွားလိုက်ကြတယ်။ ဒါကြောင့်သားမရှိတော့ သမီးပဲမိသားစုကိုလုပ်ကျွေးနေတာဟုတ်တယ်။ သမီးက (၁၃) ရက်နေ့ နေ့လည် ၁၂ နာရီလောက်မှာပဲ သူမြက်ရိတ်စက်သွားယူမယ်(ပြင်ထားရာမှ)ဆိုပြီးတော့ လုပ်နေတယ်။ နာနတ်သီးရော ခူးထားတာတွေရှိတယ်။ နာနတ်သီးရောသွားရောင်းရင်းနဲ့ ပြင်ထားတဲ့မြက်ရိတ်စက်ပါယူလာခဲ့မယ်။ ဆိုပြီးတော့ နန့်ယားသွားလိုက်တယ်။ သွားပြီးတော့ ညနေ လေးနာရီ၊

သုံးဆယ်လောက်မှာပဲ ဟုတ်တယ် သမီးဖုန်းဝင်လာတယ်။ ကျွန်မစိတ်တွေရောတစ်မျိုးဖြစ်နေလို့ဖုန်းကိုင်လိုက်တော့ "အမေကိုခေါ် ပေး၊ အမေကိုခေါ် ပေး" ဆိုပြီးတော့ ပြောသံပဲကြားတယ်။ ဘာမှလည်းမပြောဘူး ဒါကြောင့်ကျွန်မလည်း လန့်လို့အိမ်နီးချင်းအိမ်ကို သွားနားထောင်ခိုင်းလိုက်ပြီးတော့ လိုက်သွားလိုက်တယ်။ ဘာဖြစ်တယ်ဆိုတာလဲမသိတော့ ကပ်မော်ကနေအိမ်ကို ပြန်ခေါက်လာတဲ့ချိန်မှာပဲ လမ်းမှာသမီးစီးလာခဲ့တဲ့ ဆိုင်ကယ်တွေ့တယ်။ ဆိုင်ကယ်တွေ့လို့ သွားကြည့်တော့ ဘေးနားကလူတွေကိုမေးကြည့်တယ် ဘာဖြစ်တာလဲလို့မေးတော့ သူတင်လာတဲ့စက်ပေါက်ကွဲလို့တဲ့ စက်ပေါက်ကွဲသွားတာဟုတ်တယ် ဆိုပြီး ပြောလို့ ပြန်လိုက်သွားလိုက်တယ်။ လိုက်သွားတော့ နမ်ယာဆေးရုံမှာ လိုက်မှီတယ်။ နမ်ယာဆေးရုံ ရောက်တော့သည်မှာ လက်ခံလို့မရဘူး ဆိုပြီးတော့ ကားမိုင်းကို ပြန်လွှဲလိုက်ကြတယ်။ ကားမိုင်းဆေးရုံရောက်တော့သမီးကသွေး အများကြီးထွက်နေတာတွေ့လိုက်တယ်။ ဆေးရုံကဆရာမတွေလည်း ဘာမှမလုပ်ပေးကြဘူး၊ ဆေးရုံကလူတွေကတော့ သမီးသေနတ်နဲ့ ပစ်ခတ်ခံရတာကိုတော့ သိနေကြပြီ ဒါပေမဲ့ ကျွန်မကိုတော့ ဘယ်သူမှမပြောပြဘူး၊ ကျွန်မလည်း စက်ပေါက်ကွဲလို့ဖြစ်တယ်လို့ပဲ သိထားတော့ အသက်အန္တရာယ်တော့ မစိုးရိမ်ရဘူးထင်တယ်ဆိုပြီးတော့ ဘာမှလည်းသိပ်မပြောခဲ့ဘူး။ ဆေးရုံက ဆရာမ တွေစကားလည်း ကောင်းကောင်းမပြောဘူး ဘာမှလည်းမလုပ်ပေးကြဘူး၊ သည်မှာလုပ်ပေးလို့လည်း မရဘူးဆိုပြီးတော့ ကြည့်လည်းမကြည့်ပေးဘူး၊ မြစ်ကြီးနားကိုသွားကြပါ၊ ကားသွားငှားလိုက်တော့လို့ပဲ ပြောတယ်။ ဆေးရုံကလူတွေဘယ်လိုသိလဲဆိုတော့ သမီးအပစ်ခံရပြီး လမ်းပေါ်လဲနေတဲ့ချိန်မှာပဲ ကားမိုင်းက ရဲအရာရှိတစ်ယောက်က ဖားကန့်အသွားမှာပဲ တွေ့လိုက်တယ် သူသတင်းပို့လို့သူတို့အရင်သိထားပြီး ဖြစ်နေကြတာ ဟုတ်လောက်တယ်။ သမီးကတော့ အော်ပဲအော်နေတယ် "နာတယ် သွေးတိတ်ဆေးထိုးပေးပါ အကိုက်အခဲပျောက်ဆေးထိုးပေးပါ" ဆိုပြီးတော့အော်ပြောနေတယ်။ "ဒီလောကကြီးကိုအရမ်းမုန်းတယ်" (ငိုလျက်) သမီး ကကျွန်မကိုပဲလုပ်ကျွေးနေတဲ့သမီးလိမ္မာဟုတ်တယ်။ သည်ကစစ်တပ်တွေနဲ့တောင် သူစကားတွေဘာတွေပြောဖူးတယ်။ ဗိုလ်ကြီး****ဆိုတဲ့စစ်အရာရှိတစ်ယောက်တောင်မှ သူ့ကိုအရမ်းခင်တယ်။ အခုပြန်ကြားရတာကတော့ သမီးကိုသူ များတွေမိုင်းကျွမ်းကျင်သူ မိုင်းဆရာမ ဟုတ်တယ်ဆိုပြီးတော့ နာမည်ထွက်နေတာ တစ်နှစ်လောက်ရှိနေပြီလို့ပြောကြ တယ်တဲ့။ ကျွန်မသမီးက မိုင်းဆရာမလည်း မဟုတ်ဘူး။ အရင်တုန်းက စုဆောင်းခံရပြီးတော့ စစ်ထဲဝင်ခဲ့တာပဲရှိတယ်။ သူ့ကိုဘယ်သူက ဘယ်လိုမကျေနပ်လဲတော့ ကျွန်မလည်းမသိဘူး။

သူ့ကိုသေနတ်ပစ်သတ်တာကတော့ နမ်ယာက ရှမ်းနီပြည်သူ့စစ်တွေဟုတ်တယ် အမိန့်ပေးတာကတော့ မြန်မာစစ်တပ်ကအရာရှိဟုတ်တယ် လို့သိရတယ်။ လမ်းမှာပဲပစ်ခံရတာတပ်အမည်တော့ မသိဘူး။ နမ်ယာကနေ နာနတ်သီးရောင်းပြီးတော့ မြက်ရိတ်စက်ကိုဆိုင်ကယ်ပေါ်တင်ပြီးပြန်လာတဲ့ချိန်မှာပဲ ဆိုင်ကယ်စီးနေရင်းနဲ့ပစ်ခံရတာ ဟုတ်တယ်။ နမ်ယာနဲ့ကပ်မော်ကြားက အဆင်းအကွေ့မှာပဲဟုတ်တယ် ပစ်ခံရတော့လမ်းမှာပဲ လဲကျသွားလိုက်တယ်တဲ့ ဆိုင်ကယ်ရောသမီးပေါ်ဖိထားတော့ ဘာမှလဲမထနိုင်လို့ ရှိနေကြတယ်။ သူနဲ့အတူပါလာတဲ့ သူ့သူငယ်ချင်းရော ဘေးနားကလူတွေကို အကူအညီတောင်းတယ် ဘေးကလူတွေရော သေနတ်သံကြားလို့ဘယ်သူမှလာမကူညီကြဘူး လို့ သမီးနဲ့အတူပါလာတဲ့ သူငယ်ချင်း ပြောတယ်။ အိမ်ဘေးကလူတွေရော ပြောပြတယ်သေနတ်သံသုံးချက်ကြားရတ ယ်လို့ပြောတယ်။ သမီးကို ထိတာကတော့ အကွေ့နားကကုန်းမှာပဲ စစ်တပ်ကုန်းရှိတယ်။ သမီးကကျွန်မကိုပြောပြတယ် "အမေ သမီးသေနတ်နဲ့ ပစ်ခံရတာဟုတ်တယ် သမီးလုပ်ကြံခံရတာပဲ" ဆိုပြီးတော့ပြောတယ်။ သမီးကို ဘာကြောင့် ပစ်သတ်လိုက်တယ်ဆိုတာလည်းမသိဘူး သူများတွေပြောတဲ့ မိုင်းဆရာ ဟုတ်တယ်ဆိုပြီးတော့ သံသယရှိလို့ပဲ ပစ်သတ်ခံရတယ်လို့ပဲထင်တယ်။

သမီးကိုထိတာလဲသုံးချက်ထိတယ်။ ကျည်သုံးတောင့်ကိုယ်ထဲမှာတွေ့တယ်လို့ဆရာဝန်တွေပြောတယ်။ ကျည်က ဘာကျည်လဲဆိုတာကိုပြလို့လည်းမရဘူး ပြောလို့လည်းမရဘူးဆိုပြီးတော့ ဆရာဝန်ကပြောပြတယ်။ သမီးဆုံးသွားတဲ့ချိန်မှာပဲ ရင်ခွဲရုံမှာစစ်ဆေးကြတာဟုတ်တယ်။ သမီးဆုံးသွားတော့ ဘယ်အဖွဲ့အစည်းဘယ်သူမှ လာကူညီပေးတာတွေလည်းမရှိဘူး သင်္ဂြိုလ်တာလည်းကျွန်မတို့ပိုက်ဆံနဲ့ကျွန်မ တို့ပဲလုပ်လိုက်ရတယ်။ ဘယ်သူမှလာကူညီတာလည်းမရှိဘူး။ ရဲတွေကတော့အမှုဖွင့်မလား အမှုဖွင့်မယ်ဆိုရင် ကူညီ ဆောင်ရွက်ပေးမယ် ဆိုပြီးတော့ပြောတယ်။ ကျွန်မကတော့ဘာအမှုမှ မဖွင့်ချင်တော့ဘူး အမှုဖွင့်ဖို့ပိုက်ဆံလည်း မရှိဘူး (ငိုလျက်) "ကျွန်မသမီးဟာကျွန်မရဲ့ လက်နဲ့ခြေထောက်ဟုတ်တယ်။ သူ့ကိုပဲအားကိုးပြီးနေရတာ ဟုတ်တယ်။

ကျွန်မအရမ်းခံစားရတယ် ဘုရားသခင်ပဲသိပါစေ ဘာမှလည်း မလုပ်ချင်ဘူး” လို့ ပြောလိုက်တယ်။ အခုကျွန်မသမီး ဆုံးသွားတဲ့ချိန်ကတည်းက ကျွန်မတစ်ယောက်ထဲနေနေရတယ်။ အရမ်းခံစားရတယ် ကျွန်မကို ကျွန်မတောင်သတ်ေ သဖို့စဉ်းစားမိတယ်၊ ဘုရားသခင်ခွင့်ပြုမှာ မဟုတ်ဘူးဆိုပြီးတော့ပဲ အခုထိ အသက်ရှင်နေတာဟုတ်တယ်။

**လူ့အခွင့်အရေးချိုးဖောက်မှု - မတရားဖမ်းဆီးမှု နှင့် အစအနဖျောက်မှု**

| | |
|---|---|
| ချိုးဖောက်ခံရသူအမည် | - ဦး**** |
| ကျား/မ | - ကျား |
| အသက် | - ၅၀ နှစ် |
| အမျိုးသားမှတ်ပုံတင်အမှတ် | - ၁/မကန(နိုင်)**** |
| ကိုးကွယ်သည့်ဘာသာ | - ခရစ်ယာန် |
| အလုပ်အကိုင် | - တောင်သူ |
| မိဘအမည် | - ဦး**** နှင့် ဒေါ်**** |
| အိမ်ထောင်ရှိ/မရှိ | - ရှိ |
| ဇနီးအမည် | - ဒေါ်**** |
| သား/သမီး | - (၅) ယောက် |
| နေရပ်လိပ်စာ | - ****ကျေးရွာ၊ ဖားကန့်မြို့နယ်၊ ကချင်ပြည်နယ်။ |
| အခင်းဖြစ်ပွားသည့်နေ့ | - ၂၀ ရက်၊ ဇွန်လ၊ ၂၀၁၇ ခုနှစ်။ |
| အခင်းဖြစ်ပွားသည့်နေရာ | - လဝါးကျေးရွာ၊ ဖားကန့်မြို့နယ်၊ ကချင်ပြည်နယ်။ |
| ချိုးဖောက်သူ | - ခ.လ.ရ (၈၆)၊ (၂၉၇) |

အမှုဖြစ်စဉ်ပြန်လည်ပြောပြသူအမည်(၁)- ဒေါ်**** (မျက်မြင်သက်သေ)

| | |
|---|---|
| အမျိုးသားမှတ်ပုံတင်အမှတ် | - ၁/ကမန(နိုင်)**** |
| အလုပ်အကိုင် | - တောင်သူ |
| အိမ်ထောင်ရှိ/မရှိ | - ရှိ |
| အမျိုးသားအမည် | - ဦး**** |
| မိသားစု | - (၄) ယောက် |
| နေရပ်လိပ်စာ | - ****ရွာ၊ ဖားကန့်မြို့နယ်၊ ကချင်ပြည်နယ်။ |

အမှုဖြစ်စဉ်ပြန်လည်ပြောပြသူအမည်(၂)- ဒေါ်**** (မျက်မြင်သက်သေ)

| | |
|---|---|
| အမျိုးသားမှတ်ပုံတင်အမှတ် | - ၁/မကန(နိုင်)**** |
| အိမ်ထောင်ရှိ/မရှိ | - ရှိ |
| အမျိုးသားအမည် | - ဦး**** |
| မိသားစု | - (၆) ယောက် |
| နေရပ်လိပ်စာ | - **** ကျေးရွာ၊ ဖားကန့်မြို့နယ်၊ ကချင်ပြည်နယ်။ |

အမှုဖြစ်စဉ်ပြန်လည်ပြောပြသူအမည်(၃)- ဒေါ်****(မျက်မြင်သက်သေ)

| | |
|---|---|
| အလုပ်အကိုင် | - ဈေးရောင်း |
| မိဘအမည် | - ဦး**** နှင့် ဒေါ်**** |
| အိမ်ထောင်ရှိ/မရှိ | - ရှိ |
| အမျိုးသားအမည် | - ဦး**** |

| | |
|---|---|
| နေရပ်လိပ်စာ | - ****၊ လဂါးကျေးရွာ၊ ဖားကန့်မြို့နယ်၊ ကချင်ပြည်နယ်။ |
| အမှုဖြစ်စဉ်ပြန်လည်ပြောပြသူအမည်(၄) | - ဦး****(မျက်မြင်သက်သေ) |
| အသက် | - (၃၅) နှစ် |
| အမျိုးသားမှတ်ပုံတင်အမှတ် | - ၁/မကန(နိုင်)**** |
| နေရပ်လိပ်စာ | - ****ရွာ၊ ဖားကန့်မြို့နယ်၊ ကချင်ပြည်နယ်။ |
| | |
| အမှုဖြစ်စဉ်ပြန်လည်ပြောပြသူအမည်(၅) | - ဦး**** (မျက်မြင်သက်သေ) |
| အသက် | - (၅၀) နှစ် |
| အလုပ်အကိုင် | - တောင်သူ |
| နေရပ်လိပ်စာ | - ****ကျေးရွာ၊ တနိုင်းမြို့နယ်၊ ကချင်ပြည်နယ်။ |
| မှတ်တမ်းကောက်သည့်နေ့ | - ၂၀ ရက်၊ ဇူလိုင်လ၊ ၂၀၁၇ ခုနှစ် |
| မှတ်တမ်းကောက်သည့်အဖွဲ့အစည်း | - KWAT |

**အမှုဖြစ်စဉ်ပြန်လည်ပြောပြသူများ၏ ပြောပြချက်ကို အောက်ပါအတိုင်း အကျဉ်းချုပ်ရေးသား ဖော်ပြထားသည်။**

၂၀ ရက်၊ ဇွန်လ၊ ၂၀၁၇ ခုနှစ် ညနေပိုင်း လဂါးကျေးရွာအတွင်း ညနေကျောင်းဆင်းချိန် ၃း၀၀ နာရီ ကျော်ခန့်တွင် ရတ်တရက် အစိုးရစစ်တပ် ခ.လ.ရ (၈၆)၊ (၂၉၇) နှင့် KIA များနာရီဝက်ကျော်ခန့် ပြင်းပြင်းထန်ထန်တိုက်ပွဲဖြစ်လာသည်။ လက်နက်ကြီး၊ မိုင်းဖြင့် တိုက်ခိုက်ခြင်းတော့ မရှိပါ။

လဂါးကျေးရွာနေ ရွာသူ၊ ရွာသားများလည်း ထိတ်လန့်ကြောက်ရွံ့ပြီး အိမ်အတွင်း ပုန်းအောင်းနေကြစဉ် ဦး**** အသက်(၅၀)နှစ်သည် အရက်သေစာသောက်သုံးထားသောကြောင့် စစ်ပွဲဖြစ်နေရာ လမ်းမကြီးတည့်တည့် ဆင်းသွားခဲ့သည်။ ထိုချိန်တွင် စစ်ဝတ်စုံဝတ်ထားပြီး သေနတ် လည်းကိုင်ထားသော အစိုးရစစ်သား (၂) ယောက်မှ "နင်ဘယ်သူလဲ" လို့ မေးမြန်းချိန် အရက်သောက်ထားသောကြောင့် KIA လို့ ဖြေသည်ထင်တယ်။ ချက်ချင်းသေနတ်ဖြင့် ဘယ်ဘက်ခေါင်း၌ ရိုက်ချလိုက်သည်။ (၂) ချက်၊ (၃) ချက် လောက်ရိုက်ပြီး လဂါးဘုန်းကြီးကျောင်း လမ်းဘက်သို့ လက်ကိုနောက်ဘက်သို့ ကြိုးတုတ်ပြီး စစ်သားနှစ်ဦးရှေ့၌ လျှောက်ခိုင်းပြီး ခေါ်သွားကြသည်။

ယခုလိုဖြစ်ပျက်နေသည်ကို စားသောက်ဆိုင်ပိုင်ရှင် ဒေါ်****မှ မြင်ခဲ့သည်။ ၄င်းစားသောက်ဆိုင်နှင့် မီတာ (၁၀၀) ခန့်အကွာအဝေးတွင် ရိုက်နက်နေကြသည်ကို ချောင်းကြည့်၍ မြင်တွေ့ခဲ့သည်။ နောက်ပြီးဒေါ်****လည်း သူမအိမ်ကနေတဆင့် ချောင်းကြည့်ပြီးတွေ့ခဲ့တယ်။ ****စားသောက်ဆိုင်ပိုင်ရှင် ဒေါ်****လည်း သူမ၏ဆိုင်ရှေ့ ကားလမ်းမကြီးကနေတဆင့် ဦး****ကို ကြိုးချည်ပြီးခေါ်သွားသည်ကို မြင်တွေ့လိုက်သည်။ ပြီးနောက် တောင်ယာက ပြန်လာ သော အမျိုးသမီး (၄) ယောက်အနက် ဒေါ်****လည်း မြင်တွေ့ လိုက်သည်ကို ပြန်ပြောပြသည်။ ကျန် (၃) ယောက်မှာ ကျွန်မတို့သွားမေးမြန်းချိန် ဘာကြောင့်ဆိုတာ မသိရသော်လည်း မပြောပြရဲ သောအခြေအနေ ဖြစ်နေကြတယ်။

ရွာရှိဘုန်းကြီးကျောင်းတွင် နေထိုင်သောဘုန်းကြီး (အမည်မပြောပြပါ)အား သွားရောက် မေးမြန်းချိန်တွင်လည်း လူတစ်ယောက်ဖမ်းဆီးလာခဲ့တယ်။ ဒီဘုန်းကြီးကျောင်းမှာ ညအနားယူပြီး မနက်အစောကြီး ၃း၀၀ နာရီခန့်တွင် ဘယ်ကိုပြန်သွားကြသည်ကိုတော့ မသိရပါဟု ပြန်ဖြေကြား ပေးတယ်။ ဦး****ကိုခေါ်သွားသည်မှာ ဗိုလ်မှူး စောကိုကိုလွင် ဖြစ်သည်ဟု သိရသည်။ ခန့်မှန်း ခြေ စစ်အင်အား (၈၀) မှ (၁၀၀) ခန့်ရှိသည်လို့ပြောတယ်။ ၂၂ ရက်၊ ဇွန်လ၊ ၂၀၁၇ ရက်နေ့တွင် ကျေးရွာလူကြီး ဦး**** နှင့်မိသားစုများ (၂၉၈) မန်ပန်စစ်တပ်သို့ သွားရောက်စုံစမ်း မေးမြန်းခဲ့သော်လည်း ဘာမှပြန်ဖြေကြားခြင်းမရှိဘဲ ပြန်ခိုင်းလိုက်သည်။ ၂၀ ရက်၊ ဇူလိုင်လ၊ ၂၀၁၇ ရက်နေ့မှာ ရှေ့နေ ဦး****နှင့်အတူ ရဲစခန်းတွင် အကြောင်းကြားခဲ့သည်။

အဖေမရှိတော့သောကြောင့် သားသမီးများ၊ မြေးများကလည်း ပြောမပြရလောက်အောင် ခံစားနေကြရတယ်။ အဖေရဲ့မြေး အကြီးဆုံးက (၃) နှစ်ရှိပြီ မြေးကလည်း "အဘိုး ဘယ်သွားတာလဲ ဘယ်ချိန်ပြန်လာမလဲ" ဆိုပြီးမေးမေးနေတယ်။ မိသားစုများက "အဘိုးခရီးထွက်နေတယ် ပြန်မရောက်လာသေးဘူး" ဟုပြန်ပြောပြထားတယ်။ အမေမရှိတော့သောကြောင့် အဖေ့ကိုဘဲ အားကိုးနေကြရတယ်။ အခုဆို အဖေမရှိတော့ သောကြောင့် မောင်နှမများအားလုံး အဖေ့ကို လွမ်းဆွတ်တမ်းတနေကြတယ်။ အဖေနေခဲ့သောနေရာ၊ အဖေ လုပ်ခဲ့သော အလုပ်အကိုင်ပုံရိပ် များကို ပြန်လည်စဉ်းစားလိုက်တိုင်း အဖေ့ကိုသတိရ လာတယ်။ အဖေ့ကို ကောင်းကောင်း မွန်မွန်ချက်ကျွေးချင်သော်လည်း အဖေမရှိတော့သောကြောင့် မပြောပြတတ်လောက်ခံစား ရပါတယ်။

**လူ့အခွင့်အရေးချိုးဖောက်မှု - မတရားဖမ်းဆီးမှု နှင့် အစအနပျောက်မှု**

| | |
|---|---|
| ချိုးဖောက်ခံရသူအမည် | - ဦး**** |
| ကျား/ မ | - ကျား |
| အမျိုးသားမှတ်ပုံတင်အမှတ် | - ၁/ကမန(နိုင်)**** |
| လူမျိုး | - ကချင် |
| ကိုးကွယ်သည့်ဘာသာ | - ခရစ်ယာန် |
| အလုပ်အကိုင် | - နွားကျောင်း |
| မိဘအမည် | - ဦး**** နှင့် ဒေါ်**** |
| အိမ်ထောင်ရှိ/ မရှိ | - ရှိ |
| ဇနီးအမည် | - ဒေါ်**** |
| နေရပ်လိပ်စာ | - ****ကျေးရွာ၊ ဖားကန့်မြို့နယ်၊ ကချင်ပြည်နယ်။ |
| အခင်းဖြစ်ပွားသည့်နေ့ | - ၂၈ ရက်၊ ဇွန်လ၊ ၂၀၁၇ ခုနှစ် |
| ချိုးဖောက်သူ | - မြန်မာအစိုးရတပ်မတော် |

| | |
|---|---|
| အမှုဖြစ်စဉ်ပြန်လည်ပြောပြသူအမည် | - ဦး**** |
| ချိုးဖောက်ခံရသူနှင့်တော်စပ်ပုံ | - **** |
| အမျိုးသားမှတ်ပုံတင်အမှတ် | - ၁/ကမန(နိုင်)**** |
| လူမျိုး | - ကချင် |
| ကိုးကွယ်သည့်ဘာသာ | - ခရစ်ယာန် |
| အလုပ်အကိုင် | - လယ်ယာလုပ်ငန်း |
| မိဘအမည် | - ဒေါ်****နှင့် ဦး**** |
| နေရပ် | - ****ကျေးရွာ၊ ဖားကန့်မြို့နယ်၊ ကချင်ပြည်နယ်။ |
| မှတ်တမ်းကောက်သည့်နေ့ | - ၁၉ ရက်၊ ဇူလိုင်လ၊ ၂၀၁၇ ခုနှစ် |
| မှတ်တမ်းကောက်သည့်အဖွဲ့အစည်း | - KWAT |

**အမှုဖြစ်စဉ်**

၂၈ ရက်၊ ဇွန်လ၊ ၂၀၁၇ ခုနှစ် ရက်နေ့အင်္ဂါနေ့တွင် လယ်တောသွားဖို့အချိန်ရောက်လာသောကြောင့် ကျွန်တော့်ညီ ဦး****နဲ့ ကျွန်တော်****ကျေးရွာဘက်သို့ ကျွဲရှာရန်သွားခဲ့သည်။ ညနေ ၅း၀၀ နာရီ အချိန်လောက်တွင် ****ကျေးရွာတွင်ရှိသော ကျွန်တော့်ညီရဲ့အိမ်တွင် ကျွန်တော်တို့ညီအစ်ကို နှစ်ယောက်စလုံး ပြန်လာခဲ့တယ်။ အိမ်ရောက်တော့ ညနေ ၆း၀၀ နာရီ ထိုးပြီ။ အဲဒီအချိန်မှာ ကျွန်တော့်ညီ ****က ဆိုင်ကယ်နဲ့အပြင်ထွက်သွားတယ်။

ကျွန်တော်ကတော့ကျွန်တော့်ညီကို သူ့မိန်းမနေမကောင်းလို့ ဆေးသွားဝယ်တယ်လို့ဘဲ ထင်ခဲ့တယ်။ ကျွန်တော်ကလည်း ကျွန်တော့်အိမ်ရှိရာ ****ကျေးရွာ ဘက်ကို ပြန်သွားခဲ့တယ်။

ကျွန်တော်အိမ်ရောက်တော့ ကျွန်တော့်မိန်းမကို " နင့်ခဲအို**** အိမ်ကိုမဝင်ဘူးလား" လို့မေး တော့ " မဝင်ဘူး" ဆိုပြီး ကျွန်တော့်မိန်းမက ပြောတယ်။ ည ၇း၀၀ နာရီ အချိန်လောက်တွင် ကျွန်တော့်ညီ****က ကျွန်တော့်အိမ်ကို ဝင်လာတယ်။ ကျွန်တော်က ညအရမ်းမိုးချုပ်လာပြီ အိမ်ပြန်တော့လို့ သူ့ကိုပြောတော့ သူကလည်း မိုးအရမ်းချုပ်လာပြီလို့ ပြန်ပြောတယ်။ သူကျွန်တော့်ကို ပြောထားတာ ကတော့ "မနက်ဖြန် ကျွန်တော်****ရွာဘက် ဆင်းလာတဲ့အခါကျမှ ကျွန်တော်နဲ့အတူ ကျွဲပြန်သွားရှာ ရအောင်" လို့ပြန်ပြောတယ်။ အဲဒီအချိန်မှာအိမ်ရှေ့မှာ ကားအဖြူတစ်စီးဖြတ်သွားတယ်။ အဲဒီကား အနောက်လိုက်ပြီး အမြန်ပြန်တော့လို့ ကျွန်တော်က ကျွန်တော့်ညီကို ပြောလိုက်တယ်။ အဲဒီအချိန်မှာ ကျွန်တော့်ညီ****က ကျွန်တော့်ကို ပိုက်ဆံ ၅၀၀၀ ထုတ်ပေးပြီး အရင်တုန်းက ချေးထားတဲ့ ပိုက်ဆံဆိုပြီးပြောတယ်။ ဒါပေမယ့် ကျွန်တော်က ဆေးလိပ်ဝယ်ဖို့ ၁၀၀၀ ဘဲယူပြီး ၄၀၀၀ ကို ကျွန်တော့်ညီကို ပြန်ပေးလိုက်တယ်။ အဲဒီအချိန်မှာ ကျွန်တော့်ညီ****က ဆိုင်ကယ်နဲ့ထွက်သွားပြီး ကျွန်တော်လည်း အိမ်ထဲပြန်ဝင်သွားတယ်။

ရှမ်းနီပြည်သူ့စစ်ဂိတ်က ကျွန်တော်အိမ်နဲ့ အိမ်တစ်အိမ်ဘဲ ခြားတယ်။ အဲဒီချိန်မှာ ဆိုင်ကယ်တစ်စီး ဖြတ်သွားသံကြားပြီး "ရပ်" ဆိုတဲ့အသံလည်းကြားလိုက်တယ်။ အဲဒီနေရာတစ်ဝိုက်မှာ ပြည်သူ့စစ် တွေနေတဲ့ နေရာဖြစ်ပါတယ်။ အဲဒီအချိန်မှာ မိုးလည်းချုပ်နေတယ် အိမ်နားက မီးစက်လည်း အသံအရမ်း ကျယ်တဲ့အတွက် သူတို့ဘာတွေပြောကြတာကို သဲသဲကွဲကွဲ မကြားရဘူး။ ကျွန်တော်လည်း အိမ်ကနေ လှမ်းကြည့်တော့ ဘူဒိုဇာကားကြီး ကာထားတဲ့အတွက် သိပ်မမြင်ရပေမယ့် မော်တော်၊ ဆိုင်ကယ်တွေကို ရပ်ထားခိုင်းတာကိုတော့ ကောင်းကောင်းမြင်ရတယ်။ ဒါပေမယ့် ကျွန်တော့်ညီ ပါမပါကိုတော့ သေချာမသိဘူး။ အဲဒီအချိန်မှာ သွားမေးမယ်ဆိုရင်လဲ အပြစ်ပြန်ရှာမှာကြောက်လို့ ကျွန်တော်တို့ ဘယ်သူမှ မသွားခဲ့ဘူး။ ပြီးနောက် အိပ်ဇောသံ အရမ်းကျယ်တဲ့ဆိုင်ကယ်တစ်စီး လာသံကြားရတယ် အဲဒီဆိုင်ကယ်ကိုတော့ မရပ်ခိုင်းဘဲ သွားခိုင်းတာကို သိရတယ်။ အဲဒီအချိန်မှာ မီးဖွင့်ထားတဲ့ ကားတစ်စီးလဲရှိတယ်။ ခဏကြာတော့ ရပ်ထားခိုင်းတဲ့ဆိုင်ကယ် တစ်စီးလည်း မရှိတော့ဘူး။ ဒါကြောင့် ကျွန်တော်လည်း အားလုံးကို သွားခိုင်းလိုက်တယ်ထင်ပြီး ညီလေးအိမ်ကိုလဲ ဖုန်းမဆက်ကြည့်တော့ဘူး။ မနက်ဖုန်းဆက်မယ်လုပ်ကြည့်တော့ ကျွန်တော့်မရီးက မနေ့ညကတည်း က ဦး****အိမ်မရောက်လာဘူးဆိုပြီး ဖုန်းဆက်လာတယ်။ အဲဒီချိန်မှာ ပြည်သူ့စစ် ဂိတ်ကိုသွားကြည့်တော့ ဆိုင်ကယ်လည်းမရှိဘူး ဒါကြောင့်ကျွန်တော်က ဆိုင်းဖရာအုပ်ချုပ်ရေးဆီသွားပြီး အဖြစ်အပျက်တွေသွားပြောပြတော့ အုပ်ချုပ်ရေးမှူးက ရဲစခန်းသွားပြီး လူပျောက်ကြောင်းသွားတိုင် ခိုင်းလို့ ၂၂ ရက်၊ ဇွန်လ၊ ၂၀၁၇ ခုနှစ် ရက်နေ့မှာ ဆိုင်းဖရာရပ်ကွက်မှူးနဲ့အတူ ကားမိုင်းရဲစခန်းကိုသွားပြီး လူပျောက်သွားတိုင်ထားလိုက်တယ်။ ရဲစခန်းကလဲ ဌာနဆိုင်ရာကို စာထည့်ထား ပေးမယ်ဆိုပြီး ပြောလိုက်တယ် အဲဒီနောက် ဘာသတင်းမှ မကြားတော့ဘူး။

၁၀ ရက်လောက် ကြာပြီးနောက် ဦး****ရဲ့သတင်းများရမလားဆိုပြီး သူငယ်ချင်းတွေ ဆီသွားမေး တော့ ရှမ်းနီပြည်သူ့စစ် ဦး****ဆီမှာ သွားမေးဆိုပြီး ပြောလိုက်တယ်။ ဦး****နဲ့တော့ ကျွန်တော်နဲ့ အရင်ကတည်းကခင်တယ်။ ဒါကြောင့် ဦး****ဆီ သွားမေးတော့ ဦး****က မပူနဲ့ မင်းညီကိုရအောင် ရှာပေးမယ် ဆိုပြီးပြောလာတယ်။ ညတစ်ည (ရက်မမှတ်မိ) မှာ ဦး****က ကျွန်တော့်အိမ်ကိုလာခဲ့တယ် ပြီးတော့ "နင့်ညီ တစ်ရက်နှစ်ရက်ဆို ပြန်လာတော့မယ် သတင်းတွေကို မဖြန့်နဲ့ ကျွန်တော် ပြည်သူ့စစ်ခေါင်းဆောင်ဆီ သွားမေးပေးမယ် ဒါပေမယ့် သူဆီသွားရင်တော့ လက်ဆောင်ပေးရမယ် လို့ပြောလို့ ကျွန်တော်ပိုက်ဆံ ၅၀၀၀၀ ကျပ်ပေးလိုက်တယ်။ အဲဒီညမှာဘဲ ဦး****နောက်တခေါက် လာပြီး ကျွန်တော့်ညီ ဦး****ရဲ့ လက်ကိုင်ဖုန်းလာပေးသွားတယ်။ လက်ကိုင်ဖုန်းထဲက SIM card နှစ်ခုကိုတော့ ဘယ်သူတွေဖုန်းဆက်ထားတယ်ဆိုတာ သိအောင်ဆိုပြီး ဦး**** ယူသွားတယ်။ အဲဒီ လက်ကိုင်ဖုန်းမှာတော့ ဦး****ရဲ့ ကျွဲပုံတွေပါတာကို တွေ့တယ်။ လက်ကိုင်ဖုန်းကိုတော့ ပြည်သူ့စစ် ခေါင်းဆောင်ဆီက ယူပေးတယ်လို့ ဦး****က ကျွန်တော့်ကိုပြောတယ်။ ဦး****ကို ပြည်သူ့စစ်ခေါင်းဆောင်ရဲ့ နာမည်မေးတော့ ဗိုလ်မှူး တင်ဇာထွန်းလို့ပြောပြီး၊ ဒုတိယတစ်ခေါက် မေးတော့ ဗိုလ်မှူးအောင်ရဲလင်း၊ တတိယတစ်ခေါက် မေးတော့ ဗိုလ်မှူး

ဟန်ထွန်းဆိုပြီး ပြောတယ်။

လက်ကိုင်ဖုန်းလာပေးပြီး နှစ်ရက်ကြာပြီးနောက် ဦး****က ကျွန်တော့်ဆီ ည ၈ နာရီ ၉ နာရီကြား လာပြီး ဗိုလ်မှူးကိုလက်ဆောင်ပေးရမယ်ဆိုပြီး ပိုက်ဆံ ၃၀၀၀၀ ကျပ်လာယူသွားတယ်။ နောက်တခေါက် ကျွန်တော်ဖျားနေတဲ့အချိန် မနက်ပိုင်းမှာ လာခဲ့ပြီး ပြည်သူ့စစ်ခေါင်းဆောင်ဆီ အတူ သွားရ အောင်ဆိုပြီး ပိုက်ဆံ ၅၀၀၀၀ ကျပ်တောင်းတယ်။ ဒါပေမယ့် ကျွန်တော်က ပိုက်ဆံ ၂၀၀၀၀ ကျပ်ပေး လိုက်တော့ လက်ဆောင်သွားဝယ်မယ် ဆိုပြီးကျွန်တော့်ဆိုင်ကယ်ယူသွားပြီး ပျောက် သွား တယ်။ နောက် ၃ ရက်ကြာမှာ လူတယောက် ( ဘယ်သူမှန်းမသိသူ) က ကျွန်တော့်ကို ဆိုင်ကယ်လာပေး တယ်။

ဒီအဖြစ်အပျက် မဖြစ်ခင်ကတော့ ညအပြင်မထွက်ရဆိုပြီး မာရှယ်လော ထုတ်ထားတာမရှိပေမယ့် ဒီအဖြစ်အပျက်ဖြစ်ပြီးတဲ့နောက်မှာတော့ ညနေ ၆း၃၀ နာရီ ဆိုရင်အပြင်မထွက်ရ ဆိုပြီး ဥက္ကဋ္ဌက အိမ်တိုင်ရာရောက် လာပြောတယ်။ ကျွန်တော့်ညီပျောက်သွားပြီး ၁၀ ရက်အကြာမှာ အုပ်ချုပ်ရေးမှူးနဲ့ ကျွန်တော် ရှမ်းနီပြည်သူ့စစ်ခေါင်းဆောင် ဦး**** သွားမေးတော့ မဖမ်းထားဘူး စုံစမ်းပေးမယ် လို့ပြောတယ် အခုချိန်ထိပျောက်နေဆဲဖြစ်တယ်။

**လူ့အခွင့်အရေးချိုးဖောက်မှု** - **အဓမ္မခိုင်းစေမှု (ပေါ်တာ)**

| | |
|---|---|
| ချိုးဖောက်ခံရသူအမည် | - ဦး**** |
| ကျား/မ | - ကျား |
| အသက် | - (၄၀) နှစ် |
| အမျိုးသားမှတ်ပုံတင်အမှတ် | - ၁/ကမန(နိုင်)**** |
| လူမျိုး | - ကချင် |
| ကိုးကွယ်သည့်ဘာသာ | - ခရစ်ယာန် |
| ပညာအရည်အချင်း | - ၉ တန်း |
| အလုပ်အကိုင် | - ရာအိမ်မှူး |
| မိဘမည် | - ဦး**** နှင့် ဒေါ်**** |
| အိမ်ထောင်ရှိ/မရှိ | - ရှိ |
| ဇနီးအမည် | - ဒေါ်**** |
| သား/သမီး | - ကျား (၂)၊ မ (၁) |
| နေရပ်လိပ်စာ | - ****၊ ကားမိုင်းမြို့၊ ဖားကန့် မြို့နယ်၊ ကချင်ပြည်နယ်။ |
| အခင်းဖြစ်ပွားသည့်နေ့ | - ၁၆ရက်၊ ဩဂုတ်လ၊ ၂၀၁၇ ခုနှစ် |
| အခင်းဖြစ်ပွားသည့်နေရာ | - ကားမိုင်းမြို့၊ ဖားကန့် မြို့နယ်၊ ပြည်နယ်။ |
| ချိုးဖောက်သူ | - မြန်မာအစိုးရ တပ်မတော် (တပ်ခွဲမှူး ဇော်ဝင်းနိုင်) |
| အမှုဖြစ်စဉ်ပြန်လည်ပြောပြသူအမည် | - ချိုးဖောက်ခံရသူ ကိုယ်တိုင် |
| မှတ်တမ်းကောက်သည့်နေ့ | - ၂၇ ရက်၊ ဩဂုတ်လ၊ ၂၀၁၈ ခုနှစ်။ |
| မှတ်တမ်းကောက်သည့်အဖွဲ့အစည်း | - SSDF၊ KWAT |

တံတားနားမှာ KIA (ကချင်လွတ်မြောက်ရေးတပ်မတော်) တွေက မြေမြုပ်မိုင်း (၃) ခု လောက် မြုပ်ထားတယ်။ သူတို့(အစိုးရစစ်တပ်) တံတားနား ရောက်တော့ မြေမြုပ်မိုင်း (၂) ခုက ပေါက်ကွဲသွားတယ်။ သူတို့ဘက်က အနာတရဖြစ်တာတော့ မတွေ့ရဘူး။ ဒါပေမဲ့ အရမ်းစိတ်တိုသွားတယ်ထင်တယ်။ ရွာသားတွေကလည်း အဲဒီနေရာတွေမှာ ဝက်စာရှာလေ့ရှိတဲ့ နေရာဖြစ်တယ်။ KIA တွေကအမြဲတမ်းတော့ မိုင်းတွေ ထောင်ထားလေ့မရှိဘူး။ သတင်း (အစိုးရစစ်တပ်တွေ လာမည့်သတင်း) ရတဲ့အချိန်မှာ မိုင်းထောင်ထားတယ်။ သူတို့ ဖြတ်သွားလို့ ပေါက်ကွဲမှု

မရှိဘူးဆိုရင် ပြန်သွားဖြုတ်ယူတာဖြစ်တယ်။ မိုင်းထောင်ထားတယ် ဆိုပြီးတော့ရွာသားတွေကိုပြောလေ့တော့မရှိဘူး။ (တံတားက ကားမိုင်းကနေ ကထန်ယန်ရွာကို တက်လာတဲ့ အခါတွေ့ရသည့် တံတားအကြီး ဖြစ်တယ်။) မိုင်းထောင်ထားတာက အဲဒီတံထားအကြီးနဲ့ ကိုက် (၁၀၀) ခန့် ဝေးတဲ့နေရာ ဖြစ်တယ်။

ဒါနဲ့ ကျွန်တော် (၇) နာရီလောက်မှာ လယ်တောထဲကပြန်လာတဲ့အချိန် "ခင်ဗျားချက်ချင်းလာခဲ့ ဒီကားလမ်းတလျှောက်လုံးမှာရှိတဲ့ လယ်သမားတွေကို ပြောလိုက် (၁) နာရီဘဲ အချိန်ပေးမယ်။ (၁) နာရီ နောက်ပိုင်းဆိုတာဝန်မယူဘူး။" ဆိုပြီး ပြောခိုင်းတယ်။ ကျွန်တော်ကလည်းရွာထဲကလူကြီးတွေ အားလုံးကိုခေါ်ပြီး ရွာထဲမှာဘဲအားလုံးရှိနေဖို့ (လယ်သမားတွေ၊ ရွာသားတွေ လယ်တောတွင်ရှိမနေဖို့၊ သေနတ်ကိုထင်ရာဆိုင်းပစ်ရင်တော့အန္တရာယ်ရှိတယ်ဆိုပြီး လိုက်ပြောတယ်။ ခဏနေတော့ သူတို့သေနတ်ပစ်တာ လယ်တောဘက်ထိ ရောက်တယ်။ လယ်လုပ်နေတဲ့ လူတွေလည်း အများကြီး ထွက်ပြေးကြတယ်။ သေနတ် ထိတာတော့ မရှိဘူး။ ပစ်တဲ့အချိန်မှာ ၆၀(မမ) နဲ့ (၂) ကြိမ်တောင် ပစ်တယ်။ သူတို့ ပစ်လိုက်တဲ့ ၆၀(မမ)က မပေါက်ကွဲဘဲ သူတို့နဲ့ မနီးမဝေးမှာ လာကျတယ်။

ခဏနေတော့ ကျွန်တော့်ကို ဓါးတစ်လက်ယူခဲ့ဖို့ပြောလို့ အိမ်က ဓားရှည်တစ်ခုကိုင်ပြီး သူတို့ဆီကို သွားခဲ့တယ်။ ရောက်လာတာနဲ့ ကျွန်တော့်ကို အရိုင်းအစိုင်းစကားတွေနဲ့ ဆဲနေတယ်။ သူတို့က မောင်**** ၊ လွယ်ဆိုင်ကျေးရွာလူကြီး(၁)ဦး၊ ကျွန်တော် ၊ ရှမ်းနီစစ်ပိုလ် (၁)ဦး၊ ရှမ်းနီစစ်ပိုလ်ရဲ့ တပ်သား (၂)ဦးကို ခေါ်ထားတယ်။ "ဦး**** ဒီမှာ နည်းနည်း ရှင်းအုန်း" ဆိုပြီး ကျွန်တော့်ကို ပြောတယ်။ မိုင်းဖြုတ်စက်တော့ သူတို့ ဖွင့်ထားတယ်။ "မိုင်းက ဒီနားတဝိုက် ဘဲနေမှာ ဖြည်းဖြည်းရှင်း" ဆိုပြီး မိုင်းရှင်းခိုင်းတယ်။ ကျွန်တော်ကလည်း အဲဒီမိုင်းရှိမယ်လို့ ထင်တဲ့နေရာက ထင်းတွေကို ဖြည်းဖြည်းဖယ်လိုက်တဲ့ အချိန်ကြတော့ မိုင်းအကြီး (၁) ခု ရှိနေတယ်။ "မိုင်းဆို ကျွန်တော် မရှင်းရဲတော့ဘူး။" ဆိုပြီးပြောလည်း ဆက်ရှင်းခိုင်းတယ်။ ကျွန်တော်လည်း သူတို့စကားမလွန်ဆန်နိုင်တော့ အကယ်၍ ကျွန်တော်ရှင်းနေတဲ့အချိန် မိုင်းပေါက်ကွဲလာရင် သက်သာရာရဖို့ ကျွန်တော်ကချိုင့်ဘက်မှာ နေပြီးရှင်းနေတယ်။ မိုင်းဘေးနားမှာရှိတဲ့ ခြုံတွေအကုန်ရှင်းပြီးတဲ့ အချိန်မှာ "အဲဒီမိုင်းဖြုတ်" ဆိုပြီး ပြောတော့ "မိုင်းတော့ မဖြုတ်နိုင်ဘူး မိုင်းဆရာမရှိဘူးလား။" ဆိုပြီး ပြန်ပြောလိုက်တယ်။ နောက်တော့ရွာက ဦး****က မိုင်း ပြန်လာဖြုတ်ပေးတယ်။

****ရွာက ၁၀ အိမ်မှူး (၁) ယောက်က ဗမာ(စစ်သား)တွေ ရောက်လာတယ်ဆိုတာသိတာနဲ့ သူကကြောက်ပြီး လယ်တောမှာ တိမ်းရှောင်နေတာဖြစ်တယ်။ သူတို့(စစ်သား)က အဲဒီ၏လယ်တောမှာ ရှိနေတဲ့ အဖိုး (၁)ယောက်နဲ့၊ အဖွား (၁)ယောက်ကို ဆယ်အိမ်မှူးအကြောင်းကို မေးမြန်းတယ်။ သူတို့ မေးမြန်းတာ အဖြေမရတော့ ကျွန်တော်တို့ကို ပြန်မေးခိုင်းတယ်။ ကျွန်တော်တို့က လူလွတ်ပြီးမှ တောဘက်မှာ သွားပုန်း နေတဲ့ ရွာလူကြီး(****ရွာကဆယ်အိမ်မှူး) ကို ရှာပြီး ရွာလူကြီး ဖြစ်တဲ့အတွက် ကြောက်စရာမလိုကြောင်း ရှင်းပြပြီးသူ့ကိုခေါ် ခဲ့တယ်။ သူ့ကိုစစ်သားတွေနဲ့ခေါ် တွေ့တယ်။ သူတို့(စစ်သား)က ရိုက်နက်တာတို့တော့ မလုပ်ဘူး။ ည ၁၁ နာရီမှာ ကျွန်တော်တို့ မနက်က စထွက်လာတဲ့ တံတားနား ရောက်တယ်။ အဲဒီတံတား ရောက်တော့မှ ကျွန်တော်တို့ အိမ်ပြန်ရတယ်။ နယ်မြေရှင်းလင်းရေးဆိုပြီး သွားတဲ့အချိန်မှာ စစ်သား (၇၀) လောက်ပါတယ်။ ****ရွာက ****ရွာနဲ့ ဆိုရင် (၃) မိုင် လောက်ဝေးတဲ့ရွာဖြစ်တယ်။

အဲဒီနေ့က နယ်မြေရှင်းလင်းရေး လုပ်တယ်ဆိုပြီး ကျွန်တော်တို့ကို တောဘက်ကို ခေါ်သွားတာ ချက်ချင်း လိုက်ခဲ့ရတော့ မနက်စာတောင် မစားခဲ့ရဘူး။ သူတို့ (စစ်တပ်) ခေါ်လို့လိုက်တာ အဲဒီ (၁)ကြိမ်တော့ တစ်ရက် တစ်ညကြာတယ်။ ပုံမှန်တော့ သူတို့လိုက်ခိုင်းတဲ့အချိန်ဆို မနက်ပိုင်းသူတို့နဲ့ လိုက်ရင် ညနေပိုင်း အိမ်ပြန်လာ လေ့ရှိတယ်။

**လူ့အခွင့်အရေးချိုးဖောက်မှု - လက်လွတ်စပယ်ပြစ်ခတ်မှု (သေဆုံး)**

ချိုးဖောက်ခံရသူအမည် - ဦး****
ကျား/မ - ကျား
အသက် - ၅၈ နှစ်

လူမျိုး - ကချင်
ကိုးကွယ်သည့်ဘာသာ - ခရစ်ယာန်
မိဘအမည် - ဦး**** နှင့် ဒေါ်****
အိမ်ထောင်ရှိ/မရှိ - ရှိ
ဇနီးအမည် - ဒေါ်****
သား/သမီး - ၄ ယောက်
နေရပ်လိပ်စာ - ****ကျေးရွာ၊ ဖားကန့်မြို့နယ်၊ ကချင်ပြည်နယ်။
အခင်းဖြစ်ပွားသည့်နေ့ - ၃ ရက်၊ အောက်တိုဘာလ၊ ၂၀၁၇ ခုနှစ်။
အခင်းဖြစ်ပွားသည့်နေရာ - ဇော်ဘုန်းလမ်း-ဘွမ်ဆော်လမ်း၊ မဂန်ကျေးရွာ၊ ဖားကန့်မြို့နယ်။
ချိုးဖောက်သူ - ခ.လ.ရ (၅၆)၊ ရွှေကူတပ်၊ မြန်မာအစိုးရတပ်မတော်

အမှုဖြစ်စဉ်ပြန်လည်ပြောပြသူအမည် - ဒေါ်****
ချိုးဖောက်ခံရသူနှင့် တော်စပ်ပုံ - ဇနီး
ကျား/မ - မ
အသက် - ၄၇ နှစ်
လူမျိုး - ကချင်
မိဘအမည် - ဦး**** နှင့် ဒေါ်****
မှတ်တမ်းကောက်ယူသည့်အဖွဲ့အစည်း - HI

**ဇနီးဖြစ်သူ၏ ပြောပြချက်**

ဘန်ဂေါ်မှ ဇော်ဘုန်သို့ စက်တင်ဘာ ၂၉ ရက်နေ့သွားပြီး အောက်တိုဘာ ၃ ရက်နေ့တွင်ပြန်လာခဲ့တယ်။ မျှစ်ခြောက်သယ်ပြီးအောက်တိုဘာ ၃ ရက်နေ့မနက် ၆ နာရီခွဲတွင်ပြန်လာခဲ့ချိန် ဇော်ဘုန်-ဘွမ်ဆော်လမ်း အဆုံး နေရာအရောက်နံနက် ၈ နာရီခွဲ- ၉ နာရီမတ်တင်းခန့်လောက်တွင် ကျွန်မတို့ကို စကားလည်း မပြောဘူး၊ လူအရိပ် အယောင်လည်းမပြဘဲတစ်ခါတည်း ရွှေကူတပ် ခလရ (၅၆) ဗမာစစ်သားတွေ သေနတ်နှင့်ပစ်တယ်။ မဝန်ကျေးရွာ နှင့် မကျန်ကျေးရွာကြားမှာ ကျွန်မတို့ပစ်ခံရတယ်။ ကျွန်မကိုမထိဘူး။ ကျွန်မယောကျ်ားက ဆုံးသွားတယ်။ ကျွန်မထလာတော့ထိုင်ခိုင်းပြီး ခဏအကြာတွင် ပြန်ထခိုင်းတယ်။ ကျွန်မကိုအထက်ဘက်သို့ ခေါ်သွားပြီး ကျွန်မ ယောကျ်ားအလောင်းကို ကျွန်မကိုမမြင်စေဘဲ သူတို့ မြုပ်ခဲ့တယ်။ မြေကြီးလည်း ကောင်းကောင်းမဖို့ဘူး။ ချုံနဲ့ပဲ အုပ်ထားတယ်။ ကျွန်မကိုစစ်ဆေးမေးမြန်းပြီး မှတ်တမ်းရေးသားခြင်းလုပ်ထားတယ်။ ကျွန်မကိုထပ်ခါတလဲလဲမေးတယ်။ အရာရှိကြီးများရှိသော နေရာကို ပြန်ခေါ်သွားတယ်။ ထိုနေရာတွင်စစ်သားပေါင်းအယောက် (၁၀၀) ကျော် လောက်ရှိတယ်။ အဲ့နေရာ ကျွန်မကို မေးခွန်းနှစ်ခါလောက် ထပ်မေးပြီး အိမ်ပြန်လမ်းသိလားဆိုပြီးမေးရာ ကျွန်မကသိပ်မသိကြောင်းဖြေတော့ ကျွန်မကိုသိပ်ပြီး မလွှတ်ချင်ဘူး။ အဲ့တော့ကျွန်မလည်း အိမ်ပြန်လမ်းသိပါတယ်လို့ပြန် လွှတ်ပေးကြပါဆိုပြီး တောင်းပန်ပြီး ညနေပိုင်း ၆ နာရီလောက်မှ ကျွန်မပြန်မည့်လမ်းနားရောက်ရင်ပြောပါဆိုပြီး ပို့ပေးခဲ့တယ်။ ပိုက်ဆံ (၂၀၀၀၀) လည်းပေးခဲ့တယ်။ ဇော်ဘုန်နားထိရောက်အောင်သွားခဲ့ပြီးမှ ကျွန်မပြန်မယ့်လမ်းနား ရောက်ခဲ့တယ်။ ယောင်းမဆီပြန်သွားပြီး ရုပ်အလောင်းကိုကောင်းစွာသင်္ဂြိုလ်နိုင်ဖို့ အတွက် ဗမာစစ်တပ်ကို အကူအညီ သွားတောင်းကြတယ်။ သူတို့ကမရဘူးသေပြီဆိုရင် ဒီအတိုင်းထားလိုက်တော့ မသွားနဲ့ဆိုပြီးပြောတယ်။ ဒီနေ့ထိကျွနမယောကျ်ားရုပ်အလောင်းကို သွားကြည့်ခွင့်မရှိခဲ့ပါဘူး။ ၂၀၁၁ ခုနှစ် ဒီဇင်ဘာလ မှာစစ်ရှောင် ခဲ့ကြပါတယ်။

**လူ့အခွင့်အရေးချိုးဖောက်မှု - မတရားညှင်းပမ်းနှိပ်စက်မှု**

ချိုးဖောက်ခံရသူအမည် - မောင်****

အသက် - ၂၇ နှစ်
လူမျိုး - ကချင်
ကိုးကွယ်သည့်ဘာသာ - ခရစ်ယာန်
အလုပ်အကိုင် - ဘုရားကျောင်းစောင့်
အခင်းဖြစ်ပွားသည့်နေ့ - ၁၈ ရက်၊ အောက်တိုဘာလ၊ ၂၀၁၇ ခုနှစ်
အခင်းဖြစ်ပွားသည့်နေရာ - **** ရပ်ကွက်၊ လုံးခင်းမြို့နယ်၊ ကချင်ပြည်နယ်။
ချိုးဖောက်သူ - ဖားကန့်အခြေစိုက်၊ မြန်မာအစိုးရတပ်မတော်
မှတ်တမ်းကောက်ယူသည့်အဖွဲ့အစည်း - HI

## အမှုဖြစ်စဉ်

ကျွန်တော်နေတာကတော့မြစ်ကြီးနားမှာပါ၊ ကြီးတာကတော့ ဒီကုဋ္ဌေရပ်ကွက်မှာပဲနေပြီးကြီးတာပေါ့။ (၉) နာရီခွဲ (၁၀) နာရီလောက်မှာဖြစ်မယ်ထင်တယ် ရက်ကတော့ (၁၈) ရက်ညဟုတ်တယ်၊ အဲ့ဒီည ၇ နာရီလောက်မှာ လိုင်းမီးပျက်သွားတယ်၊ မီးပျက်သွားတော့ဘုရားကျောင်းဝင်းမှာလည်း ထမင်းဟင်းချက် နေကြတာတွေ ရှိတဲ့အတွက် ကျွန်တော်မီးစက်သွားနှိုးတယ်။ သွားပြီးတော့မှအိမ်မှာသွားနားနေလိုက်တယ်။ ပြီးတော့ (၉) နာရီလောက်ထိုးတော့ ဘုရားကျောင်းဝင်းတံခါး သွားပိတ်တယ်။ သွားပိတ်ပြီးတော့ ဘုရားကျောင်း ပတ်ပတ်လည် လိုက်ကြည့်လိုက်တယ်။ ပြီးတော့မှလိုင်းမီးလာပြီမို့ မီးစက်ရှိတဲ့ဘက်သွားပြီး စက်သွားပိတ်လိုက်တယ်၊ စက်သွားပိတ်ပြီးတော့ ပြန်လာခဲ့တဲ့ချိန်မှာ ရန်ဖြစ်တဲ့အသံလိုလိုကြားရတယ် တံခါးရိုက်သံလိုမျိုးလည်း ကြားရတယ်။ အသံကြားတော့ရန်ဖြစ်နေကြတယ်ထင်တယ် ငါသွားပြောရင် ကောင်းမလားဆိုပြီးတောင် တွေးလိုက်တယ်။ ဒီလိုနဲ့ လျှောက်လာခဲ့တဲ့အချိန်မှာပဲ ကျွန်တော်နေတဲ့အိမ်နားမှာ သာသနာ့ကားကြီးတစ်စီး ရပ်ထားတာတွေ့တယ်။

ကားနားမှာရပ်နေတော့ ဘုရားကျောင်းဘက်မှာ လာနေတဲ့လူတွေကိုတွေ့လို့ ကျွန်တော်က ဓာတ်မီးထိုးလို့ထိုး လိုက်တဲ့ချိန်မှာ ကျွန်တော့်ကိုဆဲဆိုလာတယ်။ အဲတာနဲ့ ဘုရားကျောင်းဝင်းမှာရောက်နေတဲ့ အရပ်ဝတ်နဲ့နှစ်ယောက်က ကျွန်တော့်ကို ထိုင်ခိုင်းတယ် "ဟေ့ထိုင်နေ" ဆိုပြီးတော့အော်ပြောလိုက်တော့ ကျွန်တော်လည်း ကြောင်တောင်တောင်နဲ့ ဘာကြောင့် ငါ့ကိုထိုင်ခိုင်းတာလည်း ငါဘာလုပ်မိလိုက်လို့လဲဆိုပြီးတော့ တွေးနေတဲ့ချိန်မှာပဲ ဘုရားကျောင်း အပြင်ဘက်မှာရပ်နေတဲ့ လူတစ်ယောက်အရပ်ဝတ်နဲ့သေနတ်လွယ်ထားတဲ့စစ်သားတစ်ယောက်က "ဟေ့ကောင် မင်းဘာဖြစ်ချင်တာလဲ ဘာကောင်လဲ" ဆိုပြီးတော့ပြေးဝင်လာတယ်၊ ဒါနဲ့ကျွန်တော်လည်း လန့်သွားတာနဲ့ ငါလည်း အဖမ်းခံလိုက်မယ်ဆိုပြီးတော့ တွေးနေတဲ့ချိန်မှာပဲပြေးလာတဲ့ သေနတ်လွယ်ထားတဲ့ လူကသေနတ်ကို အနောက်ဘက်ကနေအရှေ့ဘက်ကိုဆွဲယူလာပြီး ကျွန်တော်ဘက်ကိုရွယ်လာတဲ့အတွက် ကျွန်တော်လည်း အသက်လွတ်ရေးသာတွေးပြီးတော့ တစ်ခါတည်းထွက်ပြေးသွားလိုက်တယ်။ ထွက်ပြေးသွားနေတဲ့ချိန်မှာပဲ သေနတ်သံက "ဖောင်း" ဆိုပြီးတော့ ကျွန်တော်ကိုပစ်လိုက်တယ်။ ဒါပေမဲ့ကျွန်တော့်ကိုတော့မထိဘူး။ နည်းနည်းတော့ ဝေးတယ် ပေ (၃၀) လောက်တော့ ဝေးတယ်။ နောက်ကျွန်တော်ပုန်းနေတဲ့ချိန်မှာ "ငါမိသားစု စိတ်ဓာတ်ရှိလို့နော် မဟုတ်ရင်တော့ နားထင်ကို တည့်တည့်ပစ်တယ်" ဆိုပြီးပြောတာလည်း ကြားတယ်။ အားလုံးကအရပ်ဝတ်နဲ့ပဲဟုတ်တယ်။ အဲ့တာနဲ့ဘာမှအပြစ်မရှိတဲ့ ဘုရားကျောင်းက လူငယ်တစ်ယောက်ကိုဖမ်းပြီး ရိုက်တာနဲ့ကန်တာနဲ့ လုပ်လိုက်ကြတယ်။

ခံစားချက်ကတော့ အရမ်းခံစားတယ်။ မပြောနိုင်လောက်အောင်ပဲဘာကြောင့်လည်း ဆိုရင်ငါဘာ အမှားများလုပ်မိတာလဲဆိုပြီး တွေးတာပေါ့။ ပြီးတော့သူတို့က အလုပ်ကိစ္စများနဲ့လာတယ်ဆိုရင်လည်း ဘုရားကျောင်းဝင်းကိုဝင်မလာသင့်ဘူး။ ဝင်မယ်ဆိုရင်တောင်ခွင့်တောင်းအကြောင်းကြားပြီးမှပဲ ဝင်သင့်တယ်လို့မြင်တယ်။ အခုဟာက ဘုရားကျောင်းထဲမလေးမစားပြုလုပ်တာနဲ့အတူတူပဲ။ ဘုရားကျောင်းကိုလည်း စော်ကားဒါနဲ့အတူတူပဲ လို့မြင်တယ်။

လူ့အခွင့်အရေးချိုးဖောက်ခံရမှု - မတရားဖမ်းဆီးမှုနှင့် ညှင်းပမ်းနှိပ်စက်မှု

ချိုးဖောက်ခံရသူအမည် - ဦး****
ကျား/မ - ကျား
အသက် - (၃၀) နှစ်
အမျိုးသားမှတ်ပုံတင်နံပါတ် - ၁/မမန (နိုင်) ****
လူမျိုး - ကချင်
ကိုးကွယ်သည့် ဘာသာ - ခရစ်ယာန်
ပညာအရည်အချင်း - (၁၀) တန်း
မိဘအမည် - ဦး**** နှင့် ဒေါ်****
အိမ်ထောင်ရှိ/မရှိ - မရှိ
နေရပ်လိပ်စာ - ****၊ ဖားကန့်မြို့နယ်၊ ကချင်ပြည်နယ်။
အခင်းဖြစ်ပွားသည့်နေ့ - ၁၈ ရက်၊ အောက်တိုဘာလ၊ ၂၀၁၇ ခုနှစ်
ချိုးဖောက်သူ - တပ်မ (၁၀၁)

အမှုဖြစ်စဉ်ပြန်လည်ပြောပြသူအမည် - ချိုးဖောက်ခံရသူကိုယ်တိုင်
မှတ်တမ်းကောက်သည့်နေ့ - ၂၇ ရက်၊ အောက်တိုဘာလ၊ ၂၀၁၇ခုနှစ်။
မှတ်တမ်းကောက်သည့်အဖွဲ့အစည်း - KWAT

**အမှုဖြစ်စဉ်**

၁၈ ရက်၊ အောက်တိုဘာလ၊ ၂၀၁၇ ရက်နေ့မနက်ပိုင်းတွင် သဲသွားတိုက်ပြီး ညနေပိုင်းအချိန်တွင် အမျိုးသမီးများ ထမင်း၊ ဟင်းချက်တဲ့နေရာမှာ ကူလုပ်ပေးနေစဉ်၊ ကျွန်တော်နှင့် ဒေါ်****က ဂျုံပြုတ်နေစဉ် သေနတ်သံကြားပြီး အနောက်ဘက်ကိုလှည့်ကြည့်လိုက်စဉ်အတွင်းမှာ အစိုးရစစ်သားများ ကျွန်တော့်အနားမှာ ရောက်နေကြပြီ။ စစ်သားတွေရောက်တာနှင့် ကျွန်တော့်ကို "ဒီကောင်ပဲ ခုနထွက်ပြေးသွားတာ" ဟုဆိုပြီး ချက်ချင်း ကျွန်တော့်ကိုထိုးတယ်။ ကျွန်တော်စကားတောင် မပြောနိုင်ဖြစ်သွားတယ်။ စစ်သားများ တစ်ယောက်ပြီးတစ်ယောက် လာပြီးခြိမ်းခြောက်တယ်။

စစ်သားများရိုက်နှက်ချိန် ကျွန်တော်မှတ်မိတာကတော့ ကျောရိုးမှာနှစ်ခေါက်၊ ညာဘက်ပုခုံးမှာလည်း သေနတ်ဒင်နှင့်ထုတယ်၊ ခြေထောက်နှင့်လည်းစောင့်ကန်ပေးတယ်။ မှောက်နေချိန်အတွင်းမှာလည်း ခေါင်းမှာ ခြေထောက်နှင့်စောင့်ကန်ပေးတယ်။ အဲဒီအချိန်ကျွန်တော် မေ့တော့မမေ့သေးဘူး။ နောက်မှ စစ်သားများ ကျွန်တော့်ကို ရိုက်နှက်စောင့်ကန်တာများသွားပြီး မေ့မြောသွားခဲ့တယ်။ ရိုက်နှက်တဲ့ချိန်တွင် "ဒီကောင်ပဲ ခုနကထွက်ပြေးသွားတာ" ဆိုပြီးပြောတယ်၊ တခြားဘာပြောတာတော့ မသိတော့ဘူး။ ကျွန်တော့်ကိုမီးဖိုချောင်မှာ မိနစ် (၂၀) လောက်ရိုက်နှက်ပြီးနောက် ကျွန်တော်တို့ (၄)ယောက်ကို ဦး**** အိမ်ကိုခေါ်သွားခဲ့တယ်။

ကျွန်တော့်ကိုတော့ ဦး****အိမ်အထဲကိုခေါ်သွားခဲ့တယ်။ ကျန်တဲ့(၃) ယောက်ကိုတော့ စစ်သား ၃၊ ၄ ယောက်လောက်စောင့်ပြီး ကားလမ်းမပေါ်မှာ ရပ်ခိုင်းထားတယ်။ ဦး**** အိမ်ရောက်ချိန်တွင် ကျွန်တော့်ကို စစ်သားတစ်ယောက်က "နင်ဘာလို့ ထွက်ပြေးတာလဲ" ဆိုပြီး မေးတယ်။ ကျွန်တော်လည်း "ကျွန်တော် မဟုတ်ဘူး" ဆိုပြီးပြန်ဖြေတယ်။ အဲနောက် ကျွန်တော့်ကို ဘာမှမပြောတော့ဘူး။ ရိုက်နှက်တာတွေလည်း မလုပ်တော့ပါ။ ဒါပေမယ့် စစ်သားတစ်ယောက်က ကျွန်တော့အနားမှာ အမြဲတမ်းစောင့်တယ်။

အဲချိန်တွင် ကျွန်တော့်မျက်နှာတစ်ခုလုံးမှာ သွေးတွေနှင့်ပဲ။ ဦး**** ကိုမူ ဘိန်းမိတဲ့အကြောင်းကိုဘဲပြောနေတယ်။ ဦး**** ကိုမူ အဲချိန်တွင်ရိုက်နက်တာမျိုးမရှိဘူး။ ဦး**** အိမ်တွင် တစ်နာရီကျော်ခန့် နေပြီး ရပ်ကွက်လူကြီး ဦး**** နှင့်ရဲများ ရောက်လာခဲ့တယ်။

ထိုချိန်တွင် စစ်သားတစ်ဦးမှ ရပ်ကွက်လူကြီး ဦး****ကို "ဒီတစ်ယောက်ဘယ်လိုလဲ နင်တို့လူက လူကောင်းကောဟုတ်ရဲ့လား ဟိုကအဘွားကြီးတွေ ငါတို့ကိုပြောလိုက်တာနှင့် ခုရပ်ကွက်လူကြီး သိထားတာနှင့် ကိုက်ညီမှုရှိရဲ့လား" ဆိုပြီးပြောတယ်။ ရပ်ကွက်လူကြီး ဦး****က "ဟုတ်တယ် သူကဘာအပြစ်မှမရှိဘူး၊ ထမင်းဟင်း လာချက်ပေးတဲ့တစ်ယောက်ပါ" ဆိုပြီးပြန်ပြောလိုက်တယ်။ ထိုချိန်စစ်သားက "နင်တို့ကို ဘာမှမပြောတော့ဘူး နင်တို့ပြန်ကြတော့၊ ငါတို့အလုပ်ငါတို့ပြန်လုပ်တော့မယ်" ဆိုပြီးပြောလိုက်တယ်။ ကျွန်တော့်ကိုတော့ ဗိုလ်ကြီးတစ်ယောက်က "မင်းကဒီညကတော့ကံဆိုးသွားတယ်၊ ဒါပေမဲ့အားမငယ်နဲ့နော်" ဆိုပြီးပြောလိုက်တယ်။ ကျွန်တော်နှင့်စကားပြောသောသူက ဗိုလ်ကြီးဖြစ် ကြောင်းကို ရပ်ကွက်လူကြီး ဦး****က ပြန်ပြောပြခဲ့တယ်။ ပြီးတော့ဗိုလ်ကြီးကိုယ်တိုင်က တပ်မ (၁၀၁)က ဖြစ်ကြောင်း ကျွန်တော့်ကို ပြန်ပြောပြလိုက်တယ်။ အပြင်မှာရှိတဲ့ကျန် (၃) ယောက် ကိုမူ ထိုင်ထနှင့်ဒိုက်ထိုး လုပ်ခိုင်းပြီး ခေါ်ထားကြတယ်။) ဘုရားကျောင်းဝင်းကိုတော့ ၁၁ နာရီ လောက်မှ ပြန်ရောက်လာခဲ့တယ်။

အဲဒီည ဦး**** အိမ်အတွင်းတွင် စစ်သား (၁၀) ယောက်ခန့်နှင့် အရပ်ဝတ်ဖြင့် စစ်သားများလည်း ပါတယ်။ ဦး****အိမ်နှင့် ဘုရားကျောင်းဝင်းက ခြံစည်းရိုးဘဲခြားတယ်။ ဗမာစကားပဲပြောကြတယ်။

**လူ့အခွင့်အရေးချိုးဖောက်မှု** **- မတရားဖမ်းခြောက်ပြီးဝင်ရောက်စစ်ဆေးမှု**

| | |
|---|---|
| ချိုးဖောက်ခံရသူအမည် | - မ**** |
| အသက် | - ၃၇ နှစ် |
| လူမျိုး | - ကချင် |
| ကိုးကွယ်သည့်ဘာသာ | - ခရစ်ယာန် |
| အလုပ်အကိုင် | - **** |
| ဖခင် | - ဦး**** |
| အိမ်ထောင်ရှိ/မရှိ | - ရှိ |
| နေရပ်လိပ်စာ | - ****ရပ်ကွက်၊ ဖားကန့်မြို့နယ်၊ ကချင်ပြည်နယ်။ |
| အခင်းဖြစ်ပွားသည့်နေရာ | - ****၊ လုံးခင်းမြို့၊ ဖားကန့်မြို့နယ်၊ ကချင်ပြည်နယ်။ |
| အခင်းဖြစ်ပွားသည့်နေ့ | - ၂၈ ရက်၊ အောက်တိုဘာလ၊ ၂၀၁၇ ခုနှစ် |
| ချိုးဖောက်သူ | - မြန်မာအစိုးရတပ်မတော် |
| အမှုဖြစ်စဉ်ပြန်လည်ပြောပြသူ | - ချိုးဖောက်ခံရသူကိုယ်တိုင် |
| မှတ်တမ်းကောက်ယူသည့်နေ့ | - ၂၉ ရက်၊ အောက်တိုဘာလ၊ ၂၀၁၇ ခုနှစ် |
| မှတ်တမ်းကောက်ယူသည့်အဖွဲ့ | - HI ၊ KWAT |

**အမှုဖြစ်စဉ်**

ကျွန်မမြစ်ကြီးနားက အလုပ်ကိစ္စနဲ့ ပြန်လာတော့ (၃) နာရီလောက်ရှိပြီ။ ကျွန်မလည်း ပင်ပန်းတာနဲ့ လဲနေလိုက်တယ်။ ပြီးတော့မှ ထမင်းချက်စားမယ်ဆိုပြီးတော့ ဟင်းတွေတောင်ချက်ပြီးလို့နေနေတယ်။

ခြေလက်တောင်မဆေးသေးဘူး၊ ည (၇) နာရီလောက်ပဲရှိသေးတဲ့အချိန်မှာပဲ မြစ်ကြီးနားကဆရာ**** နဲ့ဖုန်းပြောနေတဲ့ချိန်မှာ စစ်တပ်တပ်သား ၁၀ ကျော်လောက်ရှိတယ်ဝင်လာပြီးတော့ ပြောတယ်။ "အိမ်ရှင်ဘယ်သူလဲ" ဆိုပြီးတော့ အော်ပြောတော့ ကျွန်မလည်းဘာကိစ္စရှိလို့လဲ၊ ကျွန်မက အိမ်ရှင်ပဲလို့ ပြောလိုက်တော့ "အိမ်ရှင်ဆရာမဆိုတာ မင်းလား" ဆိုပြီးတော့ပြောတော့ ကျွန်မလည်းဟုတ်တယ် ကျွန်မ ဒီဘုရားကျောင်းက အသင်းတော်ဆရာမ ဟုတ်တယ်ဆိုပြီးတော့ပြောလိုက်တယ်။ အဲ့ချိန်မှာပဲ "ဟိုအိမ်ကလူတွေကိုမေးတော့၊ သွပ်မိုးနဲ့ကာထားတဲ့အိမ်က ဘယ်သူ့အိမ်လဲမေးတော့၊ ဆရာမအိမ်ဟုတ်တယ် လို့ပြောတယ်။ ခေါ်ပေးဆိုတော့ မခေါ်ရဲဘူးလို့ပြောတယ်" ဆိုပြီးတော့ ကျွန်မကိုစစ်သားတစ်ယောက်ပြောတယ် ဒါကြောင့်ကျွန်မက မဟုတ်ပါဘူး၊ မလိုပါဘူး၊ အကြောင်း ရှိလို့လာမယ်ဆိုရင်လည်း အကြောင်းကြားပြီးမှ ဝင်လာလို့ရတာပဲ၊ ဒါကဘုရားကျောင်းဝင်းဟုတ်တယ်။ ဒီလို ဘုရားကျောင်းကို ရုတ်တရက်ဝင်လာတာကတော့ မကောင်းဘူး၊ အရေးကြီးကိစ္စရှိရင်ဖုန်းဆက်လို့လည်းရတယ်၊ နောက်တစ်ခါဒီလိုမဖြစ်စေနဲ့။ ကျွန်မသည်မှာအမှုတော်ဆောင်နေတာ (၁၀) နှစ်ကျော်ရှိပြီး ဒီလိုတစ်ခါမှမဖြစ်ဖူးဘူး။ ဒီဝင်းကသာသနာ့ဝင်းအိမ် ဒီလိုလုပ်တာတော့ မကောင်းဘူး လို့ကောင်းကောင်းပြောလိုက်တယ်။

အဲ့ချိန်မှာမှ ဟုတ်ကဲ့ဆရာမ တောင်းပန်ပါတယ်ဆိုပြီးတော့ ပြန်ပြောတယ်။ ကျွန်မနဲ့အဲ့ဒီ စစ်သား စကားပြောနေတဲ့ချိန်မှာပဲ၊ အိမ်ပေါ် ကိုစစ်ဖိနတ်နဲ့ပဲ တက်သွားပြီးတော့ အိမ်ခန်းတံခါးတွေကိုလိုက်ဖွင့်တယ်၊ ပြီးတော့ ကျွန်မအဖေအခန်းကို တံခါးပိတ်ထားတာကိုကြည့်ပြီး ဒါဘယ်သူ့အခန်းလဲဆိုပြီးတော့ ကျမသမီးကိုမေးတော့၊ သမီးက အဖိုးအခန်းဟုတ်တယ် ဆိုပြီးပြောတော့ "ဖွင့်စမ်း" ဆိုပြီးတော့ ပြောတယ်။ အဲလိုနဲ့သမီးက ဖွင့်ဖို့လုပ်နေတဲ့ချိန်မှာပဲ ကျွန်မနဲ့စကားပြောတဲ့စစ်သားက "ဟေ့ကောင်တွေရပြီ ရပြီ " ဆိုပြီးတော့ပြောတော့ အားလုံးပြန်ဆင်းလာပြီးတော့ ပြန်သွားကြတယ်ဟုတ်တယ်။ ဘာကိုရှာပြီး ဘာကြောင့်ရှာနေတယ် ဆိုပြီးတော့လည်း မပြောဘူး အကြောင်းရင်းကိုလည်း မပြောပဲနဲ့ ဒီလိုလုပ်တာကိုတော့ ပြောမပြနိုင်အောင်အံ့သြမိတယ်။ အဲ့ဒီညမှာ အရမ်းကိုလည်းကြောက်သွားတယ် အိပ်လို့တောင်မရဘူး။ သည်လိုတစ်ခါမှမဖြစ်ဖူးဘူးဆိုတော့လေ။ အရမ်းလည်းဝမ်းနည်းမိတယ် ဘာကြောင့်လည်း ဆိုရင်တော့ ကျွန်မဘုရားကျောင်းက ဓမ္မဆရာမကိုတောင် ဒီလိုလုပ်ခြင်းခံရတော့ ပြည်သူတွေ ဘယ်လိုနေမလဲ ပြည်သူကို ကာကွယ်မယ်ဆိုတဲ့ စစ်တပ်ကအခုလိုလုပ်တော့အရမ်းကိုဝမ်းနည်းတယ်။ ကျေလည်းမကျေနပ်ဘူး။ စကားေ ကာင်းကောင်းမပြောဘူးဆိုရင်တော့ လက်တောင်ပါမှာပဲလို့ထင်တယ်။ သူတို့ကိုတော့လူရိုင်းလို့ တောင်ထင်ရတယ်။ အားကိုးဖို့တော့ဝေးနေပြီး၊ ဒီကိစ္စနဲ့ပတ်သက်ပြီးတော့လည်း ရပ်ကွက်ရုံးကိုသွားပြောတော့ သူတို့ကလက်နက်ကိုင်၊ ငါတို့ကဘာမှမလုပ်ပေးနိုင်ဘူးဆိုတာပဲ ကြားလိုက်ရတယ်။

အခုအသင်းတော်ကနေပြောတယ်၊ ကျွန်မအိမ်ဆိုရင်လည်း အသင်းတော်အိမ်ဖြစ်တယ်၊ ကျွန်မလည်း အသင်းတော်နဲ့ ဆိုင်တယ်။ ဒါကြောင့်ဒီကိစ္စကတော့ အသင်းတော်နဲ့ဆိုင်တယ်ဆိုပြီးတော့ပြောတယ်။ ဒါကြောင့်အခုကိစ္စ နဲ့ပတ်သက်ပြီးတော့ သက်ဆိုင်ရာအစိုးရဌာနအဆင့်ဆင့်ကိုတင်ပြသွားမယ်လို့ ပြောထား တာတွေရှိတယ်။

**လူ့အခွင့်အရေးချိုးဖောက်ခံရမှု - မတရားသတ်ဖြတ်ခံရမှု**

| | |
|---|---|
| ချိုးဖောက်ခံရသူအမည် | - ဦး**** |
| ကျား/မ | - ကျား |
| အသက် | - ၄၂ နှစ် |
| အမျိုးသားမှတ်ပုံတင်အမှတ် | - ၁/ကမန(နိုင်)****** |
| ပညာအရည်အချင်း | - ၄ တန်း |
| အလုပ်အကိုင် | - တောင်ယာ၊ လယ်ယာလုပ်ငန်း |
| မိဘအမည် | - ဦး**** နှင့် ဒေါ်**** |
| အိမ်ထောင်ရှိ/ မရှိ | - ရှိ |
| ဇနီးအမည် | - ဒေါ်**** |

| | |
|---|---|
| သား / သမီး | - ၄ ယောက် |
| နေရပ်လိပ်စာ | - ****ကျေးရွာ၊ ကားမိုင်း၊ ဖားကန့်မြို့နယ်၊ ကချင်ပြည်နယ်။ |
| အခင်းဖြစ်ပွားသည့်နေ့ | - ၂ ရက်၊ ဇန္နဝါရီ၊ ၂၀၁၈ ခုနှစ်။ |
| အခင်းဖြစ်ပွားသည့်နေရာ | - ****ကျေးရွာ၊ ကားမိုင်း၊ ဖားကန့်မြို့နယ်၊ ကချင်ပြည်နယ်။ |
| ချိုးဖောက်သူ | - တပ်မ (၁၀၁) လက်အောက်ခံအမှတ် (၂၅၅) ခ.လ.ရ နှင့် ရှမ်းဌာနေပြည်သူ့စစ်ပူးပေါင်း၊ ဒုဗိုလ်ကြီးအောင်အောင်နှင့်အဖွဲ့။ |

| | |
|---|---|
| အမှုဖြစ်စဉ်ပြန်လည်ပြောပြသူအမည် | - ဒေါ်**** |
| ချိုးဖောက်ခံရသူနှင့်တော်စပ်ပုံ | - **** |
| အသက် | - ၃၀ နှစ် |
| အမျိုးသားမှတ်ပုံတင်အမှတ် | - ၁/ကမန(နိုင်)**** |
| ပညာအရည်အချင်း | - ၄ တန်း |
| အလုပ်အကိုင် | - တောင်သူ |
| မိဘအမည် | - ဦး**** နှင့် ဒေါ်**** |
| အိမ်ထောင်ရှိ/ မရှိ | - ရှိ |
| အမျိုးသားအမည် | - ဦး**** |
| မှတ်တမ်းကောက်သည့်နေ့ | - ၂၄ ရက်၊ ဇန္နဝါရီလ၊ ၂၀၁၈ ခုနှစ် |
| မှတ်တမ်းကောက်သည့်အဖွဲ့အစည်း | - KWAT |

## အမှုဖြစ်စဉ်

၂ ရက်၊ ဇန္နဝါရီလ၊ ၂၀၁၈ ခုနှစ် နံနက် ၆:၃၀ နာရီ အချိန်မှာ ဦး**** သည် မိမိနေအိမ်မှ အိမ်သာတက်ရန် အိမ်နောက်ဖက်သွားနေစဉ် တပ်မ (၁၀၁) လက်အောက်ခံ ခ.လ.ရ (၂၅၅) ဒုဗိုလ်မှူးအောင်အောင် ဦးဆောင်သောစစ်ကြောင်းနှင့် ရှမ်းနီဌာနေ ပြည်သူ့စစ်အဖွဲ့တို့ ပူးပေါင်းသော စစ်ကြောင်းမှ ကင်းပုန်းဝပ်နေသော တာဝန်ကျစစ်သားများက ပစ်သတ်ခဲ့ခြင်း ဖြစ်ပါသည်။ ဦး****သေဆုံးချိန် လက်နိပ်ဓာတ်မီးနှင့် စက္ကူကိုင်ဆောင်ထားပါသည်။ မနက် နှင်းထူထပ်ပြီး ပတ်ဝန်းကျင်မှောင်နေတဲ့ အချိန်ဖြစ်သောကြောင့် ဓာတ်မီးကိုင်ထားတာဟုတ် တယ်။

ကျေးရွာလုံခြုံရေးတာဝန်ယူထားသည့် စစ်ကြောင်းသည် ကျေးရွာလူကြီးများနှင့် ရွာသူ၊ ရွာသားများအနေဖြင့် ကျေးရွာအတွင်း ဘယ်အချိန်ရောက်ရှိလာသည်ကို လုံးဝမသိရပါ။ နဂိုရှိနေသည့် ရှမ်းနီဌာနေပြည်သူ့စစ် ရှိသည်ကိုသာ နားလည်ထားတယ်။ အဲဒီစစ်ကြောင်းတွေက ရွာသားဦး****ကို သေနတ်ဖြင့်ပစ်သတ်အပြီး ရန်သူလာပြီဆိုပြီး ပြောကာရွာထဲသို့ လက်နက် ကြီးငယ်များဖြင့် (၁၅) မိနစ်ခန့်ကြာ ပစ်ခတ်ခဲ့ပါတယ်။ ကျေးရွာသူကြီးများပြောတာကတော့ ရန်သူလက်နက်သံမကြားရဘူး။ မြန်မာစစ်တပ် စစ်ကြောင်းဘက်မှ ရမ်းသမ်း ပစ်ခတ်ခြင်းဖြစ် တယ်လို့ပြောပါတယ်။

သေနတ်ကျည်ဆံထိမှန်တဲ့အခါမှာ ဦး****သည်ကချင်လို ကျည်ဆံထိမှန်ပြီဟု အော်ပြီး မိမိအိမ်သို့ပြန်လာစဉ် ဦး****အိမ်လှေကားရင်းမှာ မှောက်ခုံလျက်သား သေဆုံး နေပါတယ်။


တအောင့်ကြာပြီးနောက် ရွာသူကြီးများနှင့်မသိတဲ့ ****မြို့မှ ရဲတပ်ဖွဲ့များရောက်လာပြီး အလောင်းကို စစ်ဆေးရန် ****ဆေးရုံ သို့ပို့ခဲ့ပါသည်။ ထိုစဉ် ဦး****အိမ်သို့ သက်ဆိုင် ရာ စစ်ကြောင်းဦးစီးဦးဆောင်သူ ဒုဗိုလ်မှူးအောင်အောင်နှင့် ကျေးရွာအုပ်ချုပ်ရေးမှူး ရောက် လာပြီး သေဆုံးသူ ဦး****၏ဇနီး ဒေါ်****နှင့် သားသမီးများကို ငွေကျပ်ငါးသိန်း (၅၀၀၀၀၀) အလောင်းသင်္ဂြိုလ် ရန်ပေးထားခဲ့သည်။ ဗိုလ်မှူးအောင်အောင်က

"နှစ်ဖက်ပစ်ခတ်ကြရာ မမျှော်လင့်ဘဲအရပ်သား ထိမှန်ခဲ့ခြင်းဖြစ်ကြောင်း" (ကျူးလွန်ခံရသူ၏အမျိုးသမီးက ကျွန်မကိုပြောသွားတယ်။)

ကင်းပုန်းဝပ်သည့်နေရာနှင့် ဦး**** ၏အိမ်သည် တစ်ဖာလုံခန့် မရောက်တရောက် သာရှိသည်။ ဦး****တို့၏အိမ်နှင့် အိမ်သာသွားလမ်းသည် ခြေလှမ်း (၃၀) ခန့်လောက်သာ ဝေးကွာသည်။ ရှမ်းနီပြည်သူ့စစ်တွေရှိခြင်းကြောင့် မည်သည့်အကျိုးကျေးဇူးမှ မခံစားရပါ။ ပြည်သူ့စစ်တို့သည် ညအခါတွင်လည်း အပြင်ထွက်ခွင့်ကို တားမြစ်ထားသည်။ ****ကျေးရွာတွင်နေထိုင်သည့် အိမ်ခြေမှာ (၈၀)လောက်သာ ရှိပါသည်။ သေဆုံးသူ ဦး****နှင့် မိသားစုသည် ****ရွာတွင် နေထိုင်ခဲ့တာ (၂၅) နှစ်ရှိပြီ ဖြစ်သည်။

| | |
|---|---|
| လူ့အခွင့်အရေးချိုးဖောက်ခံရမှု | - မြေမြှုပ်မိုင်း (အပြင်းအထန်ဒဏ်ရာရမှု၊ ကိုယ်အင်္ဂါဆုံးရှုံးမှု) |
| ချိုးဖောက်ခံရသူအမည် | - ဒေါ်**** |
| ကျား/မ | - မ |
| အသက် | - ၂၈ နှစ် |
| အမျိုးသားမှတ်ပုံတင်အမှတ် | - မရှိ |
| ကိုးကွယ်သည့်ဘာသာ | - ခရစ်ယာန် |
| ပညာအရည်အချင်း | - ၅ တန်း |
| အလုပ်အကိုင် | - ကျပန်း |
| မိဘအမည် | - ဦး**** နှင့် ဒေါ်**** |
| အိမ်ထောင်ရှိ/ မရှိ | - ရှိ |
| အမျိုးသားအမည် | - ဦး**** |
| သား / သမီး | - ၂ ယောက် |
| နေရပ်လိပ်စာ | -****ကျေးရွာ၊ ဖားကန့်မြို့နယ်၊ ကချင်ပြည်နယ်။ |
| အခင်းဖြစ်ပွားသည့်နေ့ | - ၂၈ ရက်၊ ဖေဖော်ဝါရီလ၊ ၂၀၁၈ ခုနှစ် |
| အခင်းဖြစ်ပွားသည့်နေရာ | - ကက်သလစ် ဆုတောင်းတောင်အနီး၊ ****၊ ဖားကန့်မြို့နယ်၊ ကချင်ပြည်နယ်။ |
| ချိုးဖောက်သူ | - ချိုးဖောက်သည့်အဖွဲ့အစည်း မသိနိုင် |
| ဖြစ်စဉ်ပြန်လည်ပြောပြသူအမည် | - ချိုးဖောက်ခံရသူကိုယ်တိုင် |
| မှတ်တမ်းကောက်သည့်နေ့ | - ၇ ရက်၊ မတ်လ၊ ၂၀၁၈ ခုနှစ် |
| မှတ်တမ်းကောက်သည့်အဖွဲ့ | - KWAT |

**ပုံ (၁၁) -မြေမြှုပ်မိုင်းကြောင့် ခြေထောက်ဆုံးရှုံးခဲ့ရသည့် ဒေါ်******



**အမှုဖြစ်စဉ်**

ကျွန်မတို့ကကက်သလစ်ဆုတောင်းတောင်အနီးမှာ အမြဲတမ်း ဟင်းရွက်ရှာတယ်။ လွန်ခဲ့တဲ့ ၃ လလောက်တုန်းကလည်း အဲဒီနေရာမှာ သူငယ်ချင်းတွေနဲ့ ဟင်းပင်းရွက်ရှာသေးတယ်။ အဲဒီတုန်းက တော့ဘာမှမဖြစ်ဘူး။ ၂၈ ရက်၊ ၂လ၊ ၂၀၁၈ ခုနှစ် ရက်နေ့မှာ ရွာကနေလမ်းလျှောက်သွားရင် (၄၈) မိနစ်လောက်သွားရတဲ့နေရာ ကက်သလစ်ဆုတောင်းတောင်ဘက်ကို နံနက် (၁၁း၀၀) နာရီ လောက် မှာ ကျွန်မဟင်းပင်းရွက် သွားရှာတယ်။ ကျွန်မ ဟင်းရွက်ရှာနေတုန်းမှာ ထင်းတုံးတစ်တုံးတွေ့လို့ အဲဒီ ထင်းတုံးကိုကျော်လိုက်ချိန် ဘယ်ဘက်ခြေထောက်မ လိုက်ချိန်မှာ မိုင်းပေါက်သွားတာ ဟုတ်တယ်။ ဘယ်ဘက်ခြေဖမိုးရှေ့ပိုင်းပြုတ်ထွက်သွားတယ်။ ကျန်နေသေးတဲ့ အပိုင်းကိုလက်နဲ့အုပ်ပြီး "မိုင်းထိ တယ် အရမ်းနာတယ် ဝူး ဝူး ဝူး" လို့အော်ပြီး ရွာဘက်ကိုဦးတည်ပြီး တွားပြီး ပြန်လာတယ်။ တွား တွားပြီးပြန်လာတာ (၂) နာရီ (၃) နာရီလောက်ကြာတယ်။ အဲဒီမိုင်းပေါက်တဲ့ နေရာနံဘေးမှာ ရေဗူး တစ်ဗူးလည်း ရှိနေတယ်။ မိုင်းထိထားတော့ ရေလည်းအရမ်းသောက်ချင်တယ် ဒါပေမယ့် မိုင်းထိရင်ရေမသောက်ရဘူးဆိုတာကို ကြားထားတော့ အဲဒီရေဗူးက ရေကိုလည်းမသောက်လိုက်ဘူး။

မိုင်းပေါက်တဲ့နေရာကနေ ရွာဘက်ကို လေးဘက်တွားပြန်လာတာရွာကိုလှမ်းမြင်ရတဲ့ နေရာ ရောက် တော့ရှမ်းနီပြည်သူ့စစ်က စစ်သားနှစ်ယောက်နဲ့ ကချင် ကောင်လေး နှစ်ယောက် ရောက်လာပြီး ဝါးလုံး ထမ်းစဉ်နဲ့ ****ကျေးရွာကို ခေါ်လာကြတယ်။ ရွာရောက်တော့ ညှော်စာရင်းစစ်တဲ့ရုံး ကိုခေါ်သွား ကြတယ်။ အဲဒီရုံးမှာ နာမည်မေးတယ် ပြီးတော့ဓါတ်ပုံရိုက်ကြတယ်။ "ဆုတောင်း တောင်ဘက်ကို ဘာသွားလုပ်သလဲ?" လို့မေးတော့ ကျွန်မက " ဟင်းပင်းရွက် သွားရှာတယ်" လို့ပြန်ပြောတယ်။ အဲဒီ နောက် ****ကျေးရွာက ဆေးရုံကိုသွားတော့ ဒဏ်ရာကြီးတယ်ဆိုပြီး ပတ်တီးစီးပေးလိုက်ပြီး ****မြို့ ဆေးရုံကြီးကိုလွှဲလိုက်တယ်။ ****ရွာဆေးရုံ မှာတော့မိနစ် (၃၀) လောက်ဘဲနေတယ်။ အဲဒီကနေ ****မြို့ဆေးရုံကိုသွားခဲ့တယ်။ ထိုဆေးရုံသို့ ညနေ (၇း၀၀) နာရီလောက်မှာရောက်တယ်။ ရောက် တဲ့ညမှာတော့ ချက်ချင်းခွဲစိတ်မှု မလုပ်ပေးဘူး သွေးအရင်သွင်းရမယ်ဆိုပြီး သွေးသွင်းပေးတယ် သွေးပုလင်း ဘယ်လောက် သွင်းတယ် ဆိုတာကိုတော့ မမှတ်မိတော့ဘူး။ နောက်တစ်ရက်နေ့ ညနေ (၄း၀၀) နာရီ လောက်မှာခွဲစိတ်မှုပြုလုပ်တယ် ခွဲစိတ်တာဘယ်လောက်ကြာသလဲတော့မသိတော့ ဘူး ကျွန်မသတိရလာတော့ ည ၇း၀၀ နာရီထိုးပြီ။ ၈ရက်၊ ၃ လ၊ ၂၀၁၈ ခုနှစ် ရက်နေ့မှာတော့ ****ဆေးရုံမှ ဆင်းခဲ့တယ်။ ကျွန်မဒီလိုဖြစ်သွားတော့ အိမ်အတွက်အရမ်းကို ခက်ခဲသွားတယ် ကလေးတွေကိုလဲ ကောင်းကောင်းမကြည့်နိုင်တော့ဘူး။ ကျွန်မကို ဆေးရုံမှာကုန်ကျတဲ့ ဆေးဖိုးအပြင် အစားအသောက်ကိုပါ ကြက်ခြေနီ (ICRC) အဖွဲ့က တာဝန်ယူ ကူညီပေးတယ်။ ချိုင်းထောက်လဲ ဝယ်ပေးကြတယ်။

လွန်ခဲ့တဲ့ ၆ နှစ်လောက်တုန်းကလည်း လူတစ်ယောက် မိုင်းထိခဲ့ဖူးတယ်။ ခုတော့သူ ****မြို့ ဘက်ကိုပြောင်းသွားပြီ။ ကျွန်မတို့ရွာမှာတော့ ဗမာစစ်တပ်တော့မရှိဘူး။ ရှမ်းနီပြည်သူ့စစ်ဘဲ ရှိတယ်။ ဗမာစစ်တပ်ကတော့ ကျွန်မတို့ရွာကနေ (၂) မိုင်လောက်ဝေးတဲ့နေရာမှာတော့ ရှိတယ်လို့သိရတယ်။ ကျွန်မတော့ တစ်ခါမှမရောက်ဖူးဘူး။ ကျွန်မထိတဲ့မိုင်းက ဗမာစစ်တပ်ဘက်ကလို့ထင်တယ် ဘာလို့ လဲဆိုတော့ အဲဒီနေရာက ဗမာစစ်တပ်နဲ့အရမ်းနီးတယ်။ ကျွန်တော်တို့ ****ရွာအနီးနားမှာ KIA စစ်တပ်မရှိဘူး။ ကေအိုင်အေစစ်တပ်က ****ဘက်မှာတော့ရှိတယ်။

**လူ့အခွင့်အရေးချိုးဖောက်မှု - မတရားဖမ်းဆီးမှုနှင့် အစအနဖျောက်မှု**

| | |
|---|---|
| ချိုးဖောက်ခံရသူအမည်(၁) | - ဦး**** |
| ကျား/မ | - ကျား |
| အသက် | - ၂၄ နှစ် |
| အမျိုးသားမှတ်ပုံတင်အမှတ် | - ၁/မကန(နိုင်)**** |
| လူမျိုး | - ကချင် |
| ကိုးကွယ်သည့်ဘာသာ | - ခရစ်ယာန် |

| | |
|---|---|
| ပညာအရည်အချင်း | - ဆယ်တန်းအောင် |
| အလုပ်အကိုင် | - ကျောက်အရောင်းအဝယ် |
| မိဘအမည် | - ဦး****နှင့် ဒေါ်**** |
| အိမ်ထောင်ရှိ/မရှိ | - ရှိ |
| ဇနီးအမည် | - ဒေါ်**** |
| သားသမီး | - မ (၁) |
| နေရပ်လိပ်စာ | - ****ရပ်ကွက်၊ ဆိုင်းတောင်၊ ဖားကန့်မြို့နယ်၊ ကချင်ပြည်နယ်။ |

| | |
|---|---|
| ချိုးဖောက်ခံရသူအမည်(၂) | - မောင်**** (ဖမ်းဆီးခံရသူ) |
| ကျား/မ | - ကျား |
| အသက် | - ၂၁ နှစ် |
| အမျိုးသားမှတ်ပုံတင်အမှတ် | - ၁/မကတ(နိုင်)**** |
| လူမျိုး | - ကချင် |
| ကိုးကွယ်သည့်ဘာသာ | - ခရစ်ယာန် |
| မိဘအမည် | - ဦး****နှင့် ဒေါ်**** |
| နေရပ်လိပ်စာ | - ****ကျေးရွာ၊ မိုးကောင်းမြို့နယ်၊ ကချင်ပြည်နယ်။ |

| | |
|---|---|
| ချိုးဖောက်ခံရသူအမည်(၃) | - ဦး****(ဖမ်းဆီးခံရသူ) |
| အသက် | - ၅၀ နှစ် |
| အမျိုးသားမှတ်ပုံတင်အမှတ် | - ၁/မကန(နိုင်)**** |
| လူမျိုး | - ကချင် |
| ကိုးကွယ်သည့်ဘာသာ | - ခရစ်ယာန် |
| မိဘအမည် | - ဦး****နှင့် ဒေါ်**** |
| နေရပ်လိပ်စာ | - ****ကျေးရွာ၊ ကားမိုင်းမြို့နယ်၊ ကချင်ပြည်နယ်။ |
| အခင်းဖြစ်ပွားသည့်နေ့ | - ၁၅-၁၆ ရက်၊ ဇူလိုင်လ၊ ၂၀၁၈ ခုနှစ် |
| အခင်းဖြစ်ပွားသည့်နေရာ | - ဘွမ်ကျန်ဘွမ်မရောက်မီ၊ ကားမိုင်းမြို့နယ်အသွားလမ်း၊ လွယ်ဆိုင်ကျေးရွာအနီး၊ ဒွမ်ရှန်းဘွမ် (ရွှေမော်) ဖားကန့်မြို့နယ်၊ ကချင်ပြည်နယ်။ |
| ချိုးဖောက်သူ | - တပ်မ (၃၃) လက်အောက်ခံတပ် (မြန်မာ့တပ်မတော် ) |

| | |
|---|---|
| အမှုဖြစ်စဉ်ပြန်လည်ပြောပြသူအမည် | - ဦး**** |
| ချိုးဖောက်ခံရသူနှင့်တော်စပ်ပုံ | - ချိုးဖောက်ခံရသူ(၁)၏ဖခင် |
| အသက် | - ၆၄ နှစ် |
| အမျိုးသားမှတ်ပုံတင်အမှတ် | - ၁၃/ကတန(နိုင်)**** |
| လူမျိုး | - ကချင် |
| ကိုးကွယ်သည့်ဘာသာ | - ခရစ်ယာန် |
| အလုပ်အကိုင် | - ကျောက်စိမ်းရောင်းဝယ် |
| အိမ်ထောင်ရှိ/မရှိ | - ရှိ |
| ဇနီးအမည် | - ဒေါ်**** |
| နေရပ်လိပ်စာ | - ဖားကန့်မြို့နယ်၊ ကချင်ပြည်နယ်။ |
| မှတ်တမ်းကောက်ယူသည့်နေ့ | - ၂၅ ရက်၊ ဇူလိုင်လ၊ ၂၀၁၇ ခုနှစ် |
| မှတ်တမ်းကောက်ယူသည့်အဖွဲ့အစည်း | - HI |

## အမှုဖြစ်စဉ်

ကျွန်တော်သားတွေကိုဖမ်းသွားတာတော့ တပ်မ (၃၃) လက်အောက်ခံ တပ်တွေဖြစ်တယ်။ ဘယ်တပ်တွေဆိုတာကိုတော့ တိတိကျကျမသိဘူး။ သူတို့သွားတဲ့နေရာတစ်ဝိုက်မှာ ခ.လ.ရ (၁၂၀)၊ ခ.လ.ရ (၁၃)၊ ခ.မ.ရ(၄) တပ်ရင်း တွေလှုပ်ရှားနေတယ်လို့ ပြောတယ်။ ကျွန်တော်သား ဦး****က ဆယ်တန်းအောင်ထားပြီးတော့ တက္ကသိုလ်ကျောင်းမတက်ပဲ ကျမ်းစာသင်ကျောင်းပဲ တက်ခဲ့တယ်။ ကျမ်းစာကျောင်း ဘွဲ့ရပြီးတော့ မိန်းမလည်းရပြီ ကျောက်ရောင်းဝယ်ရေးလုပ်ပြီးတော့ ဖားကန့်မြို့နယ်၊ ကပ်မော်၊ စပေါ့ဘက်မှာ ရွှေထွက်တဲ့နေရာရှိတယ် အဲ့နေရာမှာရွှေတူးပြီးနေနေတာ ဟုတ်တယ်။ မိုးတွင်းဆိုတော့ ရေတွေ ပြည့်နေတာမို့ ရွှေတူးလို့မရတော့တာနဲ့ ၁၄ ရက်၊ ဇူလိုင်လ၊ ၂၀၁၈ ခုနှစ် ရက်နေ့မှာ ဆိုင်းတောင်အိမ်ပြန်လာအိပ်တယ်။ သား နဲ့သူ့အလုပ်သမား မောင်****လည်းပါတယ်။ နောက်နေ့ ၁၅ ရက်နေ့ ဒွမ်ရွှန်းဘွမ်ရွှာ ကိုသွားလိုက်တာဟုတ်တယ်။ ဒွမ်ရွှန်းဘွမ်ရွှာမှာ ရွှေထွက်တဲ့နေရာရှိတယ် ရွှေထွက်တဲ့နေရာကို ဦး****သိတဲ့အတွက် သူ့ကိုခေါ်သွားလိုက်တယ်။ မောင်****ကိုတော့ သူနဲ့အတူတွဲလုပ်ဖို့အတွက် အလုပ်သမားအဖြစ်ခေါ်သွားတာဟုတ်တယ်။ သွားလိုက်တာကတော့ ၁၅ ရက်၊ ဇူလိုင်လ၊ ၂၀၁၈ ခုနှစ်ရက်နေ့ဟုတ်တယ်။ ၁၅ ရက်နေ့ ညနေပိုင်း ၄ နာရီလောက်မှာသူ့မိန်းမကို ဖုန်းဆက်လာခဲ့တယ်။ ဒွမ်ရွှန်းဘွမ်ရွှာရောက်ပြီဆိုတဲ့အကြောင်းနဲ့ ထမင်းစားပြီးသွားပြီ ဆိုတဲ့အကြောင်းတွေ ပြောကြတယ်။ သူတို့ဖုန်းပြောနေရင်းနဲ့ ကလေးငိုလာတဲ့အတွက် ဖုန်းချလိုက်ကြတယ်။ အဆက်အသွယ်နောက်ဆုံးပဲ အခုချိန်ထိဘာအဆက်အသွယ်မှမရတော့ဘူး။ ည (၉) နာရီလောက်မှာ ဖုန်းပြန်ခေါ်တော့ ဆက်သွယ်မှု ဧရိယာပြင်ပ ဆိုပြီးတော့ဖြစ်သွားတော့တယ်။ နောက်နေ့ ၁၆ ရက် မနက် ၅ နာရီလောက် ဖုန်းပြန်ဆက်တော့ စက်ပိတ်ထားပါသည် ပြန်ဖြစ်သွားတော့တယ်။ ကျွန်တော်သားတွေကိုဖမ်းသွားကြပြီလို့တောင်မထင်ဘူး။ ဒွမ်ရွှန်းဘက်အနီးတစ်ဝိုက်မှာ ကချင်လွတ်မြောက်ရေးတပ်မတော် (ကေအိုင်အေ)နဲ့ မြန်မာတပ်မတော်တို့ တိုက်ပွဲဖြစ်တယ်ဆိုတဲ့ သတင်းလည်းကြားတယ်။ ကျွန်တော်သားတွေကို မြန်စာစစ်တပ်တွေ ဖမ်းသွားကြတယ်လို့ ဘယ်လိုပြောနိုင်လည်းဆိုရင် မြန်မာတပ်မတော်တွေ စစ်ကြောင်းထိုးနေတယ်ဆိုတာလည်း သိရတယ်။ ၁၉ ရက်နေ့မှာ ဦး****ဆိုတဲ့ ရှမ်းလူမျိုးတစ်ယောက် မျက်မြင်သက်သေရှိတယ်။ သူကထွက်ပြေးလာတဲ့ချိန်မှာ ကေအိုင်အေတပ်ရှိရာဘက်သို့ထွက်ပြေးလာပြီးတော့ "ကျွန်တော်တစ်ယောက် ထဲတော့မဟုတ်ဘူး ကချင်လူငယ်သုံးယောက်လည်းပါတယ် သူတို့သုံးယောက်ကို လက်ပြန်ကြိုးတုတ်ပြီးတော့ ဆွဲခေါ်သွားတာလည်းတွေ့လိုက်တယ်" ဆိုပြီးတော့ ပြောပြတယ်တဲ့၊ သူနဲ့အခုချိန်ထိတော့ မတွေ့ရသေးဘူး ဒါပေမဲ့သေချာနေပြီ။ ဦး****ကလည်း ရွှေတူးနေတဲ့ လူဟုတ်တယ်လို့ပြောတယ်။ သူ့ကိုမြန်မာစစ်တပ်တွေ ပေါ်တာအဖြစ် ဖမ်းခေါ်သွားရာကနေ ထွက်ပြေး လွတ်မြောက်လာသူဟုတ်တယ်လို့ ပြောတယ်။ ဦး****ပြောပြတာနဲ့ ကွက်တိပဲ သူထွက်ပြေးလွတ်မြောက်လာတဲ့ နေရာနဲ့ ကျွန်တော်သားတွေရှိနေခဲ့တဲ့ နေရာက တစ်နေရာတည်းပဲ ဖြစ်နေတာတွေ့ရတယ်။

ကျွန်တော်ခံစားချက်ကိုတော့ ဘယ်လိုပြောရမလဲမသိဘူး။ ကျွန်တော်သားကို စိတ်ပူလွန်းလို့ ညတိုင်း အိပ်လို့လည်းမရဘူး။ ကျွန်တော်သားဘယ်လိုဖြစ်နေပြီလဲ ဘယ်လိုဒုက္ခမျိုးတွေရောက်နေပြီလဲ စဉ်းစားပြီးစိတ်မပျော်ဘူး။ မိမိဝမ်းစာအတွက်ရတဲ့အလုပ်ကိုပဲလုပ်ကိုင်နေရတဲ့ ကျွန်တော်တို့လို ပြည်သူတွေ ဘယ်နေရာသွားလုပ်စားရတော့မှာလဲ။ ဒီနေရာလည်းကြောက်ရ ဟိုနေရာလည်းကြောက်ရ ဘာတွေလုပ်ပြီး ဘယ်လိုအသက်မွေးရမလဲတောင်မသိဘူး။ အခုဒီဖားကန့်မှာဆိုရင်လည်းကျွန်တော်တို့က အိမ်ရှင်တွေဟုတ်တယ်။ ဒါပေမဲ့ကျွန်တော်တို့ လုပ်စားလို့မရဘူး။ အခြားလူမျိုးတွေပဲလုပ်စားကြတယ် အရင်းအနှီးကြီးတဲ့လူတွေ ကချင်မဟုတ်တဲ့ အခြားလူမျိုးတွေပဲလုပ်စားကြတယ်။ ကျွန်တော်တို့လို လူတွေကအိမ်ရှင် ဆိုရင်လည်းဘာလုပ်စားခွင့်မှမရဘူး။ ဒါကြောင့်အခြား အကြံရတဲ့အလုပ်တွေကို လုပ်ပြီးတော့အလုပ်လုပ်တယ်။ ကျွန်တော်သားလည်း ရွှေရှိတယ်ဆိုလို့မိသားစုစားဝတ်နေရေးတွက် သွားလိုက်မိတာဟုတ်တယ်။ ကျွန်တော်တို့က ကချင်လူမျိုးဖြစ်တယ် ကချင်ပြည်နယ်မှာရာစားတယ်။ ဘာအပြစ်မှလုပ်ထားတဲ့လူတွေလည်းမဟုတ်ဘူး။ ကျောက်ရောင်းဝယ်လုပ်တယ်။ ကျောက်ရောင်းဝယ် လုပ်လို့ဖမ်းတယ်။ ဥပဒေတစ်ခုခုချိုးဖောက်တဲ့အတွက် ဖမ်းတယ်ဆိုရင်ဖမ်းပါ ဥပဒေကိုင်ဖမ်းပြီးတော့ တရားရုံးမှာတရားဆွဲဆိုပါ အပြစ်ရှိရင် အပြစ်ရှိတဲ့အတိုင်းခံယူမယ်။ အခုလို ကျွန်တော်သား ဖမ်းခံရတာက ကချင်မို့လို့ဖမ်းတယ်လို့ပဲမြင်တယ် ကချင်ဆိုရင် ကချင်လွတ်မြောက်ရေးတပ်မတော်(ကေအို

င်အေ) ဟုတ်တယ်ဆိုပြီးတော့ ဖမ်းတယ်လို့ပဲ မြင်တယ်။ ကျွန်တော်သားတွေကို သတ်လိုက်ကြပြီလား ဘယ်လို နှိပ်စက်ပေးလိုက်ကြပြီလဲ စဉ်းစားရင်းနဲ့အရမ်းစိတ်ပူတယ်။ ခံစားရတာတော့ ပါးစပ်ကနေတောင်မထွက်နိုင်ဘူး။ သူ့ကလေးတွေလည်းငယ်သေးတယ်။ ကလေးတစ်ဘက်နဲ့သူ့မိန်းမလည်း အရမ်းဒုက္ခရောက်နေတယ်။ ဒီလိုအတွေ့အကြုံတစ်ခါမှမရှိတော့ ဘယ်သူ့ကိုအားကိုးပြီး ဘယ်သူ့ကိုအကူအညီတောင်းရမလဲ မသိဘူး။

| **အခွင့်အရေးချိုးဖောက်မှု** | **- မတရားဖမ်းဆီးခံရမှု** |
|---|---|
| ချိုးဖောက်ခံရသူအမည် | - ဦး**** |
| ကျား/မ | - ကျား |
| အသက် | - ၅၁ နှစ် |
| လူမျိုး | - ကချင် |
| ကိုးကွယ်သည့်ဘာသာ | - ခရစ်ယာန် |
| ပညာအရည်အချင်း | - (၄) တန်း |
| အလုပ်အကိုင် | - အိမ်မှုကိစ္စ |
| မိဘမည် | - ဦး**** နှင့် ဒေါ်**** |
| အိမ်ထောင်ရှိ/မရှိ | - ရှိ |
| ဇနီးအမည် | - ဒေါ်**** |
| သား/သမီး | - (၃) ယောက် |
| နေရပ်လိပ်စာ | - ****ကျေးရွာ၊ ကားမိုင်းမြို့၊ ဖားကန့်မြို့နယ်၊ ကချင်ပြည်နယ်။ |
| အခင်းဖြစ်ပွားသည့်နေ့ | - ၁၅ ရက်၊ ဩဂုတ်လ၊ ၂၀၁၈ ခုနှစ် |
| အခင်းဖြစ်ပွားသည့်နေရာ | - ကားမိုင်းမြို့၊ ဖားကန့်မြို့နယ်၊ ကချင်ပြည်နယ်။ |
| ချိုးဖောက်သူ | - မြန်မာအစိုးရ တပ်မတော် |
| | |
| အမှုဖြစ်စဉ်ပြန်လည်ပြောပြသူအမည် | - ဒေါ်**** |
| ချိုးဖောက်ခံရသူနှင့် တော်စပ်ပုံ | - ဇနီး |
| ကျား/မ | - မ |
| လူမျိုး | - ကချင် |
| ကိုးကွယ်သည့်ဘာသာ | - ခရစ်ယာန် |
| နေရပ်လိပ်စာ | - ****ကျေးရွာ၊ ကားမိုင်းမြို့၊ ဖားကန့်မြို့နယ်။ |
| မှတ်တမ်းကောက်သည့်နေ့ | - ၂၇ ရက်၊ ဩဂုတ်လ၊ ၂၀၁၈ ခုနှစ် |
| မှတ်တမ်းကောက်သည့်အဖွဲ့အစည်း | - SSDF ၊ KWAT |

တနင်္ဂနွေ နေ့လည် ၁၀ နာရီလောက် သူအိမ်မှာ ရှိနေတဲ့အချိန် တစ်ရွာထဲမှာနေတဲ့ ဦး****က သူ့ဆီ လာပြီး "လမ်းပြတဲ့အလုပ်ရှိတယ်သွားပါလား။ ပစ္စည်းလည်း မများဘူး၊ နေ့ချင်းပြန်လည်းဖြစ်တယ်" ဆိုပြီး ပြောတော့ သူလည်း သဘောတူတာပေါ့။ သူ့ကိုသွားဖို့ လာခေါ်တဲ့လူက မလိုက်ဘူး။ တခြားသူ (၂) ယောက်နဲ့ အတူသွားလိုက်ကြတယ်။ သူကရောဂါသည်ဆိုတော့ ပင်ပန်းတဲ့အလုပ်လည်း မလုပ်နိုင်တော့ အိမ်မှာဘဲ ကလေးတွေကို စောင့်ရှောက်ပြီးနေတယ်။ အဲဒီနေ့က လမ်းပြတာက ပစ္စည်းအလေးကြီးတွေ သယ်စရာ မလိုဘူးဆိုတော့ သူလည်း သွားလိုက်တာဖြစ်တယ်။

၁၅ ရက် ဩဂုတ်လ၊ ၂၀၁၈ ခုနှစ်မှာ သူတို့ (၃) ယောက်က KIA တပ်ခန်းကို လမ်းပြဖို့ သွားလိုက်တယ်။ နေ့လည် ၁၂ နာရီ မှာသူတို့ ဘွမ်နောင်းခရန် မှာရောက်ပြီး ဖုန်းအဆက်အသွယ် နောက်ဆုံးရတာဖြစ်တယ်။ (၄င်းတို့ ၃ ယောက်နဲ့ရွာမှ မိတ်ဆွေအချို့ ဖုန်း အဆက်အသွယ် နောက်ဆုံး ရခဲ့ခြင်းဖြစ်သည်။ ၄င်းတို့ နှင့်

ဖုန်းအဆက်အသွယ်ရခဲ့သည့် နေရာသည် လွယ်ဆိုင်ရွာမှ သွားလျှင် (၆)မိုင် ခန့် ဝေးသည့် နေရာဖြစ်သည်။)

အဲဒီမနက်မှာဘဲ ရွာက ဦး****က သူတို့ ၃ယောက် (ပျောက်ဆုံးသူ) သွားတဲ့လမ်းမှာ တပ်မတော် စစ်ကြောင်းနဲ့ တွေ့တယ်ဆိုပြီး ရွာကလူတွေကို ပြောတယ်တဲ့။ ဒါကြောင့် သူတို့ ၃ယောက် (ပျောက်ဆုံးသူ) က ဘယ်လိုအခြေအနေရှိလဲ ဆိုပြီး ပြောတယ်တဲ့။ သူတို့ကို ဖုန်းအဆက်အသွယ် မရတော့ဘူးလေ။ အဲဒီ သူတို့သွားလိုက်တဲ့ည အိမ်ပြန်မလာတော့ သူတို့အိမ်ပြန်တဲ့အချိန်နဲ့ စစ်ကြောင်း နဲ့ တွေ့ပြီး သူတို့ကို ဖမ်းသွားပြီလို့ဘဲ သတ်မှတ်လိုက်ကြတယ်။

သူတို့ ပျောက်သွားပြီး (၃) ရက်အကြာမှာဘဲ မြစ်ကြီးနားမှာ နေတဲ့ သင်းအုပ်ဆရာ****ကို ဖုန်းဆက်ပြီး အကူအညီတောင်းတော့ သူက "အဲဒီဘက်က စစ်ကြောင်းတွေကို စုံစမ်းကြည့်ပါ" ဆိုပြီး ကျွန်မတို့ကလည်း စုံစမ်းပြီး ဆရာကို ပြန်ပြောပြတယ်။ အဲဒါကြောင့် ဆရာက မြောက်ပိုင်းတိုင်းမှာ ရှိတဲ့ သူ့မိတ်ဆွေကို မေးကြည့်တော့ "မင်းပြောတော့ ၃ယောက်ဆို ဒီမှာက ၄ယောက်ဖြစ်နေတယ်။ တစ်ယောက်က သင်းထောက်ဆရာ တစ်ဦးလည်းပါတယ်။ သူတို့နဲ့ အဆက်အသွယ် လုပ်လို့ မရသေးဘူး။ သူတို့ကို စစ်ဆေးမေးမြန်းတုန်းဘဲ ရှိသေးတယ်။" ဆိုပြီးတော့ပြောတယ်တဲ့။ သူတို့ပြောတော့ DKS မှာရောက်နေတယ် လို့ပြောတာဘဲ။ အခုက ကားမိုင်းရဲစခန်းမှာ လူပျောက်တိုင်ထားတယ်။

သူက အလုပ်ကြမ်းမလုပ်နိုင်တော့ အိမ်မှာနေပြီး ကလေးတွေကို ကြည့်ရှုစောင့်ရှောက်ပြီး၊ အိမ်အလုပ်တွေ လုပ်တယ်။ အခုသူမရှိတော့ ကျွန်မစံပါးစိုက်တာတို့၊ နေ့စားအလုပ်သွားလို့ မရတော့ဘူး။ သူ့အစား ကျွန်မ ရှိနေရတော့တယ်။ သူရှိတော့ စားဖို့တော့ အဆင်ပြေတယ်။ အခု ကျွန်မထွက်ပြီး အလုပ်သွားလုပ်လို့ မရတော့ အခက်အခဲတွေဖြစ်နေတယ်။ အခုက ကလေး (၂) ယောက်က ကျောင်းတက်နေတယ်။

## နောက်ဆက်တွဲကောက်ခံထားသည့် ဖြစ်စဉ်

အခုဖမ်းဆီးခံထားရတဲ့ (၃) ယောက်ကို ရဲစခန်းကို အရင်ခေါ် သွားတယ် ပြီးတော့ မြစ်ကြီးနား အကျဉ်းထောင်မှာ ပို့ထားတာကို သိရှိရတယ်။ ၂၄ ရက်၊ စက်တင်ဘာလ၊ ၂၀၁၈ ခုနှစ် မှာ ရုံးချိန်း တစ်ခေါက်ရှိတယ်။ ထောင်သားတွေကို အဝင်အထွက် လက်မှတ်ထိုးခိုင်းတာ ရှိတယ်။ တခြားစစ်ဆေးမေးမြန်းတာတော့ မရှိသေးဘူး။ ၂၅ ရက်၊ စက်တင်ဘာလ၊ ၂၀၁၈ ခုနှစ် မှာ ****ရဲ့ အမျိုးသမီးက သူ့ကို မြစ်ကြီးနားအကျဉ်းထောင် မှာ သွားရောက်တွေ့ဆုံတယ်။ တွေ့ဆုံတဲ့အချိန်မှာ တခြားဘာမှတော့ မမေးနိုင်ခဲ့ဘူး။ ၈ ရက်၊ အောက်တိုဘာလ၊ ၂၀၁၈ ခုနှစ် မှာ တစ်ခေါက် ရုံးချိန်း ရှိတယ်။ သူ့ အမျိုးသမီးက ငွေကြေး အဆင်မပြေတဲ့အတွက် လာမဲ့ရုံးချိန်းမှာ သွားရောက်တွေ့ဆုံနိုင်မယ်ဆိုတာ မသေချာဘူး ဖြစ်နေတယ်။

## လူ့အခွင့်အရေးချိုးဖောက်မှု - လက်လွတ်စပယ်ပစ်ခတ်မှုကြောင့်သေဆုံးမှု

| | |
|---|---|
| ချိုးဖောက်ခံရသူအမည် | - ဦး**** |
| အသက် | - ၃၁ နှစ် |
| ကျား/မ | - ကျား |
| လူမျိုး | - ကချင် |
| ကိုးကွယ်သည့်ဘာသာ | - ခရစ်ယာန် |
| မိဘအမည် | - ဒေါ် **** နှင့် ဦး **** |
| နေရပ်လိပ်စာ | - ကသာမြို့နယ်၊ ကချင်ပြည်နယ်။ |
| အခင်းဖြစ်သည့်နေရာ | - တစ်သုံးလုံးကုမ္ပဏီ၊ ဖားကန့် မြို့နယ်၊ ကချင်ပြည်နယ်။ |
| ချိုးဖောက်သူ | - ၁၀၁ ရဲတပ်ရင်း (မြန်မာအစိုးရတပ်မတော်) |

ဖြစ်စဉ်ပြန်လည်ပြောပြသူ - မောင်****
ချိုးဖောက်ခံရသူနှင့်တော်စပ်ပုံ - ဝမ်းကွဲညီ
အသက် - ၂၆ နှစ်
မှတ်တမ်းကောက်သည့်နေ့ - ၂၀၁၇
မှတ်တမ်းကောက်ယူသည့်အဖွဲ့ - HI

## အမှုဖြစ်စဉ်

သေဆုံးသူကအရင်တုန်းကတော့ ကာလဂျောင်ရွာမှာနေတာ ဟုတ်တယ်။ အခုသည် ကုထန်မော်ရွာမှာ နေတာ နှစ်လလောက်ပဲရှိသေးတယ်။ နေတာတော့ ကထန်ရွာဆုတောင်းတောင်ခြေနားမှာနေတာဟုတ်တယ်။ ကျွန်တော်ကတော့ အခင်းဘယ်လိုဖြစ်တယ်ဆိုတာ အသေးစိတ်တော့မသိလိုက်ဘူး၊ လူတစ်ယောက်က ကျွန်တော့ကိုလာပြောတယ်၊ မင်းရဲ့တူလေး (၁၁၁) ကုမ္ပဏီမှာဖြစ်တဲ့အခင်းမှာ သေဆုံးသွားပြီ သနတ်ထိမှန်ပြီးတော့ သေသွားတယ်ဆိုပြီးတော့ လာပြောမှသိလိုက်ရတယ်။ နောက်နေ့ (၁၁:၀၀) နာရီလောက်မှာ သွားလိုက်တယ်။ ပြီးတော့ဆေးရုံကအသိတစ်ယောက်ကို အကူအညီတောင်းပြီးတော့ သွားကြည့်လိုက်တယ် ရဲပိုလ်တစ်ယောက်ကို ပြောပေးတယ် ပိုလ်လေး သေဆုံးသွားသူထဲမှာ သူ့ရဲ့တူလေးပါတယ်ဆိုပြီးတော့ပြောတော့ ရဲပိုလ်ကသူ့ရဲ့ဖုန်းကိုဖွင့်ပြီး ပုံပြတယ်။ ဒီမှာပါလားဆိုပြီးတော့ မေးတော့ ကျွန်တော့က ပါတယ်။ ဒါဟုတ်တယ် ဆိုပြီးတော့ ပုံကိုပြတော့ ရဲပိုလ်က ဒါဆိုရင်ရင်ခွဲရုံမှာရှိတယ်။ အခုသွားကြည့်လို့မရသေးဘူး။ ဒီညထုတ်ပေးမယ် ဆိုပြီးတော့ပြောတယ်။ နောက်ညနေပိုင်းမှ သင်္ဂြိုဟ်နာရေးကူညီမှုအသင်းကနေ အလောင်းတွေကို ဆေးပြီးထုတ်ပေးလိုက်တယ်။ ကျွန်တော်တို့ရဲ့ ရပ်ကွက်သူကြီးက မင်းတို့မြန်မြန်မြေချလိုက်တော့ မဟုတ်ရင်မင်းတို့ကိုပြန်ပြီး တရားတောင်ပြန်စွဲခံရနိုင်တယ်။ ဆေးရုံရောက်နေတဲ့လူတွေတောင် လက်ထိပ်နဲ့ ဆေးရုံတက်နေရတာဟုတ်တယ် ဆိုပြီးတော့ပြောလာတယ်။ ပြီးတော့ကျွန်တော်တို့ကတော့ သူက ကက်သလစ်အသင်းဖြစ်တဲ့အတွက် ဘုန်းကြီးကိုလည်းစောင့်ပြီး ဆွေမျိုးတွေကိုလည်းစောင့်ရင်းနဲ့ တနင်္ဂနွေနေ့မှာပဲ သင်္ဂြိုလ်လိုက်ကြတယ်။ နောက်နေ့ ကျွန်တော်တို့ကိုခေါ်တယ်။ ရပ်ကွက်သူကြီးတွေကတော့ စာအိတ်နှစ်အိတ်ပေးတယ်။ ဒီတစ်ခုကတော့ ကထန် ရွာအုပ်ချုပ်ရေးဘက်ကနေ ထောက်ပံ့ပေးတာဟုတ်တယ်။ ဒီတစ်ခုတော့ သင်္ဂဟနာရေးအသင်းရဲ့ကူညီမှု ဟုတ်တယ် ဆိုပြီတော့ပြောတယ်။ ကထန်လူကြီးတွေ ကူညီတယ်ဆိုပြီးပေးတဲ့စာအိတ်မှာက (၂) သိန်း စာအိတ်တစ်အိတ်မှာ (၄) သိန်းပါတယ်။ အခြားလူတွေကိုပေးလားမပေးဘူးလားတော့ မသိဘူး။ လောလောဆယ်တော့ ရဲဘက်ကနေလာပြီး မေးမြန်တာတွေလည်းမရှိဘူး။ ဘာကြောင့်သေဆုံးရတယ် ဆိုပြီး လာပြီးရှင်းပြတဲ့လူတွေလည်း မရှိဘူး။ သေဆုံးသူတွေကတော့ စစ်ကိုင်းတိုင်းက ဗမာလူမျိုးတွေများတယ်။ ခံစားချက်ကတော့၊ အရမ်းခံစားတယ် ဘယ်လိုဖြစ်ဖြစ် ဝမ်းစာအတွက် ရုန်းကန်ရင်းလုပ်ကိုင်စားသောက်နေတဲ့အချိန်မှာ အခုလိုအသတ်ခံရတာတွေတော့အရမ်းကိုခံစားရတယ်။ ဘယ်သူမှန်တယ်၊ ဘယ်သူမှားတယ် မပြောလိုဘူး၊ ပြည်သူကို အခုလို အစုလိုက် အပြုံလိုက် ပစ်ခတ်တာတော့ မဖြစ်သင့်ဘူးလို့မြင်တယ်။

**လူ့အခွင့်အရေးချိုးဖောက်မှု - မတရားဖမ်းဆီးမှုနှင့် ညှင်းပမ်းနှိပ်စက်မှု**

ချိုးဖောက်ခံရသူအမည် - ဦး****
ကျား/မ - ကျား
အသက် - ၃၅ နှစ်
လူမျိုး - ကချင်
ကိုးကွယ်သည့်ဘာသာ - ခရစ်ယာန်
အလုပ်အကိုင် - ရေမဆေးကျောက်ရှာ

အခင်းဖြစ်ပွားသည့်နေရာ - ****ကုမ္ပဏီ၊ ဖားကန့်မြို့နယ်၊ ကချင်ပြည်နယ်။
ချိုးဖောက်သူ - မြန်မာအစိုးရတပ်မတော်

အမှုဖြစ်စဉ်ပြန်လည်ပြောပြသူ - ဒေါ် ****
ချိုးဖောက်ခံရသူနှင့်တော်စပ်ပုံ - မရီး
မှတ်တမ်းကောက်သည့်နေ့ - ၂၀၁၇ ခုနှစ်
မှတ်တမ်းကောက်ယူသည့်အဖွဲ့ - HI

## အမှုဖြစ်စဉ်

သူကကျွန်မယောကျ်ားရဲ့ ညီငယ်ဟုတ်တယ်။ သူ့ကိုဖမ်းခံရတုန်းကတွေ့တဲ့ သူ့ရဲ့သူငယ်ချင်းတွေလည်း ဒီမှာမနေရဲတော့ဘူးဆိုပြီးတော့ အိမ်ပြန်သွားကြပြီ။ သူရော ငါလည်းမနေချင်တော့ဘူး အိမ်မှာပဲအမေတို့နဲ့ သွားနေတော့မယ်၊ အရမ်းကြောက်သွားပြီဆိုပြီးတော့ အိမ်ပြန်သွားလိုက်တယ်။ သူ့ကိုရိုက်တဲ့သူက စစ်ဗိုလ်ကိုယ်တိုင် ရိုက်တယ်တဲ့။ သွေးလည်းအရမ်းထွက်တယ်တဲ့။ သူ့ကိုလွတ်လိုက်တဲ့အချိန်မှာတောင်မှ ရေသန့်တစ်ဗူးနဲ့ ဆေးပေးလိုက်တာတောင်မလောက်လို့ ရေသန့်ဗူး (၃) ဗူးတောင်ကုန်သွားတယ်တဲ့။ သူတို့ကို ခေါ်သွားတာကတော့ စစ်သားတွေရှိနေတဲ့ဂိတ်ရဲ့အပြင်ဘက်မှာ သူငယ်ချင်းသုံးယောက်နဲ့ထိုင်နေတဲ့ အချိန်မှာ ရဲရောစစ်သားရောလာခဲ့ပြီးတော့ ဒီကောင်ပဲ ဆိုပြီးကားထဲကိုခေါ်သွားလိုက်တယ်တဲ့၊ သူ့သူငယ်ချင်းတွေ ကိုတော့ မင်းတို့သုံးကောင်ပြန်ပြေးဆိုပြီးတော့ပြောလိုက်တယ်တဲ့၊ သူတို့လည်းဒီကို ကြောက်ကြောက်နဲ့ လာပြောကြတယ်။ သူ့ကိုတော့ ကားထဲကိုခေါ်သွားတယ်။ ကုန်းဘက်ကိုခေါ်သွားပြီးတော့ ရိုက်တယ်တဲ့။ မင်းဟုတ်တယ်မဟုတ်လား သစ်သုံးလုံးကုမ္ပဏီမှာမီးရှို့တာ မင်းခေါင်းဆောင်မဟုတ်လား မင်းတို့ ကချင်တွေဘာကောင်လဲ မင်းတို့က ချင်တွေသူပုန်တွေဆိုပြီးတော့ရိုက်တယ်တဲ့၊ သူကလည်း ကျွန်တော်မသိဘူး ကျွန်တော်ဒီကိုရောက်လာ တာတောင်မကြာသေးဘူးဆိုပြီတော့ပြောတော့ မင်းလိမ်တယ်ဆိုပြီးတော့ပိုလို့တောင် ရိုက်တယ်တဲ့၊ မိနစ် (၁၅) မိနစ်လောက်ရိုက်လိုက်တယ်လို့ယူဆတယ်။ ရပ်ကွက်သူကြီးကိုသွားပြောတော့ ဘယ်အဖွဲ့လဲ ရဲလား ယူနီဖောင်အသစ်လားဆိုပြီးတော့ မေးတော့ကျွန်မလည်းမသိဘူး။ အခုကတော့ အေးဗာကုမ္ပဏီဝင်းမှာပဲရှိသေးတယ် ထင်တယ်။ အခုသွားကြည့်မယ်ဆိုပြီးတော့ ပြောနေတဲ့ချိန်မှာပဲ အိမ်ရှေ့တံခါးဝမှာငေးပြီး ထိုင်နေတာတွေ့လိုက်ရတယ်။ မျက်နာတွေမှာလည်း မြေစာတွေနဲ့မည်းတူးနေအောင် ပေနေတယ်။ သူ့ကိုသေချာမေး တော့မင်းဘာတွေလုပ်တာလဲ ဘာအပြစ်ရှိလို့လဲလို့မေးတော့ သူဘာမှမလုပ်တဲ့အကြောင်းနဲ့ အရမ်းကြောက်သွားပြီး အိမ်ပြန်တော့မယ်ဆိုပြီးတော့ ငိုပြီးပြောနေတယ်။ သူပြောတာတော့ ရာဘာတုတ်နဲ့ရိုက်တယ်။ ကွဲတောင်ကွဲသွားတယ်လို့ပြောတယ်။ အခုကြည့်တော့ ကွဲအက်သွားတယ်ဆိုရင်တော့ ပိုက်လုံးနဲ့ရိုက်တာဖြစ်နိုင်တယ်လို့ ယူဆတယ်။ ကြိုးနဲ့လည်းရိုက်တယ်လို့ပြောတယ်။ ရိုက်ခံရတာတော့ညာဘက်ခါးဘက်မှာဆိုတော့ ရောင်ပြီးမဲနေတယ်။ ပြီးတော့ခေါင်းလည်းအရမ်းကျင်တယ်လို့ပြောတယ် တစ်ခါခါဆိုရင် လူစိတ်လို့တောင် မတွေးနိုင်အောင် ခေါင်းကျင်တယ်လို့ပြောပြတယ်။ သူ့ကိုရိုက်နေတဲ့ချိန်မှာပဲ ရဲတစ်ယောက်ရောက်လာပြီး တော့ သူ့ရဲ့နောက်ကျောဘက်ကိုလှန်ကြည့်ပြီးတော့ ဗိုလ်ကြီး သူမဟုတ်ဘူး လူမှားပြီ ဆိုပြီးတော့ပြောမှ လွတ်လိုက်တယ်တဲ့။ ဒါတောင်မှဒီကိုနောက်တစ်ခါက်မလာနဲ့တော့ လာရင်သတ်လိုက်မယ် ပြောပြီး မြန်မြန်ပြေးဆိုပြီးတော့ လွတ်လိုက်တယ်လို့ပြောတယ်။ သူ့ကိုမဖမ်းခင်မှာလည်း သူ့ကိုရိုက်တဲ့ စစ်ဗိုလ်ရောက်လာတော့ စစ်ဖိနပ်မစီးဘူး။ သူတို့နဲ့တောင် စကားတွေတောင်ပြောတယ်တဲ့ တံခါးမဖွင့်ခင်အချိန် (၄) နာရီမထိုးခင်လောက်မှာပေါ့။ ခဏအကြာမှာပဲ စစ်ဖိနပ်လည်းစီးပြီးတော့ လာခဲ့တာဟုတ်တယ်တဲ့။

**လူ့အခွင့်အရေးချိုးဖောက်မှု - မတရားဖမ်းဆီးခံရမှု**

ချိုးဖောက်ခံရသူအမည် - မောင်****
ကျား/မ - ကျား

အသက် ၁၆ နှစ်
အမျိုးသားမှတ်ပုံတင်အမှတ် - ၁/မကန(နိုင်) ****
ကိုးကွယ်သည့်ဘာသာ - ခရစ်ယာန်
ပညာအရည်အချင်း - ၅ တန်း
အလုပ်အကိုင် - ကျောက်စိမ်းရှာ
မိဘအမည် - ဒေါ် **** နှင့် ဦး****
နေရပ်လိပ်စာ - ****ဒုက္ခသည်စခန်း ၊ ဖားကန့်မြို့နယ်၊ ကချင်ပြည်နယ်။
အခင်းဖြစ်သည့်နေ့ - ၁၁ ရက်၊ အောက်တိုဘာလ၊ ၂၀၁၇ ခုနှစ်။
ချိုးဖောက်သူ - မြန်မာအစိုးရစစ်တပ်

အမှုဖြစ်စဉ်ပြန်လည်ပြောပြသူအမည်(၁)- ဒေါ်****
ချိုးဖောက်ခံရသူနှင့် တော်စပ်ပုံ - ချိုးဖောက်ခံရသူ၏မိခင်
အသက် - ၄၆ နှစ်
အမျိုးသားမှတ်ပုံတင်အမှတ် - ၁/မကန(နိုင်) ****
အလုပ်အကိုင် - တောင်သူ
မိဘအမည် - ဒေါ်****နှင့် ဦး****
အိမ်ထောင်ရှိ/မရှိ - ရှိ
သားသမီး - ၅ ယောက် (ကျား-၂၊ မ-၃)
နေရပ်လိပ်စာ - ****ဒုက္ခသည်စခန်း၊ ဖားကန့်မြို့နယ်၊ ကချင်ပြည်နယ်။

အမှုဖြစ်စဉ်ပြန်လည်ပြောပြသူအမည်(၂)- ဦး**** (မျက်မြင်သက်သေ)
အသက် - ၄၃ နှစ်
အမျိုးသားမှတ်ပုံတင်အမှတ် - ၁/မကန(နိုင်) ****
ပညာအရည်အချင်း - ၈တန်း
အလုပ်အကိုင် - ****
မိဘအမည် - ဒေါ်****နှင့် ဦး****
အိမ်ထောင်ရှိ/မရှိ - ရှိ
ဇနီးအမည် - ဒေါ်****
သား/သမီး - ကျား (၂)၊ မ (၁)
နေရပ်လိပ်စာ - ****ဒုက္ခသည်စခန်း၊ ဖားကန့်မြို့နယ်၊ကချင်ပြည်နယ်။
မှတ်တမ်းကောက်သည့်နေ့ - ၂၇ ရက်၊ အောက်တိုဘာလ၊ ၂၀၁၇ ခုနှစ်
မှတ်တမ်းကောက်သည့်အဖွဲ့ - KWAT

**အမှုဖြစ်စဉ်ပြန်လည်ပြောပြသူအမည်(၁)၏ ပြောပြချက်**

၁၁ ရက်၊ အောက်တိုဘာလ၊ ၂၀၁၇ ရက်နေ့ည ကျွန်မသား မောင်****သည် (၁၁၁) ကုမ္ပဏီသို့ ကျောက်စိမ်းရှာရန် သွားလိုက်သည်။ ထိုည (၁၀) နာရီမိနစ် (၃၀) ခန့်တွင် မြန်မာအစိုးရ စစ်သားများက ကျောက်စိမ်း(ရေမဆေး)ရှာနေသော အလုပ်သမားများအား သေနတ်ဖြင့် ပစ်သတ်နေ သောသတင်းကို ကြားသိရသောကြောင့် ကျွန်မလည်းတောင်ယာမှ ၂၀ ရက်၊ အောက်တိုဘာလ ၂၀၁၇ ရက်နေ့တွင် ဒုက္ခသည်စခန်းသို့ ပြန်လာသည်။

ကျွန်မအိမ်ကိုရောက်တော့ မောင်****က အမေ "လက်နာတယ်" ဆိုပြီးပြောပြသော ကြောင့် ဘယ်နေရာမှာ ထိသွားသလဲ၊ ကြည့်ကြည့်ရအောင်ဟုပြောတော့ လက်နှစ်ဖက်လုံးမှာ ရှပ်ထိသွားတယ်ဆိုပြီးမှ သာပြောသည်။

သူ၏လက်နှစ်ဖက်လုံးမှာ ပတ်တီးစည်းထားသောကြောင့် ဒဏ်ရာကိုတော့မတွေ့ခဲ့ဘူး။ ၂၀ ရက်၊ အောက်တိုဘာလ၊ ၂၀၁၇ ရက်နေ့ည (၇) နာရီခန့်တွင် ဒုက္ခသည်စခန်းသို့ အရပ်ဝတ် နှင့် သေနတ်အတိုကိုင်ထားသော အမျိုးသားနှစ်ဦးနှင့် ဥက္ကဌ လာခဲ့ပြီး မောင်****တို့အိမ်ဘယ် မှာ လဲဟု လိုက်လံမေးမြန်းတယ်။ ထို့နောက် ဒုက္ခသည်စခန်းတွင် အတူနေသူဦး**** ကျွန်မတို့အိမ်ကိုခေါ်ပြလိုက်သည်။ ကျွန်မတို့အိမ်တို့ဝင်လာပြီး အရပ်ဝတ်နှင့်သေနတ်ကိုင်သောအမျိုးသား (၂) ဦးမှ တစ်ဦးက မောင်****နှင့် တွေ့ချင်တယ်ဟု ပြောတယ်။
ထိုအချိန်တွင်မောင်****သည်အိပ်ခန်း၌ဗီဒီယိုကြည့်နေရာမှထွက်လာခဲ့တယ်။ ထိုအရပ်ဝတ်နှင့် သေနတ်ကိုင်ထားသော အမျိုးသားတစ်ဦးမှ မောင်****အား မေးစရာရှိတယ်ဟု ပြောကာဒုက္ခသည်စခန်းမှ ကားဖြင့်ခေါ်ဆောင်သွားသည်။ ခေါ်ဆောင်သွားချိန်တွင် လက်ထိပ် ခပ်ခြင်း တော့မပြုလုပ်သေးပါ။

ထိုအချိန်တွင်စခန်းတာဝန်ခံက ခရီးထွက်နေတယ်။ ထိုည၌ချက်ချင်းစခန်းတာဝန်ခံမရှိ သောကြောင့်အဆောင်မှူး ဦး****၊ ဦး****နှင့် ဦး****တို့သည် ခွန်ဆာကုန်း ရဲစခန်းသို့လိုက် သွားတယ်။ ရဲစခန်းသို့ရောက်သွားချိန်တွင် မောင်****ကိုအချုပ်ခန်း၌ ထည့်လိုက်တယ်။ ထို့နောက်သူတို့အား ရပြီပြန်တော့ဟုပြောလိုက်သည်။ ဦး****ကို စကားတစ်ခွန်းမှမပြောလိုက်ဘဲ ပြန်လိုက်ရတယ်။

ရဲစခန်းသို့လိုက်သွားသောလူကြီး သုံးယောက်ပြောတဲ့ထဲမှာ ရဲစခန်း၌ရောက်တဲ့အချိန် ဥက္ကဌ ဦး**** မရှိနေသောကြောင့် ဥက္ကဌ အိမ်သို့လိုက်သွားလိုက်တယ်။ ထိုစဉ် ဥက္ကဌ ဦး**** ပြောတဲ့ထဲမှာ ရဲတွေ ကျွန်တော့်ကို လိုက်စရာမလိုတော့ဘူးဟုပြောသောကြောင့် အိမ်ပြန်လမ်း၌ ချထားလိုက်တယ်။ ဘာအတွက် ဖမ်းဆီးသွားကြောင်းကိုလည်း ကျွန်တော်မသိဘူး၊ မောင်**** အိမ်ကို လိုက်ပြပါဟုပြောသောကြောင့်သာ ကျွန်တော်လိုက်ပြခြင်းဖြစ်တယ်။ ကျွန်တော်လည်း ယခုကဲ့သို့ဖမ်းဆီးသွားမယ်လို့ မထင်ထားဘူး။ အဲတာကြောင့် ကျွန်တော်အိမ် လိုက်ပြရခြင်း ဖြစ်တယ်လို့ ဥက္ကဌ ဦး**** ကပြောတယ်။

မောင်****ကို ဖမ်းသွားပြီးတဲ့နောက်တစ်ရက်၌ကျွန်မနှင့်စခန်းတာဝန်ခံ ဦး**** ထမင်းနှင့် အင်္ကျီအဝတ်အစား သွားပေးဖို့သွားချိန် ရဲဝန်ထမ်းတစ်ဦးကကျွန်မအား "ဘာတော် သလဲ" ဟုမေးသောကြောင့် "ကျွန်မသားဟုတ်တယ်" ဟုပြောတယ်။ ထို့နောက် ဆရာဖမ်းခံ ရတာကျွန်မသားတစ်ယောက်ထဲလားဟု မေးတော့ ဖမ်းခံရတာသူတစ်ယောက်ထဲ မဟုတ်ကြောင်း ရဲကပြန်ပြောသည်။ ကျွန်မလည်း "သားကိုတွေ့လို့ရသလား" ဟု မေးကြည့်တော့ "ခုလော လောဆယ်ဆယ် တွေ့လို့မရကြောင်း" ပြောတယ်။

မောင်****ကိုတော့ တွေ့ခွင့်မရလိုက်ပါ။ တွေ့လည်းမတွေ့ခိုင်းဘူး။ သူ့ကိုဖမ်းဆီးသွားက တည်းက ယခုချိန်ထိတစ်ကြိမ်မှ တွေ့ခွင့်မရသေးပါ။ ၂၅ ရက်၊ အောက်တိုဘာလ၊ ၂၀၁၇ ရက်နေ့ မောင်****ကို ထမင်း ပြန်သွားပို့ချိန်တွင် ဖားကန့်ရဲစခန်းသို့ ပြောင်းလိုက်ပြီဟု အရပ်ဝတ်နှင့် အမျိုးသားတစ်ဦးက ပြောတယ်။ ဖားကန့်ရဲစခန်းသို့ပြောင်းသွားကတည်းက အခုအချိန်ထိ မည်သူမှ သွားရောက်တွေ့ဆုံခြင်းမပြုလုပ်သေးပါ။ ခွန်ဆာကုန်းရဲစခန်းမှာ ဖမ်းဆီးထားချိန်၌ စခန်းမှူးတွေနဲ့လည်း သွားတွေ့ဖြစ်သေးတယ်။ ကျွန်မတို့ မိသားစုတွေ သပ်သပ် သွားပြီးတွေ့သေးတယ်။ ၂၇ ရက်၊ အောက်တိုဘာလ၊ ၂၀၁၇ ရက်နေ့ ၌ ဦး****၊ ဥက္ကဌ နှင့်ဆရာတို့ သွားတဲ့အချိန်တွင် ရဲတွေပြန်ပြီး အကြောင်းကြားခဲ့မယ်ဟု ပြောလိုက်ကြောင်း ဦး****ကျွန်မကိုပြောပြသည်။

## အမှုဖြစ်စဉ် ပြန်လည်ပြောပြသူ(၂)၏ ပြောပြချက်

စခန်းမှာ အရပ်ဝတ်နဲ့သေနတ်ကိုင်ထားတဲ့ အမျိုးသားနှစ်ဦးနှင့် ဥက္ကဌတို့ မောင်****ကို လာဖမ်းသည့်အချိန်တွင် မောင်****ကို မေးစရာရှိတယ်ဆိုပြီး ပြောတော့ ကျွန်တော်ကစခန်းက လူကြီး တစ်ယောက်နှစ်ယောက်လိုက်သွားကြလို့ပြောပြီး ကျွန်တော်လည်းဆိုင်ကယ်သွားငှါး နေချိန် မောင်****ကိုခေါ်သွားကြတာ ဟုတ်တယ်။ ဆိုင်ကယ်ငှါးပြီး ဦး**** ၊ ဦး**** နှင့် ကျွန်တော်တို့ (၃) ယောက် ရဲစခန်းကိုချက်ချင်းလိုက်သွားခဲ့တယ်။
ရဲစခန်းသို့ရောက်တဲ့ချိန် ရဲဝန်ထမ်းတစ်ဦးက ကျွန်တော့်ကို ဘယ်ကလဲ၊ မောင်****နဲ့ ဘာဆိုင်သလဲလို့မေးတယ်။

ကျွန်တော်လည်း စခန်းက အဆောင်မှူးဖြစ်ကြောင်း၊ မောင်**** ကကျွန်တော့် အဆောင်ကဖြစ်ကြောင်းပြောပြတယ်။ ရဲဝန်ထမ်းက မောင်**** ကိုအမှုနဲ့ဖမ်း ထားတယ်နော် ဟုပြောတယ်။ ဘာအမှုနဲ့ဖမ်းထားသလဲ ဟုမေးကြည့်တော့ ပြန်လည်ဖြေကြား ခြင်းမရှိဘူး။ မင်းတို့ပြန်လို့ရပြီ လို့သာပြောပြီးထိုရဲဝန်ထမ်းမှာ အထဲသို့ပြန်ဝင်သွားသည်။ ထို့နောက်အခြားရဲတစ် ယောက်ထွက်လာပြီး မောင်****ကို ခေါ်သွားတယ်။ ထို့နောက်ခေါင်းငုံ့ ဟုပြောလိုက်သံသာ ကြားလိုက်တယ်။

နောက်ရဲဝန်ထမ်းတစ်ယောက် ပြန်ရောက်လာပြီး "ခုနကကိုကြီးပြောတာ သဘောပေါက်တယ်နော်" ဆိုပြီးလာပြောတယ်။ ကျွန်တော်လည်း "သဘောပေါက်ပါတယ်" ဟုသာပြန်ဖြေ လိုက်တယ်။ ထို့နောက် "သဘောပေါက်ရင်ပြန်လို့ရပြီ" လို့ပြန်ပြောလာတယ်။ အဲဒါကြောင့် ကျွန်တော်တို့လည်းလှည့်ပြန်လာခဲ့တယ်။ ည (၈) နာရီခန့်တွင် ဥက္ကဋ္ဌ**** နှင့် ဒုဥက္ကဋ္ဌ၊ ဦ****၊ ဦး**** နှင့် ကျွန်တော်တို့တွေ ရဲစခန်းကို ပြန်လိုက်သွားတယ်။

ကျွန်တော်တို့ မောင်**** ကို "ဘာအမှုနဲ့ဖမ်းသလဲ"ဟု ပြန်မေးကြည့်တော့ "နင်တို့ဘဲ ၁၁၁ သတင်းကြားတယ် မဟုတ်လား" ဟုပြန်မေးတယ်။ ကျွန်တော်တို့လည်း "ကြားတယ်" ဟုပြောသောအခါ "ကြားရင်ပြန်လို့ရပြီ ပြန်တော့" လို့ပြောတယ်။ "(၁၁၁) ကိစ္စဆိုရင်ဘာကြောင့် မောင်**** တစ်ယောက်တည်းကို ဖမ်းသလဲ" ဟုမေးတဲ့အချိန် "ဖမ်းမည့်သူတွေ အများကြီးရှိသေးတယ်" ဟုပြန်ပြောလိုက်တယ်။ ထို့ကြောင့်ကျွန်တော်တို့ပြန်လှည့် ပြန်သွား လိုက်သည်။

မောင်****ကိုဖမ်းသွားသော ရဲဝန်ထမ်းနှစ်ဦး၏အမည်မှာ ဒုရဲအုပ်မင်းထက်နှင့် စခန်းမှူး၊ ဒုရဲမှူးဦးရဲအောင်၊ ဥက္ကဋ္ဌ ဦးဇော်ငယ် တို့ဟုတ်တယ်။
****ဒုက္ခသည်စခန်းမှ ခွန်ဆာကုန်း ရဲစခန်းထိ ဆိုင်ကယ်နှင့်သွားလျှင်မိနစ် ၂၀ ခန့် ကြာတယ်။ **** ဒုက္ခသည်စခန်းမှ (၁၁၁) ကုမ္ပဏီထိ ဆိုင်ကယ်ဖြင့်သွားလျှင်မိနစ် ၄၀ ခန့်ကြာမြင့်သည်။ ၁၁၁ ကုမ္ပဏီ သည် ဖွပ်ရာ ရွာနှင့် ဂထန်ယန်ရွာ ကြားတွင်တည်ရှိတယ်။

## မိုးညှင်းမြို့နယ်၊ ကချင်ပြည်နယ်။

## လူ့အခွင့်အရေးချိုးဖောက်မှု - မတရားအသင်းဆက်သွယ်မှု အက်ဥပဒေ (၁၇(၁)

| | |
|---|---|
| ချိုးဖောက်ခံရသူအမည် | - ဦး**** |
| ကျား/မ | - ကျား |
| အသက် | - ၅၆ နှစ် |
| အမျိုးသားမှတ်ပုံတင်အမှတ် | - ၁/မညန(နိုင်)**** |
| လူမျိုး | - ကချင် |
| ကိုးကွယ်သည့်ဘာသာ | - ခရစ်ယာန် |
| ပညာအရည်အချင်း | - မူလတန်း |
| အလုပ်အကိုင် | - **** |
| မိဘမည် | - ဦး**** |
| အိမ်ထောင်ရှိ/မရှိ | - ရှိ |
| နေရပ်လိပ်စာ | - ****၊ မိုးညှင်းမြို့နယ်၊ ကချင်ပြည်နယ်။ |
| အဖမ်းခံရသည့်နေ့ | - ၂၃ ရက်၊ နိုဝင်ဘာလ၊ ၂၀၁၅ ခုနှစ်။ |
| အဖမ်းခံရသည့်နေရာ | - ****ပြည်သူ့ဆေးရုံကြီး၊ ကချင်ပြည်နယ်။ |
| စွဲဆိုသည့်ပုဒ်မ | - မတရားအသင်းဆက်သွယ်မှု အက်ဥပဒေ (၁၇(၁)) |

| | |
|---|---|
| ချိုးဖောက်သူ | - ဦးဇော်ဌေး (ခ.လ.ရ - ၁၅) စစ်တပ်နှင့် မိုညင်းမြို့နယ်ရဲစခန်း |

| | |
|---|---|
| အမှုဖြစ်စဉ်ပြန်လည်ပြောပြသူအမည် | - ဦး****၊ ဦး****၊ ဦး**** နှင့် ဒေါ်**** |
| ချိုးဖောက်ခံရသူနှင့် တော်စပ်ပုံ | - မိတ်ဆွေ |
| မှတ်တမ်းကောက်သည့်နေ့ | - ၁၃ ရက်၊ မတ်လ၊ ၂၀၁၆ ခုနှစ်။ |
| မှတ်တမ်းကောက်သည့်အဖွဲ့အစည်း | - SSDF ၊ KWAT |

**အမှုဖြစ်စဉ်**

ညောင်ကိုင်းရွာက လယ်ယာကို လယ်ပိုင်ရှင်ဒေါ်****က ဦး****ကို ငှားပေးထားတယ်။ လယ်ပိုင်ရှင်က ပြန်တောင်းတဲ့အချိန် ဦး****က မပေးတော့ အခုလိုမျိုးအမှုဖြစ်လာတယ်။ လယ်ပိုင်ရှင် ဒေါ်****က ဆည်မြောင်းဦးစီးဌာန/ မြို့နယ်/ ခရိုင်အဆင့်ထိ လျှောက်ပြီးပြီဖြစ်သည်။ ဒါပေမဲ့ လယ်လုပ်သူလယ်ပိုင်စနစ်နဲ့ လယ်ပိုင်ရှင် အစစ်အမှန်ဒေါ်****က တရားရင်ဆိုင်သည့် အချိန်ရှုံးသွားခဲ့သည်။

ဒေါ်****က ရိုးရာ****ဦး****ကို လယ်ပြဿနာနဲ့ပတ်သက်ပြီး တိုင်တန်းတာတွေရှိခဲ့ဖူးတယ်။ လယ်ကွက်ပြဿနာဖြစ်နေတဲ့ ဦး****နှင့် ဒေါ်****တို့ကို မိုးညှင်းရိုးရာရုံးမှာ တွေ့ဆုံဆွေးနွေး ဖြေရှင်းပေးဖို့ (KIA) ဘက်မှ ဂါဒူတိုက်နယ်မှူးမှ ဆင့်ခေါ်တဲ့စာ ရောက်လာတယ်။ ဆင့်ခေါ်စာရောက်လာတော့ လယ်လုပ်သူလယ်ပိုင်စနစ်နဲ့ အမှုနိုင်ထားပြီဖြစ်တဲ့ ဦး****က ဒီစာကိုမိတ္တူကူးပြီး သက်ဆိုင်ရာ ဌာန/ရုံးတွေမှာ လိုက်ပေးထားတယ်။ အဲဒီစာမှာမိုးညှင်းဆိုပြီး လုံးဝမပါဘူး၊ ဂါဒူတိုက်နယ်ဆိုတာပဲ ပါတယ်။

သူတို့ဒီစာကိုပြဿနာရှာပြီး ဒေါ်****ကို မေးတယ်။ "ဒေါ်**** မင်းရိုးရာတွေကိုပဲ အကူအညီ တောင်းတယ်ဆို ဘယ်လိုဖြစ်ပြီး ကေအိုင်အေကို ရောက်သွားတာလဲ" ဆိုပြီးမေးတယ်။ ဒေါ်****က ကေအိုင်အေကိုလည်း မလျှောက်ဘူး၊ "ရိုးရာကိုလည်းမလျှောက်ဘူး၊ ဦး****ကိုဘဲပြောတယ်" ဆိုပြီးပြောလာတယ်။ ဦး****ကိုဘဲပြောတာ ကေအိုင်အေ ဘက်ကစာ ပြန်ရောက်လာတယ်ဆိုတော့ ဦး****နဲ့ ကေအိုင်အေ ပတ်သက်မှုရှိတယ်။ ဒါဆိုဦး**** ကဘယ်သူလဲ၊ သူကဘာလဲ၊ ဆိုပြီးပြောလာ တယ်။ ကေအိုင်အေဆိုတဲ့ ပြဿနာက ဒီကစတာဖြစ်တယ်။ ဒီစာနဲ့ကျွန်တော်တို့ ရိုးရာတွေ ဘာမှပတ်သက်မှုမရှိဘူး။

(မ.ရ.က) မြို့နယ်ရုံးမှာ မြို့နယ်အုပ်ချုပ်ရေးမှူးက ရိုးရာအဖွဲ့တွေကိုခေါ်ပြီး ဦး****၊ ဆရာ****၊ ဆရာ**** နဲ့ ကျွန်တော်တို့ သွားလိုက်တယ်။ "ဒီစာက မင်းတို့ကေအိုင်အေတွေရဲ့ စာလား" ဆိုပြီးမေးတယ်။ တံဆိပ်တော့ဟုတ်တယ်။ ဒါပေမဲ့ အခုလိုမျိုး စာဖြစ်လာတာကတော့ ကျွန်တော်တို့မသိဘူး။ ဒါဆိုဒီစာက ဘယ်လိုဖြစ်လာတာလဲ ဆိုပြီးမေး လာတယ်။ အခုလိုမျိုး မနောကွင်းမှာ ဆွေးနွေးဖြေရှင်းတွေ့ဆုံဖို့ ကျွန်တော်တို့ကော်မတီတွေရဲ့ ဆုံးဖြတ်ချက်မပါဘူး၊ တိုက်နယ်မှူးနဲ့အဆက်အသွယ်လည်း မရှိဘူး။ ရိုးရာ****နဲ့သူတို့ ဘယ်လို ပြောထားကြလဲတော့မသိဘူး။ ရဲတွေက ဒါဆို အခုသူရှိသလား ဆိုပြီးမေးတယ်။ အခုသူမရှိဘူး၊ အလှူငွေရှာထွက်သွားကြောင်း ပြောလိုက်တယ်။ (၃) ရက်အတွင်း ရောက်လာ အောင် တာဝန်ယူပြီး ခေါ်ပေးနိုင်မလား ဆိုပြီးပြောလာတယ်။ ကျွန်တော်တို့လည်း တာဝန်ယူပြီးခေါ်ပေးတယ်။

ကျွန်တော်တို့ရဲ့ ရိုးရာ**** ဖြစ်တဲ့အတွက် ပါဝင်ကူညီရခြင်းဖြစ်တယ်။ ကျွန်တော်တို့ရိုးရာတွေက အဲဒီနေ့မှာ သူတို့အားလုံးရဲ့ရှေ့မှာ တင်ပြထားပြီ။ ဒီကိစ္စက ကျွန်တော်တို့ရိုးရာတွေနဲ့ လုံးဝပတ်သက်မှု မရှိဘူး၊ ဒေါ်****လည်း လယ်ယာမြေကိစ္စနဲ့ပတ်သက်ပြီး ရိုးရာတွေကို တရားဝင်စာလည်း မထည့်ဘူး၊ ပြောလည်းမပြောဘူး၊ ဒေါ်****ကိုလည်း ကျွန်တော်တို့မသိဘူး၊ ဒေါ်****မင်း ကျွန်တော်တို့ကို သိသလား အခုလူအများရဲ့ရှေ့မှာ ပြောပါဆိုတော့ ဦး****ကို ဘဲပြောတယ် ဆိုပြီးပြောလာတယ်။

ဦး****က ဆိုင်ကယ်မှောက်ပြီး လမ်းတောင်မလျှောက်နိုင်ဘဲ မိုးညှင်းပြည်သူ့ဆေးရုံမှာ ဆေးကုသမှုခံယူနေစဉ် ဆေးရုံမှ ပိုး၍ဖမ်းခေါ် သွားသည်။ ရုံးချိန်းသွားသည့်အချိန်လည်း လက်ထိပ်ခတ်ထားတယ်။ သူ့သား မောင်**** နဲ့ ရဲတစ်ယောက်ပိုးပြီးမှ ရုံးချိန်းခေါ် တက်ရတယ်။ အနာကလည်းအရမ်းဆိုးနေတဲ့အချိန်မှာ အချုပ်ထဲမှာ ဆေးကုသခံယူခွင့်နဲ့ ကုသမှုလည်းမပေးဘူး။ ဆေးရုံမှာ ဆေးကုသရင်း တရားရင်ဆိုင် မည်ဆို၍ တရားရုံးတွင် လျှောက်သော်လည်းမပေးပါ။ ကျွန်တော်တို့ ရဲတွေကိုင်တဲ့အမှုမဟုတ်ဘူး၊ စစ်တပ်က ကိုင်တဲ့ အမှုဖြစ်လို့ဆိုပြီးပြောလာတယ်။

ဒီစာကို ဂါဒ္ဒတိုက်နယ်မှူးရေးမရေးတော့ အတိအကျ ကျွန်တော်တို့မပြောနိုင်ဘူး။ အခုလိုမျိုး ရှီးရာ****ကို လာဖမ်းတဲ့အတွက် ကျွန်တော်တို့လည်း ထင်တာပဲဟုတ်တယ်။ လက်မှတ်လည်းဘယ်သူ ထိုးထားတယ် ဆိုတာ မတွေ့တဲ့အတွက် အတိအကျ ကျွန်တော်တို့လည်းမပြောတတ်ဘူး။

အခုလောလောဆယ်တော့ ရှေ့နေဦး**** အမှုလိုက်ပေးတယ်။ ရုံးချိန်းလိုက် ပြန်ထုတ်လိုက် ပြန်ထည့် လိုက်နဲ့လုပ်နေတယ်။ စစ်မေးတာတွေတော့ လုပ်တယ်၊ ရိုက်နှက် တာတွေတော့မရှိဘူး။

**လူ့အခွင့်အရေးချိုးဖောက်မှု - လက်လွတ်စပယ်ပစ်ခတ်မှုကြောင့်သေဆုံးမှု**

| | |
|---|---|
| ချိုးဖောက်ခံရသူအမည် | - မောင်**** |
| ကျား/မ | - ကျား |
| လူမျိုး | - ရှမ်း-ဗမာ |
| မိဘအမည် | - ဦး****နှင့်ဒေါ်**** |
| လက်ရှိနေရပ်လိပ်စာ | - ****ကျေးရွာ၊ မိုးညှင်းမြို့နယ်၊ ကချင်ပြည်နယ်။ |
| ချိုးဖောက်သူ | - (၁၀၁) ရဲတပ်ရင်း |
| ဖြစ်စဉ်ပြန်လည်ပြောပြသူ | - ချိုးဖောက်ခံရသူကိုယ်တိုင် |
| မှတ်တမ်းကောက်ယူသည့်အဖွဲ့ | - HI |

**အမှုဖြစ်စဉ်**

ကျွန်တော်တို့က ဘယ်လိုဖြစ်တာလဲဆိုရင်တော့ ကျွန်တော်တို့က မရှာခိုင်းတဲ့နေရာမှာ ဝင်ရှာနေကြတယ်။ အဲ့လိုရှာနေတဲ့ချိန်မှာ ကျွန်တော်တို့ ရေမဆေးသမားတစ်ယောက်ကို ရဲကရိုက်ခဲ့တာ ဟုတ်တယ်။ အဲ့ဒါနဲ့ရဲနဲ့ ကျွန်တော်တို့ စကားများကြတာ။ စကားများရင်းနဲ့ပဲနောက်ကျတော့ ရဲတွေကိုကျွန်တော်တို့ ရေမဆေးသမားတွေ ဝိုင်းထားလိုက်တယ်။ ဝိုင်းထားတဲ့ရဲကိုလည်း လွတ်ပေးလိုက်တဲ့ချိန်မှာ ကျွန်တော်တို့ ဘာမှတော့ မလုပ်ဖြစ်သေးဘူး။ သူတို့ရဲတွေကစပြီးတော့ ပစ်တော့တာပါပဲ၊ ကျွန်တော်အရင်ဦးဆုံး ရိုက်ခံရတယ်။ သေနတ်နဲ့ထုရိုက်တာဟုတ်တယ်၊ ဒဏ်ရာလည်းအခုထိရှိတယ်။ ကျွန်တော်တို့ဘက်ကတော့ လူဦးရေဘယ်လောက်လဲ အတိအကျတော့မသိဘူး ရာကြီးပိုင်းလောက်တော့ရှိမယ်။ ရဲတွေက ကျဉ်းထဲမှာရှိနေတာက (၁၂) ယောက်လောက်ရှိတယ်။ အားလုံးပေါင်းတော့ ၃၀ လောက်ရှိတယ်။ ကျွန်တော်တို့ ဘက်ကနေရဲတွေကို လက်လွန်တာတွေဘာမှမရှိဘူး ကျွန်တော်တို့က ရဲတွေကိုပြောတယ်။ ရေမဆေးသမားကို ရိုက်တဲ့ရဲကို ထုတ်ပေးလို့ပဲပြောတယ်။ ကျွန်တော်တို့ဘက်ကနေ ဘာမှလုပ်တာမရှိဘူး။ ကျွန်တော်တို့ဝိုင်းထားတဲ့ရဲကို လွတ်ပေးလိုက်တာနဲ့ သူတို့ပစ်တော့တာပဲ။ ရဲဗိုလ်တစ်ယောက်က ရဲတွေကိုတန်းစီခိုင်းလိုက်တယ်။ ပြီးတော့ပစ်တော့တာ။ ကျွန်တော်တို့ဘက်ကတော့ပြေးကြတော့တယ်။ ထိခိုက်ဒဏ်ရာရတဲ့လူတွေလည်း အရမ်းများတယ်။ ပစ်တာနဲ့ လူတွေသေတာ ထွက်ပြေးတာ (၁၀) မိနစ်လောက်ရှိတယ်။ နီးနီးကပ်ကပ်ပဲပစ်တာ (၁၀) ပေ အကွာလောက်ပဲရှိတာကနေ ပစ်တာ ဟုတ်တယ်။ သူတို့ဘာကြောင့်ပစ်လည်းဆိုတော့

ကျွန်တော်တို့ ရေမဆေးသမားတွေလည်း အရမ်းများလာတော့ သူတို့လည်းကြောက်လို့ ပစ်လိုက်တာလို့မြင်တယ်။ ထိခိုက်ဒဏ်ရာရတဲ့လူတွေကို လာခေါ်ရင်လည်း ပစ်တယ်။ ပုန်းနေရင်လည်းပစ်တယ်။ ကျွန်တော်လည်းနောက်ဆုံးကျမှ ထွက်လာခဲ့နိုင်တယ်။ ည (၁၁)နာရီ ကျော် (၁၂) နာရီလောက်မှထွက်လာခဲ့တယ်။ ကျွန်တော်ကိုတော့ စပစ်တဲ့ချိန်မှာထိတယ်။ ခြေထောက်မှာ တည့်တည့်ကိုထိတယ်။ ကျွန်တော်အကိုကိုရော မှန်တယ်။ လက်မောင်းမှာ နစ်ချက်ထိသွားတယ်။ အလောင်းတွေကိုတော့ ဘယ်သူတွေ လာကောက်တာလဲ။ ကျွန်တော်မျက်စိနဲ့တော့မတွေ့လိုက်ဘူး။ သေတာကတော့ ၅ ဦးလို့ပြောတယ်။ ဒါပေမဲ့ ၅ ဦးမကဘူး၊ ပိုတယ်လို့ကြားတယ်။ မှောက်နေတာတွေကိုတော့ တွေ့လိုက်ရတယ် တော်တော်များတယ်။

## မြစ်ကြီးနားမြို့နယ်၊ ကချင်ပြည်နယ်။

### လူ့အခွင့်အရေးချိုးဖောက်မှု - မတရားသတ်ဖြတ်ခံရမှု

| | |
|---|---|
| ချိုးဖောက်ခံရသူအမည် | - မောင်ဂွမ်ဆိုင်းအောင် |
| ကျား/မ | - ကျား |
| အသက် | - ၁၉ နှစ် |
| မှတ်ပုံတင်အမှတ် | - ၁/မကန(နိုင်)**** |
| လူမျိုး | - နာဂလူမျိုး |
| ကိုးကွယ်သည့်ဘာသာ | - ခရစ်ယာန် |
| ပညာအရည်အချင်း | - ကွန်ပျူတာကောလိပ်(ပထမနှစ်) |
| အလုပ်အကိုင် | - ကျောင်းသား |
| မိဘအမည် | - ဦး**** နှင့် ဒေါ်**** |
| အိမ်ထောင်ရှိ/မရှိ | - မရှိ |
| နေရပ်လိပ်စာ | - ကျွန်းပင်သာရက်ကွက်၊ မြစ်ကြီးနားမြို့၊ ကချင်ပြည်နယ်။ |
| အခင်းဖြစ်ပွားသည့်နေ့ | -၂၀ ရက်၊ ဇွန်လ၊ ၂၀၁၆ ခုနှစ် (ည ၉:၃၀ ခန့်) |
| အခင်းဖြစ်ပွားသည့်နေရာ | - သခင်နက်ဖေလမ်း၊ သီတာရပ်ကွက်လမ်းသွယ် (၄) မြစ်ကြီးနာမြို့၊ ကချင်ပြည်နယ်။ |
| ချိုးဖောက်သူ | - တပ်သားမောင်မောင်၊ ထောက်ပံ့ရေးနှင့်ပို့ဆောင်ရေးတပ် (၂၇၂) |

အခင်းဖြစ်ပွားစဉ်အတူရှိခဲ့သောမျက်မြင်သက်သေများ

အမှုဖြစ်စဉ်ပြန်လည်ပြောပြသူအမည်(၁)- မောင်****

| | |
|---|---|
| ကျား/မ | - ကျား |
| အသက် | - ၁၈ နှစ် |
| အလုပ်အကိုင် | - ကျမ်းစာသင်ကျောင်းသား |

အမှုဖြစ်စဉ်ပြန်လည်ပြောပြသူအမည်(၂)- မောင်****

| | |
|---|---|
| ကျား/မ | - ကျား။ |
| အသက် | - ၂၀ နှစ် |
| နေရပ်လိပ်စာ | - ****ရပ်ကွက်၊ မြစ်ကြီးနားမြို့၊ ကချင်ပြည်နယ်။ |
| ၃။အမည် | - မောင်**** |
| ကျား/မ | - ကျား |

အသက် - ၁၇ နှစ်
အလုပ်အကိုင် - ပထမနှစ် တက္ကသိုလ်ကျောင်းသား
နေရပ်လိပ်စာ - ****ရပ်ကွက်၊ မြစ်ကြီးနားမြို့၊ ကချင်ပြည်နယ်။

**အမှုဖြစ်စဉ်ပြန်လည်ပြောပြသူအမည်(၁)၏ ပြောပြချက်**

ကျွန်တော့်နာမည်ကမောင်****ပါ၊ အခုသေဆုံးသွားတဲ့ မောင်ဂွမ်ဆိုင်းအောင်နဲ့ ဖားကန့်မြို့ ကျေးဇူးတော်ဘော်ဒါဆောင်မှာပညာသင်နှစ်မှာအတူတက်ခဲ့ပြီး ခင်မင်ခဲ့ကြတယ်။ ကျွန်တော်တို့အတူဖားကန့်မြေမှာကျောက်စိမ်းတွေရှာခဲ့ကြတယ်။ ပြီးတော့ မြစ်ကြီးနားကိုပြန်ရောက်ခဲ့တယ်။ ကျွန်တော်တို့တွေ မြစ်ကြီးနားမှာ ခဏအတူနေပြီး ကျွန်တော်ကဖားကန့်ပြန်တက်သွားတယ်။ သူကမြစ်ကြီးနား ကွန်ပျူတာ တက္ကသိုလ်ကျောင်းမှာ ကျောင်းတက်နေတယ်။ ကျွန်တော်ဖားကန့်ကနေပြန်လာပြီး ကျမ်းစာကျောင်းပြန်တက် တဲ့အချိန်မှာ သူနဲ့အဆက်အသွယ်ပြန်ရတယ်။ ၂၀၁၅ခုနှစ်မှာ ကျမ်းစာကျောင်းတက်ပြီး သူနဲ့တွေ့ဆုံခွင့် ရတယ်။ အခင်းမဖြစ်ခင်နေ့က ကျွန်တော်ရေချိုးခါနီးအချိန်မှာ ဖုန်းဝင်လာတယ်။ အခင်းဖြစ်တဲ့နေ့ (၂၀) ရက်နေ့ ညနေပိုင်း (၅) နာရီထိုးခါနီးအချိန်မှာ ကျွန်တော်ရေချိုးခါနီးအချိန်မှာ ဂွမ်ဆိုင်းအောင်ဆီက သူ့ကိုလာခေါ်ဖို့ဖုန်း ဝင်လာတယ်။ ကျွန်တော်ရေချိုးပြီးတဲ့အချိန်မှာ ဆိုင်ကယ်(ရုပ်ဆိုးအနက်)နဲ့ သူ့ကိုသွားခေါ်တော့ သူက သူ့အိမ်နီးနားချင်းအိမ်မှာရှိနေတယ်။ အဲတာနဲ့ကျွန်တော်လည်းသူ့ကိုခေါ်ပြီး ကျွန်တော်တို့ နှစ်ယောက်ညနေ(၆) နာရီလောက်မှာ ထွက်သွားလိုက်ပြီးတော့ သူ့သူငယ်ချင်းရှိတဲ့ တက္ကသိုလ်အတွင်း ဆောင်ကို အရင်သွားလိုက်ကြတယ်။ ပြီးတော့အဆောင်က သူငယ်ချင်းနှစ်ယောက် (ဥပဒေကျောင်းသား)ကိုပါခေါ်ပြီးတော့ ဆိုင်ကယ်နှစ်စီးလူလေးယောက်နဲ့ ရောဝတီဂိမ်းဆိုင်ကိုအတူ သွားခဲ့ကြတယ်။ အတူဂိမ်းဆော့နေတဲ့အချိန်မှာ အခုသေဆုံးသူ မောင်ဂွမ်ဆိုင်းအောင်ဆီကို ဖုန်းဝင်လာတယ်။ သူဖုန်း ပြောတာတော့ "အေး၊ အေ လာခဲ့မယ်" ဆိုပြီးတော့ ပြောတာကြားတယ် ကျွန်တော်တို့တစ်နာရီခွဲ၊ နှစ်နာရီ လောက်ဆော့နေပြီးတော့ သူ့ကိုဖုန်းဆက်တဲ့ သူငယ်ချင်းတွေရှိရာ စီတာပူရပ်ကွက်က "ဖ" စားသောက်ဆိုင်ကို ကျွန်တော်တို့နှစ်ယောက်သွားလိုက်တယ် အဲဒီအချိန်မှာည (၈) နာရီလောက်ရှိနေပြီ။ ဆိုင်ရောက်တော့ သူငယ်ချင်းနှစ်ယောက်က မောင်****နဲ့မောင်****ကတော့ အခုထိုင်နေတဲ့ဆိုင်မှာ ခရုချက်မရှိလို့ တခြားဆိုင်ကိုသွားဝယ်ဖို့ အပြင်ထွက်သွားလိုက်တော့ ဆိုင်မှာအားလုံးပေါင်း လေးယောက်ထိုင်နေကြတာတွေ့ရတယ်။ ဆိုင်ကတော့အစွန်ဆုံးမှာထိုင်တယ်။ အဲမှာလူက (၈) ယောက်၊ (၉) ယောက်လောက်တော့ရှိတယ်။

အဲဒီမှာကျွန်တော်တို့ရောက်တဲ့ချိန်မှာက ဘီယာတစ်ပုလင်းနဲ့ နခန်း(ကချင်ဆေးစိမ်အရက်)သောက်ကြတယ် ပြီးတော့ (၁၅) မိနစ်လောက်အကြာမှာ နှစ်ယောက်ကအရင် ပြန်နှင့်လိုက်တယ်။ ကျန်တဲ့ (၇) ယောက်က ကျွန်တော်တို့အတူထိုင်ပြီး (၉)နာရီခွဲခါနီးအချိန်တွင် ဆိုင်က နေပြန်ထွက်လာခဲ့တယ်။ ကျန်တဲ့လူ (၃) ယောက်က စီတာပူ ဘက်ကိုပြန်သွားတယ်။ ကျွန်တော်တို့ (၄) ယောက်က မြို့တွင်းဘက်လမ်းကို ပြန်လာခဲ့တယ်။ ဒီအချိန်မှာ ကျွန်တော်တို့အခုသေဆုံးသွားတဲ့ မောင်ဂွမ်ဆိုင်းအောင်ရယ်၊ ကျွန်တော်ရယ်၊ မောင်**** ရယ်၊ ကို****ရယ်ကျွန်တော်တို့ (၄)ယောက်ဘဲ မြို့ဘက်ကို ပြန်လာခဲ့တယ်။ ဂွမ်ဆိုင်းအောင်က ကျွန်တော်နဲ့အတူစီးတယ်၊ ကျွန်တော်မောင်းပြီး ပြန်လာချိန် လမ်းက မနောကွင်းအကွေ့နားမှာ ရောက်တဲ့အချိန်မှာ ကောင်မလေး (၂) ယောက်နဲ့ ယောကျ်ားလေး (၁) ယောက်က ရှေ့ကနေဖြတ်သွားတယ်။ ဒီအချိန်မှာ ဂွမ်ဆိုင်းအောင်က "ဟိတ်" ဆိုပြီး လှမ်းစလိုက်တယ်။ ဒီချိန်မှာ နောက်ကလာခဲ့တဲ့ စစ်သား (၂) ယောက်နဲ့ အရပ်သားတစ်ယောက် လိုက်လာပြီး ကျွန်တော်တို့ကိုဖြတ်သွားပြီး ကျွန်တော်တို့ကို ဆဲဆိုသွားတယ်။ ဆဲဆိုသွားတဲ့အချိန်မှာ ကျွန်တော်တို့အခုသေဆုံးသွားလူက ပြန်လည်ဖြေရှင်းရအောင်ဆိုပြီး ကျွန်တော်တို့ကိုပြောတဲ့အချိန်မှာ ကျွန်တော်တို့ (၃) ယောက်ကမလုပ်တော့နဲ့လို့ သူ့ကိုအကြိမ်ကြိမ် တားခဲ့တယ်။ အဲ့ဒီချိန်မှာကျွန်တော်ကိုသူတို့နောက်လိုက်ဖို့ပြောတယ်၊ အဲ့ဒါကြောင့်စစ်သားတွေရဲ့ ဆိုင်ကယ်နဲ့ကပ်ပြီး မောင်းလိုက်တယ်၊ အဲ့ချိန်မှာသူက "ဆရာတို့ ဘာဖြစ်ခဲ့တာလဲ" ဆိုပြီးတော့မေးလိုက်တယ်။ အဲ့ချိန်မှာအနောက်မှာထိုင်တဲ့ စစ်သားက "လူလိုက်ရှာနေတယ်" ဆိုပြီးတော့ပြောတယ်။ အဲလိုပြောပြီးတော့ ကျွန်တော်တို့က အနောက်မှာကျန်ခဲ့ပြီးတော့ စစ်သားတွေကတော့ အရှေ့ကိုမောင်းသွားလိုက်တယ်။ မနောကွင်းတံတားကျော် သီတာလမ်းကွေ့ မီးပွိုင့်နားကျော်သွားတဲ့အချိန်မှာ စစ်သားတွေရပ်နေတယ်။

ကျွန်တော်တို့က ဖြတ်ကျော်သွားပြီး အခုသေဆုံးသွားသူက ဆဲဆိုလိုက်တယ်။ ကချင်လိုဘဲ အော်ဆဲလိုက်တယ် ကချင်လိုအော်လိုက်ချိန်မှာဘဲ ကျွန်တော်တို့ (၄) ယောက်ထဲက (၂) ယောက်က ဒူကထောင်ပြန်တဲ့လမ်းကို ကွေ့သွားတယ်။ ကျွန်တော်တို့ သီတာမြို့ကိုပြန်မဲ့လမ်းမှာ လမ်းခွဲနေစဥ်မှာ စစ်သားနစ်ယောက်က ဆိုင်ကယ်တစ်စီးနဲ့ တစ်ယောက်က သေနတ်လွယ်ထားတယ်။ တစ်ယောက်က သံလက်သီးစွပ်ထားတယ်။ သူတို့ကကျွန်တော်တို့ကို ကျော်သွားလိုက်တယ်။ ပြီးတော့ဆိုင်ကယ်ပေါ်ကဆင်းပြီး ကျွန်တော်တို့ရှိတဲ့ နေရာကိုလာခဲ့တဲ့အချိန်မှာ အခုသေဆုံးသွားသူကဆိုင်ကယ်ပေါ်က ခုန်ဆင်းလိုက်တယ် အဲ့လိုခုန်ဆင်း လိုက်ချိန်မှာပဲ စစ်သား (၁) ယောက်ကအရင်လာပြီး "ငါ့ညီကိုထိုးတဲ့ကောင် မင်းတို့လား" ဆိုပြီးမေးတယ်။ ကျွန်တော်တို့က "မဟုတ်ဘူးဆရာ၊ ကျွန်တော်တို့မဟုတ်ဘူး" လို့ပြန်ပြောလိုက်တယ်၊ အဲဒီချိန်မှာ ကျွန်တော်က ဆိုင်ကယ်စက်နှိုးနေလိုက်တယ်။ နောက်လှည့်ကြည့်တော့ စစ်သားနဲ့ဂွမ်ဆိုင်းအောင်က လုံးထွေးနေကြတာ တွေ့လိုက်ရတယ်။ အဲလိုလုံးထွေးနေချိန်မှာပဲ ဆိုင်ကယ်မှာနေနေတဲ့ သံလက် သီးနဲ့စစ်သား(၁) ယောက်က ပြန်ရောက်လာပြီး အခုသေဆုံးသွားသူ မောင်****ကို ပြန်လာထိုးတဲ့အချိန်မှာ ကျွန်တော်သူငယ်ချင်းက ပြန်လည်ထပြီးဟို (၁) ယောက်ကိုပြန်လည်ခုခံတယ်။ ခုခံတော့ အောက်ကခုနကလုံးထားတဲ့ စစ်သားက ပြန်လည်ထလာပြီး သေနတ်မောင်းတင်ပြီး ဂွမ်ဆိုင်းအောင် ကိုချိန်ပစ်တယ်။ ချိန်ပစ်တဲ့အချိန်မှာ (၂) ချက်ပစ်ပြီးတဲ့အချိန်မှ အခုသေဆုံးသွားတဲ့လူက ဒီဘက် အခုတပ်ကုန်း၊ ဒူကထောင် ဘက်ပြန်တဲ့လမ်းကိုပြေးဖို့ပြင်ဆင်တဲ့အချိန်မှာ နောက် (၁) ချက်ပြန်မြည် တယ်။ ကျွန်တော်လည်း သေနတ်သံကြားတာနဲ့ ဆိုင်ကယ်ထားပြီးမှ ထွက်ပြေးတယ်၊ ထွက်ပြေးပြီး ဂန်ထမ်းတန်းလျား အကွေ့လောက်နားမှာ တစ်ခါပြန်လှည့်ပြီးကြည့်တဲ့အချိန်မှာ သေဆုံးသွားသူလဲနေ တာပဲတွေ့လိုက်ရတယ်။ တွေ့ရှိပြီးတော့ ကျွန်တော်လည်းကြောက်သွားတယ်။ ဒူကထောင်ဘက်ကို ပြေးတယ်၊ အဲ့ဘက်မှာသွားတဲ့အချိန်မှာ သူငယ်ချင်း ဟို (၂) ယောက်က အဲ့ဒီမှာစောင့်နေတယ်။ ရပ်နေတယ်။ အဲ့ဒီချိန်မှာ သူတို့ကိုအိမ်လိုက်ပို့ခိုင်းလိုက်တယ်။

## အမှုဖြစ်စဉ်ပြန်လည်ပြောပြသူအမည်(၂)၏ ပြောပြချက်

ကျွန်တော်အိမ်မှာရှိနေတဲ့အချိန်မှာ ကျွန်တော်သူငယ်ချင်းဂွမ်ဆိုင်းအောင်က ကျွန်တော်ကို ဖုန်းဆက်တယ်။ အဲဒီအချိန်မှာ ညနေ (၆) ခွဲလောက်ရှိပြီ "ကျွန်တော် ဖားကန့်ကရောက်လာပြီ ဆိုင်ထိုင်ရအောင် ဆိုပြီးပြောတယ်။ အဲတာနဲ့ကျွန်တော်က မောင်ဂွမ်ဆိုင်းအောင်နဲ့အတူ (၇) နာရီလောက်မှာ သွားလိုက်တယ်။ ရေးဗားဗျူးစားသောက်ဆိုင်ရောက်တော့ သူငယ်ချင်းတွေက ဘီယာသုံးပုလင်း လောက်သောက်ပြီးနေပြီ။ ကျွန်တော်တို့ (၂) ယောက်ရောက်တာနဲ့ (၅/၁၀) မိနစ်လောက်ကြာတဲ့ချိန်မှာ မောင်ဂွမ်ဆိုင်းအောင်က လာခဲ့ဖို့အတွက် ကျွန်တော်တို့ကိုဖုန်းဆက်တယ်။ အချိန်ကတော့ (၇)နာရီခွဲလောက်တော့ရှိမယ်။ အဲတာနဲ့ကျွန်တော်တို့ ရေးဗားဗျူး စားသောက်ဆိုင်ကနေပြီး " ဖ " ဆိုင်သို့ ပြန်သွားထိုင်လိုက်ကြတယ်။ ပြီးတော့ဆိုင်မှာ ခရုချက်မရှိလို့ ကျွန်တော်နဲ့**** က အပြင်ကိုသွားပြီးတော့ခရုချက်သွားဝယ်တယ်။

ခရုသွားဝယ်တဲ့အချိန် မြစ်ကြီးနားတည်းခိုခန်းရှေ့ ရောက်တော့ဆိုင်ကယ်ဆီကုန်သွားလို့ (၂၄ နာရီ) ဆိုင်မှာဆီသွားဝယ်ထည့်တယ်။ "ဖ"ဆိုင်ကိုပြန်ရောက်တာနဲ့ ကျွန်တော်တို့အတူသောက်နေ ကြတယ်။ သောက်ပြီးတော့ (၉)နာရီခွဲလောက်မှာ ပြန်ကြမယ်ဆိုပြီးတော့ထွက်ခဲ့ကြတယ် သုံးယောက် ကတော့စီတာပူ ဘက်ပြန်သွားတယ်။ ကျွန်တော်တို့လေးယောက်ကတော့ သီတာရပ်ကွက်ဘက်ကနေ ပြန်လာတယ်။ ဆိုင်ကယ်နှစ်စီးမှာ၊ မောင်****နဲ့မောင်****ကတစ်စီး၊ ဂွမ်ဆိုင်းအောင်နဲ့မောင်****ကတစ်စီးစုစုပေါင်း နှစ် စီးအတူယှဉ်ပြီးစီးလာခဲ့တယ်။ လမ်းမကြီးရောက်တဲ့အချိန်မှာ ဆိုင်ကယ်တစ်စီးမှာ ကောင်လေး(၁) ယောက်မောင်းပြီး ကောင်မလေး (၂)ယောက်က အနောက်စီးတဲ့ဆိုင်ကယ်တစ်စီး ကျွန်တော်တို့ဆိုင်ကယ်ကို ကျော်ပြီးဖြတ်သွားလိုက်တယ် အဲဒီအချိန်မှာသေဆုံးသူက "ဟော့၊ဟော့" ဆိုပြီးစနောက်လိုက်တယ်။ စ နောက်တာနဲ့မကြာဘူး။ စက္ကန့်ပိုင်းပဲရှိသေးတယ်၊ ကျွန်တော်တို့ရဲ့အနောက်မှာ စစ်သားနစ်ယောက်ကြား မှာ အရပ်သားတစ်ယောက်ညှပ်စီးတဲ့ ဆိုင်ကယ်တစ်စီးရောက်လာပြီး "ငါလိုးမသား" လို့ဆဲဆိုပြီးဖြတ် သွားလိုက်တယ်။ အဲ့ဒီလိုဆဲဆိုပြီးဖြတ်သွားတော့ ဂွမ်ဆိုင်းအောင်က "ဒါဗလိုင်းဆဲသွားတာ လိုက်ရှင်းရအောင်" ဆိုပြီးတော့ပြောတယ် အဲ့ဒီအချိန်မှာ ကျွန်တော်တို့ကသူ့ကိုပြောသေးတယ် လိုက်မရှင်း နဲ့ထားလိုက် သူတို့ကသေနတ်နဲ့လို့ပြောပြီး သွားလမ်းအတိုင်းဆိုင်ကယ်ဆက်မောင်းပြီးသွားတယ်။ အဲဒီအချိန်မှာကျွန်တော်တို့

သီတာမီးပွိုင့်ရောက်တော့ စစ်သားနဲ့သူတို့နဲ့အတူပါလာတဲ့ ကောင်မလေး တွေက မီးပွိုင့်နားက သစ်သီးဆိုင်နားမှာ ခတ်ဆီထည့်နေကြတယ်။ အဲဒီအချိန်မှာ ကျွန်တော်နဲ့မောင်**** ရှေ့မှာမောင်းပြီး ဂွမ်ဆိုင်းအောင်နဲ့မောင်****တို့က အနောက်မှာမောင်းတယ် ဂွမ်ဆိုင်းအောင်က ကချင်လိုဆဲလိုက်တာတော့ ကြားလိုက်တယ်။ အဲလိုနဲ့ကျွန်တော်တို့နှစ်ယောက်က ဒူကထောင်ဘက်ကိုပြန်ဖို့ကွေ့ဖို့ လုပ်နေချိန်မှာ ဂွမ်ဆိုင်းအောင်နဲ့ မောင်****က ဆိုင်ကယ်ရပ်လိုက်တယ် ကျွန်တော်တို့နှစ်ယောက်လည်း ရပ်လိုက်တယ်။ အဲချိန်မှာ သေနက်ကိုင်ထားတဲ့စစ်သား တစ်ယောက်က ရောက်လာပြီး "ငါ့ညီကို ထိုးတာမင်းတို့လား" ဆိုပြီး လာခဲ့တာတွေ့လိုက်တယ်။ ကျွန်တော်တို့နှစ်ယောက်ကတော့ ဆိုင်ကယ်ပေါ် မှာပဲထိုင်နေခဲ့တယ်။ ပြီးတော့ကျွန်တော်လည်းပြောတယ် "မဟုတ်ဘူးဆရာ၊ ကျွန်တော်တို့မဟုတ်ဘူး" လို့တောင်ပြောလိုက်တယ်။ အဲတာနဲ့ကျွန်တော်တို့နှစ်ယောက်က ဆိုင်ကယ်စက်ကိုရပ်ပြီး နောက်လည့် ကြည့်လိုက်တဲ့ချိန်မှာ ဂွမ်ဆိုင်းအောင်နဲ့ စစ်သားလုံးနေတာ တွေ့လိုက်ရတယ်၊ အဲလိုဖြစ်နေချိန်မှာပဲ သေနတ်သံ (၃) ချက်ကြားလိုက်တယ် သေနတ်သံကြားတာနဲ့ ကျွန်တော်တို့နှစ်ယောက် ဆိုင်ကယ်စက်နိုးပြီး မောင်းပြေးသွားလိုက်တယ်ပြီးတော့ "က.ည.န" ရုံးမရောက်ခင် ကုန်းအဆင်းလောက်မှာ ရပ်ပြီးကြည့် လိုက်တော့၊ ဂွမ်ဆိုင်းအောင်က လဲကျနေတာပဲတွေ့လိုက်ရတယ် စစ်သားတွေကိုတော့ မတွေ့တော့ဘူး။ အဲဒါနဲ့မောင်****ကိုပြန်တွေ့ပြီးတော့အိမ်ပြန်သွားလိုက်ကြတယ်။

**လူ့အခွင့်အရေးချိုးဖောက်ခံရမှု - မတရားပစ်ခတ်မှု**

| | |
|---|---|
| ချိုးဖောက်ခံရသူအမည် | - ဦး**** |
| ကျား/မ | - ကျား |
| အသက် | - ၇၂ နှစ် |
| အမျိုးသားမှတ်ပုံတင်အမှတ် | - ၁/မကန(နိုင်)**** |
| လူမျိုး | - ကချင် |
| ကိုးကွယ်သည့်ဘာသာ | - ခရစ်ယာန် |
| အိမ်ထောင်ရှိ/မရှိ | - ရှိ |
| နေရပ်လိပ်စာ | - ****ရပ်ကွက်၊ မြစ်ကြီးနားမြို့၊ ကချင်ပြည်နယ်။ |
| အခင်းဖြစ်ပွားသည့်နေ့ | - ၁၉ ရက်၊ အောက်တိုဘာလ၊ ၂၀၁၆ ခုနှစ်။ |
| ချိုးဖောက်သူ | - ခ.မ.ရ (၃၂၁) မြန်မာအစိုးရတပ်မတော် |
| | |
| အမှုဖြစ်စဉ်ပြန်လည်ပြောပြသူအမည် | - ချိုးဖောက်ခံရသူကိုယ်တိုင် |
| မှတ်တမ်းကောက်သည့်နေ့ | - ၁၄ ရက်၊ ဒီဇင်ဘာလ၊ ၂၀၁၆ခုနှစ်။ |
| မှတ်တမ်းကောက်သည့်အဖွဲ့အစည်း | - KWAT |

**အမှုဖြစ်စဉ်**

၂၀၁၆ခုနှစ်၊ အောက်တိုဘာလ၊ ၁၉ ရက်နေ့ ညနေ ၄ နာရီခွဲလောက် ကျွန်တော် ဘီဘာရာရွာရှိနေအိမ်တွင် ရှိနေစဉ် ခ.မ.ရ (၃၂၁)တပ်မှ ဘုန်းကြီးကျောင်းအနီးတဝိုက်သို့ ဗုံး ၂ ခါခွဲပြီး သေနတ်ဖြင့် ရွာထဲသို့ ပစ်ခတ်သဖြင့် ကျွန်တော့် ဦးခေါင်းနှင့် ရင်ဘတ်တွင် ကျည်ဆံများ မှန်ခဲ့ပါသည်။

ဒါဏ်ရာရသည့်နေရာမှ သွေးများ အထွက်လွန်နေသဖြင့် မော်တော်ကားငှားပြီး ခ.မ.ရ (၃၂၁) စခန်းသို့ သယ်ဆောင်လာပြီး အနာတွင်ဆေးထည့်ပေးရန်ပြောသော်လည်း ပတ်တီးသာ စည်းပေးသည်။ ဆေးမထည့်ပေးသဖြင့် အနာမှသွေးများ အဆက်မပြတ်ကျနေပြီး ခေါင်းလည်း မူးလာပါသည်။

စခန်းမှ ဆေးမထည့်ပေးနိုင်သဖြင့် မြစ်ကြီးနား စစ်တိုင်းဆေးရုံသို့ ကားဖြင့်ပြန်လိုက်ပို့သည်။ စစ်တိုင်းဆေးရုံတွင် ၂ ရက်နေခဲ့သည်။ ထိုဆေးရုံရောက်မှ ဦးခေါင်းတွင်ရှိနေသော ဗုံးအစအနများ ထုတ်ရသည်။ ရင်ဘတ်တွင်ရှိနေသော ဗုံးအစအနကတော့ ထုတ်လို့မရတော့ပေ။ ခွဲပြီးထုတ်လျှင်လည်း ကျန်းမာရေး ထိခိုက်နိုင်သောကြောင့် ဆရာဝန်မှ မထုတ်ရန်အကြံပေးသည်။ ယခုချိန်ထိရင်ဘတ်တွင် ဗုံးအစအနများရှိနေသည်။ ဆေးရုံတွင်ရှိနေချိန်လည်း ဆရာဝန်များမှ ခဏခဏလာပြီး စစ်ဆေးမေးမြန်းမှုများလုပ်ကြသည်။

ဘယ်သူမေးမေး KIA ဘက်ကပစ်သော ဗုံးစမှန်သည်ဟု ပြောရန် ဆရာဝန်များမှ ပြောထားသည်။ သို့သော်လည်း ထိုအချိန်တွင် KIA နှင့် အစိုးရစစ်တပ်ကြား စစ်ပွဲဖြစ်ပွားမှုများ မရှိသေးပေ။ အမှန်တကယ်ဆိုလျှင် ကျွန်တော်ကိုယ်တွင်မှန်သော ဗုံးအစအနများသည် ခ.မ.ရ (၃၂၁) တပ်များမှ ဖြစ်သည်ကို ကျွန်တော်သိသည်။ ဘာကြောင့်လဲဆိုတော့ အဲနားတစ်ဝိုက်ရှိ ဘုန်းကြီးကျောင်းတွင် ခ.မ.ရ (၃၂၁) တပ်မှ စစ်သားများသည် ဗုံးဖောက်ခြင်း၊ သေနတ်ပစ်ခြင်းများ ပြုလုပ်ပြီး၊ ကျည်ခွံများ လိုက်လံသိမ်းဆည်းနေသည်ကို တွေ့ရသောကြောင့် ဖြစ်သည်။

၂၀၁၆ ခုနှစ်၊ အောက်တိုဘာလ၊ ၂၀ ရက်နေ့တွင် ခ.မ.ရ (၃၂၁)မှ ဗိုလ်မှူးကြီးနှင့် စစ်သား အယောက် ၂၀ ကျွန်တော့်ကို စစ်တိုင်းဆေးရုံတွင် လာတွေ့သည်။ သို့သော်လည်း ဘာအကူအညီမှမပေးခဲ့ပေ။ ဗိုလ်ကြီးက တစ်ဖန် ဦး ****ကိုမှန်တဲ့ဗုံးအစအနတွေက KIAတွေ ဖက်ကပစ်လို့ မှန်တာ တွေဟုတ်တယ်နော် ဆိုပြီး လာပြောသည်။

ကျွန်တော်လည်း လက်နက်ကိုင်တပ်ဖွဲ့များ များလှသဖြင့် ဘယ်အဖွဲ့ရဲ့ ဗုံးမှန်လည်း မသေချာပေမဲ့၊ သိသလောက်ဆိုရင် ခ.မ.ရ (၃၂၁) တွေ ဗုံးဖောက် သေနတ်ပစ်နေတာတော့ တွေ့လို့သိတယ်။ ပြီးတော့ ကျွန်တော်တို့နေရာမှာ စစ်လည်းမဖြစ်သေးပါဘူး။ ဗိုလ်ကြီးလို့ပြောတော့ ဗိုလ်ကြီးက "ဘာပဲဖြစ်ဖြစ် ဘယ်သူလာမေးမေး KIA ရဲ့ဗုံးမှန်တယ်လို့ပဲ ဖြေရန်" ခြောက်လှန့် အမိန့် ပေးခဲ့သည်။

KIA တွေမဟုတ်ပဲ၊ ခ.မ.ရ (၃၂၁) တပ်တွေရဲ့ ဗုံးဆိုတာ သိထားသော်လည်း အမှန်ပြောရန် ခက်ခဲလှသည်။ စစ်တပ်မှလည်း KIA တွေရဲ့ဗုံး မှန်ခြင်းဖြစ်ကြောင်းသာ အတင်းအဓမ္မ ဝန်ခံခိုင်းနေသည်။ ဆေးရုံတက်နေသော်လည်း ခဏခဏလာရောက်မေးမြန်းစစ်ဆေးမှုများ လုပ်သဖြင့် ၂၀၁၆ ခုနှစ်၊ အောက်တိုဘာလ၊ ၂၀ ရက်နေ့တွင် ဆေးရုံဆင်းခဲ့သည်။

ဦးခေါင်းနှင့် ရင်ဘတ်တွင်ရှိသော အနာမှာ မပျောက်သေးပေ။ အသက်ကလည်း ၇၂ နှစ် ရှိပြီဖြစ်သောကြောင့် နာကျင်မှုဒါဏ်ကို ပိုခံစားရသည်။ ယခုလောလောဆယ်တော့ မိမိအိမ်တွင်သာ တိုင်းရင်းဆေးကုရင်း နေနေပါသည်။

ဦးခေါင်းနှင့် ရင်ဘတ်တွင်ရှိသောအနာများသည် လှုပ်လှုပ်ရှားရှားလုပ်ရင် နာနေသေးသည်။ တစ်ရက်တစ်ရက် သောက်ရသော ဆေးတန်ဖိုးမှာ ၂၀၀၀ ကျပ်မှ ၃၀၀၀ ကျပ်ဝန်းကျင် ကျသည်။

ခ.မ.ရ (၃၂၁) တွေ ရွာထဲကို ဗုံးဖောက် သေနတ်နှင့်ပစ်သောကြောင့် အိမ်မှာအေးအေးဆေးဆေး နေနေသော ကျွန်တော့် ခေါင်းနှင့် ရင်ဘတ်တွင် ဗုံးအစအနများ လာမှန်ပါသည်။ ကျွန်တော်ကိုယ်တိုင် ခ.မ.ရ (၃၂၁) တွေဖြစ်တယ်ဆိုတာ သိသော်လည်း သူတို့မှ KIAတွေလုပ်လို့ ဖြစ်တာဟု အတင်းအဓမ္မဝန်ခံ ခိုင်းပါသည်။

ယခုလို ကျွန်တော်အား မတရားသဖြင့်ဝန်ခံခိုင်းတာကို လုံးဝမနှစ်သက်ပေ။ အမှန်တရားပြောဆိုရန် အခွင့်အရေးမရှိသဖြင့် သတင်းစာရှင်းလင်းပွဲရှိရင် ကျွန်တော့်ကိုခေါ်ပါ။ ကျွန်တော်အကြောင်းအရင်း မှန်ကို ပြောချင်ပါတယ်။ ယခုလိုဖြစ်သွားတဲ့အတွက် အရင်ကလို ကျန်းမာရေးမကောင်းတော့ပေ။ အိမ်မှာရှိတဲ့ အိမ်သား ၈ ယောက်ကို ယာလုပ်ရင်း ကျွေးမွေးပြုစုရပါတယ်။ ကျွန်တော်ဖြစ်ချင်တာကတော့ ကျွန်တော့်မှာ မှန်တဲ့ဗုံးအစအနတွေဟာ ခမရ (၃၂၁) က ပစ်လို့ ဖြစ်တာပါဆိုတာကို တစ်ခြား လူတွေကို ရဲရဲဝံ့ဝံ့ ပြောချင်ပါတယ်။

အင်ဂျန်းယန်မြို့နယ်၊ ကချင်ပြည်နယ်။

| လူ့အခွင့်အရေးချိုးဖောက်မှု | - လက်နက်ကြီးထိမှန်မှု (ဒဏ်ရာရ) |
|---|---|
| ချိုးဖောက်ခံရသူအမည် | - မ**** |
| ကျား/မ | - မ |
| အသက် | - (၂) နှစ် (၆) လ |
| လူမျိုး | - ကချင် |
| ကိုးကွယ်သည့်ဘာသာ | - ခရစ်ယာန် |
| ပညာအရည်အချင်း | - ကျောင်းမတက်သေး |
| မိဘမည် | - ဦး**** နှင့် ဒေါ်**** |
| နေရပ်လိပ်စာ (ယခင်) | - ****ကျေးရွာ၊ အင်ဂျန်းယန်မြို့နယ်၊ကချင်ပြည်နယ်။ |
| နေရပ်လိပ်စာ (ယခု) | - ****၊ ဝိုင်းမော်မြို့နယ်၊ ကချင်ပြည်နယ်။ |
| အခင်းဖြစ်သည့်နေ့ | - ၁၆ ရက်၊ ဒီဇင်ဘာလ၊ ၂၀၁၆ ခုနှစ်။ |
| အခင်းဖြစ်သည့်နေရာ | - အောင်ရာ ကျေးရွာ၊ အင်ဂျန်းယန် မြို့နယ်၊ ကချင်ပြည်နယ်။ |
| ချိုးဖောက်သူ | - မြန်မာအစိုးရ တပ်မတော် |

| | |
|---|---|
| အမှုဖြစ်စဉ်ပြန်လည်ပြောပြသူအမည် | - ဒေါ်**** |
| ချိုးဖောက်ခံရသူနှင့် တော်စပ်ပုံ | - မိခင် |
| ကျား/မ | - မ |
| အသက် | - ၂၈ နှစ် |
| လူမျိုး | - ကချင် |
| ကိုးကွယ်သည့်ဘာသာ | - ခရစ်ယာန် |
| ပညာအရည်အချင်း | - တစ်တန်း |
| အလုပ်အကိုင် | - တောင်သူ |
| အိမ်ထောင်ရှိ/မရှိ | - ရှိ |
| ခင်ပွန်းအမည် | - ဦး**** |
| သား/သမီး | - မ (၁) |
| နေရပ်လိပ်စာ (ယခင်) | - ****ကျေးရွာ၊ အင်ဂျန်းယန်မြို့နယ်၊ ကချင်ပြည်နယ်။ |
| နေရပ်လိပ်စာ (ယခု) | - ****၊ ဝိုင်းမော်မြို့နယ်၊ ကချင်ပြည်နယ်။ |
| မှတ်တမ်းကောက်သည့်နေ့ | - ၁၄ ရက်၊ ဖေဖော်ဝါရီလ၊ ၂၀၁၇ ခုနှစ်။ မှတ်တမ်းကောက်သည့်အဖွဲ့အစည်း |

- SSDF၊ KWAT

**ပုံ (၁၂) - လက်နက်ကြီးထိမှန်ခြင်းကြောင့် လက်တွင်ဒဏ်ရာရရှိခဲ့သည့် မ******



အောင်ရာရွာမှာ ကချင်အိမ် (၄၈) အိမ် ရှိတဲ့အထဲက အချို့က အင်မိုင်ခမြစ်ဘက်မှာ လယ်လုပ်စားကြတယ်။ တစ်ချို့ကတော့ တောဘက်မှာ တောင်ယာ လုပ်ကိုင်စားသောက်ကြတာဖြစ်တယ်။ ၁၆ ရက်၊ ဒီဇင်ဘာလ၊ ၂၀၁၆ ခုနှစ်မနက်ပိုင်းမှာ တပ်မတော်လေယာဉ် (၄) စီးလောက် ရွာဘက်မှာ ပျံဝဲပြီး လာပစ်တယ်။ လေယာဉ် (၃) ကြိမ်မြောက် ရွာထဲကို ပျံဝဲတဲ့အချိန်မှာတော့ လေယာဉ်ပစ်ဗုံးတွေနဲ့ တောင်ယာလုပ်တဲ့ တောဘက်ကို လာပစ်တယ်။ ရွာဘက်ကိုတော့ မပစ်ဘူး။

ပထမအကြိမ် လာပစ်တဲ့အချိန်မှာ ကျွန်မကလေးကို ထိတာဖြစ်တယ်။ ကလေးရဲ့ ဘယ်ဘက်လက်က အကြော(၁) ခု ပြတ်သွားတယ်။ ကလေးရဲ့အဖေက ကလေးကို ပွေ့ချီပြီး ဝါးရုံတောဘက်မှာ ပုန်းအောင်းနေတဲ့ အချိန်မှာ ကလေးရဲ့ ဘယ်ဘက်လက်မှာ ဗုံးစထိမှန်သွားတော့ သူတို့သားအဖ ပုန်းတဲ့နေရာကနေ ပြန်ထွက်ပြေး ကြတယ်။ ကလေးအဖေ ပြောတာကတော့ "လက်မှာ ဗုံးထိတာနဲ့ ကလေးက ငိုလည်းမငို၊ စကားလည်း မပြောဘဲ ကြောင်တောင်တောင် ဖြစ်သွားတယ်" ဆိုပြီးပြောပြတယ်။ ဖြစ်တာနဲ့ချက်ချင်းရွာက ဆရာ (၁)ယောက် ဆီမှာ မေးခိုင်ဆေးသွားထိုးတယ်။

အဲဒီဖြစ်တဲ့နေ့မှာဘဲ ကျွန်မတို့ မိသားစုတွေ (၁၇-၁၈ ရက်၊ ဒီဇင်ဘာလ၊ ၂၀၁၆ ခုနှစ်) (၂) ရက်လောက် တောထဲမှာ ပုန်းခိုနေကြရတယ်။ ကလေးရဲ့ လက်ကအနာကိုတော့ ဒီတိုင်းဘဲ ပိတ်စနဲ့ အုပ်ထားပေးတယ်။ (၁၉ ရက်၊ ဒီဇင်ဘာလ၊ ၂၀၁၆ ခုနှစ်) မှာတော့ မန်ဒုန်ရွာမှာ အိပ်တယ်။ (၂၀ ရက်၊ ဒီဇင်ဘာလ၊ ၂၀၁၆ ခုနှစ်) နေ့မှာ မြစ်ကြီးနားကို ရောက်တယ်။ ရောက်တာနဲ့ ချက်ချင်းဘဲ ဆေးရုံကြီးကို သွားတယ်။ ဆရာဝန်တွေက မေးတော့ ဗုံးထိတယ်လို့ပြောပြလိုက်တယ်။ ဗုံးစ ရှိ/မရှိနဲ့ ပတ်သက်ပြီးမှတော့ ဆရာဝန်တွေဘာမှ မပြောဘူး။ ကလေးရဲ့ ဒဏ်ရာကို အနည်းငယ်ခွဲပြီးမှ ဆေးကြောပေးတယ်။ ပြီးတော့ ချုပ်ပေးထားတယ်။ ဆေးရုံ (၈) ရက်လောက် ဆေးကုသခံယူပြီး ဆေးရုံကနေဆင်းလာတဲ့အချိန်ကစပြီး ဆေးရုံလည်းပြန်မသွားဖြစ်တော့ဘူး။ ဆေးလည်း မစားတော့ဘူး။ ကလေးရဲ့ ဘယ်ဘက်လက်ခလယ်က အခုထိ ကွေးတာတို့ ဆန့်တာတို့ သိပ်ပြီး မလုပ်နိုင်ဘူး။ KBC ကနေ ကလေးရဲ့ဆေးကုသမှုအတွက် ကူညီပေးတယ်။ ဒီ ****စစ်ရှောင်စခန်း ကိုတော့ (၂၇ ရက်၊ ဒီဇင်ဘာလ၊ ၂၀၁၆ ခုနှစ်) နေ့ ရောက်လာတယ်။

## ချီဖွေမြို့နယ်၊ ကချင်ပြည်နယ်။

## လူ့အခွင့်အရေးချိုးဖောက်မှု - လက်နက်ကြီးထိမှန်မှု (ပျက်ဆီး)

| | |
|---|---|
| လက်နက်ကြီးထိမှန်သည့်အိမ် | - ****အခန်း နံပါတ်၊ ****စစ်ရှောင်စခန်း၊ ချီဖွေမြို့နယ်။ |
| အခင်းဖြစ်ပွားသည့်နေ့ | - ၂၅ ရက်၊ နိုဝင်ဘာလ၊ ၂၀၁၈ ခုနှစ် (ည ၉နာရီ ၅ မိနစ်) |
| ချိုးဖောက်သူ | - ရွှေညောင်ပင်တပ် ခ.မ.ရ (၃၂၁) |

အမှုဖြစ်စဉ်ပြန်လည်ပြောပြသူအမည်(၁) - မ****
လက်နက်ကြီးထိမှန်သည့်အိမ်နှင့်ဆက်စပ်ပုံ-****

| | |
|---|---|
| ကျား/မ | - မ |
| အသက် | - ၂၆ နှစ် |
| အမျိုးသားမှတ်ပုံတင်အမှတ် | - ၁/ခဖန (နိုင်) **** |
| လူမျိုး | - ကချင် |
| ကိုးကွယ်သည့်ဘာသာ | - ခရစ်ယာန် |
| အလုပ်အကိုင် | - **** |
| မိဘအမည် | - ဦး**** နှင့် ဒေါ်**** |

| | |
|---|---|
| အိမ်ထောင်ရှိ/မရှိ | - မရှိ |
| မောင်နှမ | - ၆ ယောက် |
| နေရပ်လိပ်စာယခင် | - ****၊ မချမ်းဘော့မြို့နယ်၊ ကချင်ပြည်နယ်။ |
| နေရပ်လိပ်စာ | - ****၊ မချမ်းဘော့မြို့နယ်၊ ကချင်ပြည်နယ်။ |

လက်နက်ကြီးထိမှန်သည့်အိမ်နှင့်ဆက်စပ်ပုံ- ဒေါ် ****

| | |
|---|---|
| ချိုးဖောက်ခံရသူနှင့် တော်စပ်ပုံ | - **** |
| ကျား/မ | - မ |
| အသက် | - ၃၂ နှစ် |
| လူမျိုး | - ကချင် |
| ကိုးကွယ်သည့်ဘာသာ | - ခရစ်ယာန် |
| ပညာအရည်အချင်း | - ၅ တန်း |
| အလုပ်အကိုင် | - တောင်သူ |
| အိမ်ထောင်ရှိ/မရှိ | - ရှိ |
| ခင်ပွန်းအမည် | - ဦး**** |
| သား/သမီး | - ကျား(၁)၊ မ(၁) |
| နေရပ်လိပ်စာ(ယခင်) | - ****ကျေးရွာ၊ ချီဖွေမြို့နယ်၊ ကချင်ပြည်နယ်။ |
| ယခုနေရပ်လိပ်စာ | - ****၊ ချီဖွေမြို့နယ်၊ ကချင်ပြည်နယ်။ |
| မှတ်တမ်းကောက်သည့်နေ့ | - ၁၁ ရက်၊ ဒီဇင်ဘာလ၊ ၂၀၁၈ ခုနှစ် |
| မှတ်တမ်းကောက်သည့်အဖွဲ့အစည်း | - SSDF |

## အမှုဖြစ်စဉ်ပြန်လည်ပြောပြသူအမည်(၁) ၏ ပြောပြချက်

အမေနဲ့ အဖေက ခါတိုင်းဆို တောင်ယာမှာဘဲ နေတယ်။ အဲဒီညတော့ ဒီမှာ ခရစ်စမတ်ပွဲအတွက် အစည်းအဝေးရှိတယ်ဆိုပြီး တောင်ယာကနေ အိမ်ပြန်လာတယ်။ ညရောက်တော့ အမေက ယောက်မတို့အိမ်မှာ TV သွားကြည့်နေတယ်။ အဖေက အစည်းအဝေးသွားနေတယ်။ အိမ်မှာက ဘယ်သူမှ မရှိဘူး။ ကျွန်မက သီချင်းတိုက်ပြီးတော့ အိမ်ပြန်သွားတယ်။ ဝက်စာချက်ရမယ်ဆိုပြီး ဝက်စာမွှေပြီးနောက် ခြေလက်မျက်နှာ သွားသစ်နေတာ။

အဲဒီအချိန်မှာ သေနတ်ပစ်သံ ကြားရတယ်။ ၃ ချက် ၄ ချက်လောက် ပစ်တဲ့အချိန်မှာ ကျည်ကျခဲ့တာဖြစ်တယ်။ မီတာဘောက်မှာ ထိသွားတယ် ထင်တယ်။ ရေကန်က မီးက မလာတော့ဘူး။ တံခါးပေါက်မှာကို ဖြစ်နေတဲ့အတွက် ကျွန်မအိမ်ပေါ်ကို တက်လာတဲ့အချိန်မှာ နင်းမိသွားတယ်။ ကျည်က မြေကြီးမှာ မြှုပ်ဝင်သွားတာ ဖြစ်တယ်။ အရမ်းမှောင်တော့ ဘယ်နေရာမှာ ကျမှန်းမသိဘူး။ နင်းမိသွားတဲ့အချိန်ကြမှ ဒီမှာကျနေတယ် ဆိုတာသိသွားတယ်။ ကျွန်မလည်းကြောက်ပြီး အမေကို သွားပြောတဲ့အချိန်မှ စစ်ရှောင်စခန်းမှာ ရှိတဲ့ သူတွေအားလုံးလည်း ကုန်းပေါ်ကို တက်သွားကြတယ်။ ဒီကုန်းပေါ်ကို တက်သွားတဲ့အချိန်မှာတောင် ပုံးကျတယ်ဆိုတာ မသိဘူး။ ဒီဘက်ကို ပြန်လာကြည့်တော့မှ အိမ်ခေါင်မိုးတွေက ပျက်နေတော့ ဒီမှာကျတာသိသွားတယ်။

တံခါးပေါက်မှာ ဖြစ်နေတဲ့အတွက် အခုအဲဒီအိမ်မှာ မနေတော့ဘူး။ သူတို့လည်း မနေခိုင်းဘူး "အဲဒီမှာ နင်းမိရင် ကွဲလာမယ်။ ၃ လ လောက်ဆိုရင်တော့ ဆားကအရည်ပျော် ဝင်သွားပြီး သံချေးတက်သွားမယ် ဆိုရင်တော့ မကွဲတော့ဘူး" ဆိုပြီးပြောတယ်။ ၃ လလောက်နေရင် မကွဲတော့ဘူးလို့ဘဲ ပြောတယ်။ ယူပေးမယ် ဆိုပြီးလည်း မပြောဘူး။ သူတို့ ယူမပေး လိုက်ရင်တော့ ၃ လပြည့်ရင်လည်း ကျွန်မတို့က မနေရဲဘူး။

အမေက "တံခါးပေါက်ရှေ့ပြီး နေရမလား မသိဘူး။" ဆိုပြီးပြောတယ်။ တောင်ယာကနေ အိမ်ပြန် လာမယ်ဆိုရင် အကိုတို့အခန်းမှာဘဲ ဆိုတော့ နေရာကကျဉ်းတော့ နေရထိုင်ရ အဆင်မပြေဘူး။ အခု လူကြီးတွေကလည်း တခြားအခန်းမရှိဘူး ဆိုပြီးပြောတော့ အကိုတို့ အခန်းမှာဘဲ နေရတယ်။ လောလောဆယ်တော့ အခန်းတစ်ခန်းလောက်ရရင် အဆင်ပြေတယ်။ အခုအဖေနဲ့ အမေကလည်း စပါးတွေရိတ်ပြီးသွားပြီ ဒီမှာ ပြန်လာမယ် ဆိုလည်း အခန်းမရှိတော့ မပြန်လာနိုင်ဘူးဖြစ်နေတယ်။

အိမ်နီးနားချင်းတွေကလည်း "ကွဲလာရင်တော့ ကြောက်ရမှာဖြစ်တယ် သူတို့ (အာဏာပိုင်) တွေတောင် ကြောက်ပြီးမှ လာမထုတ်တာဖြစ်တယ်။ မြန်မြန် လာထုတ်ပေးရင်ကောင်းတယ်။" ဆိုပြီး ပြောနေကြတယ်။

ဒီတစ်ပါတ်ထဲမှာဘဲ လူကြီးတွေက "လက်နက်ကျည်ထုတ်ဖို့ သွားပြောပေးမယ်လို့ပြောတယ်။ ဘယ်လိုပြောလာမလဲတော့ မသိဘူး" ဆိုပြီးပြောတာတော့ ရှိတယ်။ အမေနဲ့ အဖေကလည်း စစ်ရှောင်စခန်း တာဝန်ခံတွေကို သွားပြောတယ်။ သူတို့လည်း ဘာမှ အကြောင်းမပြန်ကြဘူး။

## အမှုဖြစ်စဉ်ပြန်လည်ပြောပြသူအမည်(၂)၏ ပြောပြချက်

အခုအဲဒီလက်နက်ကျည်ကျတဲ့နေရာမှာ သူတို့က (စစ်တပ်)ဆားလာပုံထားတော့ နွားတွေ ခဏခဏလာတော့ မောင်းနေရတယ်။ ညညဆို အိပ်လို့မပျော်ဘူး။ ကျွဲ၊ နွားတွေ လာနင်းရင်တော့ ပေါက်ကွဲမှာလည်း စိုးရိမ်တယ်။ ကလေးတွေကို အိမ်မှာထားခဲ့ရင်လည်း အဲဒီလက်နက်ကျည်ကျတဲ့နေရာမှာ သွားဆော့မိမှာ စိုးရိမ်နေရတယ်။ ကျွန်မတို့ကို မိုင်းနဲ့ ပတ်သက်ပြီး ကြက်ခြေနီအဖွဲ့တွေ ပညာလာပေးတာတော့ ရှိတယ်။

သူတို့(စစ်တပ်) ပြောတာက "ဆားထည့်ထားပြီဆိုတော့ သုံးလ လောက်ကြာရင်တော့ မပေါက်တော့ဘူး ထင်တယ်" ဆိုပြီးပြောတယ်။ ကျွန်မတို့ အထင်တော့ သူတို့ ဆားထည့်ထားတဲ့နေရာနဲ့ ကျည်ရှိတဲ့နေရာနဲ့ လွဲနေတယ် ထင်တယ်။ ဒီလက်နက်ကျည်ရှိနေတဲ့အတွက် စစ်ရှောင်စခန်းက လူတွေ အားလုံးလည်း စိုးရိမ်ကြတယ်။ အန္တရာယ်ကင်းအောင် လာယူသွားရင်တော့ ကောင်းမယ်လို့အားလုံးက မျှော်လင့်ကြတယ်။

၂၆ ရက်နေ့မှာ သူတို့ တစ်ခေါက်တော့လာပြီး ခြံလာကာသွားကြတယ်။ နောက်တော့ မလာတော့ဘူး။ ဒီမှာခြံလာကာတဲ့အချိန်မှာ တပ်ရင်းမှူးပြန်သွားတဲ့နောက် စစ်သားတွေက "ငါတို့ ဗုံးမဟုတ်ရင် ဘယ်သူ့ဗုံးလဲ အဲဒီလိုပြန်ငြင်းသေးတယ်။ ငါတို့ဘဲပစ်တဲ့ဟာကို။ ငါတို့က ဒုက္ခရောက်တယ်။ အခုခြံကာရတယ်" ဆိုပြီး ပြောနေကြတယ်။

စစ်ရှောင်စခန်းက စစ်တပ် (၂) ခုရဲ့ အလယ်မှာ ရှိနေတော့ ဘယ်ဘက်က ပစ်သည်ဖြစ်စေ ဒီမှာ ကျနိုင်တဲ့ အနေအထားဖြစ်နေတယ်။ မနစ်တုန်းကလည်း ခြံနားမှာ တစ်ခုကျတယ်။ အဲဒါလည်း မပေါက်ဘူး။ မနစ်ရော ဒီနစ်ရော ဒီဘက် (မြန်မာအစိုးရ စစ်တပ်ဘက်) ကနေ ပစ်တယ်ထင်တယ်။ အသံက အဲဒီဘက်ကနေကြားတယ်။ ကျွန်မတို့က ပြောင်းမဲ့နေရာ ရှိရင်တော့ ပြောင်းဖို့ ဆန္ဒရှိတယ်။

နဂိုနေတဲ့နေရာကို ပြန်ဖို့အတွက်က မျှော်လင့်တယ်။ ဒါပေမဲ့ ပစ်ထားတဲ့ ဗုံးတွေအများကြီးရှိတော့ ကြောက်တယ်။ ပြန်လို့ရပြီဆိုရင်တော့ ဗုံးတွေရှင်းပေးမယ်၊ ဗုံးတွေ မရှိတော့ဘူးဆိုရင်တော့ ပြန်မယ်။ စစ်ရှောင်စခန်း နဲ့ အစိုးရစစ်တပ်က မြေပြင်နဲ့ ဆိုရင် ၂ မိုင်လောက်ဝေးတယ်။ KIA တပ်(ကချင်လွတ်မြောက်ရေး တပ်မတော်) နဲ့က ၇ မိုင် လောက်ဝေးတယ်။ လက်နက်ကိုင် (၂) ဖက်စလုံးကို ပြောချင်တာက ရန်မဖြစ်ဘဲနဲ့ ကောင်းကောင်းမွန်မွန်နေပါဆိုပြီး ပြောချင်တယ်။

## ဝိုင်းမော်မြို့နယ်၊ ကချင်ပြည်နယ်။

| လူ့အခွင့်အရေးချိုးဖောက်မှု | - မလျော်မကန်ပြုမှုဆက်ဆံမှု |
|---|---|
| ချိုးဖောက်ခံရသူအမည် | - ဦး**** |
| ကျား/မ | - ကျား |
| အသက် | - ၄၇ နှစ် |
| လူမျိုး | - ကချင် |
| အလုပ်အကိုင် | - လက်လုပ်လက်စား |
| အိမ်ထောင်ရှိ/မရှိ | - ရှိ |
| ဇနီးအမည် (သို့) ခင်ပွန်းအမည် | - ဒေါ် **** |
| သား/သမီး | - ကျား (၁)၊ မ (၁) |
| နေရပ်လိပ်စာ | - ****ကျေးရွာ၊ ဝိုင်းမော်မြို့နယ်၊ ကချင်ပြည်နယ်။ |
| အခင်းဖြစ်ပွားသည့်နေ့ | - ၃ ရက်၊ ဒီဇင်ဘာလ၊ ၂၀၁၅ ခုနှစ် (ညနေပိုင်း ၄း၁၅ မိနစ်) |
| အခင်းဖြစ်ပွားသည့်နေရာ | - **** နောင်းချိန်း ကျေးရွာ၊ ဝိုင်းမော်မြို့နယ်၊ ကချင်ပြည်နယ်။ |
| ချိုးဖောက်သူ | - ဗိုလ်ချုပ်လမိုင်လတောင် (ပြည်သူ့စစ်) |
| | |
| အမှုဖြစ်စဉ်ပြန်လည်ပြောပြသူအမည် | - ချိုးဖောက်ခံရသူကိုယ်တိုင် |
| မှတ်တမ်းကောက်သည့်နေ့ | - ၁၃ ရက်၊ ဇန်နဝါရီလ၊ ၂၀၁၆ ခုနှစ်။ |
| မှတ်တမ်းကောက်သည့်အဖွဲ့အစည်း | - SSDF |

“ဦး**** နဲ့ အတူ ကျွန်တော်တို့အိမ်ရှေ့မှာ ရပ်နေတဲ့အချိန်မှာ ဗိုလ်ချုပ်လမိုင်လတောင်က ကျွန်တော့် ပါးစပ်မှာ (၃) ကြိမ်လာထိုးပေးတယ်။ ‘ကျွန်တော်ဘာမှားသလဲ’ လို့ မေးတော့ ‘ဘာပြောတယ်’ ဆိုပြီးတော့ သေနတ်နဲ့ ရိုက်တယ်။ ကျောက်ခဲနဲ့လည်း ရိုက်တယ်။ သေနတ်ချိန်ဖို့ ရွယ်လာတော့ သူ့လက်ထောက်က ခေါ်သွားတယ်။

အဲဒီအချိန်မှာ ကျွန်တော်အနွေးအင်္ကျီ ကော်ဖီရောင်ဝတ်ထားတယ်။ ကျွန်တော်သူ့ကိုပြောမှားတာ ဘာမှ မရှိဘူး၊ အရင်ကတည်းကလည်း သူနဲ့မသိဘူး။ ကျွန်တော်နဲ့အတူနေနေတဲ့ ဦး****ကိုတော့ ဘာမှ မလုပ်ဘူး။ သူ့မှာက သေနတ်အတို ပါနေတော့ ကျွန်တော်ဘာမှ ပြန်မပြောတော့ဘူး။

ကျွန်တော့အိမ်နားမှာရှိတဲ့ ဆိုင်ကယ်ပြင်ဆိုင်က ဗမာကောင်လေးက ဆိုင်ကယ်ခေါင်းခြမ်း အကြောင်း ပြောနေတာကိုကြားတော့ ဗိုလ်ချုပ်လမိုင်လတောင်က ဆဲလည်းဆဲ၊ ဘာပြောတာလည်း ဆိုပြီးတော့ ရန်ပြန်စလာတယ်။ အတက်မကောင်းတဲ့အကြောင်း ပြောနေကြခြင်းဖြစ်တယ်လို့ ရှင်းပြတာကို သတ်မယ် ဆိုပြီး သေနတ်တွေထုတ်လာပြီး ဗမာကောင်ကို ခေါင်းမှာတစ်ချက်ထိုးပြီး တစ်ချက် ပစ်စတိုနဲ့ခေါင်းမှာ ထုတယ်။”

“သူတို့ (ဗိုလ်ချုပ် လမိုင်လတောင်နှင့် သူ၏လက်ထောက်)က မလိဘုန်စင်ဆိုင်ဖွင့်ပွဲမှာ အရက်သောက်ပြီး မူးပြီးပြန်လာတဲ့ အချိန်ဖြစ်တယ်။

ကျွန်တော့ကို ထိုးထားတဲ့နေရာမှာ နှစ်ပတ်လောက်ရောင်သွားတယ်။ ခေါင်းလည်းမူးတယ်။ အခုထိတောင် နည်းနည်းရောင်နေသေးတယ်။ နောက်တော့ဆေးကုဖို့ ဆေးဖိုးတောင်းတော့ ဗမာကောင်နဲ့ ကျွန်တော်တို့ နှစ်ယောက်ကိုပေါင်းပြီး ဆေးဖိုး (၅သောင်း) ကို ဗိုလ်ချုပ်ခေါ်န်တောင် လာပေးတယ်။

သူ့(ဗိုလ်ချုပ် လမိုင်လတောင်)ကို ဗိုလ်ချုပ်ရာထူးကနေ စစ်သားရာထူးချလိုက်တယ်။ သူတို့ ကျွန်းခြံစစ်ခုံရုံး ကနေ

အလုပ်ကြမ်း တစ်လ လုပ်ဖို့အတွက်လဲ အမိန့်ချမှတ်လိုက်တယ်။”

**လူ့အခွင့်အရေးချိုးဖောက်မှု - မလျော်မကန်ပြုမူဆက်ဆံမှု နှင့် ပိုင်ဆိုင်မှုကို ချိုးဖောက်မှု**

| | |
|---|---|
| ချိုးဖောက်ခံရသူအမည် | - ဦး**** |
| ကျား/မ | - ကျား |
| အသက် | - ၆၀ နှစ် (ကျော်) |
| အလုပ်အကိုင် | - တောင်သူ (****) |
| အခင်းဖြစ်ပွားသည့်နေ့ | - ၇ ရက်၊ ဇန်နဝါရီလ၊ ၂၀၁၆ ခုနှစ် |
| အခင်းဖြစ်ပွားသည့်နေရာ | - ဗိုင်းမော်မြို့နယ်၊ ကချင်ပြည်နယ်။ |
| ချိုးဖောက်သူ | - ဒု-ဥက္ကဌ ဦးပဒိပ်ဂမ်အောင် နှင့် ဦးဂမ်ဆိုင်း (ပြည်သူ့စစ်) |

| | |
|---|---|
| အမှုဖြစ်စဉ်ပြန်လည်ပြောပြသူအမည် | - ဦး**** |
| ချိုးဖောက်ခံရသူနှင့် တော်စပ်ပုံ | - အိမ်နီးချင်း |
| ကျား/မ | - ကျား |
| အလုပ်အကိုင် | - **** |
| အိမ်ထောင်ရှိ/မရှိ | - ရှိ |
| ဇနီးအမည် | - ဒေါ်**** |
| သား/သမီး | - ကျား (၃)၊ မ (၁) |
| နေရပ်လိပ်စာ | - ****၊ နောင်းချိန်းကျေးရွာ၊ ဗိုင်းမော်မြို့နယ်၊ ကချင်ပြည်နယ်။ |
| မှတ်တမ်းကောက်သည့်နေ့ | - ၁၃ ရက်၊ ဇန်နဝါရီလ၊ ၂၀၁၆ ခုနှစ်။ |
| မှတ်တမ်းကောက်သည့်အဖွဲ့အစည်း | - SSDF |

လွန်ခဲ့တဲ့ နှစ်ပတ်ကျော်လောက်က ဒုဥက္ကဌဦးပဒိပ်ဂမ်အောင်က ‘ကို****ခင်ဗျားဝယ်ထားတဲ့ခြံ ဘယ်နားမှာလဲ ကျွန်တော့်ကိုပြောပြပါ’ ဆိုပြီးကျွန်တော့်ကိုလာခေါ်တော့ ကျွန်တော်က ကျွန်တော့်ခြံကို သွားပြတယ်။

နောက်တော့ ဒုဥက္ကဌဦးပဒိပ်ဂမ်အောင်က ကျွန်တော်တို့အားလုံးကို ခြံကိစ္စနဲ့ပတ်သက်ပြီးတော့ စစ်ဆေးမယ်ပြောတော့ ကျွန်တော်တို့အားလုံးလည်း “အဘနေရာဆိုတာ ဘယ်နေရာမှာတုံး ပြောပြပါအုံး” လို့ပြောတော့ ဟိုနေရာလို ဒီနေရာလို ပြောနေတယ်။ နောက်ဆုံးတော့ ‘မင်းတို့ဆီက နည်းနည်းစီ အဘကိုလည်းဖဲ့ပေးကြပါအုံး’တဲ့။ ကျွန်တော်တို့နေရာက တစ်ဧက၊ နှစ်ဧကပဲရှိတာ ဘယ်လိုသွားဖဲ့ပေးမှာလဲ။ ကို****၊ ဦး****၊ ကို****၊ ကို****နဲ့ အဲဒီနေရာကိုအားလုံးပေါင်း ၆ဦး ပိုင်တဲ့နေရာပေါ့။

အဲဒီနေ့မှာဘဲ ရွာမှူးကို သူခေါ်ခိုင်းတဲ့ သက်ဆိုင်တဲ့သူတွေအကုန်လုံးကို သူ မခေါ်ထားပေးဘူးဆိုပြီး အညိုးထားလိုက်တာ။ ‘မင်းက ငါ့ကို ဘယ်တော့မဆို မလေးမစားလုပ်တယ်။ နောက်ပြီးမင်းနဲ့ငါနဲ့ ရုံးမှာစကားပြောချိန် ငါ့ကို နှုတ်ဆက်ပြီး မပြန်ဘူး’ ဆိုပြီး ရွာမှူးကို အပြစ်တင်နေတယ်။

(၇) ရက်နေ့ရောက်တော့ ရွာမှူးကကျွန်တော်တို့ကို လာခေါ်တယ်။ ရွာမှူးကဘုရားတရားနဲ့ နေတဲ့လူဆိုတော့ အရက်မသောက်ဘူး။ ချိန်းထားတဲ့နေရာက အရက်ဆိုင်မှာ ဖြစ်တယ်။ (ဦးလဆန်အောင်ရဲ့ ဒုဥက္ကဌ) ဦးဂမ်ဆိုင်းက ‘ခင်ဗျားကို ကျွန်တော်ဒေါ်****ကိုခေါ်ခိုင်းထားတာ မင်းလိုကောင်မျိုးက ရွာမှူး မလုပ်သင့်ဘူး လည်ပင်းတောင်ပြတ်သွားမယ်’ ဆိုပြီးတော့ ရွာမှူးကို လက်သီးနဲ့ (သုံးချက်) ထိုးလိုက်တယ်၊ ပါးတစ်ချက် ရိုက်တယ်။

'ဗိုလ်ကြီး အဲလိုကြီးတော့ မလုပ်သင့်ဘူးနော်။ သူလည်းအသက်ကြီးပြီ နောက်ရွာမှူး လုပ်ခဲ့တာလည်းကြာပြီ' လို့ကျွန်တော်ကပြောတော့ 'ခင်ဗျားနဲ့မဆိုင်ဘူး' ဆိုပြီးပြောတယ်။ နောက်ထပ် ပြန်ထိုးမယ်လုပ်လာတော့ 'ဗိုလ်ကြီး ရုံးမှာသွား ဖြေရှင်းရအောင်' လို့ ကျွန်တော်ပြောလိုက်တယ်။

နောက်တစ်ရက်ရောက်တော့ ကျွန်တော်တို့အားလုံးကို ပြန်ခေါ်ပြီး ဒုဥက္ကဋ္ဌဦးပဒိပ်ဂမ်အောင်က 'အဲဒီနေ့ ဖြစ်တဲ့အမှုက မင်းငါ့စကားကိုနားမထောင်လို့ နောက်ဒီလိုမဖြစ်စေနဲ့' ဆိုပြီးပြောတယ်။ ကျွန်တော်တို့ အားလုံးလည်း မြေတိုင်းမြေခွန်ကထုတ်ပေးထားတဲ့ ခြံရဲ့ပြေစာတွေရှိပြီးသား။ ရွာမှူး ဦး****က စိတ်ကုန်တဲ့ အတွက်ထင်တယ် 'ကျွန်တော်ဒီခြံကို အဘကို အပ်လိုက်တော့မယ်။ ပြေစာလည်းအပ်ပေးမယ်' ဆိုပြီး ပြောလာတယ်။ အားလုံးပေါင်း (၃ ဧက) လောက်ရှိတယ်။

| | |
|---|---|
| **လူ့အခွင့်အရေးချိုးဖောက်မှု** | **- မတရားဖမ်းဆီးမှု နှင့် ညှင်းပမ်းနှိပ်စက်မှု** |
| ချိုးဖောက်ခံရသူအမည် | - ဦး**** |
| ကျား/မ | - ကျား |
| အသက် | - ၃၈ နှစ် |
| အမျိုးသားမှတ်ပုံတင်အမှတ် | - ၁/ဝမန(နိုင်)**** |
| လူမျိုး | - ကချင် |
| ကိုးကွယ်သည့်ဘာသာ | - ခရစ်ယာန် |
| ပညာအရည်အချင်း | - BTH |
| အလုပ်အကိုင် | - **** |
| မိဘမည် | - ဦး**** နှင့် ဒေါ်**** |
| အိမ်ထောင်ရှိ/မရှိ | - ရှိ |
| ဇနီးအမည် | - ဒေါ်**** |
| နေရပ်လိပ်စာ | - ****၊ ဝိုင်းမော် မြို့နယ်၊ ကချင်ပြည်နယ်။ |
| အခင်းဖြစ်ပွားသည့်နေ့ | - ၃၁ ရက်၊ ဩဂုတ်လ၊ ၂၀၁၈ ခုနှစ်။ |
| အခင်းဖြစ်ပွားသည့်နေရာ | - ဆဒုံးမြို့၊ ဝိုင်းမော်မြို့နယ်၊ ကချင်ပြည်နယ်။ |
| ချိုးဖောက်သူ | - (၁၀၀၃) နယ်ခြားစောင့်တပ် မှ ဝေါ်ဆုတ်ဒေါင်ခေါင် နှင့် တပ်သားများ |

| | |
|---|---|
| အမှုဖြစ်စဉ်ပြန်လည်ပြောပြသူအမည် | - ချိုးဖောက်ခံရသူ ကိုယ်တိုင် |
| မှတ်တမ်းကောက်သည့်နေ့ | - ၃၁ ရက်၊ စက်တင်ဘာလ၊ ၂၀၁၈ ခုနှစ်။ |
| မှတ်တမ်းကောက်သည့်အဖွဲ့အစည်း | - SSDF ၊ KWAT |

**ပုံ (၁၃) -မတရားဖမ်းဆီး ညှင်းပမ်းနှိပ်စက်ခံရသည့် ဦး******



**အမှုဖြစ်စဉ်**

(၃၀) ရက် ဇူလိုင်လ ၂၀၁၈ ခုနှစ် ညနေဘက်မှာ ဆဒုံးက ကျွန်တော်တို့အိမ်ငှားတဲ့ အမက နယ်ခြားစောင့်တွေ ရေမြောင်းလုပ်မဲ့ အစီအစဉ်နဲ့ ပတ်သက်ပြီး ကျွန်တော့ကို ဖုန်းဆက်လာခဲ့တယ်။ ကျွန်တော် ၃၁ ရက်နေ့မှာ အိမ်ရောက်ပြီး အိမ်ငှားတဲ့အမတွေနဲ့ စကားပြောနေကြတယ်။ မနက် (၁၁:၁၅) လောက်မှာ နယ်ခြားစောင့်တွေ ရောက်လာကြတယ်။ သူတို့က ဆဒုံးဘုရားကျောင်းဘက် ကနေ ရေမြောင်းလုပ်ပြီး ကျွန်တော်တို့ အိမ်ဘက်ကို ရောက်လာတာ ဖြစ်တယ်။ အသင်းတော် စီမံခန့်ခွဲရေးမှူး**** နဲ့ ဆရာ**** တို့ကို မေးကြည့်တော့လည်း သူတို့ကိုလည်း "ဘာမှညှိစရာမလိုဘူး" လို့ပြောတယ်တဲ့။

ကျွန်တော်တို့အိမ်နဲ့ ဆိုင်ခန်းကြားမှာ ကျွန်တော်နဲ့ ဝေါ်ဆုတ်ခေါင်ခေါင် စကားပြောပြီး ကျွန်တော်က သူ့ကို မေးတယ် "ဒီရေမြောင်းကို မဖျက်ဆီးဘဲ လုပ်ရင်ရနိုင်မလား။ ကျွန်တော်တို့နေရာက အခုမြို့အဖြစ် သတ်မှတ်ထားတော့ စည်ပင်တွေလည်းရှိနေပြီ သူတို့ကောသိကြရဲ့လား။ မြေတိုင်းတွေကော သိကြရဲ့လား။ ရပ်ကွက် အုပ်ချုပ်ရေးမှူးတွေကော သိကြရဲ့လား။" ဆိုပြီးမေးတော့ သူကပြောတယ် "ရေမြောင်းကို မဖျက်လို့မရဘူး။ ဒီနယ်မြေမှာ ဘယ်အစိုးရမှ ဖွံ့ဖြိုးရေးလုပ်ငန်းတွေ မလုပ်ပေးဘူး။ အရင်လည်း မလုပ်ပေးဘူး။ အခုလည်းမလုပ်ပေးဘူး။ ငါတို့ ဒေသအာဏာပိုင်တွေဘဲ လုပ်တယ်။ အခုက အာဏာနဲ့ လုပ်တာဖြစ်တယ်။ ဖိအားလာမပေးနဲ့။" ဆိုပြီးသူက စိတ်တိုတဲ့ အသံနဲ့ ပြောလာတယ်။ ကျွန်တော်ကလည်း စိတ်တော့တိုသွားတယ် ဒါပေမဲ့ ကောင်းကောင်းမွန်မွန်နဲ့ သူ့ကို ပြောပြတာက "အခုဒီရေမြောင်းမှာ ကွန်ကရစ်လောင်းထားတာလည်း ငွေကုန်ခံပြီး လုပ်ထားတာဖြစ်တယ်။ ကျွန်တော့ဘက်က နစ်နာလာလို့ ညှိတဲ့ သဘောဘဲဖြစ်တယ်။" ဆိုပြီးပြောတော့ သူတို့က "ဘာမှ ညှိစရာမလိုဘူး။ မင်းကဘာဖြစ်ချင်လဲ။ ဘာတင်းနေတာလဲ။" ဆိုပြီးပြောလာတယ်။ ကျွန်တော်လည်းသူ့ကို "မင်းအာဏာနဲ့ ငါ့ကိုထောင်ထဲ ထည့်ချင်တယ်မလား။" ဆိုပြောတော့ သူက တခါတည်းကျွန်တော့ကို ထိုးတော့တယ်။ ပထမ သူထိုးတဲ့ အချိန်မှာတော့ ကောင်းကောင်းတွေ့လိုက်တယ်။ နောက်ပိုင်း ထိုးတဲ့အချိန်မှာတော့ ကျွန်တော် ခေါင်းငုံ့ပြီး လက်နဲ့ကာလိုက်တဲ့အချိန်မှာတော့ သူ့ရဲ့လက်အောက်ငယ်သား (၁၀) ယောက်ကျော်က ရောက်လာပြီး ဝိုင်းထိုးတော့တယ်။ ကျွန်တော့်ကိုဝိုင်းထိုးနေတဲ့အချိန်မှာ ဆရာ****ကမြင်တော့ ကျွန်တော့်ကို မထိုးဖို့ လာဆွဲတဲ့အချိန်မှာ သူ့ကိုပြန်ထိုးတယ်။ ကျွန်တော့် လက် (၂) ဖက်ကို လူ (၂) ယောက်ကိုင်ထားပြီးတော့ အလယ်မှာ ဝေါ်ဆုတ်က ကျွန်တော့်လည်ပင်းညှစ်ပြီး ထိုးနေတယ်။ သူ့ကိုဝိုင်းထိုးနေတဲ့အချိန်မှာ နယ်ခြားစောင့် အဖွဲ့ဝင် တစ်ယောက် ရောက်လာပြီး ဆရာ****က အသင်းတော်ဆရာဖြစ်တယ် ဆိုပြီး လာပြောတော့မှ သူ့ကို ဝိုင်းထိုးတာ ရပ်လိုက်ကြတယ်။ အဲဒီအချိန်မှာ ကျွန်တော့်ကိုတော့ ဝိုင်းထိုးနေသေးတယ်။

ကျွန်တော့မိန်းမက ကျွန်တော့ကိုထိုးနေတဲ့ ဝေါ်ဆုတ် ရဲ့လက်ကို ပြန်လာဆွဲတော့ သူ့ကိုလည်း ပါးမှာ (၂) ချက် ပြန်ထိုးလိုက်တယ်။ ကျွန်တော့မိန်းမက သူ့ကို (၃) ကြိမ်မြောက် ထိုးတဲ့အချိန်မှာ အော်လိုက်တဲ့ အချိန်မှာဘဲ ကျွန်တော့်ကို ထိုးတာ ရပ်တယ်။ အဲဒီနောက်တော့ သူတို့က ကျွန်တော့်ကို လမ်းမဘက်ကို ဆွဲခေါ်သွားကြတယ်။ ဝေါ်ဆုတ်က လက်ထိပ်မရှိတော့ ကြိုးအဝါရောင်နဲ့ ချည်တယ်။ ကျွန်တော်က "ကျွန်တော့်ကို ကြိုးချည်စရာမလိုဘူး။ မင်းတို့ဘယ်ကို ခေါ်သွားချင်တာလဲ ကျွန်တော်လိုက်ပေးမယ်" ဆိုပြီးပြောတော့ "မင်းဘာမှ ပြောစရာမလိုဘူး" ဆိုပြီး ကျွန်တော့ကို ခြေထောက်နဲ့ ကန်တယ်။ ကြိုးချည်ဖို့ ကျွန်တော့လက်ကိုဆွဲထုတ်လိုက်တဲ့အချိန်မှာ ကျွန်တော့်အိတ်မှာရှိတဲ့ ဘောပင်၊ memorary stick (၂)ခု ကျသွားတော့ ကျွန်တော့မိန်းမက သွားကောက်တဲ့အချိန်မှာ သူ့တို့အဖွဲ့ဝင်တစ်ယောက်က သွားလုယူ လိုက်တယ်။ ရုံးကအချက်အလက်တွေပါတဲ့အတွက် ကျွန်တော်မိန်းမကို ပေးထားဖို့ ပြောတဲ့အချိန်မှာ "မင်းဘာမှ ပြောစရာမလိုဘူး" ဆိုပြီး သူတို့ယူလိုက်တယ်။ ကျွန်တော့ကို သူတို့ရဲ့ လွတ်မြန်စခန်းကို ခေါ်သွားတယ်။ ကျွန်တော့်ကို တိုက်ပိတ်ထားတဲ့ထောင်မှာ မထည့်ခင် အဲဒီထောင်အပေါက်ဝမှာ ထိုင်ခိုင်းတယ်။ ထိုင်တဲ့အချိန်မှာတောင် တင်ပါးကို မြေကြီးထိအောင် ထိုင်ခိုင်းတယ်။ ဝေါ်ဆုတ် က အပေါ်မှာရှိတဲ့ အခန်း (၁) ခုကို တက်သွားတယ် ခဏကြာတော့ ပြန်ဆင်းလာပြီး "မင်းက ဆရာလား၊ ဘာဆရာလဲ" ဆိုပြီး ကျွန်တော့်မျက်နှာ နှစ်ဖက်စလုံးကို (၂) ချက်ရိုက်တယ်။ အဲဒီနောက်တော့ ကျွန်တော်လည်း ခေါင်းအရမ်းမူး သွားပြီး ခေါင်းငုံ့လိုက်တဲ့အချိန်မှာ သူညာခြေထောက်နဲ့ ကျွန်တော့ခေါင်းကို ပင့်ပြီးကန်တယ်။ ကျွန်တော့်ကို ကြိုးပြန်ဖြေပေးပြီး

လက်နှစ်ဖက်ကို မြှောက်ထားခိုင်းတယ်။ ပြီးတော့ (၁) လက်မခန့်ရှိတဲ့ ဝါးခြမ်းပြား (၃) ခု ပူးတဲ့ဟာ ကျိုးတဲ့အထိ ကျွန်တော့ကိုရိုက်တယ်။ နောက်တော့ ကျွန်တော့်ကို ထောင်မှာ ချုပ်ထားလိုက်တယ်။ "ဒီကိစ္စနဲ့ ပတ်သက်ပြီးတော့ ဘယ်သူ့ကိုမှ တွေ့ဆုံခွင့်မပေးနဲ့။ မနက်ဖြန်မှ စီရင်မယ်" ပြောပြီး သူက ဆဒုံးရွာထဲ ဆင်းသွားတယ်။

ခဏနေတော့ ကျွန်တော့အိမ်ဌားနေတဲ့ အမက ကျွန်တော်ရှိနေတဲ့ စခန်းကိုသွားပြီး သူတို့နဲ့ တစ်ခုခု သွားပြောတယ် ထင်တယ်။ "ဆရာ ဘာမှ စိုးရိမ်စရာမလိုဘူး။ ညနေပိုင်း ၅ နာရီ (သို့) ၆ နာရီလောက်မှာ တွေ့ရအောင်နော်။ အဆင်ပြေအောင် လုပ်ပေးမယ်" ပြောတယ်။ အဲဒီနေ့မှာတော့ ကျွန်တော်လည်း သူတို့ကန်ထားတဲ့ဒဏ်ကြောင့် တစ်နေ့လုံး ရေသောက်လို့မရဘဲ ဒီတိုင်းဘဲ ရေမသောက်ဘဲ နေနေတယ်။ ညနေပိုင်း (၆ နာရီ ၁၅ မိနစ်လောက်မှာ) ကျွန်တော့်ကို လာခေါ် ထုတ်ပြီး သူတို့ညှော်ခန်းထဲမှာ ကျွန်တော့်ကို ခေါ် သွားတယ်။ လူကြီးတွေနဲ့ သွားတွေ့ဖို့အတွက် ကျွန်တော့်ခန္ဓာကိုယ်ပေါ် မှာရှိနေတဲ့ သွေးကွက်တွေကို သူတို့ ဆေးပေးလိုက်တယ်။ NDA ဖွံ့ဖြိုးရေးရုံးကို ခေါ် သွားပြီး ကျွန်တော့်ကို ကားမှာဘဲ ထိုင်ခိုင်းထားတယ်။ မိသားစုတွေနဲ့လည်း တွေ့ခွင့်မပေးဘူး။ သူတို့က အဲဒီ NDA ဖွံ့ဖြိုးရေးရုံးမှာ တိုင်ပင်ကြပြီး ပြန်ထွက်လာ ကြတယ်။ ခဏနေတော့ "Facebook မှာ ဒီအကြောင်းပါသွားပြီ လွှတ်မပေးတော့ဘူး။ မိသားစုတွေနဲ့လည်း ဆက်သွယ်ခွင့် မပေးတော့ဘူး" ဆိုပြီး ပြောလာကြတယ်။ ကျွန်တော်က မိသားစုဝင်တွေနဲ့ တွေ့ချင် သေးကြောင်း၊ အရမ်းအေးတော့ အင်္ကျီ (သို့) စောင် (၁) ခုလောက် ယူချင်တဲ့အကြောင်း ပြောတော့ဘယ်သူနဲ့မှ မတွေ့ခိုင်းဘဲ ထောင်မှာကျွန်တော့ကို ပြန်သွားထားတယ်။ ကျွန်တော်နဲ့လမ်းမှာ မျက်မှန်းတမ်း မိဘူးတဲ့ နယ်ခြားစောင့်အဖွဲ့ဝင် တစ်ယောက် ရောက်လာပြီး အဆင်ပြေလားဆိုပြီး လာမေးတော့ ကျွန်တော်ကသူ့ကို အကူအညီတောင်းတော့ စောင်(၁) ထည်နဲ့ အင်္ကျီ (၁) ထည် ယူလာခဲ့ပေးတယ်။

ကျွန်တော့မိန်းမ၊ ဆရာ****၊ ဆရာ****၊ သင်းအုပ်ဆရာ**** တို့အာမခံပြီးတော့ လွှတ်ပေးတာဖြစ်တယ် ဆိုပြီး နောက်မနက် နေ့လည် ၁၁ နာရီ ၄၅ မိနစ် လောက်မှာဘဲ ပြန်လွှတ်ပေးတယ်။ အိမ်ရောက်တဲ့ အချိန်မှာတော့ ဆုတောင်းယူပြီး ဆဒုံးမြို့ကနေ ဝိုင်းမော်အိမ်ကို ပြန်တယ်။ ကျွန်တော်အသင်းတော်ဝင်းထဲကို ဝင်ရောက်လာတာနဲ့ ဝိုင်းမော်မှ ****က ကျွန်တော့ကိုခေါ်ပြီး "ဝန်ထေ (၁၀၇၃ မှ တပ်မှူး) က ဖုန်းဆက် နေတယ်။ ကြေအေးကြရအောင်လို့ ပြောနေတယ်။ ဘယ်လိုလုပ်မလဲ။" ဆိုပြီး ကျွန်တော့ကိုမေးတယ်။ ကျွန်တော်လည်း မိသားစုတွေနဲ့ တိုင်ပင်ပြီးမှ အကြောင်းပြန်မယ် ဆိုပြီး ပြောလိုက်တယ်။

၁ ရက် ဩဂုတ်နေ့မှာ ကျွန်တော် ဆဒုန်းက ဆေးရုံကြီးမှာ သွားပြတဲ့အချိန်မှာတော့ "ရဲစခန်းမှာ ဘယ်လိုဖြစ်တယ်ဆိုတဲ့ ဖြစ်စဉ်ကိုပြောပြပြီး အမှုဖွင့်မှ ဝိုင်းမော်ဆေးရုံမှာ ကုသဖို့ လွှဲစာ ရေးပေးနိုင်တယ်။ အမှုမဖွင့်ရင်တော့ လွှဲစာရေးလို့မရဘူး။" ဆိုပြီးပြောတော့ ဆရာတွေတောင်မှ နဂိုကတည်းက အမှုဖွင့်ဖို့ အတွက် ဘာမှမပြောတဲ့အတွက် အမှုဖွင့်ဖို့ မဖွင့်ဖို့က တခါတည်း မဆုံးဖြတ်နိုင်တဲ့အတွက် လွှဲစာမယူဘဲနဲ့ ဒီဝိုင်းမော်ကို ရောက်လာခဲ့တယ်။

ကျွန်တော့်အရေးအတွက်လုပ်ပေးတဲ့အချိန်မှာ ဆရာ****ပါတယ်ဆိုတာသိတော့ သူ့ကိုဖုန်းဆက် ကြည့်တော့ "ကျွန်တော်တို့က မင်းထွက်လာနိုင်ဖို့အတွက် တွေ့ဆုံဆွေးနွေးတာဘဲ ဖြစ်တယ်။ အမှုဖွင့်မယ် မဖွင့်ဘူး ဆိုတာ မင်းတို့နှစ်ယောက်ဆုံးဖြတ်ရမယ့် အရာဘဲဖြစ်တယ်။ အခုဖြစ်တာက ကျွန်တော်တို့အမျိုးတွေ အချင်းချင်း ဖြစ်တော့ စဉ်းစားဖို့တော့လိုတယ်။" ဆိုပြီး ပြောတယ်။ Wang Hte ကလည်း အရမ်းကို တောင်းပန်တဲ့ ပုံစံဖြစ်နေတော့ ကြေအေးတဲ့ဘက်ဘဲ လုပ်လိုက်တော့မယ် ဆိုပြီး အဲဒီည ဆေးရုံမသွားဘဲ နေလိုက်တယ်။ နောက်ရက်မှဘဲ ဒေါက်တာစန်းမြင့်မှာ ဓာတ်မှန်သွားရိုက်တော့ မျက်နှာဖောတာ၊ ပါးစပ်ရောင်တာတို့ အတွက်တော့ ဆေးပေးလိုက်တယ်။

ကျွန်တော်တို့က ဆေးစစ်ချက်လက်မှတ်တွေ ယူပြီးတော့ပြန်လာတယ်။ ဆရာအချို့နဲ့ ဝန်ထေ တို့က ဝိုင်းမော်**** ရုံး မှာ ရှိနေကြတယ်။ ကျွန်တော်ရောက်လာတာနဲ့ "ဆရာ ကြေအေးဖို့အတွက် ဆုတောင်းပွဲ လုပ်ရအောင်။ ဘယ်နေရာမှာ လုပ်မလဲ။" ဆိုပြီးပြောတော့ ကျွန်တော်က "ဝိုင်းမော်****ရုံးမှာဘဲ လုပ်ရအောင်။"

လို့ပြောလိုက်တယ်။ ဝန်ထေက သဘောမတူဘူး။ သူ့ရဲ့တပ်သားတွေလည်း လက်နက်တွေနဲ့ ဒီကိုလာဖို့ခက်တယ် ဆဒိုးမှာလုပ်ရင် ပိုအဆင်ပြေတယ်ဆိုပြီး ပြောတယ်။ ကျွန်တော်နဲ့အတူရှိနေတဲ့ ဆရာတွေကလည်း သဘောတူတော့ ဆဒိုးဘုရားကျောင်းမှာ လုပ်ဖို့ သဘောတူလိုက်တယ်။

ကျွန်တော်တို့ကြေငြာတဲ့ဟာမလုပ်ခင် ကျွန်တော်တို့ကနေ တောင်းဆိုစရာတွေရှိတယ်။ "ကျွန်တော့်ကို ထောင်မှာထဲ့ထားတဲ့အချိန် သူ့ရဲ့တပ်သားတွေက ဆရာတို့ (၂) ယောက် အရင်ထိုးတဲ့အတွက် သူတို့ထိုးတယ် ဆိုပြီးမှ Lobby လုပ်ထားရှိတယ်။ သူတို့တောင်းပန်တဲ့အချိန်မှာ '၁။ ဆရာ (၂) ယောက်ဘက်မှ ထိုးခြင်း၊ ကန်ခြင်း မရှိဘူး။ ၂။ နယ်ခြားစောင့်ဘယ်နှစ်ယောက်၊ ပြည်သူ့စစ် ဘယ်နှစ်ယောက်က ဆရာနှစ်ယောက်ကို ထိုးတဲ့ အတွက် ခွင့်လွှတ်ပေးပါ။ ၃။ ဒီလို လက်နက်၊ အာဏာနဲ့ ပြည်သူကို ကိုယ်ထိလက်ရောက် ဘယ်တော့မှ မလုပ်အောင် ကျွန်တော်တို့ ဆင်ခြင်ပါ့မယ်။' ဆိုပြီး တောင်းပန်ပါ။ ၄။ ကျွန်တော်တို့မိသားစု နဲ့ ပြည်သူတွေ လုံခြုံမှုပေးနိုင်တဲ့ စာရေးပေးပါ" ဆိုပြီး အဲဒီ (၄)မျိုးကိုဘဲတောင်းဆိုတယ်။ ငွေကြေးနဲ့ ဆေးကုသ စရိတ်တွေလည်း မဆွေးနွေးဘူး။ ဝန်ထေ ကိုယ်တိုင် ကျွန်တော့လက်ဆွဲပြီးမှ "ဆရာ အဲဒါက ဖြစ်ကို ဖြစ်သင့်တယ်။ ကျွန်တော်ဒီညဒါတွေကို ကြိုသွားလုပ်ထားမယ်။ မနက်ဖြန် (၃) ရက်နေ့မှာ ဆုတောင်းပွဲ ဖြစ်အောင် လုပ်ရအောင်" ဆိုပြီးပြောတယ်။ အဲဒီအချိန်မှာလည်း ကျွန်တော့်ဘက်မှာရှိတဲ့ ဆရာတွေကလည်း မြန်မြန်လုပ်လိုက်ရအောင် ဆိုပြီးပြောတော့ ကျွန်တော်ကလည်း ဆရာကြီးတွေ လုပ်ပေးတဲ့အရာတွေမှာ အရမ်းကို ငြင်းရင်လည်းမကောင်းဘူး ဆိုပြီးမှ လုပ်ရအောင်ဆိုပြီး ဆုံးဖြတ်လိုက်တယ်။ မနက်ဖြန်ဘယ်လို လုပ်မလဲ၊ ရိုးရာနဲ့ ဆွေးနွေးတဲ့အခါ ပါရမယ့်အရာတွေကို ကျွန်တော်တို့ ပြန်ပြီး ဆွေးနွေးတယ်။

နောက်မနက်ရောက်တော့ ဝန်ထေရဲ့အဖေ ယဉ်တိုက်မှုဖြစ်လို့ သူကဆုတောင်းပွဲမှာ မပါနိုင်တော့ ကျွန်တော်တို့လည်း သူမပါရင်တော့ ခေါင်းစဉ်ပြောင်းပြီး ဆုတောင်းပွဲတော့လုပ်မယ် ဒါပေမဲ့ ကြေငြာတဲ့ အစီအစဉ်တော့မလုပ်ဘူး ဆိုပြီး တိုင်ပင်ထားတယ်။

လမ်းတစ်ဝက်လောက်မှာ ရောက်တဲ့အချိန်ကြတော့ ကျွန်တော့ကို ငွေ (၁၅) သိန်း လာပေးတယ်။ ကျွန်တော်က "ဗိုလ်ကြီး ကျွန်တော်က ငွေလိုချင်ပြီးမှ မင်းတို့ကို ပြောတာမဟုတ်ဘူး။ ပိုက်ဆံပေးစရာ မလိုဘူး။ အခုက လမ်းလယ်ခေါင်မှာ ဒီလိုလုပ်တာလည်း မကောင်းဘူး။ ကျွန်တော်ဖြစ်ချင်တာက အခု ဗိုလ်ကြီးမင်း မပါတဲ့အတွက် မင်းပါနိုင်တဲ့အချိန်မှ လုပ်ရအောင်။" ဆိုပြီးပြောတော့ "အကုန်စီစဉ်ထားပြီးပြီ၊ ဒီနေ့လုပ်ရင်မှ အဆင်ပြေတယ်။ ကျွန်တော်မပါလည်း ဗိုလ်ကြီး**** နဲ့ ဗိုလ်ကြီး**** တို့ကို အကုန်အပ်ထား လိုက်မယ် သူတို့နှစ်ယောက် အကုန်စီစဉ်လိမ့်မယ်။ မင်းတို့ဖြစ်ချင်တာ သူတို့နှစ်ယောက်ကို သွားပြောပါ" ဆိုပြီး သူပြောလာတယ်။ ကျွန်တော်တို့ရဲ့ အတွင်းရေးမှူး ကို သူက "ဒီပိုက်ဆံယူထားပါ ဒီ(၅)သိန်းက ဒီနေ့တက်လာတဲ့ သူတွေအတွက်။ ဆီဖိုးဖြစ်ဖြစ်လုပ်ပါ။" ဆိုပြီးပေးတယ်။ ကျွန်တော့်ကိုပေးတဲ့ (၁၅)သိန်းကို ကျွန်တော်က မယူဘူး "မင်းတို့ပေးချင်ရင် အခုကျွန်တော်အိမ်မှာ ဆုတောင်းပွဲတွေ လုပ်တဲ့အချိန်မှာပေးပါ" ဆိုပြီးပြောတော့ အတွင်းရေးမှူး က "ယူထားလိုက်ပါ" ဆိုပြီး ပြောတယ်။

ကျွန်တော်တို့ ဟိုကို ရောက်တဲ့အချိန်မှာ (၁၁) နာရီထိုးသွားပြီ။ ၁၁ နာရီ ခွဲလောက်မှ ဆွေးနွေးတဲ့အစီအစဉ်ကို ပြုလုပ်နိုင်တယ်။ ကျွန်တော်တို့ဆွေးနွေးတဲ့အချိန်မှာ (၂) ဖက် စလုံးမှာလည်း သက်သေနေအနေနဲ့ ပါဖို့လူတွေလည်း ရွေးထားပြီးသားဖြစ်တယ်။ ကျွန်တော်တို့ အတူသဘောတူပြီး ရေးထားတဲ့စာမှာ အရင်လက်မှတ်ထိုးပြီး သူတို့ယူလာတဲ့ စာရွက်မှာလည်း လက်မှတ်ထိုးဖို့ရန်အတွက် လုပ်ထားပြီးသား ဖြစ်တယ်။ ငွေကြေးနဲ့ပတ်သက်ပြီးတော့ ကျွန်တော်တို့ဘာမှ မပြောထားကြဘူး။

ကျွန်တော်တို့ပြောထားတဲ့ (၃) ချက်စလုံးကို သူတို့ဘာမှ မလုပ်ဘူး။ ကျွန်တော့ကို ကန်တဲ့လူတစ်ယောက်က "ကျွန်တော်က လူထုအတွက် အလုပ်လုပ်တဲ့လူဖြစ်တယ်။ သူကတစ်ဦးတစ်ယောက်အတွက် အလုပ်လုပ်တာ ခင်ဗျားတို့စဉ်းစားကြည့်" ဆိုပြီးပြောတယ်။ ကျွန်တော်တို့က လက်မှတ်ထိုးမဲ့ အစီအစဉ်ကို အသင်းတော်ဆရာတွေကနေ ဦးဆောင်ဖို့လုပ်ထားတာကို တကယ်ထိုးမဲ့အချိန်ရောက်တော့ ဗိုလ်ကြီး ချမ်းတိန့်ကနေ ဦးဆောင်ပြီး လုပ်သွားတယ်။

ကျွန်တော်တို့ သဘောတူဆွေးနွေးထားတဲ့ "ဒီကိစ္စနဲ့ ပတ်သက်ပြီးတော့ နောက်နောင် ဘယ်အဖွဲ့အစည်းကမှ ဒီအိမ်ထောင်မှ အိမ်သားတွေရဲ့ ပိုင်ဆိုင်မှုတွေကို နစ်နာစေတဲ့အရာတွေကို အနှောက်အယှက်ပေး မပြုလုပ်ရ" ဆိုတဲ့ဟာသဘောတူရေးသားထားတဲ့ စာရွက်မှာလည်း သူတို့လက်မှတ်မထိုးဘူး။ ကျွန်တော်က သူတို့ပြန်ထိုးပေးမယ်ထင်ပြီး သူတို့ရေးထားတဲ့ စာရွက်မှာ လက်မှတ်ထိုးပေးလိုက်တယ်။

ကျွန်တော်တို့ ညနေပိုင်းထိ စောင့်နေလည်း ဘာမှသတင်းမကြားရတော့ (၅)နာရီခွဲ လောက်မှာ ကျွန်တော်တို့ ဝိုင်းမော်****ရုံး ကို ပြန်လိုက်တယ်။ အဲဒီကနေ အခုချိန်ထိ ဒီကိစ္စနဲ့ ပတ်သက်ပြီး ဘာမှ ပြောဆို တဲ့ဟာမရှိတော့ဘူး။ ဆေးကုဖို့အတွက်လည်း ဘယ်သူ့ကို သွားပြောရမလဲမသိတော့ဘူး။ ဆေးကုသဖို့အတွက် အခုလောလောဆယ် မအားတဲ့အတွက်လည်း မကုသနိုင်ဘူး ဖြစ်နေတယ်။ ငွေရေးကြေးရေးခက်ခဲတဲ့ အတွက်လည်းဖြစ်တယ်။

ပထမ ရိုက်တဲ့သူက ဝေါ်ဆုတ်ဒေါင်ခေါင် အရပ်ဝတ်နဲ့ သေနတ်အတိုပါတယ်။ တခြားသူတွေက ဝတ်စုံအပြည့်နဲ့ ဖြစ်တယ်။ "ရိုက်တဲ့အချိန်မှာ သေနတ်ဒင်တွေနဲ့လည်း ရိုက်တယ်လို့" ကျွန်တော့်ဘေးမှာ ရှိနေတဲ့ဆရာတွေပြောပြတယ်။ အဲလိုရိုက်လိုက်တဲ့အတွက် အခုညာဘက်နားက နည်းနည်းထိုင်းသွားပြီ၊ သိပ်မကြားရ တော့ဘူး။ ပြီးတော့ ကျွန်တော့် လည်ချောင်းလည်း နာနေတယ်။ တစ်ခုခုမျိုချလိုက်ပြီဆိုရင် အရမ်းနာတယ်။

အစိုးရကို ပြောချင်တာက ပြည်သူလူထုကို တရားမျှတတဲ့ နည်းလမ်းနဲ့ အုပ်ချုပ်ဖို့ လိုအပ်တယ်။ ကျွန်တော်တို့အမှုကိုလည်း အမှန်တရားကို ထုတ်ဖော်ပြီး ဆေးကုသမှု ပေးနိုင်ရန် ပြောကြားချင်တယ်။

## ကွတ်ခိုင်မြို့နယ်၊ ရှမ်းပြည်နယ်။ (မြောက်)

**လူ့အခွင့်အရေးချိုးဖောက်မှု - မတရားဖမ်းဆီးမှုနှင့် ထိန်းသိမ်းချုပ်နှောင်မှု**

| | |
|---|---|
| ချိုးဖောက်ခံရသူများ | - ၇ ဦး (၁၇နှစ်ကလေးတစ်ဦး) |
| ကျား/မ | - ကျား |
| လူမျိုး | - ကချင်၊ တရုတ် |
| ကိုးကွယ်သည့်ဘာသာ | - ခရစ်ယာန်၊ ဗုဒ္ဓဘာသာ |
| အမှုဖြစ်စဉ်ပြန်လည်ပြောပြသူ | - ချိုးဖောက်ခံရသူများ |
| အခင်းဖြစ်ပွားသည့်နေ့ | - ၁၁ ရက်၊ ဇန်နဝါရီလ၊ ၂၀၁၆ ခုနှစ်။ |
| အခင်းဖြစ်ပွားသည့်နေရာ | - ပန်ဟတ်ကျေးရွာ၊ သိန္နီမြို့၊ ကွတ်ခိုင်မြို့နယ်၊ ရှမ်းပြည်နယ်။ |
| ချိုးဖောက်သူ | - မြန်မာအစိုးရတပ်မတော် |

| | |
|---|---|
| မှတ်တမ်းကောက်သည့်နေ့ | - ၆ ရက်၊ မတ်လ၊ ၂၀၁၆ ခုနှစ် |
| မှတ်တမ်းကောက်သည့်အဖွဲ့အစည်း | - HI |

ပတ်ဟတ်ကျေးရွာသားများပြောပြချက်။

ဇန်နဝါရီလ (၁၁) ရက်နေ့ ညနေပိုင်း (၂) နာရီလောက်မှာ ရွာထဲကိုတပ်မ (၁၁) စစ်ကြောင်းဝင်လာပြီး ဘန်ခတ်ဘုရားကျောင်းမှာ အမျိုးသမီးပါမကျန် ရွာသားတွေအားလုံးကို ခေါ်စုထားတယ်။ နောက်ပိုင်းတော့ အမျိုးသမီးတွေကို လွှတ်ပေးလိုက်တယ်။ ယောကျ်ားအယောက် (၄၀) ကိုတော့ ဖမ်းထားလိုက်တယ်။ သူတို့ကိုမန်လွမ်ဂတ်ပါရွာရှိ ဘုရားကျောင်းကိုခေါ်သွားပြီး တစ်ညအဲဒီမှာခေါ်ထားတယ်။ သူတို့ဖမ်းထားတဲ့ အထဲမှာ KDA (မြန်မာ့တပ်မတော်နှင့်ငြိမ်းချမ်းရေးယူထားသောနယ်ခြားစောင့်တပ် အဖွဲ့အစည်း) လူတွေလည်းပါတယ်လို့ပြောတယ်။

ဟိုဘက်က DO ကဒီဘက် တပ်မ (၄) ကလူတွေကို သူတို့ရဲ့လူတွေကိုရောဖမ်းထားတယ်လို့ပြောတယ်။ အဲဒီတော့ သူတို့ရဲ့ အခုလက်တွေ့လုပ်နေတဲ့လူတွေကို အရင်ခေါ်ယူပါလို့ ပြောတယ်။ ဒါပေမယ့် ဒုတပ်မှူးက သူမှတ်မိသလောက်၊ သူကြိုက်သလောက်၊ အယောက် (၂၀) လောက်ခေါ်ထုတ်သွားတယ်။ အခုကျန်တဲ့လူတွေကို ဘယ်သူမှလည်း လာမပြောဘူးဆိုတော့ သူတို့က အပြစ်ရှိတယ်ဆိုပြီး စစ်သားတွေက ခ.မ.ရ (၅၆၇) ကို ခေါ်သွားတယ်။ အခုထိသူတို့ကို ဘာကြောင့်ဖမ်းတယ်၊ ဘယ်မှာဘယ်လို ထားထားတယ်ဆိုတာတွေ မသိရဘူး။ သွားတွေ့မယ် ဆိုတော့လည်း တွေ့ခွင့်မပေးဘူး။

သူတို့ကဒီဘန်ခတ်ရွာကို ကေအိုင်အေရွာ၊ ကေအိုင်အေတွေအမြဲသွားလာနေကြ၊ ကေအိုင်အေ လူတွေဆိုပြီး မသင်္ကာတဲ့အတွက် အခုလိုလုပ်တာ။ ဒီလိုမဖြစ်ခင်ပတ်ဂျဆန် (လူထုအခြေပြုမူးယစ်ဆေးဝါး တိုက်ဖျက်ရေးအဖွဲ့) မှာ အရမ်းလှုပ်ရှားတော့ ဒီပတ်ဂျဆန်တွေက ကချင်လွတ်မြောက်ရေးတပ်မတော်(KIA) တွေနဲ့ ပေါင်းတယ်ဆိုပြီး ဘိန်းသုံးစွဲသူတွေက ပတ်ဂျဆန်တွေကို တရားစွဲထားတယ်။ အဲဒီကနေဒီလိုတွေ ဖြစ်လာတယ်။ အဲဒီတော့ သူတို့ကို ဒီကောင်တွေကတကယ်ပဲ ကချင်လွတ်မြောက်ရေးတပ်မတော် (KIA) ဟုတ်တယ် ဆိုပြီးဖမ်းတယ်။

မန်လွမ်ရွာ နဲ့ဘန်ခတရွာက လမ်းလျှောက်ရင်မိနစ် (၄၀) လောက်လျှောက်ရတယ်။ အခုဖြစ်သွားတဲ့အထဲက (၁၁) ယောက်က ဘန်ခတ်ရွာကဟုတ်တယ်။ ဂျောင်ပါရွာက (၁) ယောက်၊ ဖါလန်ရွာက (၁) ယောက် ဟုတ်တယ်။ သူတို့ (၁၃) ယောက်ကဖမ်းထားတဲ့ (၄၀) ယောက်ထဲကကျန်ခဲ့တဲ့ (၁၃) ယောက်ဟုတ်တယ်။ တပ်မှူးကို (၃) ခေါက်တိတိခေါ်ခိုင်းတဲ့အထဲမှာကျန်ခဲ့တဲ့ (၁၃) ယောက်ဟုတ်တယ်။ နောက်ပြီး တစ်ခါထဲအဲဒီ (၁၃) ယောက်ရဲ့နာမည်ကို တိုင်းဘက်တင်လိုက်တော့ တစ်ခြားဘာမှလုပ်လို့ မရတော့ဘူး။ အစဖမ်းတုန်းက အယောက် (၄၀) ထဲမှာတရုတ်နဲ့ကျွန်တော်တို့ ကချင်တွေဘဲပါတယ်။ KDAဗိုလ် ခေါ်ယူသွားတဲ့အထဲမှာတော့ အသက်နည်းနည်းကြီးတဲ့သူတွေ နောက်ပြီး သူအမြဲတွေ့နေတဲ့ သူတွေ၊ ခင်တဲ့သူတွေကိုခေါ်ယူတယ်လို့ ကျွန်တော်မြင်တယ်။ အခုကျန်တဲ့ (၁၃) ယောက်မှာလည်း ကျွန်တော်တို့ ကချင်တွေနဲ့ တရုတ်တွေဘဲဟုတ်တယ်။ တရုတ်က (၈) ယောက်ဟုတ်တယ်။

ဘန်ဟတ်ရွာမှာတုန်းက သူတို့ကအိမ်တွေထဲလိုက်ဝင်တယ်။ အိမ်ရှင်တွေကို မောင်းထုတ်ပြီး အိမ်ထဲလိုက်မွှေတယ်။ ပြီးတော့ဘာမှတွေ့တာလည်းမဟုတ်ဘူး။ အိမ်တစ်အိမ်မှာတော့ ငွေကျပ်ကိုးသောင်း (၉၀,၀၀၀) ဖိုးလောက်၊ အခြားအိမ်တွေမှာတော့ လေးသောင်း (၄၀,၀၀၀ ကျပ်) ဖိုးလောက်ယူသွားကြတယ်။ ရွာမှာရှိတဲ့ အမှုတော်ဆောင် အိမ်တစ်အိမ်မှာထားထားတဲ့ မေတ္တာအဖွဲ့အစည်းတွေရဲ့ ကင်မရာ တစ်လုံးလည်း ယူသွားကြတယ်။ ဟိုမှာအမှုတော်ဆောင်ဆိုပြီး နာမည်ပါတာတော့ (၄) ယောက်ဟုတ်တယ်။ အခုတစ်လလောက် ကြာသွားပေမယ့်လည်း ဘာသတင်းမှ မပေးဘူး။ ဘယ်ကိုခေါ်သွားတယ်၊ ဘယ်လို လုပ်တယ် ဆိုတာတွေကိုမသိရဘူး။ မပြောပြဘူး။ အချိန်ရောက်ရင် ပြန်လာပို့ပေးမယ်လို့ ဗိုလ်တစ် ယောက်ကပြောတယ်။

ကျွန်တော်ကဖမ်းထားတဲ့သူတွေနဲ့ ပတ်သက်ပြီးတော့ သူတို့ကိုသွားမေးတာ သူတို့ကကျွန်တော့်ကို "အခု ဖမ်းခေါ်ထားတဲ့သူတွေက တိုက်နယ်မှူးအဆင့်ရှိတဲ့သူတွေလည်း ပါတယ်" ဆိုပြီးခြိမ်းခြောက်လိုက်တယ်။ သူတို့ရိုက်နက်ပြီးမေးတော့ ဘယ်လိုဖြေလိုက်ကြတာလည်းတော့ ကျွန်တော်မသိဘူး။ အခုဖမ်းထားတဲ့ (၁၃) ယောက်ရဲ့မိသားစုတွေက သူတို့ကို ဘယ်မှာဘယ်လိုထားထားတာလည်း ဆိုတာတွေကိုသိချင်နေကြတယ်။ ဘာကြောင့်ခုလိုဖမ်းတာလည်း ဆိုတာတွေသိချင်နေကြတယ်။ သူတို့က ဘယ်လိုလုပ်ရမယ်မှန်းမသိကြဘူး။ ဖြစ်နိုင်ရင် ကျွန်တော်တို့ကိုဖြစ်နိုင်တဲ့နည်းတွေနဲ့ ကူညီပေးဖို့ပြောလိုက်တယ်။ ဒီနေရာကို စရောက်တဲ့နေ့မှာ သူတို့ကိုခေါ်လာတယ် ဆိုတာတော့သိတယ်။ ဒါပေမယ့်နောက်ပိုင်းတော့ ဒီမှာဘဲခေါ်ထားတာလား၊ ဘယ်ကိုခေါ်သွားတယ်ဆိုတာတွေတော့ မသိတော့ဘူး။ ကျွန်တော် တို့ကို သိခွင့်မပေးဘူး။

သူတို့ကကေအိုင်အေတွေဘဲ ဆိုပြီး ၁၇/၁ နဲ့ဖမ်းတယ်။ အဲဒီရွာတွေမှာက ပြောင်းဖူးအခင်းတို့၊ လယ်တို့ လုပ်ကြတယ်။ ဘိန်းတွေတော့မစိုက်တော့ဘူး။ ဖမ်းထားတဲ့သူတွေကို သေချာသည်ဖြစ်စေ၊ မသေချာ သည်ဖြစ်စေ

ဟိုဘက်ကလူတွေဆိုပြီး သူတို့ကဖမ်းတယ်။ ဖမ်းထားတဲ့တရုတ် (၈) ယောက်ထဲမှာတော့ စိုက်တဲ့သူတွေပါတယ်။

သူတို့တွေကရွာထဲကပစ္စည်းတွေယူသွားကြတယ်။ ပြီးတော့ဒီလိုဖမ်းမယ်ဆိုရင်လည်း ရွာကလူကြီးတွေ၊ အုပ်ချုပ်ရေးမှူးတွေကိုအကြောင်းကြားထားရင်ကောင်းမယ်။ အိမ်ရှင်တွေကိုမောင်းထုတ်ပြီး သူတို့ယူဆောင်လာတဲ့ပစ္စည်းတွေကို အိမ်ထဲမှာပစ္စည်းရှာသလိုလိုနဲ့လည်း ထည့်ထားပြီးအပြစ်ရှာနိုင်တယ်။ အဲဒီလိုလုပ်မယ်ဆိုရင်တော့ ကျွန်တော်တို့ကအရမ်းထိခိုက်နစ်နာလိမ့်မယ်။ သူတို့ဝင်မွှေနှောက်တဲ့ အိမ်တိုင်းလိုလိုကနေပြီး အဝတ်အစား သေးသေးမွှားမွှားယူသွားတယ်။ ဒါပေမယ့် (၄) အိမ်လောက်ကတော့ အသားတွေ၊ ပိုက်ဆံတွေပါသွားတယ်။

**ပန်ဟတ်ကျေးရွာသားတစ်ဦးပြောပြချက်။**

တစ်ယောက်က ကျွန်တော့်အစ်ကိုရဲ့သားမောင်****၊ သူကတော့ အသက် (၁၉)နှစ် လောက်ပဲ ရှိသေးတယ် တစ်ယောက်က ကျွန်တော့်ညီရဲ့သား မောင်****၊ မောင်****ကိုက အဝတ်လျှော်နေတဲ့ချိန်မှာ ခေါ်သွားတယ်။ ကျွန်တော့်ကိုလည်း ဖမ်းသွားတယ်၊ အစ်ကိုရဲ့သားက (၂၀)နှစ် လောက်ပဲရှိသေးတယ်။ သူက ငယ်သေးတော့ ဘာအလုပ်မှမလုပ်ဘူး မိုးကုတ်ကိုသွားဖို့ လုပ်နေချိန်မှာပဲ ဖမ်းသွားတာဟုတ်တယ်။ သူကအိမ်ထောင်လည်း မကျသေးဘူး ကျွန်တော်ကအိမ်မှာ ဆိုင်ကယ်ပြင်နေတဲ့ချိန် အရင်ဝင်လာတဲ့ စစ်သားတစ်ယောက်ကခေါ်ပြီး ကုန်းဆင်းမှာ ထိုင်ခိုင်းထားတယ်။ ကျွန်တော့်ကို ထိုင်ခိုင်းထားတဲ့နေရာမှာက အယောက်နှစ်ဆယ်လောက် ရှိတယ်။ အဲဒီနေရာမှာပဲစုပြီး ညနေ (၃) နာရီလောက်မှာ ဘုရားကျောင်းကိုပြန်ခေါ်သွားတယ်။ အဲဒီမှာက အယောက်လေးဆယ်လေးယောက်ရှိတယ်။ မိန်းကလေးတော့ မပါတော့ဘူး၊ ကျွန်တော်တို့အားလုံးကို စစ်ဆေးတယ်တဲ့ အချိန် အသက် နဲ့ နာမည် မေးတယ်။

ပြီးတော့ ည (၉)နာရီ လောက်မှာ အားလုံးကို ဓာတ်ပုံရိုက်တယ်။ ထမင်းတော့ ကျွေးတယ် ဒါပေမဲ့ လူများတော့မဝဘူး။ အိပ်လိုတော့မရဘူး။ ထိုင်ပဲထိုင်ခိုင်းထားတယ်။ မနက်ပိုင်းရောက်တော့ အရမ်းအေးလို့ မီးမွှေးပေးတယ်။ ရိုက်နှက်တာတွေတော့မရှိဘူး။ နောက်နေ့က အားလုံးကို ဓာတ်ပုံ ပြန်ရိုက်တယ်၊ ပြီးတော့ နောက်နေ့ မနက်မှာအားလုံးကို ဓာတ်ပုံပြန်ရိုက်တယ်။ ပြီးတော့ကျွန်တော်ကတော့ KDA (တပ်မတော်နှင့်ငြိမ်းချမ်းရေးယူထားသောနယ်ခြားစောင့်တပ်အဖွဲ့အစည်း) ကနေဟုတ်လို့ KDA လူကြီးတွေက "သူကငါတို့လူဟုတ်တယ် အခုကောင်းခါးမနောင်ပွဲမှာ ကားမောင်းမဲ့ သူမရှိဘူး သူကငါတို့ ကားသမားဟုတ်တယ်" လို့ပြောပြီးတော့ လာခေါ်သွားတယ်။

**လူ့အခွင့်အရေးချိုးဖောက်မှု - မြေမြှုပ်မိုင်း (သေဆုံး)**

| | |
|---|---|
| ချိုးဖောက်ခံရသူအမည် | - ဦး**** |
| ကျား/မ | - ကျား |
| အသက် | - ၄၂ နှစ် |
| အမျိုးသားမှတ်ပုံတင်အမှတ် | - ၁၃/တမည(နိုင်)**** |
| လူမျိုး | - ကချင် |
| ကိုးကွယ်သည့်ဘာသာ | - ခရစ်ယာန် |
| အလုပ်အကိုင် | - တောင်သူ |
| မိဘအမည် | - ဦး**** နှင့် ဒေါ်**** |
| အိမ်ထောင်ရှိ/မရှိ | - ရှိ |

ဇနီးအမည် - ဒေါ် ****
သား/သမီး - ကျား (၁)၊ မ (၂)
နေရပ်လိပ်စာ - ****ကျေးရွာ၊ တာမိုးညဲ့မြို့နယ်၊ ရှမ်းပြည်နယ်။
အခင်းဖြစ်ပွားသည့်နေ့ - ၁၃ ရက်၊ ဖေဖော်ဝါရီလ၊ ၂၀၁၆ ခုနှစ်
အခင်းဖြစ်ပွားသည့်နေရာ - ဟိုပုန်ကျေးရွာ၊ တာမိုးညဲ့မြို့နယ်(ခွဲ)၊ ရှမ်းပြည်နယ်။
ချိုးဖောက်သူ - ချိုးဖောက်သည့်အဖွဲ့အစည်း မသိနိုင်

အမှုဖြစ်စဉ်ပြန်လည်ပြောပြသူအမည် - ဒေါ် ****
ချိုးဖောက်ခံရသူနှင့်တော်စပ်ပုံ - ဇနီး
အသက် - ၃၈နှစ်
မှတ်တမ်းကောက်ယူသည့်အဖွဲ့အစည်း- HI

**ချိုးဖောက်ခံရသူ၏ဇနီးပြောပြချက်**

ကျွန်မတို့က ဒီတာမိုးညဲ့ရွာမှာ စားဝတ်နေရေးအတွက် ဘာလုပ်ငန်းမှ မလုပ်တတ်ပါဘူး၊ ဒီမှာက ကျွန်မတို့ပိုင်တဲ့ လယ်ယာ တွေကအစ ဘာတစ်ခုမှ မရှိလို့ပါ။ အစိုးရက စုစည်းဆိုပြီး တစ်ရွာလုံးရွှေ့ခိုင်းတော့ မတတ်နိုင်လို့နေနေ ရတာပါ။ အဲဒါကြောင့် စားဝတ်နေရေးက အစ အရာအားလုံးအတွက်၊ ကျွန်မတို့ ဟိုပုန်ရွာမှာဘဲ လုပ်ကိုင်ရှာဖွေပြီး အသက်မွေးနေကြရတာပါ။ အခုလို ကျွန်မယောကျ်ား အသက်ဆုံးရတာလည်း ဝမ်းစာရေးအတွက်ကြောင့်လို့လည်း ပြောလို့ ရပါတယ်။ ဘာဖြစ်လို့လည်းဆိုတော့ ဝမ်းစာရေး အတွက် သွားတဲ့အခါမှာ ဖြစ်သွားလို့ပါ။ အဲဒီနေ့ ၁၃ရက် မှာ ကျွန်မတို့ တစ်ရွာလုံး ဟိုပုန်ရွာမှာ တစ်ရွာလုံးအတွက်ဆုတောင်းပွဲလုပ်ကြတာပါ။ နောက်နေ့ ၁၄ရက် ကဆိုရင် တာမိုးညဲ့ ဈေးနေ့ ဖြစ်ပါတယ်။ အဲဒါနဲ့ ကျွန်မတို့ လင်မယားက ဆုတောင်းပွဲပြီးလို့ နောက်နေ့ ဈေးမှာသွားရောင်းရအောင် ငှက်ပျောအူ သွားခုတ်ယူကြတာပါ။ ဟိုပုန်ရွာသားတွေက ပြန်နှင့်ကြပါပြီ၊ ကျွန်မတို့ လင်မယားနှစ်ယောက်တည်း ကျွန်မယောက်ျားက လမ်းရဲ့အပေါ်ဘက်၊ ကျွန်မကလမ်းရဲ့အောက်ဘက်မှာ ငှက်ပျောအူခုတ်နေတဲ့ အချိန်၊ မိုင်းပေါက်ကွဲသံကြား လိုက်ရပါတယ်။ခဏကြာတော့ ကျွန်မယောက်ျားက "မိန်းမရယ်၊ ငါ့ဆီလာပါအုံး"ဆိုပြီးခေါ်လိုက်လို့ သွားကြည့်တော့၊ ကျွန်မယောက်ျားမှာ ခြေထောက်မပါတော့ဘဲ တစ်ကိုယ်လုံး သွေးတွေနဲ့ တွေ့လိုက်ရပါတယ်။ အဲလိုတွေ့လိုက်တော့ ကျွန်မ အရမ်းဝမ်းနည်းပြီး၊ အားငယ်တာနဲ့ခဏတော့ ဘာလုပ်ရမှန်းမသိ အော်ဘဲ အော်ငိုနေတာပေါ့၊ ပြီးတော့မှ အရင်ပြန်နှင့်ပြီး ဟိုပုန်ရွာသားတွေကို ပြန်သွားခေါ်ပြီး တာမိုးညဲ့ဆေးရုံကို ထမ်းခေါ်လာခဲ့ကြပါတယ်။ တာမိုးညဲ့ဆေးရုံရောက်တော့ ဆေးရုံက ပစ္စည်းမစုံ ဆေးတွေမစုံလို့ ကုလို့မရနိုင်ဘူး ပြောတော့ ပိုပြီးအားငယ်လာပါတယ်။ ဒါပေမယ့် ကျွန်မယောက်ျားကို အားပေးစကားပြောရင်း မူဆယ်ဆေးရုံမှာကုလို့ရတယ်ဆိုလို့ ကားစီစဉ်ပြီး သွားကြတယ်။ ဒါပေမယ့် ကျွန်မ ယောက်ျားက "မိန်းမရယ် ငါမခံနိုင်တော့ဘူး" ဆိုပြီး ကားပေါ်မှာဘဲ အသက်ဆုံးသွားခဲ့ပါတယ်။

**လူ့အခွင့်အရေးချိုးဖောက်မှု - မတရားဖမ်းဆီးမှု**

ချိုးဖောက်ခံရသူအမည် - ဦး****
ကျား/မ - ကျား
အသက် - ၇၃ နှစ်
လူမျိုး - ကချင်
ကိုးကွယ်သည့်ဘာသာ - ခရစ်ယာန်
အလုပ်အကိုင် - တောင်သူ
အိမ်ထောင်ရှိ/မရှိ - ရှိ
နေရပ်လိပ်စာ - ****ကျေးရွာ၊ မန်လင်ကျေးရွာအုပ်စု၊ သိန္နီမြို့နယ်၊

ရှမ်းပြည်နယ်။
အခင်းဖြစ်ပွားသည့်နေ့ - ၆ ရက်၊ မတ်လ၊ ၂၀၁၆ ခုနှစ်။
အခင်းဖြစ်ပွားသည့်နေရာ - ပန်ဟကျေးရွာ၊ မန်လင်အုပ်စု၊ သိန္နီမြို့နယ်၊ ရှမ်းပြည်နယ်။
ချိုးဖောက်သူ - တပ်မ (၁၁) (မြန်မာအစိုးရတပ်မတော်)

အမှုဖြစ်စဉ်ပြန်လည်ပြောပြသူအမည် - ဦး****
ချိုးဖောက်ခံရသူနှင့် တော်စပ်ပုံ - သား
ကျား/မ - ကျား
မှတ်တမ်းကောက်သည့်အဖွဲ့အစည်း - HI

## အမှုဖြစ်စဉ်

ဦး****သည် ပန်ဟကျေးရွာ၊ မန်လင်ကျေးရွာအုပ်စု၊ သိန္နီမြို့နယ်တွင် နေထိုင်သူဖြစ်သည်။ ၆ ရက်၊ မတ်လ၊ ၂၀၁၆ ခုနှစ် (၁)နာရီ အချိန်ခန့်တွင် မြန်မာ့တပ်မတော် တပ်မ (၁၁) မှ နယ်မြေရှင်းလင်းရန် ပန်ဟကျေးရွာသို့ ရောက်ရှိနေပြီး ရွာသားများကို ရွာအလယ်တွင် စုစည်းထားပြီး တစ်ရွာလုံးကို အိမ်ရှင်များနှင့်အတူ တစ်အိမ်ဝင် တစ်အိမ်ထွက် စစ်ဆေးမေးမြန်းမှုများ ပြုလုပ်ကြသည်။ ထိုသို့ စစ်ဆေးရှာဖွေရာတွင် မိသားစု နေအိမ်အား သုံးကြိမ်တိတိ ဝင်ရောက်ရှာဖွေပြီး ဦး**** မိသားစုနေအိမ်မှ တံဆိပ်မပါ (တံဆိပ် ခွာထားသည့် အရာထင်) စစ်အင်္ကျီအား တွေ့ရှိခဲ့ပါသည်။

ထိုသို့ တံဆိပ်မပါ စစ်အင်္ကျီတွေ့ရှိမှုကြောင့် ဦး****အား ဖမ်းဆီးခေါ်ဆောင်သွားကြသည်။ ထိုသို့ဖမ်းဆီးခေါ်ဆောင်သွားစဉ် ဦး****၏ ချွေးမသည် ထိုအင်္ကျီမှာဦး****၏ သားကြီးဦး**** ကောင်းခါး ပြည်သူ့စစ်တွင် တာဝန်ထမ်း ဆောင်စဉ်အချိန်က ကောင်းခါးပြည်သူ့စစ်အင်္ကျီဖြစ်ကြောင်း လိုက်လံ ပြောဆိုရှင်းပြသော်လည်း တပ်မ(၁၁) စစ်ကြောင်းမှ ဖမ်းဆီးခေါ်ဆောင်သွားသည်။ ထိုသို့ ဖမ်းဆီး ခေါ်ဆောင်သွားပြီးနောက် ဦး****၏သားကြီးဖြစ်သူ ဦး****မှ အရှေ့မြောက်ပိုင်းတိုင်း စစ်ဌာနချုပ် (တိုင်းမှူး)သို့ သူ၏သက်သေခံကဒ်ပြား (ကောင်းခါးဌာနေပြည်သူ့စစ်ကဒ်) နှင့် ပူးတွဲကာ (၁၇) ရက်၊ မတ်၊ ၂၀၁၆ ခုနှစ် တွင် အသနားခံစာ တင်ခဲ့သည်။ ၂၂ရက်၊ မတ်လ၊ ၂၀၁၆ခုနှစ် တွင် ဦး**** သိန္နီးရဲစခန်းမှ ပြန်လည်လွတ်မြောက်လာခဲ့သည်။

**လူ့အခွင့်အရေးချိုးဖောက်မှု - မတရားဖမ်းဆီးမှုနှင့် ထိန်းသိမ်းချုပ်နှောင်မှု**

ချိုးဖောက်ခံရသူ - ရွာသား (၃၇) ဦး
ကျား/မ - ကျား
လူမျိုး - ကချင်၊ ပလောင်၊ တရုတ်
ကိုးကွယ်သည့်ဘာသာ - ခရစ်ယာန်၊ ဗုဒ္ဓဘာသာ
အခင်းဖြစ်ပွားသည့်နေ့ - ၁၆ ရက်၊ မတ်လ၊ ၂၀၁၆ ခုနှစ်။ (ည ၁၀း၀၀ နာရီ)
အခင်းဖြစ်ပွားသည့်နေရာ - မန်စေကျေးရွာ၊ ကွတ်ခိုင်မြို့နယ်၊ ရှမ်းပြည်နယ်။
ချိုးဖောက်သူ - တပ်မ (၆၆)၊ မြန်မာအစိုးရတပ်မတော်

အမှုဖြစ်စဉ်ပြန်လည်ပြောပြသူအမည် - ဦး**** (ချိုးဖောက်ခံရသူတစ်ဦး)
ကျား/မ - ကျား
လူမျိုး - ကချင်

နေရပ်လိပ်စာ - ****ကျေးရွာ၊ ကွတ်ခိုင်မြို့နယ်၊ ရှမ်းပြည်နယ်။
မှတ်တမ်းကောက်သည့်နေ့ - ၂၂ ရက်၊ မတ်လ၊ ၂၀၁၆ ခုနှစ်။
မှတ်တမ်းကောက်သည့်အဖွဲ့အစည်း - HI

## အမှုဖြစ်စဉ်

ကျွန်တော်တို့မှာ ဖြစ်သွားတဲ့ အဖြစ်အပျက်နဲ့ တစ်ခြားနေရာတွေမှာဖြစ်တဲ့ အဖြစ်အပျက်က တူချင်မှလည်းတူမှာပါ။ ကျွန်တော်တို့ကိုတော့ ၁၆ ရက်၊ မတ်လ၊ ၂၀၁၆ခုနှစ် (ညသ၀း၀၀ နာရီ) မှာ အိမ်က လာဖမ်းသွားတာပါ။ ကျွန်တော်တို့က ရပ်ကွက်(****)မှာ နေတာပါ။ သူတို့(ဗမာ)တွေ ပြောနေတာက "ကျွန်တော်တို့ ရပ်ကွက်(****)က KIA(ကချင်လွတ်လပ်ရေးတပ်မတော်) ရပ်ကွက်ဖြစ်တယ်။ ကချင်အများဆုံးရှိတယ်ဆိုတော့ KIA ရပ်ကွက်ပဲလို့ အဲဒီလိုအထင်အမြင်နဲ့ ရပ်ကွက်(****)အိမ်တွေနဲ့ ပတ်ဝန်းကျင်မှာ တွေ့သမျှ ယောကျ်ားတွေကို ဖမ်းခေါ်သွားတာပါ။ သူတို့ရွာထဲ ဝင်လာတာကတော့ ၁၆ ရက်၊ မတ်လ၊ ၂၀၁၆ ခုနှစ် (ညနေ ၃း၀၀)နာရီ လောက်မှာပါ။ လာဖမ်းတာကတော့ ည ၁၀း၀၀ နာရီ လောက်မှာ ခဏလိုက်ခဲ့ပါဆိုပြီး ကျွန်တော်နဲ့ဆို (၈) ယောက်ပါသွားပါတယ်။ လက်နက်လည်းအပြည့်အစုံနဲ့ ပတ်ဝန်းကျင်မှာ ရှိသမျှ လူငယ်၊ အဖိုးကြီးမကျန် အကုန်ဖမ်းခေါ်သွားပြီး ဘုန်းကြီးကျောင်းမှာ အဲဒီညရော၊ နောက်နေ့မနက် (၃း၀၀ နာရီခွဲ) လောက်အထိ စစ်မေးမြန်းကြပါတယ်။ စစ်မေးတဲ့အချိန်မှာတော့ ရိုက်နှက်တဲ့ အဆင့်ထိတော့ မဟုတ်ပါဘူး။ ဒါပေမယ့် အစဖမ်းခေါ်လာတဲ့ အချိန်မှာတော့ တစ်ချို့စကားမပြောနဲ့ဆိုပြောလို့နည်းနည်းပါးပါးရိုက်တာ၊ ကန်တာတို့တော့ တွေ့ပါတယ်။ ပြီးတော့ ဖမ်းလာတဲ့အားလုံးကို လက်ပြောက်ခိုင်းပြီး ကိုယ့်အင်္ကျီနဲ့ကိုယ်ချည်ပြီး ခေါ်လာကြပါတယ်။ ကျွန်တော်ပါတဲ့အဖွဲ့တွေတော့ ကောင်းကောင်းနားလည်အောင်ပြောလို့ ရိုက်ခံရတာမပါဘူး။ ပြီးတော့ တစ်ယောက်ပြီးတစ်ယောက် စစ်မေးသလို၊ အစုအဖွဲ့လိုက်လည်း စစ်မေးခံရပါတယ်။ အဲဒီညမှာတော့ ကျွန်တော်အနေနဲ့ အရိုက်မခံရအောင် သိသလောက်ကို သူတို့နားလည်အောင်ပြောပြပါတယ်။ နောက်နေ့ မနက်မှာကျတော့ တစ်ယောက်ပြီးတစ်ယောက်ခေါ်ပြီး စစ်မေး ကြပြန်ပါတယ်။ ဖမ်းထားခံရတာက ကချင်၊ ပလောင်၊ တရုတ် အားလုံးဆိုရင် (၃၇) ယောက်ပါ။

အဲ့ဒီမှာ ကျွန်တော်တို့ မန်စေရွာက မဟုတ်တဲ့ လွယ်ကန်ရွာက ကချင်နှစ်ယောက်လည်း ပါတယ်။ အဲဒီလွယ်ကန်ရွာက နှစ်ယောက်ကိုကျတော့ ၁၇ ရက်၊ မတ်လ၊ ၂၀၁၆ ခုနှစ်မှာ လွယ်ကန်ရွာဘက်က ဆင်းလာတဲ့လမ်း မန်စေရွာမရောက်ခင် ရွာအဝင်လမ်းက ဖမ်းလာတာပါ။ အဲဒီနှစ်ယောက်က ကျွန်တော်တို့ မန်စေ ရွာမှာ သူတို့သမီးအပ်နှင်းပွဲ လာကြတာပါ။ ကျွန်တော်တို့ကို ဖမ်းထားတဲ့နေရာ (မန်စေဘုန်းကြီးကျောင်း)မှာ ချည်ထားတာတော့ မဟုတ်ပဲ၊ အခန်းထဲမှာ လှောင်ထားတာပါ။ ထမင်း၊ ဟင်းတော့ အိမ်သားတွေကို လာပို့ခိုင်းပါတယ်။ အဲဒီလိုနဲ့ ၁၈ ရက်၊ မတ်လ၊ ၂၀၁၆ ခုနှစ် မှာလည်း လွှတ်ပေးမယ် ပြောပေမဲ့ စစ်ကြောင်းမှူးက တာမိုးညဲမှာရှိတဲ့ သူတို့အထက်က အမိန့်မကျလို့ ဆိုပြီးမလွှတ်ပေးပါဘူး။ ဒါပေမယ့် အဲဒီနေ့မှာ ဖမ်းဆီးခံထားရတဲ့သူတွေရဲ့မိသား စုဝင်တွေက တပ်မ(၆၆) ကို ကိုယ့်မိသားစုဝင်တွေ ဒုက္ခမကြုံရအောင် ရွာလူကြီး(ရပ်မိရပ်ဖ)တွေနဲ့ တိုင်ပင်ပြီး စိတ်ကြည်ကြည်ဖြူဖြူနဲ့ ငွေ ကျပ်(၁၆) သိန်း ဝိုင်းစုပြီး ပေးလိုက်ပါတယ်။

တပ်ရင်းမှူးတောင်းလို့တော့ မဟုတ်ပါဘူး။ သူတို့လည်း စစ်ဆေးမေးမြန်းပြီး ကျွန်တော်တို့ရဲ့ အချက်အလက်တွေ ယူပြီးပြီဆိုတော့ KIA ဟုတ်မဟုတ်အခြေအနေသိသွားတယ်ပေါ့။ အဲဒီလိုနဲ့ ၁၉ ရက်၊ မတ်လ၊ ၂၀၁၆ ခုနှစ် ရက်နေ့ (နေ့လည် ၁၁း၀၀ နာရီ) လောက်မှာတော့ အားလုံးကို ပြန်လွှတ် ပေးခဲ့ပါတယ်။ ဒါပေမယ့် တပ်ရင်းမှူး တောင်းလို့ပေးတာတော့ မဟုတ်ပါဘူး။

ကျွန်တော်တို့တောင်ပေါ်ဒေသမှာက လက်နက်ကိုင် ဘယ်အဖွဲ့အစည်းကိုမဆို အခုအချိန်တွေမှာဆိုရင် အဲဒီလိုငွေ မပေးရင်လည်း အမြဲတန်းလိုလို ကားတစ်စီးလောက်ကူညီလို့ရမလား ဆိုပြီး အကူအညီတောင်းတဲ့ အခါတွေမှာလည်း ကျွန်တော်တို့ ကူညီရတာ၊ စီစဉ်ပေးရတာ တွေရှိပါတယ်။ အရင်တုန်းကလို မကူညီရင်

ဟိုလိုလုပ်မယ်၊ ဒီလိုလုပ်မယ်ဆိုတာတော့ မရှိတော့ပါဘူး။ အရင်ကလိုတော့ မဟုတ်တော့ဘူးလို့ ပြောနိုင်ပါတယ်။ ဒါပေမယ့် ကူညီပေးရတာတော့ အတူတူပါဘဲ။ အပြောအဆို အကူအညီတောင်းပုံ ကွာသွားတာ တစ်ခုတည်းပါ။

**လူ့အခွင့်အရေးချိုးဖောက်မှု - ညှင်းပမ်းနှိပ်စက်မှု**

ချိုးဖောက်ခံရသူအမည် - ဦး****
ကျား/မ - ကျား
အသက် - ၃၈ နှစ်
ကိုးကွယ်သည့်ဘာသာ - ခရစ်ယာန်
အိမ်ထောင်ရှိ/မရှိ - ရှိ
ဇနီးအမည် - ဒေါ်****
သား/သမီး - (၃) ယောက်
နေရပ်လိပ်စာ - ****ကျေးရွာ၊ ကွတ်ခိုင်မြို့နယ်၊ ရှမ်းပြည်နယ်။
အခင်းဖြစ်ပွားသည့်နေ့ - ၂၅ ရက်၊ ဇွန်လ၊ ၂၀၁၆ ခုနှစ်
အခင်းဖြစ်ပွားသည့်နေရာ ` - ****ကျေးရွာ၊ ကွတ်ခိုင်မြို့နယ်၊ ရှမ်းပြည်နယ်။
ချိုးဖောက်သူ - တပ်မ ၉၉ (မြန်မာအစိုးရတပ်မတော်)

အမှုဖြစ်စဉ်ပြန်လည်ပြောပြသူအမည် - ချိုးဖောက်ခံရသူကိုယ်တိုင်
မှတ်တမ်းကောက်ယူသည့်နေ့ - ၁ ရက်၊ ဇူလိုင်လ၊ ၂၀၁၆ ခုနှစ်။
မှတ်တမ်းကောက်ယူသည့်အဖွဲ့အစည်း - HI

**အမှုဖြစ်စဉ်**

ကျွန်တော့်မရီး ဒေါ်****က ကြံစိုက်ချင်တယ်။ မစိုက်တတ်လို့ နည်းလမ်းတွေ လာပြပေးအုံးဆိုလို့ နားလိုင်ကျေးရွာကနေ နားဖိုင်ကျေးရွာအထိလာပြီး ကြံစိုက်နည်းသင်ပေးဖို့ သွားလိုက်တယ်။ ပြီးတော့ အခင်းရောက်တော့ လူတွေလည်းမရှိဘူး၊ ဘယ်သူ့ကိုမှမတွေ့လို့ မရီးအိမ်ထိသွားပြီး ပေါက်ပြားယူဖို့အတွက် အိမ်ထိဝင်တယ်။

တပ်မ (၉၉) စစ်ကြောင်းမှူး ကပြောတယ် "ခင်ဗျား ဒီမှာဘာလာလုပ်တာလဲ။ ဒါ တိုက်နယ်မှူး အိမ်ဆိုတာ မသိဘူးလား၊ ခင်ဗျားနဲ့ဘာတော်လဲ" ဆိုပြီးတော့ပြောတယ် ကျွန်တော်လည်း "ကျွန်တော်နဲ့က မယားညီအစ်ကိုတော်တယ်။ ဒါပေမဲ့သူဘာလုပ်တယ်ဆိုတော့ တကယ်ဘာမှမသိဘူး" လို့ပြောတော့ "ခင်ဗျား အဆက်အသွယ်ရှိမှာပေါ့ ခင်ဗျားလိမ်တယ် ဒီကောင်ကိုကြိုးချည်" ဆိုပြီးတော့ ကျွန်တော့်ကိုကြိုးချည်တယ်၊ လည်ပင်း မှာရော ချည်တယ်၊ လက်ကိုလည်း နောက်ပြန်ချည်လိုက်တယ် ပြီးတော့ရိုက်တယ် ရှေ့နောက်ထိုးတော့ တာပဲ။

ကော်ဘရာ(တပ်ကြပ်) အဆင့်ရှိတဲ့သူတစ်ယောက်က ဓားမြှောင်နဲ့လည်ပင်းမှာ ထောက်ထား ပြီးတော့ "ခင်ဗျားအမှန်တိုင်းပြော၊ မပြောရင် ဒီဓားနဲ့ထိုးသတ်လိုက်မယ်" ဆိုပြီးတော့ပြောတယ်။ ကျွန်တော်ကတကယ် ဘာမှမသိလို့မသိဘူးပြောတာပေါ့။ ဒါကို သူတို့ကမသိဘူးလို့ပြောလိုက်တာနဲ့ ထိုးလိုက် နားလိုက်နဲ့ ဝိုင်းထိုးကြတယ်။ ကျွန်တော်နဲ့အတူအဖမ်းခံရတဲ့ မရီးကိုလည်း ဆံပင်တွေ ဆွဲပြီးတော့ ထိုးတယ် ရိုက်တယ် သူ့ကိုပိုပြီးရိုက်နှက်တာ တွေ့ရတယ်။

ကျွန်တော်ကိုရိုက်နေတဲ့ချိန်မှာ ကျွန်တော့်သားလေးနှစ်ယောက်က ဆိုင်ကယ်မှာ စောင့်နေလိုက်တယ်။ သားတစ်ယောက်က ကျွန်တော်ကို ဗမာစစ်သားကြိုးချည်ပြီး ရိုက်နေတာတွေ့လို့ ပြန်ခေါက်သွားပြီးတော့ အိမ်ကိုသွားပြောပြတာပေါ့။ အဲ့ချိန်မှာအိမ်ကလူတွေရော လိုက်လာတယ်။ ပြီးတော့ ကျွန်တော် အိမ်မှာလာရောက်ခိုလှုံနေတဲ့ ဗိုလ်လေးကိုလည်း အကူအညီတောင်းပြီးလာခဲ့ကြတယ်။

ကျွန်တော်ကိုရိုက်တဲ့သူတွေက ကျွန်တော်အိမ်မှာလာနေတဲ့ ဗမာစစ်သားတွေပဲဖြစ်နေတယ်။ ပြီးတော့သူတို့အချင်းချင်းစကားတွေပြောပြီး ကျွန်တော်ကိုပြန်လွှတ်ပေးလိုက်တယ်။ အဲ့ဒီချိန်မှာ ဗိုလ်ကြီးက "သွား၊ မင်းအုပ်ချုပ်ရေးမှူးကိုခေါ်ပြီးပြန်လာခဲ့ မင်းကိုဘာမှမလုပ်တော့ဘူး" လို့ပြောတယ် ကျွန်တော်ရော ပြန်လာခဲ့တော့ ကျွန်တော်ကိုထမင်းပြန်ကျွေးတယ်။

**လူ့အခွင့်အရေးချိုးဖောက်မှု - မတရားအသင်းဆက်သွယ်မှု အက်ဥပဒေ (၁၇/၁) နှင့် ခိုးမှု**

| | |
|---|---|
| ချိုးဖောက်ခံရသူအမည် | - ဦး**** |
| ကျား/မ | - ကျား |
| အသက် | - ၅၃ နှစ် |
| အလုပ်အကိုင် | - တောင်သူ |
| အိမ်ထောင်ရှိ/မရှိ | - ရှိ |
| သား/သမီး | - (၄) ယောက် |
| နေရပ်လိပ်စာ | - ****ကျေးရွာ၊ ကွတ်ခိုင်မြို့နယ်၊ ရှမ်းပြည်နယ်။ |
| အခင်းဖြစ်ပွားသည့်နေ့ | - ၂၅ ရက်၊ ဇွန်လ၊ ၂၀၁၆ ခုနှစ်၊ (စနေနေ့) နံနက် (၈) နာရီ |
| အခင်းဖြစ်ပွားသည့်နေရာ | - ****ကျေးရွာ၊ ကွတ်ခိုင်မြို့နယ်၊ ရှမ်းပြည်နယ်။ |
| တရားရုံးအမည် | - ကွတ်ခိုင်မြို့နယ် တရားရုံး၊ ရှမ်းပြည်နယ်။ |
| စွဲဆိုသည့်ပုဒ်မ | - ၁၇/၁ ၊ ခိုးမှု |
| ပြစ်ဒဏ် | - ထောင်ဒဏ် (၄)နှစ် |
| ချိုးဖောက်သူ | - တပ်မ (၉၉)၊ မြန်မာအစိုးရတပ်မတော် |

| | |
|---|---|
| အမှုဖြစ်စဉ်ပြန်လည်ပြောပြသူအမည် | - ဒေါ်**** |
| ချိုးဖောက်ခံရသူနှင့် တော်စပ်ပုံ | - ဇနီး |
| ကျား/မ | - မ |
| အသက် | - ၄၄ နှစ် |
| နေရပ်လိပ်စာ | - ****ကျေးရွာ၊ ကွတ်ခိုင်မြို့နယ်၊ ရှမ်းပြည်နယ်။ |
| မှတ်တမ်းကောက်သည့်အဖွဲ့အစည်း | - HI |

**အမှုဖြစ်စဉ်**

အခင်းဖြစ်သည့် မနက် (၈) နာရီ လောက်မှာ ကျွန်မတို့အိမ်ကို စစ်သားတွေလာဝိုင်းလိုက်ကြတယ် ပြီးတော့ ကျွန်မခင်ပွန်းကို ခေါ်သွားပြီးအိမ်နားက အိမ်မှာစုထားကြတယ်။ ကျွန်မကိုတော့အိမ်မှာပဲ နေခိုင်းထားပြီး စစ်သားတွေဝိုင်းထားလိုက်တယ်။ ပြီးတော့ ကျွန်မတို့ အခင်းအတွက် မြက်ထူရင်ထူသလို ထည့်ရတဲ့ဆေး (ပေါင်းသတ်ဆေး)တွေကိုကြည့်ပြီးတော့ ကျွန်မခင်ပွန်းကိုရိုက်နက်တဲ့ ဗိုလ်မှူးကလာခဲ့ပြီးတော့ "မင်းတို့ ဒါတွေ ခိုးထားတာလား" လို့ပြောတယ်။ ကျွန်မက "မဟုတ်ပါဘူး၊ ကျွန်မကိုယ်တိုင် နမ့်ဖတ်ကာ စည်ပင်ဈေးက ဝယ်ထားတာဟုတ်တယ်" လို့ပြောတော့ "ဒါဆိုရင်ဖြတ်ပိုင်းပြ" လို့ပြန်ပြောလာတယ်။ "ကျွန်မပိုက်ဆံနဲ့ ကျွန်မဝယ်ထားတာ အကြွေးဝယ်တာလည်း မဟုတ်လို့

ဖြတ်ပိုင်းမယူခဲ့ဘူး” လို့ပြန်ပြောလိုက်တယ် “ဒါဆိုရင် ဈေးနှုန်းပြောကြည့်” လို့ပြန်ပြောတယ်။ “စွန်ရဲတံဆိပ်နဲ့က ၅၈၀၀၀ကျပ် ဖြစ်တယ်။ အဖြူရောင်နဲ့ကတော့ (၃၅၀၀၀) ကျပ် လည်းရတယ်၊ ဖာလိုက်ဝယ်မယ်ဆိုရင် (၃၀၀၀၀) ကျပ် ဈေးနဲ့ရတယ်” စသည်ဖြင့် ပြန်ပြောလိုက်တော့ ဘာမှပြန်မပြောတော့ဘူး။

အဲ့ဒီချိန်မှာ သူ့တပည့်တွေကို ပြောင်းဖူးအိတ်နဲ့ မြေသြဇာတွေကို ဆွဲထုတ်ခိုင်းတယ်။ “ကျွန်မတို့ မနှစ်တုန်းက စိုက်တဲ့အကျန်တွေ ဟုတ်တယ်” လို့ပြန်ပြောလိုက်တော့ “မလိမ်နဲ့” လို့ပြောတယ်။ “ကျွန်မ လိမ်တယ်။ မဟုတ်မမှန်ပြောဆိုတယ်ဆိုရင် ကျွန်မဘာလုပ်လုပ် ခံရဲတယ်။ မင်းတို့ စစ်ဆေးရင်လည်း သိကြမှာပါ။” လို့ပြောလိုက်တယ်။ အဲ့ဒီအချိန်မှာဗိုလ်ကြီးက “မင်းကျိန်ရမယ်” လို့ ပြန်ပြောတယ်။ “မတရားပြီး ကျိန်တာကို ဘုရားသခင်ကလည်း ကြိုက်မှာမဟုတ်ဘူး မတရားလို့ကျိန်မယ်ဆိုရင် ဗိုလ်ကြီးလည်း ကျိန်ရ လိမ့်မယ်” လို့ပြောလိုက်တယ် ဗိုလ်ကြီးက “စကားမများနဲ့တိတ်” ဆိုပြီးတော့ အော်လိုက်ပြီးတော့ ကျွန်မကို မီးဖိုချောင်ဘက်ကို ခေါ်သွားလိုက်တယ်။

ကျွန်မခင်ပွန်းကို ရိုက်နက်တာကို ကျွန်မကိုပေးမတွေ့ဘူး၊ အထဲမှာပဲထားလိုက်တယ်။ ပြီးတော့ တစ်အိမ်လုံး ဝင်မွှေပြီးတော့ ကျွန်မသားလေးရဲ့ မှတ်ပုံတင်ရော ယူသွားကြတယ်။ ပြီးတော့အိမ်ပေါ်က ပစ္စည်းတွေအားလုံး ယူသွားပြီးမှ ကျွန်မကိုအိမ်ပေါ်တက်ကြည့်ဖို့ ပြောတယ်။ ကျွန်မလည်း စစ်သားတွေက အဓမ္မကျင့်မှုတွေအရမ်းလုပ်တယ်လို့ ကြားဖူးတဲ့အတွက် ကြောက်လို့ “အိမ်ပေါ်မတက်ချင်ဘူး” လို့ပြောတယ်။ အဲဒီချိန်မှာ “ဘာတွေပြောနေတာလဲ မင်းတို့ပစ္စည်းလာကြည့်ဖို့ ပြောနေတာ” လို့ပြန်ပြောတယ်။ ကျွန်မတက် ကြည့်တော့ ပစ္စည်းတွေဘာမှမရှိတော့ဘူး၊ ကျွန်မအမျိုးသားရဲ့ မှတ်ပုံတင်ရော ခေါင်းအုံးအောက်မှာ ထားထားတဲ့ ငွေသား ငါးသောင်းငါးထောင် (၅၅,၀၀၀ ကျပ်)ကိုလည်း ယူသွားကြတယ်။

ကျွန်မတို့အိမ်မှာ ဘာဆိုဘာမှကိုမချန်ထားပေးဘူး အကုန်လုံးကို ယူသွားပေးကြတယ်။ အခုဆိုရင် ထမင်းစားရင်တောင် ဆားနဲ့ပဲစားနေရတယ်။ ကျွန်မအမျိုးသားကို ဘယ်ခေါ်သွားတာလဲ ဆိုတာကို မသိလိုက်ရဘူး။ အဲဒါကြောင့် နှစ်ရက်ကြာတော့ ကျွန်မရဲ့ အကြီးဆုံးသားကိုခေါ်ပြီး အမေတို့ နမ့်ဖက်ကာ ထိသွားပြီးတော့ လိုက်မေးပြီးတော့ ရှာရအောင်ဆိုပြီး ထွက်သွားလိုက်တယ်။ အဲဒီနေ့မှာတော့ မိုးလည်း ရွာတယ်။ ကျွန်မကတော့ ဖြစ်ဖြစ်ချင်းနေ့မှာ ဘာမှမလုပ်တတ်ဘူး။ ဒါပေမဲ့ ဘုရားအမှုတော်ဆောင်တွေရှိတယ် ဆိုပြီးတော့ အသင်းတော်ဆရာကို သွားပြောပြတယ်။ သူတို့ခေါ်သွားတာကတော့ ညနေပိုင်း (၄)နာရီခွဲ လောက်မှာ ခေါ်သွားပြီးတော့ မတွေ့ရ တော့ဘူး။

တနင်္လာနေ့မှာလည်း ရှာမတွေ့တော့ ကျွန်မတို့အုပ်ချုပ်ရေးမှူးအငြိမ်းစား ဆီသွားပြီး အကူအညီ သွားတောင်းတော့ ဆယ်အိမ်မှူး၊ အုပ်ချုပ်ရေးမှူး၊ ကျွန်မသား နဲ့ ကျွန်မတို့ ရဲစခန်းသွားလိုက်ကြတယ်။ အုပ်ချုပ်ရေးမှူးက “မင်းတို့ဖမ်းထားတဲ့ လူကိုဘယ်မှာထားတာလဲ” လို့မေးကြည့်တဲ့အချိန်မှာ ရဲတစ်ယောက်က “ငါတို့ဖမ်းထားတာမဟုတ်ဘူး။ မင်းတို့ပလောင်တွေကိုသွားပြော။ ပလောင်တွေနဲ့ အဆင်ပြေတယ်ဆိုရင် လွှတ်ပေးမယ်” ဆိုပြီးပြောလိုက်တယ်။ အဲ့တာကြောင့် ကျွန်မတို့စစ်တပ်ဆီ သွားလိုက်တယ်။ စစ်တပ်ရောက်တော့ဒုတပ်ရင်းမှူးလား တပ်ရင်းမှူးလားတော့မသိဘူး သူက “မင်းယောကျ်ားက သူခိုးအကြီးစား ခေါင်းလျော်ရည်တောင် မကျန်ခိုးတဲ့ကောင်” လို့ပြောတယ်။ ပြီးတော့ ခိုးမှုအတွက်ဆိုပြီးတော့ (၂၆) သိန်း တောင်းတယ်။ (၂၆) သိန်းပေးရင် လွှတ်ပေးမယ်လို့လဲ မပြောဘူး။ အခုဟာက ခိုးမှုဆိုပြီးတော့ ရဲစခန်းထဲမှာလည်းမထားဘူး ဘယ်မှာထားလိုက်တာလဲမပြောပြဘူး။ ပေးလည်းပေးမတွေ့ဘူး အခုချိန်ထိ ဘာသတင်းမှကို မကြားရဘူး။ အခုကကျွန်မသမီးလည်း ကျန်းမာရေးမကောင်းဘူး။ ဆေးနဲ့ပဲအသက်ရှင် နေရတယ်။

အိမ်မှာလည်း မွေးထားတဲ့ ကြက်၊ ဝက်တွေကို ကြည့်ဖို့အတွက်လည်း ခင်ပွန်းမရှိတော့ အရမ်းအခက်ခဲဖြစ်တယ်။ ကျွန်မသားလည်း ဒီနှစ်ထွက်တဲ့ပြောင်းဖူးရောင်းပြီး ကျမ်းစာသင်ကျောင်း တက်မယ်လို့ ပြောထားတာတွေရော မဖြစ်နိုင်ဘူးဆိုတော့ ခံစားရတာတွေကတော့ အများကြီးပဲပေါ့။

ဦး****သည် ****ကျေးရွာ၊ ****အုပ်စု၊ ကွတ်ခိုင်မြို့နယ် တွင်နေထိုင်ပြီး မိသားစုနှင့်အတူ လယ်ယာလုပ်ငန်းလုပ်ကိုင်နေသော တောင်သူတစ်ဦးဖြစ်သည်။ ၂၅ ရက်၊ ဇွန်လ၊ ၂၀၁၆ ခုနှစ် နံနက် (၈) နာရီ ခန့်တွင် ဦး****၏နေအိမ်မှ စစ်ဆေးမေးမြန်းရန် မြန်မာတပ်မတော် တပ်မ(၉၉)မှ ဖမ်းဆီး ခေါ်ဆောင်သွားသည်။ တပ်မ(၉၉) မှလည်း ပလောင်(တအောင်း)များ(ပန်ဂျေရှော့ရွာသားများ)၏ တိုင်တန်း ချက်အရ (ပန်ဂျေရှော့ ရွာသားများ၏ တောင်ယာခင်းရှိ ပစ္စည်းများခိုးယူမှု) စစ်ဆေးမေးမြန်းသည်။ စက်တင်ဘာလတွင် ဦး****အား ၁၇/၁ နှင့် ခိုးမှု နှစ်မှုပေါင်း ထောင်ဒဏ် (၄) နှစ် ကို ကွတ်ခိုင်မြို့နယ် တရားရုံးမှ တရားစီရင်ခဲ့သည်။

**လူ့အခွင့်အရေးချိုးဖောက်မှု - မတရားသတ်ဖြတ်ခံရမှု**

| | |
|---|---|
| ချိုးဖောက်ခံရသူအမည် | - ဦး**** |
| ကျား/မ | - ကျား |
| အသက် | - ၂၉ နှစ် |
| အမျိုးသားမှတ်ပုံတင်အမှတ် | - **** |
| လူမျိုး | - ကချင် |
| ကိုးကွယ်သည့်ဘာသာ | - ခရစ်ယာန် |
| ပညာအရည်အချင်း | - ၈ တန်း |
| အလုပ်အကိုင် | - တောင်သူ |
| အိမ်ထောင်ရှိ/မရှိ | - ရှိ |
| ဇနီးအမည် | - ဒေါ်**** |
| သား/သမီး | - ကျား (၁) |
| နေရပ်လိပ်စာ(ယခင်) | - ဟိုပုန်ကျေးရွာ၊ တာမိုးညဲမြို့နယ်(ခွဲ)၊ ရှမ်းပြည်နယ်။ |
| နေရပ်လိပ်စာ(ယခု) | - တာမိုးညဲမြို့နယ်(ခွဲ)၊ ရှမ်းပြည်နယ်။ |
| အခင်းဖြစ်ပွားသည့်နေ့ | - ၃၀ ရက်၊ ဇွန်လ၊ ၂၀၁၆ ခုနှစ်။ |
| အခင်းဖြစ်ပွားသည့်နေရာ | - ဦး**** ယာခင်းတဲ၊ ဟိုပုန်ကျေးရွာ၊တာမိုးညဲမြို့နယ်(ခွဲ) |
| ချိုးဖောက်သူ | - မြန်မာအစိုးရတပ်မတော် |

| | |
|---|---|
| အမှုဖြစ်စဉ်ပြန်လည်ပြောပြသူအမည် | - ဒေါ်**** |
| ချိုးဖောက်ခံရသူနှင့် တော်စပ်ပုံ | - ဇနီး |
| ကျား/မ | - မ |
| အသက် | - ၂၉ နှစ် |
| နေရပ်လိပ်စာ | - တာမိုးညဲမြို့နယ်(ခွဲ)၊ ရှမ်းပြည်နယ်။ |
| မှတ်တမ်းကောက်သည့်အဖွဲ့အစည်း | - HI |

ဦး****သည် ဟိုပုန်ကျေးရွာသားဖြစ်ပြီး ၂၀၁၁ ခုနှစ်မှ၍ အစိုးရနှင့် ကချင်လွတ်မြောက်ရေး တပ်မတော် KIA(ကချင် လွတ်မြောက်ရေးတပ်မတော်)တို့ တစ်ကျော့ပြန် စစ်ပွဲ စတင်လာမှုကြောင့် တာမိုးညဲမြို့ ရပ်ကွက်(****) တွင် အစိုးရမှ ဟိုပုန်ကျေးရွာ တစ်ရွာလုံးအား စုစည်းရွာ အဖြစ်ရွှေ့ပြောင်းခိုင်းမှုကြောင့် မိသားစုနှင့်အတူ ရွှေ့ပြောင်း နေထိုင်နေသူ ဖြစ်ပါသည်။ သို့ဖြစ်ပါသော်လည်းမိသားစု၏ စားဝတ်နေရေးအတွက် ဟိုပုန်ကျေးရွာတွင်သာ မိသားစုပိုင် လယ်ယာ၊ အခင်း၊ တောင်ယာခြံများရှိသဖြင့် တာမိုးညဲမှဟိုပုန်ကျေးရွာသို့ နေ့စဉ်ဆိုသလို သွားရောက်ပြီး အသက်မွေးဝမ်းကြောင်းပြုနေသူလည်း ဖြစ်ပါသည်။ ထိုသို့သွားရောက်လုပ်ကိုင် နေစဉ် ၃၀ ရက်၊ ဇွန်လ၊ ၂၀၁၆ ခုနှစ်တွင် တာမိုးညဲ မှဟိုပုန်(ယာခင်း) သို့ သွားရာ လမ်းတွင် အစိုးရစစ်ကြောင်းအားတွေ့သဖြင့် ကြောက်ရွံ့ပြီး နောက်ပြန်လှည့် ပြေးသွားစဉ် အနောက်မှ လိုက်လံ ပစ်ခတ်မှုကြောင့် သေနတ်ဒဏ်ရာဖြင့် သေဆုံးခဲ့ပါသည်။

**လူ့အခွင့်အရေးချိုးဖောက်မှု - အဓမ္မပြုကျင့်မှု**

| | |
|---|---|
| ချိုးဖောက်ခံရသူအမည် | - မ**** |
| ကျား/မ | - မ |
| အသက် | - ၁၅ နှစ် |
| လူမျိုး | - ကချင် |
| ကိုးကွယ်သည့်ဘာသာ | - ခရစ်ယာန် |
| အလုပ်အကိုင် | - ၈ တန်း |
| မိဘမည် | - ဦး**** နှင့် ဒေါ်**** |
| နေရပ်လိပ်စာ | - ****ကျေးရွာ၊ သိန္နီမြို့နယ်၊ ရှမ်းပြည်နယ်။ |
| အခင်းဖြစ်ပွားသည့်နေ့ | - ၁ ရက်၊ နိုဝင်ဘာလ၊ ၂၀၁၆ ခုနှစ် |
| အခင်းဖြစ်ပွားသည့်နေရာ | - ****တည်းခိုခန်း၊ သိန္နီမြို့နယ်၊ ရှမ်းပြည်နယ်။ |
| ချိုးဖောက်သူ | - ရဲတပ်သား **** ၊ သိန္နီမြို့မရဲစခန်း၊ ရှမ်းပြည်နယ် |

| | |
|---|---|
| အမှုဖြစ်စဉ်ပြန်လည်ပြောပြသူ | - ဆရာ **** (သိန္နီနှစ်ခြင်းအသင်းတော်အတွင်းရေးမှူး) |
| မှတ်တမ်းကောက်ယူသည့်အဖွဲ့အစည်း | - HI |

**အမှုဖြစ်စဉ်**

၁ ရက်၊ နိုဝင်ဘာလ၊ ၂၀၁၆ ခုနှစ် ညအချိန်မှာ****ကျေးရွာ၊ သိန္နီမြို့နယ်မှာနေထိုင်တဲ့ မ****သည်သူရဲ့ ခင်ပွန်းလောင်းနှင့်စကားများကြတော့ နေအိမ်ကဆင်းပြီး သိန္နီမြို့မှာနေတဲ့ ဦးလေးအိမ်ကိုသွားဖို့အတွက် နေအိမ်ကနေထွက်သွားခဲ့တယ်။ ထွက်လာတော့တစ်ဦးတည်းခြေလျင်ဖြင့် ထွက်လာခဲ့တယ်။ ****ကျေးရွာက သိန္နီ-လားရှိုး လမ်းမပေါ်တွင်တည်ရှိသောရွာဖြစ်ပြီး သိန္နီမြို့နှင့် (၂) မိုင် ကျော်ဝေးတဲ့ ကျေးရွာဖြစ်ပါသည်။ မ****က ****ကျေးရွာမှလမ်းလျှောက်ထွက်လာစဉ် သိန္နီမြို့အဝင်တံတားရောက်တော့ တံတားစောင့်ရဲတပ်ဖွဲ့မှ ရဲတပ်သား****က "ဘယ်သွားမလဲ၊ ညမှာမိန်းကလေးတစ်ယောက်ထဲ မသွားနဲ့၊ ငါလိုက်ပို့မယ်၊ ငါကရဲတစ်ယောက်၊ "ဒီမှာကြည့်ဆိုပြီး လက်ထိပ်ထုတ်ပြတယ်တဲ့" မ****လည်း ဆိုင်ကယ်ပေါ်လိုက်စီးသွားတော့ ရဲတပ်သား****က ကြာကန်ဘောင်မှာခေါ်ထိုင်ပြီး ဘာဖြစ်လာတာလဲ၊ ဆိုပြီးမေးတော့ မ****ကလည်းအကြောင်းစုံပြောပြလိုက်တယ်တဲ့ အဲဒီချိန်မှာရဲတပ်သားက "ဒီညတော့ မင်းဦးလေးအိမ် မသွားနဲ့တော့ အရမ်းဝေးတယ် ငါ့သူငယ်ချင်းရှိတယ် ဘာမှမလိုဘူး၊ အဲဒီမှာ သွားအိပ်" ဆိုပြီး ****တည်းခိုခန်းကိုခေါ်သွားလိုက်တယ်တဲ့၊ မ****ကလည်း တောသူဖြစ်တော့ တည်းခိုခန်းမှန်းလည်း မသိရှာဘူးပေါ့။ နမ္မတူနားဆိုင်းဆိုတဲ့တောင်ပေါ်ရွာက ပြောင်းလာတာလည်း တစ်နှစ်တောင်မပြည့်သေးတော့ ဘယ်နေရာ ဘာရှိတယ်ဆိုတာ မသိရှာသေးဘူး။ အဲဒီလိုနဲ့ တည်းခိုခန်း အခန်းတစ်ခန်းထဲဝင်ခိုင်းပြီး မ****ကိုအိပ်ရာပေါ် တွန်းလှဲလိုက်တယ်တဲ့။ ပြီးတော့ရဲတပ်သားက လက်ထိပ်တွေထုတ်၊ အင်္ကျီတွေချွတ်တယ်တဲ့။ အဲဒီလိုဆိုတော့ မ****က ထိုင်ငိုနေတယ်တဲ့၊ မ**** ငိုတော့ ရဲတပ်သားက ဘာငိုနေတာလည်း ငါလုပ်လိုက်ရလို့သေတော့ မယ်ဆိုပြီးပြောတယ်တဲ့။ အဲဒီလိုနဲ့ ရဲတပ်သားက မ****ရဲ့ အဝတ်အစားတွေ သူကိုယ်တိုင်ချွတ်ပြီး မတရားပြုကျင့်လိုက်တယ်။ ညသန်းခေါင်မှာလည်း နောက်တစ်ကြိမ်ပြုကျင့်တယ်ဆိုတော့ နှစ်ကြိမ်တိတိပြုကျင့်တယ်။ ဝင်လာတုန်းကလည်းတစ်ယောက်မှ မတွေ့တော့ အော်လည်းမအော်ရဲနဲ့ ဒီအတိုင်းကြောက်ပြီး သည်းခံလိုက်ရတယ်တဲ့။ ပြီးတော့ နောက်နေ့ ၂ ရက်၊ နိုဝင်ဘာလ ၊ ၂၀၁၆ ခုနှစ် မနက် မိုးမလင်းခင် ၃နာရီခွဲ လောက်မှာ အိမ်ပြန်ပို့တယ်တဲ့။

**လူ့အခွင့်အရေးချိုးဖောက်မှု - မတရားဖမ်းဆီးမှုနှင့် ထိန်းသိမ်းချုပ်နှောင်မှု**

| | |
|---|---|
| ချိုးဖောက်ခံရသူအမည် | - ဦး**** |
| ကျား/မ | - ကျား |
| အသက် | - ၂၈ နှစ် |
| လူမျိုး | - ကချင် |
| ကိုးကွယ်သည့်ဘာသာ | - ခရစ်ယာန် |
| အလုပ်အကိုင် | - ယာဉ်မောင်း |
| အိမ်ထောင်ရှိ/မရှိ | - ရှိ |
| ဇနီးအမည် | - ဒေါ်**** |
| သား/သမီး | - ကျား (၁) |
| နေရပ်လိပ်စာ | - ****ကျေးရွာ၊ ကွတ်ခိုင်မြို့နယ်၊ ရှမ်းပြည်နယ်။ |
| အခင်းဖြစ်ပွားသည့်နေ့ | - ၂၈ ရက်၊ ၁၁လ၊ ၂၀၁၆ ခုနှစ် |
| အခင်းဖြစ်ပွားသည့်နေရာ | - ****ကျေးရွာ၊ ကွတ်ခိုင်မြို့နယ်၊ ရှမ်းပြည်နယ်။ |
| ချိုးဖောက်သူ | - တပ်မ (၉၉)၊ မြန်မာအစိုးရတပ်မတော် |
| အမှုဖြစ်စဉ်ပြန်လည်ပြောပြသူအမည်(၁) | - ဒေါ်**** |
| ချိုးဖောက်ခံရသူနှင့် တော်စပ်ပုံ | - ဇနီး |
| ကျား/မ | - မ |

| | |
|---|---|
| အမှုဖြစ်စဉ်ပြန်လည်ပြောပြသူအမည်(၂) | - ချိုးဖောက်ခံရသူကိုယ်တိုင် |
| မှတ်တမ်းကောက်သည့်အဖွဲ့အစည်း | - HI |

**အမှုဖြစ်စဉ်ပြန်လည်ပြောပြသူအမည်(၁)၏ ပြောပြချက်**

ကျွန်မယောကျ်ား ဦး**** က မူဆယ်-ကွတ်ခိုင် ကားလိုင်းဆွဲတာ (၁)နှစ် နဲ့ (၆)လ ရှိပါပြီ။ စစ်ဖြစ်နေတဲ့အတောအတွင်းမှာ နေ့ချင်းပြန်၊ တခါတလေတော့ ညအိပ်ခရီး ကားမောင်းပြီး မိသားစုကို ရှာကျွေးနေတာပါ။ မနေ့ညနေ ၇း၂၅ မိနစ် (၂၈ ရက်၊ ၁၁လ၊ ၂၀၁၆ ခုနှစ်)မှာ ကျွန်မဆီ ဖုန်းဆက်ပြီး "ငါ့ကို ထမင်းစား မစောင့်နဲ့တော့။ ငါ ဒီမှာ (နမ့်ဂွတ် နှစ်ခြင်းအသင်းတော်ရဲ့ သင်းထောက်အိမ်မှာ) စားနေပြီ။ လမ်းအခြေအနေ မကောင်းဘူး။ ခရမ်းချဉ်သီးဘဲတင်တယ်။ လမ်းအခြေအနေအဆင်ပြေရင် ဆင်းခဲ့မယ်။" ဆိုပြီး ပြောပါတယ်။

အဲဒီနောက်ကျွန်မဆီ ည (၇း၅၅) မိနစ်လောက်မှာ ယောက္ခမ ဒေါ်**** ဆီကဖုန်းဝင်လာပြီး "သူ့ကို ဗမာတွေခေါ်သွားပြီ" လို့ ပြောတယ်။ ကျွန်မလည်း "ဘယ်လိုဖြစ်တာလဲ" ဆိုပြီးမေးတော့ ဒေါ်****က "ဦး****က ကားသံကြားလို့ လမ်းအခြေအနေမေးမယ်ဆိုပြီး အိမ်(နမ့်ဂွတ်နှစ်ခြင်း အသင်းထောက်အိမ်) ကနေ လမ်းမကြီး(မူဆယ်-ကွတ်ခိုင်လမ်း)ဘက်ထွက်သွားလိုက်တယ်။ ကျွန်မလည်း သူ့နောက်ကလိုက်သွားပါတယ်။ ဖိုးဝီးကား (၂) စီးက ကွတ်ခိုင်ကနေ မူဆယ်ဘက်တက်လာတာမြင်တော့ ဦး****က လမ်းအခြေအနေမေးဖို့ ဖိုးဝီးကားကို လက်ရမ်းတားတဲ့အချိန် အဲဒီမှာ ဦး****ကိုဘာမှတောင် မမေးဘဲ ဖိုးဝီးကားထဲက ဗမာစကားပြောတဲ့သူတွေ သူ့ကိုတခါတည်းဆွဲထည့် ခေါ်သွားလိုက်တယ်။ အဲဒီတော့ ကျွန်မ ကငိုပြီး 'ငါ့မောင်က ဘာမှမသိဘူး ကားမောင်းတဲ့အလုပ်ဘဲလုပ်တာ မခေါ်သွားကြပါနဲ့' လို့အော်ပြောလိုက်တော့ သူတို့က 'ဘာမှမဖြစ်ဘူး အစ်မ စိတ်မပူနဲ့ ကျွန်တော်တို့ ဘာမှမလုပ်ပါဘူး' ဆိုပြီး ခေါ်သွားကြတယ်" လို့ပြောပြတယ်။ ပြီးတော့ ဒေါ်****လည်း အိမ်ပြန်ပြီး ခဏနေတော့ ဖုန်းမြည်လာလို့ ရှာကြည့်တော့ ကျွန်မယောကျ်ားရဲ့ ဖုန်းနဲ့ ဖိနပ်တဖက်လည်း လမ်းမှာကျန်ခဲ့နေတယ်တဲ့။ ပိုက်ဆံအိတ်က ထမင်းစားတဲ့စားပွဲမှာ ကျန်ခဲ့တယ်တဲ့။

အဲဒီလိုဖုန်းကနေတဆင့် ဒေါ်****ဆီက သတင်းကြားတာနဲ့ (၈:၀၅) မိနစ်မှာ ကျွန်မအုပ်ချုပ်ရေးမှူးဆီ သွားပြီး အဖြစ်အပျက်ပြောပြပါတယ်။ ပြီးတော့ နယ်ထိန်းဆီ ဖုန်းဆက်တယ်။ နယ်ထိန်းက "ကျွန်တော်တို့လူ

ခေါ်သွားတာ သေချာလား” ဆိုပြီးမေးတော့ “ကျွန်မလည်းမမြင်တော့ မပြောတတ်ဘူး” လို့ပြန်ပြောလိုက်တယ်။ ဒါပေမယ့် ဒေါ်****ကမြင်လိုက်တယ်၊ ဒေါ်****ပြောပြတာက ဖိုးဝီးကား (၂) စီး ဗမာစကား ပြောတယ်။ တံဆိပ်တော့မမြင်လိုက်ဘူးလို့ ကျွန်မကိုပြန်ပြောပြတယ်။

ရဲစခန်းတော့ မသွားဘူး ဖုန်းနဲ့တော့ ဆက်သွယ်ပြီး နယ်ထိန်းကို အကြောင်းကြားထားလိုက်တယ်။ ညနေပိုင်း ဦး****ဆီ ဖုန်းဆက်တော့ဝင်တယ်။ မကိုင်ဘူး။ နောက်မနက် ပြန်ဆက်တော့ ဆက်သွယ်မှု ဧရိယာပြင်ပ ဖြစ်နေတယ်။ လေး၊ ငါးကြိမ်တော့ ဖုန်းဆက်ဖြစ်တယ်။ သူ့အစ်ကို ပြောပြတာက သူ့ကိုခေါ်သွားပြီး ခဏအကြာမှာ သေနတ်သံကြားတယ်။ လေး၊ ငါး၊ ခြောက်ကြိမ်လောက် ကြားတယ်လို့ပြောတယ်။ (မူဆယ်ကို ခေါ်သွားတယ်လို့အတိအကျ ပြောလို့မရဘူး။ ဒီအတောအတွင်း နမ့်ဂွတ်ရွာမှာ ဖိုးဝီးကားအသွားအလာ ရှိတယ်။ မနေ့ကမန်ရွယ်ရွာမှာ စစ်ဖြစ်တယ်။

## ရိုးဖောက်ခံရသူ၏ပြောပြချက်

ကျွန်တော် မူဆယ်က ခရမ်းချဉ်သီး တင်ပြီးဆင်းလာတာပါ။ ခရီးသည်တော့မပါဘူး။ အဲဒီနေ့ မိုးနည်းနည်းချုပ်သွားပါတယ်။ နမ့်ဂွတ်ရွာရောက်လို့ ခဏနားတော့ ဆိုင်ကယ်ဝပ်ရှော့ပ်ဖွင့်တဲ့ ဦး****က ကျွန်တော့်ကို “မင်းအခုကွတ်ခိုင်ဆင်းမလို့လား။ ဆင်းရင်လည်း လမ်းအခြေအနေ စုံစမ်းပြီးမှသွားအုံး၊ နေ့လည် (၂၈ ရက်၊ နိုဝင်ဘာလ၊ ၂၀၁၆ ခုနှစ်) တုန်းကတောင် မန်လုံကျေးရွာ လမ်းခွဲမှာ ဆပ်ကြေးကောက်၊ လမ်းသွားလမ်းလာ အားလုံးကို စစ်တယ်” ဆိုပြီးပြောတော့ ကျွန်တော်လည်း လမ်းအခြေအနေ စုံစမ်းအုံးမယ်ဆိုပြီး လမ်းဘေးကားရပ်ထားပြီး နမ့်ဂွတ်ရွာမှာဘဲ နားနေလိုက်တယ်။

တစ်နာရီလောက်ကြာထိ ကွတ်ခိုင်ဘက်ကတက်လာတဲ့ကားတစ်စီးမှ မတွေ့ပါဘူး။ နောက်မှ ကား နှစ်စီးတက်လာတာ တွေ့တယ်။ ညဆိုတော့ စစ်ကားမှန်းလည်းမကြည့်တတ်ဘူး။ စစ်သားတွေစီးတာလည်း မတွေ့တာနဲ့ လိုင်းကားဘဲထင်တာပေ့ါ။ အဲဒီတော့ ကျွန်တော်ကားတားလိုက်တာနဲ့ ကားပေါ်ကစစ်သားတွေ ခုန်ဆင်းလာပြီး တစ်ခါထဲ ကျွန်တော့်ကို ဖမ်းချုပ်ပါတယ်။ ကျွန်တော်က “ဗိုလ်ကြီးတို့ကားမှန်း မသိလို့ တားမိတာပါ” ပြောရင်လည်း ကားထဲကိုဖမ်းချုပ်ထည့်ခေါ်သွားတယ်။ စစ်သားတစ်ယောက်ဆိုရင် သေနတ်နဲ့ ပစ်ခါနီးနီးဘဲ၊ အဲမှာ သူတို့ထဲကဗိုလ်ကြီးထင်တယ် သူက “သေနတ်နဲ့မလုပ်နဲ့” လို့ပြောလိုက်တော့မှ စစ်သားသုံးလေးယောက် ကျွန်တော်ကိုဖမ်းချုပ်ပြီး ကားပေါ်တင်ပြီး ရှုခင်းသာ ညောင်ပင်ကြီးတစ်ပင်ရှိတဲ့ နေရာခေါ်သွားတယ်။

အဲဒီမှာရောက်တော့ ရှေ့အပတ်က ကားသမားတစ်ယောက်ကို ပစ်ထားတယ်ဆိုတဲ့ ကားတစ်စီးရပ်ထားပါတယ်။ ပြီးတော့ ကျွန်တော့်ကို “အဲဒီကားအကြောင်း မင်းသိသလား” ဆိုပြီး စစ်သားတွေ မေးပါတယ်။ ကျွန်တော်လည်း “ကားအကြောင်းတော့မသိဘူး၊ ကျွန်တော်တို့ ကွတ်ခိုင်နဲ့ မူဆယ် ကားပြေးဆွဲနေတဲ့ သူတွေက ကားသမားတစ်ယောက် ပစ်ခံရတယ် ဆိုတာတော့ အားလုံးသိကြပါတယ်” ဆိုပြီး ပြောလိုက်တယ်။ အဲဒီတော့ စစ်သားတစ်ရောက်က “ဒီကားထဲက အလောင်းကို တစ်နေ့ကဘဲ ငါတို့ လာကောက်တယ်။ ဒီကားကိုပစ်တုန်းက မင်းပါတယ်လေ” ဆိုပြီးပြောပါတယ်။ ကျွန်တော်ကတော့ “မပါဘူး သေနတ်ပစ်တာတို့ တစ်ခြားအဲဒီအကြောင်းနဲ့ ပါတ်သက်ပြီး ကျွန်တော်ဘာမှမသိဘူး။ ကွတ်ခိုင်နဲ့ မူဆယ် ကားပြေးဆွဲနေတာ တခါတလေ အခုလိုမိုးချုပ်တယ်။ ဒါပေမယ့် နေ့တိုင်း ဖြတ်သွားဖြတ်လာတော့ ဒီကားကိုတွေ့ပါတယ်။ ဘာကြောင့် ဒီကားပစ်ခံရတယ်။ ဘာကြောင့်ရပ်ထားတယ် ဆိုတာတော့ မသိပါဘူး” လို့ပြောပါတယ်။ ဒါပေမယ့် သူတို့စစ်သားတွေက “မင်းကောင်းကောင်းဝန်ခံလိုက် အခုလိုခေါင်းမာနေရင် အသက်တောင်ပါသွားမယ်။ ဘာထင်နေလဲ” ဆိုပြီးပြောတယ်။ “ကျွန်တော်လည်း ဘယ်လိုမှ မခံယူတတ်ဘူး ဒီအကြောင်းဘာနဲ့ပတ်သက်ပြီး ဘာမှမသိတာ၊ ဘာမှလည်းမလုပ်ဘူး” ပြောတော့ ကျွန်တော့်ကို လက်နဲ့ နှစ်ချက်လောက် ရိုက်ပါတယ်။

၂၉ ရက်၊ နိုဝင်ဘာလ၊ ၂၀၁၆ ခုနှစ် မနက်ပိုင်း (၁) နာရီလောက်မှာ ကွတ်ခိုင်တပ်ဘက် ကားနဲ့

ပြန်ခေါ် ဆင်းလာတယ်။ ကွတ်ခိုင်ရောက်ခါနီး မြို့အဝင် (Asia World) ဂိတ်နားမှာရောက်တော့ သူတို့ (စစ်သား)တွေရဲ့ ပုဆိုးနဲ့ ကျွန်တော့်မျက်စိမှာပတ်ချည်ပြီး ကွတ်ခိုင်ဗျူဟာမှာ ကျွန်တော်ကို လာအပ်ထားတယ်။ ကွတ်ခိုင်ဗျူဟာမှာ ရောက်တော့ ဗျူဟာအချုပ်ခန်းမှာ မျက်စိပတ်ချည်ထားပေးပြီး ထည့်ထားပါတယ်။ ပြီးတော့ ညနေပိုင်း ၄ နာရီလောက်မှာ ကျွန်တော်ကိုယ်ရေးအချက်အလက်တွေ မေးမြန်းယူကြပြီး ကွတ်ခိုင်ဗျူဟာကနေ ပြန်လွှတ်လိုက်တယ်။

**လူ့အခွင့်အရေးချိုးဖောက်မှု - မတရားဖမ်းဆီးမှုနှင့် ထိန်းသိမ်းချုပ်နှောင်မှု**

ချိုးဖောက်ခံရသူအမည် - ဦး****
ကျား/မ - ကျား
အသက် - ၂၉ နှစ်
အလုပ်အကိုင် - တောင်သူ
အိမ်ထောင်ရှိ/မရှိ - ရှိ
ဇနီးအမည် - ဒေါ် ****
သား/သမီး - (၁) ယောက်
နေရပ်လိပ်စာ - ****ကျေးရွာ၊ ရှမ်းပြည်နယ်။
ချိုးဖောက်သူ - တပ်မ (၁၁)၊ မြန်မာအစိုးရတပ်မတော်

အမှုဖြစ်စဉ်ပြန်လည်ပြောပြသူအမည် - ဒေါ် ****
ချိုးဖောက်ခံရသူနှင့် တော်စပ်ပုံ - ဇနီး
ကျား/မ - မ
နေရပ်လိပ်စာ - ****ကျေးရွာ၊ ရှမ်းပြည်နယ်။
မှတ်တမ်းကောက်ယူသည့်အဖွဲ့အစည်း - HI

**အမှုဖြစ်စဉ်**

အဲဒီနေ့ကျွန်မယောကျ်ားက ထင်းသွားကောက်မယ်ဆိုပြီး ထွက်သွားတယ်။ သွားတော့ ဖျားလာတယ် ဆိုပြီး ကျွန်မ မူကြို ကျောင်းဆရာမ လုပ်နေတဲ့နေရာကို မက်ခလောင်ခြစ်ခိုင်းဖို့ ရောက်လာတယ်။ မက်ခလောင်ခြစ်ပြီးတော့ ပြန်သွားတယ်။ ပြန်သွားတော့ ညနေပိုင်း (၂)နာရီခွဲ နေပြီ။ လမ်းမကြီး ရောက်တာနဲ့ စစ်ကြောင်း တပ်မ (၁၁) တို့တွေ့ပြီး သူ့ကိုခေါ် သွားတယ်။

ကျွန်မတို့အိမ်ကိုသွားပြီး တစ်အိမ်လုံးကိုမွှေနှောက်သွားတယ်။ ဒါပေမဲ့ သူတို့ဘာမှမတွေ့ဘူး။ ဝက်သား (၅) ကျပ်သားတော့ ယူသွားကြတယ်။ ပြီးတော့ သူ့ကိုဘုရားကျောင်းထဲကို ခေါ်သွားကြတယ်။ ဘုရားကျောင်းမှာ အကြာကြီးခေါ် ထားပြီး (၅) နာရီလောက်မှာမှ ဂတ်ပါစျေးဘက် ခေါ် သွားတယ်။ သူကဝန်ထမ်း(လက်နက်ကိုင်) လည်းမလုပ်ဘူး။ လယ်၊ ပြောင်းဖူးခင်းတွေဘဲလုပ်တယ်။

ကျွန်မကကျောင်းဆင်းချိန်မှာ ပြန်လာတော့ ဘုရားကျောင်းမှာသူ့ကိုရှာ နောက်ပြီး တစ်ရွာလုံးက အမျိုးသမီးတွေကိုလည်း ခေါ် ထားတာကို တွေ့တယ်။ ကျွန်မယောကျ်ားက ကျွန်မကိုတွေ့ပြီး ခေါ်တယ်။ ပြီးတော့ သူ့မှတ်ပုံတင်ယူပေးလိုက်တယ်လို့ ပြောတယ်။ အဲဒီမှာရှိနေကြတဲ့ အမျိုးသမီးတွေကို မေးတော့လည်း မှတ်ပုံတင်ယူသွားတယ်လို့ ပြောတယ်။ နောက်တော့ ပြန်ပေးတယ်။ ရိုက်နှက်တာတို့တော့ကျွန်မ မတွေ့ဘူး။ ရိုက်နှက်တာတို့လည်း မရှိဘူးလို့ ကျွန်မယောကျ်ားက ပြောတယ်။

ဂတ်ပါစျေးဘက်ခေါ် သွားပြီး ကျွန်မလည်းအနွေးထည်သွားပေးတော့ မကြာခင်လွှတ်မယ်လို့ ပြောတယ်။

နောက်မနက်ရောက်တော့ ကျွန်မတို့ကထမင်းသွားပို့မယ်လို့ ပြောတော့ သူများတွေက အဲဒီဘက်သွားလို့မရဘူး ပြောလို့ ကျွန်မလည်းမသွားတော့ဘူး။ အဲဒီကတည်းက သူ့ကိုမတွေ့တော့ဘူး။ အဲဒီည မန်လွမ် ဂတ်ပါစေးက ကက်သလစ်ဘုရားကျောင်းမှာ အိပ်တယ်လို့ ကြားတယ်။ ကျွန်မတို့နေတဲ့နေရာနဲ့ အဲဒီမန်လွမ်ရွာက လမ်းလျှောက်ရင် မိနစ်(၄၀)လောက် လျှောက်ရတယ်။

နောက်တစ်နေ့ ညနေပိုင်း(၂)နာရီလောက်မှာ သူတို့တစ်ချို့တွေကိုတော့ လွှတ်လိုက်တယ်။ အဲဒီ လွှတ်လိုက်တဲ့ အထဲမှာ ကျွန်မယောကျ်ားပါမလာဘူး။ ဒီမန်ဂျက်ရွာဘက်သွားလိုက်တယ်ဆိုပြီး ကျွန်မလိုက်လာတယ်။ သူ့ကိုမတွေ့လိုက်ရဘူး။ ခေါ်သွားပြီလို့ပြောတယ်။ ဘယ်ကိုခေါ်သွားတယ်ဆိုတာတော့ ကျွန်မမသိဘူး။ ဒါပေမယ့် စစ်တပ်ကိုခေါ်သွားတယ်လို့တော့ သူတို့ပြောကြတယ်။ သူ့ကိုခေါ်သွားတဲ့ စစ်ကြောင်းက တပ်မ (၁၁) ဟုတ်တယ်။ စစ်အင်အားကတော့ (၇၀/၈၀) လောက်ရှိတယ်။ သေချာ တော့မကြည့်လိုက်မိဘူး။

ဘာကြောင့်ဖမ်းတာလည်းမသိဘူး။ သူတို့ကျွန်မတို့ရွာကို ကေအိုင်အေရွာလို့ သိထားကြတယ်လို့ ပြောကြတယ်။ ထောက်လှမ်းရေးတစ်ယောက်ကတော့ မင်းတို့ဖမ်းထားတဲ့ အထဲမှာ ကေအိုင်အေ(၃)ယောက်ပါတယ်လို့ သူတို့ကိုပြောတယ်။ အဲလောက်ဘဲသိတယ်။ တခြားတော့မသိတော့ဘူး။ သူ့ကိုအမြန်ဆုံး လွှတ်ခိုင်းစေချင်တယ်။ သူမရှိရင်ကျွန်မတို့သားအမိက ဘာမှမလုပ်တတ်ဘူး။ သူကဘာအပြစ်မှမရှိတဲ့အတွက် မြန်ဆုံးလွှတ်လာ စေချင်တယ်။

**လူ့အခွင့်အရေးချိုးဖောက်မှု - လက်နက်ကြီးထိမှန်မှု (ဒဏ်ရာရ)**

| | |
|---|---|
| ချိုးဖောက်ခံရသူအမည် | - ဒေါ် **** |
| ကျား/မ | - မ |
| အသက် | - (၅၈) နှစ် |
| အမျိုးသားမှတ်ပုံတင်အမှတ် | - ၁၃/တနန(နိုင်) **** |
| လူမျိုး | - ကချင် |
| ကိုးကွယ်သည့်ဘာသာ | - ခရစ်ယာန် |
| အလုပ်အကိုင် | - နေ့စား |
| မိဘအမည် | - ဦး**** နှင့် ဒေါ်**** |
| အိမ်ထောင်ရှိ၊ မရှိ | - ရှိ |
| ခင်ပွန်းအမည် | - ဦး**** |
| သားသမီး | - မရှိ |
| မိသားစုဝင် | - (၂) ယောက် |
| နေရပ်လိပ်စာ | - ****၊ ကွတ်ခိုင်မြို့နယ်၊ ရှမ်းပြည်နယ်။ |
| အိမ်ခြေ | - (၄၀၀) ကျော် |
| အခင်းဖြစ်ပွားသည့်နေ့ | - ၉ ရက်၊ ဇန်နဝါရီလ၊ ၂၀၁၇ ခုနှစ် |
| အခင်းဖြစ်သည့်အချိန် | - ညနေ ၇း၀၀ နာရီ |
| အခင်းဖြစ်ပွားသည့်နေရာ | - အိမ်တံခါးမကြီးရှေ့၊ ကွတ်ခိုင်မြို့နယ်၊ ရှမ်းပြည်နယ်။ |
| ချိုးဖောက်သူ | - အတိအကျမသိ၊ အခင်းဖြစ်ချိန်တွင်ရွာအတွင်း တပ်မ(၉၉) ရှိသည်။ |

| | |
|---|---|
| အမှုဖြစ်စဉ်ပြန်လည်ပြောပြသူအမည် | - ချိုးဖောက်ခံရသူကိုယ်တိုင် |
| မှတ်တမ်းကောက်သည့်နေ့စွဲ | - ၂၆ ရက်၊ ဇွန်လ၊ ၂၀၁၇ ခုနှစ် |
| မှတ်တမ်းကောက်ယူသည့်အဖွဲ့အစည်း | - KWAT |

**အမှုဖြစ်စဉ်**

ကျွန်မတို့က****ကျေးရွာမှာနေထိုင်ပါတယ်။ တရုတ်၊ ရှမ်း၊ ပလောင်တွေ အားလုံး ပေါင်းရင်အိမ်ခြေ (၄၀၀)ကျော်ရှိတယ်။ ဈေးလည်းရှိပါတယ်။ ပြည်သူ့ဆေးရုံလည်းရှိပါတယ်။ ရွာအပေါ်ပိုင်းမှာ မြန်မာအစိုးရစစ်တပ်၊ တပ်မ(၉၉) ရှိတယ်။ အရင်တိုက်ပွဲဖြစ်တုန်းက ရွာအလယ်မှာ မြန်မာအစိုးရစစ်တပ်ထားရှိတယ်။ ****ရွာရှိလူများစုဟာ လယ်ယာမြေလုပ်ငန်းကို အဓိကလုပ်ကိုင် စားသောက်ကြပါတယ်။ လွန်ခဲ့တဲ့အချိန်တုန်းက ရွာမှာစစ်ဖြစ်သော်လည်း ရွာသားတွေကိုထိခိုက် နှောက်ယှက်မှုမရှိခဲ့ပါဘူး။

၉ရက်၊ ဇန်နဝါရီလ၊ ၂၀၁၇ ခုနှစ် ညမှာ သေနတ်သံစတင်ကြားရတုန်းက ကျွန်မတို့အိမ် အောက်ဘက်ရှိအသိအိမ်မှာ ကျွန်မတို့သူငယ်ချင်း (၃) ဦးနှင့်အတူ TV ကြည့်နေခဲ့တယ်။ ညနေ ၆ နာရီခန့်မှာ လက်နက်အကြီး/အသေးသံ စတင်ကြားရတယ်။ ဘယ်စစ်တပ်တွေ စစ်ဖြစ်ကြသည်ကို မသိပါ။ ကျွန်မတို့လင်မယားနှစ်ယောက်လဲ သေနတ်သံကြောင့် အိမ်မှာအိမ်ဧည့်ခန်းထဲရှိ ကုတင်မှာဘဲ လဲလျောင်းနေခဲ့တယ်။ သေနတ်သံကြားစဉ်ကတည်းက အပေါ့သွားချင်နေခဲ့ရာ၊ သေနတ်သံတိတ်သွားပြီး နောက် ၁၅-၂၀ မိနစ်ခန့်မှာ မအောင့်နိုင်တော့သောကြောင့် အိမ်ပြင်ဘက်ထွက်ကာ အပေါ့သွားခဲ့ပြီး အိမ်ရှေ့မှာရေသောက်ကာ ထိုင်ခုံပေါ်တွင်ထိုင်နေစဉ် အိမ်ရှေ့ဘက်မှာအသံတစ်ချက်ကြားပြီးနောက် ကျွန်မတစ်ချက်အော်လိုက်ရာ ကျွန်မခင်ပွန်းထွက်လာပြီး "အမလေးခြေလက်တွေ ကျိုးကုန်ပြီလား" ဆိုပြီးပြောတော့ "ကျွန်မလည်းမသိတော့ပါဘူး" ဟုသာပြောနိုင်ခဲ့တယ်။ ခင်ပွန်းက ကျွန်မကို ပွေ့ချီကာခြေထောက်ကို ကိုင်ကြည့်ရာခြေထောက်တော့မကျိုးပေ။ ကျွန်မကိုကြောပိုးကာအိမ်နားရှိ ဦး****တို့အိမ်မှာ ကတုတ်ကျင်းရှိသောကြောင့် ကျွန်မကိုခေါ် သွားခဲ့ပါသည်။

ထိုညတစ်ညလုံး သွေးတော်တော်ထွက်ခဲ့သည်။ ကျွန်မလည်း ဘုရားသခင်သားသမီး ဖြစ်သောကြောင့်ကျွန်မ မသေနိုင်တာပါ။ ဘုရားသခင်ကယ်ပါ ကျွန်မသည်သနားစရာ ဖြစ်နေပါ တယ်ဟု ဆုတောင်းပါတယ်။ ကတုတ်ကျင်းထဲမှာ တစ်ညလုံးရှိနေခဲ့သည်။ တစ်ညလုံး ခန္ဓာကိုယ် လှည့်ကြည့် သော်လည်း ခြေတစ်ဘက်ဘဲလှည့်နိုင်ပြီး၊ ကိုယ်ခန္ဓာက မာတောင့်လာသောကြောင့် အိမ်ရှင် တွေကိုခေါ်နေစဉ် ကျွန်မစိတ်ထဲသတိရလာတယ်။ ဘုရားသခင်ကျွန်မကို သတိပေးလိုက် တယ်။ ထို့ကြောင့်ကျွန်မလည်း ဒေါ်****ကျွန်မကိုသေးပေါက်ပြီး ယူလာပေးဦးဟုပြောလိုက်ရာ သူတို့ မှာ သေးပေါက်ကာ ကျွန်မကိုလာပေးခဲ့သည်။ ကျွန်မလည်း အာခေါင်ခြောက်လာသောကြောင့် ထိုသေးကိုသောက်ပြီးမှ သက်သာရာရခဲ့သည်။ ကျွန်မလည်း ဘုရားသခင် ခုမှသက်သာရာရလာတယ်၊ မနက်ဖြန်မှာလည်း လမ်းလျှောက်ချင်ပါသည်၊ မသေပါစေနဲ့ဟုဆုတောင်းခဲ့သည်။ သူတို့ကို သေး ပေါက်ကာပေးဖို့ နှစ်ကြိမ်တောင်းဆိုခဲ့သည်။ မနက်မိုးလင်းလာချိန် ကျွန်မကို ခင်ပွန်းကပွေ့ချီဖို့လုပ်ရာ မနိုင်တော့ကြောင်းပြောလာသည်။ ကျွန်မတစ်ကိုယ်လုံးလည်း သွေးတွေ ပေကျံကုန်သည်။ ကျွန်မလက်ကို ကြည့်လိုက်ရာအရိုးဖြူဖွေးပြီး အထင်းသားတွေ့ခဲ့သော်လည်း မတတ်နိုင်တော့ဘဲ အားစိုက်ကာ လက်မြောက်လိုက်ရာခင်ပွန်း၏အင်္ကျီကိုဆုတ်ကိုင်ကာ အားစိုက်ပြီး ဖင်ကိုမှတင်နိုင်ခဲ့ပြီး ကတုတ်ကျင်းအပြင်ဘက်သို့ ထွက်လာနိုင်ခဲ့သည်။ အဲဒီအကြောင်းအရာကို ယခုတွေးကြည့်ရင် အရမ်းကြောက်တယ်။ ကျွန်မတို့အိမ်ထဲရောက်တော့ အတော်ကြာအောင်ထိုင် နားနေခဲ့တယ်။ ဆုလဲထပ်တောင်းခဲ့တယ်။ အဲဒီနောက် ခဏနားမည်ဟုလှဲလျောင်းလိုက်စဉ် ရွာအုပ်ချုပ်ရေးမှူးနှင့် အသင်းတော်မှ ဆရာဦး****တို့ရောက်ရှိလာသည်။ သူတို့ကဒီအတိုင်းဘဲနေလို့ မရဘူးဟုဆိုကာ၊ ဆေးရုံသို့ခေါ် သွားခဲ့တယ်။ ****ဆေးရုံတွင်လိုအပ်သည်များ ကိုပြုလုပ်ပေးပြီး ****ဆေးရုံ သို့ပို့ခဲ့ သည်။ အဲဒီညတစ်ညလုံး သေနတ်သံကြားတယ်။ တစ်ခြားတော့မသိဘူး။ ရွာသားတွေ ပြော တာက တစ်ဖက်က ပစ်တဲ့ဗုံးဘဲတဲ့။ ဖြစ်ပြီးနောက်တစ်ရက် မနက်အစောမှာ ဆေးရုံသွားခဲ့တယ်။ ကတုတ် ကျင်းက ဦး****တို့ရဲ့ဟာဖြစ်တယ်။ ကျွန်မတို့က ကတုတ်ကျင်းမရှိဘူး။ ကတုတ်ကျင်းထဲက သွေးတွေ ကိုတောင်နောက်နေ့မှ ကျုံးပစ်ခဲ့တယ်တဲ့။

၁၀ ရက်နေ့ ဇန်နဝါရီလ ၂၀၁၇ ခုနှစ် နံနက်စောစော (၆)နာရီခန့်တွင် ****ပြည်သူ့ဆေးရုံ သို့သွားခဲ့သည်။ အဲဒီနောက်မှ ****ပြည်သူ့ဆေးရုံသို့ပြန်ပို့ခဲ့သည်။ ဓါတ်မှန်လဲရိုက်တယ်။ ****ဆေးရုံမှာ မရတော့ဘူးဆိုပြီး ****ပြည်သူ့ဆေးရုံကို ပြန်ပို့ခဲ့သည်။ ****ဆေးရုံမှာ ၁၂ ရက်နေ့ မှာကုသခဲ့ပြီး ၁၃ ရက် မြောက်နေ့မှာ

အိမ်ပြန်လာခဲ့တယ်။ လက်ယာဘက်လက် လက်ဆစ်မှာထိတယ်။ ခြေထောက်မှာတော့ဒူးမှာထိတယ်။ လက်အရေခွံစုတ်ပြဲသွားတဲ့ နေရာမှာ ခြေထောက်ရှိအရေခွံကို အစားထိုးဖာပေးခဲ့တယ် ထင်တယ်။ အဲဒီနေရာမှာ ပတ်တီးစီးထားပေးခဲ့တယ်။ အခုအခြေအနေက ခြေထောက်ကို အောက်ချရင်အသံမြည်နေသေးတယ်၊ နာနေသေးတယ်။ အပေါ်မြှောက်ရင်တော့ ပြဿနာမရှိဘူး အခုတော့ဖြစ်ခဲ့တာ (၇) လ ကြာပါပြီ။ ဒဏ်ကြေဆေးကိုဆက်လက်သောက်နေရဆဲပါ။ ဒီလမှာတော့ဆေးကုန်သွားသောကြောင့် မသောက်နိုင်တော့ဘူး။ ဆေးသောက်နိုင်ရင်တော့သက်သာပါတယ်။ မသောက်ရင်တော့ ကိုက်ခဲတယ်။ ခက်ခဲတယ်ဆိုတော့ အဆင်ပြေရင် ဆေးဝယ်သောက်နိုင်ပြီးမရှိရင်တော့မသောက်ဘဲနေလိုက် ဒီလိုပါဘဲ။ အခုတော့ဘယ်မှ မသွားနိုင်သေးဘူး။ ဒီ (၇) လ တော့ဒီလိုဘဲနေနေခဲ့တယ်။

အခုအခြေအနေမှာတော့ အလေးအပင်တွေ မလို့မရဘူး။ အလေးအပင် မခဲ့ရင် လက်တွေတုန်လာတယ်။ ညာဖက်ခြမ်းခြေထောက်လည်း မနက်စောစောဆိုရင် ကိုက်ခဲနာကျင်မှုကို ခံစားရတယ်။ လုပ်ကိုင်စားသောက်ရတဲ့အခြေအနေက ခုတော့ဘာမှလုပ်လို့ မရသေးဘူး။ အားစိုက်ရတဲ့ အလုပ်ဆိုရင် လက်ကမရသေးတော့ နောက်နှစ်လောက်ဆိုရင်တော့ စပါးရိတ်နိုင် တော့မယ်ထင်တယ်။ အခုတော့အဝေးကိုမသွားခိုင်းဘူး။ အိမ်မှာဘဲ နေခိုင်းတယ်။

**ခင်ပွန်းဖြေကြားချက်**

ဆေးရုံမှာ (၁၃) ရက် ကြာခဲ့တယ်။ ဆေးရုံရောက်ပြီး (၅) ရက် အကြာ ၁၄ ရက်နေ့ ဇန်နဝါရီလ ၂၀၁၇ ခုနှစ် ရက်နေ့ ညနေ ၁း၀၀ နာရီ မှာပထမအကြိမ်ခွဲစိတ်မှုကို ပြုလုပ်ခဲ့တယ်။ ခြေထောက်ကိုအရင်ဦးဆုံးခွဲစိတ်ခဲ့တယ်။ အဲဒီနောက် ၃ ရက် မြောက်နေ့ ဇန်နဝါရီလ ၁၇ ရက် နေ့မှာ လက်ခွဲစိတ်မှုကိုထပ်ပြုလုပ်ခဲ့တယ်။ ကျွန်တော်တို့ သွားတည်းတဲ့ တည်းခိုခန်းမှာလည်း ဆေးကုတဲ့အချိန် ငွေကြေး(၅)သိန်း ပေးခဲ့တယ်။ ဆေးရုံဆင်းချိန်ဆေးလက်မှတ်တွေ မိတ္တူလိုချင်တယ်ပြောတော့ ဘယ်မှာမှသွားမကူး ပေးတတ်တော့ အဲဒီမှာဘဲပေးခဲ့ပြီး အိမ်ပြန်လာခဲ့တယ်။ အဲဒီနောက် ကျွန်တော်လည်းဆေးရုံကို မသွားဖြစ်တော့သွားမယူ နိုင်တော့ဘူး။ ဆေးဝယ်သောက်တဲ့ ပိုက်ဆံအကြွေးတင်နေသေးတယ်။

ကျွန်တော်က အခုကုလားတွေဆီမှာ ဈေးရောင်းကူတာ တစ်မနက်ကို (၂၀၀၀) ကျပ် လောက်ဘဲရတယ်။ ကျွန်တော်ပွဲစားတွေလုပ်ပြီး ရောင်းတယ် (၁၀၀၀၀) ကျပ်၊ တခါတလေ (၆၀၀၀) ကျပ် ရတယ်။ သူများလာဝယ်ထည့်တဲ့ဂက်လည်း ကျွန်တော်တို့က မွေးပေးတာ (၃) ကောင် ရှိတယ်။ (၃) ကောင် မွေးရင်တစ်ကောင်က ကျွန်တော်တို့ရတယ်။ ကျွန်တော်တို့ဂက်လည်း နှစ်ကောင်ရှိတယ်။ အဲဒီဂက်တွေကိုလည်းဆေးရုံဆင်းတုန်းက ခက်ခဲလို့ရောင်းပစ်ခဲ့ရတယ်။ အဲဒါကြောင့်မိတ်ဆွေတွေက ပြန်လာဝယ်ထည့်ပေးထားတာ။ လယ်ကွက်ကမရှိဘူး။ ကျွန်တော့်မိန်းမနှင့် သူ့အမေဘဲနေခဲ့ရာမှ ကျွန်တော်နှင့်အိမ်ထောင်ကျတော့ အရင်ကတည်းကတောင်ယာတော့လုပ်တယ်။ ဒါပေမဲ့ သိပ်ပြီးအဆင်မပြေပါဘူး။ ကျွန်တော့်တို့လင်မယားမှာ သားသမီးတော့မရှိဘူး၊ ကျွန်တော်တို့ နှစ်ယောက်ဘဲ။

တခြားပြောစရာကတော့ ဘာမှမရှိတော့ပါဘူး။ စကားတွေတောင်မှဟိုဟာမပြောနှင့် ဒီဟာမပြောနဲ့ ရှုပ်လာမယ်ဆိုပြီးပြောတယ်။ လက်နက်ကြီးတွေဘယ်လိုပစ်လဲ၊ ဘယ်သူတွေနှင့် ပစ်ခတ်ကြလဲ ဆိုတာမပြောဖို့လာပြောထားတယ်။ ဆေးရုံသွားတုန်းက လမ်းစရိတ်ငွေ (၆၀၀၀၀) ကျပ်၊ စားဖို့ (၂၀၀၀၀) ကျပ်လာပေးတယ်။ ဆေးရုံကပြန်လာတော့ ကားခ (၆၀၀၀၀) ကျပ်၊ စားဖို့ (၃၀၀၀၀) ကျပ် ပြန်လာပေးတယ်။ ကျွန်တော်ကကျေးဇူးတင်ကြောင်းသွားပြောတော့ ဒီ (၉၀၀၀၀) ကျပ် ကိုပြန်ပေးလိုက်တာ။

တခြားအဖွဲ့အစည်းတွေ လာရောက်ကူညီတာတွေလည်း ရှိတယ်။ ဒေါက်တာ**** တို့ (၁၀၀၀၀၀) ကျပ်၊ မြန်မာ့အမျိုးသမီးအဖွဲ့က (၂၀၀၀၀) ကျပ်၊ မိခင်နှင့်ကလေးက (၂၀၀၀၀) ကျပ်၊ KGZ (၁၀၀၀၀၀) ကျပ်၊ လားရှိုး

ပရဟိတအဖွဲ့က (၅၀၀၀၀) ကျပ်၊ ****အုပ်ချုပ်ရေးမှူးတွေက ခရီးစရိတ်နှင့် စားသောက်ဖို့ (၁၇၀၀၀၀) ကျပ် ကူညီတယ်။ သူတို့ကူညီလို့ ကျွန်တော်တို့ ဆေးကုသနိုင်တာပါ။ ကျွန်တော်တို့က ကိုယ့်ဖာသာဆေးကုသရမည်ဆိုပါက သေဖို့သာရှိတော့တယ်။ ကူညီတဲ့သူတွေကို အထူးကျေးဇူးတင်ပါတယ်။ ဆေးရုံမှာကုန်ကျခဲ့တဲ့ ကုန်ကျစရိတ်က (၁,၀၀၀,၀၀၀) ကျပ် ဖြစ်ပါတယ်။ တိုင်းရင်းဆေးဝယ်သောက်တာ အခု (၅၀၀၀၀) ကျပ် ရှိပါပြီ။

ကျည်ဆံက ဘယ်သူ့ကျည်ဆံဖြစ်တယ်ဆိုတာတော့ ကျွန်တော်တို့ မသိရဘူး။ ဒေါ် **** (အုပ်ချုပ်ရေးမှူးဇနီး) လည်းမသိဘူးလို့ပြောတယ်။ ပြောလည်းမပြောနိုင်းပါဘူး။ ဒီဖြစ်စဉ်ဖြစ်တာက ည ၇း၀၀ နာရီ မှာ ဖြစ်ခဲ့တယ်။ ဖြစ်ပြီးတာနှင့် ကျွန်တော်တို့လည်းအပြင်တောင် မထွက်ဖြစ်တော့ပါ။

ဒီပတ်ဝန်းကျင်မှာ ဘယ်စစ်တပ်တွေရှိဒါကိုလည်း ကျွန်တော်တို့ကမသိဘူး။ ကျွန်တော်တို့က ပြည်သူတွေဆိုတော့ KIA (ကချင်လွတ်မြောက်ရေးတပ်မတော်) ဘယ်မှာရှိကြလဲ ဆိုတာမသိပါ။ ****မှာမြန်မာအစိုးရစစ်တပ် တပ်မ (၉၉) လက်အောက်မှ တပ်တွေထိုင်ကြတယ်။ ဘယ်အဖွဲ့ဆိုတာတော့ သေချာမသိဘူး။ ကျွန်တော်လည်း တစ်နေ့လုံးခြံမှာဘဲ ဝက်စာရှာ၊ ဝက်စာချက်၊ ရေခပ်နဲ့အချိန်ကုန်နေသောကြောင့် အပြင်အကြောင်း သိပ်မသိပါဘူး။ ခုတော့အပြင်မှာ အလုပ်ရှာလုပ်ဖို့ တော်တော်ခက်နေပြီ။ လက်ဖက်ခူးရောင်းမည် ဆိုသော်လည်း တစ်ပိသာမှ (၂၀၀၀) ကျပ် သာရပြီး လက်ဖက်အမြှုဆိုရင်တော့ (၄၀၀၀) ကျပ် ရတယ်။ ကူညီလို့ရတယ်ဆိုရင်တော့ ကူညီပါလို့ တောင်းဆိုချင်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**လူ့အခွင့်အရေးချိုးဖောက်မှု - လက်နက်ကြီးထိမှန်မှု (ပြင်းထန်ဒဏ်ရာရ)**

| | |
|---|---|
| ချိုးဖောက်ခံရသူအမည် | - မ**** |
| ကျား၊ မ | - မ |
| အသက် | - ၁၂ နှစ် |
| လူမျိုး | - ကချင် |
| ကိုးကွယ်သည့်ဘာသာ | - ခရစ်ယာန် |
| ပညာအရည်အချင်း | - ၅ တန်းအောင် |
| အလုပ်အကိုင် | - ကျောင်းသူ |
| မိဘအမည် | - ဦး**** (၄၅)နှစ် နှင့် ဒေါ် ****(၃၈)နှစ် |
| နေရပ်လိပ်စာ | - ****မြို့၊ ကွတ်ခိုင်မြို့နယ်၊ ရှမ်းပြည်နယ်။ |
| အခင်းဖြစ်ပွားသည့်နေ့ | - မတ်လ၊ ၂၀၁၇ခုနှစ်၊ မနက်ပိုင်း ၄နာရီ၊ ၃၀မိနစ် |
| အခင်းဖြစ်ပွားသည့်နေရာ | - ဒေါ် ****တို့၏အိမ်၊ ကွတ်ခိုင်မြို့နယ်၊ ရှမ်းပြည်နယ်။ |
| ချိုးဖောက်သူ | - ခ.လ.ရ (၁၂၃) |

| | |
|---|---|
| အမှုစဉ်ပြန်လည်ပြောပြသူအမည် | - ချိုးဖောက်ခံရသူ၏ မိခင်ဒေါ် **** |
| မှတ်တမ်းကောက်ယူသည့်နေ့ | - ၁၈ ရက်၊ မေလ၊ ၂၀၁၇ ခုနှစ်။ |
| မှတ်တမ်းကောက်ယူသည့်အဖွဲ့အစည်း | - KWAT |

**အမှုဖြစ်စဉ်**

ကျွန်မတို့ရဲ့****ရွာသည် မူဆယ်-ကွက်ခိုင်လမ်းမပေါ်တွင် တည်ထားသောရွာဖြစ်သည်။ ရွာအလယ်မှာ မြန်မာအစိုးရစစ်တပ် ခ.လ.ရ (၁၂၃) တပ်ရှိသည်။ လူမျိုးပေါင်းစုံ နေထိုင်သော ဒေသဖြစ်သည်။ ဈေးလည်းရှိသည်။ အထက်တန်းကျောင်း၊ ပြည်သူ့ဆေးရုံ၊ ရဲစခန်း လည်းရှိသည်။

၁၃ ရက်၊ မတ်လ၊ ၂၀၁၇ ခုနှစ်ရက်နေ့တွင် ဘေးအိမ်ဆွေမျိုး (အဖွားတော်စပ်သူ) ဒေါ်****က အဖော်မရှိသောကြောင့် ကျွန်မသမီး မ**** အား အဖော်အဖြစ် ခေါ်အိပ်ခဲ့သည်။ ခါတိုင်းလည်း ခေါ်အိပ်နေကြဖြစ်တယ်။ ၁၄ ရက်၊ မတ်လ၊ ၂၀၁၇ ခုနှစ် ရက်နေ့ မနက်စောစော ၂း၃၀ မိနစ်အချိန်မှာ လက်နက်ကြီး/လက်နက်သေးအသံ စတင်ကြားရပြီး မနက် ၄း၃၀ ခန့်တွင် သမီးလေးမ**** ဦးခေါင်းကို ကျည်ဆံ ထိမှန်ခဲ့တယ်။ မိုးမလင်းသေးတာကြောင့် သမီးထိမှန်ခဲ့ကြောင်း မသိရဘူး။ သေနတ်သံလည်း အဆက်မပြတ်ကြားနေသေးသည်။ မနက်မိုးလင်းချိန် ၆း၀၀ နာရီခန့် သေနတ်သံရပ်သွားမှ သမီး မ**** ကျည်ဆံထိမှန်ကြောင်းကို အဖွားတော်စပ်သူ ဒေါ်****အော်လိုက်မှ အားလုံးသိခဲ့ရသည်။ သမီးကိုတခါတည်း****ဆေးရုံသို့ ဆိုင်ကယ်ဖြင့် ပို့ခဲ့တယ်။ ဆေးရုံရောက်တော့ ကျွန်မသမီးမ****မှာ သွေးထွက်လွန်နေပြီဖြစ်သောကြောင့် ****ပြည်သူ့ဆေးရုံသို့ ပြန်လွှဲပေးလိုက်သည်။

ကျွန်မလည်း ****အသင်းတော်မှ ဆရာတွေကိုအကူအညီတောင်းခဲ့ရာ ဆရာ ဦး****က ဂရုဏာလူမှုကူညီရေးကားကို အကူအညီတောင်းခဲ့ပြီး မူဆယ်သို့သွားနိုင်ခဲ့သည်။ မူဆယ်ရောက် သော်လည်း ဦးခေါင်းမှာထိမှန်သောကြောင့် အခြေအနေဆိုးသဖြင့် လားရှိုးပြည်သူ့ဆေးရုံသို့ ပြန်လည် လွှဲလိုက်သောကြောင့် ဆရာဦး****ကို အကူအညီတောင်းရာ ကားစီစဉ်ပေးသောကြောင့် ညနေ ၅း၀၀ နာရီခန့် လားရှိုးပြည်သူ့ဆေးရုံသို့ ပြန်သွားခဲ့သည်။ ဆေးရုံရောက်ရောက်ချင်း သွေးတစ်ပုလင်း သွင်းပေးပြီး မန္တလေးပြည်သူ့ဆေးရုံသို့ ပြန်လွှဲပေးလိုက်သောကြောင့် နောက်နေ့ မနက်၄း၀၀နာရီတွင် မန္တလေးသို့ ပြန်လည်ဆင်းသွားခဲ့တယ်။ နေ့လည် ၁း၀၀ နာရီတွင် မန္တလေးပြည်သူ့ဆေးရုံသို့ရောက် ခဲ့သည်။

ဦးခေါင်းမှာ ကျည်စဝင်သွားသောကြောင့် ခွဲစိတ်ရန်အရမ်းခက်ခဲတယ်လို့ ဆရာဝန်တွေက ဆိုပါတယ်။ ဦးခေါင်းဘယ်ဘက်ခြမ်းရှိ ဦးခေါင်းခွံအရိုးထုတ်လိုက်ရတယ်။ ခွဲစိတ်ပြီးနောက် ဦးခေါင်း တစ်ခြမ်းမှာအရိုးမပါဘဲ ဒီအတိုင်းဘဲချုပ်ပေးခဲ့တယ်။ သမီး****မှာ သတိမေ့နေတာ ၂၆ရက် ကြာခဲ့တယ်။ ဆရာဝန်တွေက ဘယ်လောက်ဘဲ ကုကုမသက်သာသောကြောင့် ကျွန်မတို့ကို ဆေးရုံဆင်းဖို့ ပြောခဲ့တယ်။ ကျွန်မတို့ကဖွဲမလျှော့ဘဲ ဆက်လက်ကုသခဲ့တယ်။ သမီး****မှာ ၈ရက် ဧပြီလ ၂၀၁၇ ခုနှစ်ရက်နေ့တွင် ကျွန်မတို့မိဘနှစ်ပါး ခဏအိပ်ပျော်သွားချိန် နေ့လည် ၁၂း၀၀ နာရီ ခန့်တွင် သမီး****ဆေးရုံကုတင်မှပြုတ်ကျခဲ့တယ်။ သမီး****သတိရလာကာ ဆေးပိုက်တွေကိုဖြုတ်ပြီး "အဖေဗိုက်ဆာတယ် ရေတိုက်ပါ" ဟုပြောလာသောကြောင့် ကျွန်မတို့မိဘနှစ်ပါးလည်း သမီး**** သတိရလာသောကြောင့် ဝမ်းသာလွန်းလို့တောင်ငိုခဲ့တယ်။

ကျွန်မသမီးလေး သတိရလာသော်လည်း ဘယ်ဘက်မျက်စိဖွင့်မရသေးဘူး။ ဒါပေမဲ့ဆေးရုံ ဆင်းလို့ရပြီဆိုတော့ ဆင်းလာရတယ်။ နမ့်ဖတ်ကာ KBC၊ မလိအင်ရာ၊ မန္တလေးမှ ကြက်ခြေနီအဖွဲ့၊ ကွက်ခိုင်ဗုံနယ် (အသင်းတော်မှ) မှ လာရောက်ကူညီခဲ့ပါတယ်။ ဆေးဖိုး စုစုပေါင်း သိန်း (၂၀) ခန့် ကုန်ကျခဲ့တယ်။ အခုတော့ဆေးရုံကို နောက်တစ်ခေါက် သွားပြစရာရှိသေးတယ်။ အဲဒါကြောင့် ခက်ခဲနေတယ်။ သမီး****ကို တစ်ယောက်က အမြဲတမ်းစောင့်ကြည့်နေရသေးတယ်။ ဦးခေါင်းဘယ် ဘက်ခြမ်းမှာ ဦးခေါင်းခွံမရှိတော့ဘူး။ ဦးနောက်မှာကျည်စ ရှိနေသေးတယ်။ ဦးခေါင်းမှာ စတီးလ် ထည့်ရဦးမည်လို့ပြောတယ်။ ခေါင်းကိုက်လာလျှင် မျက်စိမှုန်လာခြင်း၊ မမြင်လာခြင်း၊ မျက်ရည် ကျလာခြင်း၊ နှာရည်ယိုလာခြင်း၊ ခေါင်းကိုက်လာခြင်း စသောလက္ခဏာပြလာလျှင် မန္တလေးပြည်သူ့ ဆေးရုံ သို့ပြန်လာပြရန်မှာလိုက်တယ်။

တစ်ယောက်ယောက်က အချိန်ပြည့်ကလေးကိုစောင့်ကြည့် ပေးနေရတယ်။ သမီးကျောင်း မသွားနိုင်တော့ဘူး။ တစ်ယောက်ကအိမ်မှာ အချိန်ပြည့်နေရသောကြောင့် အလုပ်မလုပ်နိုင်တော့ပါ။ နမ့်ဖတ်ကာဆေးရုံကို အမြဲပြနေရတယ်။ ဝင်ငွေမရှိဘူး။ ရှိတဲ့စပါး၊ ပြောင်းဖူးတွေရောင်းကာ ဆေးကုသရသည်။ မိသားစုမှာ အကြွေးပေးစရာများနေပြီ။ ကျွန်မသမီးလေးက လွန်ခဲ့တဲ့အချိန်ကို မမှတ်မိတော့ပါ။ မေးသည့်မေးခွန်းကို မဖြေတတ်တော့ဘူး။ အရမ်းစဉ်းစားယူရတယ်။ သမီးက ကျောင်း အရမ်းတက်ချင်နေတာ စာတော်တဲ့ကလေးပါ။

အုပ်ချုပ်ရေးမှူးဦး****က မြန်မာအစိုးရ စစ်တပ် ခ.လ.ရ (၁၂၃) ကို သမီး****ရဲ့ အဖြစ်အပျက်ကို

သွားပြောပြကာ အကူအညီသွားတောင်းခဲ့သော်လည်း ခုချိန်ထိ တုန့်ပြန်မှုမပေးခဲ့ပါဘူး။ ဖြစ်နိုင်ရင် ကျွန်မသမီးလေး ဘဝကိုမဆုံးစေချင်ဘူး။ အစိုးရဘက်မှ သမီးလေးအတွက် တစ်ခုခုတာဝန်ယူစေလိုပါတယ်။ ဆေးကုသရာမှာ ပါဝင်ကူညီစေချင်တာပါ။

ကျွန်တော်တို့ရဲ့ ခံစားချက်ကိုပြောပြရမယ်ဆိုရင် စစ်ကြောင့်ကျွန်တော့်ရဲ့ မနူးမနပ်အရွယ် သမီးလေးအခုလိုခေါင်းမှာထိခိုက်သွားသောကြောင့် စိတ်မကောင်းပါ။ လက်တုန့်ပြန်ချင်မိတယ်။ ရှိတဲ့ပစ္စည်းတွေလည်း ရောင်းချခဲ့ရတယ်။ ဒီအဖြစ်အပျက်မဖြစ်ခဲ့ရင် အကြွေးလည်းတင်မှာမဟုတ်ပါ။ သမီးကစာအရမ်းတော်တာ။ သမီးရဲ့ခေါင်းကိုကြည့်မိတိုင်း စိတ်မချမ်းသာရဘူး။

ကျွန်တော်လည်း ၁၆ ရက်နေ့ ဇန်နဝါရီလ ၂၀၁၅ ခုနှစ် ရက်နေ့ ည ၈း၃၀ နာရီ အချိန်မှောင်မဲထဲမှာ ရှေ့မီးမပါတဲ့ဆိုင်ကယ်စီးလာတော့ မြန်မာအစိုးရစစ်တပ် ခ.လ.ရ (၁၂၃) တပ်ရှေ့မှာ တပ်မ (၉၉) စစ်သားများလည်းရှိနေချိန်ဖြစ်တယ်။ စစ်သား (၄-၅) ဦးမှ ကျွန်တော့်ကို စစ်မေးကာသေနတ်ရှည်ဖြင့် (၅-၆) ချက်ရိုက်ခဲ့သောကြောင့် ခုကျွန်တော် နားတစ်ဖက်သိပ်မကြားတော့ဘူး။ မျက်စိလည်း သိပ်မကောင်းတော့သောကြောင့် စာဖတ်လို့မရတော့ဘူး။ အစိုးရစစ်သားတွေကို တော်တော်လေးမုန်းတီးခဲ့တယ်။ ဖြစ်နိုင်ရင် အစိုးရစစ်တပ်ကို ရွာအလယ်မှာမထားရင်ကောင်းမည်ဟုထင်ပါသည်။ ရွာအလယ်မှာ စစ်တပ်ရှိတာဟာ ရွာသားတွေကို အနှောက်အယှက်ဖြစ်စေတယ်။ သွားရေးလာရေးမှာ စိတ်ချမ်းသာစွာသွားချင်ပါတယ်။

| | |
|---|---|
| လူ့အခွင့်အရေးချိုးဖောက်မှု | - လက်နက်ကြီးထိမှန်မှု (သေဆုံးမှုနှင့် ပြင်းထန်ဒဏ်ရာရ) |
| | |
| ချိုးဖောက်ခံရသူအမည်(၁) | - ဦး****(သေဆုံး) |
| ကျား/မ | - ကျား |
| အသက် | - ၆၀ နှစ် |
| လူမျိုး | - တရုတ် |
| | |
| ချိုးဖောက်ခံရသူအမည်(၂) | - မောင်****(သေဆုံး) |
| ကျား/မ | - ကျား |
| အသက် | - ၂၀ နှစ် |
| လူမျိုး | - တရုတ် |
| မိဘအမည် | - ဦး**** နှင့် ဒေါ်**** |
| အိမ်ထောင်ရှိ/မရှိ | - မရှိ |
| | |
| ချိုးဖောက်ခံရသူအမည်(၃) | - မောင်**** (ဒဏ်ရာရ) |
| ကျား/မ | - ကျား |
| အသက် | - ၂၀ နှစ် |
| လူမျိုး | - တရုတ် |
| မိဘအမည် | - ဦး**** နှင့် ဒေါ်**** |
| အိမ်ထောင်ရှိ/မရှိ | - မရှိ |
| နေရပ်လိပ်စာ | - ****ကျေးရွာ၊ ကွတ်ခိုင်မြို့နယ်၊ ရှမ်းပြည်နယ်။ |
| ချိုးဖောက်သူ | - မြန်မာအစိုးရတပ်မတော် |
| | |
| ဖြစ်စဉ်ပြန်လည်ပြောပြသူ | - ဒေါ်**** |

ချိုးဖောက်ခံရသူနှင့်တော်စပ်ပုံ - သမီး၊ အစ်မကြီး
ကျား/မ - မ
အသက် - ၂၃ နှစ်
အိမ်ထောင်ရှိ/မရှိ - ရှိ
ခင်ပွန်းအမည် - ဦး****
သား/သမီး - ၂ ယောက်
နေရပ်လိပ်စာ - ကောင်းခါးကျေးရွာ၊ ကွတ်ခိုင်မြို့နယ်၊ ရှမ်းပြည်နယ်။
အခင်းဖြစ်ပွားသည့်နေ့ - ၂၃ ရက်၊ နိုဝင်ဘာလ၊ ၂၀၁၇ ခုနှစ်
အခင်းဖြစ်ပွားသည့်နေရာ - ****ကျေးရွာ၊ ကွက်သစ်(နေအိမ်ခြံဝင်း)
မှတ်တမ်းကောက်ယူသည့်အဖွဲ့အစည်း - HI

**အမှုဖြစ်စဉ်**

ကျွန်မအဖေနဲ့မောင်လေးငယ်ကဖြစ်တာနဲ့ တခါတည်းသေတယ်။ ကိုလတ်ကိုက အဝတ်နဲ့ပတ်ပြီး ဆိုင်ကယ်ဖြင့် ဆေးခန်းသို့ခေါ်သွားတယ်။ ဆေးခန်းကသူနာပြုကလည်း အခြေအနေတအားဆိုးနေတော့ မကြည့်ပေး နိုင်ဘူးဆိုပြီး ထွက်သွားတယ်။ ကျွန်မတို့လည်း ဥက္ကဌအိမ်ကိုသွားခဲ့တယ်။ ဥက္ကဌအိမ်မှ ကားနဲ့နမ့်ခမ်း ဆေးရုံကို ခေါ်သွားတယ်။ နမ့်ခမ်းဆေးရုံကို စစ်တပ်ကလူတွေ လာကြည့်ပြီး၊ ဆေးရုံကိုလာကြည့်တဲ့ စစ်သားများနှင့်အရပ်သားများ တစ်ယောက်အနည်းငယ်စီစုပြီး ပိုက်ဆံ ကျပ် (၂၁) သိန်း လည်း ပေးခဲ့တယ်။ ဆေးရုံစရိတ်က သူတို့ပေးထားသော ပိုက်ဆံကျပ် (၂၁)သိန်း ဖြင့်သာဖြေရှင်းခဲ့ပါတယ်။ ဆေးရုံတက်တာ (၁) လနဲ့ (၆) ရက်ရှိပါပြီ။ သေဆုံးသွားတဲ့ရုပ်အလောင်းကို စစ်သားများက ည (၁၀) နာရီခန့်တွင် စစ်တပ်က သူတို့စစ်ကြည့်မယ်ဆိုပြီး ရုပ်အလောင်းကို နမ်ခမ်းမြို့သို့ သယ်လာခိုင်းတယ်။ ည (၁၀) နာရီခန့်တွင် ထော်လာဂျီဖြင့် သယ်သွားပြီးဗမာစစ်တပ်များက ရုပ်အလောင်းကိုစစ်ဆေးအပြီးမှာ သူတို့က ရုပ်အလောင်းကိုပြန်ယူသွားခိုင်း တယ်။ ကျွန်မတို့လည်း အရမ်းနောက်ကျနေပြီဆိုတော့ပြန်မယူသွားဘဲ နောက်နေ့မနက် နမ့်ခမ်းတွင် မီးသင်္ဂြိုလ်ပြီး ရွာမှာဆုတောင်းပေးခဲ့တယ်။ ကျွန်မတို့ဒီရွာကိုရောက်တာ (၂) နှစ်-(၂) နှစ် ကျော်ခန့်ရှိပြီ။ ပြည်သူ့စစ်မှုထမ်း အလုပ်ကိုမလုပ်ချင်လို့ ဤရွာကိုပြောင်းခဲ့ခြင်းဖြစ်ပါတယ်။ အခင်းဖြစ်သောနေ့တွင် အခြားနေရာများ၌ စစ်ဖြစ်သံ မကြားရပါဘူး။ ဗုံးပေါက်ကွဲမှုသည် ညနေပိုင်း ၁ နာရီ၊ ၂ နာရီ ခန့်တွင်ဖြစ်၍ အသံများကြားရသောကြောင့် ပစ်သောနေရာနှင့်နီးသည်ဟု ယူဆ၍ရသည်။ ပထမပေါက်ကွဲမှုနှင့် ဒုတိယပေါက် ကွဲမှုသည် မိနစ် ၃၀ ခန့်သာကြာသည်။ ဗမာစစ်တပ်က အိမ်တိုင်ရာရောက် လာရောက်တွေ့ဆုံခြင်းမရှိခဲ့ပါဘူး။ ဆေးရုံတွင်သာ လာရောက်တွေ့ဆုံခဲ့ပါတယ်။ တရုတ်မိတ်ဆွေ သူငယ်ချင်းများမှ ကျပ် (၅) သိန်းကျော်တန်အခေါင်း နှစ်လုံး၊ စားဆီပုံးများ ကူညီပေးကြပါတယ်။ အိမ်ကိုရွာသူရွာသားများကူညီပြီး ပြန်ဆောက်ခဲ့ပါတယ်။ ရပ်ရွာဥက္ကဌပြောပြချက်အရ ဗမာစစ်တပ်များသည် ဗုံးစမ်းသပ်မှုလုပ်မည်ဟု ပြောဆိုကြောင်းသိရသည်။ ဗုံးပေါက်ကွဲမှုဖြစ်သည်နှင့် တစ်ပြိုင်နက် ဥက္ကဌဆီသို့ (ဖြစ်စဉ်ပြန်လည်ပြောပြသူ)မှ ဖုန်းဆက်ရာ ဥက္ကဌကလည်း စစ်တပ်ထံသို့ချက်ချင်းဖုန်းခေါ် ဆိုပြီး အရပ်သားသေဆုံးမှုများဖြစ်၍ ပစ်ခတ်မှုများမလုပ်ပေးရန်ပြောဆိုရာတွင် စစ်တပ်များကလည်း ၎င်းတို့မဟုတ်ကြောင်း၊ လေယာဉ်ပစ်ခတ်မှုဖြစ်ကြောင်း ဥက္ကဌမှတစ်ဆင့်ပြောပြမှုအရသိရသည်။

**လူ့အခွင့်အရေးချိုးဖောက်မှု - မတရားသတ်ဖြတ်ခံရမှု**

ချိုးဖောက်ခံရသူအမည် - ဦး****
ကျား/မ - ကျား
အသက် - ၆၆ နှစ်

လူမျိုး - ကချင်

ကိုးကွယ်သည့်ဘာသာ - ခရစ်ယာန်

အလုပ်အကိုင် - ကျောင်းကော်မတီဝင်၊ တောင်သူ

မိဘအမည် - ဦး**** နှင့် ဒေါ်****

အိမ်ထောင်ရှိ/မရှိ - ရှိ

ဇနီးအမည် - ဒေါ်****

သား/သမီး - ၄ ယောက်

နေရပ်လိပ်စာ - စစ်ရှောင်စခန်း၊ ရှမ်း ပြည်နယ်။

အခင်းဖြစ်ပွားသည့်နေ့ - ၂၅ ရက်၊ ဒီဇင်ဘာလ၊ ၂၀၁၇ ခုနှစ်။

အခင်းဖြစ်ပွားသည့်နေရာ - ****ကျေးရွာ၊ ကွတ်ခိုင်မြို့နယ်၊ ရှမ်း ပြည်နယ်။

ချိုးဖောက်သူ - မြန်မာအစိုးရတပ်မတော်

အမှုဖြစ်စဉ်ပြန်လည်ပြောပြသူအမည်(၁) - ဒေါ်****

ချိုးဖောက်ခံရသူနှင့် တော်စပ်ပုံ - ချွေးမ

ကျား/မ - မ

အသက် - ၃၆ နှစ်

လူမျိုး - ကချင်

မိဘအမည် - ဦး**** နှင့် ဒေါ်****

အမှုဖြစ်စဉ်ပြန်လည်ပြောပြသူအမည်(၂)- ဦး****

ကျား/မ - ကျား

ချိုးဖောက်ခံရသူနှင့်တော်စပ်ပုံ - တူ

မှတ်တမ်းကောက်ယူသည့်အဖွဲ့အစည်း - HI

## အမှုဖြစ်စဉ်

အဲဒီနေ့က ခရစ္စမတ်ဆိုတော့ ဒေါ်****အိမ်မှာ အဖိုးအို ၂ ယောက်၊ ၃ ယောက် နှင့်စကားပြောပြီး ကျန်တဲ့ အဖိုးအိုများက အခြားဘက် သို့ထွက်သွားပြီး သူက ဗလောင်ဆာပါသို့ အလည်သွားရန် သွားသောလမ်းတွင် ဖြစ်သွားသည်။ စစ်မှုမထမ်းပါဘူး၊ အရင်တုန်းကလည်း စစ်မှုမထမ်းဖူးပါဘူး။ ကျောင်းကော်မတီအဖွဲ့ဝင်၊ ဘာသာရေးကော်မတီအဖွဲ့ဝင်တွေလုပ်ဖူးတယ်။ သူကစစ်တပ်နှင့်တော့ ဘာမှမဆိုင်ပါဘူး။ ရွာမှာကျန်ရှိနေသောသူများ သူသွားပြီး ၅ မိနစ်အကြာတွင် သေနတ်သံမြည်သောကြောင့် ဗမာစစ်ကြောင်းရှိကြောင်းသိရတယ်။ ဘယ်လိုဘဲဖြစ်စေ သူဘဲဆိုပြီး ကျန်ရှိနေ တဲ့ရွာသားများက ကောက်ချက်ချတယ်။ ၁ နာရီ အကြာတွင်သွားကြည့်သောအခါ လဲနေသည်ကိုတွေ့ရသည်။ အဲဒီနေ့က စစ်မဖြစ်ပါဘူး။ အဖော်မပါဘူး၊ သူတစ်ယောက်တည်းသွားတာပါ။ စောစောက အဖိုးအိုသူငယ်ချင်းများနှင့်စကားပြောသောအိမ်မှ ယခုသေဆုံးသောနေရာသည် မိနစ် ၃ မိနစ်သာ လမ်းလျှောက်သွားရသော အကွာအဝေးဖြစ်သည်။ သေနတ်သံအများကြီး ကြားရပါတယ်။ ကိုယ်မှာမထိဘူးလက်၊ ခြေထောက်မှာ သေနတ်ဒဏ်ရာတွေ့ရပြီး ဦးခေါင်းတွင်အချက်ပေါင်းများစွာပစ်ထားတယ်။ ဗမာစစ်ကြောင်းကို မတွေ့လိုက်ဘူး။ သေနတ်သံကြားသောကြောင့်ဗမာစစ်ကြောင်းရှိကြောင်းသိရပါတယ်။ ဗမာစစ်ဖြစ်ကြောင်းကို မျက်မြင်က ဘယ်သူမှ မတွေ့လိုက်ပါဘူး။ သူ၏အမျိုးသားမှတ်ပုံတင်နှင့် လက်တွင်ပတ်ထားသောနာရီများ ယူသွားပေးပါသည်။ ရုတ်တရက်အခုလိုဖြစ်သွားတော့အရမ်းလန့်သွားတယ်။ ကျွန်မအမျိုးသားကိုလည်း ဗမာစစ်တပ်များခေါ်သွားပြီးနောက် အခုထိအိမ်ပြန်မရောက်လာသေးဘူး။ ၄ နှစ် ကျော်ကြာသွားပြီဆိုတော့ သတ်လိုက်ကြပြီထင်ပါတယ်။ ၁၃ ရက်၊ ဒီဇင်ဘာလ၊ ၂၀၁၇ ခုနှစ် တွင် တောင်ပေါ် ဘန်ဂေါ် ထိန်နူတွင် ဖြစ်သွားတာပါ။ တောင်ယာမှာ အခင်းသွားကြည့်ချိန်တွင် ဖြစ်သွားပါတယ်။

သူကတောထဲသွားတယ်ဆိုတော့ အမဲလိုက်ရန်(ဒွမ်ဖောင်)လေသေနတ်ယူသွားပါတယ်။ ကျွန်မတို့သွားကြည့် ချိန်တွင် (ဝမ်စီဆွမ်ဘု) ယမ်းအိတ်တွေ့တော့ စစ်ကြောင်းနှင့်တိုးခဲ့ကြောင်းသိရတယ်။ (ဒွမ်ဖောင်)လေသေနတ် ကိုတော့မနေ့က ပြန်တွေ့ခဲ့တယ်။

## ဦး ****၏တူပြောပြချက်

စစ်ရှောင်ဘုရားကျောင်းဝင်းတွင် ခရစ္စမတ်ပွဲကျင်းပနေစဉ် (၁၂.၂၈) အချိန်ခန့်တွင် ဘုရားရှိခိုးနေစဉ်တွင်ဖြစ်သွားပါသည်။ ကျွန်တော်မန်ယိမ်းရွာဘက်မှ တနင်္ဂနွေနေ့ကတက်လာပြီး ရွာရောက်ချိန်ရွာတွင် လူတစ်ယောက်မှမတွေ့ရသောကြောင့် အော်လိုက်တယ်။ ကျွန်တော်အော်လိုက်မှ အားလုံးထွက်လာခဲ့ကြပါတယ်။ ရွာသားများကသေနတ်သံ မြည်သောကြောင့် အခုလိုပုန်းနေရကြောင်း ပြောပြပါတယ်။ ကျွန်တော့်ဦးလေးထွက်သွားပြီးနောက်သေနတ်သံ မြည်တယ်ဆိုပြီး ရွာသားများက ကျွန်တော့်ကိုပြောပြပါတယ်။ ကျွန်တော့်ဦးလေးသွားတာက ၁၂.၂၈ မှာ ကျွန်တော်ကရွာကို ၁ နာရီ တွင် ရောက်တယ်။ ၂ နာရီတွင် ရှာကြည့်ရအောင်။ အဲဒီအချိန်ဆိုလျှင်ဘယ်သူမှမရှိလာက် တော့ဘူး။ အားလုံးက ကြောက်နေသောကြောင့် ကျွန်တော်ဦးဆောင်ပြီး လူ(၄)ယောက်နှင့်အတူရှာကြတယ်။ ကျည်ခွံမတွေ့ဘူး။ ရှာလည်းမရှာကြည့်ခဲ့ပါဘူး။ ကျွန်တော်တို့လည်း အလောင်းကိုတွေ့ပြီဆိုတော့ ရွာမှသူငယ်ချင်း ၂ ယောက်၊ ၃ ယောက် ရှိသေးတယ်ဆိုတော့ သွားခေါ်ရအောင် ကျွန်တော်တို့ ၄ယောက်နှင့်တော့မရလောက်ဘူးဆိုပြီး ရွာသို့ပြန်သွားတယ်။ သူငယ်ချင်း ၂ ယောက်၊ ၃ ယောက် ခေါ်ပြီး ညနေပိုင်းမှအလောင်းကို ရွှေ့ကြတယ်။ အခြေအနေကိုကြည့်ခြင်းအားဖြင့်ဘယ်ဖက်ပေါင်တွင် သေနတ်ဖြင့်အရင်ပစ်၍ ၁၀ လံ လောက် တရွတ်တိုက်ဆွဲခေါ်သွားတယ်။ ထိုင်ခိုင်းထားပြီး နောက်မှပစ်တယ်။ နဖူးအရိုးများကို ကျွန်တော်တို့ပြန်ကောက်ထည့်ခဲ့တယ်။ အချက် (၃၀) ဝန်းကျင်လောက်ရှိမယ်။ ထိတာကဦးခေါင်းတွင် ၅ချက်၊ ပေါင်တွင် ၁ ချက်။ မျက်လုံးတစ်ဖက်က မရှိတော့ဘူး။ ပါးစပ်ထဲတွင် ပိုက်ဆံ (၂၀၀) ထည့်ထားပေးတယ်။ ကျွန်တော်တို့က သစ်ရွက်ထင်ပြီးညုပ်ဖြင့် ကလော်ထုတ်ခဲ့တယ်။ ထိုနေ့တွင် ရွာအနီးတဝိုက်တွင် စစ်ဖြစ်ခြင်းမရှိပါဘူး၊ KIA စစ်သားများကိုလည်းမတွေ့ရပါဘူး။ ကချင်ပုဆိုးဝတ် ထားတယ်။ အင်္ကျီက လက်တိုနှင့် အပေါ်ဖုံးလက်ရှည်(ဒုက္ခသည်စခန်းတွင်ထုတ်ပေးသောအင်္ကျီ) ဝတ်ထားပါတယ်။

| | |
|---|---|
| **လူ့အခွင့်အရေးချိုးဖောက်မှု** | **- မတရားညှင်းပမ်းနှိပ်စက်မှု** |
| ချိုးဖောက်ခံရသူအမည် | - ဦး**** |
| ကျား/မ | - ကျား |
| အသက် | - ၄၅ နှစ် |
| လူမျိုး | - ကချင် |
| ကိုးကွယ်သည့်ဘာသာ | - ခရစ်ယာန် |
| အလုပ်အကိုင် | - တောင်သူ |
| မိဘမည် | - ဦး**** နှင့် ဒေါ်**** |
| အိမ်ထောင်ရှိ/မရှိ | - ရှိ |
| ဇနီးအမည် | - ဒေါ်**** |
| အသက် | - ၃၆ နှစ် |
| သား/သမီး | - သားသမီး ၅ ယောက်ရှိ |
| နေရပ်လိပ်စာ | - ကွက်ခိုင်မြို့နယ်၊ ရှမ်းပြည်နယ်။ |
| အခင်းဖြစ်ပွားသည့်နေရာ | - ကွက်ခိုင်မြို့နယ်၊ ရှမ်းပြည်နယ်။ |
| အခင်းဖြစ်ပွားသည့်နေ့ | - ၂၅ ရက်၊၂၀၁၈ ခုနှစ် |
| ချိုးဖောက်သူ | - မြန်မာအစိုးရတပ်မတော် |

အမှုဖြစ်စဉ်ပြန်လည်ပြောပြသူအမည်	- ချိုးဖောက်ခံရသူကိုယ်တိုင်
မှတ်တမ်းကောက်ယူသည့်အဖွဲ့အစည်း - HI

## အမှုဖြစ်စဉ်

နံနက် ၈း၃၀နာရီမှာ အိမ်ကထွက်တယ်။ နွားရှာဖို့ ကားလမ်းတစ်ဝက်ထိ လျှောက်ခဲ့တယ်။ နွားရှာမတွေ့ခဲ့ဘူး။ ရှမ်းတောင်ယာရောက်သည်နှင့် ဗမာစစ်တပ်များကို ကားလမ်းတစ်ဝက်ထိတွေ့ခဲ့တယ်။ စစ်ကြောင်းကနှစ်ကြောင်း ကျွန်တော်တို့က တောဘက်ကလာသောစစ်ကြောင်းနှင့်ဆုံတယ် ကားလမ်းဘက်ကိုသူတို့နှင့်အတူ ပြန်လှည့်ခိုင်းတယ်။ ကားလမ်းရောက်သည်နှင့် ကားလမ်းအတိုင်း တက်လာတော့ သူတို့အဖွဲ့ ဗိုလ်ပါ စစ်ကြောင်းနှင့်ဆုံတယ်။ ခဏနားတယ်။ တချို့ကထမင်းစားနေတယ်။ ထမင်းစားပြီး ပြန်ထွက်ခွာချိန် ဘုန်းကြီးအိမ်နားလောက်တွင် သေနတ်သံကြားရတယ်။ ကျွန်တော်တို့ကိုမေးတယ် ရှမ်းနီများရှိသလား။ ကျွန်တော်တို့ ထွက်လာချိန်တွင် မတွေ့ခဲ့ဘူး။ နင်တို့မတွေ့ဘူးလို့ပြောခဲ့တယ်။ အခုသေနတ်သံမြည်လာတယ် နင်တို့ညာတယ်။ နင်တို့ဖွက်ထားတယ်လို့ ပြောတယ်၊ ကျွန်တော်တို့ကိုလည်း ရန်သူလို့သတ်မှတ်ခဲ့တယ်။ ကျွန်တော်တို့ ရွာမှာတောင် ကချင်လွတ်မြောက်ရေးတပ်မတော်(ကေအိုင်အေ)က (၄)ယောက်ဖမ်းမိ တယ်ဆိုပြီး ပြောကြတယ်တဲ့။ ကျွန်တော်တို့က ရန်သူမဟုတ်ဘူး အရပ်သား နွားရှာထွက်လာတယ်။ သူတို့မယုံကြဘူး၊ သေနတ်သံမြည်လာတာကြောင့် သေနတ်သံမမြည်ခင်တွင် ကျွန်တော်တို့ကိုဘာမှမလုပ်ပါဘူး။ သေနတ်သံမြည်ပြီးနောက် တိုက်ပွဲပြီးသည့်နောက်မှ ကျွန်တော်တို့ (၄) ယောက်ကို တွဲချည်လိုက်တယ်။ လမ်းပေါ်မှာမှောက်ခုံလှဲခိုင်းတယ်။ ခေါင်းပေါ်တွင်သေနတ်တင်ပြီးပစ်တယ်။ သေနတ်ဒင်ဖြင့်ထုတယ်။ ကျွန်တော်တို့နဲ့တွေ့ချိန်တွင်ရွာပြန်ရအောင် ရွာထိလိုက်ခဲ့ပေးဆိုပြီး ခေါ်သွားတယ်။ သေနတ်ဒင်ဖြင့် ၂ ချက် ထုတယ်။ လက်ဖြင့်ရိုက်တယ်။ ခြေထောက်ဖြင့်ကန်တယ်။ နားထင်တွင် ၂ ချက် ရိုက်ပေးတယ်။ ကျောမှာ (၂) ချက်၊ (၃) ချက် ရိုက်ပေးတယ်။ ကျွန်တော်ကိုရိုက်တဲ့လူရဲ့ပုံစံက အရပ်-၆ပေ၊ အသားမဲ၊ သုံးပွင့်ပါ။ ကျန်သောနှစ်ယောက်က တစ်ပွင့်ပါ၊ သိပ်မရှည်ဘူး။ ပိန်တယ်။ မေးတာကို မှန်မှန်ကန်ကန်နှင့် အားလုံးဖြေခိုင်းတယ်။ ကျွန်တော်တို့ ထွက်လာချိန်တွင်မတွေ့ခဲ့ဘူးလို့ပြောတယ်။ သူတို့ကမယုံကြဘူး။ နင်တို့တွေ ငါတို့တက်လာတာသိလို့လာထောက်လှမ်းကြတယ်။ ပလောင်တွေလွှတ်လိုက်သော လူတွေဖြစ်တယ်ဆိုပြီး ကျွန်တော်တို့ကိုပြောတယ်။ ၃ ယောက်ထဲမှ ၂ ယောက်ကဆိုးသွားတယ်။ ဆံပင်တွေကိုင်ထားပြီး ဇလိပ်ဓားအသစ်ထုတ်၍ မျက်နှာမှာလှီးပေးတယ်။ ကျွန်တော်ကိုတော့မလုပ်ဘူး။ တစ်ယောက်ကရှောင်လိုက်သောကြောင့် နားမှာ ထိပြီး နားပြတ်လုနီးပါးဖြစ်ခဲ့တယ်။ ပြန်တက်သွားတယ်။ ရွာအနီးအရောက်တွင်တိုက်ပွဲပြန်ဖြစ်တယ်။ ဒုတိယ အကြိမ်တိုက်ပွဲတွင် နောက်ဆုတ်ခဲ့ကြတယ်။ ကျွန်တော်တို့ကို လမ်းတွင်ထိုင်ခိုင်းထားပြီး သူတို့ကလမ်း၏ အနီး တပိုက်တွင်ထိုင်ကြတယ်။ ကျွန်တော်တို့ထဲမှ (၂) ယောက် က ပုဆိုးဝတ်တယ်။ ပုဆိုးကျွတ်တော့ (၂) ကြိမ်၊ (၃) ကြိမ်တော့သူတို့ ဝတ်ပေးတယ်။ နောက်တော့ဆွဲချွတ်ပေးလိုက်တယ်။ အဲဒီညလမ်းပေါ်မှာ ဘောင်းဘီတိုနှင့်ပဲအိပ်ခဲ့တယ်။ ဦး****နဲ့ဦး****တစ်ညလုံးဒဏ်ရာကသွေးထွက်တယ်။ နောက်နေ့နံနက် ရွာဝင်ခါနီး ခဏနား၍ ဇလိပ်ဓားဒဏ်ရာ ချုပ်ပေးပြီး ပလာစတာကပ်ပေးတယ်။ ရွာရောက်မှ ချည်ထားသောကြိုးကိုဖြုတ်ပေးတယ်။ ကျွန်တော့်ကိုတော့ ဆေးကုသပေးခြင်းမရှိပါဘူး။ ဆေးရုံတက်ချိန်တွင် စစ်တပ်မှလာရောက်တွေ့ခြင်း၊ ဆေးဖိုးဝါးခပေးခြင်း မလုပ်ခဲ့ပါဘူး။ ဆေးရုံတွင် (၃) ညအိပ်၊ (၄) ရက်နေခဲ့တယ်။

## မုံးကိုးမြို့နယ်၊ ရှမ်းပြည်နယ်။ (မြောက်)

**လူ့အခွင့်အရေးချိုးဖောက်မှု	- ပိုင်ဆိုင်မှုကို ချိုးဖောက်မှု (နေအိမ်မီးရှို့ဖျက်ဆီး)**

ချိုးဖောက်ခံရသူများ	- မန်ပိန်ရွာသားများ
အခင်းဖြစ်ပွားသည့်နေ့	- ၂၂ ရက်၊ မေလ၊ ၂၀၁၆ ခုနှစ်

| | |
|---|---|
| အခင်းဖြစ်ပွားသည့်နေရာ | - မန်ပိန်ရွာ၊ မုံးကိုးမြို့နယ်၊ ရှမ်းပြည်နယ်မြောက်ပိုင်း။ |
| ချိုးဖောက်သူ | - တပ်မ (၉၉)၊ ခ.မ.ရ (၄၁၇) |
| | |
| အမှုဖြစ်စဉ်ပြန်လည်ပြောပြသူ | - ဦး**** (ချိုးဖောက်ခံရသူ တစ်ဦး) |
| ကျား/မ | - ကျား |
| အသက် | - ၄၂ နှစ် |
| ဘာသာ | - ခရစ်ယာန် |
| အလုပ်အကိုင် | - **** |
| မှတ်တမ်းကောက်ယူသည့်အဖွဲ့အစည်း | - HI |

## အမှုဖြစ်စဉ်

အခုကျွန်တော်တို့ကိုတိုင်းပြည် မတူလို့သူများတွေခွဲခြားပေမယ့်လည်း ကျွန်တော်တို့ခွဲခြားလို့မရဘူး။ ဒါကြောင့် အခုကျွန်တော်တို့ရွာ (ကောင်းခန်းကျေးရွာ) ကလွဲပြီးကျန်တဲ့ရွာတွေ ဒုက္ခသည် လက်ခံဖို့တော်တော် ခက်ခဲတယ်။ ပြည်တွင်းစစ်ကြီးဖြစ်ပွားခဲ့တဲ့ နှစ်စပိုင်းကနေစပြီးအခုအထိ ကျွန်တော်တို့ကနေပြီးတော့ ကျွန်တော်တို့ အမျိုးတွေကို ကူညီတယ်စောင့်ရှောက်တယ်။ ကျွန်တော်တို့ မကူညီရင် ဘယ်တရုတ်လူမျိုးမှ လာကူညီမှာ မဟုတ်ဘူး၊ စောင့်ရှောက်မှာ မဟုတ်ဘူး။ စစ်ပွဲဖြစ်ပွားတဲ့အချိန်ကစလို့ မုန်းပေါ်၊ လွယ်ဒေါင်၊ မရှူကထောင် မန်ကန် စတဲ့ကျေးရွာတွေမှာ စစ်ပွဲဖြစ်ပွားပြီး နေထိုင်လို့မရတော့ဘူးဆိုရင် ကျွန်တော်တို့ ကျေးရွာကိုလာပြီးတော့ ခိုလှုံခဲ့ကြတယ်။ သူတို့ကျေးရွာလုံခြုံတဲ့ အထိဒီမှာ နေသွားကြတယ် တစ်ချို့ပြန်လို့မရတဲ့ ကျေးရွာတွေကိုတော့ နည်းလမ်းရှာပြီး နေရာရွှေ့ပေးတယ်။ အခုဒီရွာမှာ အိမ်ထောင် (၃၈) အိမ်ရှိတယ်။ ဒါပေမယ့် ဘုရားကျောင်းမှာတော့ မထားဘူး တရုတ်အစိုးရ က ခဏခဏ လာမေးမြန်းလို့ ကျွန်တော်တို့လည်း အကြောင်းသိသွားတော့ သူတို့ကို တစ်ခြားနေရာမှာ ရွှေ့ပြောင်းထား ပေးလိုက်တယ်။ ပြီးတော့ကျွန်တော်တို့က နောက်ကနေပြီးထောက်ပံ့မှုတွေလုပ် တယ်။ တရုတ်အစိုးရကနေပြီး စစ်ပြေးဒုက္ခသည်တွေကို ကူညီမှု မရှိဘူး၊ ကျွန်တော်တို့ ရတဲ့အကူအညီတွေကတော့ အဓိကတော့ တရုတ်ပြည်မှာ ရှိတဲ့ခရစ်ယာန် အသင်းတော်တွေ ကူညီတယ်။ အစကတော့ ကျွန်တော်တို့ တောင်ပေါ်မှာ နေတဲ့ လူတွေကနေပြီး တတ်နိုင်သလောက်ကူညီတယ်။ ဒါပေမယ့် ကြာလာတော့ ကျွန်တော်တို့နည်းလမ်းရှာပြီး သူတို့ဆီက အကူအညီပြန်ယူတယ်။ တရုတ်ပြည်ဘက်မှာဆိုရင် ခက်သွားတာ တစ်ခုက မြန်မာနိုင်ငံနဲ့ သိပ်မတူဘူး ခက်သွားတာက ကျွန်တော်တို့ဆီမှာ တစ်ခြားအဖွဲ့အစည်းက အကူအညီတွေ မရောက်လာနိုင်ဘူး။ ဝင်လို့မရတော့ဘူး တစ်ကယ်လို့သူတို့တွေက မြန်မာနိုင်ငံမှာ ဆိုရင်တော့ သူတို့ကနေပြီး ကူညီလို့ရတယ်။ မန်ပိန်ရွာသားတွေက ဒီရွာကို ၂၄ ရက်နေ့မှ ရောက်လာတယ်။ ဒီရွာနဲ့လည်း ဝေးတယ်ပြီးတော့ ပစ္စည်းတစ်ချို့လည်း ယူရမယ်ဆိုတော့ ဝေးလို့တစ်ရုတ်ပြည်ဘက်ခြမ်းမှာ ရှိတဲ့ တရုတ်အိမ်တစ်အိမ်မှာ တစ်ညအိပ်ကြတယ်တဲ့။ နောက်နေ့ကြတော့ မိုးအကြီးအကျယ်ရွာတော့ ရွှေ့ပြောင်းလို့ အဆင်မပြေတော့ ပြန်မရွှေ့ကြတော့ဘူး။ အဲဒီလိုနဲ့သူတို့လည်း တရုတ်အိမ်မှာ ၂ ညအိပ်လိုက်ကြတယ်။ ၂၄ ရက်နေ့ နေ့လယ်ပိုင်းမှ ရောက်လာကြတယ်။ မန်ပိန်ရော၊ နောင်ဂျန်ရော နောင်ဖိုင်ရော ကျေးရွာ (၃) ရွာက လွန်ခဲ့တဲ့လကနေပြီး သူတို့ကျေးရွာကို စွန့်ပစ်ပြီးတော့ ထွက်ပြေးကြတယ်။ လွန်ခဲ့တဲ့တစ်နှစ် ၂၀၁၅ ခုနှစ်မှာ လည်း တစ်ခေါက် သူတို့ (၃) ရွာထွက်ပြေးခဲ့ရတယ်။ အဲဒီတုန်းကတော့ ဘန်မူလို့ခေါ်တဲ့ ရွာမှာ ထွက်ပြေးခဲ့တယ်။ အဲချိန်မှာလည်း တရုတ်အစိုးရတွေ ခဏခဏလာမေးမြန်းလို့ သူတို့ကျေးရွာကို ပြန်ပြန်သွားတယ်။ အခုပြောနေတဲ့သူတို့ သုံးရွာက ရွာတန်းရှည်လို ဟုတ်တယ် တစ်ရွာနဲ့တစ်ရွာသိပ်မဝေးဘူး။ စစ်ပွဲဖြစ်ရင်လည်း အဲဒီရွာနံဘေးဝန်ကျင်မှာဘဲ ဖြစ်တာများတယ်။ လွန်ခဲ့တဲ့လမှာ နောင်ဂျန်ကျေးရွာမှာ လည်း မနက်စောစော ၅ နာရီအချိန်လောက်မှာ တစ်ခေါက်တိုက်ပွဲဖြစ်သေးတယ်။ နေ့စွဲကတော့ ကောင်းကောင်း မမှတ်မိတော့ဘူး။ အဲကနေစပြီး ကျေးရွာ (၃) ရွာကတော့ ပိုဆိုးသွားတယ် သူတို့ (မြန်မာ့တပ်မတော်) မျက်စိထဲမှာ ရွာသုံးရွာကတော့ ရန်သူလို့မြင်သွားတယ်။ ဘယ်လိုဖြစ်ဖြစ် ရွာသုံးရွာကို ရန်သူလို့သတ်မှတ် လိုက်တယ်။ ၂၀၁၅ ခုနှစ်မှာ ထွက်ပြေးတဲ့အချိန်က ဇူလိုင်လပိုင်းမှာ ထွက်ပြေးတယ်။ အဲချိန်တုန်းကတော့ ဘန်ဝါ လို့ခေါ်တဲ့ တရုတ်ပြည်ဘက်ခြမ်းက ကျေးရွာတစ်ရွာမှာ ထွက်ပြေးတယ်။

အခုကျွန်တော်တို့နေတဲ့ ကောင်းခန်း ကျေးရွာနဲ့ မန်ပိန်းကျေးရွာက (၄) မိုင်လောက်ဘဲဝေးတယ်။ လမ်းလျှောက်ရင်တော့ (၁) နာရီလောက်ဘဲ လျှောက်ရတယ်။ အခုဒီမှာ ရောက်နေတဲ့ ဒုက္ခသည်ဦးရေကတော့ မနေ့ကကောက်ထားတဲ့ စာရင်းအရဆိုရင် အားလုံး (၇၄) ယောက်ရှိတယ်။ အခုကျွန်တော်တို့ ဒီဒုက္ခသည်တွေ ဘေးကင်းလုံခြုံဖို့ရန် အတွက်စဉ်းစားထားတာကတော့ ရှိပါတယ်။ အခုဒုက္ခဖြစ်နေတဲ့ကျေးရွာ (၃) ရွာကိုပေါင်းပြီး ပိုလုံခြုံတဲ့နေရာ စီစဉ်ပေးဖို့ရှိတယ်။ တရုတ်ပြည်ဘက်ဖြစ်ဖြစ် မြန်မာနိုင်ငံဘက်ဖြစ်ဖြစ် မနေ့ကတောင် နောင်ဂျန်ကျေးရွာ ဒုက္ခသည် စခန်းကို မြန်မာ့တပ်မတော်သားတွေ ဝင်ခဲ့တယ်လို့ကြားသိရတယ်။ အခု နောင်ဂျန်နဲ့နောင်ဖတ် ကျေးရွာပြည်သူတွေက တရုတ်ပြည်ဘက်ကူးလိုက် မြန်မာနိုင်ငံဘက်ကူးလိုက်နဲ့ သူတို့နေနေကြတယ်။ မန်ပိန်းကျေးရွာကိုတော့ မြန်မာ့တပ်မတော်သားတွေ နေရာယူလိုက်ပြီတဲ့ အိမ်ပြန်လို့လည်း မရတော့ဘူး။ အိမ်လည်းမီးရှို့ပေးလိုက်တယ် ဆိုတော့ သွားသွားလာလာခက်သွားပြီ။ ဒါပေမယ့် ကျန်တဲ့ နစ်ရွာကတော့ နည်းနည်း ဝင်ထွက်လို့ရသေးတယ်။ တစ်ကယ်လို့များ သုံးရွာစလုံးဒီနေရာမှာ လာစုနေရင်တော့ ဒီနေရာမှာ လူတအားများလာရင် တရုတ်အစိုးရကနေပြီး အမြင်မကြည်တာတွေ ဖြစ်လာနိုင်တယ်။ ဒါကြောင့် ကျန်တဲ့ နစ်ရွာက ဖြစ်နိုင်သလောက် ချောင်းဘေးမှာဘဲနေပြီး နေနေရတယ်။ မန်ပိန်းနဲ့နောင်ဖိုင်က လမ်းလျှောက်ရင် (၁) နာရီ လောက်လျှောက်ရတယ်။ နောင်ဖိုင်ကနေ နောင်ဂျန်ဆိုရင်တော့ သိပ်မဝေးတော့ဘူး မိနစ် (၃၀) လောက်ဘဲ လျှောက်ရတယ်။ တရုတ်အစိုးရကနေပြီး အခုလို ဒုက္ခသည်တွေကို လက်ခံထားလို့ အရင်တုန်းကတော့ တော်တော်လာပြောတယ်။ ဒါပေမယ့် ဒီနှစ်တော့ ဘယ်သူမှ လာမပြောသေးဘူး။ အရင်နှစ် တွေကတော့ ကျွန်တော်တို့ကို လာပြောတယ်။ ဒါကြောင့် ကျွန်တော်တို့နဲ့ ခဏခဏ ရန်ဖြစ်ကြတယ်။ တရုတ်တွေရဲ့ အခြေအနေက အခု ဒုက္ခရောက်နေတဲ့သူတွေကို သူတို့က ကူတော့ကူညီချင်တယ်။ ဒါပေမယ့် လက်ခံလို့မရတဲ့ အကြောင်းအရာတစ်ခုက အခုစစ်ပြေးလာတဲ့ သူတွေရဲ့မိသားစုက အများအားဖြင့် ကေအိုင်အေမှာ စစ်မှုထမ်းနေတဲ့လူတွေ ဟုတ်တယ်။ တစ်ကယ်လို့များသာ သူတို့ကို လက်ခံလိုက်လို့ရှိရင်၊ အားလုံးကို ခြုံကြည့်လိုက်လို့ရှိရင် အခုတရုတ်တွေရဲ့ စီးပွားရေး မြန်မာနိုင်ငံနဲ့လုပ်ထားတဲ့ဟာတွေ ပျက်ကုန်ဖို့များတယ်။ သူတို့က အရင်းအနှီးလည်း များတယ်ဆိုတော့ သူတို့လည်း မမှားရဲကြဘူး။ တစ်ဖက်မှာဆိုရင် သူတို့တတ်နိုင်သလောက် နစ်ဖက်စလုံးကို မျှတအောင် လုပ်တယ်။ ဒါပေမယ့် အစိုးရဘက်ကို ပိုပြီးတော့ အလေးသာတယ် သူတို့လည်း တတ်နိုင်သလောက်တော့ လုပ်ပါတယ်။

## ၂၂ ရက်၊ မေလ၊ ၂၀၁၆ခုနှစ်တွင် မြန်မာ့တပ်မတော်တပ်မ (၉၉)မှ မီးရှို့ဖျက်စီးခဲ့သော မန်ပိန်းကျေးရွာ အကြောင်း။

### မန်ပိန်းကျေးရွာတည်နေရာ

မန်ပိန်းကျေးရွာသည် ရှမ်းပြည်နယ် မြောက်ပိုင်းမုံးကိုးမြို့နယ်တွင် တည်ရှိပြီး တရုတ်ပြည်သူ့သမ္မတ နိုင်ငံနှင့်လည်း ထိစပ်လျက်ရှိသော ကျေးရွာတစ်ရွာဖြစ်ပါသည်။ ထို့ပြင် မန်ပိန်းကျေးရွာသည် ဖောင်ဆိုင် ပြည်သူ့စစ်တပ်ဖွဲ့များ၏ နယ်မြေတွင် တည်ရှိပြီး ၎င်းရွာဘေးတွင် နောင်ဂျောင် ကျေးရွာနှင့် နောင်ဖတ်ကျေးရွာ ကပ်လျက်တည်ရှိပါသည်။ မန်ပိန်းကျေးရွာသည် အိမ်ခြေ (၁၆) အိမ်၊ နောင်ဖတ် ကျေးရွာသည် အိမ်ခြေ (၁၄) အိမ်နှင့် နောင်ဂျောင်ကျေးရွာတွင် အိမ်ခြေ (၁၆) အိမ်တည်ရှိကာ ရွာချင်း ဆက်လျက်ရှိသည့် ကျေးရွာများဖြစ်သည်။

### ဖြစ်စဉ်အကျဉ်း

မြန်မာ့တပ်မတော် တပ်မ (၉၉) စစ်ကြောင်းသည် မုံးကိုးမြို့နယ် မန်ပိန်းကျေးရွာသို့ ၂၂ ရက်၊ မတ်လ၊ ၂၀၁၆ ခုနှစ် ရက်နေ့ ညနေပိုင်း (၅း၀၀) နာရီအချိန်ခန့်တွင် ကျေးရွာအတွင်းသို့ရောက်ရှိလာပြီး ကချင်လွတ်မြောက်ရေးတပ်မတော် (K.I.A)တို့နှင့် တစ်နာရီခွဲခန့်တိုက်ပွဲဖြစ်ပွားခဲ့ပါသည်။ ထိုသို့တိုက်ပွဲဖြစ်ပွားပြီးနောက် ကချင်လွတ်မြောက်ရေးတပ်မတော် (K.I.A) တို့တပ်ဆုတ်သွား ချိန်တွင် မြန်မာ့တပ်မတော်မှ မန်ပိန်းကျေးရွာရှိ ပြည်သူများ၏နေအိမ် (၄) အိမ်ကို မီးရှို့ဖျက်စီးခဲ့ကြပါသည်။ မြန်မာ့တပ်မတော်မှ မီးရှို့ရာတွင် ၂၂ ရက်နေ့ ညပိုင်းနှင့် ၂၃ ရက်နေ့မနက်ပိုင်းတွင် မီးရှို့သည်ဟု ကျေးရွာပြည်သူများ ပြောဆိုပါသည်။ နေအိမ် (၄)လုံးမီးရှို့ခံရမှုမှာ ပြည်သူများ၏ ထင်မြင်ယူဆချက်ဖြစ်ပြီး

ကျေးရွာသို့ပြန်ရန်ခက်ခဲသောကြောင့် အတိအကျ သိရှိရခြင်းမရှိသေးပါ။

ထို့ကြောင့် နောင်ဖတ်ကျေးရွာနှင့် နောင်ဂျန်ကျေးရွာရှိပြည်သူများမှာ မိမိတို့ကျေးရွာတွင် နေထိုင်ခြင်း မရှိတော့ဘဲ တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် မြန်မာနိုင်ငံနယ်စပ် ချောင်းများတွင် တဲအိမ်များဆောက်လုပ်ကာ ထွက်ပြေးတိမ်းရှောင်နေရပါသည်။ မန်ပိန်းကျေးရွာသည် တိုက်ပွဲဖြစ်ပွားခဲ့သော နေရာဖြစ်သောကြောင့် ၎င်းကျေးရွာမှ ပြည်သူများအားလုံးသည် တရုတ်နိုင်ငံရှိ ကချင်လူမျိုးများ နေထိုင်ရာ ကောင်းခန်ကျေးရွာသို့ ထွက်ပြေးတိမ်းရှောင်နေရပါသည်။

မန်ပိန်းကျေးရွာရှိ ပြည်သူများသည် တရုတ်နိုင်ငံ ကောင်းခန်ကျေးရွာသို့ ၂၄ ရက်၊ မေလ၊ ၂၀၁၆ ခုနှစ် ရက်နေ့ နေ့လယ် ၁၂ း ၀၀ နာရီအချိန်ခန့်တွင် ပြည်သူ (၆၆)ဦး အိမ်ထောင်စု (၁၀)စု ထွက်ပြေးတိမ်းရှောင်လာခဲ့ကြပါသည်။ ထွက်ပြေးတိမ်း ရှောင်လာသည့် ပြည်သူများတွင် ကလေးငယ် (၃၃) ဦး အမျိုးသမီး (၁၈) ဦးနှင့် အမျိုးသား ( ၁၅) ဦးတို့ ဖြစ်သည်။

မန်ပိန်းကျေးရွာသားများသည် ယခုလိုမိမိတို့ကျေးရွာမှ ထွက်ပြေးတိမ်းရှောင်သည်မှာ ဒုတိယအကြိမ် မြောက် ထွက်ပြေးခြင်းဖြစ်ပါသည်။ ၂၀၁၅ ခုနှစ် ဇူလိုင်လတွင်လည်း မြန်မာ့တပ်မတော်နှင့် ကချင်လွတ်မြောက်ရေးတပ်မ တော်(K.I.A)တို့ တိုက်ပွဲဖြစ်ပွားခဲ့သောကြောင့် တစ်ကြိမ်ထွက်ပြေးခဲ့ရပါသည်။ ပထမတစ်ကြိမ်တိုက်ပွဲဖြစ်ပွားရာတွင် ပြည်သူများ၏နေအိမ်ကို တစ်စုံတစ်ရာ မီးရှို့ဖျက်စီးခြင်းမပြုဘဲ ရွာသူ ရွာသားများ မိမိတို့နေအိမ်တွင်ကောင်းမွန်စွာ ပြန်လည်နေထိုင်ခဲ့ကြပါသည်။

## ထွက်ပြေးတိမ်းရှောင်နေသည့် ပြည်သူများ၏ စားဝတ်နေရေး အခြေအနေ

ထွက်ပြေးတိမ်းရှောင်လာသူများကို တရုတ်ပြည်ရှိ ကောင်းခန်းနှစ်ခြင်းခရစ်ယာန် ဘုရားကျောင်းမှ အသင်းသူ အသင်းသားများ နေရာထိုင်ခင်းပေးပြီးစားစရာ အချို့နှင့် အဝတ်အထည်များကို ကူညီထောက်ပံ့ပေးသည်။ မြန်မာပြည်တွင်းရှိ အရပ်ဖက်လူမှုအဖွဲ့အစည်းများ သွားရောက်နိုင်ခြင်းမရှိဘဲ တရုတ်ပြည်ရှိ ခရစ်ယာန်အသိုင်းအဝိုင်းမှ ကူညီထောက်ပံ့မှုဖြင့် ဘဝရပ်တည်နေကြသည်။ တရုတ်ပြည်သို့ တိမ်းရှောင်ခြင်းမပြုသည့် ကျေးရွာ (၂) ရွာမှ ပြည်သူများမှာ နယ်စပ်ချောင်းဘေးတွင် တဲအိမ် (ပလပ်စတိပ်မိုးကာ) များကို ပြုလုပ်ပြီး မိမိရွာကိုပြန်ရန်အတွက် စစ်ရေးအခြေအနေများကို လေ့လာစောင့်ကြည့်နေကြသည်။ ထို့ကြောင့် ၎င်းကျေးရွာ (၂) ရွာမှ ပြည်သူများလည်း ကူညီကယ်ဆယ်ရေး များစွာ လိုအပ်လျက်ရှိနေပါသည်။

## ထွက်ပြေးတိမ်းရှောင်လာသည့် ပြည်သူများအပေါ် တရုတ်နိုင်ငံ၏သဘောထား

ထွက်ပြေးတိမ်းရှောင်သူများ ခိုလှုံနေသည့် ကောင်းခန်း ဘုရားကျောင်းဝင်းအတွင်းသို့ တရုတ် ရဲများ၊ နယ်ခြားစောင့်တပ်များ မကြာခဏဝင်ထွက်သွားလာပြီး အခြေအနေများကို မျက်ခြေမပြတ်စောင့်ကြည့် နေသည်။ ၂၄ - ၂၅ ရက် နှစ်ရက်အတွင်း တရုတ်အရာရှိများ စစ်ရှောင်စခန်းသို့ (၅) ကြိမ်တိုင်တိုင် စစ်ဆေးမေးမြန်းမှုများရှိခဲ့သည်။ တရုတ်နိုင်ငံမှ စစ်ရှောင်သူများကို အစားအစာ၊ အဝတ်အထည် တစ်စုံတစ်ရာ ထောက်ပံ့ကူညီပေးခြင်းမရှိပါ။ သို့သော် ကျန်းမာရေးအတွက် ကာကွယ်ဆေးများ တိုက်ကျွေးခြင်း ဆေးထိုးပေးခြင်းဖြင့် ကျန်မာရေးစောင့်ရှောက်မှုပေးလျှ က်ရှိသည်။

ထွက်ပြေးတိမ်းရှောင်သူများအပေါ် အရပ်ဖက်လူမှုအဖွဲ့အစည်းများမှ ပြုလုပ်ပေးသင့်သည့် အရာများ

၁) စစ်ရှောင်သူများ၏ လက်ရှိလိုအပ်နေသော စားဝတ်နေရေးကို အမြန်ဆုံးကူညီဖြေရှင်းပေးရန်။
၂) နေအိမ်ဆုံးရှုံးသွားသူများကို စိတ်ဓာတ်ပြန်လည်မြင့်တင်ပေးရန်နှင့် ငွေကြေးကူညီထောက်ပံ့ပေးရန်။

**လူ့အခွင့်အရေးချိုးဖောက်မှု** - **ပိုင်ဆိုင်မှုကို ချိုးဖောက်မှု (နေအိမ်မီးရှို့ဖျက်ဆီး)**

ချိုးဖောက်ခံရသူအမည် - ဒေါ်****
ကျား/မ - မ
အသက် - ၆၈ နှစ်
လူမျိုး - ကချင်
ကိုးကွယ်သည့်ဘာသာ - ခရစ်ယာန်
မိဘမည် - ဦး**** နှင့် ဒေါ်****
အိမ်ထောင်ရှိ/မရှိ - ရှိ
ခင်ပွန်းအမည် - ဦး****
သား/သမီး - ၂ ယောက်
နေရပ်လိပ်စာ - ****ကျေးရွာ၊ မုံးကိုးမြို့နယ်၊ ရှမ်းပြည်နယ်။
အခင်းဖြစ်ပွားသည့်နေ့ - ၂၂ ရက်၊ မေလ၊ ၂၀၁၆ ခုနှစ်
အခင်းဖြစ်ပွားသည့်နေရာ - မန်ပိန်းကျေးရွာ၊ မုံးကိုးမြို့နယ်၊ ရှမ်းပြည်နယ်။
ချိုးဖောက်သူ - မြန်မာအစိုးရတပ်မတော်

အမှုဖြစ်စဉ်ပြန်လည်ပြောပြသူအမည် - ချိုးဖောက်ခံရသူကိုယ်တိုင်
မှတ်တမ်းကောက်ယူသည့်အဖွဲ့အစည်း - HI

**အမှုဖြစ်စဉ်**

မန်ပိန်းကျေးရွာမှာ ကျွန်မတို့နေလာတာ နှစ်ပေါင်း (၃၀)ကျော် ရှိပြီ။ စစ်ဖြစ်တဲ့အချိန်မှာ ကျွန်မတို့မိသားစုတွေက အိမ်မှာ မနေရတော့ဘူး၊ တစ်ခြားနေရာကို ပြောင်းပြီ၊ ကျွန်မတို့အိမ်မှာက စစ်သားတွေနေတယ်။ စစ်ဖြစ်တဲ့အချိန်မှာ ကျွန်မတို့ မိသားစုရဲ့ပစ္စည်းတွေ မယူလိုက်နိုင်တဲ့ဟာတွေအများကြီး ရှိတယ်။ စပါးတွေလည်း မယူလိုက်နိုင်ဘူး။ အိုး၊ ခွက်၊ ပန်းကန်တွေလောက်ဘဲ ယူခဲ့နိုင်တယ်၊ ကျန်တာကတော့ ဘာမှမယူလိုက်နိုင်ဘူး။ ကျွန်မအိမ်ကိုလည်း မီးရှို့ဖျက်ဆီးခံရတဲ့အထဲမှာပါတယ်။ ဗမာစစ်သားတွေက ကျွန်မတို့အိမ်မှာ ၂၂ ရက်၊ မေလ၊ ၂၀၁၆ ခုနှစ် ရက်နေ့မှာအိပ်တယ် အဲဒါကြောင့် ၂၂ ရက်နေ့မီးရှို့တဲ့ထဲတော့ ပါမသွားဘူး။ ဒါပေမယ့်နောက်နေ့ ၂၃ ရက်နေ့မနက်မှာတော့ ကျွန်မတို့တစ်ဖက်တောင်ကုန်းကနေ ကြည့်နေတဲ့အချိန်မှာ ကျွန်မအိမ်ကိုလည်း မီးရှို့ခဲ့ကြတယ်။ ၂၃ ရက်နေ့ မနက် ၈ နာရီလား၊ ၉ နာရီမှာလား မမှတ်မိတော့ဘူး။ မီးရှို့ခဲ့ကြတယ်၊ ၂၂ ရက်နေ့မှာတော့ အိမ်တွေကို ညနေပိုင်း ၅ နာရီခွဲလောက်မှာ မီးရှို့ခဲ့ကြတယ်။ ၂၂ ရက်နေ့ညမှာ မီးလောင်တဲ့ အိမ်တွေက သက်ကယ်နဲ့မိုးထားတဲ့အိမ်တွေ များတယ်။ ကျွန်မတို့အိမ်က အုတ်တစ်ဝက် ပျဉ်တစ်ဝက်ကာထားတယ်။ နှစ်ထပ်အိမ်တော့မဟုတ်ဘူး၊ ဒါပေမယ့် ခြေတံရှည်အိမ်ပါ အောက်ထပ်မှာ ထင်းတွေတစ်ခြားပစ္စည်း တွေထားဖို့လုပ်ထားတယ်။ စပါးကတော့ တင်း (၈၀) လောက် မီးထဲပါသွားတယ်။ ကျွဲ၊ နွားတွေကိုတော့ ကျွန်တော်တို့ မောင်းထားလိုက်နိုင်တယ်။ တန်းဖိုးရှိတဲ့ပစ္စည်းတွေကတော့ အိမ်နဲ့ စပါးတွေပါသွားတယ်။ မနစ်တုန်းကလည်း ကျွန်မတို့တစ်ခေါက် ပြေးရသေးတယ်။ ဒါပေမယ့်မနစ်တုန်းကတော့ ဘာမှ မဖြစ်ဘူးဆိုတော့ ဒီနှစ်လည်း မဖြစ်လောက်ဘူးဆိုပြီး ပေါ့ဆပြီး ပစ္စည်းတွေကို ဒီအတိုင်းဘဲ ထားခဲ့လိုက်တယ်။ ကချင်လွတ်မြောက်ရေးတပ်မတော် (K.I.A) စစ်သားတွေလည်း ရှိတယ်ဆိုတော့ သူတို့ တွန်းလှန်နိုင်မှာ ဘဲထင်ပြီးတော့ ပစ္စည်းအများကြီး မယူလိုက်ဘူး။ ကျွန်မအိမ်ကို မြန်မာ့တပ်မတော်က မီးရှို့လိုက်တယ်ဆိုတာကို ကျွန်မတို့သိတယ်။ အဲနေ့က သူတို့ ကျွန်မတို့ရွာကိုဝင်ပြီး ကတည်းက ဘယ်သူမှ ရွာထဲကို မဝင်ရဲတော့ဘူး။ ရွာထဲမှာက သူတို့ဘဲရှိတယ် ဆိုတော့ သူတို့ကလွဲပြီး ဘယ်သူမှ မဖြစ်နိုင်ဘူး။ သူတို့မီးရှို့လိုက်တယ်ဆိုတာ ကျွန်မမျက်စိနဲ့ တပ်အပ်တော့ မမြင်ဘူး။ ဒါပေမယ့် ရွာထဲမှာ သူတို့ဘဲရှိတယ်ဆိုတော့ သူတို့ဘဲဟုတ်တာပေါ့။ ကျန်တဲ့လူဘယ်သူ့ကိုမှ ထင်စရာမရှိဘူး၊ သူတို့ဘဲရှိတယ်ဆိုတော့ သူတို့ကလွဲပြီးဘယ်သူမှ မဖြစ်နိုင်ဘူး။ စစ်ပွဲဖြစ်ပြီး ကချင်လွတ်မြောက်ရေးတပ်မတော်

(K.I.A)စစ်သားတွေ ရွာက ဆုတ်လာတာနဲ့ သူတို့က ရွာထဲကို ဝင်နိုင်ပြီလေ သူတို့ဝင်တာနဲ့မီးခိုးက စထွက်တော့တာဘဲ။ ကျွန်မအိမ်ကို မီးရှို့ဖျက်စီးလိုက် တာကြောင့်မို့ ပြောမပြနိုင်အောင် ခံစားရတယ်။ အခုသူများတွေဘယ်လိုနေရင် ကျွန်မလည်း ဘယ်လိုနေရတယ်၊ သူငယ်ချင်းတွေကို ကြည့်ပြီး ကိုယ့်ကိုကိုယ် နှစ်သိမ့်နေရတာပါဘဲ။

| | |
|---|---|
| **လူ့အခွင့်အရေးချိုးဖောက်မှု** | **- ပိုင်ဆိုင်မှုကို ချိုးဖောက်မှု (မီးရှို့ဖျက်ဆီး)** |
| ချိုးဖောက်ခံရသူအမည် | - ဦး**** |
| ကျား/မ | - ကျား |
| အသက် | -၂၆ နှစ် |
| လူမျိုး | - ကချင် |
| ကိုးကွယ်သည့်ဘာသာ | - ခရစ်ယာန် |
| အလုပ်အကိုင် | - **** |
| မိဘမည် | - ဦး**** နှင့် ဒေါ်**** |
| အိမ်ထောင်ရှိ/မရှိ | - ရှိ |
| ဇနီးအမည် | - ဒေါ်**** |
| သား/သမီး | - သားသမီး (၄) ယောက် |
| နေရပ်လိပ်စာ | - ****ကျေးရွာ၊ မုံးကိုးမြို့နယ်၊ ရှမ်းပြည်နယ်။ |
| အခင်းဖြစ်ပွားသည့်နေ့ | - ၂၂ ရက်၊ မေလ၊ ၂၀၁၆ ခုနှစ်။ |
| အခင်းဖြစ်ပွားသည့်နေရာ | - မန်ပိန်းကျေးရွာ၊ မုံးကိုးမြို့နယ်၊ ရှမ်းပြည်နယ်။ |
| ချိုးဖောက်သူ | - တပ်မ (၉၉)၊ မြန်မာအစိုးရတပ်မတော် |
| | |
| အမှုဖြစ်စဉ်ပြန်လည်ပြောပြသူအမည် | - ဦး****(ချိုးဖောက်ခံရသူကိုယ်တိုင်) |
| မျက်မြင်သက်သေ | - မန်ပိန်းရွာသားများ |
| မှတ်တမ်းကောက်ယူသည့်အဖွဲ့အစည်း | - HI |

**အမှုဖြစ်စဉ်**

တိုက်ပွဲစဖြစ်တဲ့အချိန်က ၂၂ ရက်၊ မေလ၊ ၂၀၁၆ ခုနှစ် ရက်နေ့ ညနေပိုင်း (၃)နာရီ အချိန်လောက်မှာ မြန်မာ့တပ်မတော်စစ်သားတွေ ကျွန်တော်တို့ရွာကို ရောက်ခဲ့တယ်။ အဲဒီအချိန်မှာ ကချင်လွတ်မြောက်ရေး တပ်မတော် (K.I.A) စစ်သားတွေက ရွာထဲမှာ နေနေတယ်။ သူတို့ လက်နက်ကိုင် အုပ်စုနှစ်ခု မမျှော်လင့်ဘဲ ရွာထဲမှာ တွေ့ကြတယ်ဆိုတော့ တွေ့ကြတာနဲ့စစ်ပွဲက စဖြစ်တယ်။ စစ်ပွဲဖြစ်ပြီးတာနဲ့ မြန်မာ့တပ်မတော်က ရွာထဲက အိမ်တွေ၊ စပါးကျီတွေကိုစပြီး မီးရှို့ဖျက်စီးခဲ့တယ်။ အဲညရှို့လို့ မကုန်တဲ့ဟာတွေကို နောက်နေ့မနက်စောစောမှာ ပြန်ထပ်ရှို့တယ်။ မန်ပိန်းရွာမှာ အိမ်ခြေ (၁၅) အိမ်ရှိတယ်၊ နောင်ဖိုင်ရွာမှာက (၁၄) အိမ် နောင်ဂျန်ကျေးရွာမှာက အိမ်ခြေ (၁၇)အိမ်ရှိတယ်။ အခုမီးရှို့ခံရတာက မန်ပိန်းကျေးရွာ တစ်ရွာဘဲ မီးရှို့ခံရတယ်။ စစ်ကြောင်းကတော့ တပ်မ (၉၉) စစ်ကြောင်း တပ်ရင်းကတော့ ကောင်းကောင်း မမှတ်မိတော့ဘူး။ မြန်မာ့တပ်မတော်စစ်ကြောင်းနဲ့ ကေအိုင်အေ စစ်သားတွေက ကျွန်တော်တို့ ရွာထဲမှာ တိုက်ပွဲဖြစ်ကြတယ်။ တိုက်ပွဲဖြစ်တဲ့အချိန်မှာတော့ ရွာသားတွေကို ပစ်မိတာတို့၊ ထိမိတာတို့တော့ မရှိပါဘူး။ ကျွန်တော်တို့ ရွာသားတွေက ၂၄ ရက်၊ (၄) လပိုင်း နေစပြီး ရွာမှာ မနေဘဲ ကျေးရွာရဲ့ ချောင်းဘေးတစ်နေရာမှာ ထွက်ပြေးပုန်းရှောင် နေကြတယ်။ အဲဒီနေ့ ၂၂ ရက်၊ မေလ၊ ၂၀၁၆ ခုနှစ် ရက်နေ့မှာ စစ်ဖြစ်တာနဲ့ ကျွန်တော်တို့က တရုတ်ပြည်ဘက်ကို ထွက်ပြေးလာတယ်။ ၂၄ ရက်၊ ဧပြီလ၊ ၂၀၁၆ ခုနှစ် ရက်နေ့မှာ ထွက်ပြေးလာတဲ့ အကြောင်းကတော့ ဖောင်ဆိုင်ပြည်သူစစ်တွေက ကျွန်တော်တို့ကို ပြောတယ်၊

ရွာမှာ မနေနဲ့တော့ ဖောင်ဆိုင်း ဘက်ကို ထွက်ပြေးလာပါလို့လာပြောတယ်။ ကျွန်တော်တို့ပြန်စဉ်းစားတာကတော့ ဘယ်လိုမှ ဖောင်ဆိုင်းဘက်ကို သွားမနေရဲဘူး။ မြန်မာ့တပ်မတော် တပ်စခန်းလည်းရှိတယ် နောက်ပြီး ကျွန်တော်တို့ကို နေခိုင်းတဲ့နေရာကလည်း စစ်တပ်စခန်းရဲ့အောက်မှာ နေခိုင်းတယ်ဆိုတော့ ဘယ်လိုမှမနေရဲဘူး။ ကျွန်တော်တို့က စစ်ကိုကြောက်တာကြောင့်မို့ မနေရဲဘူး။ ဒါကြောင့် ကျွန်တော်တို့ ကျေးရွာ (၃) ရွာက တရုတ်ပြည်နဲ့ နယ်ချင်းခြားတဲ့ ချောင်းနံဘေးနားမှာ လာရောက်ထွက်ပြေးတိမ်းရှောင်နေတာ ဟုတ်တယ်။ ကျွန်တော်တို့ ထွက်ပြေးတဲ့ချောင်းနံဘေးနဲ့ မန်ပိန်းကျေးရွာက (၁၅) မိနစ်လောက် လမ်းလျှောက်ရင် ရောက်တယ်။ ဘယ်လောက်မှတော့ မဝေးပါဘူး။ (၄) လပိုင်း မှာတော့ တိုက်ပွဲဖြစ်တာတွေမရှိသေးဘူး။ ၂၂ ရက် ၅ လပိုင်း မှာမှ တိုက်ပွဲဖြစ်ခဲ့တာပါ။ တိုက်ပွဲဖြစ်တဲ့အချိန်မှာ မီးရှို့ခံရတဲ့ အိမ်ခြေကတော့ အကြမ်းဖျင်း ကြားတာကတော့ အိမ်ခြေ (၄) အိမ်လောက်တော့ရှိတယ်လို့ကြားတယ်။ ကောင်းကောင်းတိတိကျကျတော့ မသိသေးဘူး။ အခုက ရွာလည်းပြန်လို့မရသေးဘူး။ ရွာမှာ စစ်သားတွေရှိမှာလည်း စိုးရိမ်တာကြောင့် မပြန်သေးဘူး။ တစ်ခြားအိမ်က အိမ်တွင်းပစ္စည်းတွေ ဘယ်လောက်ပါသွားတယ်ဆိုတာလည်း မသိသေးဘူး။ အခုက ဘယ်သူမှအိမ်ပြန်လို့ မရသေးဘူးဆိုတော့ မသိသေးပါဘူး။ ကျွန်တော်တို့ရွာမှာက (၂၂) ရက်နေ့တိုက်ပွဲဖြစ်တော့ ကျွန်တော်တို့တွေ တရုတ်ပြည်ဘက်ခြမ်းမှာရှိတဲ့ အမျိုးအိမ်မှာ သွားရောက်တည်းခို ကြတယ်။ ကျွန်တော်တို့ဒီနေရာ (ကောင်းခန်း တရုတ်ပြည်) ကိုမနေ့က ၂၄ ရက် နေ့မှာမှ ရောက်ခဲ့တယ်။ အခုဒီရွာကိုရောက်လာတာကတော့ အိမ်ခြေ (၁၄) အိမ်ဖြစ်ပါတယ်။ ကျန်တဲ့ရွာနှစ်ရွာ (နောင်ဂျန်၊ နောင်ဖတ်) ကတော့ တရုတ်နိုင်ငံနဲ့ မြန်မာနိုင်ငံ ကြားမှာရှိတဲ့ ချောင်းနံဘေးမှာ ပလာစတိပ်မိုးကာတဲနဲ့ မိုးပြီးတော့ အဲဒီမှာ ရှောင်ပုန်းနေကြတယ်။ တရုတ်ပြည်ဘက်ခြမ်းမှာတော့ မဟုတ်ဘူး။ မြန်မာနိုင်ငံဘက်ခြမ်းမှာဘဲ နေနေကြတယ်။ နေအိမ်မီးရှို့ခံ ရတဲ့လူတွေကတော့ ဦး****၊ ဦး****၊ ဦး****တို့အိမ်တွေပါတယ် အကြမ်းအားဖြင့်တော့ သူတို့အိမ်တွေ မီးလောင်သွားတယ်လို့ကြားသိရတယ်။ တစ်ခြားပစ္စည်းတွေကတော့ သူတို့ဘာမှမရလိုက်ဘူးလို့ ပြောတယ်။ ထွက်ပြေးတဲ့နေ့မနက်မှာ သူတို့နဲ့ပါလာတဲ့ စောင်တွေတော့နည်းနည်းပါခဲ့တယ်။ အခုကျွန်တော်တို့ အစားအသောက်နဲ့ပတ်သက်ပြီးတော့ ဒီမှာ ရှိတဲ့အသင်းတော်တွေကို ယုံကြည်လို့ လာခဲ့တာပေါ့။ အခုတော့ သူတို့ကိုဘဲ အားကိုးပါတယ်။ တရုတ်အစိုးရတာဝန်ရှိတဲ့လူတွေလည်း ကျွန်တော်တို့ကို လာမေးပါတယ်။ ဟိုမှာ ဖြစ်ခဲ့တဲ့တိုက်ပွဲအခြေအနေတွေပြီးတော့ ဒီမှာရှိတဲ့လူတွေ လူစုံမစုံ အမြဲလိုလို လာရောက်စစ်ဆေး မေးမြန်းတာတွေတော့ ရှိပါတယ်။ ကျွန်တော်တို့ ဒီမှာ လာရောက်ခိုလှုံနေတဲ့ (၂) ရက်အတွင်းမှာ (၄) ခေါက်လာရောက်စစ်ဆေးမေးမြန်း တာတွေရှိခဲ့တယ်။ ဒီနေ့ကတော့ တစ်ခေါက်ဘဲ လာသေးတယ် မနေ့တုန်းကတော့ (၃) ခေါက် လာတယ်။ တရုတ်အစိုးရကနေပြီးတော့ ကျွန်တော်တို့ကို ကူညီတာတွေ ဘာမှမရှိဘူး။ အဝတ်အစားတို့ မိုးကာတို့ဘာမှ မကူညီဘူး။ ဒါပေမယ့် ဆေးကတော့ သူတို့လာပေး တာတွေရှိတယ် ကာကွယ်ဆေးထိုးပေးတာတို့ တော့ရှိပါတယ်။ တရုတ်အစိုးရကတော့ ဆေးဝါးနဲ့ ပတ်သက်ပြီးတော့ ကူညီတာတော့ရှိပါတယ်။ အစားအစာနဲ့ပတ်သက်ပြီးတော့ ကောင်းခန်း ခရစ်ယာန် အဖွဲ့အစည်းကနေပြီးတော့ ကူညီတယ်။ (၂၂)ရက်နေ့ကျွန်တော်တို့ ရွာထဲမှာ ပစ်ကြတာကတော့ တစ်နာရီကျော် ကြာတယ်လို့ထင်တယ်။ ကျွန်တော်တို့ရွာမှာရှိတဲ့အိမ်တွေကို ဘာကြောင့်မီးရှို့ဖျက်ဆီးခဲ့ကြတယ် ဆိုတာ ကတော့ ကျွန်တော်တို့မသိဘူး။ ကျွန်တော်တို့ခန့်မှန်းတာကတော့ ရန်သူတွေရှိလို့ စစ်ပွဲဖြစ်ကြပြီး ကျွန်တော်တို့ ရွာမှာရှိတဲ့အိမ်တွေကို မီးရှို့ပေးလိုက်တယ်လို့ဘဲ မြင်တယ်။ ထွက်ပြေးလာတဲ့လူတွေထဲမှာ အသက် (၆၀) ကျော် အသက်ကြီးတဲ့အမျိုးသမီးတွေလည်းပါတယ်။ ကလေးတွေကတော့အားလုံး (၃၀) ကျော် လောက်တော့ရှိမယ်။ လူငယ်လူရွယ်တွေလည်း အားလုံး (၃၀) ကျော် လောက်တော့ရှိမယ်။ အခုဒီမှာ ထွက်ပြေးလာတဲ့ လူတွေအားလုံး က (၆၀) ကျော်လောက်တော့ရှိတယ်။

**လူ့အခွင့်အရေးချိုးဖောက်ခံရမှု - မတရားသတ်ဖြတ်ခံရမှု**

| | |
|---|---|
| ချိုးဖောက်ခံရသူအမည် | - ဦး**** |
| ကျား/မ | - ကျား |
| အသက် | - ၅၆ နှစ် |
| အမျိုးသားမှတ်ပုံတင်အမှတ် | - ၁၃/ မကတ(နိုင်)**** |
| ကိုးကွယ်သည့်ဘာသာ | - ခရစ်ယာန် |

| | |
|---|---|
| အလုပ်အကိုင် | - ကျပန်း |
| မိဘအမည် | - ဦး **** နှင့် ဒေါ် **** |
| အိမ်ထောင်ရှိ/ မရှိ | - ရှိ |
| ဇနီးအမည် | - ဒေါ် **** |
| နေရပ်လိပ်စာ | -****ရပ်ကွက်၊ မုံးကိုးမြို့နယ်၊ မူဆယ်မြို့၊ ရှမ်းပြည်နယ်။ |
| အခင်းဖြစ်ပွားသည့်နေရာ | - ****မြို့၊ ရှမ်းပြည်နယ်မြောက်ပိုင်း။ |
| အခင်းဖြစ်ပွားသည့်နေ့ | - ၅ ရက်၊ ဒီဇင်ဘာလ၊ ၂၀၁၆ ခုနှစ် |
| ချိုးဖောက်သူ | - တပ်မ (၁၁၊ ၈၈၊ ၉၉) |
| အမှုဖြစ်စဉ်ပြန်လည်ပြောပြသူအမည် | - ဒေါ် **** |
| ချိုးဖောက်ခံရသူနှင့်တော်စပ်ပုံ | - ချွေးမ |
| မှတ်တမ်းကောက်သည့်နေ့ | - ၁၆ ရက်၊ ဒီဇင်ဘာလ၊ ၂၀၁၆ ခုနှစ် |
| မှတ်တမ်းကောက်သည့်အဖွဲ့ | - KWAT အဖွဲ့ |

## အမှုဖြစ်စဉ်

****မြို့သည် တရုတ်နယ်စပ်မှာဖြစ်ပြီး မြို့ကြီးလည်းဖြစ်သည် ရပ်ကွက် (၆) ခုခွဲထားတယ်။ အိမ်ခြေအားလုံးပေါင်း တစ်သောင်း (၁၀၀၀၀)ကျော် ရှိသည်။ နေထိုင်ကြသော လူမျိုးက ရှမ်း၊ ပလောင်၊ ဗမာ၊ တရုတ်၊ လီဆူ၊ ကချင် တွေဖြစ်တယ်။ ကိုးကွယ်သည့်ဘာသာက နှစ်ခြင်း၊ ကက်သလစ်၊ ဗုဒ္ဓ၊ နတ်ကိုးကွယ်မှုများ ဖြစ်ကြတယ်။ အလုပ်အကိုင်က တရုတ်ပြည်နှင့်နီးသည့်အတွက် စီးပွားရေး အမျိုးမျိုးနှင့် လယ်ယာ၊ ကြံ၊ ပြောင်းများလုပ်ကိုင်ကြတယ်။ မုံးကိုးမြို့မှာဆိုရင် တရုတ်လူမျိုး ပိုများသည့် အတွက် ဈေးကွက်လည်း အဆင်ပြေတယ်။ နေ့တိုင်းလိုလို ဈေးရှိတယ်။ (၅) ရက်တစ်ဈေးတွေကတော့ ရွာ ဘက်မှာဘဲရှိတယ်။ တရုတ်ပညာရေးကျောင်း၊ အစိုးရကျောင်း အထက်တန်းထိရှိတယ် ပြည့်သူဆေးရုံ လည်းရှိတယ်။

****ရပ်ကွက်****မြို့မှာ အစိုးရစစ်တပ် ဗျူဟာမှူး ထိုင်တာရှိတယ်။****မြို့ပြည်သူ့စစ်၊ ****ပြည် သူ့စစ်နှင့် လက်နက်ကိုင်တဲ့လူလည်းရှိတယ်။ ****မြို့သည် အစိုးရ အုပ်ချုပ်သည့်နယ်မြေဖြစ်သည်။ KIA အဖွဲ့သားများလည်း သွားလာမှုရှိတယ်။ အရင်က စစ်ဖြစ်လျှင် သည်နေရာမှာမဖြစ်ဘူး။ ပတ်ဝန်းကျင်ရွာမှာဘဲ ဖြစ်တယ်။ အခုလိုမျိုးတော့ မဖြစ်ဖူးဘူး။ ဒီတစ်ခေါက်ဖြစ်တာက လေယာဉ် တောင်ပါတယ် အရမ်းဆိုးတယ်။

ကျွန်မတို့ စစ်မဖြစ်ခင်မှာ ****မြို့၊ ****ရွာမှာ နေထိုင်ခဲ့တယ်။ တောင်ယာ၊ လယ်ယာ၊ လက်ဖက်ခြံတွေ လုပ်ကြတယ်။ ****ရွာမှာအိမ်ခြေ ၁၀ ကျော်ရှိတယ်။ ၂၀၁၁ ခုနှစ်မှာ စစ်ဖြစ်လို့ တစ်ရွာလုံး ****မြို့ဘက်ပြောင်းရွှေ့လာနေကြတယ်။ ****မြို့သို့ပြောင်းလာသော်လည်း နေထိုင်အိမ်ရှိ၊ အရာရာတိုင်းမှာ ခက်ခက်ခဲခဲနှင့်ရှိနေတယ်။ ****မြို့မှာ ပြောင်းလာခဲ့သော်လည်း ခြံလယ်ယာတွေ မရှိသည့်အတွက် သူများဆီမှာ နေ့စားအလုပ်ဘဲ လုပ်နေရတယ်။ ကျွန်မက ကလေးတွေကို ကျောင်းထောက်ရအုံးမယ်။ ဒါကြောင့် တရုတ်ပြည်သို့ အလုပ်သွားလုပ်ရှာစားနေရတယ်။ ၂၀ နိုဝင်ဘာ ၂၀၁၆ မနက် ၂:၃၀ ကစပြီး ****မြို့မှာ စစ်တိုက်မှုစဖြစ်ပြီ။ ဒေါ် **** က ကျွန်မဆီဖုန်းဆက်လာလို့ သိတယ်။ အဲဒီညဘဲ အိမ်ပြန်လာတော့ ရွာသားအကုန်လုံး တရုတ်ပြည်ဘက် စစ်ရှောင်ထွက်ပြေးကုန်ပြီ။

ကျွန်မပြောတယ် "၂၀ရက် မနက်မှာ စစ်ဖြစ်လာလို့ အဲဒီမနက်မိသားစုအားလုံး မနက်ထမင်း အတူစားပြီးနောက် ယောက္ခထီးက ရွာလည်ထွက်သွားတယ်။ သူက ရွာလည်သွားပြီဆိုရင် အမြဲတန်း လွယ်အိတ်လွယ်သွားနေကြဖြစ်တယ်။ ကျွန်မတို့လည်း ညနေပိုင်း ၂:၀၀ နာရီ ထိစောင့်နေရင်လည်း အိမ်ပြန်မလာလို့ တရုတ်ပြည်ဘက်စစ် ရှောင်သွားလိုက်ပြီ။ ယောက္ခထီးက ဘိန်းစားဆိုတော့ တရုတ်ပြည်ဘက် မသွားရဲဘူးဆိုပြီး သူကျန်နေခဲ့လိုက်တယ်။ ၂၇ ရက်၊ နိုဝင်ဘာလ၊

၂၀၁၆ ခုနှစ်မှာ တရုတ်ပြည် ရေချောင်းဘက်မှာ သူလာသေးတယ်။ ကျွန်မတို့လည်း ****မြို့၏ အခြေအနေသိချင်လို့ အမြဲလိုလို တရုတ်ပြည် ဘက်မှ သွားကြည့်ခဲ့တော့ ရေချောင်းနားမှာ ယောက္ခထီးနှင့် တွေ့ဖြစ်သေးတယ်။ အဲဒီတစ်ခေါက် နောက်ဆုံးတွေ့ခဲ့ရခြင်းဖြစ်တယ်။

၅ ရက်၊ ဒီဇင်ဘာလ၊ ၂၀၁၆ နေ့မှာ ဗမာစစ်သားတွေ ရွာပတ်သွားကြည့်တော့ ရွာမှာတွေ့တဲ့လူကို အကုန်သတ်ပစ်ကြတယ်။ ကျွန်မတို့လည်း ယောက္ခထီးကို မတွေ့လို့ သတ်ပစ်တဲ့ထဲမှာ ပါသွားပြီလား။ ဆိုပြီးတော့တွေးမိတယ်။ စိတ်တော့မကောင်းဘူး ****မြို့မှာကျန်ခဲ့တဲ့ ဘိန်းစားတွေဘဲလေ။ သူတို့က ဘယ်ကိုမှ ထွက်မပြေးကြဘူး။ ရွာမှာသတ်ပစ်လိုက်တဲ့ အလောင်း တွေကို မီးရှို့လိုက်ကြတယ်။

ချွေးမပြောတာက "၁၁ ရက်၊ ဒီဇင်ဘာလ၊ ၂၀၁၆ ခုနှစ် နေ့မှာ အလောင်းမီးရှို့လိုက်တယ်။ ဘိန်းသောက်စားသူများ သေဆုံးတဲ့သူရဲ့ပစ္စည်းတွေကို ချန်ထားပြီး အကြောင်းကြားပေးတာတော့လုပ် ပေးတယ်။ အဲဒီအချိန်မှာ ကျွန်မတို့ ယောက္ခထီး ကို ရှာဖို့ ၁၂ ဒီဇင်ဘာ ၂၀၁၆ ရက်နေ့ ဆင်းလာကြည့်တော့ ယောက္ခထီး အမြဲလွယ်ထားတဲ့ လွယ်အိတ်နှင့် ဖိနပ် ကိုတော့ ဘိန်းစားတွေပြန်ပေးတယ်။ အဲဒါတွေ့မှ သတ်ပစ်ခံရလိုက်ပြီဆိုတာသိပြီ။ အလောင်းမီးရှို့တဲ့ လူပြောပြချက်အရဆိုရင် ယောက်ခထီးက ခေါင်းမရှိတော့ဘူး ဘယ်လက်လည်းမရှိတော့ဘူး ဆိုပြီး လာပြောပြတယ်။ စိတ်မကောင်းတာကလွဲပြီး ဘာမှမတတ်နိုင်ဘူး။ ကျွန်မတို့က အလောင်းမီးရှို့ခဆိုပြီး ဘိန်းစားတွေကို တရုတ်ပိုက်ဆံ (၁၆၀၀) ယွန် ပြန်ပေးရတယ်။ မီးရှို့လိုက်တဲ့ ပြာကိုတော့ ရေပုံးမှာ ထည့်ထားလိုက်တယ်။ စစ်သားတွေ နေ့တိုင်းပတ်သွားနေလို့ ဘယ်ကိုမှ သွားလို့မရခဲ့ဘူး။ နိုင်ငံရေး အခြေအနေလုံးဝ မကောင်းသေးဘူး။ အောက်မေ့ဖွယ် ဆုတောင်းစည်းဝေးလည်း မလုပ်ဖြစ်ဘူး။

အိမ်တစ်အိမ်မှာ ယောက်ျားရှိရင် ယောက်ျားအလုပ်လုပ်နိုင်တယ်။ အခြေအနေကြောင့်ပေါ့။ သူ့အချိန်ရောက်လို့နေမှာပေါ့ ဒီတိုက်ပွဲကြောင့် မသေသင့်တဲ့လူ သေကုန်ပြီ။ အရာရာတိုင်း ပိုခက်ခဲသွားတာက ရွာသားများဘဲ ဖြစ်ကြတယ်။ ခံစားချက်ကတော့ အများကြီးရှိတယ် ဘာမှ မပြောချင်တော့ဘူး။ စစ်တိုက်မှုကြောင့် ဆင်းရဲဒုက္ခပိုများတာ ရွာသားများဘဲဖြစ်တယ်။ အိမ်မရှိ လုပ်ကိုင်စားသောက်ဖို့ နေရာတွေပို ခက်ခဲသွားပြီ။

| | |
|---|---|
| **လူ့အခွင့်အရေးချိုးဖောက်မှု** | **- လက်နက်ကြီးထိမှန်မှု (ဒဏ်ရာရ)** |
| ချိုးဖောက်ခံရသူအမည်(၁) | - မ **** |
| ကျား၊ မ | - မ |
| အသက် | - ၁၂ နှစ် |
| လူမျိုး | - ကချင် |
| ပညာအရည်အချင်း | - ၄ တန်း |
| အလုပ်အကိုင် | - ကျောင်းသူ |
| မိဘအမည် | - ဦး****နှင့်ဒေါ်**** |
| ကိုးကွယ်သည့်ဘာသာ | - ခရစ်ယာန် |
| နေရပ်လိပ်စာ | - မုံးကိုးမြို့၊ မူဆယ်မြို့နယ်၊ ရှမ်းပြည်နယ်။ |
| | |
| ချိုးဖောက်ခံရသူအမည်(၂) | - မ**** |
| ကျား၊ မ | - မ |
| အသက် | - ၈နှစ် |
| လူမျိုး | - ကချင် |
| ကိုးကွယ်သည့်ဘာသာ | - ခရစ်ယာန် |

ပညာအရည်အချင်း -၂ တန်း
အလုပ်အကိုင် - ကျောင်းသား
မိဘအမည် - ဦး****နှင့် ဒေါ်****
နေရပ်လိပ်စာ - ****ရွာ၊ မုံးကိုးမြို့၊ မူဆယ်ခရိုင်၊ ရှမ်း ပြည်နယ်။
အခင်းဖြစ်ပွားသည့်နေ့ - ၂၀ ရက် နိုဝင်ဘာလ၊ ၂၀၁၆ ခုနှစ်။ (နံနက် ၄း၀၀)
အခင်းဖြစ်ပွားသည့်နေရာ - နေအိမ်၊ မုံးကိုးမြို့၊ မူဆယ်မြို့နယ်၊ ရှမ်းပြည်နယ်။
ချိုးဖောက်သူ - တပ်မ (၉၉) မန်ကန်စခန်း

အမှုဖြစ်စဉ်ပြန်လည်ပြောပြသူအမည် - ဒေါ်****
ချိုးဖောက်ခံရသူနှင့်တော်စပ်ပုံ - မိခင်
အသက် - ၅၀ နှစ်
ခင်ပွန်းအမည် - ဦး****
အသက် - ၅၈ နှစ်
အလုပ်အကိုင် - လယ်ယာ၊ လက်ဖက်ခြံ
ကိုးကွယ်သည့်ဘာသာ - ခရစ်ယာန်
မှတ်တမ်းကောက်သည့်နေ့ - ၁၅ ရက်၊ ဒီဇင်ဘာလ၊ ၂၀၁၆ ခုနှစ်
မှတ်တမ်းကောက်သည့်အဖွဲ့အစည်း - KWAT

**အမှုဖြစ်စဉ်**

မန်ကန်ရွာသည် မုံးကိုးမြို့ရဲ့ အနောက်ဘက်မှာရှိပြီး ဆိုင်ကယ်နှင့်ဆိုရင် (၁၅) မိနစ် လောက်သွားရသည်။ လမ်းလျှောက်ရင်တော့ အချိန် (၁) နာရီလောက် လျှောက်ရတယ်။ အိမ်ခြေက (၁၉) အိမ်ရှိတယ်။ အားလုံးကချင်လူမျိုးများဖြစ်တယ်။ ကချင်နှစ်ခြင်းခရစ်ယာန် တွေဘဲလူဦးရေ (၃၀)လောက်ရှိတယ်။ ဘုရားကျောင်းလည်း ရှိတယ်။ အဲဒီမှာဦးဆောင်သူက ဆရာဦး****နှင့် ဆရာဦး****တို့ ဟုတ် တယ်။ အစိုးရမူလတန်းကျောင်းထိရှိတယ်။ ****ရွာသည် အစိုးရအုပ်ချုပ်သည့် နေရာလည်းဖြစ်သည်။ အလုပ်အကိုင်ကတော့ လက်ဖက်ခြံတွေဘဲ လုပ်ကိုင်ကြတယ်။ မန်ကန်ရွာ၏ နောက်ဘက် တောင်ကုန်းမှာ ၂၀၁၃ ခုနှစ်က စပြီး တပ်မ (၉၉) လာချထား တာရှိတယ်။ အရင်ကတော့ စစ်ပွဲဖြစ်တာမရှိခဲ့ဘူး။

၂၀ ရက်၊ နိုဝင်ဘာလ၊ ၂၀၁၆ ခုနှစ် မနက် နံနက် (၂း၃၀) မှာ မုံးကိုးမြို့မှာ သေနတ်သံကြားရတယ်။ မန်ကန်ရွာထိပ်မှာလည်း စစ်တပ်က လက်နက်ကြီး ရမ်းသမ်းပစ်ကြတယ်။ သေနတ်သံကြားလို့ ကျွန်မတို့ မိသားစုတွေက အိမ်နှင့်မီးဖိုချောင်ကြားမှာ ကလေးအားလုံးနဲ့ပုန်းနေစဉ် သေနတ်သံလည်း မငြိမ်နိုင်ဘူး။ ဆက်တိုက်သေနတ်ပစ်နေကြတယ်။ (၄-၅)ကြိမ် သေနတ်ပစ်တဲ့ အခါက်မှာ ကျွန်မတို့ ပုန်းနေတဲ့ နေရာမှာ လက်နတ်ကြီးလာထိတယ်။ အဲဒီချိန်က နံနက် (၄း၀၀) ရှိနေပြီ။ သေနတ်သံက ကြားနေဆဲဘဲ မိုးမလင်းသေးဘူး။ ဘယ်လိုမှ မတတ်နိုင်ဘူး ကလေးတွေက ငိုနေကြတယ်။ ကျွန်မသမီး ****ရဲ့ညာဘက်လက်မှာ သေနတ်ထိမိသွားတယ်။ သမီးက "အမေ ညာဘက်လက်ကျိုးသွားပြီ" ဆိုပြီးငိုနေတယ်။ သားဖြစ်သူ မောင်****လည်း ညာဘက်လက်မှာ သေနတ်ထိ သွားလို့ငိုနေတယ်။ မ****တို့ အဖိုးလည်း ကျွန်မတို့ အိမ်မှာဘဲလာပုန်းနေကြတယ်။

ကျွန်မက ခါးမှာထိသွားတယ်။ ဒါပေမယ့်မပြောရဲဘူး။ အဲဒီမှာ မ****၏လက်မှာလည်း သေနတ်ထိသွားတယ်။ သူ့အဖိုးမှာတော့ ဘယ်ဘက်လက်နှင့်နာခေါင်းမှာ ထိသွားတယ်။ ကျွန်မတို့ အားလုံးမှာ ထိသွားတယ်။ ဘယ်ကိုသွားရမှန်းမသိ မိုးကမလင်းသေးဘူး။ မိုးလင်းတဲ့ထိ အဲလိုဘဲ နေလိုက်ရတယ်။ ကျွန်မက ****ရွာက ဆရာ ဦး****ဆီဖုန်းဆက် ပြောပြလိုက်တယ်။ ဆရာတို့လည်း မိုးမလင်းသေးဘူး။ ဖြစ်သ လိုနေနေအုံးလို့ဘဲ

ပြောလာတယ်။

မိုးလင်းလာတာနှင့် မ****သူ့အဖိုးနှင့် လမ်းလျှောက်ပြီး မုံးကိုးသို့ဆင်းသွားပြီ။ ကျွန်မတို့ သားအမိတွေက ဆရာတို့ကို စောင့်နေတယ်။ ဆရာတို့အမြန်ရောက်မလာလို့ ကျွန်မလေးဘက်ကုန်း သွားပြီး မုံးကိုးလမ်းသို့ ကျွန်မတို့သားအမိ(၃) ယောက်ဆင်းလာခဲ့တယ်။ လာတဲ့အခါလမ်းမှာ အရမ်းခက်ခဲတယ်။ လာခေါ်တဲ့ကားလည်း လမ်းမှာ ဘီးပေါက်သွားလို့ ဆရာတို့က အရင်က အောက်ရွာဟောင်း လွယ်ခမ် ဘုရားကျောင်းမှာမှ ပြန်ဆုံကြတယ်။ ကားနှင့်ပြန်ဆင်းသွားတယ်။ မုံးကိုးပြည်သူ့ဆေးရုံရောက်တော့ ၁၀ နာရီ ရှိပြီ။ အဲမှာဆေးတွေထည့်ပြီး မုံးကိုးရွာသားများ တရုတ်ပြည် ဘက် စစ်ရှောင် သွားကြပြီ။ မန်ဟိုင်းမှာရောက်တော့ ညနေ ၂ နာရီ ရှိပြီ။ အဲမှာခဏနားပြီး ည (၉) နာရီ လောက်မှာ ကားရောက်လာလို့ မန်စီပြည်သူ့ဆေးရုံသို့ပြန်သွား လိုက်တယ်။

၂၁ ရက်၊ နိုဝင်ဘာလ၊ ၂၀၁၆ ခုနှစ် မနက်ပိုင်း ၁း၀၀ နာရီမှာ ဆေးရုံရောက်ပြီး ကောင်းကောင်း ဆေးကုပေးကြတယ်။ ကိုးကန့်က လူတွေလည်းဆေးဖိုးဆိုပြီး ကူညီကြတယ်။ ကျွန်မက ၁ ရက်၊ ဒီဇင်ဘာလ၊ ၂၀၁၆ ခုနှစ်နေ့မှာ ဆေးရုံဆင်းရတယ်။ ကျွန်မ ဆေးကုသစရိတ် တရုတ်ငွေ (၇၄၉၈.၁) ယွမ် ကုန်သွားတယ်။ သမီး****လည်း ၁၃ ရက်၊ ဒီဇင်ဘာလ၊ ၂၀၁၆ ခုနှစ် မှာဆေးရုံဆင်းတယ်။ သူလည်းဆေးကုခ (၁၄၀၀၀) ယွမ် ကုန်သွားတယ်။ သား****က ညာဘက်လက်ပခုံးမှာ ကျည်ဆံစဝင်သွားလို့ ဆေးရုံရောက်ရင်လည်း ကျည်ဆံစကထုတ်မရဘူး။ ဇန္နဝါရီလ ၂၀၁၇ ခုနှစ်မှ မန်စီဆေးရုံကို ပြန်သွားရမယ်လို့ မှာလိုက်တယ်။ သူရဲ့ဆေးကုခက (၇၄၁၃.၂၂) ယွမ် ကုန်သွားတယ်။ ၈ရက်၊ ဒီဇင်ဘာလ၊ ၂၀၁၆ ခုနှစ်မှာ သူဆေးရုံကဆင်းပြီ။

ဒီလိုစစ်တိုက်လို့ ကျွန်မတို့ရွာသားတွေဘဲ ဒုက္ခရောက်တယ်။ ဒီလိုဒဏ်ရာရလို့ဘယ်သူမှ လာကြည့်ပေးတာ မဟုတ်ဘူး။ ကျွန်မတို့သားအမိ (၃) ယောက်ထိသွားလို့ ပိုပြီးခက်ခဲသွားပြီ။ ကျွန်မတို့ သူငယ်ချင်းတွေလည်း စစ်တိုက်မှုကြောင့် အိမ်တွေလည်းမရှိတော့ဘူး။ အသက်ဆုံးရှုံးသွားတဲ့ လူလည်းရှိတယ်။ ပစ္စည်းတွေဘာမှမရှိတော့ဘူး။ ဘာမှယူမသွားရဘူး။ ငြိမ်းချမ်းသွားရင်တော့ ဘာမှမပြောချင်ဘူး။ အခုတော့အရမ်းဝမ်းနည်းတယ်။ တက္ကသိုလ်ကျောင်းသားလည်း ကျောင်းထားရအုံးမယ်။ စစ်ဖြစ်လို့လုပ်ငန်းတွေလည်း အရမ်းခက်ခဲသွားပြီ။ ပိုပြီးတော့ ကချင်လူမျိုးတွေဆိုရင် ပိုခက်ခဲတယ်။ ဘာဖြစ်လို့လဲဆိုတော့ ဗမာစစ်သားတွေက ရွာသားတွေကိုစစ်သား မဟုတ်ရင်လည်း KIA စစ်သား ဆိုပြီး ခြိမ်းခြောက်ကြတယ်။ အရမ်းအဖြစ်များတယ်။ ကျွန်မအမြင်ကတော့ ဒီစစ်မဖြစ်ရင်အရမ်းကောင်းမှာဘဲ။ ဖြစ်လည်းမဖြစ်ချင်ဘူး။ ရွာသားတွေဘဲဒုက္ခရောက်တယ်။

**လူ့အခွင့်အရေးချိုးဖောက်မှု** **- ညှင်းပန်းနှိပ်စက်မှု**

| | |
|---|---|
| ချိုးဖောက်ခံရသူအမည် | - ဦး**** |
| ကျား၊ မ | - ကျား |
| အသက် | - ၅၁ နှစ် |
| လူမျိုး | - ကချင်(လော်ဝေါ်) |
| ကိုးကွယ်သည့်ဘာသာ | - ခရစ်ယာန် |
| အိမ်ထောင်ရှိ၊ မရှိ | - ရှိ |
| နေရပ်လိပ်စာ | - ****ရက်ကွက်၊ မုံးကိုးမြို့နယ်၊ ရှမ်းပြည်နယ်။ |
| အခင်းဖြစ်ပွားသည့်နေ့ | - ၂၆ ရက်၊ နိုဝင်ဘာလ၊ ၂၀၁၆ ခုနှစ်။ |
| ချိုးဖောက်သူ | - တပ်မ ( ၉၉)၊ ( ၈၈)၊ (၁၁) |
| | |
| အမှုစဉ်ပြန်လည်ပြောပြသူအမည် | - ချိုးဖောက်ခံရသူကိုယ်တိုင် |
| မှတ်တမ်းကောက်သည့်အဖွဲ့အစည်း | - KWAT |

**အမှုဖြစ်စဉ်**

မုံးကိုးမြို့သည် တရုတ်နယ်စပ်မှာဖြစ်ပြီး မြို့ကြီးလည်းဖြစ်သည်။ ရပ်ကွက် (၆)ခု ခွဲထားသည်။ အိမ်ခြေအားလုံးစုစုပေါင်း (၁၀၀၀၀) ကျော် ရှိတယ်။ ရှမ်း၊ ပလောင်၊ ဗမာ၊ တရုတ်၊ လီဆူ၊ ကချင်လူမျိုးများ နေထိုင်ကြသည်။ ကိုးကွယ်သည့်ကြသည့် ဘာသာမှာ နစ်ခြင်း၊ ကက်သလစ်၊ နတ်ကိုးကွယ်၊ ဗုဒ္ဓဘာသာများဖြစ်ကြသည်။ တရုတ်ပြည်နှင့်နီးသည့်အတွက် စီးပွားရေးအမျိုးမျိုးနှင့် လယ်ယာ၊ ကြံ၊ ပြောင်းများလုပ်ကိုင်ကြသည်။ မုံးကိုးမြို့တွင် တရုတ်လူမျိုးပိုများသည့်အတွက် ဈေးကွက်လည်း အဆင်ပြေတယ်။ နေ့တိုင်းလိုလို ဈေးရှိတယ်။ (၅) ရက်တစ်ဈေးတွေကတော့ ရွာဘက်မှာဘဲရှိတယ်။ တရုတ်ပညာရေးကျောင်းနှင့် အစိုးရအထက်တန်းကျောင်း ထိရှိတယ်။ ပြည့်သူဆေးရုံလည်းရှိတယ်။ မုံးကိုးမြို့ ****ရပ်ကွက်မှာ အစိုးရစစ်တပ်ဗျူဟာမှူး ထိုင်တယ်။ ကွတ်ခိုင်ပြည်သူ့စစ်၊ မုံးကိုးပြည်သူ့စစ်နှင့် တခြားလက်နက်ကိုင်အဖွဲ့အစည်းများလည်း ရှိတယ်။ မုံးကိုးမြို့သည် အစိုးရအုပ်ချုပ်သည့်နယ်မြေဖြစ်သည်။

အရင်ကတော့ကျွန်တော်တို့ ****ရွာမှာနေထိုင်တယ်။ ၂၀၁၁ ခုနှစ်မှာ စစ်ဖြစ်လာလို့ မုံးကိုးမြို့ ****ရပ်ကွက်သို့ပြောင်းလာကြသည်။ ကျွန်တော်က ၁၉ ရက်၊ နိုဝင်ဘာလ၊ ၂၀၁၆ ခုနှစ်နေ့မှာ မုံးကိုးမြို့ ****ရပ်ကွက်က ဦး****နှင့် ဒေါ်****၏သမီး မ****ရဲ့ သတို့သမီးအပ်နှင်းမင်္ဂလာပွဲမှာ သွားကူညီနေတယ်။ ၂၀ ရက်၊ နိုဝင်ဘာလ၊ ၂၀၁၆ ခုနှစ် မနက်ပိုင်း ၂း၃၀ မှာ မုံးကိုးမြို့မှာ စစ်တိုက်မှုဖြစ်လာလို့ ရွာသားတစ်ချို့က သူတို့ သမီးအပ်နှင်းပွဲလုပ်တဲ့အိမ်မှာ ပုန်းနေလိုက်ကြတယ်။ မနက် ၆း၀၀ နာရီ ချိန်ခန့်လောက်မှာ အစိုးရစစ်တပ်တပ်မ (၉၉၊ ၈၈၊ ၁၁) အဖွဲ့က အယောက် (၂၀) လောက် ရောက်လာကြတယ်။ အဲဒီမှာ ကျွန်တော်တို့က အယောက် (၁၀၀) ကျော်လောက်ရှိတယ်။ အားလုံးကို သေနတ်နှင့်ချိန်ပြီး လက်မြှောက်ခေါင်းငုံ့ခိုင်းတယ်။ အစိုးရစစ်သားတွေပြောတာက "နင်တို့အားလုံး၊ ငါတို့နောက်လိုက်ခဲ့ကြ ဒီမှာဘဲရှိနေရင် အကုန်လုံးသေသွားလိမ့်မယ် လုံခြုံတဲ့နေရာမှာ နင်တို့ကိုခေါ်လာဖို့ဖြစ်တယ်" ဆိုပြီးအားလုံးကို မုံးကိုးမြို့၊ အစိုးရစစ်တပ်ဗျူဟာမှူးရှိတဲ့နေရာသို့ ခေါ်သွားကြတယ်။

အိမ်ကဇနီးနှင့် သမီးတို့ကို ညနေပိုင်း (၃း၀၀)နာရီလောက်မှာ ပြန်လွတ်ပေးခဲ့ပါတယ်။ လူအယောက် (၁၀၀) ကျော်ကနေ တစ်ချို့ကိုတော့ပြန်လွတ်ပေးလိုက်ပြီး (၈၄) ယောက်ကိုချန်ထားခဲ့တယ်။ အဲဒီအဖွဲ့ မှာပါဝင်သူအများစုက တရုတ်နှင့် လီဆူလူမျိုးတွေ ဖြစ်ကြတယ်။ ၂၁ ရက်၊ နိုဝင်ဘာလ၊ ၂၀၁၆ ရက်နေ့က တရုတ် လူမျိုး (၆) ယောက်ကို တရုတ်အစိုးရတွေ ပြန်လာထုတ်ယူကြတယ်။ ကျန်တဲ့ (၆၀) မှ (၂) ယောက်က အဲဒီနေရာမှာ သေသွားတယ်။ လွတ်လာတဲ့နေ့ထိတော့ အယောက် (၅၈) ဖြစ်တယ်။

မုံးကိုးစစ်တပ်ကို သံကြိုးဖြင့်သုံးဆင့် ပိတ်ထားတဲ့ကြိုးနှင့် တစ်လံနစ်လံလောက်ဝေးတဲ့ နေရာမြက်ခင်းမှာ ကျွန်တော်တို့ကို နေခိုင်းထားတယ်။ ကျွန်တော်တို့နောက်မှာက စစ်သားတွေကျင်းတူးထားတဲ့ ခြံဝင်းမှာ စစ်သားတွေရှိတယ်။ အဲဒီဝင်းမှာ ဘယ်သူမှဝင်လို့မရပါဘူး။ အချိန်ပြည့်ကျွန်တော်တို့ကို စောင့်ကြည့်နေကြတယ်။ ညဆိုလည်း အဲဒီလိုဘဲ မြက်ခင်းပေါ်မှာဘဲ အိပ်ခိုင်းတယ်။ ထမင်းတော့ သူတို့သမီးအပ်နှင်းပွဲ လုပ်တဲ့ အိမ်ကစားရတယ်။

(၄) ရက်မြောက်ဆိုတဲ့နေ့မှာ ထမင်း မရှိတော့ဘူး။ အစိုးရစစ်တပ်မှာလည်း စားစရာမရှိတော့လို့ စားသောက်စရာရှာဖို့အတွက် ကျွန်တော်တို့ကိုစောင့်ကြည့်နေတဲ့ စစ်သားတွေနှင့်အတူ ရွာထဲမှာ စစ်တိုက်မှုကြောင့် ရွာသားတွေ စစ်ရှောင်သွားကြပြီး လူမရှိတဲ့အိမ်မှာ စားသောက်စရာတွေ သွားယူပေးဖို့ စစ်သား (၁၀) ယောက်က ဆန်၊ စောင်တွေကိုယူလာကြတယ်။ စစ်သားတွေယူလာတဲ့ဆန်တွေကို လူခွဲပြီး ချက်စားကြတယ်။ ဖြစ်သလိုကျော်ဖြတ်လာခဲ့တယ်။ အဲဒီချိန်မှာ စစ်ပွဲကဖြစ်နေဆဲပါ။

အဲဒီနောက် (၂၇) ရက်၊ နိုဝင်ဘာလ၊ ၂၀၁၆ ခုနှစ် မနက် (၇း၀၀) နာရီ လောက်မှာ ကျွန်တော်အိမ်သာ

သွားပြီးအပြန်မှာ ချောင်းဆိုးချင်လို့ချောင်းဆိုးလိုက်တာနဲ့ သေနတ်သံ ကြားလိုက်တယ်။ အဲဒါကိုတာဂန်ကျ အစောင့်က ကျွန်တော်ကိုသတင်းပို့သူဟုတ်တယ် ဆိုပြီးစွပ်စွဲပြီး သူတို့ရဲ့သေနတ်(Auto)နှင့် ရမ်းပစ်လိုက်လို့ ကျွန်တော်ရဲ့ဘယ်ဘက်လက်မောင်းမှာ ကျည်ဆံထိသွားပြီး သွေးအများကြီးထွက်တော့ အစိုးရဆေးတပ်သား ကိုခေါ်တယ် ဒါပေမယ့် အမြန်ရောက်မလာဘူး။ အဲဒီချိန်မှာစစ်ပွဲလည်းမဖြစ်ဘူး။ တစ်ညလုံးလက်ကိုအကျီနှင့် ချည်ထားပြီး အောင့်နေရတယ်။ သွေးအရမ်းထွက်သွားလို့ ခေါင်းတောင်မူးသွားတယ်။ ဆေးဆရာကို ပြန်ခေါ် တော့လည်း အရေးတောင်မယူပေးဘူး။ နောက်နေ့မနက် (၁၀း၀၀) နာရီမှ စစ်သားနှစ်ယောက် ရောက်လာပြီး ကျွန်တော်ကိုအရက်ဘူးသေး(၂)ဘူး သောက်ခိုင်းတယ်။ ကျွန်တော်မသောက်နိုင်တော့ဘူး ဆိုရင်လည်း ပါးစပ် မှာသွန်ထည့်ပေးတယ်။ အဲလိုထည့်ပေးရင်းကနေကျွန်တော်လည်း အရက်မူးပြီးအိပ်ပျော်သွားတယ် သတိမရ တော့ဘူး။ ကျွန်တော်ပြန်သတိရလာတော့ ကျွန်တော့်လက်မရှိတော့ဘူး။ ကျွန်တော့်လက်တစ်ဖက် ဖြတ်လိုက် ကြပြီ။ ချုပ်လည်းချုပ်ပြီးပြီ။

စစ်ပွဲလည်းတစ်နေ့ပြီး တစ်နေ့ပိုဆိုးတယ်။ ကျွန်တော်တို့ရွာသားတွေက သူတို့ရဲ့အကာအကွယ်ခံ(ဒိုင်း) ဖစ်နေရတယ်။ ကျွန်တော်တို့ကိုဒီလိုခေါ်သွားပြီး အားလုံးကိုကတုတ်ကျင်း တစ်နေရာမှာဘဲ နေခိုင်းထားတယ်။ ကျွန်တော်တို့ကိုမြှုပ်လိုက်ဖို့အတွက်လားဆိုပြီး တွေးမိတယ်။ ဘာပဲဖြစ်ဖြစ် အစိုးရစစ်သားတွေရဲ့ လက်ထဲမှာ တော့မသေချင်ဘူး။ ပြည်သူလူထုကို အကာအကွယ်လုပ်တယ် အသက်လုံခြုံမှုမရှိဘူး။ အခုစစ်တပ်က အရင်က ဂျပန် ခေတ်ထက် ပိုဆိုးနေတယ်။ စစ်ကြောင့်ကျွန်တော့်လက်တစ်ဖက်မရှိတော့ဘူး။ ဘာကြောင့် ဒီလိုဖြစ်ရတာလည်း အရမ်းစိတ်ဝမ်းနည်းကြေကွဲရတယ်။ လွတ်လပ်ရေးရရင် အရမ်းကောင်းမှာဘဲလို့ တွေးမိတယ်။

၁ ရက်၊ ဒီဇင်ဘာလ၊ ၂၀၁၆ရက်နေ့မှာ သူတို့စစ်သားတွေပစ်လိုက်တဲ့ လက်ပစ်မိုင်းက ကျွန်တော်တို့ ရှေ့နံရံမှာ လာထိလို့ပေါက်သွားတယ်။ အဲမှာပုန်းနေတဲ့လူ (၂၀) ကျော်မှာ (၂) ယောက်ကို ထိသွားလို့ သေသွားပြီ။ ကျွန်တော်လည်း လက်နာသော်လည်း ပုန်းနေရတယ်။ ထမင်းကလည်း (၂)ရက်မှ တစ်ကြိမ်ဘဲ စားရတယ်။ ကျွန်တော်တို့ပုန်းနေချိန်မှာ မုံးကိုးမြို့မှာ လေယာဉ်နှင့်ဗုံး တွေလာချနေပြီ။ လေယာဉ်နှင့်ဗုံးစစ်ပွဲ လည်းဖြစ်နေချိန်အဲဒီကနေ ထွက်လာရတယ်။ မနက်ပိုင်း(၁၁)နာရီခန့် ကျွန်တော်တို့ (၅၈) ယောက်ထွက်ပြေး လာတဲ့အချိန်မှာ စစ်သားတွေလိုက်ပစ်ကြသေးတယ်။ ကျွန်တော်လွတ်ရင်ရပြီဆိုပြီး ပြေးလာရတယ်။ ကျွန်တော် တို့က စစ်တပ်မှာ (၁၅) ရက် တိတိနေခဲ့လိုက်ရတယ်။ ရှမ်းလူမျိုး (၄) ယောက်က အခြားနေရာသို့ ထွက်ပြေးသွားတယ်။ ကျွန်တော်တို့ (၅၄) ယောက်က တရုတ်ပြည်သို့ရောက်အောင် ပြေးခဲ့တယ်။ ကိုးကန့်စစ်သားတွေ ကျွန်တော်လက်ကို ဆေးထည့်ပေးပါတယ်။ တရုတ်ပြည်မန်ဟိုင်းမှာရောက်တော့ ညနေပိုင်း (၁း၀၀) နာရီ ရှိနေပြီ။ နိုပ်စက်တာတော့မရှိဘူး။ အစိုးရစစ်သားတွေကြည့်မရတဲ့ လူကိုတော့ ဝါးခြမ်းပြားနှင့် ရိုက်တာတော့ရှိတယ်။

ကျွန်တော်ကိုတော့ တရုတ်ပြည်ရောက်တာနဲ့ တစ်ခါတည်း မန်စီပြည်သူ့ဆေးရုံသို့ ဆေးကုရန်ပို့လိုက် တယ်။ မန်စီဆေးရုံမှာ (၁၂)ရက် ဆေးရုံတက်လိုက်ရတယ်။ ၁၅ ရက်၊ ဒီဇင်ဘာလ၊ ၂၀၁၆ ခုနှစ်မှာ ဆေးရုံကဆင်းတယ်။ ဆေးကုစရိတ်က တရုတ်ငွေ (၇၈၀၀) ယွမ် ကုန်သွားတယ်။ ဆေးကုသစရိတ်ကိုတော့ တရုတ်ပြည်က ကူညီအထောက်ပံ့အဖွဲ့၊ KIA အဖွဲ့၊ ပန်းဆိုင်း(ကြူကုတ်)မြို့က တရုတ်သူဌေးတွေ ကူညီပေးတယ်။ ဆေးရုံတက်ပြီးဆင်းလာရင်လည်း အိမ်မှာသွားနေလို့မရသေးလို့ တရုတ်ပြည်မှာဘဲသွား နေဖြစ်တယ်။

## မန်တုန်မြို့နယ်၊ ရှမ်းပြည်နယ်။ (မြောက်)

## လူ့အခွင့်အရေးချိုးဖောက်မှု - ညှင်းပမ်းနှိပ်စက်မှု

ချိုးဖောက်ခံရသူအမည် - ဦး****
ကျား၊ မ - ကျား

| | |
|---|---|
| အသက် | - (၆၁) နှစ် |
| လူမျိုး | - ကချင် |
| ကိုးကွယ်သည့်ဘာသာ | - ခရစ်ယာန် |
| ပညာအရည်အချင်း | - (၆) တန်း |
| အလုပ်အကိုင် | - တောင်သူ |
| အိမ်ထောင်ရှိ၊ မရှိ | - ရှိ |
| ဇနီးအမည် | - ဒေါ်**** |
| အသက် | - (၅၇) နှစ် |
| သားသမီး | - ကျား (၁) |
| မိသားစု | - (၅) ယောက် |
| နေရပ်လိပ်စာယခု | - ****၊ မန်တုံမြို့နယ်၊ ရှမ်းပြည်နယ်။ |
| အခင်းဖြစ်ပွားသည့်နေရာ | - မန်တုံမြို့နယ်၊ ရှမ်းပြည်နယ်။ |
| အခင်းဖြစ်ပွားသည့်နေ့ | - ၉ ရက်၊ ဩဂုတ်လ၊ ၂၀၁၇ ခုနှစ် |
| ချိုးဖောက်သူ | - တပ်မ(၇၇) |

| | |
|---|---|
| အမှုစဉ်ပြန်လည်ပြောပြသူအမည် | - ချိုးဖောက်ခံရသူကိုယ်တိုင် |
| မှတ်တမ်းကောက်သည့်နေ့ | - ၇ ရက်၊ ဖေဖော်ဝါရီလ၊ ၂၀၁၈ ခုနှစ်။ |
| မှတ်တမ်းကောက်သည့်အဖွဲ့အစည်း | - KWAT |

**အမှုဖြစ်စဉ်**

****အုပ်စု၊ ****ရွာသည် မန်တုံမြို့နှင့် (၁၈) မိုင်ခန့် ဝေးသည်။ စစ်ပွဲမဖြစ်ခင်တုန်းက ရွာမှာအိမ်ခြေ (၄၀) ကျော် ရှိခဲ့တယ်။ စစ်ပွဲဖြစ်ပြီးနောက်တချို့က လားရှိုးဘက်၊ တစ်ချို့ကမြစ်ကြီးနား၊ ဖားကန့်ဘက်ကို ပြောင်းရွှေ့သွားခဲ့ကြတယ်။ ဦး****(ချိုးဖောက်ခံရသူ)သည် ၁ ရက်နေ့၊ ဧပြီလ၊ ၂၀၁၂ ခုနှစ်တွင် ****စစ်ရှောင်စခန်းသို့ ရောက်ရှိခဲ့ကာ မန်တုံစစ်ရှောင်စခန်းတွင် မီးတင်းနေထိုင်နေပါတယ်။ မိသားစု (၅)ယောက် ရှိပြီး သမီးတစ်ယောက်ရှိတယ်။ ဒီအမှုဖြစ်စဉ်က ၉ရက်နေ့ ဩဂုတ်လ ၂၀၁၇ ခုနှစ် မှာဖြစ်ခဲ့တယ်။ ဦး****က လက်ဖက်စက်ရုံသူဌေးရဲ့ယောက်ဖဖြစ်တယ်။ သူဌေးမရှိတဲ့ချိန်သူကပဲ ကျွန်တော့်ကိုလာတွေ့နေကြ ဖြစ်တော့ အဲဒီမနက်စောစောသူကစက်ရုံကိုလာခဲ့တယ်။

အဲဒီမနက်မှာ စစ်ရှောင်စခန်းကလူငယ်တွေကလည်း ဟင်းချက်ရောင်းကာ ရံပုံငွေရှာမည်ဖြစ်သောကြောင့် လာခေါ်တော့ ကျွန်တော်လိုက်သွားခဲ့တယ်။ သူ့ဆီကို သူ့သူငယ်ချင်း လီဆူ ကောင်လေးတွေ လာလည်သဖြင့် သူတို့နှင့်အတူရှိနေစဉ် မနက် ၁၁း၃၀နာရီခန့် လောက်တွင် မြန်မာအစိုးရစစ်သားများရောက် ရှိလာခဲ့ပြီး သူတို့ (၄)ဦးကို ဖမ်းဆီးချုပ်ချည်နှောင်ကာ ရိုက်နှက်ကြတယ်တဲ့။ ကျွန်တော်က ညနေ ၄း၃၀ နာရီမှာ စက်ရုံသို့ရောက်သွားချိန် စစ်ကြောင်းတွေရှိနေတာတွေ့ခဲ့တယ်။ ကျွန်တော်က ဦး****လည်းရှိနေတော့ လိုအပ်တာကိုသူပြောနှင့်ပြီ အထင်နှင့်ဆက်လက်ပြီး လာခဲ့တယ်။ အနားရောက်တော့မှ စစ်သားတစ်ဦးက ကျွန်တော့်ကို "ခင်ဗျားဘာလာလုပ်သလဲ"လို့ မေးတယ်။ ကျွန်တော်လည်း "ဒီကအစောင့်ဖြစ်ပါတယ်" လို့ပြောတော့ "အော် မင်းကိုစောင့်နေတာ" ဟုဆိုကာတပ်ကြပ်တစ်ယောက်ကိုခေါ်ပြီး စစ်ဆေးဖို့ရန် အနောက်ဘက်မှာ သွားစစ်ဖို့ပြောတယ်။ အိမ်ကကြီးတော့ကျွန်တော့်ကို အိမ်၏အနောက်ဘက် ဘယ်သူမှမရှိတဲ့နေရာသို့ ခေါ်သွားပြီးကြိုးနှင့် ချည်ကာတခါတည်း ရိုက်နှက်ပါတော့တယ်။ ကျွန်တော့်ကိုစစ်ဆေးမေးမြန်းတာက  မန်မာအစိုးရ စစ်တပ်၊ တပ်မ (၇၇) တွေဖြစ်တယ်။ ထိုနေ့သူတို့အားလုံး စစ်သားအင်အား (၆၀) လောက်ရှိတယ်။ သူတို့က ****လမ်း ဘက်ကနေဆင်းလာပြီး

လက်ဖက်စက်ရုံဟောင်းတွင် လာရောက်ရှာဖွေမွှေနှောက်ကြသည်။

ကျွန်တော်က(ပလောင်ရွာဟောင်း)ရွာမှာရှိတဲ့ လက်ဖက်စက်ရုံဟောင်း တစ်ခုမှာ အစောင့် အလုပ်လုပ်ပါတယ်။ ခုတော့သူဌေးတွေက သစ်လုပ်ငန်းကိုပြန်ပြောင်းလုပ်တော့ စက်ရုံမှာသစ်ကားတွေ ထားကြတယ်။ မန်တုံမြို့တွင်းမှာပါဘဲ။ ခုတော့သစ်တွေထားသော်လည်း အားလုံးအမြင်ကတော့ လက်ဖက်စက်ရုံလို့သာ ထင်ကြပါတယ်။ ကျွန်တော် အဲဒီမှာအစောင့်အလုပ်လုပ် တာတစ်လတောင် မရှိ သေးဘူး။ အရင်ကဦး****ကို လက်ဖက်စက်ရုံအစောင့်အဖြစ် ထားရှိရာမှ သူ၏ အမျိုးသမီး နေမကောင်းသောကြောင့် သူကကျွန်တော့်ကို သူ့နေရာမှာခေတ္တစောင့်ခိုင်းခြင်းသာဖြစ် သည်။ ကျွန်တော် လက်ဖက်စက်ရုံမှာ အလုပ်ဝင်တာ တစ်ပတ်ကျော်၊ (၁၀)ရက် လောက်သာရှိသေးတယ်။ လုပ်ခလစာ ဘယ်လောက်ပေးမည်ကိုပင် မပြောဖြစ်သေးပါ။ အသိဆွေမျိုးလည်းဖြစ်နေတော့ စောင့်ကူတဲ့ သဘောပါ။

အဲဒီမှာ ကျွန်တော့်ကိုကြိုးချည်ပြီးနောက် အဲဒီနားမှာမီးဖို တစ်ခုရှိတယ်။ အဲဒီမီးဖိုကိုပြပြီး "ခင်ဗျားဒီ မီးဖိုနားမှာ အိပ်တယ်မလား" ဆိုပြီးအရင်ဦးဆုံးမေးတယ်။ ကျွန်တော်က "ဟုတ်တယ်" လို့ပြောတော့ အဲဒီ တပ်ကြပ်က "ခင်ဗျားအိပ်ယာပေါ်မှာ စကားပြောစက် တစ်ခုတွေ့တယ် အဲဒါခင်ဗျား သုံးတာလား" လို့မေး တယ်။ ကျွန်တော်က "မသုံးဘူး၊ ဘယ်သူမှမသုံးဘူး။ ကျွန်တော်တို့အဖိုးကြီးတွေ ဒါမျိုးမသုံးတတ်ဘူး" လို့ပြောတော့ "ခင်ဗျားလိမ်တယ်" ဟုဆိုကာပြန်ရိုက်နှက်ခဲ့တယ်။ အဲဒီ တပ်ကြပ်ကြီးက "ခင်ဗျားမ သုံးရင်သုံးတဲ့သူ ဘယ်သူလဲပြောပြပါ" လို့ပြန်ပြောလာတယ်။ ကျွန်တော်က "ဘယ်သူမှသုံးတာ မတွေ့ဖူးဘူး။ ကျွန်တော်ဒီမှာ လာစောင့်တာလည်း တစ်ပတ်လောက်ဘဲရှိသေး တယ်။ ဒီမှာအရင်တုန်းကရှိတဲ့ ကားဆရာ တွေများသုံးကြလား" လို့ပြန်ဖြေခဲ့တော့ ညာတယ်ဆိုကာ ပြန်လည်ရိုက်နှက်ခဲ့ကြသည်။ ကျွန်တော့် လွယ်အိတ်ထဲမှာ ဓာတ်ကြိုးစတစ်တောင်လောက်ရှိ တဲ့ကြိုးစရယ်၊ ညဘက်မှာ ရေဒီယိုနားထောင် ရင်သုံးတဲ့ သုံးပြီးသား ဓါတ်ခဲတစ်စုံထည့်ထားတော့ မြန်မာစစ်သားတွေက ကျွန်တော့်ကို "ခင်ဗျားမိုင်းဆရာ ဟုတ်တယ် သူတို့ကိုလမ်းမှာဗုံးထောင်တာလဲ ခင်ဗျားဟုတ်တယ်" ဆိုပြီးစွပ်စွဲတယ်။ စွပ်စွဲရတဲ့အကြောင်းရင်းက လွန်ခဲ့သော (၅)ရက်နေ့မှာ ပလောင်စစ်သားတွေက မြန်မာအစိုးရစစ်တပ်ကားကို မိုင်းထောင် ဖောက်ခွဲပစ်ခဲ့သော အဖြစ်အပျက်ကို ကျွန်တော်တို့ဆီ (၉)ရက်နေ့မှာ လာရောက်စစ်ဆေး မေးမြန်းရိုက် နှက်နှိပ်စက်ခဲ့ခြင်း ဖြစ်သည်။

အဲဒီ တလောတုန်းက မန်တုံတစ်မြို့လုံးတစ်အိမ်မကျန် လိုက်လံရှာဖွေခဲ့ကြတယ်။ စစ်ရှောင်စခန်း တွေမှာလည်း ရှာဖွေခဲ့ကြတယ်။ သေတ္တာတွေရှိရင်လည်း အတင်းဖွင့်ခိုင်းခဲ့ကြတယ်။ ကျွန်တော် ကသူတို့ ပြောတာမဟုတ်ကြောင်းငြင်းဆိုတော့ "ဘာလို့မဟုတ်ရမှာလဲ ခင်ဗျားက ခေါင်းမာတယ်" ဆိုပြီး ပြန်လည် ရိုက်နှက်ကြသည်။ ခါးမှာပစ်ချထားတဲ့ သူ့သေနတ်ကို ဆွဲယူလိုက်ကာကြိုးနှင့် ကျွန်တော့်လက်ကို ပစ်လှဲချကာ ချည်လိုက်ချိန်မှာ ကြိုးက ပြန်တိုနေတော့ သေနတ်ဖြင့် လက်ကို ရိုက်ချိုးပေးခဲ့သည်။ ကျွန်တော့်ကို အရှေ့ဘက်ကနေ ရိုက်နှက်တယ်။ သူကဘယ်ဘက်ကနေ ရိုက်လိုက် တော့ ဘယ်ဘက်လက်မောင်းကိုထိသွားခဲ့တယ်။ ကိုယ်ခန္ဓာကိုတော့ ထိခိုက်ခြင်းမရှိခဲ့ဘူး။ လက်မောင်းမှာထိလို့ လက်မောင်းလည်း ကျိုးသွားတယ်။ အဲဒီနောက် နာရီဝက်လောက်အဆက် မပြတ်ရိုက်နှက်တော့တာပဲ။ စကားတစ်ခွန်းပြောရင် တစ်ချက်နိုင်လွန်ကြိုးနှင့် ရိုက်တယ်။ အဲဒီကြိုးနှင့်ပဲ သူတို့ဖမ်းထား တဲ့သူတွေ အကုန်လုံးကို ချည်ထားခဲ့တယ်။ ကြိုးစတစ်စဖြင့်ကျွန်တော့်ကိုချည်တယ်။ အခြားကြိုးစကိုတော့ခေါက်ပြီး ကျွန်တော့်ကိုအဆက်မပြတ် ရိုက်နှက်ပါတယ်။ တစ်ဘက်ကနေကန်လိုက် အခြား တစ်ဖက်မှပြန်ကန်လိုက်နှင့် ကျွန်တော့်ခန္ဓာတစ်ကိုယ်လုံးလည်း ညိုမဲကုန်တယ်။ မျက်နှာမှာလည်း ကန်ထားသောကြောင့် သွားတွေတောင် နဲ့ကုန်တယ်။ ကျွန်တော့်ကို အရှေ့ဘက်၊ အနောက် ဘက်မှလည်း ဆောင့်ကန်ကြတယ်။ ရင်ဘတ်၊ ကျောပြင်ကိုလည်း ထိတယ်။ ဘယ်နှစ်ချက် ဆိုတာကိုတောင် မသိနိုင်တော့ဘူး။ ပါးကိုလည်း ဘယ်ပြန်ညာပြန်ရိုက်တော့ နားတွေတောင် အူသွားပြီး သူတို့ပြောတာတောင် မကြားနိုင်တော့ဘူး။ အဲဒီလိုမျိုးအဆက်မပြတ် နှိပ်စက်ကြတယ်။ အဲဒီ နောက်ပွိုင့် (၂၂)လေ သေနတ်လည်း ရှာတွေ့ခဲ့တယ်။ စကားပြောစက်လည်း ရှာတွေ့ခဲ့တယ်၊ လို့ပြောပြီး ကျွန်တော့်ရှေ့မှာပဲ အဲဒါပစ္စည်းတွေချ၊ ကျည် (၃-၄)တောင့်ကို ချထားကာ "ဒါတွေဘယ်သူ သုံးသလဲ" ဆိုပြီးမေးခဲ့တယ်။ ကျွန်တော်က မသိလို့ မသိဘူးပြောတယ်။ မသုံးတာကို မသုံးဘူး လို့မပြောရင် သုံးပါတယ် သိပါတယ်လို့မှ ပြောလို့မှမရတာ။ ကျွန်တော်ငြင်းတော့ ခေါင်းမာတယ်ပြော၊ စကားတစ်ခွန်း ပြောရင်လည်း ခင်ဗျားခေါင်းမာတယ်

ပြောကာနိုင်လွှန်ကြိုးနှင့် အဆက်မပြက်ရိုက်တယ်။ မျက်နှာလည်း ညိုမဲကုန်တယ်၊ ကျွန်တော်ရှောင်တာမြန်လို့ မဟုတ်ရင် မျက်လုံးတောင်ကန်းသွားနိုင်တယ်။ စစ်သားတွေရိုက်တာ ကျွန်တော်တစ်ချက်ချက် ရှောင်လိုက်ဖြင့် ကျွန်တော့်ကို စစ်ဆေးမေးမြန်းတာ တစ်နာရီ ကျော်လောက်ကြာတော့ မျက်စိပိတ်ပေးလိုက်တယ်။ ထို့နောက် ကျွန်တော့်ကိုကုန်းဘက်ရှိ ကားလမ်းမသို့ ခေါ်တက်သွားတယ်။ အားလုံးကိုပိတ်စဖြင့် မျက်စိပိတ်ပေးတယ်။ လုံချည်အနီစဖြင့် ချည်ကာ စစ်သားတစ်ယောက်က ကိုင်လျက် ဒီဘက်သွား၊ ဟိုဘက်သွား၊ တက်၊ အစရှိသဖြင့် အမိန့်ပေးကာ ခေါ်တက်သွားတယ်။ အတော်ကြာတော့ကုန်းဘက်ရှိ ကားလမ်းမပေါ် ရောက်သွားခဲ့တယ်။ ကျွန်တော်က ဘယ်ခေါ်သွားကြတာတောင်မသိဘူး။ သူတို့ စကားပြောစက်ကနေ လယ်ကွင်းဘက်လို့ ပြောသံကြားရတော့ ကျွန်တော့်ကို ဒီညအဲဒီမှာသတ်ပစ်တော့မယ်လို့ထင်ခဲ့မိတယ်။ အဲဒီအချိန်တုန်းက တခြားသူတွေကိုလည်း ဖမ်းချည်ထားကြောင်းကို စစ်သားတွေနှင့်ရောနှောနေတော့ ကျွန်တော်မတွေ့ရ၊ မသိခဲ့ရပါ။ အပေါ်ရောက်တော့ ကားကိုလည်း တွန်းတက်ကာ ကျွန်တော်တို့ကို စစ်တပ်ဘက်ကို ပြန်ခေါ်သွားကြတယ်။ ကားက ကားအကြီး ဟုတ်တယ်။ ခ.လ.ရ (၁၃၁) စစ်တပ်ဘက် ကို ခေါ်သွားတယ်။ စစ်တပ်ရောက်တော့ သူတို့နားတဲ့အိမ်က အခန်းတစ်ခန်းမှာ သူတို့မြင်းစာနှင့် ပြောင်းဖူး (၂-၃) အိတ်နှင့် ဖွဲလည်းရှိတယ်။ အဲဒီဖွဲအပေါ်မှာ ပလပ်စတိတ်တစ်ခုခင်းကာ ကျွန်တော့်ကို အိပ်ခိုင်းခဲ့တယ်။ အဲဒီနေရာရောက်တော့ မျက်စိပိတ်ထားတာ ပြန် ဖွင့်ပေးတယ်။

အဲဒီနေ့ဖမ်းခံရတာက (၇)ယောက်လောက်ရှိတယ်။ ကျွန်တော်နှင့် အတူရှိနေခဲ့တာက ပလောင်ကလေး တစ်ယောက်၊ ပါကထောင်ရွာမှ ကချင်တစ်ယောက်ဆိုတော့ ကျွန်တော်နှင့်အတူ ထား တာက (၃)ယောက် ဟုတ်တယ်။ ကျန်တဲ့(၄)ယောက်က ဘယ်မှာဖမ်းထားတယ်ဆိုတာ မတွေ့ရဘူး။ နောက်တစ်နေ့မှ သူတို့ကို ပြန်တွေ့ခဲ့တယ်။

ကချင်ကောင်လေး၏နာမည်က မောင်****ဖြစ်ပြီး ****ရွာမှဖြစ်တယ်။ မိုးမောက် လမ်းမပေါ် ပထမဆုံးရောက်တဲ့ရွာကဖြစ်တယ်။ လက်ဖက်စက်ရုံဟောင်းမှာ သူတို့ (၄)ယောက်၊ လီဆူ (၂) ယောက်၊ ကချင်ကောင်လေး တစ်ယောက်နှင့် ဗမာကောင်လေးတစ်ယောက်တို့ဖြစ်ပြီး သူတို့ကို အရင်ဦးဆုံး ချည်ထားခဲ့ပြီး နောက်မှကချင်ကောင်လေးကို မိုးမိတ်ပါလမ်းခွဲမှာ ဖမ်းခေါ်လာခဲ့ကြတယ်။ ကချင်ကောင် လေး၏ဖုန်းမှာ သေနတ်ဓာတ်ပုံပါနှင့် သေနတ်ကိုင်ထားတဲ့ဓာတ်ပုံပါနေတယ်တဲ့။ မြန်မာအစိုးရစစ်တပ်က ကချင်ကောင်လေးဆီမှာပါလာတဲ့ ကျပ်ငွေ (၄၀၀၀၀) ကို လည်းယူလိုက်ကြတယ်။ နောက် မနက်ရောက်တော့မှ အဲဒီဓာတ်ပုံတွေကို အကျယ်ချဲ့ပြီးကြည့်ရာတွင် တူမီးသေနတ် ဖြစ်နေသောကြောင့် ပြန်လွှတ်ပေးလိုက်တယ်။ ****မှ ပလောင်အဖိုးကြီးတစ်ယောက်ကိုမူ ကျောင်းအနောက်ဖက်မှာ မှိုရှာသွားရာမှ မြန်မာအစိုးရစစ်တပ်နှင့်တွေ့ကာ ဖမ်းချုပ်လာခဲ့ခြင်းဖြစ်တယ်။

အဲဒီမနက်မှာတောင် ကျွန်တော့်ကိုစစ်ဆေးမေးမြန်းတယ်။ ဗိုလ်ကြီးတစ်ဦးက ဖယောင်းတိုင်မီးဖြင့် ဒူးမှာမီးရှို့ပေးခဲ့တယ်။ ဖယောင်းတိုင်က အကြီးမျိုးဖြစ်တယ်။ ဖယောင်းတိုင်ကုန်တော့ ရေသန့်ဗူးကိုပြန်ယူပြီး မီးပြန်ရှို့ပေးတယ်။ (ဒူးဒါဏ်ရာကိုပြလျှက်) မီးရှို့ဒဏ်ရာ ခုချိန်ထိရှိနေတယ်။ အဲဒီချိန် ကျွန်တော့်ကို ကြိုးချည်ထားသေးတဲ့အတွက် "ကျွန်တော့်လက်ကျိုးပြီ မချည်ပါနဲ့" လို့ပြောတော့ "ဒါအမိန့်ဖြစ်တယ်" လို့ပြန်ပြောခဲ့တယ်။ ကျွန်တော့်ကိုစောင့်တဲ့ တပ်ကြပ်က ကျွန်တော် လက်ကျိုးပြီ လို့ပြောတာကို မကြားလို့တဲ့။ လက်ကျိုးတာမသိခဲ့ဘူးဆိုပြီး ညနေပိုင်းရောက်မှ "ဘာဖြစ်လို့ စောစောမပြောလဲ" ဆိုပြီး ကျွန်တော့်ကိုလာပြောတယ်။ ပြီးနောက် စက်ဖြင့်ကျိတ်ထားတဲ့ သဲပေါ်မှာဒူး ထောက်ခိုင်းနေခဲ့တယ်။ ကျွန်တော်က လက်ကနာနေသောကြောင့် ဘယ်လိုမှဒူးမထောက် နိုင်တော့ တာကြောင့် "ဗိုလ်ကြီးကျွန်တော့်ကို သတ်မယ်ဆိုရင်လည်း သတ်လိုက်တော့။ ခင်ဗျားတို့ ကျွန်တော့် လက်ကျိုးအောင်ရိုက်ပစ်ခဲ့ပြီ၊ ပြောစရာစကားလည်း မနေ့ကပြောတာကုန်ပြီ ဒီမနက်က ပြောစရာ စကားမရှိတော့ဘူး။ ဒီမနက်ကဘာမှ မဖြေတတ်တော့ဘူး" လို့ဖြေခဲ့တယ်။ ကျွန်တော် ဒူးမထောက် နိုင်လို့ ကျွန်တော့်ဒူးမှာ ဖယောင်းတိုင်နှင့် မီးပြန်ရှို့ပြီး အစက်ပြန်ချပေးခဲ့ကြတယ်။

အဲဒီဗိုလ်ကြီးစစ်မေးပြီးနောက် အခြားဗိုလ်ကြီးတစ်ယောက် ထပ်ရောက်လာခဲ့တယ်။ သူကတော့ကျွန်တော့်ကို ဆက်ပြီးမနှိပ်စက်ဘူး၊ ကောင်းကောင်းမွန်မွန် စစ်ဆေးမေးမြန်းတယ်။ ကျွန်တော့်ကို "အမှန်အတိုင်းဖြေပါ" လို့ပြောတော့

ကျွန်တော်က "ဗိုလ်ကြီးရယ် မနေ့ကဖြေခဲ့ သလိုပါဘဲ" လို့ပြန်ဖြေတယ်။ ကျွန်တော့်ကို သူဆက်မေးမြန်းတာက "ဒီလက်ဖက်စက်ရုံသူဌေးရဲ့ ကိုယ်စားလှယ်ကဘယ်သူလဲ။ စက်ရုံသော့ကိုင်တာဘယ်သူလဲ။ စက်ရုံအတွင်းမှာ ပစ္စည်းဖွက် ထားနိုင် တဲ့ကျင်းတစ်ခုရှိတယ် အဲဒါကိုသိလား။ စကားပြောစက်ကိုင်တဲ့သူက ဘယ်သူလဲ။ သူရှိသလား" ဆိုပြီးမေးတယ်။ ဗိုလ်ကြီးတို့နှစ်ယောက်လုံး မေးတဲ့မေးခွန်းတွေကအတူတူပဲ။ မေးမြန်းပြီး နောက်နှိပ်စက်ခြင်းမရှိတော့ဘူး။ ပလပ်စတိတ်ဖြင့် ခေါင်းကိုစွပ်ပေးမယ်ပြောပြီး ခေါင်းမာတယ်လို့တော့ ပြောတယ်။ ကျွန်တော်ကလည်း "ဗိုလ်ကြီးတို့ ကျွန်တော့်ကို သတ်ရင်လည်းသတ်ပစ်တော့ ခင်ဗျားတို့ ဘာဘဲလုပ်လုပ်ခံရမှာဘဲ။ ဘယ်လိုမှမတတ်နိုင်တော့ပါဘူး။ ကျွန်တော်လုပ်လည်း မလုပ်ဘူး၊ သူပုန်လည်းမဟုတ်ဘူး အရမ်းခက်ခဲ့လို့ စစ်ရှောင်မှာနေတာ အလုပ်မရှိသောကြောင့် ဒီစက်ရုံမှာ ခဏအလုပ်လာလုပ်ခြင်းဖြစ်တယ်" လို့ပြန်ပြောမှ ခေါင်းကိုပလပ်စတိတ်နှင့် မစွပ်ပေးတော့ဘူး။ ကျွန်တော့် လက်ကျိုးတာကို သိပြီးနောက် ၁၀ ရက်နေ့ ညနေပိုင်း ၂း၀၀ နာရီခန့်တွင် ကြိုးချည်ထားတာကို ဖြည်ပေးခဲ့တယ်။

အဲဒီစစ်တပ်မှာ တစ်ရက်နှင့်တစ်ည နေခဲ့တယ်။ ညနေပိုင်းမှာ ပြန်ပြီးလွတ်ပေးခဲ့တယ်။ မြို့နယ်မှလူကြီးတွေ၊ ဆရာမ****ကလည်း အားလုံးကိုအကြောင်းကြားခဲ့တယ်။ မောင်****ရဲ့ ဦးလေးက ပလောင်ဗိုလ်ကြီးလည်းဖြစ်၊ ဥက္ကဌလည်းဖြစ်တော့ ရွာလူကြီးတွေကလည်း အာမခံပေးကာ ကျွန်တော်တို့ကို ဓါတ်ပုံရိုက်၊ လက်မှတ်အကြိမ်ကြိမ်ထိုးခိုင်းပြီး ပြန်လွှတ်ခဲ့တယ်။ လက်မှတ်ထိုးခိုင်းခဲ့တဲ့စာတွေကို ဖတ်တော့မဖတ်ပြဘူး။ နောက်မှပဲ ကျွန်တော့်ကိုသူပုန်ဖြစ်ကြောင်း စွပ်စွဲထားသော စာဖြစ်ကြောင်းသိရပါတယ်။ ကျွန်တော့်ကိုလည်း "နောက်နောင်သူပုန်အလုပ် မလုပ်နဲ့တော့" ဆိုပြီး မှာလိုက်သေးတယ်။

ကျွန်တော် စစ်တပ်ကနေ ညနေ ၇း၃၀နာရီခန့်မှာ ဗိုလ်ကြီးတွေရဲ့အခွင့်ရပြီလား ဆိုပြီးဖုန်းမေးတော့ ဂိတ်ဘက်ကခွင့်မပြုသောကြောင့် စစ်သားများကလည်း သူတို့လိုက်မပို့နိုင်ဘူး။ "ခင်ဗျားတို့ဘက်က လာကြိုဖို့လူရှိသလား" ဆိုပြီးမေးတယ်။ ကျွန်တော်တို့အားလုံးကလည်း အဖမ်းခံရတာအိမ်ကလူတွေတောင် မသိဘူးလို့ပြန်ဖြေတယ်။ မနက်အစောပိုင်း လွှတ်လိုက်တဲ့ ကချင်ကောင်လေးက ဈေးမှာသွားပြောပြပေးသောကြောင့် ဆရာတွေလည်းကြားခဲ့ရပြီး နောက်တစ်နေ့မှာ စစ်တပ်ကို လာဖို့တိုင်ပင်ကြတယ်တဲ့။ အဲဒီညကျွန်တော်တို့ကို လိုက်ပို့မဲ့သူမရှိ၊ လာကြိုမဲ့သူလည်းမရှိဖြစ်နေချိန် ကျွန်တော်တို့ကိုဖမ်းခေါ်လာတုန်းက စစ်သားများစီးလာခဲ့တဲ့ ဦး****ရဲ့ ဆိုင်ကယ်ရှိနေသောကြောင့် ဦး****က လိုက်ပို့ပေးဖို့မလိုတော့ဘဲ ကျွန်တော်တို့ (၃)ယောက် ဆိုင်ကယ်တစ်စီးပေါင်းစီးပြီး ပြန်လာခဲ့လိုက်တယ်။ ဆိုင်ကယ်ပိုင်ရှင် ဦး****က ကျွန်တော့်ကို အိမ်အထိ လိုက်ပို့ပေးခဲ့တယ်။

ကျွန်တော့်အနေနှင့် မြန်မာအစိုးရစစ်သားများကို လူစိတ်မရှိတဲ့ သူတွေလို့မြင်တယ်။ သူတို့ကသာ တိရစ္ဆာန်လိုဖြစ်နေတာ။ လူတွေကို လူလိုမဆက်ဆံဘဲ ညှင်းပန်းနှိပ်စက်ကြတယ်။ ကျိုးသွားတဲ့ ကျွန်တော့်လက်ကို အရင်ဆုံး လားရှိုးဆေးရုံမှာကုသဖို့ ဦး****နှင့်သွားခဲ့တယ်။ ဆေးရုံ ရောက်တော့ ဓါတ်မှန်ရိုက်ပြီး ဆရာမတွေက အဲဒီညမှာဘာမှမစားခိုင်းဘဲ နောက်နေ့ မနက်၉နာရီ လောက်မှာ ဆရာဝန်ရောက်လာတော့ ခွဲစိတ်စရာမလိုဘူး၊ ကျောက်ပတ်တီးစည်းရင်ရပြီလို့ပြောသောကြောင့် ကျောက်ပတ်တီးစည်းပြီး လက်ကိုပတ်တီးဖြင့်ချည်ကာ လည်ပင်းမှာ ချိတ်ထားပေးခဲ့တယ်။ ဆရာဝန်က ကျောက်ပတ်တီးစည်းပြီးရင် ပြန်လို့ရပြီ။ တစ်လနေမှပြန်လာပြ ဆိုပြီးမှာလိုက်တယ်။

အဲဒီည လားရှိုးမြို့ ဘုရားကျောင်းမှာ ညအိပ်တည်းခဲ့ကြတယ်။ လားရှိုး****မှာ ကျွန်တော့်ယောက္ခမရှိသောကြောင့် သွားလည်ဖို့ရန်အသွားလမ်းတွင် ဆိုင်ကယ်နဲ့ ရေကန်ကိုတိုက်မိပြီး ကျွန်တော့်လက်ပြန်ထိပြီး လက်နည်းနည်းလွဲသွားခဲ့တယ်ထင်တယ်။ (၃)ရက်လောက်ကြာတော့ ကျောက်ပတ်တီးစီးထားတဲ့နေရာမှာ အသံမြည်လာပြီး ယောင်ကိုင်းကာမဲလာတယ်။ ကျောက်ပတ် တီးစည်းထားတာ မတော်ရင် အသားတွေပုပ်လာနိုင်တယ် ဆိုပြီး ****ကလူတွေပြောပြကြတယ်။ သူတို့ ဘက်ကအဖွားကတစ်ယောက်လည်း လက်ပုပ်သွားသောကြောင့် လက်တောင်ဖြတ်ပစ်ရတယ်ဆိုပြီး ပြောပြလာတယ်။ ဒါကြောင့် ကျွန်တော့် သူငယ်ချင်းတွေက ဆေးရုံကိုသွားပြဖို့

ပြောလာသော်လည်း သွားမပြုဖြစ်ခဲ့ဘူး။ အိမ်ပြန်ပြီး တရုတ်ဆေးဆရာ အဘိုးကြီးတစ်ယောက်ဆီမှာ ဆေးအုပ်တာ (၄)ကြိမ် ခန့်ရှိလာသော်လည်း ထူးခြားခြင်းမရှိသောကြောင့် ကျွန်တော်သူဌေးက ဈေးနားကတရုတ်ဆေး ဆရာမကြီးထံ ပြန်ပြောင်းကုသစေခဲ့တယ်။

၁၁ ရက်နေ့ဩဂုတ်လ ၂၀၁၇ ခုနှစ်မှာ စခန်းရှိဆရာများစီစဉ်ပေးသော လိုင်းကားဖြင့် လာရှိုးဆေးရုံကိုသွားခဲ့တယ်။ ထိုည လားရှိုးဘုရားကျောင်းမှာအိပ်ပြီး (၁၂) ရက်နေ့ လားရှိုးပြည်သူ့ ဆေးရုံကိုသွားပြီး ဓါတ်မှန်ရိုက်ခဲ့တယ်။ (၁၃) ရက်နေ့မှာ ဆရာဝန်က ကျောက်ပတ်တီးစည်းပေးခဲ့တယ်။ ၁၄ ရက်နေ့မှာ ****ကိုသွားတော့ လက်ကိုပြန်ထိမိပြီး (၁၇) ရက်နေ့မှာ နားပြီးနောက်နေ့ (၁၈)ရက်နေ့မှ ****သို့ပြန်လာနိုင်ခဲ့တယ်။

ဆေးရုံမှာကုန်ကျတဲ့ကုန်ကျစရိတ်ကို ကျွန်တော်မှတ်တောင် မမှတ်မိတော့ဘူး။ ဓါတ်မှန်ရိုက်တာ (၄)ထောင်ကျတယ်ထင်တယ်။ ကျွန်တော်လည်းပိုးတိုးပါးတားဆိုတော့ အကုန်လုံး ကုန်ကျငွေကို ကျွန်တော့်ခယ်မက လာရောက်စီစဉ်ပေးတာကြောင့် အသေးစိတ်ကို မသိရဘူး။ ၁၉ ရက်နေ့မှာ တရုတ်ဆေးဆရာမ အဘွားဆီမှာ ပြန်ပြီးကုသပါတယ်။ သူ့ဆီမှာ ရက်ပေါင်း (၂၀)လောက် ကုသခဲ့တော့ အရိုးဆက်လာပြီလို့ပြောတယ်။ အဲဒီအချိန်မှာ လားရှိုးက ကျွန်တော့်ကိုခေါ်တော့ ကားဖြင့် သွားခဲ့တယ်။ အဲဒီမှာလည်း တဖန်လက်ပြန်ထိခဲ့တယ်။ ပြန်လာတော့ တရုတ်ဆရာမအဘွားက သူတာဝန်မယူနိုင်တော့ကြောင်း အခြားမှာသွားကုရန်ပြောသောကြောင့် လားရှိုးမှာနိုင်ငံခြားမှ ဆရာတွေ ရောက်လာတယ်ကြားရပြီး လားရှိုးကိုနောက်တစ်ကြိမ်ပြန်သွားခဲ့တယ်။ ကားစီးတော့ လက်ကပြန်လွဲသွားခဲ့တယ်။ တရုတ်အဖွားဆီမှာ ဆေးကုတာ (၂၀၀၀၀၀)ကျပ် ကုန်ခဲ့ တယ်။ အပြီးသက်သာ သွားခဲ့ရင်တော့ (၅-၆)သိန်း တောင်းလေ့ရှိတယ်။ နောက်ဆုံးလားရှိုးမှာ ကုသခဲ့တာ ကျပ်(၇၀၀၀၀၀) ကုန်ကျခဲ့တယ်။ ခွဲစိတ်ချိန်တုန်းကလည်း တပြိုင်နက် (၃၀၀၀၀၀)ကျပ် ပေးခဲ့ရတယ်။ ခွဲစိတ်ပြီးနောက် ဆေးဝယ်ရတယ်။ ပတ်တီးကအစဝယ်ရတယ်။ အဲဒီအခေါက်ကျွန်တော်နှင့် ကျွန်တော့်သားအတူ သွားခဲ့တယ်။ အစားသောက်တွေဝယ်စားရတယ်။ အဲဒီအခေါက်တုန်းက ဆေးရုံကို ၁ ရက် အောက်တိုဘာလ ၂၀၁၇ ခုနှစ်မှာသွားခဲ့တယ်။ ၂ ရက်နေ့မှာ ဆေးရုံရောက်ခဲ့တယ်။ ၄ ရက်လောက်နေပြီးမှ ၅ ရက်နေ့ အောက်တိုဘာလပိုင်းမှာမှ ခွဲစိတ်ပေးခဲ့တယ်။ အဲဒီမှာ ၁၀ ရက်ပြန်ပြီးနေခိုင်းကာ ၁၅ ရက်၊ ၁၀ လပိုင်းမှာ ဆေးရုံမှဆင်းခဲ့တယ်။

ဆေးကုသဖို့ KBCအသင်းတော်မှ (၉၀၀၀၀) ကျပ်ကူညီတယ်။ စက်ရုံပိုင်ရှင် တွေလည်းကူညီတယ်။ တစ်ယောက်နည်းနည်းစီကူညီကြတယ်။ ဆရာမ****လည်း (၃၀၀၀၀) ကျပ် ကူညီတယ်။

ခုလိုကျွန်တော့်မှာ ဘာအပြစ်မရှိဘဲဒီလိုကြုံတွေ့ခဲ့ရလို့ အံ့ဩခဲ့ရတယ်။ မကျေနပ် ဘူးလို့ခံစားရတယ်။ အဲဒါက ကျွန်တော်ဒီအသက်အရွယ်ရောက်မှ ခုလိုမျိုးကြုံတွေ့ရတာကြောင့် တကယ်စိတ်မကောင်းဖြစ်မိတယ်။ စတီးထည့်ထားတာလည်း ဟပ်ကြီးဖြစ်နေသေးတယ်။ လုံးဝကောင်း ကောင်းမဆက်သေးဘူးထင်တယ်။ နာနေသေးလို့မန်တုံဆေးရုံကိုသွားပြတာ နှစ်ခါတောင်ရှိပြီ။ ဒီနေ့လည်းသွားပြရဦးမယ်။

ခုလိုဖြစ်ပျက်မှုကြောင့် အိမ်တွင်းစားဝတ်နေရေးလည်း အရမ်းခက်ခဲတယ်။ ဂက်တစ်ကောင်ရောင်း လိုက်တာလည်း ဆေးကုသစရိတ်မှာဘဲ သုံးလိုက်ရတယ်။ ကျွန်တော်တို့က ဂက်မွေး၊ နေ့စားအလုပ်နှင့်ပဲ အသက်မွေးဝမ်းကြောင်း လုပ်ကိုင်ကြတယ်။ နေ့စားအလုပ်လည်း သူများတွေ ခေါ်မှသွားရတယ်။ တခြားပြောချင်တာက ခုလတ်တလောဆေးကုသနေရတယ်။ ခုကပိုက်ဆံမရှိလို့ ဆေးရုံသွားမပြနိုင်သေးဘူးဖြစ်နေတယ်။ ကျွန်တော့်သားက ရွာမှာတောင်ယာ လုပ်မယ်ဆိုပြီး လုပ်နေတုန်း ဗိုက်အောင့်လာပြီး မန်တုံဆေးရုံသွားတက်လိုက်ရတယ်။

**လူ့အခွင့်အရေးချိုးဖောက်မှု** **- မတရားဖမ်းဆီးထိန်းသိမ်းချုပ်နှောင်မှု နှင့် ညှင်းပမ်းနှိပ်စက်မှု**

ချိုးဖောက်ခံရသူအမည်(၁) - ဦး****

| | |
|---|---|
| ကျား/မ | - ကျား |
| အသက် | - ၂၅ နှစ် |
| လူမျိုး | - ကချင် |
| ကိုးကွယ်သည့်ဘာသာ | - ခရစ်ယာန် |
| အလုပ်အကိုင် | - တောင်သူ |
| မိဘမည် | - ဦး**** နှင့် ဒေါ်**** |
| အိမ်ထောင်ရှိ/မရှိ | - ရှိ |
| ဇနီးအမည် | - ဒေါ်**** |
| သား/သမီး | - သား ၃ ယောက် |
| နေရပ်လိပ်စာ | - ****၊ မန်တုံမြို့နယ်၊ ရှမ်းပြည်နယ်။ |
| ချိုးဖောက်ခံရသူအမည်(၂) | - ဦး**** |
| ကျား/မ | - ကျား |
| အသက် | - ၄၅ နှစ် |
| လူမျိုး | - ကချင် |
| ကိုးကွယ်သည့်ဘာသာ | - ခရစ်ယာန် |
| မိဘမည် | - ဦး**** နှင့် ဒေါ်**** |
| အိမ်ထောင်ရှိ/မရှိ | - ရှိ |
| ဇနီးအမည် | - ဒေါ်**** |
| သား/သမီး | - သား ၂ ယောက်၊ သမီး ၂ ယောက် |
| နေရပ်လိပ်စာ | - မုန်းဝါရပ်၊ ဘန်ဝါကထောင်၊ မန်တုံမြို့နယ်၊ ရှမ်းပြည်နယ်။ |

| | |
|---|---|
| ချိုးဖောက်ခံရသူအမည်(၃) | - ဦး**** |
| ကျား/မ | - ကျား |
| အသက် | - ၃၈ နှစ် |
| လူမျိုး | - ကချင် |
| ကိုးကွယ်သည့်ဘာသာ | - ခရစ်ယာန် |
| အလုပ်အကိုင် | - ရပ်ကွက်အုပ်စုဥက္ကဌ |
| မိဘမည် | - ဦး**** နှင့် ဒေါ်**** |
| အိမ်ထောင်ရှိ/မရှိ | - ရှိ |
| ဇနီးအမည် | - ဒေါ်**** |
| သား/သမီး | - သမီး ၁ ယောက် |
| နေရပ်လိပ်စာ | - ****၊ မန်တုံမြို့နယ်၊ ရှမ်းပြည်နယ်။ |

| | |
|---|---|
| ချိုးဖောက်ခံရသူအမည်(၄) | - ဦး**** |
| ကျား/မ | - ကျား |
| အသက် | - ၄၆ နှစ် |
| လူမျိုး | - ကချင် |
| ကိုးကွယ်သည့်ဘာသာ | - ခရစ်ယာန် |
| အလုပ်အကိုင် | - တောင်သူ |
| မိဘမည် | - ဦး**** နှင့် ဒေါ်**** |
| အိမ်ထောင်ရှိ/မရှိ | - ရှိ |
| ဇနီးအမည် | - ဒေါ်**** |

အသက် - ၃၈ နှစ်
သား/သမီး - မ(၁)၊ ကျား(၄)
နေရပ်လိပ်စာ - ****၊ မန်တုံမြို့နယ်၊ ရှမ်းပြည်နယ်။
အခင်းဖြစ်ပွားသည့်နေ့ - ၂၅ ရက်၊ နိုဝင်ဘာလ၊ ၂၀၁၇ ခုနှစ်
အခင်းဖြစ်ပွားသည့်နေရာ - ဘန်ဝါရွာနှင့် ၃မိုင်ခန့်အကွာ၊ မန်တုံမြို့နယ်၊ ရှမ်းပြည်နယ်။ ချိုးဖောက်သူ - မြန်မာအစိုးရတပ်မတော်

ဖြစ်စဉ်ပြန်လည်ပြောပြသူ - ချိုးဖောက်ခံရသူတစ်ဦးကိုယ်တိုင်
မှတ်တမ်းကောက်ယူသည့်အဖွဲ့အစည်း - HI

## အမှုဖြစ်စဉ်

နိုဝင်ဘာ ၂၀ရက်နေ့မှာ ရွာထဲကိုပလောင်စစ်သားတွေဝင်လာပြီး အလုပ်လုပ်နေတဲ့မုန်းဒတ် (ရှမ်း) ရွာသား (၁၁) ဦးကို ဖမ်းသွားတယ်။ ကျွန်တော်တို့ကမုန်းဒတ်ရွာမှာ ရှမ်းရွာသားများတောင်ယာလုပ်တဲ့ နေရာဘက်မှာ နွားကျောင်းတယ်။ ပလောင်စစ်သားတွေ ရှမ်းရွာသားများကိုဖမ်းသွားတော့ တောင်ယာ စောင့်တဲ့သူမရှိတော့ ကျွန်တော်တို့နွားက သူတို့တောင်ယာမှာဝင်စားနေတယ်ဆိုပြီး ကျွန်တော်တို့ကိုမှာ လိုက်တယ်။ ရှမ်းရွာသားတွေကသူတို့ရွာသားအချို့ကို ပလောင်စစ်သားများဖမ်းသွားကြောင်းနှင့် သူတို့တောင်ယာကိုမသွားရဲကြောင်းပြောပြီး ကျွန်တော်တို့နွားကိုမောင်းယူဖို့မှာလိုက်တယ်။ ကျွန်တော်တို့ (၄) ဦးက နိုဝင်ဘာ (၂၅) ရက်နေ့ နံနက် ၈ နာရီတွင် အိမ်မှထွက်လာတယ်။ ကျွန်တော်တို့ထွက်လာပြီး (၉) နာရီ ခန့်မှာ ပလောင်စစ်သားများရွာသို့ပြန်ဝင်လာကြောင်းသိရတယ်။ အစိုးရစစ်တပ်ဘက်ကစစ်ကြောင်း (၂)ခုဖြင့် တက်လာတယ်။ လမ်းမကြီးအတိုင်းတက်လာတဲ့စစ်ကြောင်းနှင့် တောလမ်းအတိုင်း တက်လာတဲ့စစ်ကြောင်း၊ ကျွန်တော်တို့ကတောလမ်းအတိုင်းလာတဲ့ စစ်ကြောင်းနှင့်ဆုံတယ်။ ကျွန်တော်တို့က လမ်းမှာ အစိုးရစစ်ကြောင်းနှင့်တွေ့ပြီး ကျွန်တော်တို့လည်း ဘယ်ရွာသားဖြစ်ကြောင်း၊ ရွာဥက္ကဋ္ဌမည်သူဖြစ်ကြောင်းပြောပြတော့ ရွာထဲမှာ ပလောင်စစ်သားများရှိ/မရှိ မေးပါတယ်။ ကျွန်တော်တို့သည် ဘန်ဝါရွာသားများ၊ ရွာဥက္ကဋ္ဌမှာဦး****ဖြစ်ကြောင်းနှင့် ကျွန်တော်တို့ထွက်လာချိန်တွင် ဘယ်စစ်ကြောင်းမှ မရောက်ကြောင်း သူတို့မေးမြန်းသမျှဖြေခဲ့ပါတယ်။ အစိုးရစစ်သားများက ဘန်ဝါရွာအတွင်းဘာမှမဖြစ်ဘူး၊ ဘယ်သူမှမရှိဘူးဆိုလျှင် လမ်းပြပြီးခေါ်သွားခိုင်းပါတယ်။ ကျွန်တော်တို့လည်း ဘာမှမဖြစ်ဘူးဆိုတော့ စစ်သားများကို လမ်းပြပေးပြီးခေါ်ခဲ့တယ်။ ဘန်ဝါရွာမရောက်ခင်ညောင်ပင်မှာ ထမင်းစားခဏနားကြပါတယ်။ ရွာမရောက်ခင်ကန်ကြီးတစ်ခုရှိသောနေရာရောက်တဲ့အခါ ပလောင်စစ်တပ်များက ရွာအပြင်မှာစောင့်နေပြီး ကျွန်တော်တို့ရောက်အလာကုန်းအတက်လောက်တွင် ပလောင်စစ်တပ်များက သေနတ်စပစ်တယ်။ အချင်းချင်းပစ်ကြပြီး ပလောင်စစ်တပ်က နောက်ဆုတ်သွားတယ်။ အစိုးရစစ်တပ်က ရွာမှာပလောင်စစ်တပ်များရှိနေလို့ ကျွန် တော်တို့ (၄) ယောက်ကို လိမ်တယ်ဆိုပြီး စစ်ဗိုလ်ကြီးက ခြေထောက်နဲ့ကန်တယ်။ ဦး****ရဲ့ ခြင်းမှာ လေသေနတ် ရှာတွေ့ပြီး ကျွန်တော်တို့ (၄)ဦးကို မိုင်းထောင်တဲ့ သူတွေဖြစ်တယ်ဆိုပြီး ယမ်းဆံပါတယ်ဟုပြောပြီး ကျွန်တော်တို့ကိုကြိုးချည်ပြီး ဗိုလ်ကြီးတွေနေတဲ့နေရာသို့ ခေါ်သွားကြတယ်။ ကျွန်တော်ကရပ်ကွက်အုပ်စု လူကြီးဖြစ်ကြောင်း၊ ကျွန်တော်တို့ ရွာမှထွက်လာချိန် ပလောင်တပ်အမှန်တကယ်မရှိကြောင်း၊ ကျွန်တော်တို့ရွာမှ ထွက်လာပြီးနောက် ရောက်လာကြောင်း ပြောပြတယ်။ သူတို့ကရပ်ကွက်အုပ်စုလူကြီးဖြစ်ပြီး ရွာထဲတွင် ရန်သူရှိနေသည်ကို ဘာကြောင့် အကြောင်းမကြားသလဲဆိုပြီး ကျွန်တော်ရင်ဘတ်ကို ကန်တယ်။ ကျွန်တော်တို့ကိုကြိုးနှင့်ချည်ပြီး ခေါ်သွားတယ်။ ဘန်ဝါရွာရောက်ခါနီး သချိုင်းကွင်းပြင်အရောက်မှာ ပလောင်စစ်တပ်များရွာမှနေ၍ သေနတ်ပစ်သောကြောင့် ကျွန်တော်တို့ (၄) ဦးကိုစုချီပြီး "မင်းတို့က ကချင်၊ ရွာကပစ်တာလည်း ပလောင်မဟုတ်ဘူး ကချင်တွေဘဲ" ဟု ပြောတယ်၊ တချို့စစ်သားတွေက ပလောင်နှင့် ကချင်တွေက တစ်စုတည်းဆိုပြီးပြောတယ်။ စစ်ဗိုလ်တွေက ကျွန်တော်ရပ်ကွက်အုပ်စုလူကြီးဖြစ်ကြောင်းသိပြီး ကျွန်တော်တို့ကို ဘာမှမလုပ်တော့ဘူး။ စစ်သားတွေရှိတဲ့နေရာကို လွှတ်လိုက်တယ်။ စစ်သားတွေက သူတို့ပြောချင်သလိုပြော၊ စွပ်စွဲပြီးကျွန်တော်တို့ကို ကန်တယ်။ အသက် (၂၈-၂၉)နှစ်လောက် အရပ်

(၅)ပေ (၅)လက်မလောက် ကုလားဆင်ရုပ်အသားညိုညို တစ်ပွင့်ပါသူက ၃ယောက်ရဲ့ပါးကို ဗလိပ်ဓားနဲ့လှီး ပေးတယ်။ (၁) ယောက်က နားမှာထိတယ်။ ကျွန်တော့်သူငယ်ချင်းက သွေးတိတ်သွားတယ်။ ကျွန်တော်က သွေးမ တိတ်သေးလို့ ညမိုးချုပ်လာချိန်မှာ ကျွန်တော်သွေးမတိတ်ကြောင်း သွားပြောတယ်။ စစ်သားတစ်ယောက်က ဆေးမှူး ကိုသွားပြောပြီး ဆေးမှူးက ကျွန်တော်ကိုပတ်တီးစည်းပေးတယ်။ ပတ်တီးစည်းပြီးခဏအကြာတွင် သွေးသိပ်သွားပြီး ညအိပ်ချိန်တွင်ပ တ်တီးကအနည်းငယ်ပြည်သွားတယ်။ နောက်မနက်တွင် ဆေးမှူးကပတ်တီးဖြည်လိုက်ရာ သွေးကြောထိသောကြောင့် ပတ်တီးပြန်စည်းထားသော်လည်း သွေးမတိတ်တော့ဘူး။ ရွာရောက်ခါနီးတွင် သူတို့ ကိုယ်တိုင်ပြန်ချုပ်ပေးတယ်။ နားထိတဲ့သူငယ်ချင်းက ဆေးရုံမှာချုပ်တယ်။ အစပိုင်းတွင် စစ်ဗိုလ်တွေက ကျွန်တော်တို့ကိုကြိုးဖြင့်ချည်ပြီး ကန်တယ်။ ဂျင်ဘောက်ဖြင့်ထုတယ်။ ဦး****ရဲ့မျက်လုံးကိုထိုးတယ်။ ကျွန်တော်တို့ကိုမနက်ကတည်းခေါ်သွားပြီး ထမင်းလည်းမကျွေးဘူး၊ ရေလည်းမတိုက်ဘူး။ ကျွန်တော်တို့မှာပါတဲ့ထမင်း သူတို့စားလိုက်တယ်။ ပုဆိုးခဏခဏကျွတ်လို့ ညနေ (၄-၅) နာရီလောက်တွင် ချွတ်ခိုင်းလိုက်တယ်။ ဖိနပ်လည်းမစီးခိုင်းဘူး။ အပေါ် အင်္ကျီလည်းချွတ်ပေးတယ်။ ညရောက်လည်း ဒီအတိုင်းဘဲအိပ်ရပါတယ်။ နောက် မနက်နေထွက်လာသောကြောင့် နေပူဆာလှုံရန်ခွင့်တောင်းပြီး နေပူဆာလှုံနေကြပါတယ်။ ကျွန်တော်တို့ကိုမလွှတ်ခင် (၁၀း၃၀)မိနစ် လောက်တွင် အနာပြန်ချုပ်ပေးတယ်။ ၂၆ ရက်၊ ၁၁နာရီမှာ ကျွန်တော်တို့ကိုပြန်လွှတ်ပေးတယ်။ (၂၅) ရက်နေ့ စစ်ပွဲဖြစ်သောကြောင့် ရွာသား (၂) ဦး ထိခိုက်သွားတယ်။ ကျွန်တော်တို့ (၄) ယောက်ထဲမှ ဦး****တွင် လေသေနတ်၊ (မတ်ကျောက်၊မတ်ဖိုင်း)ကျည်ဆံ အနည်းငယ်ရှာတွေ့ပြီး ကျွန်တော်တို့ (၄)ယောက်ကို မိုင်းထောင်တယ်လို့စွပ်စွဲပြီး ဖမ်းခြင်းဖြစ်ပါတယ်။ ဦး****တွင်ဓားရှရာမရှိပေမယ့် ပစ္စည်း များကို ဦး****ထံမှတွေ့ရှိသောကြောင့် သေနတ်ဒင်ဖြင့်နောက်စေ့ကို ထုပေးတယ်။ ဆေးရုံမှဆင်းပြီး ယခုချိန်ထိဒဏ်ရာမှာ နာကျင်ခံစားနေရပါတယ်။ ဆေးရုံမှာ (၁) ရက်နှင့်(၁) ည ဆေးကုသမှုခံယူခဲ့ပါတယ်။ ဆေးရုံစရိတ် ပေးခြင်းမရှိပါဘူး။ ကျွန်တော်တို့ ဘာသာရေးဆရာမှ ဆေးရုံစရိတ်ကူညီခဲ့ပါတယ်။ ဖြစ်ပျက်သွားမှုအပေ ါ်မှာခံစားရပါတယ်။ အခုလိုဖြစ်သွားရတာက ဗမာစစ်တပ်နှင့်ပလောင်စစ်တပ်များ၏ တိုက်ပွဲဖြစ်မှုကြောင့်ဖြစ်ပါတယ်။ ပြည်သူများကိုကာကွယ်ရန် လက်မှတ်ထိုးထားပေမယ့် ယခုအဖြစ်အပျက်ကိုကြည့်ခြင်းအားဖြင့် ဘယ်ဘက်အဖွဲ့ကမှ လိုက်နာခြင်းမရှိကြောင်း တွေ့မြင်ရပါတယ်။ ပြည်သူများကိုကာကွယ်ချင်စိတ်သာရှိခဲ့ရင် အခုလိုဖြစ်လာမှာ မဟုတ်ပါဘူး။ ဒီလိုသာဆက်ဖြစ်နေမယ်ဆိုလျှင် ကျွန်တော်တို့ရွာသား၊ ပြည်သူများလည်းဆက်ပြီး ခံစားနေရမှာပါ။ အစိုးရမှာတာဝန် ရှိတယ်လို့မြင်မိပါတယ်။ အစိုးရဘက်ကတာဝန်ယူလုပ်ဆောင်ခြင်းမရှိဘူး၊ ဒီအတိုင်းသာဆက်ဖြစ်နေမည်ဆိုရင် ကျွ န်တော်တို့ပြည်သူတွေလည်းဆက်ပြီးဒုက္ခရောက်နေရအုံးမှာပါ။

## မူဆယ်မြို့နယ်၊ ရှမ်းပြည်နယ်။ (မြောက်)

| | |
|---|---|
| လူ့အခွင့်အရေးချိုးဖောက်မှု | - မတရားဖမ်းဆီးခံရမှု |
| ချိုးဖောက်ခံရသူအမည် | - မောင်**** |
| ကျား/မ | - ကျား |
| အသက် | - ၂၈ နှစ် |
| လူမျိုး | - ကချင် |
| ကိုးကွယ်သည့်ဘာသာ | - ခရစ်ယာန် |
| အလုပ်အကိုင် | - ကျပန်း၊ တောင်သူ |
| မိဘမည် | - ဦး**** |
| အိမ်ထောင်ရှိ/မရှိ | - မရှိ |
| နေရပ်လိပ်စာ | - ****ကျေးရွာ၊ မုံးကိုးမြို့နယ်၊ ရှမ်းပြည်နယ်။ |
| အခင်းဖြစ်ပွားသည့်နေ့ | - ၂၃ ရက်၊ အောက်တိုဘာလ၊ ၂၀၁၆ ခုနှစ် |
| အခင်းဖြစ်ပွားသည့်နေရာ | - ပန်ဆိုင်းမြို့နယ်၊ မုံးပေါ် ကျေးရွာအထွက်၊ ရှမ်းပြည်နယ်။ |
| ချိုးဖောက်သူ | - တပ်မ(၉၉)၊ မြန်မာအစိုးရတပ်မတော် |

အမှုဖြစ်စဉ်ပြန်လည်ပြောပြသူအမည် - ဒေါ်****
ချိုးဖောက်ခံရသူနှင့်တော်စပ်ပုံ - အစ်မ
ကျား/မ - မ
မှတ်တမ်းကောက်သည့်အဖွဲ့အစည်း - HI

## ဖြစ်စဉ်အကျဉ်း

ကျွန်မမောင်လေးက အငယ်ဆုံးဆိုတော့ မန်ယန်ရွာမှာ အဖေနဲ့အတူနေပါတယ်။ ဒါပေမယ့် မုံးပေါ်မှာရှိတဲ့ သူ့အဒေါ်ဆီ သူငယ်ချင်း (၃)ယောက်နဲ့ စပါးသိမ်းကူပြီး မုံးကိုးရွာကို ပြန်လာတယ်။ ပြန်လာတဲ့လမ်း မုံးပေါ်ရွာအထွက်မှာ စစ်ကြောင်းနဲ့တွေ့တော့ သူနဲ့ခင်တဲ့ စစ်သားတွေပါတယ်။ အဲ့ဒီစစ်သားတွေက ကျွန်မမောင်လေးကို ငါတို့နဲ့ ခဏနေရအောင်ဆိုပြီးပြောတော့ ကျွန်မမောင်လေးလည်း သူနဲ့ ခင်တဲ့သူတွေဆိုတော့ နေခဲ့တယ်။ အဲဒီစစ်သားတွေက မုံးကိုးမှာ တာဝန်ကျခဲ့တဲ့ စစ်သားတွေဖြစ်ပြီး ကျွန်မတို့ မောင်လေးနဲ့ သူငယ်ချင်းလို ခင်ကြတဲ့ စစ်သားတွေဖြစ်တယ်။

ကျွန်မမောင်လေး စစ်သားတွေနဲ့ နေနေတဲ့ အချိန်၊ အဲဒီမုံးပေါ်ရွာ အထွက်မှာ မိုင်းပေါက်ကွဲပြီး စစ်သား (၂) ယောက်သေဆုံးပြီး၊ (၁) ဦး ဒဏ်ရာရတယ်။ အဲဒီလိုဖြစ်တော့ စစ်သားတွေက ကျွန်မမောင်လေးကို "မင်းရဲ့သူငယ်ချင်း နှစ်ယောက်ကို ဖုန်းဆက်ပြီး မင်းလုပ်ခိုင်းတာဘဲ" ဆိုပြီးပြောကာ ကြိုးနဲ့ချည်ပြီး ခေါ်သွားတယ်။ အဲဒီအကြောင်းကိုတော့ မုံးပေါ် ပြည်သူ့စစ်အဖွဲ့က အကြောင်းကြားလာလို့ ကျွန်မတို့ သိရတာပါ။

**လူ့အခွင့်အရေးချိုးဖောက်ခံရမှု - မတရားသတ်ဖြတ်ခံရမှု**

ချိုးဖောက်ခံရသူအမည် - ဦး****
ကျား/မ - ကျား
အသက် - ၄၈ နှစ်
အလုပ်အကိုင် - တောင်ယာ၊ ကြံစိုက်သည်
မိဘအမည် - ဦး**** နှင့် ဒေါ်****
အိမ်ထောင်ရှိ/ မရှိ - ရှိ
ဇနီးအမည် - ဒေါ်****
နေရပ်လိပ်စာ - ****၊ ပန်ဆိုင်းမြို့နယ်၊ မူဆယ်ခရိုင်၊ ရှမ်းပြည်နယ်။
အခင်းဖြစ်ပွားသည့်နေ့ - ၂၉ ရက်၊ ဒီဇင်ဘာလ၊ ၂၀၁၆ခုနှစ်။
အခင်းဖြစ်ပွားသည့်နေရာ - ****ရွာ၊ ပန်ဆိုင်းမြို့နယ်၊ မူဆယ်ခရိုင်၊ ရှမ်းပြည်နယ်။
ချိုးဖောက်သူ - တပ်မ (၇၇၊ ၈၈၊ ၉၉)

အမှုဖြစ်စဉ်ပြန်လည်ပြောပြသူအမည် - ဦး****
အသက် - ၄၆ နှစ်
အမျိုးသားမှတ်ပုံတင်အမှတ် - ၁၃/ မဆတ(နိုင်)****
ကိုးကွယ်သည့်ဘာသာ - ခရစ်ယာန်
ပညာအရည်အချင်း - ၄ တန်း
အလုပ်အကိုင် - ****
မိဘအမည် - ဦး**** နှင့် ဒေါ်****

အိမ်ထောင်ရှိ/ မရှိ - ရှိ
ဇနီးအမည် - ဒေါ် ****
သားသမီး - ၇ ယောက်
နေရပ်လိပ်စာ - ****ကျေးရွာ၊ ပန်ဆိုင်းမြို့နယ်၊ မူဆယ်ခရိုင်၊ ရှမ်းပြည်နယ်။
မှတ်တမ်းကောက်ယူသည့်နေ့ - ၂၁ ရက်၊ မတ်လ၊ ၂၀၁၇ ခုနှစ်
မှတ်တမ်းကောက်ယူသည့်အဖွဲ့အစည်း - KWAT

## အမှုဖြစ်စဉ်

****ရွာမှာဆိုရင် အိမ်ခြေ (၁၆) ရှိပြီး ကချင်လူမျိုးတွေသီးသန့်နေတဲ့ တောင်ပေါ်ရွာကလေးဖြစ်သည်။ ****မြို့နဲ့ဆိုရင် (၇) မိုင် လောက်ဝေးတဲ့ နေရာဟုတ်တယ်။ ဈေးကွက်လည်းမရှိဘူး။ စာသင်ကျောင်း လည်းမရှိဘူး။ ကချင်နှစ်ခြင်း ဘုရားကျောင်းဘဲရှိတယ်။ ကြံ၊ ပြောင်းဖူး၊ စပါးတွေကိုဘဲ အဓိကစိုက်ပြီး နေ ထိုင်ကြသည်။ ၂၀ ရက်၊ နိုင်ဝင်ဘာလ၊ ၂၀၁၆ ခုနှစ် မနက်မှာ **** ရွာတစ်ဝိုက်မှာ ဗမာစစ်ကြောင်းအဖွဲ့ နဲ့မြောက်ပိုင်းမဟာမိတ်အဖွဲ့တွေနဲ့ စစ်တိုက်မှုကြောင့် ****ရွာသားများ တရုတ်ပြည်****ရွာသို့ ထွက် ပြေးတိမ်းရှောင်ခဲ့တယ်။
(၁၅) ရက်ကြာပြီးနောက်မှာ တရုတ်ရဲတွေက "နင်တို့ဗမာပြည်ပြန်ကြတော့ ဒီမှာနေဖို့အခွင့်မရှိ တော့ဘူး" ဆိုပြီး လာမောင်းထုတ်လို့ ဦး****က ****ရွာသို့ပြန်သွားတယ်။ အဲဒီချိန်မှာ ရွာမှာဗမာစစ် ကြောင်းတွေ ရှိနေခဲ့တယ်။

၂၉ ရက်၊ ဒီဇင်ဘာလ၊ ၂၀၁၇ ခုနှစ် မနက် ၈း၀၀ နာရီ နဲ့ ၉း၀၀ နာရီ မှာအိမ်က ပြောင်းဖူးချိုးနေ စဉ်မှာ မြန်မာစစ်သား တပ်မ (၇၇၊ ၈၈၊ ၉၉) အဖွဲ့အင်အား (၁၀၀)ကျော်လောက်က****မြို့လမ်းဘက် ကနေတက်လာပြီး ဦး**** ပြောင်းဖူးချိုးနေသည်ကို ကြိုးချည်ဆွဲခေါ်သွားကြသည်ကို ခြံကပ်ရက်က တရုတ်လူမျိုးဦး**** နဲ့သူ့ရဲ့ဇနီးတို့က တွေ့လိုက်တယ်ဆိုပြီး ညနေ (၇) နာရီလောက်မှာ အိမ်ကလူတွေ ****ရွာမှာစစ်ရှောင်နေတဲ့ မိသားစုကိုလာပြောပြမှ သိရတယ်။

ဦး****ကို မြန်မာစစ်တပ်က ခေါ်သွားတဲ့သတင်းကြားသော်လည်း ဦး**** အိမ်ပြန်လာမည်ကို (၄) ရက်လောက်စောင့်သော်လည်း ပြန်မလာဘူး။ အဲချိန်မှာတော့ ****ရွာမှာ ဗမာစစ်ကြောင်းတွေရှိနေဆဲဆိုတဲ့ သတင်းသိရလို့ ရွာသူရွာသားတွေ ဘယ်သူမှသွားမရှာဖြစ်ဘူး။ ၃ ရက်၊ ဇန်နဝါရီလ၊ ၂၀၁၇ ခုနှစ်မှာ အိမ်နီးနားက လူ အယောက် (၁၅)ယောက် ဘာသာရေး အမှုတော်ဆောင်အပါအဝင် နဲ့ ****ရွာသို့ ဦး****ကိုသွားရှာ ကြည့်တော့ တစ်နေကုန်ရှာမတွေ့ဘူး။ ညနေမိုးချုပ်ခါနီးမှ အိမ်ပြန်လမ်းက တရုတ်အိမ်ဟောင်းဘေး က အမှိုက်ပုံမှာ ပြောင်းဖူးခွံတွေ ထူးဆန်းသလိုဖြစ်နေတယ်။ အိမ်သာမှာရှိတဲ့အမှိုက်ကို သွားထုတ်ရှင်း လိုက်မှ လူသေအလောင်းကို သွားတွေ့မိတယ်။ တွေ့တွေ့ချင်းက ဦး****ရဲ့ခြေထောက်ကို နိုင်လွန်ကြိုး ချည်ထားလျက်သား ထိုင်ပြီးသေနေသည်ကို တွေ့ရတယ်။ အလောင်း၏ရင်ဘက်မှာ ဓားထိုးထား သည့်အရာလည်းရှိတယ် မျက်နှာ၊ ပါးစပ်မှာလည်း ထိုးရိုက်ထားသည့်ဒဏ်ရာတွေလည်း ရှိတယ်။ ညာဘက်မျက်စိမျက်လုံးကိုလည်း ထိုးဖေါက်သွားတယ်။ ဓားဒဏ်ရာတွေက (၄)ချက် ရှိတယ်။ ခန္ဓာကိုယ် မှာလည်း ဓားအရာတွေဘဲ ခြေထောက် မျက်နှာ တွေလည်း ယောင်နေတယ်။ မျက်နှာပေါက်တောင် မကြည့်တက်အောင်ကို နိပ်စက်ထားကြတယ်။ အဲဒီအချိန်မှာဘဲ အခင်းဖြစ်တဲ့နေရာနှင့် (၁)ဖာလုံ လောက် ဝေးတဲ့နေရာမှာဘဲဆုတောင်းပြီး မြှုပ်ထားလိုက်ပြီ။ နောက်မှ ၄ ရက်၊ ဇန္နဝါရီလ၊ ၂၀၁၇ ခုနှစ် မှာ ****ရွာမှာဘဲ ဆုတောင်းပွဲပြုလုပ်လိုက်တယ်။

## သားသမီးတွေပြောဆိုချက်

အဖေမရှိတော့ အိမ်မှာပိုပြီးခက်ခဲသွားပြီ။ အခုတော့ ဟင်းသီးဟင်းရွက်ကအစ မောင်နှမ တွေဘဲ ရှာစားရတယ်။

အဖေမရှိရင် ရွာမှာလည်းမနေချင်တော့ဘူး။ အခုတော့ စစ်ရှောင်ရင်းနဲ့ဘဲ ****ရွာမှာဘဲ နေထိုင်ကြတယ်။ အမေကလည်း အဖေရုတ်တရက်ဆုံးသွားတော့ အမေလည်း ခဏခဏ ဖျားတယ်။ ကျန်းမာရေးသိပ်မကောင်းတော့ဘူး။ လယ်ယာတောင်ယာအိမ်ခြံမြေလည်း မရှိတော့ဘူး။ ထမင်းလည်း ရှာစားရမယ်။ ယောကျ်ားအလုပ်လည်း ဘယ်သူမှ မလုပ်ပေးတော့ဘူး။

ဒီလိုသတ်ခံလိုက်ရလို့လည်း ဘယ်သူ့ကိုမှလည်း မပြောပြတတ်ဘူး။ ရွာသူကြီးတွေကို ကူညီ သွားတောင်းရင်လည်း ဘာတာဝန်မှယူနိုင်မှာမဟုတ်ဘူး။ အခုတော့ စိုက်ထားတဲ့ ပြောင်းဖူး၊ ကြံတွေ ဘယ်လိုမှ သွားမယူနိုင်ဘူးလေ။ ကြံလည်း မခုတ်လိုက်ရဘူး ရွာမှာ ဘယ်သူမှမနေရဲတော့ဘူး သွားနေ ဖို့လည်းကြောက်တယ်။ နေထိုင်ခွင့်လက်မှတ်တွေလုပ်ရမယ်။ ရွာပြန်ရင်လည်း ပတ်ဝန်းကျင်မှာ မိုင်း တွေကိုကြောက်တယ်။ သတင်းတွေအမျိုးမျိုးကြားနေရတော့ ပိုကြောက်တယ်။

**လူ့အခွင့်အရေးချိုးဖောက်မှု - လက်နက်ကြီးထိမှန်မှု (ဒဏ်ရာရ)**

| | |
|---|---|
| ချိုးဖောက်ခံရသူအမည် | - ဦး**** |
| ကျား၊ မ | - ကျား |
| အသက် | - ၃၉ နှစ် |
| လူမျိုး | - ကချင် |
| ကိုးကွယ်သည့်ဘာသာ | - ခရစ်ယာန် |
| အလုပ်အကိုင် | - တောင်သူ |
| မိဘအမည် | - ဦး**** နှင့် ဒေါ် **** |
| အိမ်ထောင်ရှိ၊ မရှိ | - ရှိ |
| ဇနီးအမည် | - ဒေါ်**** |
| အသက် | - ၃၅ နှစ် |
| မိသားစု | - (၄) ယောက် |
| နေရပ်လိပ်စာ | - ပန်ဆိုင်းမြို့၊ မူဆယ်မြို့နယ်၊ ရှမ်းပြည်နယ်။ |
| အခင်းဖြစ်သည့်နေ့ | - ၁ ရက်၊ ဖေဖော်ဝါရီလ၊ ၂၀၁၈ ခုနှစ် (မနက်ပိုင်း (၈-၉) နာရီခန့်) |
| အခင်းဖြစ်ပွားသည့်နေရာ | - ပြည်သူ့စစ်စခန်းအနီး၊ ပန်ဆိုင်းမြို့၊ မူဆယ်မြို့နယ်၊ ရှမ်းပြည်နယ်။ |
| ချိုးဖောက်သူ | - ခ.လ.ရ (၂၉၀) |

| | |
|---|---|
| အမှုဖြစ်စဉ်ပြန်လည်ပြောပြသူအမည်(၁) | - ဒေါ်**** |
| ချိုးဖောက်ခံရသူနှင့် တော်စပ်ပုံ | - ဇနီး |
| အမှုဖြစ်စဉ်ပြန်လည်ပြောပြသူအမည်(၂) | - ချိုးဖောက်ခံရသူကိုယ်တိုင် |
| အမှုဖြစ်စဉ်ပြန်လည်ပြောပြသူအမည်(၃) | - ဒေါ်**** |
| ကျား၊ မ | - မ |
| အသက် | - ၅၃ နှစ် |
| အမျိုးသားမှတ်ပုံတင်အမှတ် | - အမ်အစ်အီး ၂၄၃၈၀ |
| လူမျိုး | - ကချင် |
| ကိုးကွယ်သည့်ဘာသာ | - ခရစ်ယာန် |
| ပညာအရည်အချင်း | - ၈ တန်း |
| အလုပ်အကိုင် | - ဈေးရောင်း၊ လယ်အလုပ် |
| ခင်ပွန်းအမည် | - ဦး**** |
| လိပ်စာ | - ****၊ရှမ်းပြည်နယ်။ |

မှတ်တမ်းကောက်သည့်နေ့စွဲ - ၂ ရက်၊ မတ်လ၊ ၂၀၁၈ ခုနှစ်။
မှတ်တမ်းကောက်သည့် အဖွဲ့ - KWAT

## အမှုဖြစ်စဉ်ပြန်လည်ပြောပြသူ (၁)၏ ပြောပြချက်

ဦး****က ၁ ရက်၊ ဖေဖော်ဝါရီလ၊ ၂၀၁၈ ခုနှစ် မနက်ပိုင်း (၈း၀၀-၉း၀၀) နာရီ အချိန်ခန့်မှာ ထွက်သွားတယ်။ ဘယ်ကိုသွားမည်ဆိုတာကိုတော့ မပြောခဲ့ဘူး။ ကျွန်မတို့အိမ်မှာ မီးဖိုချောင် လုပ်ရမှာမို့လို့ သံချောင်းတွေဝယ်ဖို့လိုတယ်ဆိုကာ ဦး****တို့ဆီမှာ စပါးသွား ရောင်းဖို့သွားလိုက်ပြီး ဦး****မိန်းမက မရှိနေတော့ အိမ်ပြန်လာခဲ့တဲ့လမ်းမှာ ****ရွာမရောက်ခင် လယ်ကွက်အနီး ပြည်သူ့စစ်စခန်းအနား မှာ မြန်မာစစ်ကြောင်းက ဖြတ်သန်းလာသူအားလုံးကို တားထားခဲ့သည်။ အစိုးရစစ်ကြောင်းများ ပစ္စည်းတွေ အပြောင်းအရွှေ့လုပ်ပြီး ခဏနားနေချိန်အားလုံးကို သူတို့ဖြတ်သွားပြီးမှ သွားကြဖို့ရန်ပြောရာ ရှေ့မှာသူတို့အဖွဲ့အယောက် (၂၀) လောက်သာ သွားရသေးတယ်။ အဲဒီအချိန်မှာ ဗုံးထပေါက်လာတော့ ဦး****က ကြောက်လန့်တကြား ထပြေးသွားခဲ့တော့ သူ့ကိုထင်ပြီး သေနတ်နှင့်လိုက်ပစ်ကြတယ်။ ဖြစ်ဖြစ်ချင်း ****ရွာမှာ ရှိတဲ့ ဦး****(ချိုးဖောက်ခံရသူ)၏ညီမ၊ ကျွန်မ ယောင်းမ မ****ဆီကို ထွက်ပြေးလာခဲ့တယ်။ ကျွန်မယောင်းမနှင့် အသင်းတော်မှလူငယ် တွေ ဝိုင်းဝန်းပြုစုတယ်လို့ သိရ တယ်။

ကျွန်မတို့အဲဒီအချိန် ဘုရားကျောင်းဘက်မှာရှိနေတယ်။ ဘုရားကျောင်းမှာ ကျမ်းစာသင်တန်းက မနက် ၁၀း၀၀ နာရီ မှာစပြီ။ အဲဒီတုန်းကအနားမှာတိုက်ပွဲတော့မရှိဘူး။ ကျွန်မတို့လည်းဖုန်းမရှိတော့ သိတာနောက်ကျ ခဲ့တယ်။ ညနေပိုင်း ၂း၀၀ နာရီ လောက်မှာမှ ကျွန်မတို့ သိခဲ့ရတယ်။ အဲဒီအချိန်ထိ ဆေးရုံ မသွားနိုင်သေးပါ။ သူ့ညီမဆီကိုပဲ ခေါ်သွားလိုက်တယ်။ မူဆယ်ဆေးရုံသို့ ****ရွာမှဥက္ကဌ ဦး****ဆိုသူခေါ်သွားပေးခဲ့တယ်။ ဆေးရုံကို ချက်ချင်းမသွားနိုင်ခဲ့ဘူး။ မူဆယ်ဆေးရုံကို (၁) ရက်နေ့ ညမှာစတက်ပြီး (၅) ရက်နေ့မှာ ဆေးရုံက ဆင်းခဲ့တယ်။ ဒါဏ်ရာကို နှစ်ထပ်ချုပ်ခဲ့ရတယ်။ ဘယ်နှစ် ချက်ချုပ်ရလဲတော့ မသိဘူး။ ချုပ်ရိုးဖြည်တဲ့နေ့တော့ မနာတော့ဘူးပေါ့။ ပါးမှာထိတော့ ချုပ်ထားပေးတယ် ချုပ်ထားတဲ့နေရာမှာ ပြည်တည်လာတယ်။ ဆေးရုံပြန်သွားဖို့လဲမလွယ်ဘူးလေ။ ဆေးရုံဆင်းပြီး နောက် (၉)ရက်နေ့မှာ ချုပ်ရိုးဖြည်ရန်ပြန်လာဖို့ မှာလိုက်သည်။ ကျွန်မတို့က (၉)ရက်နေ့ ချုပ်ရိုးဖြည်ဖို့ စောင့်ရင်း မူဆယ်အိမ်မှာ နားနေရာအခြေအနေ မကောင်းဘူးဆိုပြီးသတင်းရတော့ ကျွန်မတို့လည်း (၆)ရက်နေ့မှာ တရုတ်ပြည် မန်ရှီမြို့သို့သွားခဲ့သည်။

မန်ရှီမြို့မှာဆိုတော့ ယောင်းမရဲ့သူဌေးမဘဲ ခေါ်သွားရတယ်။ တခြားသူတွေ ခေါ်သွား လို့မရတော့ သူဘဲဆေးခန်းကိုခေါ်သွားပြီး ဆေးကုပေးနေတယ်။ ဆေးရုံမသွားနိုင်ဘူး။ ဆေးခန်းဘဲပြနိုင်တယ်။ ဆေးရုံသွားရင် ပိုက်ဆံအရင်ဆုံး ပေးထားရတယ်။ အဲဒါမှဆေးကုပေးတယ်။ ခုထိဆေးခန်းသွားနေဆဲဘဲ။ နည်းနည်းတော့သက်သာလာပါပြီ။ ပါးစပ်ကောင်းကောင်း မဟနိုင်သေးဘူး။

ကျွန်မတို့ဆေးဖိုးကုသစရိတ် ဘယ်လောက်ကုန်ပြီလဲ မမေးရဲဘူး။ ကျွန်မလည်းမပို့ပေးနိုင်တော့ သူတို့ပြန်လာမှ သိရတော့မယ်။ ယောင်းမလည်းသူများဆီမှာ အလုပ်လုပ်နေရတယ်။ ကျွန်မတို့လည်း ထိုနည်းတူလုပ်ကိုင်စားသော က်နေရတော့ ကုန်ကျခဲ့တဲ့ငွေကို တဖြည်းဖြည်းချင်း ဆပ်သွားမယ်လို့ စဉ်းစားထားတယ်။ ယောင်းမရဲ့နာမည်က ဒေါ်****လို့ခေါ်တယ်။ ချိုးဖောက်ခံရသူ၏ညီမ၊ ကျွန်မရဲ့ ယောင်းမပါ။ မုံးကိုး-ဘန်တောင်းမှာ နေလို့မရတော့လို့ စစ်ရှောင်ရတော့ တရုတ်ပြည်ဘက်မှာ အလုပ်လုပ်ရင်း သားသမီးတွေကိုကျောင်းစရိတ်ထောက်ပံ့နေခဲ့တာ။
ဦး****ခုလိုဖြစ်တော့အိမ်မှာ အခက်အခဲအများကြီး ကြုံရတယ်။ ခုချိန် အိမ်မှာကျွန်မတို့အိမ် မှာ အလုပ်များချိန်ဖြစ်နေတယ်။ မောင်လေးမင်္ဂလာဆောင်ပွဲလည်းရှိတော့ မီးဖိုချောင်လည်း လုပ်ရအုံးမယ်။ သူမရှိတော့သူများကိုဘဲ အကူအညီလိုက် တောင်းနေရတယ်။

ကျွန်မတို့မိသားစုရဲ့တစ်နှစ်ဝင်ငွေက ဘယ်လောက်ဆိုတာကို မပြောတတ်ဘူး။ လယ်အငှား လုပ်တော့

စားဖို့ဆန်တော့ရှိတာပေါ့။ စပါးတင်း (၈၀) ထွက်တယ်။ အိမ်သုံးစရိတ် အကုန်လုံးကို အဲဒီက ဘဲသုံးတယ်။ ဖြစ်စဉ်ဖြစ်ပျက်ခဲ့တုန်းက သူထွက်ပြေးခဲ့လို့ဘဲ လွတ်မြောက်လာခဲ့ရတာ။ သူကဘောင်းဘီ အထပ် ထပ်ဝတ်ထားခဲ့တယ်။ သူ့ဖိနပ်၊ ဦးထုပ်တွေလည်း လမ်းမှာကျန်ခဲ့တယ်။ သူ့ရဲ့အနွေးထည်က မီးခိုးရောင်ထူပြီး အဲဒီအနွေးထည်မှာဘဲထိလို့ တော်သေးတာပေါ့။ အဲဒီနေ့တုန်းကသူ့ကို ရပ်ခိုင်းထားတော့ သူကထိုင်နေတယ်လို့ပြောတယ်။ ရှတ်တရက်ဖုံးထပေါက်လာတော့ သူလည်း အနောက်လှည့် ကြည့်လိုက်ချိန် စစ်သား (၃)ယောက်ကိုတွေ့တော့ သူလည်းတစ်ခါတည်း ပြေးခဲ့တယ် လို့ပြန်ပြော ပြတယ်။

သူ့ဆိုင်ကယ်က ပြန်သွားယူခဲ့ပြီ။ တချို့ပစ္စည်းတွေ သွားမယူရသေးဘူး။ ကျွန်မကဆေးရုံ ဘက်ရောက်နေတော့ အလုပ်ရှုပ်နေလို့ ဦး****တို့က သွားယူပေးကြတယ်။ ဆိုင်ကယ်က ပေါက်ကွဲတဲ့ နေရာနဲ့ အလှမ်းဝေးတဲ့နေရာမှာ ပြည်သူ့စစ်စခန်းအနီးမှာ ရှိနေတယ်လို့ပြောတယ်။ ဖုံးပေါက်ကွဲတဲ့ နေရာနှင့် ဝေးတဲ့နေရာမှာရှိနေတဲ့သူတွေ အားလုံးကို အဲဒီလိုနှိပ်စက်ကြတယ်။

အစိုးရကိုဘယ်လိုမြင်သလဲဆိုတာတော့ မပြောပြတတ်ဘူး။ ကျွန်မတို့က ပြည်သူတွေသာဖြစ်တယ်။ အစိုးရစစ်တပ်က အဲဒီလိုလုပ်တော့ ပြည်သူတွေဘဲ ထိခိုက်ရတယ်။ အစိုးရနှစ်ရပ်လုံးကြောင့် ဒီလိုဖြစ်ရတာဘဲလေ။ အခက်အခဲကတော့ လုပ်ကိုင်စားသောက်ရတာ အရမ်းအခက်အခဲဖြစ်တယ်။ သူတို့ကကျွန်မတို့ကို ဘယ်လိုမြင်လဲတော့မသိ။ ကျွန်မတို့က အမှန်တရားကိုဘဲပြောတယ်။ အစိုးရတွေ လက်ခံပေးတယ်ဆိုရင်တော့ ကျွန်မတို့ကြောက်စရာမရှိဘူးပေါ့။ အစိုးရတွေက အမှန်တရားကို ဘယ်သူဘဲပြောပြောလက်မခံဘူး။ အဲဒီတုန်းက ဦး***နဲ့အတူ ဖမ်းထားတဲ့အထဲက ဦး****က ထွက်မပြေးဘဲ အမှန်တွေပြောပေမယ့် စစ်တပ်ဘက်ကတော့လက်မခံပေးခဲ့ဘူး။ ထောင်ကျသွားတာ ခုထိ မလွတ်လာသေးဘူး။

ဦး****က ခုချိန်ထိကြောက်လို့ မပြန်လာရဲဘူးဖြစ်နေတယ်။ မနှစ်တုန်းကတော့ လယ်လုပ်နိုင် သေးတယ်။ ဒီနှစ်လည်း လယ်အငှားလုပ်မယ်လို့ ပြောထားသော်လည်း မလုပ်နိုင်သေးပါ။ သူ (ချိုးဖောက်ခံရသူ) က အရမ်းကြောက်နေတော့ ကြာလာတော့နလုံးရောဂါတောင်ရလာနိုင်တယ်။ ဆေးရုံတက်ကတည်းက ညမအိပ်တတ်တော့ဘူး။ ဦး****(ထောင်ထဲမှာရှိနေသူ)က သူမလုပ်ဘူး ဆိုပြီးပြောရင်လည်း စစ်တပ်က မလွတ်ပေးသေးဘူး။ ခုတော့မဟုတ်ဘူးပြောသော်လဲ မယုံဘူး။ လုပ်ပါတယ်လို့ ဝန်ခံခိုင်းတယ်တဲ့။ အဲဒီသတင်းကြားသောကြောင့် ပိုကြောက်ခဲ့တယ်တဲ့။

## (၂)ချိုးဖောက်ခံရသူကိုယ်တိုင် ပြန်လည်ပြောပြချက်

## အမှုဖြစ်စဉ် ပြန်လည်ပြောပြသူ (၂)၏ ပြောပြချက်

ကျွန်တော်စဉ်းစားတယ်။ သေရင်လည်းသူတို့ပစ်သတ်လို့ မသေချင်ဘူး။ အဲဒါကြောင့်ကျည်ဆံ ထိခဲ့သော် ဘယ်လိုဘဲဖြစ်ဖြစ်ဆိုပြီး ထွက်ပြေးလာခဲ့တယ်။ မုန်းပေါ်ချောင်းနား ရောက်တော့ မျက်စိ မမြင်လာတော့ဘူး။ ပြေးလဲမပြေးနိုင်တော့ဘူး။ မုံးပေါ်ချောင်းကျော်လာတော့ အတော်ကြာအောင် နားပြီး လယ်ကွင်းကန်သင်းမှ အပေါ်ဘက်ကိုကြည့်လိုက်တော့ မိုင်ဖန်ဘက်မှစစ်သား(၅)ဦး သေ နတ်ဖြင့်ပစ်ခတ်နေသည်ကို တွေ့ခဲ့တယ်။ ကျည်ဆံတွေက အပေါ်မှဖြတ်သွားတာ ခေါင်းတောင် ငုံ့ထားရမလို ကျည်ငွေ့တွေနဲ့တင်ခေါင်းက ငုံ့လာသလို ခံစားရတယ်။ သေနတ်သံတွေလည်းညံ နေတာဘဲ။

မျက်စိမမြင်ကိုယ်တွေလည်း ပျော့လာသော်လည်း တဖြည်းဖြည်းချင်းတက်လာပြီး လုံဂျာရွာ ရောက်လာတော့ နည်းနည်းပြန်သတိလည်လာတယ်။ မျက်လုံးကဖွင့်လို့မရလာတော့ ခြံစည်းရိုး ကိုတွေ့ချိန်

ဘယ်သူ့ကိုမှမကြည့်တတ်တော့ပါ။ ခြီစည်းရိုးကို စမ်းကာဆက်လျှောက် လာစဉ် လူ (၂-၃)ယောက် စုနေတဲ့ နေရာရောက်လာတော့ အဲဒီတရုတ်တွေက ဘယ်သွားမှာလဲလို့ ကျွန်တော့် ကိုမေးတယ်။ ယောက်ဖနာမည် မောင်****လို့သာ ပြောလိုက်နိုင်ပြီးနောက် မျက်လုံးမှေးမှေးလေးသာဖြစ်တော့တယ်။ တစ်ယောက်က ရွာဘက် ပြေးသွားခဲ့တယ်။ ကျွန်တော့်ပါးမှာ သွေးတွေထွက်ကျနေတယ်။ ခုကပါးစပ်နည်းငယ်သာ ဖွင့်လို့ရတယ်။ ပစ်လိုက်တဲ့ကျည်က ပါးမှာထိပြီးလည်ချောင်းမှပြန်ထွက်သွားတယ်။ နည်းနည်းလေး လွဲသွားခဲ့ရင် သေတောင် သေသွားမယ် ထင်တယ်။ အရိုးလည်းမထိခဲ့၊ အကြောကို လည်းမထိခဲ့လို့ တော်သေးတယ်။ သေနတ်ကြီးပစ်တာက မိုင်ဖန်တပ် တပ်မ(၁၁) တွေ ဖြစ်တယ်။ အမြောက်ကြီးဖြင့် ပစ်ခတ်ခဲ့ခြင်းဖြစ်တယ်။ ဗုံးပေါက်သံကြားတော့ ဘယ်နေရာမဆို မရှောင်ဘဲပစ် ခတ်ခဲ့ကြတယ်။ ရွာလမ်းအတိုင်းဖြတ်သွားတာ လမ်းလုပ်တဲ့သူတွေကို လုံခြုံရေးပေးတာတဲ့။ စစ်အင်အားက တစ်ရာကျော်ခန့်ရှိတယ်။

## အမှုဖြစ်စဉ်ပြန်လည်ပြောပြသူအမည်(၃)၏ ပြောပြချက်

ကျွန်မကအသင်းတော်မှာသင်းထောက်အလုပ်လုပ်ကိုင်တာ (၁၇) နှစ် ရှိပါပြီ။ ချိုးဖောက်ခံရသူ နှင့်ကျွန်မတို့က တရွာတည်းနေထိုင်ပါတယ်။ ****ကျေးရွာမှာ ဈေးဘက်ခြမ်းအိမ်ခြေ (၇၀) ကျော်ရှိတယ်။ ဘုရားကျောင်းဘက်ခြမ်းမှာက အိမ်ခြေ (၇၀) ကျော်နှင့် တောင်ပေါ်မှဆင်းလာတဲ့ စစ်ရှောင်တွေလည်း လာရောက်နေထိုင်ကြတော့ စုစုပေါင်းအိမ်ခြေ (၂၀၀) လောက်ရှိမယ်။

ဦး****ကို လုံဂျာမှအုပ်ချုပ်ရေးမှူးက ဆေးရုံသို့လိုက်ပို့ခဲ့တယ်။ မူဆယ်ရဲစခန်းက ရဲတွေကလဲ ဆေးရုံကိုခဏခဏလာရှာကြတယ်။ ဦး****(ချိုးဖောက်ခံရသူ)ဆေးစားနေရ သူလည်းဖြစ်ကာ ရဲတွေကိုလည်း သူ့ရဲ့ဆေးကဒ်တွေပြ၊ ဆရာဝန်တွေလည်း သူဆေးစားနေရသူ ဖြစ်ကြောင်းသိတော့ သူပုန်မဟုတ်ကြောင်း ပြည်သူတစ်ဦးသာဖြစ်ကြောင်း အာမခံပေးခဲ့တယ်။ သူတစ်ခြားဘာမှမလုပ်ကြောင်း၊ မုန်းပေါ်ရွာမှအပြန် စစ်သားတွေနှင့်တွေ့တော့ တားထားခြင်းခံရပြီး ဗုံး ပေါက်ကွဲလာသော ကြောင့် ကြောက်ကြောက်နှင့်ထွက်ပြေးသွားစဉ် မြန်မာစစ်တပ်မှလိုက်လံ ပစ်ခတ်ခဲ့ခြင်းဖြစ် ကြောင်းပြောပြခဲ့တယ်။ အဲဒါကြောင့်မူဆယ်မှာ ဆေးကုသခွင့်ရခဲ့ခြင်းဖြစ်သည်။

ကျွန်မသူ့ကိုဆေးရုံမှာ လူနာသတင်းသွားမေးတုန်းက သူ(ချိုးဖောက်ခံရသူ) ဆေးရုံမှာ ဓါတ်မှန် ရိုက်တယ်။ ဆရာဝန်ပြောတာက အတွင်းဘက် ဘာမှမဖြစ်ရင်ဆေးရုံဆင်းလို့ရပြီလို့ ပြောတယ်။ (၆)ရက်နေ့ ဆေးရုံမှဆင်းခွင့်ပေးလိုက်တယ်။ (၉)ရက်နေ့မှာ ချုပ်ရိုးလာဖြည်ဖို့မှာ လိုက်တယ်။ တရုတ်ပြည်က ရွှေလီဆေးရုံ ရောက်တော့ ဆေးရုံမှပြောတယ်။ မူဆယ်ဆေးရုံမှ ဒါက်ရာကိုကောင်းစွာ မဆေးပေးဘဲ ခွဲစိတ်ပေးခဲ့တဲ့အတွက် ဒါက်ရာကပိုဆိုးရခြင်းဖြစ်တယ်။ အဲဒါကြောင့် တရုတ်ပြည် မန်ရှီဆေးရုံသို့ သွားရန်ညွှန်ကြားခဲ့တယ်။ ခုတော့မန်ရှီမှာ ဆေးကုသနေတယ်။

ခုလိုဖြစ်ပျက်ပြီး သူတို့မိသားစုအခြေအနေ၊ အခက်အခဲပြောရမယ်ဆိုရင် ဦး**** (ချိုးဖောက်ခံရ သူ)က သွက်လက်တယ်၊ ပိုက်ဆံရှာတော်တယ်၊ မိသားစုကိုလုပ်ကိုင် ကျွေးမွေးနေတယ်။ သူ့အမျိုးသမီးက အသင်းတော်မှာ ပါဝင်ဆက်ကပ်နေတယ်၊ သူ့အမျိုးသမီး ကချင်ပြည်နယ်သူ ဟုတ်တယ်။ အိမ်ထောင်ကျပြီးမှ ဒီမှာလာနေကြတာ။ ဒီမှာလာနေတာ (၁၀)နှစ် လောက်ဘဲရှိဦးမယ်။ ဦး**** ဘဲ မိသားစုကို လုပ်ကိုင်ရှာဖွေကျွေးမွေးတာ ခုလိုဖြစ်သွားတော့ အရမ်းခက်ခဲနေတယ်။ ဦး***ကသူတို့ မိသားစု ရှေ့ရေးအတွက် တွေးပူနေတယ်။ သူနဲ့အတူအဖမ်းခံထားရတဲ့ ဦး****ကလည်း မူဆယ်မှာ ဆေးလက်မှတ်ဖြင့် ဆေးထုတ်စားနေရသူဖြစ်တယ်။ ဦး****က အလုပ်ကြိုးစား တဲ့သူဖြစ်တယ်။ ရွာမှာပြန်လာနေရင်လည်း စစ်တပ်ကဘယ်လိုပြောမလဲ၊ ပြန်လာလို့ရလား မရဘူးလားဆိုပြီး စိတ်ပူခြင်းရှိနေတယ်။

လားရှိုးမြို့နယ်၊ ရှမ်းပြည်နယ်။ (မြောက်)

**လူ့အခွင့်အရေးချိုးဖောက်မှု - လက်လွတ်စပယ်ပစ်ခတ်မှု (သေဆုံး)**

| | |
|---|---|
| ချိုးဖောက်ခံရသူအမည်(၁) | - ဦး**** |
| ကျား/မ | - ကျား |
| အသက် | - ၃၅ နှစ် |
| ကိုးကွယ်သည့်ဘာသာ | - ခရစ်ယာန် |
| အလုပ်အကိုင် | - တောင်သူ |

| | |
|---|---|
| ချိုးဖောက်ခံရသူအမည်(၂) | - ဦး**** |
| ကျား/မ | - ကျား |
| အသက် | - ၃၂ နှစ် |
| ကိုးကွယ်သည့်ဘာသာ | - ဗုဒ္ဓဘာသာ |
| အလုပ်အကိုင် | - တောင်သူ |
| နေရပ်လိပ်စာ | - ****ကျေးရွာ၊ လားရှိုးမြို့နယ်၊ ရှမ်းပြည်နယ်။ |
| အခင်းဖြစ်ပွားသည့်နေ့ | - ၂၅ ရက်၊ ဇွန်လ၊ ၂၀၁၆ ခုနှစ် |
| အခင်းဖြစ်ပွားသည့်နေရာ | - လားရှိုးမှမိုင်းယော်သွားရာလမ်း၊ ရှမ်းပြည်နယ်။ |
| ချိုးဖောက်သူ | - မြန်မာအစိုးရတပ်မတော် |

| | |
|---|---|
| အမှုဖြစ်စဉ်ပြန်လည်ပြောပြသူအမည် | - ဦး**** |
| ချိုးဖောက်ခံရသူနှင့် တော်စပ်ပုံ | - ဖခင် |
| ကျား/မ | - ကျား |
| မှတ်တမ်းကောက်သည့်အဖွဲ့အစည်း | - HI |

**အမှုဖြစ်စဉ်**

ကျွန်တော့်သားနှစ်ယောက် သေဆုံးသွားတဲ့ နေရာကတော့ မိုင်းယော်ရွာလမ်းအကျော်က သဘော်သီးခြံမှာပါ။ ဒီလိုဖြစ်ရတာကတော့ သားကြီး (ချိုးဖောက်ခံရသူ ၁) ဦး****ရဲ့ ဇနီးကို ပန်ရှောင်ရွာကနေ သွားခေါ်ယူဖို့ သွားတာကနေ ဖြစ်သွားရတာပါ။ အဲဒီမှာ မြန်မာတပ်မတော် နဲ့အခြားလက်နက်ကိုင် ဘယ်အဖွဲ့အစည်းတွေ ပစ်ခတ်ကြတာလည်းတော့ မသိဘူး။ ပစ်ခတ်ကြတယ် ဆိုတာဘဲ သိပါတယ်။ အဲဒီဖြစ်တဲ့နေ့မှာ အဲဒီမိုင်းယော်ရွာဘက်က ရွာသား ၅ ယောက်နဲ့ ဆိုင်ကယ်လည်းပါတဲ့ အမျိုးသမီးတစ်ယောက်နဲ့ ယောကျ်ား တစ်ယောက်ကို သတ်ထားတယ်ဆိုတဲ့ သတင်းကြားပါတယ်။ ကျွန်တော်တို့ကတော့ အဲဒီလို သတင်းဘဲ ကြားတော့ အမျိုးသမီးတစ်ယောက်နဲ့ဆိုတော့ သူတို့ညီအစ်ကို မဟုတ်လောက်ဘူးလို့ ထင်တာပေါ့။

နောက်မှ ယောကျ်ားနှစ်ယောက်ဆိုပြီး ပြန်ကြားပါတယ်။ အဲဒီတော့ ၄ ရက်၊ ဧပြီလ၊ ၂၀၁၆ ခုနှစ် ကနေ (၉) ရက်ကြာထိ ပေါ်မလာလို့ သွားကြည့်တော့ သူတို့မှန်းတောင် မကြည့်တတ်တော့ပါဘူး။ ဒါပေမယ့် အဝတ်အစားနဲ့ ပစ္စည်းတွေကိုတော့ ကြည့်တတ်လို့ သူတို့ ညီအစ်ကိုမှန်းသိရတာပါ။ အစကတော့ သူတို့ ညီအစ်ကိုကိုမြုပ်တောင် မမြုပ်ဘဲ မြောင်းထဲမှာ ပစ်ထားတယ်လို့ မိုင်းယော်ဘက်က ရွာသားတွေ ပြောပါတယ်။ အဲဒီမိုင်းယော်ဘက်က ရွာသား (၅)ယောက်ကိုသွားရှာတဲ့ ရွာသားတွေ တွေ့လို့ မြုပ်ထားပေးကြတာပါ။ ပြီးတော့ ၇ ရက်၊ ဇူလိုင်၊ ၂၀၁၆ ခုနှစ် (၁၂ ရက်) ကြာပြီးလွှတ်တော်အမတ်တွေနဲ့ သူတို့ညီအစ်ကိုရဲ့အလောင်းကိုရော မိုင်းယော်ဘက်က ရွာသား (၅)ယောက်ရဲ့

အလောင်းကိုလည်း ပြန်တူးဖော်ပြီး ကြည့်ရင်လည်း သူတို့ ကိုယ်အင်္ဂါတွေကိုတော့ မကြည့်တတ်ပါဘူး။

အဲဒီနေ့တော့ လွှတ်တော်အမတ်တွေနဲ့ မိုင်းယော် ရဲစခန်းကိုလိုက်သွားပါတယ်၊ လွှတ်တော်အမတ်က ကျွန်တော်တို့ကို ငွေ ၄၀,၀၀၀ကျပ် (လေးသောင်း ကျပ်) ကူညီပေးပြီး ကျွန်တော်တို့ အိမ်ပြန်လာခဲ့ပါတယ်။ အခုကတော့ သူတို့ နှစ်ယောက်ကိုတော့ မမြှုပ်ဘဲ မြောင်းထဲမှာ ပစ်ထားတယ်လို့ ပြောပါတယ်။

## URG မှ မှတ်တမ်း ကောက်ယူထားသည့် လူ့အခွင့်အရေးချိုးဖောက်မှု အမျိုးအစား နှင့် အရေအတွက်ကို အောက်ပါအတိုင်း မြို့နယ်အလိုက် ဇယားတွင် ဖော်ပြထားသည်။

| စဉ် | လူ့အခွင့်အရေး ချိုးဖောက်မှု ဖြစ်ပွားသည့် မြို့နယ် | လူ့အခွင့်အရေးချိုးဖောက်မှု အမျိုးအစား | အမှုအရေအတွက် |
|---|---|---|---|
| ကချင်ပြည်နယ်အတွင်း တွေ့မြင်ရသည့် လူ့အခွင့်အရေးချိုးဖောက်မှု အမျိုးအစားနှင့် အကြိမ်ရေ | | | |
| ၁။ | မံစီမြို့နယ် | - မတရားဖမ်းဆီးမှု နှင့် မတရားသတ်ဖြတ်ခံရမှု (၂ မှု)<br>- အစအနပျောက်ဆုံးမှု (၁ မှု) | ၃ မှု |
| ၂။ | တနိုင်းမြို့နယ် | - မတရားဖမ်းဆီးခံရမှု (၁ မှု)<br>- မတရားသတ်ဖြတ်ခံရမှု (၁ မှု)<br>- လွတ်လပ်စွာသွားလာခွင့်နှင့် အသက်ရှင်ခွင့်ကို ပိတ်ပင်တားဆီးခြင်း၊ ခြိမ်းခြောက်ခြင်း (၁ မှု)<br>- လက်နက်ကြီးထိမှန်မှု (သေဆုံး) (၂ မှု)<br>- မတရားဖမ်းဆီးချုပ်နှောင်မှု (၁ မှု)<br>- ညှင်းပမ်းနှိပ်စက်မှု နှင့်ထိန်းသိမ်းချုပ်နှောင်မှု (၁ မှု)<br>- လက်နက်ကြီးထိမှန်မှု (ဒဏ်ရာရ) (၃ မှု) | ၁၀ မှု |
| ၃။ | မိုးကောင်းမြို့နယ် | - မတရားဖမ်းဆီးမှု နှင့် ညှင်းပမ်းနှိပ်စက်မှု (၁ မှု)<br>- မတရားဖမ်းဆီးသတ်ဖြတ်မှု (၁ မှု)<br>- အဓမ္မခိုင်းစေမှု (ပေါ်တာ) (၁ မှု)<br>- မတရားဖမ်းဆီးမှု (၂ မှု) | ၅ မှု |
| ၄။ | ပိုတာအိုမြို့နယ် | - မတရားအသင်းဆက်သွယ်မှု အက်ဥပဒေ ၁၇/၂ (၁ မှု)<br>- ရာဇသတ်ကြီးပုဒ်မ (၂၀၂) နှင့် ခြိမ်းခြောက်မှု (၅၀၆) (၁ မှု)<br>- မတရားဖမ်းဆီးမှုနှင့် အစအနပျောက်မှု (၁ မှု)<br>- အတင်းအဓမ္မရွှေ့ပြောင်းစေမှု (၁ မှု) | ၄ မှု |
| ၅။ | ဖားကန့်မြို့နယ် | - မတရားသတ်ဖြတ်ခံရမှု (၃ မှု)<br>- ပုဂ္ဂလိကပိုင်ဆိုင်မှုကို ချိုးဖောက်မှု (၁ မှု)<br>- ညှင်းပမ်းနှိပ်စက်မှု (၂ မှု)<br>- မတရားဖမ်းဆီးမှုနှင့် အစအနပျောက်မှု (၃)<br>- အဓမ္မခိုင်းစေမှု (ပေါ်တာ) (၁ မှု)<br>- လက်လွတ်စပယ် ပစ်ခတ်မှု (သေဆုံး) (၂ မှု)<br>- မတရားဖမ်းဆီးမှုနှင့် ညှင်းပမ်းနှိပ်စက်မှု (၂ မှု)<br>- မတရားခြိမ်းခြောက်ပြီး ဝင်ရောက်စစ်ဆေးမှု (၁)<br>- မြေမြှုပ်မိုင်း (အပြင်းအထန်ဒဏ်ရမှု၊ ကိုယ်အင်္ဂါဆုံးရှုံးမှု) (၁)<br>- မတရားဖမ်းဆီးခံရမှု (၂ မှု) | ၁၈ မှု |
| ၆။ | မိုးညှင်းမြို့နယ် | - မတရားအသင်းဆက်သွယ်မှု အက်ဥပဒေ ၁၇/၁ (၁ မှု)<br>- လက်လွတ်စပယ်ပစ်ခတ်မှုကြောင့်သေဆုံးမှု (၁ မှု) | ၂ မှု |
| ၇။ | မြစ်ကြီးနားမြို့နယ် | - မတရားသတ်ဖြတ်ခံရမှု (၁ မှု)<br>- မတရားပစ်ခတ်မှု (၁ မှု) | ၂ မှု |

| | | | |
|---|---|---|---|
| ၇။ | မြစ်ကြီးနားမြို့နယ် | - မတရားသတ်ဖြတ်ခံရမှု (၁ မှု)<br>**- မတရားပစ်ခတ်မှု (၁ မှု)** | ၂ မှု |
| ၈။ | အင်ဂျန်းယန်မြို့နယ် | - လက်နက်ကြီးထိမှန်မှု (ဒဏ်ရာရ) (၁ မှု) | ၁ မှု |
| ၉။ | ချီဖွေမြို့နယ် | - လက်နက်ကြီးထိမှန်မှု (ပျက်ဆီး) (၁ မှု) | ၁ မှု |
| ၁၀။ | ဗိုင်းမော်မြို့နယ် | - မလျော်မကန်ပြုမူဆက်ဆံမှု (၁ မှု)<br>- မလျော်မကန်ပြုမူဆက်ဆံမှု နှင့် ပိုင်ဆိုင်မှုကို ချိုးဖောက်မှု (၁ မှု)<br>- မတရားဖမ်းဆီးမှု နှင့် ညှင်းပမ်းနှိပ်စက်မှု (၁ မှု) | ၃ မှု |
| ကချင်ပြည်နယ်မှ လူ့အခွင့်အရေးချိုးဖောက်မှု စုစုပေါင်း | | | ၄၉ မှု |
| ရှမ်းပြည်နယ်မြောက်ပိုင်းတွင် တွေ့မြင်ရသည့် လူ့အခွင့်အရေးချိုးဖောက်မှု အမျိုးအစားနှင့် အကြိမ်ရေ | | | |
| ၁။ | ကွတ်ခိုင်မြို့နယ် | - မတရားဖမ်းဆီးမှုနှင့် ထိန်းသိမ်းချုပ်နှောင်မှု (၄ မှု)<br>- မတရားဖမ်းဆီးမှု (၁ မှု)<br>- မြေမြုပ်မိုင်း (သေဆုံး) (၁ မှု)<br>- ညှင်းပမ်းနှိပ်စက်မှု (၂ မှု)<br>- မတရားအသင်းဆက်သွယ်မှု အက်ဥပဒေ (၁၇/၁) နှင့် ခိုးမှု (၁ မှု)<br>- မတရားသတ်ဖြတ်ခံရမှု (၂ မှု)<br>- အဓမ္မပြုကျင့်မှု (၁ မှု)<br>**- လက်နက်ကြီးထိမှန်မှု (ဒဏ်ရာရ) (၁ မှု)**<br>**- လက်နက်ကြီးထိမှန်မှု (ပြင်းထန်ဒဏ်ရာရ) (၁ မှု)**<br>- လက်နက်ကြီးထိမှန်မှု (သေဆုံးမှု နှင့် ပြင်းထန်ဒဏ်ရာရ) (၁ မှု) | ၁၅ မှု |
| ၂။ | မုံးကိုးမြို့နယ် | - ပိုင်ဆိုင်မှုကို ချိုးဖောက်မှု (နေအိမ်မီးရှို့ဖျက်ဆီး) (၃ မှု)<br>**- မတရားသတ်ဖြတ်ခံရမှု (၁ မှု)**<br>**- လက်နက်ကြီးထိမှန်မှု (ဒဏ်ရာရ) (၁ မှု)**<br>**- ညှင်းပန်းနှိပ်စက်မှု (၁ မှု)** | ၆ မှု |
| ၃။ | မန်တုံမြို့နယ် | **- ညှင်းပမ်းနှိပ်စက်မှု (၁ မှု)**<br>- မတရားဖမ်းဆီးထိန်းသိမ်းချုပ်နှောင်မှု နှင့် ညှင်းပမ်းနှိပ်စက်မှု (၁ မှု) | ၂ မှု |
| ၄။ | မူဆယ်မြို့နယ် | - မတရားဖမ်းဆီးခံရမှု(၁ မှု)<br>**- မတရားသတ်ဖြတ်ခံရမှု (၁ မှု)**<br>**- လက်နက်ကြီးထိမှန်မှု (ဒဏ်ရာရ) (၁ မှု)** | ၃ မှု |
| ၅။ | လားရှိုးမြို့နယ် | - လက်လွတ်စပယ်ပစ်ခတ်မှု (သေဆုံး) (၁ မှု) | ၁ မှု |
| ရှမ်းပြည်နယ်မြောက်ပိုင်းမှ လူ့အခွင့်အရေးချိုးဖောက်မှု စုစုပေါင်း | | | ၂၇ မှု |
| ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ် မြောက်ပိုင်းမှ လူ့အခွင့်အရေးချိုးဖောက်မှု စုစုပေါင်း | | | ၇၆ မှု |

သူ့အဖေက ဆုတောင်းတယ် "သားရေ မင်းတို့ဘယ်မှာ ရှိနေလဲပြောပြပါ။
သားတွေကို သတ်လိုက်တဲ့အဖြစ်ကို တစ်ကမ္ဘာလုံး သိအောင်လုပ်မယ်။
သားဂိညာဉ်ရေးအတွက်လည်း ဆုတောင်းပေးမယ်" ဆိုပြီးတော့
ဆုတောင်းရင်းနဲ့လိုက်ရှာနေခဲ့တယ်။

(ဒေါ်****မိုင်းခေါင်ကျေးရွာ၊ မံစီမြို့နယ်)

အနောက်ကြည့်လိုက်တော့ မြေကြီးပေါ်လဲကျနေပြီ။
ကျွန်တော်လည်း ပြေးလာပြီးတော့သားကို ကျောပေါ်ပိုးဖို့လုပ်တယ်
ကျွန်တော်လည်း မနိုင်တာနဲ့
"အဖေ သားကိုထားခဲ့တော့ သားအခြေအနေမကောင်းတော့ဘူး"
ပြေးတော့ ပြောတယ်။

(ဦးအင်ပေါပ်ယောဟန် တနိုင်းမြို့၊ အောင်လောဒ်ကျေးရွာ)